www.burmeseclassic.com

# လရောင်ကျေးရင့်

ဆုယုဉ့်



www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ – ဒေါ်နိုင်ယုလင်း (၀၁၆၆၀)
ရွှေငွေလှိုင်စာပေ၊ အမှတ်(၃၉)၊ ၄၄-လမ်း။
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

အတွင်း/ – ဒေါ်နွဲ့နွဲ့ရီ (၀၀၇၁၁)
အဖုံးပုံနှိပ်သူ ရွှေရောင်လင်းပုံနှိပ်တိုက်
အမှတ်(၆၆)၊ ပြည်တော်အေးလမ်း။
လေးထောင့်ကန်ရပ်ကွက်၊ သင်္ဃန်းကျွန်း။
ရန်ကုန်မြို့။

အကြိမ် – ပထမအကြိမ်
၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ

အုပ်ရေ – ၅၀၀

တန်ဖိုး – ၁၅၀၀/-

"ထုတ်ဝေသည့်စာအုပ် ကတ်တလောက်အညွှန်း" (CIP)

လရောင်ကျူးရင့် ၈၉၅.၈၃
အလှည့်/ လရောင်ကျူးရင့်။
ရန်ကုန်။ ရွှေငွေလှိုင်စာပေ၊ ၂၀၁၇။
၃၀၄ စာ ၊ ၁၅ စင်တီ × ၁၈ စင်တီ ။
(၁) အလှည့်




## အခန်း(၁)

"မင်း ငါပြောသွားတဲ့အတိုင်း အတိအကျလိုက်ဆိုပါ .."

"ဟုတ်ကဲ့ .."

ခေါင်းညိတ်၍ မျက်လုံးမှိတ်ထားလိုက်လျှင် စေတီတော်မြတ်ဆီက ဆည်းလည်းသံလွင်လွင်ကိုပို၍ ကြားမိလာခဲ့သည်။ တသုန်သုန်တိုက်ခတ်နေသည့် လေပြည်ညှင်းက စိမ့်သက်အေးချမ်းနေ၏။

သို့သော် ဘုရားရှင်ရှေ့တော်မှောက်မှာ သစ္စာရေသောက်၍ ကတိပြုသစ္စာဆိုရမည့် ကြီးမားသော ဆုံးဖြတ်ချက်တစ်ရပ်အတွက် သစ္စာတိုင်သူနှင့် ကတိပြုသစ္စာဆိုသူတို့ရင်ထဲတွင် ...၊

"ယနေ့မှစ၍ ကျွန်ုပ်သည် .."

"ယနေ့မှစ၍ ကျွန်ုပ်သည် .."

"ဤစိတ် ဤခန္ဓာတို့ကို အပြီးတိုင်အပ်နှင်း၍ .."

"ဤစိတ် ဤခန္ဓာတို့ကို အပြီးတိုင်အပ်နှင်း၍ .."

"ပေးအပ်သောတာဝန်ကို .."

"ပေးအပ်သောတာဝန်ကို .."

www.burmeseclassic.com

www.burmeseclassic.com



"နှုတ်ကတိစောင့်ထိန်းခြင်း .."
"နှုတ်ကတိစောင့်ထိန်းခြင်း .."
"အသက်ခန္ဓာကို စွန့်လွှတ်ရင်းနှီးခြင်း .."
"အသက်ခန္ဓာကို စွန့်လွှတ်ရင်းနှီးခြင်း .."
"ပေးဆပ်ခြင်းအရာရာဖြင့် .."
"ပေးဆပ်ခြင်းအရာရာဖြင့် .."
"ပြီးဆုံးအောင်မြင်သည်ထိ .."
"ပြီးဆုံးအောင်မြင်သည်ထိ .."
"လှိုက်လှဲကျေပြွန်စွာ .."
"လှိုက်လှဲကျေပြွန်စွာ .."
"ထမ်းရွက်ပါမည်ဟု ကတိသစ္စာပြုပါသည် .."
"ထမ်းရွက်ပါမည်ဟု ကတိသစ္စာပြုပါသည် .."
"အကယ်၍ .."
"အကယ်၍ .."
"ဤသစ္စာမတည်ဘဲ ချိုးဖောက်မိပါက .."
"ဤသစ္စာမတည်ဘဲ ချိုးဖောက်မိပါက .."
"ဤဘဝတွင် .."
"ဤဘဝတွင် .."
"အသေဆိုးနဲ့ သေရပါစေ .."
"အသေဆိုးနဲ့ သေရပါစေ .."
"နောင်သံသရာ ကျင်လည်ရသည့်အထိ .."
"နောင်သံသရာ ကျင်လည်ရသည့်အထိ .."
"ဤသစ္စာ စူးခြင်းမပျက်ပြယ်ဘဲ .."
"ဤသစ္စာ စူးခြင်းမပျယ်ပြယ်ဘဲ .."
"ဘေးဒုက္ခအမျိုးမျိုးနဲ့ ကျင်လည်ရပါစေ .."



"ဘေးဒုက္ခအမျိုးမျိုးနဲ့ ကျင်လည်ရပါစေ .."
"ဒီဘဝ ဒီအရွယ်ရောက်တိုင်း .."
"ဒီဘဝ ဒီအရွယ်ရောက်တိုင်း .."
"အသေဆိုးနဲ့ သေရပါစေသား .."
"အသေဆိုးနဲ့ သေရပါစေသား .."

ကြောက်မက်ဖွယ် ကျိန်ဆိုခြင်းတို့ ပြီးဆုံးသွားလျှင် အသံဗလံအားလုံး ခေတ္တတိတ်ဆိတ်သွားခဲ့၏။ ထိုအခါ အေးချမ်းသာယာသော ဆည်းလည်းသံတို့က လူသားတို့၏ အတ္တမောဟတို့အပေါ် သနားညှာတာမှုတို့ဖြင့် တရားရေစင် သွန်းလောင်းပေးနေသလိုပင် ..။

သို့သော် ဒေါသမောဟတို့နှင့် ခြေလှမ်းတွေက ရပ်တန့်မသွားခဲ့ပေ ..။

လောဘကြောင့် ကတိသစ္စာပြု၍ ကောက်ကောက်ပါနေသော ခြေလှမ်းတို့သည်လည်း ထပ်တူလိုက်ပါနေခဲ့လျက် .. စေတီကုန်းတော်ပေါ်က လှေကားထစ်ပေါင်းများစွာကို ဖြတ်နင်းဆင်းခဲ့ကြပြီး ..။

"ရှေ့ ..."

ရှေ့ကခြေအစုံက တန်ဖိုးကြီးကားကြီးတစ်စီးရဲ့ဘေးမှာ ရပ်တန့်သွားခဲ့ပြီ အမည်းရောင်အိတ်လေးတစ်လုံးကို ကမ်းပေးလိုက်၏။ နောက်ကပါလာသည့် ခြေအစုံရှင်က လက်ခံယူလိုက်လျှင် ..။

"အဲ့ဒီအိတ်က မင်း လိုအပ်သမျှကို ဖြည့်ဆည်းပေးလိမ့်မယ်၊ ပြီးတော့ မင်းလုပ်သမျှကို သိနေနိုင်တဲ့ နတ်မျက်စိလည်းပါတယ် .."

"စိတ်ချပါ .. သစ္စာပြုထားတဲ့အတိုင်း အသက်နဲ့ထပ်တူတည်ပါ့မယ် .."

စကားသံတွေ တိတ်ဆိတ်သွားခဲ့သည်။ ကျောက်ချသကဲ့သို့ ငြိမ်သက်နေခဲ့သည့် ခြေအစုံတို့သည် ဆန့်ကျင်ဘက်တစ်နေရာသို့ ဦးတည်ထွက်သွားခဲ့ကြပြီး ..။

"အင်း .. ကြံစည်ကြ .. ကြိုးစားကြပေါ့ .."

www.burmeseclassic.com

www.burmeseclassic.com



ဇေတဝ်ကုန်းတော်၏ လှေကားထစ်လေးတွေမှာ သစ်ရွက်မှိုက်တွေ လှဲကျင်းနေသည့် အဘိုးအိုတစ်ဦးက ခေါင်းတညိတ်ညိတ်ရေရွတ်နေခဲ့၏။

"မနက်ဖြန် ဘာလုပ်မယ်ဆိုတာ ကြိုတင်ကြံစည်လို့ရတယ်၊ မနေ့က ဘာလုပ်ခဲ့သလဲဆိုတာ ပြန်ပြင်လို့မရဘူး၊ ပစ္စုပ္ပန်ကောင်းမှ သမိုင်းကောင်းမှာ .. ပစ္စုပ္ပန်မှာ အကောင်းဆုံးလုပ်နိုင်အောင် ကြိုးစားကြ၊ ကြိုးစားကြ .."

ဒီနေ့ ခြေလှမ်းများ၏ အနာဂတ်ဟာ ဘာမှန်းမသိ ..။

♥♥♥



အခန်း (၂)

မိသားစုထမင်းဝိုင်းလေးက ဟင်းအမယ်ပေါင်းများစွာနှင့် ပြည့်စုံပြည့်နေသော်လည်း ..၊

"ဘယ်လို မိဘအုပ်ထိန်းသူမရှိဘူး .. ဟုတ်လား .."

"ဟုတ်တယ် .."

"မိဘမရှိတာ ထားလိုက်ပါ .. အုပ်ထိန်းသူ ဦးကြီး .. အဒေါ် .. ဘာညာ .."

"ကျွန်တော် ပြောတာပါသွားပြီလေ .. မိဘအုပ်ထိန်းသူမရှိပါဘူးဆို .."

"ဒါဖြင့် .."

"သူတစ်ယောက်တည်း အဆောင်မှာနေတာ .."

"ဒေါက် ..."

ကိုင်ထားသည့်ဇွန်းနဲ့ ခက်ရင်းကို ပြိုင်တူချပစ်လိုက်တာ ကြားခင်းသည့် မျက်နှာတစ်ပြင်လုံးက အနီရောင်သမ်းသွားသည်။ ပြုံးရွှင်စွာ ပြောပြနေသည့် အရောင့် မျက်နှာက ရယ်မြူးခြင်းပျော့ပါ ပျောက်ဆုံးသွားခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com



ညီအစ်ကိုနှစ်ယောက်ရဲ့ အခြေအနေကို အကဲခတ်မိလိုက်သဖြင့် ထက် က ဆိတ်သားနှပ်တစ်ဖက်လှမ်းခပ်၍ မတ်ဖြစ်သူ့ပန်းကန်ထဲ ထည့်ပေးလိုက်ရင်း ..၊

"စားစရာရှိတာစား မောင်လေး .. မင်းအစ်ကိုအကြောင်းသိတယ် ဟုတ်လား .. သူက သူ့ညီလေးကို သူ့သားလို့မှတ်နေတာ၊ နေရာတကာ အဖေတစ်ယောက်လိုပဲ .. ပိုတောင်ပိုဦးမှာ .."

"ကိုကြီး သဘောကျမှာမဟုတ်မှန်း ကျွန်တော်သိပါတယ် .. ဒါပေမယ့် .."

"သိနေသားနဲ့ ဒီလိုမိန်းကလေးမျိုးကို လက်ထပ်ဖို့ဆုံးဖြတ်ခဲ့တယ် ဆိုတော့ ညီက ကိုကြီးကို သူ့လောက် .."

"ဟာ .. မဟုတ်ဘူး ကိုကြီး .. အဲဒါ လုံးဝမဟုတ်ဘူး .."

"ဘာရှိသေးလဲ ပြောပါဦး .."

မျက်နှာက မသာယာပေမယ့် ခန မျိုသိပ်၍ ဇွန်းခပ်ရင်းကိုပြန် ကိုင်လိုက်သည်။ လက်က ခင့်ပွန်းသည်ပန်းကန်ထဲကို ဟင်းတွေခပ် ထည့်ပေး၍ အရောင့်ကို 'ဘာမှမဖြစ်ဘူး' ဆိုသည့်အပြုံးနှင့် ခေါင်းခါ ပြ၏။

အရောင့် မျက်နှာသည် အလင်းဖျော့ကောင်းကင်ကဲ့သို့ ဖြစ်သွား ခဲ့ပြီး ..၊

"ကျွန်တော် ကိုကြီး ကျေနပ်လောက်စရာဘယ်လိုသက်သေနဲ့ ပြရမှန်းမသိပါဘူး၊ ဒါပေမယ့် အချိန် က အရမ်းလှတယ်၊ လှတယ် ဆိုတာတွေထက် ပိုလှတယ် .."

ခန မျက်နှာတင်းခနဲ ဖြစ်လျက် မော့ကြည့်လာကာ ..၊

"စားလိုက်တော့ .. ထမင်းအရင်စား .."

စားပြီးမှ ပြောမယ်ဆိုသည့်သဘော ..၊

ဒါဆိုရင်တော့ ထမင်းစားပျက်လောက်ဖွယ်ရှိနေသည့် စကားတွေ



ကို သူ ပြောနေခဲ့သည်ပေါ့ ..။

"ဒက်ဒီက လေးလေးကို စိတ်ဆိုးနေတာလားဟင် .."

"မောင်မောင် အမေးအမြန်းမထူနဲ့ .."

ရှစ်နှစ်သမီး ခနကြည်ဖြူလေး က သူမရဲ့ မောင်ငယ်လေး ငါးနှစ် အရွယ် ခနထည်ဝါ ကို ဆရာမကြီးလေသံနှင့် ဝင်ရောက်ထိန်းထျောင်း လေသည်။

ခန မျက်နှာကြီးက သားနဲ့သမီး အသံတွေကြားမှ ချက်ချင်းပြောင်း လဲ ပြေပြစ်သွားခဲ့လျက် ..၊

"ဘာမှမဟုတ်ဘူး သားငယ် .. သား လေးလေးက ထမင်းစားတုန်း စကားတွေများနေလို့ ဒက်ဒီက ပြောပြနေတာ .."

"မာမီက ပြောတော့ မိသားစုထမင်းဝိုင်းဆိုတာ ထမင်းဝိုင်းမှာမှ မျက်နှာစုံတာမို့လို့ စကားပြောရင်း ထမင်းစားရတာတဲ့ .."

ခန အကြည့်တွေ လက် မျက်နှာပေါ်တန်းခနဲရောက်သွားသည်။ လက် မျက်နှာလေးငယ်သွားကာ ..၊

"ဟို .. အဲ့ဒါလေ မောင့်အန်တီ ဒီမှာတည်းသွားတုန်းက ထမင်း စားတုန်းစကားပြောနေကြရင်း ကလေးကို သူက .."

"အင်း .."

ကလေးတွေရှေ့မှာ အတော်ကြီးပျော့ပြောင်းဖို့ကြိုးစားထားရသည့် မျက်နှာနှင့် ခန ခေါင်းညိတ်လိုက်သည်။ ပြီးတော့ ထမင်းဝိုင်းတစ်ခု စောစီးစွာထသွားခဲ့ပြီး ..၊

"ပြီးရင် ညီ ကိုကြီးစာကြည့်ခန်းထဲကိုလာခဲ့ .."

ရာဇသံတစ်ရပ်ချမှတ်ပြီး ထွက်ခွာသွားခဲ့၏။ မရီနဲ့ ခန ချုပ်ထိုး ချင်းဆုံသွားကြကာ ..၊

"သူ့အကြောင်းသိသားနဲ့ ငါ့မောင်ရယ် .."

"ဘယ်လိုလုပ်ရမလဲ .. မလက် ရယ် .. ချစ်မိသွားတဲ့အချိန်မှာ

www.burmeseclassic.com



ထိုလို့အသက်ရှူသံကိုတောင် မေ့သွားခဲ့တာ၊ ကိုကြီး ကြိုက်မှာ မှလို့ ဘူးလို့ ဘယ်လိုတွေးမိမှာလဲ ..”

“အင်း ...”

လေးဖင့်စွာ ခေါင်းညိတ်မိရင်း ကလေးတွေကျူရှင်ချိန်နီးလာတာကို သတိရကာ ...။

“သမီး ထမင်းစားပြီးရင် စာသင်ခန်းထဲသွားနှင့်နော် .. မောင်လေး စာအုပ်တွေပါ ပြင်ထားပေးလိုက် ..”

“ဟုတ် ...”

ကြည်လေး က သမီးကြီးဖြစ်တဲ့အတိုင်း လိမ္မာသည်။ ထက်လည်း ထက်မြက်သည်။ မိဘအရိပ်အကဲ သူမလောက်သိတာလည်းမရှိ၊ မောင်ငယ်ကို စောင့်ရှောက်သည့်နေရာမှာလည်း ဖခင်ချမှတ်သည့် စည်းကမ်းနည်းလမ်းအတိုင်း ...။

ကလေးတွေ နှစ်ယောက်စလုံးမရှိတော့မှ လက်က စားလက်စကို လက်စသတ်ပြီး ရေတစ်ခွက်သောက်၍ ...။

“မလက် ပြောတာက မောင်လေး ဒီအကြောင်းတွေ မောင့်ကို မပြောခင် မလက် ကို အရင်ပြောသင့်တာ၊ ဘာဖြစ်လို့လဲဆိုတော့ မောင်လေး ကမှ စွဲလမ်းနေပါပြီဆိုရင် မင်းအစ်ကို လက်ခံနိုင်လောက်တဲ့အဆင့် အတန်းမျိုးထိ မလက် ဖြည့်ဆည်းပြင်ဆင်ပေးထားလို့ရတယ် ..”

“သူ လက်ခံမှာမဟုတ်ဘူး ..”

“ဘာဖြစ်လို့လဲ .. ဒါက ပိုးကြေးပန်းကြေးထောက်ပံ့တာမှမဟုတ်ဘဲ မောင်လေးတို့ လက်ထပ်ပြီးရင် လင်မယားပိုင်ဆိုင်မှုပဲဖြစ်သွားမှာရလ ..”

အရောင် က နားလည်နေသည့်အပြုံးနှင့် လက် ကိုလည်းကျေးဇူးတင်ပေမယ့် အားနာကာ ...။

“ဒါပေမယ့် သူ အဲ့လိုမရှိးသားတဲ့နည်းနဲ့ ကျွန်တော့်ဘဝထဲကို



ဝင်ဖို့ကြိုးစားမှာမဟုတ်ဘူး၊ မလက် ကတော့ နားလည်နိုင်မှာမဟုတ်ပေမယ့် သူ့ဘဝကိုသူ ကိုယ်တိုင်ဖန်ဆင်းရပ်တည်ခဲ့တဲ့ မာန သူ့မှာရှိတယ်၊ ပြောရရင် အဲ့ဒီမာနကြောင့် နည်းနည်းအစွန်းရောက်ချင်တာမျိုး..”

“အင်း .. ကြားတဲ့အတိုင်းဆိုရင်တော့ ဒါ အထင်သေးစရာမဟုတ်ပါဘူး၊ လေးစားစရာပါ .. ဘာပဲဖြစ်ဖြစ် မင်းအစ်ကို လက်ခံမှာမဟုတ်ဘူး .. အရောင် ..”

“ကျွန်တော့် အပျော်တွေ တစ်ဝက်လျော့သွားပေမယ့် ဘာအခက်အခဲရှိလာလာ သူ့ကို ကျွန်တော် ဆုံးရှုံးခံမှာမဟုတ်ဘူး မလက် ..”

ခက်တော့ ခက်ပါပြီ ...။

www.burmeseclassic.com

www.burmeseclassic.com



အခန်း (၃)

"နာမည်က ဘယ်သူ .."

"အရိပ်ဟောင်း .."

"ကျွတ် ..."

ခနု မျက်နှာ အံကြိတ်ထားလျက်နှင့် ရှုံ့မဲ့သွားသည်။ 'ကျက်သရေတုံးလိုက်တာ' လို့ ရင်ထဲမှာ ကျယ်လောင်စွာ ကြော်လိုက်မိရှင်း ...၊

"မိဘအုပ်ထိန်းသူ တစ်ယောက်တစ်လေမှမရှိဘဲ ဘယ်လိုကြီးပြင်းလာခဲ့သလဲ .. ဘယ်တုန်းတည်းက လမ်းပေါ်ရောက်နေခဲ့တာလဲ .."

"လမ်းပေါ်ရောက်မနေခဲ့ပါဘူး .. သူ့မှာ အိမ်နဲ့ရာနဲ့ အခြေအမြစ်ရှိပါတယ် .."

"ငါမေးတာ ပြည့်စုံအောင်ဖြေ .."

"သူ ဆယ့်ငါးနှစ်သမီးရောက်မှ အုပ်ထိန်းသူ မဲ့ခဲ့တာပါ .."

"ဒါဆို မိမရှိ ဖမရှိ တောက်လျှောက်ကြီးပြင်းလာခဲ့တာပေါ့ .."

မေးခွန်းတွေက ရင့်သီးလာသဖြင့် အရောင့်မျက်နှာ ပျက်ယွင်းစပြုလာခဲ့၏။ ထိုမျက်နှာကို ခနု က စူးစိုက်ကြည့်နေပြီး အဖြေစောင့်လျက်



စာကြည့်ခန်းထဲမှာ ခဏတစ်ဖြုတ်တိတ်ဆိတ်သွားခဲ့၏။

"သူက မိဘမဲ့ကြီးပြင်းခဲ့ရပေမယ့် .."

"ဒါပေမယ့်တွေ လာမပြောနဲ့ ညီ .. အရိပ်အောက်မှာမနေရတဲ့ အသားက နေလောင်တာပဲ .."

"ကိုကြီးလည်း မိဘမဲ့နဲ့ပဲ .."

"ညီ .. တော်စမ်း .."

ခနု ရဲ့ ဒေါသသံကြောင့် တံခါးဖွင့်ဝင်လာခဲ့သည့် လက် ရဲ့ ခြေလှမ်းတုံ့ခနဲဖြစ်သွားသည်။ ပြီးမှ ကိုင်လာသည့် နာနတ်သီးဖျော်ရည်တွေနဲ့ ဗန်းကလေးကို စားပွဲပေါ်မှာ ချထားလိုက်ပြီး ဆိုဖာမှာထိုင်၏။

"ငါ မိဘမဲ့ခဲ့တာ ငါက ယောကျ်ား၊ ပြီးတော့ ငါတို့မှာ မိဘရဲ့ စည်းစိမ်ဥစ္စာတွေအပြည့်နဲ့ အကြံနဲ့ ဉာဏ်နဲ့ .."

"ဒါဆို ကိုကြီး ကဲန်ဆယ်လ်လုပ်လိုက်တာနဲ့ ကျွန်တော်က သူ့ကိုစွန့်လွှတ်လိုက်ရမှာလား .."

"မစွန့်လွှတ်နိုင်လောက်စရာ ဘာတန်ဖိုးတွေရှိသလဲ မင်းချုပြလေ .."

"ကိုကြီး .."

မယုံနိုင်သည့်လေသံသည် အရောင့် မျက်နှာတစ်ခုလုံးကိုပါ တုန်လှုပ်ခြောက်ချားနေစေလျက် ...၊

"အဲ့လောက်ထိ မပြောပါနဲ့ ကိုကြီးရာ .. သူ့ကို ကျွန်တော် ယူကို ယူမှာပဲဆိုရင် ကိုကြီးခယ်မ ဖြစ်လာမယ့် မိန်းကလေးပါ .."

"ဟား .. ဟား .. ဟား .."

"ဖြစ်နိုင်လောက်တာလေးတွေပြောပြီး ဆွေးနွေးပေးလို့ပါ မောင်ရယ်၊ မောင့် မျက်လုံးထဲမှာ အုပ်ထိန်းသူတစ်ယောက်အနေနဲ့ အခြေမပြေနိုင်တာတွေများနေပေမယ့် လူငယ်တစ်ယောက်အနေနဲ့ နည်းနည်းမျှတွေးပေးရမှာပေါ့ .."

www.burmeseclassic.com

www.burmeseclassic.com



"ငါပြောနေတာ ဆင်းရဲချမ်းသာတစ်ခုတည်းကို မဟုတ်ဘူး လက်၊ ဒီလိုပုံစံနဲ့ ကြီးပြင်းလာခဲ့တဲ့ မိန်းကလေးတစ်ယောက်ကို .."

"ကောင်မလေးက စည်းနဲ့ကမ်းနဲ့ နေထိုင်တတ်တဲ့ မိန်းကလေး မျိုးပါ .."

"မင်းကို ဘယ်သူပြောတာလဲ .."

လတ် ဖျတ်ခနဲ့မျက်လွှာချပစ်သည်။ မေ့ အကြည့်တွေက အရောင် ဆီ ရောက်သွား၏။ ပြီးတော့ မဲ့လိုက်ပြီး ..၊

"ငါမြင်နေရတာကလွဲပြီး ဘာကိုမှ အယုံအကြည်မရှိဘူးဆိုတာ မင်းသိတယ် ညီ .. ငါ ယူမယ့်မိန်းမ ငါချစ်နေရင်ပြီးတာပဲလို့တွက်လိုက် တာ .."

"ကျွန်တော် .."

"မပြေရှင်းနဲ့ ဒီကိစ္စကြီးကို ငါမသိဘဲ လုပ်ချလိုက်တဲ့ မင်းရဲ့ ဆုံးဖြတ်ချက်က သက်သေပဲ .."

"မောင်ရယ် .."

"မင်း မပြောဘဲနေလို့ရမလား .."

"လက် က မောင့်မိန်းမပါ၊ မောင်တို့ညီအစ်ကိုချင်းကိစ္စဆိုပေမယ့် အရောင့်ကို လက် ကလည်း ကိုယ့်ရဲ့ မောင်လေးတစ်ယောက်လို သဘော ထားခဲ့တာ .."

"ဘယ်လိုသဘောထားနဲ့ဖြစ်ဖြစ် မင်းနဲ့ငါ မျက်နှာချင်းဆိုင်ရပ် နေတိုင်း ငါ ဖတ်နေတဲ့ စာမျက်နှာကို မင်း မမြင်နိုင်ဘူး၊ ဒါတော့ မင်း လက်ခံလား .."

လက် တစ်ချက်တော့ ဆွံ့အသွားပေမယ့် ..၊

"မောင်က မြင်စေချင်ရင်တော့ မြင်လို့ရပါတယ် မောင် .. မောင် တစ်ယောက်တည်းဖတ်လို့ ရှုပ်ထွေးနေတဲ့စာမျက်နှာကို လက် နဲ့ နှစ် ယောက်ဖတ်ပြီး .."



"ဒါ စိတ်ကူးယဉ်စရာမဟုတ်ဘူး လက် .. မင်းနဲ့ ငါ့အရေးကို မင်းနဲ့ ငါ တစ်ယောက်နဲ့တစ်ယောက် ဖွက်ဖက်လို့ရတယ် .."

"အရောင် ကလည်း မောင့်ရဲ့ .."

"အရောင် နဲ့ ပတ်သက်ဖို့ကြိုးစားနေတဲ့ သုံ့စိမ်းမိန်းမအကြောင်း ဆိုရင် မင်း ဝင်မပြောဘဲနေလို့ရပြီလား .."

လက် အံ့သြဟန်လေးဖြစ်သွားခဲ့ပြီး လုံးဝ တိတ်ကျသွားလေသည်။

"ကျွန်တော့်ကြောင့် မလက် နဲ့ ကိုကြီး ဘာမှမဖြစ်ကြပါနဲ့၊ အဆိုး နဲ့ ပတ်သက်ပြီး ကျွန်တော် ဆုံးဖြတ်ခဲ့တာ မှားသွားတယ်ဆိုရင်လည်း အခု အားလုံးပြီးသွားပါပြီ .."

"ပြီးသွားပြီဆိုတာ ဘာလဲ အရောင် .. ငါ ဘာမှလုပ်လို့မရတော့ ဘူးလို့ မင်းပြောလိုက်တာလား .."

"မဟုတ်ပါဘူး .. လက် နဲ့ ကျွန်တော် တခမ်းတနားဈေးစပ်ခဲ့တာ ကျွန်တော်တို့မိတ်ဆွေအသိုင်းအဝိုင်းတော်တော်များများသိကြတယ် .."

"ငါ မသိသေးဘူးဆိုတာ မင်း မေ့နေတာလား .."

အရောင် က အပြစ်ရှိသူကဲ့သို့ မျက်နှာခပ်ငုံ့ငုံ့နှင့် ဆံပင်တွေသပ် နေ၏။ ပြီးမှ မပွင့်တပွင့်နှင့် ..၊

"သိပါတယ် .. ဒါပေမယ့် ကိုကြီးသဘောမတူရင် ခွဲလို့မရတော့ အောင် .."

"ငါသိတာပေါ့ကွာ .. မင်း ငါ့ထက် ရှစ်နှစ်တောင်ငယ်တာပဲ၊ တစ်ခုမေးစရာရှိတာက ဘာဖြစ်လို့ တစ်ခါတည်း လက်ထပ်မလာတာ လဲ .. ငါ စိတ်ဆိုးပြီး အမွေဖြတ်လိုက်မှာစိုးလို့လား .."

အရောင် ဆတ်ခနဲမော့လာသည်။ မေ့ က ခနဲ့ပြုံးနှင့်မေးဆတ်ပြ၏။

"ပြောပါ .. မင်းကိုယ်မင်း အင်ဂျင်နီယာဆိုတဲ့ မာနနဲ့ ခေါင်းထောင် ကြည့်လိုက်တာလား .."

မေးပြီး အေးစက်စက်အကြည့်နှင့် တစ်ဖက်လှည့်လျှောက်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



ပြီးမှ ချာခနဲပြန်လှည့်လိုက်ပြီး …၊

"သင်ထားတဲ့ပညာတွေ မင်း ဘယ်လောက်တတ်တတ် ဘီလီယံနာ တစ်ယောက် ဖြစ်မလာနိုင်ဘူး၊ ဒီမှာ အရောင် .."

မျက်လုံးချင်းဆုံအောင် ကြည့်ပြီးမှ နားထင်ကို လက်ညှိုးနဲ့ ခေါက် ပြကာ …၊

"မင်းကို ပညာသင်ပေးတာ ဓ'အ'စေချင်လို့ မင်းသုံးလို့ရတာ ဒါပဲ .."

အရောင့် မျက်နှာ တင်းမာသွားလိုက်၊ ခပ်လွဲလွဲဖြစ်သွားလိုက်နှင့် အနီရောင်တက်လာနဲ့၏။

"ဒါတောင် သမိုင်းမကျေရင် မင်း 'အ' နေဦးမှာပဲ၊ ဟွန်း .. ပညာ တတ်တိုင်းလည်း အသိဉာဏ်ကြွယ်တာမဟုတ်ဘူးကွ .."

"ဒါပေမယ့် ဘီလီယံနာမဖြစ်လည်း ချစ်လို့ရတာယ်မို့လား ကိုကြီး.."

"ရလိမ့်မယ် .. ဒါပေမယ့် မင်းကတော့ မရဘူး .."

ခနက က အပြတ်ကြေညာသည်။

"မင်းဘဝကို ပြာပုံထဲဝစ်ကျမသွားအောင် ငါ ဘယ်လိုကြိုးစား ကာကွယ်ထားခဲ့သလဲ မင်း မသိပါဘူး ညီ .. မင်းဘဝကို မင်းကိုယ်တိုင် ထိန်းကျောင်းခွင့်လည်း ငါ မပေးနိုင်သေးဘူး၊ ပညာရှိတာတွေ အတောင်စုံ တာတွေ ဘာကိုပြောကြတာလဲ ငါမသိဘူး၊ ဒါပေမယ့် မင်းအတွက် ငါ သတ်မှတ်မယ့် အတောင်စုံချိန်က ဒီအချိန်မဟုတ်ဘူးဆိုတာပဲ .."

"ကိုကြီး .."

"ပြော .."

"ကျွန်တော် သူ့ကို လွယ်လွယ်လေးရခဲ့တာမဟုတ်ပါဘူး .."

"ဟား .. ဟား .. ဟား .."

အရောင့် မျက်နှာက သူ့အတွက် သနားစရာရယ်စရာဖြစ်နေသတဲ့ သို့ ခနက ခါးနှစ်ဖက်ထောက်၍ …၊



"မင်းက သူဌေးကြီးဦးသောဂ ရဲ့သား ငါ့ရဲ့ တစ်ဦးတည်းသော ညီအရင်းဖြစ်နေတာကိုးကွ .. ဟား .. ဟား .. ဟား .. အကွက်ရွှေ့တာ တွေ မင်းထက် သူ ပိုကျွမ်းကျင်လို့ပေါ့ .. အဲဒါ မာယာတွေပဲ .."

"မောင် …"

ဘာအတွက်မှန်းမသိဘဲ လက် ရင်ထဲမှာ သည်းမခံချင်ဖြစ်လာခဲ့ လျက် …၊

"မောင် စကားပြောတာ အဲရမ်းရင့်သီးလွန်းတယ်မထင်ဘူးလား မောင် .. တစ်လောကလုံးမှာရှိနေတဲ့ မိန်းမတိုင်း ဒီပုံစံတွေချည်းမဟုတ် သလို ယောကျ်ားတိုင်းလည်း တစ်မျိုးတစ်စား တစ်စိတ်တစ်ဝမ်းတည်း ရှိမနေကြပါဘူး .."

"အဲ့ဒီတော့ .."

"သူ့ချစ်သူ မိန်းကလေးက မောင်ပြောနေတဲ့ မိန်းကလေးမျိုးလည်း ဟုတ်ချင်မှ ဟုတ်မှာပေါ့ .. ပြီးတော့ အရောင် က မောင့်လိုလူမဟုတ် ဘူးလေ၊ ဒါကို နှစ်ဖက်မျှကြည့်ပေးမှ .."

"လက်ာ …"

ခေါ်သံက မကျယ်ပေမယ့် အေးစက်သောမျက်လုံးအကြည့်တွေ က ရေခဲပြင်၏ ပြတ်ရွေ့ကြောင်းများလို စူးရဲလက်တောက်လျက် …၊

"ငါသူနေတဲ့လူရှေ့မှာ ငါ့ကို မဝေဖန်သင့်ဘူးဆိုတာ မင်းကို ပြန် သင်ပေးရဦးမလား .."

လက် အို့တို့အမ်းတမ်းလေးဖြစ်သွားကာ တောင်းပန်စကားဆိုချင် သည့်မျက်နှာလေးဖြစ်သွားလျက် …၊

"မင့်သားသမီးတွေရှေ့မှာ ငါ ဘယ်လိုမျိုးသိပ်ခဲ့သလဲဆိုတာ အေး ပြောပြမယ် .. ငါ့မိန်းမဖြစ်ပြီး မင်း ငါ့အကြောင်းမသိတဲ့အတွက်ကြည့် သည့်ရောက်လာတိုင်း ကလေးတွေနဲ့ ပေးတွေ့ရင်းနှီးစေတာတွေ .."

"အဲ့ဒါက မောင့် .."

www.burmeseclassic.com

www.burmeseclassic.com



"ငါ့ဆွေမျိုးဖြစ်ဖြစ် .. ငါ့မိဘဖြစ်ပေစေ .. မင်းအတွက် ငါ့ထက် ဘာမှပိုအရေးကြီးလို့မရှိဘူး .."

လက် မျက်နှာလေးငယ်သွားသဖြင့် အရောင် စိတ်မကောင်းဖြစ်သွားမိသည်။ သူ့ကြောင့် ဒီမရီးမျော ဤသို့သော ပဋိပက္ခတွေနဲ့ မကြာခဏ ကြိမ်းမောင်းခံရရှာ၏။

ဒီတစ်ခါလည်း သူ့ကြောင့် ..။

"အိမ်သားမဟုတ်တဲ့ ညွှသည်တွေနဲ့ နောက်ထပ် ထမင်းတစ်ဝိုင်းတည်းဆေးမစားပါနဲ့ .. ရောက်လာသမျှလူတွေရဲ့ စိတ်ခတ်အယူအဆတွေ ငါ့သားသမီးတွေကို လေ့ထွေ့တောင်မဟာပ်စေနဲ့ .. ငါ မကြိုက်ဘူး .."

မုန့်တိုင်းတစ်ခုလို ဓန ရဲ့ ဒေါသက ဦးတည်ချက်ပြောင်းသွားခဲ့သည်။ သို့သော် .. ပြီးဆုံးပျောက်ကွယ်သွားခဲ့တဲ့ ဒီနေရာမှာပဲ ဇာပတ်ပြင်းထန်နေသည့်မုန်တိုင်းဖြစ်၏။

"မင်းထင်ရာ ဆုံးဖြတ်ပြီး လုပ်ချင်သလိုလုပ်ခဲ့ပြီးပြီ .. ကျန်တဲ့ အပိုင်းကို ငါ ဆုံးဖြတ်မယ် .. ယူအိုခေ .."

အရောင် ဝေခွဲမရသည့် မျက်နှာနှင့် ကြည့်နေမိ၏။ ပြီးမှ နောက်ထပ် ရဲရင့်စွာဆုံးဖြတ်၍ ..။

"အိုခေပါတယ် .."

လေသံသွဲ့သွဲ့နှင့် ခေါင်းညိတ်လိုက်၏။

"ပွန်း .."

ဓန က စာကြည့်ခန်းထဲကနေ မညင်သာသည့်ခြေလှမ်းများနှင့် ထွက်သွားခဲ့၏။ ထို နှုတ်ခမ်းပေါ်မှာ စိုတွဲပါသွားခဲ့သော ဒေါသနှင့် မဲ့ပြုံးက အရောင့် မျက်လုံးထဲမှာ ကျေးစွန်ရစ်လေသည်။

"အားမငယ်နဲ့ အရောင် .. မင်း ဘက်မှာ မလက် ရှိတယ် .."

လက် ရဲ့ အသံကြားမှ မျက်ခနဲလှည့်ကြည့်မိကာ ..။



"ကိုကြီး ဘာသဘောပြောသွားတာလဲ မလက် .. ကျွန်တော် သိသလို လိုနဲ့ နားမလည်ဘူး .."

"မလက် ထင်တာတော့ စေ့စပ်ခဲ့ပြီးတာကို ပြောသွားတာဖြစ်မယ်၊ ကျန်တဲ့အပိုင်းဆိုတော့ လက်ထပ်ဖို့ကိစ္စပေါ့ .."

"ကျွန်တော့်ကို မလုပ်ရဘူးပြောသွားတာလား .."

"သူ့ အဲ့ဒီလိုပြောရင် မောင်လေးက နောက်ဆုတ်မှာလား .."

အရောင် ခဏတော့ငိုင်သွားသည်။ ပြီးမှ ..။

"ကျွန်တော် သူ့ကို ဆုံးရှုံးမခံနိုင်ဘူး .."

"အဲ့ဒီတော့လည်း ကိုယ်လုပ်စရာရှိတာ ဆက်လုပ်ပေါ့ မောင်လေးရယ် .. လူတိုင်းဟာ ဒီလိုပြဿနာတိုင်းမှာတော့ ရဲရင့်စွန့်စားလာတတ်ကြတာပဲ၊ ဖြစ်လာသမျှကိုရင်ဆိုင်ကြတာပေါ့ .. မလက် မင်းကို ကူညီမှာပါ၊ တစ်ခုတော့ မလက် ကို ကတိပေး .."

"ကျွန်တော် ပေးနိုင်ပါတယ် .. ဒါပေမယ့် မလက် ကျွန်တော့်ကြောင့် ကိုကြီးနဲ့ အဆင်မပြေဖြစ်ကြမှာမလိုချင်ဘူး .."

"လင်နဲ့ မယားဆိုတာ ဒီလိုပါပဲ .. မင်းအစ်ကို သတိမထားတာက ဇနီးမယားဆိုတာ လင်ယောက်ျားရဲ့ ဝတ္တရားတစ်ခုကိုပဲ ကျေပြွန်ရတာမဟုတ်ဘူးဆိုတာပဲ .. အထူးသဖြင့် အဲ့ဒီယောက်ျားက အိမ်ထောင်စုတစ်ခုလုံးရဲ့ တာဝန်ကို ဦးဆောင်ထမ်းရွက်နေရင် သူ့ခေါင်းထဲ မရောက်နိုင်တဲ့ မိသားစုလူမှုကိစ္စမှန်သမျှကို ဇနီးမယားရဲ့တာဝန်ဖြစ်လာတာပဲ.."

လက် ရဲ့ မျက်နှာပေါ်မှာ နာကျင်မှုတို့ စွန်းထင်းနေပေမယ့် ခွင့်လွှတ်နားလည်ဖို့ကြိုးစားနေသည့်အပြုံးလေးတော့ရှိနေခဲ့လျက် ..။

"ဒါကို မလက် က တာဝန်တစ်ရပ်အနေနဲ့ ပခုံးပေါ်ထင်ထားတာလည်းမဟုတ်ဘူးလေ၊ မလက် ကို ကူညီတယ်လို့မထောင်း စိတ်ဆိုးပါစေ .. စေတနာမှန်သော ကံတရားပေါ့ .."

အရောင် မလက် ကို ကျေးဇူးတင်ပါသည်။ ဒါပေမယ့် [illegible]

www.burmeseclassic.com

www.burmeseclassic.com



မှာပဲ ကိုယ့်ကြောင့် ကိုကြီး အော်ငေါက်သွားတာမျိုးတော့ မဖြစ်စေချင်တာ အမှန်ပင် ...။

"ဒါတွေ ထားလိုက်ပါ ... ကိုယ်လုပ်ချင်ရာလုပ်ခဲ့ပြီဆိုရင်တော့ မှားရင်မှောက်သိပ်ပဲ ... လုပ်ရဲရင် ခံရမှာမျိုး ..."

"ကျွန်တော် အဲဒါကိုမကြောက်ပါဘူး ..."

"မလက် ပြောချင်တာလည်း အဲဒါပဲ ... မောင်က မင်းကို သူညီလို သို့သားလေးလို ချစ်တဲ့သူပါ ... သူပြောတဲ့စကားတွေ ဘယ်လောက်ကြမ်းတမ်းရင့်သီးသွားပါစေ သူ့လုပ်ရပ်ဘယ်လိုပုံစံဖြစ်သွားသွား မင်းအပေါ်ချစ်တဲ့ စိတ်ကြောင့်ပဲဆိုတာ ဘယ်တော့မှ မမေ့ပါနဲ့ ..."

ခင်ပွန်းဖြစ်သူအပေါ် နားလည်သည်းခံနိုင်လွန်းသည့် လက် ကို လေးစားသည့်မျက်ဝန်းတို့နှင့် ကြည့်ရင်း ပြုံးမိသည်။

အရိပ် ကရော သူ့အပေါ်မှာ ချစ်နိုင်ပါ့မလား ...။

"အရောင် ..."

"ဟင် ... ဗျာ ..."

သူ ငိုင်တွေငေးမောနေတာကိုကြည့်ပြီး လက် က ပြုံးလိုက်ရင်း...

"မင်းကောင်မလေးဆီ စိတ်ရောက်သွားတာလား ..."

"ဟုတ်တယ် ... ကိုကြီးကို မလက် ချစ်သလို သူ ကျွန်တော့်ကို ချစ်နိုင်ပါ့မလားတွေးမိလို့ပါ၊ ကန်တော့နော် မလက် ... တွေးမိတဲ့အတိုင်း ပြောလိုက်တော့ ..."

"တစ်ယောက်နဲ့တစ်ယောက် နားလည်မှုရှိဖို့မလွယ်ပေမယ့် တစ်ယောက်က နားလည်ပေးနေရင်လည်း အရာရာကို မပင်ပန်းဘဲ ကျော်ဖြတ်သွားလို့ရပါတယ် အရောင် ရယ် ... သူ့ဘက်က နားလည်မှု မရသေးပေမယ့် ကိုယ်က နားလည်ပေးဖို့အရင်ကြိုးစားရမှာပေါ့၊ မဟုတ်ဘူးလား ..."

"ကျွန်တော် တွေးမိတာက သူ့ကို ကျွန်တော်နားလည်ဖို့ကြိုးစား



ပေမယ့် ကိုကြီးကတော့ ..."

"မလက် တောင်းမယ်ဆိုတဲ့ကတိ အဲဒါပဲ မောင်လေး ... ဘယ်သူဖြစ်ဖြစ် ကိုယ့်ကို ထိခိုက်ရင်ခံနိုင်တယ်၊ ကိုယ် မြတ်နိုးတန်ဖိုးထားတာတစ်စုံတစ်ရာကိုတော့ စောင်းကြည့်တာတောင် မကြိုက်တတ်ကြဘူး..."

အရောင် က ဆတ်ခနဲခေါင်းညိတ်လိုက်လျှင် လက် ရဲ့ သက်ပြင်းချသံက ရင်လေးစွာဖြင့် ...၊

"ဘယ်အချိန် ဘယ်အခြေအနေမှာဖြစ်ဖြစ် မောင့်ကို အတိုက်အခံလုပ်ပြီး စိတ်ဝမ်းမကွဲပါနဲ့ ..."

လက် ရဲ့ မျက်နှာဝိုင်းဝိုင်းပြည့်ပြည့်လေးကိုကြည့်နေရင်း သူ ကတိပေးဖို့ခက်နေ၏။ ခုချိန်မှာလည်း သူလည်း နိုင်ငံခြားပြန်ဗိသုကာပညာရှင်တစ်ယောက်ဖြစ်နေသလို ကိုကြီး စိတ်တိုင်းကျ လေ့လာသင်ယူထားခဲ့ရသည့် စီးပွားရေးပညာတွေလည်း နားလည်တတ်ကျွမ်းသင့်သလောက်တော့ နားလည်နေပြီဖြစ်သည်။

ပညာကို ချောင်းထိုးခိုင်းပြီး စီးပွားရေးတွေ ဖိခိုင်းနေတာလည်း သူ ငြင်းဆန်လို့ရခဲ့တာမဟုတ်။ ပြောရမယ်ဆို သူ့အသက်အရွယ်နဲ့ ပညာအရည်အချင်းက ကိုကြီး ဖြစ်နေသလောက်တော့ နငယ်သေးတွေး မနေပါ။ ဒါကို အမြဲတမ်းပဲ နို့နံ့မစင်သေးတဲ့ ကလေးတစ်ယောက်လို ငေါက်ငမ်းဆူပူနေရင် ဒီကတိကိုတည်နိုင်ပါ့မလား ...။

အထူးသဖြင့် ကိုယ့်မျက်နှာတစ်ရှာထင်ပြီး လိုက်လာမယ့် အိမ်သူဇနီးမယားအပေါ်မှာ ဒီလိုဆက်ရှိနေခဲ့လျှင် ...၊

"မလက် အခုကပြောချင်တာက ..."

"မလက် ..."

"ဟင် ..."

လက် ရဲ့ စကားမဆုံးခင် ကြားဖြတ်ပြောဖို့ဖြစ်လာရသည့် အကြောင်းသည်။

www.burmeseclassic.com

www.burmeseclassic.com



"မလက် တောင်းတဲ့ကတိကို ကျွန်တော်ပေးဖို့က စောပါသေးတယ် .."

"ဘာဖြစ်လို့လဲ .. မင်း ခုတည်းက ကိုယ့်အစ်ကိုအပေါ် အခုအခံ စိတ်တွေဝင်နေပြီလား အရောင် .."

"မဟုတ်ပါဘူး .. ကျွန်တော့်ကို ကိုကြီးက အလုပ်ကိစ္စနဲ့ ဂျပန်ကို လွှတ်ဖို့ရှိသေးတယ်လို့ပြောထားတာရှိတယ် .."

"အင်းလေ .."

"အဲဒီကိစ္စကို ကိုကြီး အားချင်းထလုပ်တော့မယ်ဆိုတာ ကျွန်တော်သိတယ် .."

လက် က နားထောင်နေ၏။

"အဲဒါ .."

တော်တော်ပြောရခက်သည့်ကိစ္စဖြစ်နေမှန်း သိပေမယ့် အရောင် ဒီလိုပြောလိမ့်မည်လို့တော့ သူမ မထင်ခဲ့မိ ..။

"သူ့ကို ဒီမှာထားခဲ့ချင်တာ .."

"ဟင်!..."

အံ့ဩလွန်းသဖြင့် မျက်လုံးပါဝိုင်းသွားမိသည်။

"မောင်လေး .. မင်းပြောတာက .."

"ကျွန်တော် ပြန်လာမှ လက်ထပ်မှာပါ .. ဒါပေမယ့် သူ့ကို ကျွန်တော် စိတ်မချဘူး .."

"နေပါဦး .. မင်းနေနိုင်းတာနဲ့ပဲ သူက နေမှာတဲ့လား .. လက်လည်း မထပ်ရသေးတဲ့ ယောကျ်ားလေးတစ်ယောက်အိမ်ကို .."

"သူလည်း သဘောတူလို့ပါ .."

"ဘယ်လို ..."

အရောင် ကိုယ်တိုင် နားမလည်သည့်ပုံစံဖြစ်နေကာ မျက်နှာလည်း ငံရဲ့ညှာသိဂုတ်ကိုပွတ်နေရင်း ...၊



"သူက တစ်ယောက်တည်းနေတာ။ လုပ်တဲ့အလုပ်ကလည်း အထည်ချုပ်စက်ရုံတစ်ရုံက ကျူစီ .."

"ဒါ ကောင်းရောင်းကောင်းဝယ်အလုပ်ပဲ မောင်လေးရယ် .."

"ဒါပေမယ့် သူက အရမ်းလှတယ်၊ စိတ်မချနိုင်လောက်အောင်ကို လှတာ .."

"မောင်လေးရယ် .. မင်းနဲ့မတွေ့ခင်တည်းက လှနေတဲ့ မိန်းကလေး မဟုတ်ဘူးလား .. သူ့ဝမ်းစာ သူရှာစားနေတာလည်း မင်းနဲ့ မတွေ့ခင်တည်းကလေ .."

"ကျွန်တော်နဲ့တွေ့မှ ကျွန်တော်ကလွဲပြီး ဘယ်သူနဲ့မှ မပတ်သက်စေချင်တာ .."

လက် တော်တော်နားလည်သွားခဲ့သည်။ ဒီညီအစ်ကိုနှစ်ယောက်ရဲ့ ရှေ့ရေးက ဘယ်လိုမှ သက်သာဖွယ်မမြင် ...။

"နဂိုကမှ သူများကိုအထင်မကြီးတတ်တဲ့ မင်းအစ်ကိုနဲ့ .."

"မလက် ရဲ့ ညီမ တစ်ယောက်အနေနဲ့ပေါ့လေ .."

"ဟင် .. အို .. အဲဒီလိုတော့ဖြစ်မှာမဟုတ်ဘူး အရောင် .. မလက်က တစ်ဦးတည်းသောသမီး၊ မလက် ဘက်က ဘိုးဘွားကစပြီးဆွေစဉ်မျိုးဆက်အကုန်လုံး မင်းအစ်ကိုသိတယ် .."

"ကျွန်တော်က .."

"နေဦး .. မလက် အဲ့ဒီလိုဖုံးကွယ်လိမ်ညာတာမျိုးလည်း ဘယ်တုန်းကမှ မလုပ်ခဲ့ဖူးဘူး .."

"မဟုတ်ပါဘူး .. အေးလူတွေ အမြင့်တင့်ကာယ်အောင်ပြောတာပါ၊ ကိုကြီးကို ညာခိုင်းတာမဟုတ်ဘူး .."

"ကိုယ့်အစ်ကိုရဲ့ ဒေါသကိုမသိဘူးလား ငါ့မောင်ရယ် ..။ မင်းနဲ့ ခုပဲ ဒီကိစ္စကြောင့် ပြဿနာတက်သွားတယ်၊ သူ့တစ်ယောက်တည်း ဒီမှာထားခဲ့မယ်ဆိုတာ မင်းဘယ်လိုစိတ်နဲ့ စိတ်ချလက်ချတွေးနေတာ

www.burmeseclassic.com

www.burmeseclassic.com



လဲ ..."

"မလက် ကို အားကိုးတဲ့စိတ်နဲ့ပဲ ..."

"ဘုရားရေ ..."

ကိုယ့်ခေါင်းပေါ် လုံးလုံးကျလာပါလား ...။

"ကိုကြီးကို ကျွန်တော် ဖွင့်ပြောမယ် .. ကိုကြီးလည်း သူ့ကို လေ့လာလို့ရအောင်ပါ ..."

'လေ့လာမှာမဟုတ်ဘူး မောင်းထုတ်ပစ်ဖို့ပဲကြိုးစားမှာ' လို့များ မတွေးမိဘူးတဲ့လား ...။

"မောင်လေး .. မင်း ဒီလိုလုပ်ဖို့ စိတ်ကူးရှိရင်လည်း တစ်ခါတည်း လက်ထပ်လိုက်လေကွာ .. လက်ထပ်ပြီးမှ ထားခဲ့ရင်တောင် အဆင်ပြေဖို့ ရှိသေးတယ် .. ဒီတိုင်း အိမ်ပေါ်ရောက်လာရင် မောင့်စိတ်နဲ့ ဘယ်လိုမှ အဆင်ပြေကြမှာမဟုတ်ဘူး ..."

အရောင် က စိတ်ညစ်သွားသည့် ဝင့်သက်တစ်ရှိုက်နှင့် ခေါင်းခါသည်။

"ကျွန်တော် သူ့ကိုမြင်တည်းက ရူးသွပ်ခဲ့ရတာ မလက် ရယ် .. လက်ထပ်ဖို့မကြိုးစားဘဲနေပါ့မလား ..."

"ဒါဆို လက်တော့မထပ်ဘဲ အိမ်မှာလိုက်နေဖို့ကို ဘယ်လိုသဘောနဲ့ ..."

"သူ့စိတ်က တစ်မျိုးပဲ မလက် .. တားရင် ပိုလုပ်တယ် .. နိုင်းတာကို မကြိုက်ဘူး ..."

"ခု .. ဒီလိုမျိုးလုပ်တာတွေနဲ့မဆိုင်ဘူးလေ၊ ကိုယ့်ချစ်သူနဲ့ ပေါင်းဖို့အတွက် .. ဖြည့်ဆွက်သင့်တာတွေ ပြင်ဆင်သင့်တာတွေရှိလာတာကို နိုင်းတာလို့ သတ်မှတ်လို့ဘယ်ရမလဲ ..."

"ကျွန်တော် အဲ့ဒီကိစ္စ သူနဲ့ ဆွေးနွေးပါတယ် ..."

"မောင့်စိတ်ကိုတော့ ပြောမပြခဲ့ဘူးလား ..."



"ပြောပြလိုက်လို့ ဒီမှာနေဖို့ လက်ခံခဲ့တာ .."

"ဟင် !..."

"သူ့ကိုယ်သူ ယုံကြည်နေတယ် .."

"ဘာကိုလဲဟင် .."

"ကိုကြီးကိုယ်တိုင် သူ့ကို လက်ခံလာမှာတဲ့ .."

အံ့ဩဖို့တောင်မေ့ခဲ့လေသည်။ ဒီမိန်းကလေး ဘယ်လိုပုံစံလေး ကြားရတဲ့အတိုင်း ရင်ထဲမှာ ခံစားလိုက်မိတာက ခပ်ကဲကဲ ခပ် လေးလား ...။

"ကိုကြီး ဘာတွေကိုမကြိုက်ဘူးလဲဆိုတာ ကျွန်တော်ပြောပြတ မလက် စီစဉ်ပေးမယ်ဆိုတာမျိုးတွေပေါ့၊ ကျွန်တော်လည်း သူ့ကို ဖြည့် အောင် ဖြည့်ဆွက်ပေးထားနိုင်ပါတယ်၊ သူကိုက ခုချိန်ထိ ကျွန်တော် တဲ့ လက်ဆောင် အကူအညီဘာတစ်ခုမှ မယူခဲ့ဘူးတာ၊ လက်ထ ကျမှ ဘယ်လိုလုပ်အတင်းပေးရမလဲ..."

ဟုတ်တော့ ဟုတ်ပေမယ့် ဘာကမဟုတ်ဘူးလဲဆိုတာလည်း မပြတတ်ပေ ...။

"သူ့နာမည်က ဘယ်သူ .."

"အရိပ်ယောင်း .."

"အရိုက်ယောင်း .."

နာမည်ကိုလိုက်ခေါ်ကြည့်ရင်း စိတ်ထဲမှာတစ်ခုခုတော့ ဖြစ် ခဲ့၏။

ဒါပေမယ့် ဘာမှန်းမသိ ...။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၄)

"မနေ ... ဟွန်း ... ဒီကောင် ဘယ့်နှယ့်ကြောင့် ငူငူငေါင်ငေါင်ဖြစ်နေတာလဲ ..."

"ဘာရှိရမှာလဲ ... သူ့ညီကြောင့်ပေါ့ ..."

ကျော် က ပြုံးလိုက်ရင်း ရေခဲနဲ့ ဝီစကီပြည့်တက်လာသည့် ဖန်ခွက်ကို မနေ ရှေ့မှာ ချပေးလိုက်သည်။ ပြီးမှ ...၊

"အရောင့် ကိုတော့ လွှတ်ပေးလိုက်စမ်းပါကွာ ... သူ့လည်း ကလေးမှ မဟုတ်တော့တာ ..."

"လွှတ်မပေးနိုင်ဘူး ကျော် ... အချစ်နဲ့ ပတ်သက်ရင် လူတွေက အသက်ကြီးလာလေ အနီးရော အဝေးရော မှုန်ဝါးလာလေ ..."

"ဟား ... ဟား ... ဟား ..."

"ရယ်မနေစမ်းပါနဲ့ကွာ ... ငါ တစ်ယောက်ယောက်ကို ကိုင်ပေါက်ပစ်ချင်နေတာ ..."

"ဒါဆို ... ဟိုမှာ အပြာရောင်လေး တွေ့လား ... နည်းနည်းလျှော့သွားကဲလိုက်ပါလား၊ ပမ်းနေတာတွေလန်းသွားတာပေါ့ ..."

ကဇ်စ်ထဲမှာ ကနေကြသည့် မိန်းကလေးတွေက ဘယ်သူ့ဆီကိုပဲ



မျက်လုံးရွှေ့လိုက်ရွှေ့လိုက် ရှုမငြီးဖွယ်လေးတွေပါ။

ဒါပေမယ့် ရောင်စုံရွှေ့လျားနေသည့် မီးရောင်တွေနဲ့ မိန်းမလှလေ

တွေက မနေ စိတ်ကို စီးမျောပါသွားအောင် မဆွမ်းနိုင်ကြပေ ...။

စားပွဲတစ်လုံးမှာ နေ ရယ် ... ကျော် နဲ့ ဇော် ရယ် သုံးယောက် ချစ်

ချင်းဆိုင်ရှိနေကြကာ သူတို့အတွက် သီးသန့်ယူထားသည့်နေရာဖြစ်သ

အတိုင်း စားသောက်ဖွယ်တွေပါ အလျှံအပယ်ရှိနေ၏။

တကယ်တော့ ဒီနေ့ထိ တွဲလာခဲ့ကြသည့် သူငယ်ချင်းသုံးယော

က အကျိုးတူလုပ်ငန်းတူစီးပွားချင်း ယှိုင်းပင်းနေကြလျက် ခင်မင်ရင်း

ခြင်းတွေလည်း ဒီနေ့ထိ မယုတ်လျော့ခဲ့ကြသည့် ရဲဘော်ရဲဘက်တော

တွေဖြစ်လေသည်။

ကျော် သည် ဥာဏကျော် ဖြစ်ကာ၊ ဇော် သည် သီဟဇော် ဖြစ်

နေနေ နဲ့ သူတို့နှစ်ယောက်၏ လက်တွဲညီကြပုံက ဒီနေ့ထိ ကျော

သားတုန်းကလို လက်ဆတ်နွေးထွေးနေဆဲ ...။

"မနေ ငါပြောနေတာ ကြားလား ... သွားလုပ်ကွာ ... ငါတို့သုံးယော

ဆုံကြဖို့က လူ့ပြည်ကအစ်တစ်စင်း ဖြဟွာ့ပြည်က ..."

"ကဲ ... မပြောတတ်ရင်လည်း မပြောစမ်းပါနဲ့ ... ဆိုရိုးစကားမ

ကို မှန်းလွန်းလို့ ..."

"မင်းက မှန်းမှာပေါ့ ... ရှေးဆိုရိုးထုံးတမ်းစဉ်လာတွေကို ဆန့်

ရှက်တိုက်ချင်တာကိုး ..."

"ကျော် ရာ ... မင်းကလည်း ဒီကောင့်စိတ်ကို သိသားနဲ့ ..."

ဇော် က မနေ မျက်နှာကိုတကြည့်ကြည့်နဲ့ ဖြစ်နေပြီး ...၊

"ညစ်တာလည်း ညစ်တာပေါ့ကွာ ... အရောင် က ငယ်သေး

ကွ ... မင်း သူ့ကို ဟိုတုန်းကလို ..."

"ဇော့် ..."

ကျော် က သတိပေးသလိုခေါ်၍ စားပွဲပေါ်တင်ထားသည့် လ

ဝဲ လက်ညှိုးထိုးကာ ...၊

www.burmeseclassic.com

www.burmeseclassic.com



"ပြီးခဲ့တာတွေ မပါစေနဲ့ .."

"ငါက ဘာပြောနေလို့လဲ .. သူ့အသက်အရွယ်ကို သူ အားကိုးချင်တယ်ဆိုတာ ပြောပြချင်လို့ လူပျိုပေါက်စလေးတုန်းကလို မင်းပြောတဲ့အတိုင်း ခေါင်းညိတ်ဖို့မလွယ်တော့ဘူးလေ .."

"ဟုတ်တယ် .."

နေ က ဝီစကီကို ကောက်မော့လိုက်ပြီး ခေါက်ခနဲပြန်ချကာ ..၊

"ဒီတော့ ကိုယ့်သဘောနဲ့ကိုယ် လုပ်တတ်နေပြီ .."

"မင်းလည်း လက်ထပ်ဖို့ခွင့်ပြုလိုက်ရပြီမို့လား .. ငါက အဲ့ဒါကို ပြောတာ၊ သူလည်း ပညာတတ်တစ်ယောက်ပဲကွာ .. ပြီးတော့ မင်းအကြောင်းလည်း သူသိတယ်၊ သူကြိုက်နေတဲ့မိန်းကလေးက တစ်ခုခုတော့ ကောင်းကွက်ရှိလို့ဖြစ်မှာပါ .."

ကျော် ပြောတဲ့ပုံက ရယ်ကျဲကျဲမို့ နေ က မကြည်မလင်ကြည့်သည်။

"ငါနောက်နေတာမဟုတ်ဘူးနော် .. လက်ခံလိုက်ရမယ့်အတူတူတော့ .."

"ငါလက်ခံမယ်လို့ မင်းကို ဘယ်သူပြောလဲ .."

"မင်းပဲ .."

"ဟွန်း .."

နေ မျက်နှာပေါ်မှာ လျှို့ဝှက်သည့် မဲ့ပြုံးက အကျည်းတန်စွာဖြစ်ပေါ်လာခဲ့လျက် ကျန်နေသည့် ဝီစကီကိုထပ်မော့၏။

"ကဲကွာ .. သားကိစ္စ မယားကိစ္စတွေထားလိုက်စမ်းပါ၊ ငါ အခုမင်းကာပူကိုပြန်သွားရင် ဘယ်သူပါမယ်ထင်လဲ .."

"အပိုတွေ လာပြောမနေနဲ့ .."

"ဘာလဲ တင်းနေတာလား .."

"နေ နော် .. မင်း ဒီကိစ္စအတွက်တင်းမယ်ဆိုရင်တော့ ငါနဲ့မင်းနဲ့လည်း ရှောခ်ရှိတယ် .."



"ဘာရှောခ်မှမရှိဘူး ဇော် .. ငယ်မူတွေပြန်မနေနဲ့၊ လောကမှာ ငါ့အမေကလွဲရင် ဘယ်မိန်းမကိုမှ ငါ အထင်မကြီးဘူး .."

"အေးပါ သိပါတယ် .."

ဒါက နေ ရဲ့ ပြောနေကျလက်သုံးစကားမှန်း သူတို့သိပြီးသား..၊

ကိုယ်လက်ထပ်ထားတဲ့ ဇနီးမယားရှေ့မှာတောင်မှ ...

"ငါလက်ထပ်ထားတဲ့ မိန်းမကစပြီး မိန်းမအားလုံး ဒီလိုပုံတွေချည်းပဲ" လို့ ပြောခဲ့တဲ့သူ ..။

ပြန်တွေးမိရင်း ဇော် က ရယ်ကာ ..၊

"ဘုံ က ငါတို့သုံးယောက်ကို အတူတူတွေမှန်း သိတဲ့ပုံမပေါ်ဘူးကွ .."

"သိသိ .. မသိသိ မသိသလိုနေတာလည်း ဖြစ်နိုင်တာပဲ .."

ဒီလိုစကားသံထွက်လာပြီဆို နေ ဆီကပဲဖြစ်သည်။ ပြီးတော့ စီးကရက်မီးညှိရင်း ဇော့် ကို ကြည့်ကာ ..၊

"မင့်မိန်းမက ကိုယ့်အေဂျင်စီက ချာတိတ်မနဲ့ ကိုယ့်ယောကျ်ားငြိနေတာတောင် မရိပ်မိဘူးလား .."

"မရိပ်မိဘူး .. မဟုတ်ရင် ငါ အေးဆေးဆက်လိမ့်နေလို့ဘယ်ရမလဲ၊ မင်း သူ့အကြောင်းသိသားနဲ့ .."

"ငါ့မိန်းမလည်း မသိဘူး .. ဒါပေမယ့် သမီးကြီးကလည်းတယ်ကွ .. တစ်ခါ ငါ့ဖုန်းထဲက ဖတ်မိသွားပြီး ဘုံ ဆိုတဲ့ နာမည်ကို အတင်းလိုက်စုံစမ်းတာ .. ဟွန်း .. ဟွန်း .."

"အဲ့ဒီတော့ ဘယ်လိုလဲ .."

"ညာလာကျော် ပဲကွ .. ဟဲ .. ဟဲ .."

သူတို့သုံးယောက်စလုံး ကျောင်းသားဘဝမှာတည်းက အဝီစဉ်တဲကြတာကြောင့် သူတို့ကို ဒု သ န လို့ တစ်ချို့ခေါ်ကြ၏။

"ဟုတ်တယ် .. 'သော' တစ်ယောက်ထပ်ရှိရင်တော့ ဒုတယ့်သမိုင်းသစ်ဖြစ်လာမှာပဲ .."

www.burmeseclassic.com

www.burmeseclassic.com



လို့ ကျောချမ်းသလို မကြားဝံ့ကြားပြောကြတာလည်းရှိ၏။ သုံးယောက်စလုံးရဲ့ မိဘတွေက ကျိုးကျိုးကျကျ ချမ်းသာကြသည်။ သုံးယောက်စလုံးက ရုပ်ရည်ချောသည်။

သူတို့ခေတ်အခါမှာ သုံး ဂဏန်းက ခေတ်စားလာတဲ့အထိ မနု ညာဏ သီဟ တို့က ပေါ်ပြူလာဖြစ်ကြသည်။ ထို့ထက်ပိုတာက မိန်းကလေးတစ်ယောက်ကို မျက်စိကျပြီဆို အဲ့ဒီမိန်းကလေးမှာ ချစ်သူရှိရှိ မရှိရှိ မရမကလိုက်၏။ လက်ရဲဇက်ရဲနိုင်လွန်းသဖြင့် ပါးရိုက်နားရိုက်တွေ ဖြစ်လာခဲ့ဖူးသည်။

သုံးယောက်မှာ မနု အဆိုးဆုံးဖြစ်ကာ သူ့ကို အရှက်ရအောင် ငြင်းသည့်မိန်းကလေးဆိုလျှင် မိဘ မိသားစုအထိ လိုက်ဒုက္ခပေးတတ်သည့်အကျင့်ရှိသည်။

နောက်ဆုံး အဲ့ဒီမိန်းကလေးက ချစ်သူနဲ့ကွဲ၊ မိသားစုအရှက်ဒုက္ခရောက်ကာ တစ်မြို့တစ်ရွာပြောင်းရွှေ့သွားခံရတဲ့အထိ ..။

"ဒီသူဌေးသား သုံးကောင်တော့ တော်တော်လွန်နေပြီ .."

လို့ ဒေါသတွေထွက် ရှုံ့ချကြပေမယ့် မိဘတွေရဲ့ အရှိန်အဝါတတစ်ချို့နေရာတွေထိ ဖြန့်ကျက်လွှမ်းမိုးထားနိုင်သည်မို့ မကောင်းသောသတင်းဆိုးဆို အပြင်ကိုမပေါက်ကြားနိုင်းဘဲ ပျောက်ကွယ်သွားခဲ့သည်သာ ..။

ထိုသူတို့က အသီးသီးလက်ထပ်ယူလိုက်တာကျတော့ တကယ့်ဒိတ်ဒိတ်ကျဲသူဌေးသမီး ချောမောလှပတဲ့ဆိုသည့် မိန်းမမျိုးတွေဖြစ်လျက်..။

ရည်းစားဆို စီးပြားတောင် မစားခဲ့ဘူးဟါလို့ ပြောရလောက်အောင် သန့်သန့်ခန့်ခန့်လေးတွေဖြစ်နေခဲ့၏။ ဒါက မိဘအားကိုးနဲ့ ခေါင်းညိတ်နာခဲ့တာလည်းမဟုတ်၊ သူတို့လည်း ချစ်ခင်စုံမက်လွန်းလို့မဟုတ်ဘဲ ပွဲတက်မယားအဖြစ် ခန့်အပ်ခြင်းသာဖြစ်သည်ဟု ပြောသံတွေလည်း ထွက်ခဲ့၏။

ထို့ကြောင့် ..၊



"တော်တော် လူရည်လည်တဲ့ကောင်တွေ" လို့ မကျေမနပ် မချိုးမွမ်းဘဲလည်း မနေနိုင်ကြပေ ..။ သူတို့ကိုယ်တိုင် ကိုယ့်ကိုယ်ကိုယ် ယုံကြည်ချက်တွေအပြည့်နှင့် မိန်းမဆိုတာ သူတို့ထင်သလိုကြိုးဆွဲခိုင်းစေအပ်သော အထင်ကြီးဖွယ်မရှိသူများအဖြစ် သတ်မှတ်ချက်တွေလည်း ဖြစ်ခဲ့ကြ၏။

မနု ညာဏ သီဟ တို့၏ ဒီနေ့ထိ လက်တွဲညီညီ ခံယူချက်တွေ တူညီခဲ့ကြသော နေ့ရွဲများစွာအတိုင်း ..။

"ဟား .. ဟား .. ဟား .. မင်းတို့တောင် ရာဇဝင်မပျက်ခဲ့ဘဲနဲ့ ညာဏကျော် က မိန်းမကို ဂရုစိုက်နေရတာယ်ဆိုရင် ငါ့ရာဇဝင်ရိုင်းသွားမှာပေါ့ .."

"ဘာပဲဖြစ်ဖြစ် .. မသိအောင် လျှို့ဝှတ်နေရတာလည်း ကြောက်ရခြင်းတစ်မျိုးပဲ .."

"မဟုတ်ဘူး မနု .. ကိုယ့်အကန့်နဲ့ ကိုယ်ပဲနေချင်လို့ မိန်းမတို ဂရုမစိုက်ပေမယ့် သားသမီးတွေက အရွယ်ရောက်လာပြီလေ .."

"ဒါတော့ ဟုတ်တယ်ကွ .. ငါ့သားနှစ်ယောက်ကလည်း သိပ်မလွယ်ဘူး၊ ဂျင်ပေါက ထုံးဖြစ်မယ့်အခြေရှိတယ် .."

ဇော် က ပြောပြီးရယ်၏။ တစ်ယောက်မှာ သားသမီးနှစ်ယောက်စီရှိကာ ကလေးတွေကလည်း မတိမ်းမယိမ်းလေးတွေပဲဖြစ်သည်။

မိဘဖြစ်နေကြပြီမို့ သားသမီးတွေမျက်နှာကို ဦးစားပေးငဲ့ညှာကြတာရှိခဲ့သော်လည်း ..၊

"အခု ဘုံ က မင်းနဲ့ လိုက်မယ်ပေါ့ .."

"အေး ..."

ကျော်ဇ် မျက်နှာက သဲဘောတွေ လွှတ်ကျနေလျက် ..၊

"ဘုံ က အရမ်းချစ်ဖို့ကောင်းတာကွ .. မင်းရဲ့ ချာတိတ်မလေး မှန်းသိပေမယ့် စည်းမစောင့်ချင်အောင်ပဲ .."

"ဘာကို စည်းစောင့်ရမှာလဲ ငါနဲ့က ပြီးပြီ .."

www.burmeseclassic.com



"ငါနဲ့ကတော့ မပြီးသေးဘူး .."

ဇော့် အသံက အီလည်လည်နိုင်ပေမယ့် မျက်နှာကတော့ ပြုံးနေကာ ..။

"မတွေ့ဖြစ်တော့ပေမယ့် ငါ သူ့ကို သတိရနေတုန်းပဲ၊ မိန်းမဆီ ရောက်သွားတိုင်း သူ့ကိုမြင်လိုက်ရမှ အဓာပြေခဲ့ပေမယ့် ကျော့် လက်ထဲ ရောက်သွားတည်းက မတွေ့ရတော့ ဘာလိုလို .."

"သေလိုက် .."

"ငါ့တူက ငါ့ဒိုင်ယာရီကိုဖတ်ပြီး ဘာပြောလဲသိလား .. အန်ကယ် လေးတို့ သူငယ်ချင်းသုံးယောက်က မုန့်သာဝေမစားကြတာ အချစ်တော့ ဝေမျှ ချစ်နိုင်ကြသားတဲ့ .."

"ဟော့ကောင် .."

ဇော့် စကားကို သူတို့မရယ်နိုင်ဘဲ ကျော့် အသံကလည်း ထိတ်ထိတ် ပျာပျာနှင့် ..။

"မင်း ဒိုင်ယာရီကို ကလေးတွေဖတ်အောင်ထားတယ် ဟုတ်လား၊ မင်းကွာ .."

"ကလေးမဟုတ်ပါဘူးကွ .. ငါ့တူက တက္ကသိုလ်ကျောင်းသား ပါ .."

"ဟော့ကောင် .. ငါပြောတာ အဲ့ဒါမဟုတ်ဘူး၊ ဒိုင်ယာရီဆိုတဲ့ ကိုယ့်အတွက်အရေးကြီးတဲ့ .."

"နေပါ .. ငါ ဒီလောက်တော့ သိပါတယ်၊ အဟွန်း .. ငါ့ရဲ့ ဒိုင်ယာရီ မှာ ယောင်းခဲ့တဲ့ ရင်ခုန်သံတွေ လုံးဝမပါဘူး၊ အသစ်သစ်သော ရင်ခုန်သံ တွေချည်းပဲ .. ဥပမာ ဘို့ ဘယ်လောက်ရင်ခုန်ဖို့ကောင်းလဲဆိုတာတွေ.. အဟွန့် .."

ကျော့် နဲ့ ခနေ ရဲ့ အကြည့်တွေက ဘဝင်မကျသော သံသယအကြည့် တို့နှင့်ရှိနေဆဲဖြစ်ကာ ဇော် က နှစ်ယောက်စလုံးကိုကြည့်၍ ..။

"မယုံကြဘူးလား .. မယုံရင် ငါ့ ဒိုင်ယာရီယူလာပြမယ် .."



ခနေ အရင်မျက်နှာလွှဲကာ ..။

"အပိုတွေပြောမနေနဲ့ .. ဘို့ ဆိုတာကစပြီး ဒိုင်ယာရီထဲကရော ရင်ထဲကရော ထုတ်ပစ်လိုက်တော့ .."

"ဘာ .. ဘယ်လို .."

"ခနေ .."

ကျော့် နဲ့ ဇော် ရဲ့ မျက်နှာတွေက မှုန်ကုတ်ကုတ်တွေဖြစ်သွား ကြလျက် ..။

"မင်းနော် .. မင်း .."

"အေးလေ .. သူတွဲနေတော့ အကောင်း ..."

ခနေ က ကျော့် နဲ့ ဇော့် ကို ခပ်စောင်းစောင်းပြုံးနှင့်ကြည့်ကာ ...

"ငါ တွဲခဲ့တာ ခဏပဲ .."

"မင်းကမင်းပဲလေ .. ဘို့ က ဆွဲဆောင်မှုရှိတယ် .."

"အဲဒါ ဘာဖြစ်လဲ .."

"မင်းပြီးပေမယ့် .. ငါ မပြီးနိုင်လို့ပေါ့ကွ .."

"ဟုတ်တယ် .. ဘို့ က ချစ်ဖို့ကောင်းတယ်၊ သူ့စိတ်ထားလေး ကလည်း ဖြူတယ်၊ ငါတို့ကို တစ်ဆက်တည်းကောင်တွေမှန်း မသိပေမယ့် မင်းတို့နှစ်ယောက်နဲ့ တွဲခဲ့တာ သူ ပြောပြတယ် .."

"သိလို့ပြောတာလည်းဖြစ်နိုင်တာပဲ .."

သုံးယောက်ထဲမှာ ခနေ က စိတ်ဓာတ်အယူအဆအားလုံး သူတို့ထက် ဝိုင်း၍ခာကြောသည်။ ဘို့နဲ့ တွဲခဲ့တာလည်း ခဏပဲဖြစ်ကာ ကျော့် နဲ့ ဇော် တသာ ဘို့ နဲ့ ကျမှ နောက်ဆုတ်ဖို့ကြိုးစားရင်း ရှေ့တိုးနေမိကြတာဖြစ် သည်။

မိန်းမဆိုတာ ယောကျ်ားတွေအတွက် လိုအပ်သောပစ္စည်းတစ်ခု သာဖြစ်သည်ဆိုသော တစ်ညီတစ်ညွတ်တည်းသတ်မှတ်ထားသည့် အမှန် တရားကပဲ မှားယွင်းနေသည်လား ..။

"ခနေ မင်း အတည်ကြီး ကန့်ကွက်နေတာလား .."

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် .."

"ဘာကြောင့်လဲ .."

"ငါတို့က မိန်းမကြောက်နေရတဲ့ကောင်တွေလည်း မဟုတ်ပါဘူးကွာ .. ကိုယ့်ကုသိုလ်နဲ့ကိုယ် စိုပြည်နေတာ ဘာဖြစ်လို့လဲ .."

"ဘာမှမဖြစ်ဘူး .. မိန်းမတစ်ယောက်ရဲ့ အလှအပအောက်မှာ မင်းတို့ ဝပ်စင်းနေကြတာ ကြည့်မကောင်းဘူး .."

"ငါတို့က ဝပ်စင်းခယနေကြတယ်ဆိုရင်တောင် တန်ပါတယ်ကွာ .. ဘုံ က ခုမှ ချာတိတ်လေးပဲရှိသေးတာ .."

"ပြီးတော့ သူ ရင်ဆိုင်ကျော်ဖြတ်ခဲ့ရသမျှ ငါတို့ကို အားလုံးပြောခဲ့တယ်၊ သူ့ဘဝအတွက် အချစ်ထက် အရိပ်ကောင်းတစ်ခုလိုချင်တာတဲ့ .."

ခနေ ခပ်မဲ့မဲ့ကြည့်၍ ...

"ပြောတာပဲလေ .. အဲ့ဒီတော့ ဘာဖြစ်လဲ .. စိန်ပင်ရွှေပင်ကြီး ချတ်ချင်းပေါက်စေဆိုပြီး အရိပ်မိုးပေးချင်လို့လား .."

"ပေးလို့ရရင် ပေးလိုက်ချင်တာ၊ အဟွန်း .. လက်သပ်မွေးထားဖို့ ကောင်းအောင် ချစ်ဖို့ကောင်းတာ .."

"သေချာတယ် .. မင်းတို့ အဲ့လိုဖြစ်အောင် သူ အကွက်ရွှေ့နေတာ .."

"ဟား .. ဟား .. ဟား .."

"အဟွန်း ..."

ကျော် နဲ့ ဇော် တို့က သူ့စကားကို ပြက်လုံးတစ်ခုလို ပခုံးတွေလှုပ်အောင် ရယ်ကြ၏။

"မင်းရဲ့ နှလုံးသား မတုန်လှုပ်တတ်ဘူးဆိုတာ ချီးမွမ်းတယ် ခနေ၊ ဒါပေမယ့် ငါတို့ကတော့ .."

"မင်းတို့ သူ့ကိုထားခဲ့လိုက်တော့ ကျော် .. ငါ အတည်ပြောနေတာ .."



အတည်ဆိုမှ မျက်နှာတွေမှာ ရယ်ရိပ်နှသတ်ကုန်ကြ၏။ ခနေ ကလည်း စားပွဲခုံမှာတည့်တည့်ပြန်ပြင်ထိုင်ကာ ...၊

"ဘုံ က ငါတို့သုံးယောက်စလုံးနဲ့ ငြိနေတာ .."

"ဘာဖြစ်လဲ .. ငါတို့ချင်း ပြဿနာရှိကြတာမှမဟုတ်တာ .."

"ငါတို့ချင်းမရှိပေမယ့် ငါတို့မှာ သူ့စိမ်းဖက်နေပြီ၊ သားသမီးတွေလည်း တဖြည်းဖြည်းငယ်သွားမှာမဟုတ်ဘူး၊ ကြီးပြင်းလာကြတာ .."

"ခနေ ရာ .. ငါ့စာတ်ငါနိုင်ပါတယ် .."

"ဟုတ်တယ် .. ငါ့အတွက်လည်း မပူနဲ့ .."

ဇော် က ဘုံ ရဲ့ ဒုတိယမြောက်လူဖြစ်ခဲ့သည့်အတိုင်း ...၊

"ခုထိ ရင်ထဲမှာ မပြီးသေးပေမယ့် ကျော့် လက်ထဲရောက်သွားတည်းက ငါ့ဘက်မှာတော့ ဘာရှေ့ခ်မှမရှိတော့ဘူး .."

"မဟုတ်ဘူး .. ဒီကိစ္စမျိုးနဲ့လည်း ဂုဏ်သိက္ခာကိုထိခိုက်မခံနိုင်ဘူး .."

ခနေ ကလည်း ဒါဆိုမှ ဒါ ...။

ကျော့် မျက်နှာ ရှုံ့မဲ့နေကာ ပြောချင်ဆိုချင်တာက ဟိုတုန်းက ပျော်ခဲ့ရတာလေးတွေနဲ့ ဒီနေ့ထိ ရှုံးပွဲမရှိ ဗိုလ်စွဲခဲ့တဲ့ သူတို့ရဲ့ အောင်မြင်မှုတွေအကြောင်း ...။

ပြောနေရတာက အပျော်တွေကို ရှေ့ဆက်ခွင့်မရနိုင်သော စိတ်ပျက်ဖွယ်တွေဖြစ်နေရကာ ...၊

"ခနေ ရာ .."

"ခနေ ရာ လုပ်မနေနဲ့ .. မင်းတို့တစ်ယောက်ယောက်ကိုထိရင် ငါလည်း ကျန်ခဲ့မှာမဟုတ်ဘူး .."

"ဘာထိစရာရှိလို့လဲကွ .."

ဘုံ က မျက်နှာကစပြီး ကိုယ်လုံးကိုယ်ထည် အရစ်အမောင်းအထိ ဘာမှ လိုလေသေးမရှိအောင်ပြီးပြည့်စုံသည့် အလှပိုင်ရှင်လေး ...။ ထို့ပြင် အသက်အရွယ်အားဖြင့် ကိုယ့်သမီးလောက်လို့တော့ ပြောလို့ရသေးသည်။

www.burmeseclassic.com

www.burmeseclassic.com



ဒီမိန်းကလေးနဲ့ ပတ်သက်ပြီး နောက်ထပ်နှစ်သက်မြတ်နိုးသူတွေ ပေါ်လာခဲ့ရင် ...၊

"ကိုယ်လည်း စိတ်ကြိုက် သုံးစားပျော်ပါးခဲ့ပြီးပြီ .. မင်းတို့ ဘာဖြစ်နေကြတာလဲ .."

"အဲဒါတော့ မပြောတတ်ဘူး မနု .. ငါ့အိမ်က မျက်နှာကိုမမြင်တော့ဘူး၊ ဘုံ မျက်နှာကိုပဲမြင်နေတာ .."

"ငါကတော့ ဇော် လောက် မဟုတ်ပါဘူး၊ ဒါပေမယ့် .."

"အေး .. မင်းတို့ သဘောပဲ .. တစ်ခုခုပြဿနာရှိလာရင်တော့ မင်းတို့ကို ငါ ခွင့်လွှတ်မှာမဟုတ်ဘူး .. မပြောမရှိနဲ့ .."

အပြီးသတ် ကြိမ်းဝါးပြီး စီးကရက်ကို ထိုးချေပစ်လိုက်သည်။ စိတ်က ညီဖြစ်သူအတွက် တင်းကျပ်နေတာ မပြေသေးပေ။ ထို့ကြောင့် ကျော် တို့ကို နှုတ်ဆက်ပြီး ထထွက်လာခဲ့သည်။

"မနု ..."

ကျော် က ပြေးလိုက်လာကာ ...၊

"မင်းကလည်း ငါ့ပွဲလေးကိုတောင် အချိန်ပြည့်အောင် မနေနိုင်ဘူးကွာ .."

"ငါဘာလုပ်ဖို့မှ စိတ်မပါဘူး .. ပြန်မယ် .."

စကားပြောရင်း ကားဆီတန်းလျှောက်သွားခဲ့သည်။ မှောင်ရိပ်တစ်ဝက်နှင့် ကားပါကင်မှာ အချိန်ကောင်းမို့ ကားတွေများနေသေးသည်။

"အေးပါ .. ငါကလည်း မင်းဆန္ဒမပါဘဲနဲ့ ဖွတ်လုပ်ရမှာမျိုး စိတ်ဝဲစ်ဝက်ပျက်ပါတယ်၊ ဘုံ ကို စင်ကာပူခေါ်သွားဖို့ကိစ္စ မင်းစိတ်တိုင်းမကျဘူးဖြစ်နေတာလား .."

မနု က ကားနားရောက်မှ ပြန်လှည့်ကြည့်ကာ ...၊

"ငါ မြန်မြန်မေးမယ် .. ဘုံ လည်း မိန်းမပဲ ဘာတွေထူးခြားနေလို့လဲ.."

ကျော် က သက်ပြင်းရှည်ကြီးချလိုက်ပြီး ခါးနှစ်ဖက်ထောက်သည်။ ပြီးမှ



"ငါသဘောပေါက်ပြီ .."

"ငါပြောတာ အားလုံးအတွက် .."

"အေးပါ .. ငါ့ထက် ဇော် က ပိုဆိုးတယ်၊ ငါ သူ့ကိုပြောပြပါ့မယ် .."

ဇော် က ဘုံ နဲ့ ကျော်နဲ့ ငြိနေသည့်ကာလမှာပဲ ဆက်သွယ်ဖို့ကြိုးစားနေတာ ကျော် က သိသည်။ ဒါပေမယ့် သူတို့ချင်းချင်း ဘာမှပြဿနာမရှိပေ။

မိန်းမဆိုတာ သာယာမှုတစ်ခုအဖြစ်ကလွဲပြီး ဘယ်သူ့ကိုမှ ရယူပိုင်ဆိုင်လိုစိတ်နဲ့ ပတ်သက်ခဲ့ကြတာမဟုတ် ...။

"ဒါပေမယ့် ငါအခု ညစ်နေတာ မင်းတို့နဲ့ မဆိုင်ဘူး ကျော်၊ ဒီမှာ ဆက်ထိုင်နေလည်း ဘာမှထူးလာမှာမဟုတ်လို့ .."

"ဆောရီးကွာ .. ငါတို့တလည်း ထိုင်မိတာနဲ့ ဘုံ့ အကြောင်းပဲ ပြောနေမိတယ်၊ ဒါပေမယ့် မင်းတို့ကိစ္စကလည်း တကယ့်အကြီးကြီးကွ .. ညီအစ်ကိုချင်းလည်းဖြစ်တော့ .."

"ထားလိုက်ပါ .. ငါပြန်မယ် ..."

"မနု ..."

သူ လှည့်ထွက်မယ်ကြံတိုင်း ကျော် က မပြီးနိုင် ...။

"ငါတို့ကိုသာ တားဆီးပိတ်ပင်နေတယ်၊ အရောင် ကို ဒီတစ်ခါကျပ်ပေးနေတာ မင်းလည်း ကြည့်လုပ်ဦး၊ နှစ်ခါကွဲတဲ့အသည်းက ဒဏ်ရာကြီးတတ်တယ်၊ မင်းနဲ့ အရောင် ကျိုင်တက်ရင် ငါတို့လည်းပါမှာနော်.."

အမှောင်တစ်ခြမ်း အလင်းတစ်ခြမ်းနှင့် မျက်နှာနှစ်ခု အစိမ့်ဘယ်တွေနဲ့ ခဏငြိမ်သွားခဲ့သည်။ ပြီးတော့ နှုတ်မဆက်ကြဘဲ ပြိုင်တူခြေလှမ်းစီ ဆုတ်လိုက်ပြီး ...၊

"ငါ့ကိစ္စအတွက်မပူနဲ့ ဘုံ့ ကို ထားခဲ့တော့မှာ .."

လို့ ကျော် က ပြောပြီး ချာခနဲလှည့်ထွက်သွား၏။ သေဝင်ရှည်ရှည် အရပ်မြင့်မြင့်လေးနှင့် နုသောငယ်သော ဖြူနုသည့် မျက်ရေမျက်နှာလေး

www.burmeseclassic.com

www.burmeseclassic.com



ကို သတိရသွားခဲ့သည်။

သူမနဲ့ အရင်ဆုံးပတ်သတ်ခဲ့မိတာ သူ ...။

ပြီးတော့ ဖော် နဲ့ ဖြစ်ကာ ကျော့် လက်ထဲရောက်တော့ သူမလေးက ပြောသည်တဲ့ ...၊

"အဲ့ဒီယောကျ်ားနှစ်ယောက်နဲ့ပတ်သက်ခဲ့ဖူးတယ်၊ ဒါပေမယ့် ဘုံက ချူတာမဟုတ်ပါဘူး .. လုံခြုံမှုတစ်ခု တကယ်ရချင်ခဲ့တာ၊ သူတို့ကတော့ ဘုံ အလှနဲ့ဘဝကိုရပြီးတာနဲ့ ထားခဲ့ကြတယ် .." တဲ့ ...။

"ဘုံ က လှည့်ပတ်ချူနေတဲ့သူမဟုတ်ပါဘူး၊ သူတို့က ထားခဲ့ကြတာ .." လို့လည်း ပြောခဲ့သေးသည်။

"မင်းနဲ့ ရွယ်တူ ချာတိတ်တွေနဲ့ မရင်းနှီးဖူးဘူးလား .. မင်း ပတ်သက်ခဲ့တာ မင်းနဲ့ ရွယ်တူတွေမှမဟုတ်ဘဲ .."

"ဘုံ က ဘဝအတွက်ပဲ စဉ်းစားခွင့်ရှိတဲ့သူ .." တဲ့ ...။

သူမကိုယ်မှာ အချစ်မဲ့ကိုယ်ဗလာပါလို့ ဖွင့်ပြောပေမယ့် သူမရဲ့ ပြောဆိုဆက်ဆံပုံလေးတွေက ချစ်ဖို့ကောင်းသည်။ စကားပြောနေတိုင်း ဖြူစင်သည့် ကလေးအသံလေးကြောင့် ဟိုလိုဒီလို အထင်မြင်သေးရက်စွယ်လည်းမရှိပေ ...။

ဒါပေမယ့် သူမ ရင်ဆိုင်နေရသည့် ယောကျ်ားသုံးယောက်ဆိုတာလည်း 'အသည်းမပါကိုယ်ဗလာ' နဲ့ပဲဖြစ်နေခဲ့လေရာ ...၊

ဟင်!...၊

ကားတံခါးကိုဖွင့်ဖို့ ကိုင်လိုက်ကာမှ မထိမိခင် လက်ပြန်ရုတ်၍ သေချာကြည့်လိုက်မိသည်။ မှန်ပေါ်မှာ စာတွေရေးထား၏။

အိတ်ထဲက ဖုန်းထုတ်ပြီး မီးဖွင့်ကြည့်လိုက်မှ အပြာဖျော့နှင့် စာလုံးတွေကို မြင်လိုက်ရလျှင် ...၊

'ချစ်တေး ..'

စာလုံးကြီးတွေရေးထားတာ နည်းနည်းနောနောအကြီးကြီးတွေမဟုတ် ...။



"တောက် ..."

သူ ဒေါသထွက်သွားသည်။ ဘေးဘီဝဲယာကိုလှည့်ပတ်ကြည့်ခိုက်ကာ ...၊

'ဒီနာမည်ဘယ်သူရေးသွားတာလဲ' လို့ ရှေ့ရှုတ်ရင်း ခြေထောက်တွေကပါ တောင်လျှောက်မြောက်လျှောက်ယောက်ယက်ခတ်သွား၏။

"ဘယ်ခွေးသူတောင်းစား လက်ကမြင်းတာလဲကွ .."

ဘယ်လိုမှ မျိုသိပ်မနေနိုင်တော့ဘဲဖြစ်ကာ ခါးထောက်ရင်း စိန်ခေါ်ထုတ်မိသည်အထိ ...။

သို့သော် ပတ်ဝန်းကျင်မှာ ကားတွေချည်းရှိလျက် လူသူတစ်စုံတစ်ယောက်မှမရှိဘဲ သူသာ အရူးတစ်ယောက်လို ...။

"တွေ့လို့ကတော့ကွာ .. ဟင်း .."

မကျေမနပ် အံကြိတ်မိရင်း စာတွေကို လက်နဲ့ဖိပွတ်လိုက်လျှင်...၊

"ဟာ .. သွားပြီ .."

နောက်ထပ် သေချာပွတ်ဖျက်ကြည့်တော့ သေချာသွား၏။ စာတွေကို အိမ်သုတ်ဆေးတွေနဲ့ ရေးထားတာဖြစ်၏။

မခြောက်တခြောက် ဆေးတွေက လက်ထိပ်တွေမှာ ပျစ်စေးစေး ပါလာကာ အနံ့က ထောင်းထောင်းထနေ၏။ ဒါ ဘယ်လိုလူက လက်စော့သွားတာလဲ ...။

မဟုတ်ဘူး ...၊

တိတ်ဆိတ်ခြောက်ကပ်နေသော ပတ်ဝန်းကျင်ကို လှည့်ပတ်ကြည့်မိရင်း ကမူးရှူးထိုးထဖြစ်ခဲ့သည့် ဒေါသစိတ်တွေက သိပ်သည်းကျစ်ခဲသော အလွှာထုအသွင် ပြောင်းလဲသွားသည်။

ပြီးတော့ တက်ခေါက်ကြိမ်းဝါးသံတွေ ပျောက်ဆုံးသွားပြီး ကားထဲကို တိတ်ဆိတ်စွာ ဝင်ထိုင်လိုက်လျှင် ဒါ ဘာလဲ ...

ရှေ့မှန်ပေါ်မှာ စာကြောင်းကြီးထင်နေတာကို မြင်နေရပါလျက်နဲ့ မယုံနိုင် ...၊

www.burmeseclassic.com

www.burmeseclassic.com



ရေလျှာရိုလျှော့ရဲထိုင်လိုက်သည့် ကိုယ်က မတ်ခနဲဖြစ်သွားသည်။ ကားရှေ့မှာပဲ ကျော် နဲ့ သူ စကားပြောနေကြသေးသည်။ ဒီစာတွေ အစကရှိနေတာဆိုလျှင် ဒီလောက်ပြူးပြဲကြီးစားသည့် စာလုံးတွေကို မမြင်စရာအကြောင်းမရှိ ..။

ကားပေါ်က ချက်ချင်းပြန်ဆင်း၍ ရှေ့ကနေ သွားဖတ်လိုက်မိသည်။

come back to you

ဘယ်သူပြန်လာမှာလဲ ..၊

စဉ်းစားလိုက်တာနှင့် တံခါးပေါ်က နာမည်ဆီ အကြည့်တွေရောက်သွား၏။

ချစ်တေး ..၊

♥♥♥



အခန်း (၅)

"မျက်နှာကြီးက ဘယ်လိုဖြစ်နေတာလဲ အရောင် ရယ် .. ခရီးသွားဖို့ ဖြစ်လာတာ ဘာတတ်နိုင်မှာလဲ .."

"မတတ်နိုင်အောင် ကိုကြီး တမင်လုပ်တာ .."

"အဲ့ဒါလည်း ဘာတတ်နိုင်မှာလဲ အရောင်၊ တစ်ခုခုဆိုရင် ရင်ဆိုင်ဖို့ပဲကြိုးစားမှပေါ့ .. စိတ်ပျက်ညည်းညူနေလို့ ဘာမှဖြစ်လာမှာမဟုတ်ဘူး .."

"ဟွန်း .."

အရောင် က သူမ မျက်နှာလေးကိုကြည့်၍ ခြောက်ကပ်ကပ်ရယ်သည်။ ပြီးတော့ ပြုံးမဲ့မဲ့မျက်နှာကြီးဖြစ်သွားခဲ့ပြီး ..၊

"ကိုယ် ခရီးဝေးထွက်ရတော့မှာမို့လို့ မင်းက ငိုမယ်၊ ကိုယ်က မျက်ရည်တွေသုတ်ပေးပြီးချော့ရမှာလို့ထင်ခဲ့တာ .."

"အရိပ် က အဲ့လိုမိန်းကလေးမျိုးမှမဟုတ်ဘဲ .."

"ဟုတ်လိုက်ရင်လည်း ကောင်းသားကွာ .. ခုတော့ ကိုယ်ကပဲ ပျော့ညံ့တဲ့ကောင် .."

www.burmeseclassic.com



"အရောင်ရယ် .."

အရိပ် က သူ့ရင်ခွင်ထဲတိုးဝင်ပြီး ခါးကိုဖွဖွလေးဖက်သည်။ ကျော ထယ်လောက်သာသာ နိုပြာရောင်လဲ့လဲ့နှင့် ပျော့နွဲ့နေသော စတက်(ပ်) ဆံပင်လေးတွေကို သူ တယုတယပွတ်သပ်ကိုင်တွယ်မိ၏။

ပြီးတော့ သူမ ဆံပင်တွေထဲ လက်ချောင်းတွေထည့်ရင်း မျက်နှာနဲ့ ငုံ့ကပ်ထားမိသည်။ ပြီးတော့ နမ်းရှိုက်မိ၏။ ဆံနွယ်တို့၏ မွှေးပျံ့သော ရနံ့က နှာခေါင်းထဲကနေ တစ်ကိုယ်လုံးထိ ဆွတ်ပျံ့ထုံအီသွားခဲ့သည်။

သူမကို ပွေ့ဖက်လိုက်ရတိုင်း ရှိန်းရှိန်းထဆူပွက်ချင်လာသည့် စိတ်က ရောက်သည့်အရပ်မှာပဲ ပျော်အောင်မနေချင် ..။ ထိုအခါ ...

အနမ်းတို့နှင့်အတူ သူမရဲ့ သေးကျင်နူးညံ့သော ခါးလေးကို တပ်မက် ခြတ်နှိုးခြင်းများနှင့် ထွေးဖက်လိုက်မိလျှင် ထုံးစံအတိုင်း သူမက ထိုလက် တို့ကို ဖယ်ရှားရှောင်ထွက်သွားခဲ့ပြီး ..၊

"အရောင့် ကို လက်ဆောင်ပေးစရာရှိတယ် .."

အရောင် က ခေါင်းခါပြီး သူမကိုပဲ အတင်းပြန်ဆွဲဖက်ထားကာ...

"ကိုယ် အဲ့ဒီလက်ဆောင်တွေမလိုချင်ဘူး .."

ပြောရင်း သူမကိုယ်ကို ပွေ့ပိုက်၍ နမ်းရှိုက်ဖို့ကြိုးစား၏။ အရိပ် က မျက်နှာလွှဲရှောင်နေရင်း သူ့ရင်ခွင်ထဲက ရုန်းထွက်လိုက်ပြီး ..၊

"ဒါက တိုက်ခန်းထဲမှာ အရောင် .. အနေနီးလွန်းရင် မှားကုန်လိမ့် မယ် .."

"ကိုယ် နိုင်ငံခြားမှာအလုပ်သွားလုပ်ရမှာ လပိုင်းလောက်ပဲလား၊ နှစ်နဲ့ချီမလား မပြောနိုင်ဘူးလေ .."

"အဲ့ဒါကြောင့် အရောင် က ဒီလိုသိမ်းပိုက်ခြင်းနဲ့ လက်ဆောင် လိုချင်တာလား .."

"စိတ်ဆန္ဒသက်သက်နဲ့ မဟုတ်ပါဘူး အရိပ် ရယ် .. ကိုယ် အရိပ် ကို စိတ်မချလို့ပါ .."



"မောင့်ကို ပုံအပ်ပြီးမှ အရိပ် က ဒီတိုင်းကျန်နေခဲ့ရင်တော့ စိတ်ချ တယ်လို့ဆိုလိုတာလား .."

"ဟုတ်တယ် .. ကိုယ်တို့ဘဝချင်းပေါင်းစပ်ပြီးပြီဆိုတော့ တစ်ဝက် စိတ်အေးရတာပေါ့ .. ကိုယ်ပြောတာ မှားလို့လား .."

"ဒါဆို အရောင် ထွက်သွားကာမှ အရိပ် က ကိုယ်ဝန်တွေဘာတွေ ရှိနေရင်တော့ .."

"ဟာ .. အဲဒါဆို ကိုယ့်ကို မလက် အကြောင်းကြားမှာပဲ၊ ကိုယ် ချက်ချင်းပြေးလာမှာပေါ့ .. မေးခွန်းတွေမေးမနေပါနဲ့ အရိပ် ရာ၊ ကိုယ် တို့ လက်ထပ်ရအောင်ကွာ .. ရုံးတက်လက်မှတ်ထိုးပြီး ကိုကြီးကို စာရှုပ် ပြမယ် .. ဒီတိုင်းထားခဲ့တာထက် ကိုယ့်ဇနီးအဖြစ်နဲ့ဆိုရင် .."

"ဟင့်အင်း ..."

အရိပ် က ခေါင်းခါလိုက်ရင်း သူ့နဲ့ ခပ်လှမ်းလှမ်းထိလျှောက်ထွက် သွားသည်။ အရောင် ကလည်း ထပ်ချုပ်မကွာ လိုက်ပါသွားလျက် ..၊

"ခေါင်းညိတ်လိုက်ပါ အရိပ် ရယ်၊ ဒီလိုအခွင့်အရေးမျိုးကိုလိုချင် ကြတဲ့ မိန်းကလေးတွေအများကြီးပဲ .. မင်းကျမှ ငြင်းနေတာ ကိုယ် ဘယ်လိုနားလည်ရမှန်းကို မသိတော့ဘူး .."

"အခွင့်အရေးလေးတစ်ခါလောက် အရမ်းလိုချင်ခဲ့တုန်းက လူလိမ် ငိုကြွေးတာတောင် မရခဲ့လို့ အရိပ် ရဲ့ မျက်ရည်တွေ ချောင်းဖြစ်သွား မလားထင်ရဖူးတယ် .."

"အဲ့ဒါတွေပြောမနေနဲ့တော့လေ .. အရိပ် ရဲ့ ဘဝ ဘယ်လောက်ပဲ ဆင်းရဲပင်ပန်းခဲ့ပါစေ ဘာတွေဖြစ်ခဲ့ဖြစ်ခဲ့ ကိုယ် မင်းရဲ့အတိတ်ကို စိတ်မဝင်စားဘူး .."

"အရိပ် ရဲ့ အတိတ်ဖြစ်ဖြစ် ပစ္စုပ္ပန်ကိုဖြစ်ဖြစ် ဘာမှစိတ်မဝင်စား ဘူးဆိုရင် အရောင် က အရိပ် ရဲ့ ဘဝကို ချစ်တာမဟုတ်တော့ဘူးပေါ့.."

"ဟား ..."

www.burmeseclassic.com

www.burmeseclassic.com



တွေကြုံရတဲ့ ခဏလေးမှာ သာယာမှုတွေကို ရှာဖွေခွင့်မရသည့် အဖြစ်ကြောင့် အရောင့် မျက်နှာက မကြည်မလင်နှင့် မပြုံးနိုင်မရယ်နိုင် ...။

"အရိပ် ရယ် ... ကိုယ်ပြောချင်တာက မင်းဘဝရဲ့ ဆိုးရွားမှုမှန်သမျှကို ဘာတွေဖြစ်ခဲ့ဖြစ်ခဲ့ ကိုယ် လက်ခံနိုင်တယ်ဆိုတာကိုပါ ..."

"ရှင်က ထင်နေတာပါ ... အဲဒါ လက်ခံနိုင်တာမဟုတ်ဘူး အရိပ်ရဲ့၊ ရှင် အရိပ် ရဲ့ ဘဝကို မသိချင်တော့တာ ... မကြားရဲတာ ..."

"မဟုတ်ရပါဘူးကွာ ... မင်းနဲ့စကားပြောရင် ကိုယ် ဘာဖြစ်လို့ အမှားတွေချည်းဖြစ်နေမှန်းမသိဘူး၊ ဒါပေမယ့် မင်းကို အရမ်းချစ်တယ် အရိပ်ရယ် ... ကိုယ်မသွားချင်ဘဲသွားရမယ့်ခရီးမှာ မင်းကို ခေါ်သွားရရင် ဖြစ်ဖြစ် ကိုယ်တို့လက်ထပ်ထားခဲ့တာဖြစ်ဖြစ် ..."

"အဲဒါတွေက အရောင် ဖြစ်ချင်တာတွေချည်းပဲလေ ..."

"မင်းက မဖြစ်ချင်ဘူးပေါ့ ..."

"ဟုတ်တယ် ..."

ကိုယ့်ကို ပွေ့ဖက်ဖို့ဟန်တပြင်ပြင်ဖြစ်နေသည့် လက်တွေကို အရိပ် က ဖယ်ချရစ်ရင်း ...၊

"စွဲလမ်းမှုတစ်ခုကို ဆုပ်ကိုင်ပြီး ယောက်ျားတစ်ယောက်အပေါ်မှာ လွှမ်းမိုးဖို့မကြိုးစားချင်ဘူး၊ အထူးသဖြင့် ရှင့်လိုလူဆိုရင် ပိုဆင်ခြင်ရမယ် ... ဘာဖြစ်လို့လဲဆိုတော့ အဲဒီလိုလူတန်းစားတွေမှာ အရိပ် တို့လို မိန်းကလေးတွေကို ပစ်ပေါက်ချိုးနှိမ်ဖို့အတွက် လက်နက်တွေအမျိုးမျိုး ရှိနေလို့ပဲ ..."

ဘဝနဲ့ချီပြီး ခံစားနာကျင်လာခဲ့ရသည့် အရိပ် ရဲ့ ကြေညာခြင်းတွေကို အရောင် က ချိတ်မထားနိုင်ဘဲ မကောင်းသော စကားတွေကိုသာ ကြားနေရခြင်းအတွက် စိတ်ညစ်ညူးလျက် ...၊

"အရိပ် က ကိုယ့်ကိုမယုံတာပဲ ..."



"ကိုယ့်ကံကြမ္မာကို မယုံရဲသေးလို့ပါ ..."

"မင်းလောက် ယုံကြည်ချက်ခိုင်မာတဲ့မိန်းမမျိုး မင်းပဲရှိတာ အရိပ် ရယ် ... တကယ်ဆို ကိုယ် မင်းကိုပေးတဲ့အခွင့်အရေးမျိုးကို တခြားမိန်းကလေးတွေဆိုရင် ..."

"အရိပ် က သူတို့လိုမဟုတ်ဘူးလို့ပြောပြီးပြီ အရောင် ... ဒါကြောင့် အရိပ် ရဲ့ ဘဝအစစ်ကိုလက်ခံတာပဲ အရိပ် လိုချင်တယ်၊ ရှင့်ရဲ့ အုပ်ထိန်းသူအနေနဲ့ သူတို့ငြင်းလို့မရအောင် အရိပ် က အမိဖမ်းအကျွပ်ကိုင်လိုက်တာမျိုး မဖြစ်စေချင်ဘူး၊ အရိပ် ကို နားလည်ပါ ... ဒါကြောင့် လက်ထပ်ဖို့ မပြောပါနဲ့တော့ ..."

"လက်မထပ်ဘဲ ကိုယ့်အိမ်မှာကျန်ခဲ့ရင် မင်း ပိုပြီးအဖြစ်ဆိုးမှာရော တွေးမိရဲ့လား ...၊ ကိုယ့်တစ်မျက်နှာတည်းကို ထောက်ထားပြီး မင်းကို ကြည်ဖြူစွာ လက်ခံထားမယ်ဆိုတာရော အဲဒါ ဘယ်လိုသေချာမှာလဲ၊ ထွက်သွားရမယ့်ကိုယ်က မင်းအတွက် ဘယ်လိုလုပ်ကာကွယ်နိုင်မှာလဲ ..."

"မေးခွန်းတွေ များလှချေလား ..."

အရိပ် က မျက်နှာချင်းဆိုင်လိုက်ပြီး အရောင့် မျက်နှာကို စူးစိုက်ကြည့်သည်။ ပြီးမှ ...၊

"ဒါပေမယ့် အဖြေကိုတစ်ခါတည်းဖြေလိုက်လို့ရတယ်၊ အရိပ် ရဲ့ အနားမှာပဲရှိနေနေ ... အဝေးကပဲဖြစ်ဖြစ် အရိပ် ကို ရှင်မကာကွယ်နိုင်ပါဘူး ..."

အရောင့် မျက်နှာက မတင်းပေမယ့် တည်သွားခဲ့သည်။ အရိပ် ရဲ့ အရိပ်ထင်နေအောင်ကော့နက်ညိုမှောင်နေသော မျက်တောင်ရှည်တွေကို စိုက်ကြည့်နေရင်းမှ တဖြည်းဖြည်းပြေပြစ်သွားခဲ့ပြီး ...၊

"ဟုတ်ပါလိမ့်မယ် ... ဒါပေမယ့် ကိုယ်မင်းနဲ့အတူ အေးအတူပူ အမျှရင်ဆိုင်ရဲတယ်၊ ကိုကြီး ဘယ်လိုပဲရှိရှိ သူ မင်းကိုလက်ခံလာဖို့ ..."

www.burmeseclassic.com

www.burmeseclassic.com



"အရိပ် ကိုယ်တိုင် စမ်းသပ်ချင်လို့ပါ၊ အဲဒါကြောင့် အရောင် ခရီးဖြောင့်ဖြောင့်သွားပြီး စီးပွားရေးကိုပဲ စိတ်နှစ်လုပ်စေချင်တယ်၊ ရှင့်ရဲ့ အရည်အချင်းကြောင့်သာ အရိပ် ကို တောက်ပစေနိုင်မှာ ရှင် သိရဲ့လား.."

ပြောလိုက်ရင်း အရောင့် လက်မောင်းကိုဖက်၍ ပါးလေးနဲ့ ဖိကပ်ထားလိုက်မိသည်။ စိတ်တို့သည် ဘယ်လိုပဲပူတစ်လှည့်အေးတစ်လှည့် တင်းခဲနေပါစေ ..၊

သူမလေးရဲ့ နူးညံ့သော ထိတွေ့မှုလေးတစ်ချက်၊ စကားချိုချိုလေး တစ်ခွန်းမှာပဲ အားလုံးက ပုံမှန်လည်ပတ်ခြင်းသို့ရောက်ခဲ့ရသည်။

အရောင် သက်ပြင်းရှည်ကြီးတစ်ချက် လေးတွဲ့စွာချမိရင်း .. အရိပ်ရဲ့ ခေါင်းလေးကိုမှ ယုယကြင်နာစွာ ပွတ်သပ်ပေးမိလျက် ..၊

"မင်းကို ကိုယ်ပြောပြချင်တာရှိတယ် .. ဒါပေမယ့် .."

"ဟင် .. ဘာလဲ .. ပြောပြလေ .."

"ကိုယ် ဆယ်တန်းတက်ရမယ့်နှစ်မှာဖြစ်ခဲ့တဲ့ အမှတ်တရလေးပါ .."

"ဘာလဲ .. ချစ်သူရှိခဲ့တာလား .."

အရိပ် မျက်နှာလေး မော့လာတော့ သူ ပျာပျာသလဲခေါင်းခါပြလိုက်ရင်း ..၊

"သူငယ်ချင်းပါ .. ဒါပေမယ့် .."

သူ့မှာ ဒါပေမယ့်တွေနဲ့ ဆွံ့အနေခဲ့၏။ တကယ်ကတော့ ချစ်သူပါ။ ဆယ်တန်းတောင်မတက်ရသေးဘဲ ချစ်သူတွေဖြစ်ခဲ့ကြတာဆိုရင် ရှက်စရာကောင်းနေလိမ့်မည်။

ဒါပေမယ့် သူမနဲ့ သူ ချစ်ခဲ့ကြသည်။ သူမအချစ်ကိုရဖို့အတွက် တစာစာတောင်းဆိုခဲ့ရတာလည်းမဟုတ် ..။

သူမတို့ရဲ့ မြို့ကိုအလည်အပတ်သွားကြရင်း သူငယ်ချင်းတွေလို မြန်မြန်ဆန်ဆန်ရင်းနှီးခဲ့ကြပြီး ချစ်တာမေတ္တာတွေပြောဖြစ်ခဲ့ရင်း ..၊



"နင်က ငါ့ကို တကယ်ချစ်တာဟုတ်လို့လား .."

"တကယ်ချစ်တာပေါ့ .. ငါ နင့်ကိုပဲ လက်ထပ်မှာ .."

"နင့်အစ်ကိုက ငါ့ကို မောင်းထုတ်လိုက်တာ ခွေးမောင်းတာကျနေတာပဲ .. သူက သဘောတူမှာမဟုတ်ပါဘူး .."

"ငါတို့က ညီအစ်ကိုနှစ်ယောက်တည်းရှိတာ၊ ကိုကြီးက ငါပြောရင် ရပါတယ် .. ငါ ဆယ်တန်းအောင်တာနဲ့ ပြန်လာခဲ့မယ် .."

သူကိုယ်တိုင် ကတိတွေပေးခဲ့သည်။ ထိုစဉ်တုန်းကတော့ လိမ်ညာလှည့်ဖျားတာတွေကိုလည်း မတတ်ပါ။ ဒါတွေ ကျွမ်းကျင်နှံ့စပ်နေရမယ့် အရွယ်လည်းမဟုတ်သေးပေ ..။

ထို့ပြင် သူမက မျက်တောင်ကော့ကော့ ပါးမို့ရဲရဲလေးတွေရှိကာ မလုံးမချွန်သော မေးဖျားလေးကလည်း ထိကိုင်မိတိုင်း အိစက်နူးညံ့နေတာလေးကို ခံစားမိနေခဲ့သည့်အခါဖြစ် ..။

ထူပြည့်သည့် နှုတ်ခမ်းသားလေးတွေက ဆေးကူဖို့မလိုအောင် ပန်းရင့်ရောင်သမ်းနေသဖြင့် ခြင်လိုက်တည်းက လှလိုက်တာလို့ သူ့နှုတ်မှ ရေရွတ်မိခဲ့တဲ့အထိ ..။

"ဘာလှတာလဲကွ .. ကြေးနီရောင်သမ်းနေတဲ့မျက်နှာနဲ့ အကျီစုတ် ထမီစုတ်နဲ့ မိန်းကလေးကိုလား .."

သူ သဘောကျနေမှန်းသိတည်းက ကိုကြီးက ဝုန်းဒိုင်းကြဲခဲ့သည်။

"အဲ့ဒီအပိုင်းကို လုံးဝမသွားနဲ့ .. ငါလည်း ဒီမြို့ ခြံကိစ္စတွေပြီးအောင် မနေဘူး၊ ဦးတိုးလှိုင် နဲ့ လွှဲခဲ့ပြီးရင်ပြန်မှာ .."

မြို့ကနယ်မြို့လေးတစ်မြို့ဖြစ်သည့်အပြင် သူမက မြို့ရဲ့အစွန်ပိုင်းမှာနေတာဖြစ်သည်။ အမေ မရှိတော့ဘဲ အဖေကလည်း ခြေထောက်တစ်ဖက်က မသန်ပေ ..။

ပန်းပဲလုပ်ငန်းလေးရှိခဲ့ပေမယ့် သူနဲ့ သူမသိတဲ့အချိန်မှာတော့ သူမအဖေက ပရိဘောဂလုပ်ငန်းတွေမှာ ကုလားထိုင်ကြိမ်ကျက်တွေထိုးသည့်



www.burmeseclassic.com

www.burmeseclassic.com



အလုပ်ကို လုပ်နေရသည်။

သူမကျတော့ မြို့ပေါ်မှာရှိသည့် ပွဲရုံငယ်လေးတွေမှာပဲ ပဲရွေးကြက်သွန်ရွေးကျပန်းလုပ်ရ၏။ အလုပ်က အမြဲရှိမနေတတ်သောကြောင့် သားအဖနှစ်ယောက်အတွက် စားဝတ်နေရေးက မပြည့်စုံ ...။

သူမကိုယ်ပေါ်မှာ သစ်လွင်သည့် အဝတ်အစားဆိုတာ ဘယ်အခါမှ မတွေ့ရပေ။ ဒါပေမယ့် သူမက တော်တော်လှနေလေရာ ...၊

"အရောင် ..."

"ဟင် .. အဲ .. ဆောရီး .."

သူ အားနာသလိုရယ်လိုက်မိရင်း ...၊

"ကိုယ် အတွေးလွန်သွားလို့ပါ .."

"ငယ်ငယ်က သူငယ်ချင်းအကြောင်း ဒီလောက် နစ်မျောနေအောင် တွေးမိသွားတာ အံ့ဩစရာပဲနော် .. မညာနဲ့ .. သူငယ်ချင်းမဟုတ်ဘူးဆိုတာ အရိပ် သိနေပြီ .."

"မညာပါဘူး .."

သူ နောက်ထပ်ခေါင်းခါလိုက်မိကာ ...၊

"ချစ်သူအဆင့်မရောက်လိုက်တဲ့နဲ့တောင် အဲ့ဒီမိန်းကလေးကို ကိုကြီးက ရင့်ရင့်သီးသီးခွဲခြားဆက်ဆံခဲ့တာ .."

"ဟုတ်လား .. မိန်းကလေးသူငယ်ချင်းထားတာတောင် အဲ့လောက်ထိ ဖြစ်ခဲ့တာလား .."

တကယ်တော့ နွေဦးမှာ လေရူးထတဲ့အချစ်မျိုးလို့ ပြောရမလား...၊

ခုချိန်မှာ ဘာမှမရှိတော့သည့် ကိုယ့်နှလုံးသားရဲ့ သန့်စင်မှုအတွက် အတိတ်ကဖြစ်ရပ်လေးတစ်ခုကြောင့် အမည်းစက်မတင်စေချင်တော့ပေ ...။

ဒါပေမယ့် ညာလိုက်ရတာကိုတော့ စိတ်သိပ်မလုံ ...။

"ဟုတ်တယ် .. ကိုကြီးရဲ့စိတ်က ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှု



လွန်ကဲလွန်းတဲ့ အတ္တမာနကြောင့် အရမ်းခက်ထန်နေတာ၊ နောက်ဆုံးကျွာ .. သူ့မိန်းမကိုတောင် ဘယ်လိုပြောရမလဲ .."

"မပြောပါနဲ့တော့ အရိပ် နားလည်ပါပြီ .."

"ဒါဆို .. ကိုယ်ပြောသလိုပဲ ကိုယ်တို့လက်ထပ်မယ်လေ၊ ပြီးရင် အရိပ် ဒီအခန်းမှာပဲနေနေ .. ကိုယ်ဝယ်ထားတဲ့တိုက်မှာပဲဖြစ်ဖြစ် .."

"အရိပ် က လက်မှတ်လေးနှစ်ချက်နဲ့ စာချုပ်ကိုကိုင်ပြီး ရှင်ဘုရင် ဘယ်တာကထွက်မလဲလို့ ထိုင်စောင့်နေရမယ်ပေါ့ .."

"အရိပ် ရယ် .."

"ဘာအခက်အခဲတွေရှိရှိ အရောင့် ကိုကြီး ဘယ်သူ့အပေါ်မှာ ဘယ်လိုဆက်ဆံခဲ့တဲ့ ရာဇဝင်တွေရှိနေနေ အရိပ် ကတော့ မူလအစီအစဉ် အတိုင်းပဲသွားမယ် အရောင် .. အဲဒါ အရောင် ပဲ စဉ်းစားပါ .."

"ဘယ်လို ..."

"အရိပ် ကို တကယ်တန်ဖိုးထားပြီး လက်ထပ်ချင်တာဆိုရင် အရောင့် အိမ်မှာ အရိပ် ကျန်နေခွင့်ရအောင်ကြိုးစားပေးပါ .."

"အရိပ် ရယ် .. ကိုကြီးက ကိုယ့်ကိုတောင် ဂျပန်ချက်ချင်းကြီး ကောက်လွှတ်နေတာ .."

"အရိပ် ကလည်း ဒီတိုက်ခန်းကိုပြန်အပ်ပြီးပြီလေ၊ ပြီးတော့ တိုက်ခန်းတွေပြောင်းပြီး တစ်ယောက်တည်းနေရတဲ့ဘဝကို ငြီးငွေ့နေပြီ .."

သူ့ရဲ့ ပခုံးတစ်ခြမ်းမှာ မှီနွဲ့နွဲ့ဝင်လာရင်း ပူဆာသလိုလေးပြောတော့ အရောင့် ကြောက်စိတ်တွေ အနီရောင်တက်လာခဲ့၏။

"နော် .. အရိပ် အဲ့ဒီအိမ်မှာ ကလေးတွေနဲ့ အရောင် ရဲ့ မရီးနဲ့တည့်အောင်နေပါ့မယ်၊ ဘဝတစ်လျှောက်လုံး အထီးကျန်ရုန်းကန်ရှင်သန်ခဲ့ရသမျှ မိသားစုဘဝလေးနဲ့ နေချင်တယ်၊ အဲ့လိုနေရမယ်ဆိုရင် ဘယ်ခြားဘာအခက်အခဲဖြစ်လာလာ အရိပ် ဂရုမစိုက်ဘူး .."

'ကိုယ့်မရီးကတော့ သဘောကောင်းပါတယ်' လို့ပြောလိုက်မိတာ

www.burmeseclassic.com

www.burmeseclassic.com



သူမှားခဲ့ပြီထင်သည်။ အရိပ် အိမ်မှာလိုက်နေချင်တယ်ဆိုတာ တကယ်ပြောနေတာလား၊ လက်တွေ့မှာ တကယ်မဟုတ်ပါဘူးဖြစ်သွားမှာလား..။

ထိုကဲ့သို့ မသေချာမှုများနှင့် ရှိနေခဲ့ခြင်းက ဒီနေ့တော့ သူ ခရီးသွားခါနီးဖြစ်လာပြီမို့ တစ်ခုခုကို ဆုံးဖြတ်လက်ထပ်ကြဖို့ သူ လာခဲ့တာဖြစ်သည်။

တစ်ခုခုဆိုတဲ့အထဲမှာလည်း အရိပ် ဒီလို ကလေးမုန့်ပူဆာမျိုး မရမကဖြစ်လာမည်လို့ မထင်ခဲ့တာလည်းပါ၏။ သူ ဘယ်လိုလုပ်ရမလဲ..။

"ပြန်ပြောဦးလေ အရောင် .. ရှင်ပဲ ကိုကြီးကိုဖွင့်ပြောပြီးပြီဆို .."

"ဟုတ်ပါတယ် .. ဒါပေမယ့် ကိုကြီး ဘယ်လိုမှ လက်ခံမှာမဟုတ်ဘူးဆိုတာ အစတည်းက သေချာပြီးသား .. ခုလည်း လက်မှမခံခဲ့တာ ကိုယ်တို့လက်ထပ်ပြီးမှဆိုရင်တော့ .."

"ဟင့်အင်း .. အရောင် .."

သူ့ဘက်က လက်ထပ်ဖို့ကိုပဲ ဦးတည်နေပေမယ့် အရိပ် ကလည်း ခေါင်းခါနေမြဲ ..၊

နောက်ဆုံး သူပဲ ဆုံးဖြတ်ချက်တစ်ရပ်ကို ခိုင်မာစွာချလိုက်ရလျက်..။

"မင်းကို ကိုယ်ခေါ်သွားမယ် .."



## အခန်း (၆)

"ဘာ .. ခေါ်လာပြီ ဟုတ်လား .."

ဒေါ်သ ငယ်ထိပ်ထိအောင့်တက်သွားသလား မသိ ..။

"တောက် ..."

ဘာမှဆက်မပြောနိုင်တော့အောင်ဖြစ်လျက် ဖုန်းကို ကျိုးကြေမတတ် ဆုပ်ကိုင်ထားရင်း လက်က တွဲလွဲကျသွားခဲ့၏။

"ဟလို .. မောင် .. ဟလို .."

တစ်ဖက်မှာ နားထောင်နေသည့် လက် မျက်နှာလေး ဖျက်ယွင်းနေကာ ခေါ်လို့မရသည့်အဆုံးမှာ ဖုန်းကို နားမလည်စွာ ပြန်ကြည့်မိလျက် ..၊

"ဖုန်းလည်း မချဘဲနဲ့ .."

တိုးတိုးလေးရေရွတ်ရင်း နားမှာပြန်ကပ်လိုက်မိသည်။ ဒါပေမယ့် ဘာမှမပြောတော့သဖြင့် ခဏကြာတော့မှ သူမဘက်က ချလိုက်ရ၏။

ဖုန်းကို ပုခက်ပေါ်မှာ ရှုရှုလေးပြန်ချလိုက်ကာ ဒီဘက်လှည့်လိုက်တော့ အရောင် က စိုးရိမ်နေသည့်မျက်နှာနှင့် ..

www.burmeseclassic.com

www.burmeseclassic.com



"ကိုကြီး စိတ်ဆိုးသွားပြီမို့လား .."

လက်က အခ်င်း လို့ မဖြေသေးဘဲ ပြန်လျှောက်လာသည်။ ဆိုဖာမှာ ဝင်ထိုင်လိုက်ပြီးမှ ..၊

"သူ့စိတ်ကို မင်းလည်းသိနေတာပဲ မောင်လေးရယ်၊ လုပ်ကို လုပ်တော့မှာဆိုရင်တော့ ဘာကိုမှ တွေးကြောက်မနေနဲ့တော့ .."

"ကျွန်တော်က ညနေသွားတော့မှာပါ၊ စိတ်ပူတာက သူ့အတွက်ပဲ .."

"သူကလည်း ရင်ဆိုင်ရဲတယ်လို့ပြောနေတယ်မို့လား .. ဖြစ်လာသမျှအကြောင်း အကောင်းလို့သာမှတ်ထားလိုက်ပေါ့၊ နောက်ပြီး မောင်လေးတို့ လက်ထပ်ထားကြတာမှမဟုတ်တော့ .."

"ကျွန်တော် အဲ့ဒါကိုပဲပြောနေတာ .."

လက်ထပ်ထားတာ မဟုတ်သည့်အတွက် ဒီအိမ်မှာ သင့်မြတ်အောင် မနေနိုင်ရင်သွားပေါ့လို့ စိတ်ဒုံးဒုံးချထားလို့ရသည်။ ဒါပေမယ့် ကိုယ်ကသာ သူမထွက်သွားမှာကို ကြောက်နေရသည်လူမို့ ..၊

"ကျွန်တော်တို့က လက်ထပ်ထားကြတာမဟုတ်ဘူး၊ ကိုကြီးဘက်ကလည်း ဘာမဆိုလုပ်ခွင့်ရှိတယ်၊ သူက သည်းမခံနိုင်ရင်လည်း ဒီကထွက်သွားရုံပဲ၊ သူတို့ပြတ်သားနိုင်ကြသလောက် နစ်နာမှာက ကျွန်တော်.."

"အဲ့ဒီတော့လည်း လက်မှတ်ထိုးပြီးကြပြီလို့ မောင့်ကို ပြောထားလိုက်ပေါ့ .. သူ့ဇယ်မဖြစ်နေပြီဆိုရင် သူ့ဘက်က ဆင်ခြင်ရတော့မှာတွေရှိလာမှာပဲ .."

"သူက အဲ့ဒီလိုညာပြီး ဘာမှမလိုချင်ဘူးတဲ့ မလက် ရာ .. ကျွန်တော် ရူးချင်နေပြီ .."

"ခက်တော့တာပဲ .."

ဘယ်လိုမိန်းကလေးမျိုးလဲလို့ နှုတ်မှရေရွတ်မိတဲ့အထိ နားမလည်နိုင်ခြင်းက ပိုကဲလာခဲ့သည်။ ဒါပေမယ့် စိတ်ညစ်နေသည့်လူကို ပိုညစ်စရာတွေနဲ့ နှိပ်စက်သလိုမဖြစ်စေချင် ..။



"ကဲပါ မောင်လေးရယ် .. မင်း ဒီတိုင်းလုပ်တော့မယ်လို့ ဆုံးဖြတ်ပြီးပြီပဲ၊ မောင့်ကိုလည်း အကြောင်းကြားပြီးပြီ ဘာမှတွေးမနေနဲ့တော့ မောင်လေး လေဆိပ်မဆင်းခင် သူ့ကိုသွားခေါ်လေ .."

"ကိုကြီး ဘယ်အချိန်လောက် ပြန်ရောက်မှာလဲ မလက် .."

"ခါတိုင်းတော့ ပြည်မှာတစ်ညအိပ်ပြီးမှ ပြန်တာလေ .."

ဒီတစ်ခေါက်ကတော့ ပြည်မှာမအိပ်ဘဲ ပြန်လာပြီဆိုတာ သေချာနေသဖြင့် ..၊

"မနက်မိုးမလင်းခင်လောက် ရောက်လာမလားပဲ .. ဒီထက်စောရင်စောမယ် .. နောက်ကျမှာမဟုတ်ဘူး .."

"အတော်ပဲပေါ့နော် .. အရောင့် ကိုကြီးမရှိတုန်း ဝင်နေလိုက်ရင် မျက်နှာမှုရသက်သာတာပေါ့၊ သူ ငြင်းလို့လည်းမရတော့ဘူး၊ အရောင့်ချစ်သူကိုတော့ ဂုဏ်ကဆွဲပြီး မြေပြင်ထုတ်ပစ်မှာမဟုတ်ဘူးမို့လားဟင်.." တဲ့ ..။

မလက် ရဲ့ အဖြေကြောင့် အရိပ် ပြောခဲ့တာကိုသတိရလိုက်မိသည်။ ကိုယ့်ချစ်သူပေမယ့် ကိုယ်တောင်နားမလည်နိုင်သေးသည့်အဖြစ်က ထားခဲ့ဖို့ကို ဘယ်လိုမှ စိတ်မချနိုင် ..။

အရိပ် ရဲ့ မာနကိုသူသိသည်။ စိတ်ခေတ်စာရိတ္တခိုင်မာလွန်းသူမို့ စကားပြောတိုင်း အဆင်မပြေဖြစ်ရတာတွေပဲ များခဲ့တာ ..။

ကိုယ်ချည်းပဲ အလျှော့ပေးလိုက်လျောခဲ့ရပေမယ့် နားကြည်းမှု မဖြစ်သည့်အပြင် သူမရဲ့ မာနကိုအထင်ကြီးလေးစားမှုတွေသာဖြစ်ခဲ့ရတာ မနေ့တစ်နေ့ကအထိ ..။

ခုလည်း သူမကို အထင်မသေးရက်ပါ။ ဒါပေမယ့် နားလည်နိုင်ဖို့စားရင်း ရှုပ်ထွေးနေခဲ့သည်။

မာနကြီးသည့် မိန်းကလေးတစ်ယောက်က လက်မထပ်ရသေးတဲ့ ယောကျ်ားလေးတစ်ယောက်အိမ်ပေါ်မှာ လိုက်နေဖို့ဆိုတာ မလွယ်ပေ။ ထို့ပြင် ဒီအိမ်က သူမကို ရှိုက်လှဲစွာကြိုနေသည့်အိမ်လည်းမဟုတ် ..။

www.burmeseclassic.com

www.burmeseclassic.com



"ဟား ..."

စိတ်အိုက်လှအိုက်နှင့် မျက်နှာကို လက်နှစ်ဖက်ထည့်၍ ပွတ်သပ်နေမိ၏။

"ဘာဖြစ်လို့လဲ မောင်လေး .. မင်းအစ်ကိုကို ကြောက်နေတာလား .."

"အဲ့ဒါလည်းပါတယ် .."

မလက် ကိုတော့ ရင်ထဲမှာရှိတဲ့အတိုင်းပြောပြချင်တာမို့ အရိပ်ကို သူ နားမလည်တဲ့အတိုင်းပြောပြလိုက်မိသည်။ လက် က စိတ်ဝင်တစားနားထောင်နေကာ ...၊

"တစ်ချို့က ထူးဆန်းတဲ့အယူအဆတွေရှိတတ်ကြတယ် မောင်လေးရဲ့၊ သူ့စိတ် ရိုးသားလို့သာ မောင်လေး ထောက်ပံ့မယ့်အစီအစဉ်အားလုံးကို ငြင်းခဲ့တာပေါ့၊ သူ ပြောခဲ့တဲ့အတိုင်း မိသားစုဘဝမျိုးကို တောင့်တမက်မောနေတယ်ဆိုတာ ဖြစ်နိုင်တာပဲ ဘာနားမလည်စရာရှိလို့လဲ .."

မလက် ပြောပြောတာကိုကြားလိုက်ရမှ ရင်ထဲမှာအပူတွေသိသာစွာလျော့ကျသွားခဲ့သည်။ သို့သော် ...၊

"တစ်ခုတော့ရှိသေးတယ် .. ချစ်တဲ့စိတ်ကို တိုးပါလျှော့ပါလို့တော့ ပြောလို့မရဘူးပေါ့၊ ဒါပေမယ့် မောင်လေးဘက်ကချည်းပဲ တစ်ဖက်သတ်လိုက်လျောမှုတွေများနေရင်တော့ ထွက်လာတဲ့အဖြေက ဘဲလန့်(စ်)ဖြစ်မှာမဟုတ်ဘူး .."

"ကျွန်တော့်ကို သေချာပြောပြပါလား .."

"သေချာပြောလည်း ဒီလောက်ပဲ အရောင် .. လိုက်လေဝေးလေတဲ့ .. ပြီးတော့ လိုက်ရင်ပြေးတယ်ဆိုတဲ့စကားတွေလည်းရှိတယ်၊ ချစ်တာတော့ချစ်တာပေါ့ .. သိပ်လည်းသိအောင်မပြရဘူး .."

"အဲ့လို ကျွန်တော်နေလို့မရဘူး မလက် .. သူ့ကို နေ့စဉ်မမြင်ရရင် [illegible]ဘူး၊ သူ မျက်နှာညိုနေရင် ဒီတိုင်းဘယ်လိုမှ မထားခဲ့ရက်ဘူး၊ သူ့အတွက် ဘာလုပ်ပေးရပေးရ .."



"တော်ပါပြီ မောင်လေးရယ် .. ဟွန်း .. ဟွန်း .. မလက် သဘောပေါက်သွားပါပြီ၊ မင်းဘက်က အဲ့ဒီလောက်ထိချစ်နေတယ်ဆိုတာကိုလည်း မောင့်ကိုပြောပြပေးမယ်၊ ဒါမှ သူ့ဘက်က ထိန်းထိန်းသိမ်းသိမ်းပြောဆိုသင့်တာတွေကို သတိရမှာ .."

သူ ပြုံးနေလိုက်ရပေမယ့် ကျေနပ်သွားခဲ့တာမဟုတ်ပေ။ သူ့အတွက် ကိုကြီးအစစအရာရာဖြည့်ဆည်းလိုက်လျောပေးခဲ့တာတွေမှာ နှလုံးသားနဲ့ ပတ်သက်သောအကြောင်းအရာတွေမပါခဲ့ပေ။

သူ ဆယ်တန်းအောင်တော့ သီချင်းတစ်ပုဒ်ကို စိတ်ပါလက်ပါဆိုနေခဲ့ဖူးသည်။ ထိုနေ့တုန်းက အမှတ်တရတွေဖြစ်သွားခဲ့တာ ဒီနေ့ထိ သူ မမေ့နိုင် ...။

ဒါပေမယ့် ပျော်ရွှင်စရာအကြောင်းတွေတော့ မဟုတ်ခဲ့ပါ။

"ညီ .. ပေ့ .. အရောင် .. အဲ့ဒီသီချင်း ခု တိတ်စမ်း .."

.. ကြင်နာသူအတွက်ဆို .. မိုးကောင်းကင်ဒူးနဲ့တိုက်မယ် ..

.. ဘဝကိုပေးရင်း ချစ်ရဲတယ် .. ချစ်လှမိုက် ချစ်လို့မိုက်ပုံရယ် ..

.. အမြဲရင်ကော့ ခေါင်းမော့ထားမယ် .. ချစ်သူအတွက် ကိုယ့်ဘဝဖြစ်ခဲ့တယ် ...၊

ကိုကြီး ဒေါသတကြီးအော်လိုက်တာကိုသိလိုက်သည်။ ကိုယ် သီချင်းဆိုနေတာကို ဒီလောက်ဒေါသတကြီးဖြစ်ပြီး အော်လိုက်တာမှန်းတော့ မသိခဲ့ပေ။

.. ကြင်နာသူပြောရင် .. ပြောသမျှအကုန် ခေါင်းညိတ်ခဲ့တယ် ..

.. ချစ်သူသမိုင်းရေးထိုးလောက်တယ် .. ချစ်လှမိုက် ချစ်လို့မိုက်ပါတယ် ..

.. ချစ်သူအတွက်သတ္တိရှိတယ် .. သတ္တိသွေးရဲရဲတောက်ခဲ့တယ် ..

"ဟိတ်ကောင် ..."

သူ့ရှေ့ကို ကိုကြီး ဘွားခနဲရောက်ချလာသည်။ ပြီးတော့ ...၊

"ရဲချင်ဦးကွာ .."

www.burmeseclassic.com

www.burmeseclassic.com



ခွပ်ခနဲ အသံနှင့်အတူ ခေါင်းကြီးတစ်ခုလုံး မီးပွင့်သွား၏။ လက်သီးတစ်ချက်တည်းကြောင့် သတိလစ်မတတ်နာကျင်စွာ ခံစားလိုက်ရတာတောင် ဘာကြောင့်ဆိုတာ သူ မသိသေးပေ ...။

သို့သော် ...၊

"မိုက်ချင်တယ်ပေါ့တ်လား .. အေး .. လူမိုက်ဖြစ်ချင်ရင် မင်းလက်ထဲကို ငါ ဓားတစ်ချောင်းထည့်ပေးမယ်၊ ဒါမှမဟုတ် သေနတ်လိုချင်သလား တစ်လောကလုံးကိုစိန်ခေါ်ပြီး ကြိုက်သလောက်မိုက်ပစ်လိုက် .."

ပြောပြီး သူ့ပါးစပ်တစ်ဖက်ကို လက်ဖျားနဲ့ ခပ်ဆတ်ဆတ်ပုတ်၍...

"ဒါပေမယ့် ချစ်လူမိုက်လုပ်ဖို့တော့ မစဉ်းစားနဲ့၊ အဲဒီဓားက သူများကိုထိုးဖို့မဟုတ်ဘဲ မင်း ရင်ဝကို ငါကိုယ်တိုင်ထိုးမယ့်ဓားဖြစ်သွားလိမ့်မယ် ..." တဲ့ ...။

ပြောနေသည့်အချိန်မှာ ကိုကြီးမျက်လုံးတွေ မီးဝင်းဝင်းတောက်နေတာကို သူ အံ့ဩခဲ့သည်။ အထိုးခံလိုက်ရ၍ နာကျင်သည့်ဒဏ်ရာထက် ကိုကြီးရဲ့ ဒေါသတွေက အံ့ဩဖို့ကောင်းနေခဲ့သည်။

လူမိုက်လုပ်ချင်ရင်တောင် ချစ်လို့မိုက်တဲ့ ချစ်လူမိုက်ဖြစ်ခွင့်မရှိရ ...။

ထို့ပြင် .. သူ တကယ်မမိုက်ရသေးပါဘဲ သီချင်းလေးညည်းလိုက်မိတာ အပြစ်လား ...။

ဒီနေ့ သူ တကယ်ပဲ ချစ်လူမိုက်ဖြစ်သွားပြီဆိုတာ ကိုကြီး သိပြီးရင် ဘာဖြစ်မလဲ ...။

♥♥♥



## အခန်း (၇)

"အရေးမကြီးရင်လည်း ပြောမနေနဲ့တော့ ဖော် .. ငါ ရန်ကုန်ကို ဝင်နေပြီ .."

"ရန်ကုန်ဝင်တာ ဘာဖြစ်လဲကွ .. မင်းကို အဲ့ဒါသတိပေးချင်လို့ပဲ၊ အရောင့် ကို တခြားလွှတ်ထားလိုက်ပြီပဲ၊ ကျန်တာ မင်းကြိုက်သလို စီရင်လို့ရတယ် .. အလကားနေ ဘာဖြစ်လို့ ဒေါသတွေထွက်ပြီး ကိုယ့်ကိုယ်ကိုယ် အသက်တိုအောင်လုပ်နေရတာလဲ .."

ဒေါသနဲ့ပြောနေသလို ကားက ရှင်းပြောင်နေသော လမ်းမကြီးပေါ်မှာ ရိပ်ရိပ်ပါအောင်ပြေးနေ၏။ မနက်ပိုင်းလိုသာ ကားတွေရှုပ်နေရင် မလွယ် ...။

"တောက် .. အဲဒါပဲ .. အရှုးဆိုပြီး အိမ်ဦးချေးတက်ဝန်းတာ၊ အရှု လိုက်ထားခဲ့သမျှ သူ လုပ်နိုင်မယ်ဆိုတာပြပြီး ငါ့ကို စော်ကားသွားတာ.."

"ပြောလေကဲလေပဲ ဓနေ ရာ .. မိန်းမတွေဘယ်လောက်လိုရှုပ်ကြီးတယ်ဆိုတာလည်း သိသားနဲ့၊ အရောင့် ကို ဒီလိုဗိုလ်ဖြစ်အောင် ဟိုမိန်းကလေးက ဘယ်လိုမြူဆွယ် ဖြားယောင်းသွားလဲမှမသိဘဲ .."

မိန်းမနဲ့ပတ်သက်လာလျှင် သူတို့သူငယ်ချင်းသုံးယောက်ရဲ့အမြင်

www.burmeseclassic.com

www.burmeseclassic.com



ဘ တစ်သားတည်းထပ်တူညီခဲ့သည့်အတိုင်း ..။

"မင်း အိမ်ပေါ်မှာကျန်ခဲ့တဲ့ အဲ့ဒီမိန်းမရုပ်လေးကို ကောင်းကောင်း ပညာပေးပြီး ကန်ချပစ်လိုက်၊ လိုအပ်ရင် ငါ့ကိုခေါ် .. ဟိုကောင်မရှိလည်း အင်အားမနည်းစေရဘူး .."

"ဟွန်း .. ငါကလည်း အဲဒါကိုပဲ သေချာဇယားချနေတာပါ၊ တွေ့မယ် .. သင်း .."

"ချသာချ .. လက်မထပ်ရသေးဘဲ သူတောင်လိုက်နေရဲသေးတာ၊ ဟဲ .. ဟဲ .. မင်း.ဒီပညာတွေတတ်ပါတယ် .. ဟုတ်တယ်မို့လား .."

အံကြိတ်ထားသည့် ခပ်ဖိဖိနှုတ်ခမ်းတွေနဲ့ ပြုံးလိုက်တော့ ကောက်ကျစ်သည့်မဲ့ပြုံးတို့ဖြစ်လာခဲ့၏။ ထို့ပြင် ..၊

"မင်းပြောမှပဲ .. ငါ့စိတ်တွေ ဟိုတုန်းကလို ပူနွေးလာတယ် .."

"အဟွန်း .. ဟွန်း .. ဒါပေါ့ကွ .. ကိုယ့်ဒေါသနဲ့ကိုယ် ပိတ်မိပြီး သောကများနေဖို့မလိုပါဘူး၊ ဒီကောင်မလေး အရောင် ဆိုတာ နေခြည်နဲ့ ညီမှန်းသိရက်နဲ့ ဒီလိုလုပ်တာ ကံဆိုးပြီပေါ့၊ ဒေါသရှေ့မထားနဲ့ သူငယ်ချင်း အေးဆေး၊ ရာသီဥတုက အမြဲတမ်း ငါတို့ဘက်မှာ .."

ဇော် က ဖုန်းချသွားသည်။ သူ နားကျပ်တန်းလန်းနဲ့အတိုင်း ကားမောင်းနေရင်း ဒေါသက ခုနကလို ပွက်ပွက်ဆူနေတာ မဟုတ်တော့ဘဲ ရေခဲပြင်ပေါ်က ရေငွေ့တွေကဲ့သို့ ..။

"ဟလို ..."

မကြာမီ ဖုန်းခေါ်သံက ထပ်ဝင်လာသဖြင့် ဖွင့်ပေးလိုက်ကာ ..၊

"ဟလို .. ဇော်လား .. ပြောလေ .."

တစ်ဖက်က အသံသည် လုံးဝတိတ်ဆိတ်နေတာမဟုတ်ဘဲ စကားသံ တစ်ခုမှထွက်မလာခဲ့တာဖြစ်သည်။

"ဟလို .."

သူက ဒေါ်ဒေါ်း ဇော် လို့ပဲထင်ပြီး ပြန်ငုံ့မကြည့်ဘဲ ဒီတိုင်းနားစွဲ့ခေါ်နေမိသည်။



"ဟင့်အင်း .. ဟင့်အင်း .. မလုပ်ပါနဲ့ .. မလုပ်ပါနဲ့ .. မလုပ်ပါနဲ့ ကိုကြီးရယ် .. ကျွန်မ ရှိခိုးတောင်းပန်ပါတယ် .."

"ဘာခုမှ တောင်းပန်ပါတယ်လဲ .. ဒီထိလိုက်လာပြီးမှ .. မင်း .."

"ဟုတ်ပါတယ် .. ကျွန်မ .. ကျွန်မ လိုက်လာတာကလေ .."

"ဝုန်း ..."

"အား ..."

"ဟား .. ဟား .. ဟား .. ချစ်တော့ချစ်စရာလေးကွ .."

"လှပါတယ် မင်းကလည်း .. ကဲပါ မြန်မြန်စစမ်းပါ၊ ဒီမှာ ဗီဒီယို ရက်ကော့ဒ်ယူနေပြီ .."

"မလုပ်ပါနဲ့ .. ကိုကြီး .. ကိုကြီး ကျွန်မကိုကယ်ပါဦး .. ကျွန်မ တောင်းပန်ပါတယ် .."

"လာစမ်းပါ .."

"မကိုင်နဲ့ .. ရှင်တို့လူယုတ်မာတွေ .."

ဒါ .. ဒါ .. ဘာလဲ ..၊

"ကျွိ ..."

ကားက လမ်းမကြီးပေါ်မှာပဲ ပုံပန်းမကျထိုးရပ်သွား၏။ မေ့ ရဲ့ ရင်ခုန်သံတွေ ဗရမ်းဗတာခေါင့်ခါနေလျက် လက်တွေက စကားသံတွေ နားကျပ်ဖြုတ်ဖို့ကိုမရောက်ဘဲ စတီယာရင်မှာပဲ ကတုန်ကယင်ဖိဆုပ်ထားလိုက်မိသည်။

စကားသံတွေက ပီပြင်လာလိုက် ရယ်သံတွေ ဝုန်းဒိုင်းဆူညံသံတွေနဲ့ ရောထွေးဝေးဝါးသွားလိုက် ..၊

"ဟင့်အင်း .. ကယ်ကြပါဦး .. မလုပ်ပါနဲ့ .. အား .."

"ဟား .. ဟား .. ဟား .."

"ဂျိမ်း ..."

တံခါးပိတ်သံနှင့်အတူ ကျန်ရစ်သည့်ရယ်သံတွေထဲမှာ သူ့အသံ..

"ခုလောက်ဆို .. ဒီအကြောင်းတွေကိုများ ပြန်သတိရနေလား

www.burmeseclassic.com

www.burmeseclassic.com



လို့ ..."

ဗီဒီယိုဖွင့်လိုက်သည့်အသံတွေ တိတ်ကျသွားသည့်နောက်မှာ မိန်းကလေးသံကိုကြားလိုက်ရ၏။ သူမရဲ့အသံကို မကျက်မိပေမယ့် ဘယ်သူဆိုတာခံစားမိလိုက်သည်။

ဒါပေမယ့် မဖြစ်နိုင် ...၊

"ဦးနေမနေ ..."

"မင်း ...."

နောက်ထပ် မေးခွန်းထွက်လာဖို့ အသက်နှစ်ရှိက်လောက်သွင်းပြီး နှုတ်ခမ်းဖျားတို့ပေါ်က ချွေးစတို့ကို အရင်ထုတ်ပစ်ရ၏။

"မင်း ဘယ်သူလဲ ..."

"ရှင် ဒါတောင်မသိဘူးလား နေမနေ .. မဖြစ်နိုင်ပါဘူး ရှင် မသိချင်ယောင်ဆောင်နေတာ ..."

"တိ .. တိ ..."

နောက်က Express ကားကြီးနှစ်စီးက ဟွန်းသံပေးပြီး သူ့ကားကို ဖတ်ရှောင်တက်သွား၏။

"ကြည့်ရတာ ရှင် ခုထိ လမ်းမပေါ်မှာပဲရှိနေတဲ့ပုံပဲ၊ ကားလည်း သတိထားမောင်းပါဦး၊ ခြေတုန်လက်တုန်ထဖြစ်ပြီး ကားအက်ဆီးဒန့်နဲ့ သေချင်းဆိုးနဲ့ သေသွားဦးမယ် ..."

"ဟေ့ .. မင်းက ..."

"ကျွန်မက ရှင့်ကိုသေချင်းဆိုးနဲ့ သေစေချင်နေတဲ့သူပဲ၊ ဒါပေမယ့် ဒီတိုင်းသေလို့တော့မရဘူး၊ ကျွန်မကိုယ်တိုင်သတ်မှာ ..."

"တောက် .. ခုပြောစမ်း .. မင်းက ဘယ်သူလဲ ..."

"ချစ်တေး လေ .. ရှင်တို့ယုတ်မာခဲ့တဲ့ တောကြိုအုံကြားက ချစ်တေး..."

နေ မျက်လုံးတွေ မှိတ်ချပစ်လိုက်ရင်း 'မဟုတ်ဘူး' ဆိုသည့်စကားကို တစ်စတ္တန့်မှာ ကြိမ်ရေကိုးဆယ်နှုန်းနှင့် ရေရွတ်နေမိ၏။

"နေမနေ .. ရှင် အသက်ထွက်မသွားသေးဘူးမို့လား .. ချစ်တေး



ဆိုတဲ့ နာမည်ကြားတာနဲ့ ရှင့်အကြောအချဉ်တွေဆိုင်းပြီး ပါးစပ်တောင်ပိတ်သွားတယ်ဆိုတော့ မဆိုးပါဘူး၊ ကျွန်မ စောင့်ခဲ့ရကျိုးနပ်တယ် ..."

မဖြစ်နိုင်ဘူး .. သူမက ချစ်တေး ဘယ်လိုမှ မဖြစ်နိုင်ဘူး ...။

ချစ်တေး ဆိုတဲ့ ကောင်မလေးမှာ ဒီလိုအတတ်တွေမရှိဘူး။ ဒီလိုရယ်ဖို့လည်းမရှိဘူး ...။

"ဟား .. ဟား .. ဟား ..."

သူမ၏ အားရပိုင်နိုင်သောရယ်သံက နားစည်နှစ်ဖက်စလုံးမှာ ဆိုးရွားစွာ ရိုက်ပုတ်နေလေသည်။ ပြီးတော့ ထွက်ပေါ်လာပြန်သည့်စကားသံတွေ ...။

"ဒီနေ့ကစပြီး ကျွန်မရဲ့ ရယ်သံတွေပဲ ရှင်တို့ကြားနေရတော့မယ်၊ ကမ်းကုန်အောင်ယုတ်မာရက်စက်ကြတဲ့ ရှင်တို့သုံးယောက်လေ၊ ဟား.. ဟား .. ဟား .. ရှင်တို့ဘယ်လောက်ရက်စက်နိုင်ပါစေ ရှင်ဘယ်လောက်ပဲ တော်နေနေ ကမ္ဘာကြီးလုံးနေသရွေ့ အလှည့်ဆိုတာ ပြန်ရောက်လာမှာပဲ .. လူယုတ်မာတွေ သေချင်းဆိုးနဲ့ သေပါစေ .. အသက်မထွက်ချင်းနေ့စဉ် သေရခြင်းတွေနဲ့ အဖန်တလဲလဲသေပါစေ .."

ဘယ်လိုအသံကြီးနဲ့ ...၊

သူ နားကျပ်ကိုဆွဲဖြုတ်ပစ်လိုက်ပြီး နံပါတ်ဖွင့်ကြည့်မိ၏။ ဖုန်းထဲမှာ ဘာနံပါတ်မှမပေါ် ...။

"အသေဆိုးနဲ့ သေပါစေ ..."

"နေ့စဉ်အဖန်တလဲလဲသေပါစေ ..."

"လူယုတ်မာတွေ သေချင်းဆိုးနဲ့သေပါစေ .. သေပါစေ .. သေပါစေ"

"ဟာကွာ .."

"ဒုန်း .."

ကြားနေရသည့်ကျိန်ဆိုသံတွေကြောင့် နားကျပ်ကို ဖြုတ်လိုက်တရောက်၏။ နားကျပ်မရှိတော့ဘဲ ကြားနေရသည့်အဖြစ်ကြောင့် ဒေါသက ဝုန်းခနဲခုန်ထသည်။

www.burmeseclassic.com

www.burmeseclassic.com



စတီယာရင်ကို လက်နဲ့ထုပစ်လိုက်ပြီးမှ ခေါင်းနဲ့တိုက်ဆောင့်ချင်စိတ်တွေ ဆက်တိုက်ဖြစ်လာလျှင် …၊

"သေချင်းဆိုးနဲ့ သေပါစေ …"

ဆိုသည့်အသံကြီး ဟိန်းထွက်လာပြန်၏။ နားစည်တွေထဲကို သံချွန်နဲ့ ထိုးစိုက်ပစ်လိုက်ရင်တောင် ဒီအသံကြီးပျောက်ပါ့မလွား … ဗျာများနေသည့်စိတ်နှင့် လက်က ဖုန်းဆီရောက်၏။

"ဟလို … ဟလို …"

"အေး … ငါလေ … ငါထူးနေတာလေ ခနဲ … ဘာလို့အတင်း 'ဟလို' လုပ်နေတာလဲ …"

ဇော် ကို ဖုန်းခေါ်ပြီး ဟိုဘက်က ကိုင်လိုက်လား မကိုင်သေးဘူးလားလည်း သတိမထားမိ …။

"ဇော် …"

"အေး … ဟုတ်တယ် … မင်း ဘာတွေဖြစ်နေတာလဲ … ခုနကတော့ ငါ့ကို မြန်မြန်ဖုန်းချနိုင်းတယ် …"

"ဇော် … ချစ်တေး …"

"ဟမ်း … ဘာပြောလိုက်တာလဲ …"

"ချစ်တေး … ငါ့ကို ဖုန်းဆက်တယ် …"

"ဟာ … ဒီကောင် … လာနောက်နေပြန်ပြီ …"

"ဟိတ်ကောင် … ငါ တကယ်နေပြောနေတာ …"

"ချစ်တေး က ဘယ်ကပေါ်လာတာလဲ … သေရှာတယ် … မင်း တစ်ခန်းလွတ်နေပြီ …"

"တောက် …"

အစတည်းက စိတ်မရှည်တတ်သည့်အကျင့်ကြောင့် ရှင်းပြမနေတော့ဘဲ ချပစ်လိုက်မိသည်။ အစတုန်းက အိမ်ကိုအမြန်ရောက်ချင်ဇောနဲ့ မောင်းလာသည့်ကားက ဦးတည်ချက်မဲ့သွားခဲ့၏။

ကားကိုမောင်းထွက်လာလိုက် … သေချပြီးထိုးရပ်ထားမိလိုက် …။



သူ ဘာဖြစ်သွားတာလဲ … ဒီကောင်မလေးရဲ့ ခြိမ်းခြောက်စကားလောက်ကို ဘာဖြစ်လို့သတ္တိကြောင်နေတာလဲ ဒါ ဖြစ်မှမဖြစ်နိုင်တာပဲ…။

ကိုယ့်စိတ်ကို ပြန်တင်းပြီး ကားမောင်းဖို့ ကြိုးစားပေမယ့် ဒီတစ်ခါ စိတ်သွားရာ ကိုယ်မပါတော့ဘဲ လက်က စတီယာရင်ပေါ်ကနေ မခွာဖြစ်ခဲ့ …။

ဒီကောင်မလေးက တောက အနုပ်စုတ်ဂုတ်စုတ် ဘာအင်အားမှ မရှိပါဘူး။ သူ့အတွက် ပြဿနာရှိလာမှာ မင်းမပူနဲ့ …။ သေးမှာ နေမနေ တစ်ယောက်ထပ်ပေါ်လာပြီး သူ့ကို အပြုံးတို့နှင့်အားပေးနေသည်။

ဟုတ်တယ် … ဒီဗီဒီယိုကို တစ်ယောက်ယောက်ရသွားပြီး ခြိမ်းခြောက်တာ …။

စိတ်ပြေရာပြေကြောင်းတွေးယူလိုက်ပေမယ့် ပိုရှုံမျက်လုံးပြူးသွားခဲ့၏။ ဗီဒီယိုထဲမှာ သူတို့ …၊

ရုတ်တရက် ဖုန်းက မြည်လာပြန်သည်။ သူ ကောက်ကြည့်လိုက်တော့ ဇော် …၊

"မနေ … မင်း နားထောင်နေလား … ငါ့ဆီကိုလည်း ဗီဒီယိုရောက်လာတယ်ကွ …"

ဟင်!…

နားကျပ်တန်းလန်းနှင့် သူ ကြက်သေသေသွား၏။

ကျော် ရော …၊

ကျော့် ဆီကို ရောက်သွားပြီလား …၊

လည်းချောင်းထဲမှာ ချက်ချင်းခြောက်သွေ့ကျပ်ခဲလာသည်။ တံတွေးမျိုချရတာတောင် အဆင်မပြေဘဲ အသက်ပြင်းပြင်းရှူနေရ၏။

"မနေ … ဟေ့ကောင် …"

"မင်း ငါ့ကို ခေါ်မနေနဲ့၊ မင်းတို့ ဒါတွေကို ရိုက်ယူထားပြီး ဘာဖြစ်လို့ ထိုယ့်လည်ပင်းကိုကြိုးကွင်းစွပ်မယ့်သဲလွန်စချန်ရတာလဲ … အဲ့ဒီပစ္စည်း ဘယ်သူ့လက်ထဲကနေ ခုန်ထွက်သွားတာလဲ …"

www.burmeseclassic.com

www.burmeseclassic.com



"မြည်းဖြည်းမေးပါကွ .. ငါလည်း ချွေးတောင်ပြန်လာပြီ၊ ဒါနဲ့ ခဏ .. မင်းဆီကို ဖုန်းဆက်တာ အဲ့ဒီကောင်မလေး သေချာလား .."

"မသိဘူး .."

"ဘာတွေပြောသွားလဲ .."

"ငါ့ကိုမမေးနဲ့ .. မင်း ငါမေးတာပဲဖြေ .. အဲ့ဒီ စီဒီယိုကိုအမှတ်တရသိမ်းထားတာ ဘယ်သူလဲ .."

"ငါပဲ .. ဒါပေမယ့် .."

"သီဟခော် ..."

ဒေါသဖြစ်လွန်းသဖြင့် စတီယာရင်ကို ထုချလိုက်ရင်း တအားအော်လိုက်မိသည်။

"မင်းကွာ ..."

"ငါ အမှတ်တရသိမ်းထားတာမဟုတ်ဘူးကွ .. မဖျက်မိတာ၊ ဒါပေမယ့် အဲ့ဒီစတစ်ဘယ်ရောက်သွားမှန်း ဘယ်တုန်းတည်းကမရှိတော့တာမှန်း ငါ လုံးဝမသိဘူး .."

"ဒီကိစ္စမျိုးကို ဒီလောက်တောင်ပေါ့ဆရသလား .. မင်း .."

"ဖြစ်မလာသေးဘဲနဲ့ တွေးပူနေတတ်တဲ့အကျင့် ငါတို့မှာရှိခဲ့သလား ခနဲ .. ဒါတွေက ဟိုး လေးငါးခြောက်နှစ်လောက်မှာကျန်ခဲ့တဲ့ကိစ္စတွေ.."

"ဒါကို မင်းမပြောနဲ့ .. ငါတို့လုပ်ခဲ့ကြတာက .. ကျွတ် .. တော်ပြီကွာ .. မပြောချင်တော့ဘူး .. မင်း ကျော် ကို ဖုန်းဆက်လိုက်၊ လူစုံရင် ငါတို့တွေ့မယ် .. ဒါပဲ .."

ဖုန်းချရုံတင်မဟုတ်ဘဲ နားကျပ်ကိုပါဆောင့်ဆွဲဖြုတ်လိုက်မိသည်။ ပြီးတော့ ကျွန်ရှင်မှာပတ်ခနဲမှိုချလိုက်ရင်း ဟိုတုန်းကကိစ္စတစ်ချို့ဆီ အာရုံတွေ ပျံ့လွင့်သွားသည်။

မျက်လုံးတွေ မှိတ်ချလိုက်ပေမယ့် ပြန်ပျောက်မသွားခဲ့ဘဲ ..၊

"ဒီး ..."

လက်အောက်ရောက်နေသည့် ဖုန်းက ခေါ်ဆိုသူရှိနေကြောင်း သတိ



ပေးလာ၏။ သူ ငုံကြည့်လိုက်ပြီးမှ နားကျပ်ပြန်တပ်ပြီးဖွင့်လိုက်သည်။

"ဟလို .. မောင်လားဟင် .. ဖုန်းကိုင်ပြီး ဘာလို့မထူးတာလဲ .."

သူ့မျက်နှာကြီး ညိုမှောင်ရှုံ့တွနေကာ ကားမီးထိုးထားသည့် အလင်းကြောင်းနှစ်ခုဆီ လှမ်းငေးနေခဲ့သည်။

ပတ်ဝန်းကျင်နှင့် လမ်းတစ်လျှောက်မှာ အမှောင်ထုက ကြီးစိုးနေဆဲဖြစ်ကာ ကားမီးရောင်တွေကတော့ သက်ဝင်လှုပ်ရှားနေပြီဖြစ်သည်။

နားကျပ်တပ်ပြီး ပြောသမျှကိုကြားနေရပေမယ့် သူ့စိတ်အစဉ်က အိမ်ပြန်ခြင်းအတွက်မဟုတ်ခဲ့ဘဲ ..။

"ချစ်တေး ..."

နှုတ်မှ ရေရွတ်ရင်းကျိုခနဲအံကြိတ်မိသည်။ အရှေ့ဘက်ဆီမှာ ရောင်နီဖျိုတော့မည်။ သို့သော် ...

သူ့ရဲ့ရှေ့တူရူမှာတော့ ကားမီးနှစ်လုံးမှိတ်ချလိုက်တာနှင့် မှောင်နဲ့မည်းမည်းဖြစ်သွားခဲ့၏။

ထိုအမှောင်ထုကိုပဲ တဖြည်းဖြည်းထင်လင်းလာတဲ့အထိ စူးစိုက်ကြည့်နေခဲ့သည်။ အလင်းရောင်ကိုရှာဖွေမတွေ့သေးဘဲ သူတွေ့လာခဲ့သည်က အတိတ်က ပုံရိပ်တွေပဲဖြစ်လျက် ..။

♥♥♥

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၈)

"ပြီးခဲ့ပြီလား .."

"ပြီးသွားပြီ အစ်ကိုလေး .."

"နောက်ဆက်တွဲပြဿနာရှိလာနိုင်သလား .."

"လုံးဝမရှိဘူး .. ရွာအစွန်မှာ သူတို့တဲလေးတစ်လုံးတည်းရှိတာ တဲထဲမှာ ဘာပစ္စည်းမှလည်းမရှိဘူး၊ ကျွန်တော်တို့ပေးထားခဲ့တဲ့ပိုက်ဆံက သူတို့တဲမျိုးအလုံးသုံးဆယ်လောက်ဆောက်လို့ရတယ်၊ တဲအခွံကိုပဲ ပြောတာမဟုတ်ဘူးနော် .. အထဲမှာရှိတဲ့ ပစ္စည်းအစုတ်အပြတ်တွေ အပါအဝင်ပြောတာ .."

"ငါ အလုပ်ခိုင်းတာအဆင်ပြေတယ်ပေါ့ .."

"သိပ်ပြေတာပေါ့ အစ်ကိုလေးရာ .. သူ့သမီးကိုလုံးဝမလာစေရပါဘူးတဲ့ .."

ကြားရတာ နားထဲမှာ ခါးနေသည်။

ရွာအစွန်မှာ သူတို့တဲလေးတစ်လုံးတည်းရှိသည် တဲ့ ..။

ဖော်ဆိုတာတောင် အများသူငါလို တောသူတောင်သားမဟုတ်ဘဲ ရွာအစွန်အဖျားမှာ တဲထိုးနေရသည့် အဆင့်အတန်း ..။



မအေက ခြေထောက်မသန်တဲ့ ခုက္ခိတ၊ သမီးက ရွာကြီးပေါ်က လယ်ခင်းယာခင်းပိုင်ရှင်တွေဆီမှာ ပဲရွေး နှမ်းရွေးလိုက်နေရသည့် ကူလီ..။

တော အခေါ်ဆိုရင်တော့ စာရင်းငှားဆိုလား ဘာလား ..။

ဒီကောင်မလေးက ရွာလယ်က အဒေါ်မိသားစုအိမ်မှာခိုကပ်နေရ၏။ တစ်နေကုန်ရွာထဲမှာ အလုပ်လုပ်ပြီး ညနေမိုးချုပ်စမှာ ဖအေ့ဆီပြန်ရသည်။ ဘယ်လောက်ဆိုးတဲ့ ဘဝလဲ ..။

"အဲဒီကောင်မလေးက သနားပါတယ် .. အဒေါ်တွေက နှိပ်စက်လိုက်ကြတာမှ နို့ညှစ်ခံရတဲ့နွားဆိုရင်တောင် မြက်ကျွေးဖော်ရသေးတယ်၊ မဝရေစာ တစ်လုပ်တစ်ဆုပ်ကျွေးပြီး မိုးလင်းက မိုးချုပ်အသေခိုင်းတာ.."

အတွေးတွေနဲ့ ရွာလယ်လမ်းကနေ လျှောက်လာရင်း ခြံစည်းရိုးတစ်ခုအနီးက ဖြတ်လာခဲ့စဉ်က အတင်းအဖျင်းစကားသံတွေကိုကြားလိုက်ရသည်။

သူ ခြေလှမ်းတွေ နှေးသွားကာ နားစွင့်လိုက်မိသည်။

"အဲ့ဒီအိမ်မှာ လူတွေများသလောက် အပေါက်အစကလည်းများပေါ့၊ လူဆယ်ယောက်ရှိ ဆယ်ယောက်စလုံးက တစ်ယောက်တစ်မျိုးခိုင်းကြတာ .."

"ဟုတ်ပ .. တကယ့်စာရင်းငှားဆိုရင်လည်း ဘယ်စာရင်းငှားက ထမီကအစ လိုက်လျှော်ပေးမှာတုန်း၊ နောက်ပြီး အိမ်ပေါ်မှာ မူးရူးနေတဲ့ သားမက်တွေက လက်ဆော့ခြေဆော့နဲ့ .."

"ငါ့အထင်တော့ ကောင်မလေးလည်း ဂျိုးကြီး နဲ့ ကင်းမယ်မထင်ပါဘူးနော် .. ဒီငမူးက သူများသားမယားတောင် သိပ်ရှောင်ချင်တာမဟုတ်ဘူး၊ နုနုငယ်ငယ် လတ်လတ်ဆတ်ဆတ်လေးကို အလွတ်ပေးမလား .."

"ဖြစ်နိုင်တယ်တော့ .. ချစ်တေးလေး က အဲ့ဒီလူတွေကိုသိပ်ကြောက်တာ၊ ထိုင်ဆိုထိုင် ထဆိုထပဲ .. စော်ကားခံရရင်လည်း ဘာပြောရဲမှာတုန်း .."

www.burmeseclassic.com

www.burmeseclassic.com



ချစ်တေး …၊

ဒီနာခေည်ကြားလိုက်ရတော့ သေချာသွားသည်။ ဒီကောင်မလေး အကြောင်း ပြောနေကြတာပဲ …။

သူ့ခြေလှမ်းတွေ ရှေ့ဆက်ခဲ့ပေမယ့် စကားသံတွေကို ကြားနေရဆဲပင်…။

"ဆန်စက်ပိုင်ကြီးအိမ်မှာ ချစ်တေး အလုပ်သွားလုပ်ရင် ဂျိုးကြီးက တစ်နေ့နှစ်ခေါက်လောက်သွားသွားကြည့်တာလေ၊ အဲဒါ လူတိုင်းသိတယ် …"

"ဟုတ်တယ် … အစက လိုက်မသွားဖူးဘူး၊ မြို့ကရောက်လာတဲ့ ညီအစ်ကိုနှစ်ယောက်ထဲက အငယ်ကောင်လေးနဲ့ ချစ်တေး က ဘာလိုလို ဖြစ်နေတာကိုး …"

"အဲဒါသိလား … အစားမာန်ခုတ် (စမာန်ခုတ်)တာလေ၊ ငါတော့ သူများဆော်ကားခံနေမယ့်အစား မြို့ကသူဌေးနဲ့ ညားသွားစေချင်တာ…"

"ဟုတ်ပအေ … ချစ်တေး က မင်းကြိုက်စိုးကြိုက်လေးပါ၊ အတည် တကျယူမယ့်သူဌေးတွေပေါ်လာရင် သိပ်ကောင်းမှာပဲ …"

ခြံစည်းရိုးတန်း တစ်တန်းလုံးမှာ ပုဏ္ဏရိပ်ပင်တွေနဲ့ အုပ်ဆိုင်းနေသည်။ ထိုအပင်အုပ်အုပ်တွေက မလွန်ခြောက်ခင် သူ့ခြေလှမ်းတွေက နှေးသွားလိုက် မြန်သွားလိုက် …။

ထိုစဉ် မျက်လုံးက လှုပ်ရှားနေသည့် အရိပ်လေးတစ်ရိပ်ကို သတိထားမိလိုက်သဖြင့် ကြည့်လိုက်လျှင် …၊

ချစ်တေး …၊

သူ့ရှေ့မှာပဲ ခြံဝင်းကြီးတစ်ခုထဲကနေ ထွက်လာတာဖြစ်သည်။ ဒီခြံထဲက မိန်းမတွေ သူမကိုမြင်လိုက်လို့ သူမအကြောင်းတွေကို ပြောဖြစ်ကြတာရှိလိမ့်မည်။

သူ့ခြေလှမ်းတွေကို အေးဆေးပုံစံပြောင်းပစ်လိုက်သည်၊ ထို့ကြောင့် သူမနောက်တစ်အိမ်ထဲထပ်ဝင်သွားတာကို မြင်လိုက်ရကာ …၊

"ရော … ရော … မနက်ဖြန် အလုပ်မရှိတော့ဘူးနော် … ပဲကု အတွက်



နည်းလို့ အလုပ်သမားတွေကို မျှနိုင်းနေရတာ …"

အိမ်မြင့်မြင့်တစ်အိမ်၏ လှေကားခြေရင်းမှာ သူမကို ပိုက်ဆံပေးနေရင်း စကားသံကိုပါ ကြားလိုက်ရ၏။

သူ ထွက်လာခဲ့တာ ဟိုကောင်တွေအလုပ်လုပ်တာသေချာရဲ့လား သိချင်လို့ပါ။ ဒါပေမယ့် ချစ်တေး ရဲ့ဘဝကို စုံစမ်းဖို့ဖြစ်နေခဲ့၏။

သိရသမျှသည် စက်ဆုပ်ရွံရှာဖွယ်တွေသာဖြစ်နေခဲ့လျက် တခြားသူတွေ သနားစရာမိန်းကလေးလို့သတ်မှတ်ပေမယ့် သူ့အတွက်ကတော့ သနားချင်ဖွယ်တစ်စက်မှမရှိသော မုန်းတီးစရာအကောင်းဆုံးမိန်းကလေး…။

ခြေလှမ်းတွေက ပိုမြန်သွားသည်။ သူမထက် ကိုယ်ကဦးပြီး ရှေ့ရောက်နေမှဖြစ်မည်။ ဒီနေရာမှာ ကိုယ့်ကိုတွေ့သွားလျှင် အတင်းလှမ်းခေါ်ပြီး ပရောပရီစကားတွေပြောနေနိုင်၏။

မခေါ်ဘူးတာ ခေါ်ဖူးတာတွေ ဂရုမစိုက်ဘဲ သူဌေးဆိုသည့် အဆင့်အတန်းကိုမက်မောပြီး မျက်နှာပြောင်တိုက်ခေါ်လိမ့်မည်။ သိသိမသိသိ သူများကခေါ်ချင်ချင် မခေါ်ချင်ချင် သိက္ခာဗျာပါဒတွေဘေးချိတ်ပြီး မခေါ်ဘူးမပြောနိုင် …။

"ကိုကြီး …"

ဒါကိုပဲတွေးနေတုန်း ခေါ်သံကြားလိုက်ရ၏။ ခန္ဓာ တစ်ကိုယ်လုံး ရှက်၍ ရွံရှာသော ဒေါသသွေးက ရှိန်းရှိန်းထလာသည်။ ဒီလိုမိန်းကလေးမျိုးနဲ့ စကားရပ်ပြောလိုက်တာနဲ့ ကိုယ့်သိက္ခာသွားပြီ …၊

"ကိုကြီး ခဏ …"

သူမက ခေါ်ပြီးပြေးလိုက်လာပုံပေါ်၏။ သူလည်း အပြေးတစ်ပိုင်းလျှောက်မိကာ ခြံပိုင်းကျယ်ကျယ် လူသွားလူလာရှင်းသော လမ်းကလေးရဲ့ထောင့်မှာ တုံ့ခနဲရပ်ပြီး နောက်ပြန်လှည့်လိုက်၏။

"ဘာလဲ …"

"ဟိုလေ … အဲ့ဒီလမ်းက …"

"တော်စမ်း … အခုရပ် … အဲ့ဒီမှာ ခု ရပ်လိုက် …"

www.burmeseclassic.com

www.burmeseclassic.com



သူမက ဆန်ကောလေးတစ်ချပ်ကို ထောင်လျက်သား ချိုင်းမှာ ညှပ်ထားလျက် နေရာမှာပဲ ရပ်သွားရှာ၏။

"နင်က ငါ့ကိုစကားပြောရအောင် ဘယ်လောက်အဆင့်ရှိလို့လဲ.."

"ရှန်!...."

"ငါ ဒီနားမှာမသွားသေးဘဲ အဲဒီကနေ တစ်လှမ်းမှရှေ့မတိုးနဲ့၊ နောက် ဘယ်မှာတွေ့တွေ့ ငါ့ကိုခေါ်ဖို့မလိုဘူး၊ နင် နောက်ထပ် ငါ့ညီနဲ့ ပတ်သက်ရင်တော့ .. ဟွန်း .."

"ကိုကြီး .. ကျွန်မက .."

"တိတ်စမ်း .."

"အဲ့ဒီတည့်တည့်သွားရင် ချေးကိုက်တဲ့ရှေ့ရောက်သွားမှာစိုးလို့ပါ.."

"အေး .. ကိုက်ပေ့စေ .. နင်နဲ့စကားပြောရတာ ချေးကိုက်ခံရတာ ထက် နာဖို့ကောင်းတယ် .."

ရှိုတောက်နေသည့်မျက်လုံးဝိုင်းလေးတွေက အကြာကြီးငေးကြည့် နေတာတောင် မျက်တောင်မခတ်ဘဲနေနိုင်၏။

ပြီးတော့ သူမရဲ့ အသားအရည်အလှအပတို့ဟာ တောနဲ့မတန် လောက်အောင် အရိုင်းဆန်စွာလှနေတာဖြစ်သည်။

မြို့မှာလို ပြင်ဆင်ခြယ်သမှုတွေနဲ့ဆိုလျှင် သူမရဲ့ စနစ်တကျအလှ တွေ ဘယ်လောက်ထိ အရောင်ထွက်လာမလဲ ..။

သူ ချက်ချင်းမျက်နှာလွှဲပစ်လိုက်သည်။ ဒီကောင်မလေးကို ချေချေ စပ်စပ်ကြည့်လိုက်မိတာ ဒါ ပထမဆုံး ..။

သို့သော် မြင်တာနှင့် နားလည်သွား၏။

မဖြစ်ဘူး ညီဆိုရင် ဒီမျက်နှာမျိုးကိုလှတာလေးပဲမြင်မှာ၊ တန်ဖိုး အဆင့်အတန်းတွေ ဘာမှထည့်တွက်မှာမဟုတ်ဘူး ..။ ညီဖြစ်သူအတွက် စိုးရိမ်မှုတ်က ဒီရေထပ်မြန်ဆန်စွာတက်၏။ ထို့ပြင် ဒီရေလိုပြန်ကျမသွား ခဲ့ဘဲ ..။

"ခု ချက်ချင်းပြန်မယ် .."



"ဟာ .. ကိုကြီး .."

ဖျက်ဆီးပစ်ခဲ့သည့် တဲစုတ်ဆီသွားကြည့်မနေတော့ဘဲ နောက် ကြောင်းပြန်လှည့်လာခဲ့သည်။ သူငယ်ချင်းနဲ့အတူ အေးအေးလူလူလဲလျောင်း ရယ်မောနေသည့် အရောင့် ကို လက်ဆွဲခေါ်ချလာခဲ့ပြီး ..၊

"ငါ မင်းကို ဒီလောက်စုတ်ပြတ်တဲ့ရွာထိ ငါကိုယ်တိုင်လိုက်လည် ပြီး အလိုလိုက်ခဲ့ပြီးပြီ .."

"ဟုတ်တယ်လေ .. ကိုကြီးပဲ အေးဆေးနေမှာဆို ဆယ်တန်းစာ အောင်ဒီထွက်စေရပါ့မယ်လို့လည်း ညီ ကတိပေးထားခဲ့သားနဲ့ .."

"ငါလည်း တည်ခဲ့တယ်လေ၊ ကိုကြီးတို့လာခဲ့တာက မုံရွာကိုပဲ၊ မင်းသူငယ်ချင်းဆီသွားလည်မယ်ဆိုလို့ ဒီထိဆက်လာခဲ့တာ .."

"မဟုတ်ဘူးလေ ကိုကြီး .. ထွက်လာကြတည်းက လမ်းကြောင်း က နှစ်ကြောင်းပါလာတာပါ၊ ကိုကြီးက ဘကြီးရဲ့ကျန်းမာရေးအတွက် ညီက .."

"တော်ပြီ .. အေးဆေးနေလို့မရအောင် မင်းလုပ်ခဲ့တာ၊ ဒီတော့ ကိုကြီးကို ကတိတွေသစ္စာတွေနဲ့ လာမညှိနဲ့ .. မရတော့ဘူး .."

"ကိုကြီး ..."

အရောင့် လက်ကိုဆွဲခေါ်ချလာပြီဆိုတည်းက လုံးဝမလွှတ်တော့ ဘဲ ကားလမ်းထိ ပို့ပေးဖို့ နွားလှည်းခေါ်သည်။ အရောင့် သူငယ်ချင်း နေလင်းအောင်ကို အရောင့် ခရီးဆောင်အိတ်ယူချခဲ့ဖို့ ပြန်လှည့်အော် လိုက်သေးသည်။

ပြီးတော့ အထူးတဆန်း တအံ့တဩရောက်လာပြီး မေးမြန်းသ ကို သူချည်းပဲ ဒိုင်ခံဖြေရင်း ..၊

"ဟုတ်တယ် .. အခုပဲပြန်ဖို့အကြောင်းရှိလာလို့ .."

"ဖြစ်ရတယ်ကွာ .. ငါတို့ကတော့ တို့တောမှာလည်း ရေတံခွန်ရှိ ပါတယ်ဆိုတာ လိုက်ပြပြီး ကြွားမလို့၊ အေးဆေးနေဦးမှာပဲဆိုပြီးတော့.."

"အေးလေဟယ် .. ထမင်းတောင် ဖိတ်မကျွေးလိုက်ရဘူး .."

www.burmeseclassic.com

www.burmeseclassic.com



မြို့က ချည့်သည်တွေရောက်နေသည်ဆိုတည်းက တစ်အိမ်ပြီးတစ်အိမ် ထမင်းစားခေါ်ခဲ့တာ အလှည့်မကျသေးသည့်အိမ်တွေက ပြေးလာပြီး တချစ်တောက်တောက်ပြောကြ၏။

"ဟုတ်ပါတယ် ကိုကြီးကလည်း ကိုကြီး ပြန်ချင်ပြန်လေ၊ အရောင့်ကို ကျွန်တော်တို့ မုံရွာပြန်ပို့ပေးပါ့မယ် .."

"ဘာကွ ..."

ခေါ်သက ဝိုင်းဝန်းနှုတ်ဆက်နေကြသည့်လူတွေကိုလည်း မေ့၏။

"တက် .. လှည်းပေါ်ကို .."

အရောင့် ကို လှည်းပေါ်တွန်းတင်မတတ် ပို့လိုက်သည်။ ပြီးမှ...

"ငါ့ညီကို ထားခဲ့ရမယ်ဟုတ်လား .."

နေလင်းအောင် ရဲ့ မရဲတရဲအပြုံးတွေဟာ မနေ ရဲ့ မီးဝင်းဝင်းတောက်နေသည့် မျက်လုံးတွေကြောင့် ထိတ်ထိတ်ပျာပျာဖြစ်သွားခဲ့၏။

"ကျွန်တော် .. ကျွန်တော်ပြောတာက .."

"မပြောနဲ့ နေလင်း .. သူငယ်ချင်းကောင်းဆိုတာ ပြာပူထဲခုန်ချချင်အောင် တွန်းထိုးပေးရတာမဟုတ်ဘူး .."

နေလင်းအောင် မျက်နှာနားကပ်၍ အံကြိတ်သံနှင့် ပြောလိုက်ရင်း...၊

"ငါ့ညီကို ဒီလိုနေရာမှာထားခဲ့ဖို့စိတ်ကူးဖြစ်လာရင်တော့ ဒီတိုင်းမထားခဲ့ဘူး၊ တစ်ခါတည်း မီးသဂြိုဟ်ပစ်ခဲ့မှာ .."

သူ ဘာပြောလိုက်မှန်းသိသွားကာ နေလင်းအောင် မျက်နှာငံ့ကျသွားသည်။ အရောင့် မျက်နှာလည်း လှည်းပေါ်မှာ ထားစရာမရှိဖြစ်သွားခဲ့လျက် မုံရွာထိ မနေ မျက်နှာကိုတကြည့်ကြည့်နှင့် ...။

မနေ ကလည်း သိသည်။ ဒါပေမယ့် အရောင် စိတ်ပျော့တာကို သိသောကြောင့် အားနည်းချက်နင်းကာ ...

"ဘာလဲ .. တောက အကျုပန်းလေးတို့ နှုတ်မဆက်ခဲ့ရလို့လား.."

"မဟုတ်ပါဘူး .. ကိုကြီး အဲ့ဒါ ဘာပြောလိုက်တာလဲဟင် .."

ဒါကိုပြောချင်လို့ တမင်စလိုက်တာမို့ အရောင် မေးလိုက်တော့



လှလှပပ မဲ့လိုက်ရင်း ...၊

"ချစ်တေး ဆိုတဲ့ ကောင်မလေး .. ဘာလဲ ဘာမှမဆိုင်ပါဘူးပြောမလို့လား .."

အရောင် တစ်ခွန်းမှမဟရဲပေ ...။ ကိုကြီး ဘယ်လိုသိသွားတာလဲ ဆိုသည့်အကြည့်လေးတစ်ချက်ဖြစ်သွားပြီး မျက်လွှာချပစ်၏။

"သူငယ်ချင်းထားတာတောင် မိန်းကလေးတွေ မပါစေနဲ့လို့ မင်းကို ငါ သတိပေးထားခဲ့တယ်၊ ဒါပေမယ့် တောရောက်တာနဲ့ နေလင်း နဲ့ ပတ်သက်သမျှ အထီးအမ အားလုံးနဲ့ မင်း ပရောပရီနေတယ် .."

မနေ က ဘကြီးဖြစ်သူရဲ့ ခြံဝင်းကျယ်ကြီးထဲမှာ ထင်တိုင်းပြောနေရင်း ခပ်ရှိုင်းရှိုင်းတွေပါလာခဲ့၏။

"အားလုံးထဲမှာ အံဆိုးဆုံးမိန်းကလေးနဲ့မှ ရည်းစားဖြစ်ခဲ့တယ်.."

အရောင့် မျက်နှာ ပိုငုံ့သွားသည်။

"တောကိုရောက်သွားတာ ဘယ်နှစ်ရက်ရှိသေးလို့လဲ၊ ဟိုကောင်မလေးကရော မြို့ကသူဌေးသားဆိုပြီး ဘယ်က ဘာကောင်တွေမှန်းမသိဘဲ အမိအရဖမ်းကြိုက်တာပဲ .. ကြိုက်မှာပေါ့ သူ့ဘဝက ဖျက်ပြီးသားကြီးကို .."

"ချစ်တေး က အဲ့လိုမဟုတ်ပါဘူး ကိုကြီးရာ .."

"ဘာလို့မဟုတ်ရမှာလဲ .. မင်းရည်းစားမှီးထားတာတောင် ငါသိနေသေးတာ၊ အဲ့ဒီကောင်မလေး ဂျိုး ဆိုတဲ့ ငမူးကောင်နဲ့ တောင်းဘူးလို့ ငါပြောတာ မင်းမယုံဘူးလား .."

အရောင် ပါးစပ်အဟောင်းသားဖြစ်နေခဲ့သည်။ သူ့အစ်ကိုမှာ အသက်ငွန်ကူညီမယ့် သူငယ်ချင်းတွေရှိသည်။ ဖုန်းတစ်ချက်ဆက်လိုက်တာနဲ့ ကြိမ်စကြာနဲ့ ရိုက်ခေါ်လိုက်သလို ချက်ချင်းရှေ့ရောက်လာကြမည့် တပည့်ထပန်းတွေလည်းရှိ၏။

မနေ့က သူ့တပည့်တွေ ရောက်လာကြတာမြင်တည်းက ထူးဆန်းနေခဲ့ပေမယ့် ...၊

"ငါ အားလုံးစုံစမ်းပြီးပြီ .. ဒီလောက်စုတ်ပြတ်သဝ်နေတဲ့ အခြေမဲ့ -

www.burmeseclassic.com

www.burmeseclassic.com



အနေမဲ့လေးကို မင်း တွဲလိုက်တာ မရှက်ဘူးလား အရောင် ..."

"ညီတို့က ..."

"မင်းကိုမပြောနိုင်ဘူး၊ မေးနေတာလည်း ဖြေဖို့မလိုဘူး၊ ခေါင်းထဲထည့်ပြီး စဉ်းစားဖို့ပဲ .. မင်းကြောင့် ငါတို့မိဘဘိုးဘွားတွေရဲ့ ဂုဏ်သိက္ခာတွေ မြောင်းထဲရောက်ကုန်မှာ မင်း တွေးမိလား ..."

အတိုက်အခံစိတ်မရှိသလောက်နည်းပါးသည့် အရောင် ကို မနှိဆုပစ်လိုက်သည်။

တောမှာ ကိုယ့်တပည့်တွေလွှတ်ပြီး ချစ်တေး တို့ အိမ်ကို စိတ်ကြိုက် ဖျက်ဆီးနိုင်းခဲ့တာတွေ မပါစေရ ..။ ငွေထုပ်ပစ်ချပြီး နောက်ထပ် မပတ်သက်ဖို့ ခြိမ်းခြောက်တားဆီးခဲ့တာတွေလည်း ဘာမှမသိစေခဲ့ဘဲ ..၊

"မနက်ဖြန်ပြန်မယ် .. အခုကစပြီး မပြန်မချင်း အိမ်ပြင်လုံးဝ မထွက်ရဘူး၊ ဖုန်းမကိုင်ရဘူး၊ ဘယ်သူငယ်ချင်းလာလာ ထွက်မတွေ့ရဘူး .. အေး ကိုကြီးမသိဘဲ တစ်ခုခုလုပ်လိုက်ရင်တော့ မင်း မလွယ်ဘူး ညီ .. မပြောမရှိနဲ့ .."

သူ ညီကို အပြတ်အသတ်ကြိမ်းဝါးထားခဲ့သည်။ ဒါပေမယ့် ထိုနေ့က ဈေးနေသည့်မိုးကြောင့် နောက်နေ့မှာ မပြန်ဖြစ်ခဲ့ပေ ..။

ဒီမိုးကြောင့် ဘယ်သူတွေကံဆိုး၍ ကံကောင်းခဲ့တာက ဘယ်သူတွေလဲဆိုတာတော့ ဘယ်သူမှ သိနိုင်မည်မဟုတ်ပေ ..။

ပြောင်းလဲခြင်းအရာရာသည် အမှားမှားအယွင်းယွင်းနှင့် ရှေ့ဆက်ခရီးနှင်နေခဲ့လျက် ..၊

မိုးသက်လေပြင်းကြောင့် ပျက်စီးကြေလွင့်ခဲ့သော အသက် အရှက်ဘဝတို့သည်ကား ..။

♥♥♥



အခန်း (၉)

"ဂျိမ်း ..."

"ဟာ .. တိုက်ပြီ .."

"သေကုန်ပြီဟ .."

နားထဲမှာ ပေါက်ကွဲသံကြီးကိုကြားလိုက်ရသည်နှင့် လူက ဆတ်ခနဲ တုန်ခါသွားသည်။ ပတ်ဝန်းကျင်ကို လှည့်ပတ်ကြည့်လိုက်တော့ မိုးစင်စင်လင်းနေပြီဖြစ်ကာ မိုးတွေသည်းသည်းမည်းမည်းရွာနေ၏။

စိတ်ပင်ပန်းလူပင်ပန်းနှင့် ကျူရှင်မှာ မျက်နှာမော့မှိုရင်း အတိတ်ဆီ ပြန်ရောက်သွားသည့်စိတ်အစဉ်က ခန္ဓာကိုယ်မှာ ပြန်မငြိဘဲ ဘယ်လောက်ကြာအောင် လွင့်မျောသွားခဲ့သည်မသိ ..။

မိုးတွေရွာနေတာလည်း အတိတ်နဲ့ ပစ္စုပ္ပန် မကွဲပြား ..။

ဂျိမ်းခနဲအသံကြီးနှင့် ဆူညံလှုပ်ရှားသွားသည့် ပတ်ဝန်းကျင်ကို မြင်နေရတာလည်း ရုတ်တရက် ကြောင်တောင်တောင် ..။ ထိုစဉ် ဖုန်းလာတာကိုသိလိုက်ကာ ကမန်းကတန်းကောက်ဖွင့်လိုက်လျှင် ..၊

www.burmeseclassic.com

www.burmeseclassic.com



"မောင် ..."

"ဟင် .. အင်း .."

"မောင် အခင်ပြေရဲ့လားဟင် .. မိုးတွေညှို့မည်းနေတာပဲ၊ ဒီအချိန်ထိ ပြန်ရောက်မလာလို့ လက် စိတ်ပူနေတာ .. အခု ဘယ်မှာလဲဟင်.."

"အင်း .. ကိုယ် ရန်ကုန်ပြန်ရောက်နေပြီ .."

"ဟုတ်လား .. မောင် ကားသတိထားမောင်းနော် .. ဒီမိုးတော့ မောင် လွှတ်မှာမဟုတ်ဘူး၊ အိပ်ရေးတွေပျက်ပြီး .."

လက် ပြောနေတာတွေကို သူ မကြားတော့ပေ ..။ နောက်ကြည့်မှန်ထဲကနေ လူအုပ်ကြီးနဲ့ မီးခိုးတွေလွှန့်နေတာကိုမြင်လိုက်ရသဖြင့် သူ ကြားလိုက်သည့် ဂျိမ်းခနဲအသံကို နားလည်သွားသည်။ သူ့အနီးအနားမှာပဲ ကားချင်းတိုက်မိသွားခဲ့တာဖြစ်သည်။

ထို့ကြောင့် ကပျာကယာ နောက်လှည့်ကြည့်မိ၏။ ကားကြီးနဲ့ ကားလေး ကန့်လန့်ဖြတ်တိုက်ထားကာ အတိုက်ခံရသည့်ကားလေးက လမ်းဘေးမှာ ရပ်ထားသည့် လမ်းကြိတ်စက်ကားကြီးနဲ့ ထပ်ညပ်နေ၏။

ဘယ်ကားက ထွက်မှန်းမသိသော မီးခိုးငွေ့တို့နှင့် မိုးစက်တွေ သည်းမည်းနေသည့်ကြားက လူအုပ်စုစုကြောင့် ပေါ်ဝန်းကျင်တစ်ခုလုံးက တော်တော်လေးအကျည်းတန်နေ၏။

သူ့ကိုယ်သူ ဒီလောက်ထိ သတိလက်လွှတ် နစ်မျောသွားခဲ့တာမျိုး မကြုံခဲ့ဖူးသဖြင့် ထိတ်လန့်သွားခဲ့မိသည်။ သူ့အတွေးထဲမှာ နစ်မျောသွားတာလား ..။

တကယ်ကို အိပ်ပျော်သွားခဲ့တာလား ..။

ကိုယ့်ကိုယ်ကိုယ် ဘာဖြစ်သွားမှန်းမသိလိုက်ခြင်းက ပို၍ထိတ်လန့်ဖွယ်ဖြစ်စေခဲ့၏။

ပင့်သက်တချက်ကြီး ရှိုက်သွင်းရင်း ကားပြန်မောင်းခဲ့ပေမယ့် သူ့ကိုယ်



သူ နားမလည်စွာရှိနေဆဲ ..။

ဒီအတိတ်က သူ့ကို ဒီလောက်တောင်ခြောက်လှန့်လာနိုင်မည်လို့ တစ်ခါမှ မတွေးမိခဲ့ပေ ..။ ဘယ်တုန်းကမှ ကိုယ့်ကိုယ်ကိုယ် မှားခဲ့သည်လို့ မထင်ခဲ့ဘဲ ခုမှ ဘာကိုထိတ်လန့်နေရမှာလဲ ..။

ခေါင်းတစ်ချက်ခါပစ်မိကာ အားလုံးကိုဖယ်ထုတ်လိုက်မှ နေသာထိုင်သာရှိခဲ့သည်။

ဘာတွေဖြစ်လာလာ .. ငါ မမှားဘူး ..။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၀)

"နိုးပြီလား မောင် .."

"အင်း .. ဘယ်နှစ်နာရီရှိပြီလဲ .. အရမ်းပင်ပန်းလာတာနဲ့ .."

"နာရီ မေးမနေပါနဲ့ မောင်ရယ်၊ မောင့်မှာ အလုပ်ကိစ္စတွေနဲ့ပဲ အမြဲတမ်းလုံးထွေးနေတာ ခရီးပမ်းလာတာတော့ စိတ်အေးလက်အေး နားလိုက်ပါ .."

"မဖြစ်ဘူး .."

သူ အိပ်ရာထဲက ငေါက်ခနဲထထိုင်လိုက်သည်။ လမ်းခရီးမှာ ကြုံခဲ့ကြားခဲ့သမျှအားလုံးသည် ညှိုကို သတိရလိုက်တာနှင့် ညှိမှလွဲ၍ ဘာမှ မရှိတော့ဘဲဖြစ်လျက် ..၊

"ဟိုကောင်မလေး ဘယ်မှာလဲ .."

"မောင့် ..."

သူ ဖြစ်ပုံက ချက်ချင်းဆွဲထုတ်ပစ်တော့မလိုကြီးမို့ လက် ထိတ်လန့်တကြားဆွဲထားလိုက်ရင်း ..၊

"သူ ရှိပါတယ် .. မောင်နဲ့ တွေ့မှာပါ၊ ကိုယ့်ခယ်မလောင်းဖြစ်နေပြီ မောင်ရယ် .."

"ကိုယ်က ဘာလုပ်မှာမို့လို့လဲ .. ဖယ်စမ်းပါ .."



စိတ်ကြောင့် လူက ငေါက်ခနဲထထွက်လာတာဖြစ်သည်။ သို့သော် အပြင်ထွက်လိုက်တာနှင့် ကျောင်းသွားကြဖို့ထွက်လာကြသည့် သားနဲ့ သမီးကြောင့် ရည်ရွယ်ရာတို့ ဦးတည်ချက်လွဲသွားခဲ့ရလျက် ..၊

"ဒယ်ဒီ ..."

"ဟေး .. သမီးတို့ ကျောင်းသွားကြတော့မလို့လား .."

"ဟုတ် .. ဒက်ဒီ .."

"ဒက်ဒီ ..."

သားငယ်က သူ့လက်ကိုပြေးကိုင်လိုက်ပြီး ..၊

"ဒက်ဒီကို သားမှာလိုက်တဲ့ စက်ရုပ်ပါလာလား ဒက်ဒီ .."

"ပါတာပေါ့သားရဲ့ သား .. ဒက်ဒီက အိမ်ပြန်ခါနီးတိုင်း ဈေးကြီးသုတ်ပျာဖြစ်တတ်လို့ အစောကြီးဝယ်ထားတာ .."

"ဟေး ..."

"ဒက်ဒီ .. မီး အတွက်ရော .."

"သမီးအတွက်လည်းပါတယ် .. မော်ဒယ်ရှိုးပွဲတွေချည်းပါတဲ့ သေချာရှာဝယ်ခဲ့တာ၊ ပြီးတော့ .. သမီးမှာတဲ့ ဘရန်းနဲ့ ကော့စမက်တစ်တွေအားလုံးပါတယ် .."

"ဟီး .. ဟီး .. အဲဒါကြောင့် ဒက်ဒီကိုချစ်တာ .."

သားနဲ့ သမီး တစ်ဖက်တစ်ချက်ကနေ လက်ကိုဆွဲဖက်ထားလိုက်တော့ သူ့စိတ်တွေချမ်းမြေ့သွားသည်။

သို့သော် .. ခဏလေးပဲဖြစ်ကာ ...၊

"သမီးတို့ ညွှန့်သည်နဲ့တွေ့ပြီးပြီလား .."

ညှို ကောင်မလေးကိုသတိရသွားကာ စိုးရိမ်စိတ်ကြောင့် အသံထွက်ရှေ့တိုးလိုက်မိသည်အထိ ..။

"သူ့ရွေး .. ထမင်းပွဲပြင်ထားလိုက်တော့မယ်နော် .."

"ပြင်လိုက်တော့ ဒေါ်ကျော့ .. ညွှန့်သည် .. အဲ .. အရိုင်ကိုလည်း သူ့အခန်းထဲသွားပို့ပေးလိုက်နော် .."

www.burmeseclassic.com

www.burmeseclassic.com



"ဘာကွ ..."

မနေ မျက်နှာတင်းသွားကာ နောက်ကလိုက်ပါလာသည့် လက်ကို လှည့်ကြည့်လိုက်သည်။

"သွားပို့ပေးရအောင် သူက .."

"နေမကောင်းဖြစ်လာလို့ပါ မောင်ရယ် .. မနေ့ညတည်းက ဘာမှ မစားဘဲလှဲနေတာ၊ မနက်လည်း ခဏပဲစကားထွက်ပြောပြီး .."

"လက် ...."

"ဟင် .. မောင် .."

"မင်း သူ့ကို ဘယ်လိုဆက်ဆံနေတာလဲ .."

လက် မျက်နှာလေးပျက်သွားကာ ဒေါ်ကျော့ ကိုကြည့်၍ ...

"ကလေးတွေ ထမင်းဘူးသေချာပြင်ထားရဲ့လား ဒေါ်ကျော့ .."

"ပြင်ပေးထားတယ် မလက်၊ လာ .. ကလေးတို့လာ .. ကလေးတို့ ဘကြီးဖြိုး ကားနားကစောင့်နေပြီ .."

ဒေါ်ကျော့ ကလည်း ပါးနပ်သူမို့ ကလေးတွေကိုခေါ်ထုတ်သွားခဲ့၏။ မနေ ခါးနှစ်ဖက်ထောက်ထားသဖြင့် ဖအေကို နှုတ်ဆက်မလို့မော့ကြည့်ပေမယ့် ကလေးနှစ်ယောက်စလုံး တိတ်ဆိတ်စွာထွက်သွားခဲ့ကြ၏။ ထိုအဖြစ်ကို မနေ ကလည်းသိသည်။

"ငါက ကလေးတွေရှေ့မှာ ဘာစကားဖြစ်ဖြစ်ပြောမယ့် ဖအေမျိုးလို့ မင်းထင်တယ်ပေါ့ .. ဟုတ်လား လက် .."

"မဟုတ်ဘူး မောင် .. မောင့်ကို မထင်ဘူး၊ ဒါပေမယ့် ဒေါ်သဆိုတာ အမှောင်တိုက်ကြီးတစ်ခုပဲ .. ဒေါသကြောင့် ပြောမှားဆိုမှားဖြစ်သွားမှာစိုးလို့ပါ .."

မနေ က ခါးထောက်ထားခြင်းကို ဖြုတ်လိုက်ပြီး လက် ရဲ့ မျက်နှာကို စူးစိုက်ကြည့်၍ ...

"အခု ပြောမှားဆိုမှားဖြစ်လို့ရပြီဆိုတော့ မင်းအရင်ပြော .. ညီ ဘယ်လိုမှာသွားသလဲ .. ဘယ်ကာလထိတာဝန်ယူပေးပါပြောခဲ့သလဲ.."



"မောင် ..."

"ငါမေးတာကိုပဲဖြေ .. ငါ့အိမ်မှာ အိမ်ရှင်ခွင့်မပြုဘဲ လာနေတဲ့ကိစ္စ တို ငါ့ညီမျက်နှာကြောင့် ငဲ့ညှာပေးလိုက်ရတယ်ဆိုတော့ ဧည့်သည် အဖြစ် ဧည့်သည်လိုပဲနေရမယ် ပြီးရင် ပြန်ရမယ် .. ကျန်တာ ဘာမှထပ် မမျှော်လင့်နဲ့ .."

"တိုးတိုးပြောပါ မောင်ရယ် .. မောင့်ကိုတားနေတာ သူ့ကိုမပြော စေချင်တာတစ်ခုကြောင့်မဟုတ်ဘူး၊ မောင့်ရဲ့ ဂုဏ်သိက္ခာထိခိုက်မှာစိုး လို့ပါ .."

"ဘာဂုဏ်သိက္ခာလဲ လက် .. ညီတစ်ယောက်လုံးက ထင်ရာလုပ် လာတည်းက အစ်ကိုကြီးဖြစ်တဲ့ကောင်မှာ ဘာသိက္ခာမှမရှိတော့ဘူး၊ ကိုယ့်အိမ်ပေါ်တက်လာတဲ့ အစွယ်ငေါ်ငေါ်နဲ့ ဘီလူးကို ဝါတော်ရှစ်ဆယ် ရ ဆရာတော်ကြီးတစ်ပါးလို သိက္ခာတော်တွေပြနေရအောင် ငါက အရူး မှ မဟုတ်ဘဲ .."

ပြောလေကဲလေ .. တိုးတိုးပြောဖို့တားလေ ကျယ်လောင်လာလေ။

ထို့ကြောင့် လက် ဘာမှဆက်မပြောရဲတော့အောင်ဖြစ်သွားခဲ့၏။

"အရေးကြီးတာရှိသေးတယ် .. အဲ့ဒီမိန်းကလေးနဲ့ ငါ့သားသမီး တွေ လုံးဝစကားမပြောစေနဲ့ .."

"တစ်အိမ်တည်းနေကြတာတော့ မောင်ရယ် .."

"တစ်အိမ်တည်းပဲနေနေ တစ်ခန်းတည်းပဲနေနေ .. ထမင်းတစ်ဝိုင်း တည်းမစားစေနဲ့ .. စကားလက်ဆုံမကျစေနဲ့၊ ဒီမှာ လက် .. မင်းကို ညီက သူ့ရဲ့အမေလို အစ်မလိုခင်တယ်၊ ဒါကြောင့် အိတ်သွန်ဖာမှောက် တိုင်ပင်တယ်၊ မင်း စကားကိုနားထောင်တယ် .. ညီ ခုလို လုပ်ရဲလာတာ မင်းမှာ တာဝန်မကင်းဘူး .."

ဟင် ...၊

မနေ က တိုက်ရိုက်စွပ်စွဲပြီး မျက်နှာစေ့စေ့ကြည့်၍ မေါ်းဆတ်ခနဲ ညိတ်ကာ ...၊

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် .. သူ့ရင်ထဲမှာဘာရှိတယ် .. သူ ဘာလုပ်တော့မယ်ဆိုတာ ငါ ဘာမှသိခွင့်မရခဲ့ပေမယ့် မှန်းသိတယ် .."

"လက် ကို သူပြောပြတာတွေက .."

"ရေဘူးပေါက်တာလာမပြောနဲ့ ငါပြောနေတာ ရေပါလာတဲ့အကြောင်း .."

"ဒါပေမယ့် .. မောင့်စကားကို .."

"ငါလိုချင်တာ ရေကောင်းရေသန့်ပဲ လက် .. အရောင် အနံ့ အရသာမရှိတဲ့ရေ .."

"အဲဒီရေကို သူလိုချင်သလောက် သူကြိုက်တဲ့ နေရာကခပ်ယူလာတာ ဘာဖြစ်လို့ လက် ရဲ့ တာဝန်ချည်းပဲဖြစ်ရတာလဲ မောင် ..၊ အရောင်က ချိုးမွှေ့ထားလို့ရတဲ့ ကလေးအရွယ်လည်းမဟုတ်ပါဘူး .."

"ငါတို့ညီအစ်ကိုရဲ့ ဘဝကိုက ချိုးမွှေ့ထိန်းကျောင်းခံပြီး ကြီးပြင်းလာခဲ့ကြတာမှမဟုတ်တာ၊ ကလေးဘဝတွေနဲ့ ဒရာမာခင်းနေလည်း လွမ်းစရာမရှိဘူး .."

ဘာပြောပြောမခံဘဲ ရေချိုးခန်းဆီတောက်လျှောက်သွား၏ ။ လက်က တဘက်နဲ့ သူ သုံးနေကျဆပ်ပြာဘူးကို ကမန်းကတန်းယူပြီး အမီလိုက်နေရကာ ..၊

"မောင် မကျေနပ်သေးတာရှိရင် လက် နဲ့ပဲ လင်မယားချင်းပြောလို့ရပါတယ် မောင် .. ထမင်းဝိုင်းမှာတွေ့ကြရင်တော့ သူ့ကို မောင်လေးစားသမှုလေးထားပြီး .."

မနေ က သူမကို ဖျတ်ခနဲလှည့်ကြည့်ပြီး တဘက်နဲ့ ဆပ်ပြာဘူးကိုဆွဲယူလိုက်ကာ ..၊

"ငါ့ကို မင်း သင်ပေးဖို့မလိုဘူး .."

လက် ဘာဖြစ်လို့ ဒီလောက်တောင် ညီ့ ကိစ္စကို အဆင်ပြေစေချင်နေတာလဲ ..။

ရေချိုးခန်းနားရောက်လာကာမှ ပြန်လှည့်ကြည့်မိသေးသည်။ လက်



ကို မတွေ့တော့ ခြေစုံရပ်လိုက်မိရင်း ညီ့ ကိုလည်း စိတ်တိုလက်စနှင့်သတိရမိ၏ ။

ညီနဲ့ပတ်သက်ပြီး သူ ဘာတွေလုပ်ခဲ့သလဲ .. ခုလည်း ဘာတွေထပ်လုပ်ရဖို့ရှိနေသေးလဲ ..။

ကိုယ့်ကိုယ်ကိုယ်ဆိုးတယ်လို့ မထင်သော်ငြား သူများအတွက်တော့ သူ့လုပ်ရပ်က မကောင်းနိုင်ဘူးဆိုတာသိနေသည်။

ဒါပေမယ့် သူ အေးဆေးရပ်ကြည့်နေဖို့တော့ ဘယ်တော့မှစဉ်းစားမှာမဟုတ်ပေ ..။

ညီ့ ကို သူချစ်သည်။ အေးဆေးနူးညံ့တဲ့ ညီ့ စိတ်ရင်းမာတ်ခံကြောင့်ပို၍စိတ်မချနိုင်ပေ ..။

ထို့ပြင် ညီအစ်ကိုနှစ်ယောက်တည်းပိုင်ဆိုင်ခွင့်ရှိထားသည့် အမွေပစ္စည်းတွေက နည်းနည်းနောနောမဟုတ် ..။

'နေအရောင် လအရောင်' ၏ အရှိန်အဝါကြောင့် သူတို့ဆိုရင်အချိန်မရွေးကြည်ဖြူလိုက်လျောဖို့အသင့်ရှိနေကြသည့် မိန်းကလေးတွေကိုလည်း အထင်ကြီးလေးစားမနေနိုင် ..။

ဗွက်နွံသိက္ခာတွေအပြည့်နှင့် မိန်းမတို့ဂုဏ်ကျက်သရေတွေပြနေသည့် မိန်းကလေးတွေကျတော့လည်း တစ်မျိုးထွင်နေတဲ့ မာယာတွေလို့ဝဲမြင်သည်။

သူ့အမြင်တိုင်းမှာ မိန်းမဆိုတာ တန်ဖိုးထားဆက်ဆံသင့်သည့်အလှတစ်ရပ်အဖြစ်ရှိမနေခဲ့တာ အမှန်ပင် ..။ ယောကျ်ားတိုင်းရဲ့ မိန်းမသားတွေအပေါ်အရေးထားဦးစားပေးကြသည့် မူဝါဒကို သူ့ကျမှ ရွှပ်ရွှပ်ချွန်ချွန်ဆန့်ကျင်ရပ်တည်နိုင်သည့်အတွက်လည်း ဂုဏ်ယူနေခဲ့သည်။

ထိုအကြောင်းတရားများနှင့် ပတ်သက်၍ ညီ့ အတွက် ဘာပဲဖြစ်ဖြစ် သူ့ဘက်က ရပ်တည်ကာကွယ်ဖို့အဆင်သင့်ရှိနေရမည်ဆိုသည့်အဖြေသာထွက်ခဲ့ပြီး ..၊

ဟင်!...၊

www.burmeseclassic.com

www.burmeseclassic.com



ရေချိုးခန်းတံခါးကို အမှတ်တမဲ့ တွန်းဖွင့်လိုက်ပြီးမှ အထဲက လူရိပ်ကြောင့် ထိတ်ခနဲဖြစ်သွား၏။ သို့သော် မကြည့်ပေမယ့် မြင်လိုက်မိပြီဖြစ်သည့် မျက်လုံးတွေက ထိုပုံရိပ်မှာပဲ ကပ်ငြိသွားခဲ့ပြီး ...၊

သူမက ဘယ်သူလဲ ...။

ရေချိုးခန်းထဲမှာ လျှပ်စီးလက်သွားတာလား ... သူ့မျက်လုံးတွေမှာပဲ မီးပွင့်သွားခဲ့သလား ...။

ဖြူနုဝင်းထိန်နေသည့် ပခုံးသားနုနု ရွှေရင်မို့မို့နှင့် သူမ၏အလှတရားများက ရုတ်တရက် အရာရာကိုမေ့လျော့ပြီးငေးမောသွားစေခဲ့၏။

အလှဆုံးသည် ဖြာလှဲ့ညိုမှောင်သော မျက်ဝန်းတွေပဲဖြစ်ကာ ရှည်ကော့သော မျက်တောင်နက်တို့က ကဗျာတစ်ပုဒ်ဖြစ်သွားနိုင်လောက်၏။ သူ ငေးမောနေမိဆဲမှာ သူမရဲ့ လေးကိုင်းသဏ္ဌာန်ပုံကျလှပသော နှုတ်ခမ်းသားတို့မှ အပြုံးကြောင့် အသိတရားတို့ ဖျတ်ခနဲဝင်၏။

တန်ဖိုးနည်းအလှတွေ ...၊

ဒီအလှအပတွေနဲ့ ငါ့ညီကို ဆွဲဆောင်ထားတာ ...။

သူမက အရိပ်ယောင်း ဆိုသည့် မိန်းကလေးမှန်းသိလိုက်တာနှင့် ဓနု ရဲ့အကြည့်တွေ အတွေးတွေချက်ချင်းပြောင်းလဲသွားခဲ့လျက် ...၊

"မင်း တံခါးပိတ်ထားဖို့မေ့နေတာလား ... တမင်ဖွင့်ထားတာလား"

သတိလက်လွတ်ကြည့်လိုက်မိသည့် အဖြစ်အတွက် ရှက်ကွယ်ကွယ်သည့် မေးခွန်းမျိုးဖြစ်သွားခဲ့သည်။ သူမကတော့ ကြည့်လဲ့ရီဝေနေသော အပြုံးတို့ဖြစ်တည်ဆဲနှင့် ...။

"ဟုတ်တယ် ... ရှင်က ကျွန်မကိုသိပ်တွေ့ချင်နေတာမို့လား ... တစ်ခန်းဝင်တစ်ခန်းထွက် လိုက်ဖွင့်မနေရအောင်လို့ ..."

ပြောရဲလိုက်တဲ့ မျက်နှာ ...၊

သိက္ခာမဲ့တဲ့ အပြုံးနဲ့ ဒီမိန်းမ ...၊

ဓနု မျက်ဝန်းမှာ ဒေါသအငွေ့မှာ ရဲလာက်လာ၏။ သူမက ခပ်တွေတွေ အပြုံးနှင့်စိုက်ကြည့်ရင်း ...၊



"ရှင်လည်း ကျွန်မကိုမြင်လိုက်တော့ ငေးငိုင်သွားတယ်မလား၊ လအရောင် ဆိုတဲ့ ယောကျ်ား အရိပ်ယောင်း ကို စွဲလမ်းသွားခဲ့တာ အဲ့ဒါ"

"ကောင်းတယ် ... မင်းကစပြောပြီဆိုတော့လည်း ပြောရတာပေါ့၊ ဘယ်လိုလဲ ... ဒီနေရာမှာပဲ ဆက်ပြောလို့ဖြစ်မလား ..."

"သိပ်ရတာပေါ့ ..."

သူမက ကြွကန်သေးကနေ လှလှပပလေးလျှောက်လာသည်။ အဖြူရောင်တဘက်ကို ချိုင်းအောက်ကနေ သိုင်းဖတ်ထားပေမယ့် တကယ့် ဆက်(ဂ်)ဆီ ဒီဇိုင်းလုပ်ထားသဖြင့် မျက်နှာပူဖွယ်ပါ။

ထို့ပြင် သူမကပဲ သတိထားမကြည့်ဘဲ မနေနိုင်အောင် လှနေတာလား ... ရေချိုးခန်းသုံးတဲ့တဘက်တွေကပဲ သူမကိုယ်ပေါ်ကျမှ တိုနေတာလားဆိုတာမသိ ...။

ကိုယ်မှာပတ်ထားသည့်တဘက်က ပေါင်လယ်လောက်ပဲရှိကာ ဖွေးထိန်သွယ်လျသော ခြေတံအစုံက သူမ ကိုယ်ခန္ဓာအလှကို ကောက်ကြောင်းဆွဲပေးထားသလိုပင် ...။

မျက်နှာကြီးတင်းထားသည့်ကြားက မျက်လုံးရောက်သွားမိတာကို ဘယ်လိုသတိနဲ့ ချုပ်ထိန်းဖို့မှ အချိန်မရလိုက်ပေ ...။

သို့သော် လှလိုက်တာကို မခံစားမိဘဲ ဒေါသတွေက ဖြစ်လာခဲ့လျက် ...၊

"မင်းကို ဒီအိမ်မှာ ဧည့်သည်အဖြစ်နဲ့ တစ်ပတ်တိတိနေခွင့်ပြုမယ် ..."

"ဟွန်း ..."

"ငါ့မိသားစုတွေနဲ့ ရောနှောပတ်သက်ဖို့ကြိုးစားရင် ငါကစပြီး ငါ့အိမ်က အလုပ်သမားယောကျ်ားတွေရှိသမျှအပေါ် ပတ်သက်ဖို့ကြိုးစားခဲ့ရင် တစ်ပတ်နေခွင့်က တစ်ရက် တစ်နာရီလည်းဖြစ်သွားနိုင်တယ်..."

"ပြီးတော့ကော ..."

"အရောင့် အုပ်ထိန်းသူဖြစ်တဲ့ ငါက မင်းကို လုံးဝမလိုလားဘူးဆို

www.burmeseclassic.com

www.burmeseclassic.com



တာပဲ ..."

"ပြီးတော့ကော ..."

"ငါပြောခဲ့သမျှကို မင်း လိုက်နာနိုင်ရင်ပြီးပြီ၊ မလိုက်နာရင်တော့ မင်းမျက်နှာပေါ်က အပြုံးတွေ ပျောက်သွားစေမယ့်စကားမျိုး ထပ်ပြောရဖို့ရှိလာမှာပဲ ..."

"ရှင်ပြောလို့ပြီးရင် ကျွန်မအလှည့်ပေါ့ ..."

သူမက တံခါးတစ်ဝက်ဟထားသည့် အတွင်းဘက်ကနေ လက်ပိုက်ပြီး ခပ်နွဲ့နွဲ့ရပ်လိုက်ကာ ဓနံ မျက်နှာကို စေ့စေ့စပ်စပ်ကြည့်၏။ ပြီးမှ...

"ရှင့်ရဲ့ တစ်ချက်လွှတ်အမိန့်တွေက ပြင်းတယ်၊ ဒါပေမယ့် နာခံမယ့်သူမရှိတာ ဘယ်လိုလုပ်မလဲ ..."

သူမကပဲ မေးဖျားလေးပင့်၍ မေးခွန်းပြန်ထုတ်၍ မျက်နှာကိုတင်းပစ်လိုက်ပြီး ...၊

"ရှင် ခွင့်ပြုပြုမပြုပြု ကျွန်မ ရည်ရွယ်ချက်တွေပြီးဆုံးမှပြန်မယ်..."

"ဘာပြောတယ် ..."

"ရှင့်မိသားစု .. ရှင့်အိမ်က ရှိသမျှ အလုပ်သမားယောကျ်ားမိန်းမအားလုံးနဲ့ ရောနှောမယ် .. ရင်းနှီးပတ်သက်မယ် ရှင်ကြိုက်ကြိုက်မကြိုက်ကြိုက် ..."

ပြောပြီး မျက်ခုံးတစ်ဖက်ပင့်၍ စိန်ခေါ်ကြည့်ကြည့်ကာ ...

"ရှင့်လိုလူ လိုလားတာမလိုလားတာကို ဂရုမစိုက်ဘဲလာခဲ့တာဆိုတော့ ဘယ်အချိန်ဘယ်နေရာမှာဖြစ်ဖြစ် ဘာအကြောင်းနဲ့ပဲရင်ဆိုင်ရရင်ဆိုင်ရ ..."

"မင်း ..."

"ရှင် ဘယ်လိုစကားလုံးတွေနဲ့ ပစ်ပေါက်ပါစေ .. ရှင်က တစ်ဆိုရင် ကျွန်မက နှစ် .. ရှင်က ကိုးဆိုရင် ကျွန်မက တစ်ဆယ်ပဲ၊ ရှင့်ထက်နောက်မကျစေရဘူးဆိုတာ ကတိပေးတယ်၊ နောက်ထပ်ရှိသေးတာက ရှင့်ကို ကျွန်မ လုံးဝဂရုမစိုက်ဘူး ..."



"မင်း .. မင်း ဘယ်လိုမိန့်မလဲ .. ဟင် .."

ဒေါသကြောင့် လက်သီးပြင်ရင်း ရှေ့တိုးမလို ခြေလှမ်းပြင်လိုက်မိသည်။ သူမက သူ့လက်သီးဆုပ်နဲ့ ခြေလှမ်းလိုက်တာနဲ့ မျက်တောင်ဖျားလေးတွေ စင်းချကြည့်နေလျက် ...၊

"ဟွန်း .. ဟွန်း .. ဘာလဲ .. လုပ်လေ .. ရှင် အထဲဝင်လာလို့ရပါတယ် .. ကျွန်မတို့ရေချိုးကြတာချင်းအတူတူပဲ၊ အဝတ်ခြေးလဲဖို့တောင် မလိုဘဲနဲ့ .."

"အရိပ်ဟောင်း .."

ဘယ်လိုမှ ချုပ်တီးမရသည့်အဆုံးမှာ တံခါးကိုဆောင့်တွန်းပစ်လိုက်ရင်း ရှေ့တိုးဝင်လိုက်မိ၏။ ထိုအခါ သူမနဲ့ ရင်ဘတ်ချင်းမထိတထိဖြစ်သွားခဲ့သည်။

ထိုအခြေအနေမှာ ဓနံ ကသာ နောက်ပြန်မဆုတ်ခဲ့လျှင် ဘယ်လိုပုံစံဖြစ်သွားမလဲဆိုတာ မသိနိုင် ...။

အရိပ် က ထိတ်လန့်တုန်လှုပ်သွားပုံလည်းမပြ ...။ နည်းနည်းလေးတောင် တွန့်ဆုတ်မသွားခဲ့ဘဲ ...။

"ဘာကို ဒေါသထွက်သွားတာလဲ နေဓနံ .. ရှင့်အတွက် အချိန်အခါကောင်းမဟုတ်သေးလို့လား .."

"ဟော့ .. မင်း ပါးစပ်ကို ပိတ်ထားစမ်း .."

မျက်နှာချင်းထိတော့တော့တင်ငုံ့ကပ်ပြောလိုက်ပြီးမှ ရှုံ့ရှာသလိုနောက်ပြန်ခွာ၍ ...၊

"ငါက အရောင့် အစ်ကို .. မင်းကို အထင်မြင်သေးနေတဲ့လူသူညီနဲ့ ဘယ်တော့မှ သဘောတူမှာမဟုတ်တဲ့ ယောကျ်ား၊ မင်းစကားတွေ မင်းပြောရဲပေမယ့် ငါလိုယောကျ်ားတစ်ယောက်ကရှေ့တောင် နားမထောင်ရဲဘူး .."

"အို .. အိုး .. အထင်ကြီးစရာကြီးပါလား .. သေချာစဉ်းစားပေါ့ဦး ကျွန်မကရော ကျွန်မချစ်တဲ့ ယောကျ်ားက အရောင့်ပဲဆိုတာ မေ့ပါ့လား

www.burmeseclassic.com



ကျွန်မ ချစ်ခဲ့တာ လအရောင် ပဲလေ ..”

အရိပ် မျက်ဝန်းလေးတွေ ပို၍ ဝိုင်းစက်တောက်ပလာခဲ့လျက် ..၊

“ဒါပေမယ့် ကျွန်မက ဘယ်သူ့ချစ်သူဖြစ်ဖြစ် ရှင့်ညီနဲ့ ပတ်သက်နေတဲ့မိန်းကလေးတစ်ယောက်ဖြစ်နေတဲ့အတွက် ရှင် ဒီအခန်းထဲမှာပဲ စော်ကားလိုက်လို့ရတာပဲ ..”

ဟင်!...၊

ခနဲ မျက်လုံးတွေစူးရဲကျဉ်းမြောင်းသွားသည်။ အရိပ် ကို ထွင်းဖောက်မတတ်ကြည့်ရင်း ကြက်သေသေခဲ့၏။

“နေမနဲ .. ဟွန်း .. ‘နေအရောင် လအရောင်’ ရဲ့ အကြီးအကဲ ဗုဒ္ဓိုလ်ကြီး ..”

သူမ မျက်နှာတစ်ပြင်လုံးသည် မဲ့ပြုံးကြောင့် ရေခဲငွေ့တွေထွက်နေသကဲ့သို့ အေးစက်နေခဲ့လျက် ..၊

“ရှင့်လို နာမည်ကျော်ပုဂ္ဂိုလ်ကြီးရဲ့ ညီလေးကို အခြေမဲ့အနေမဲ့ မိန်းမက ဖြားယောင်းနိုင်တယ်၊ ဒီနေရာထိ ရောက်လာတယ် .. အဲဒါရှင့်ကို နည်းနည်းလေးမှ ဂရုမစိုက်လို့ဆိုတာ ထည့်တွေးစမ်းပါ ..”

“မင်း ဘယ်သူလဲ ..”

“အရိပ်ယောင်း ..’

မေးခွန်းရဲ့အဖြေက တစ်ယောက်တည်းက ဆက်တိုက်ပြောချသွားသလို ထပ်တူနီးပါးဖြစ်ကာ ..၊

“သူ့ချစ်သူက အရိပ်ယောင်း လို့ ရှင့်ကို အရောင် က ပြောပြပြီးသား မဟုတ်ဘူးလား ..”

“ပြောတယ် .. ဒါပေမယ့် မင်းမှာ ယောင်းတာဘာမှမရှိတော့ ခုံညြလို့၊ မင်း ဒီလောက်ခေတ်ရှေ့ပြေးနေမှတော့ ငါ့ဘက်က အများကြီးပြောပြနေဖို့မလိုတော့ပါဘူး ..”

သူမရဲ့ အကြည့်တွေအပြောတွေက တစ်စုံတစ်ရာဆီဦးတည်နေသလို ခံစားမိလာသဖြင့် သူမရှေ့မှာ မျက်နှာချင်းဆိုင်စကားပြောနေချင်စိတ်



တို့ပါ ကုန်ခမ်းလာစေလျက် ..။

“မင်းကို ငါ့ညီနဲ့ လုံးဝသဘောမတူဘူး ..”

“သိတယ်လေ .. ရှင့်သဘောကို ဂရုမစိုက်ဘူးလို့ ကျွန်မ ဒီလောက်ပြောနေတာကို နားမလည်တာက ရှင်ပဲ ..”

“ငါ နားလည်တယ် ..”

ဒေါသကြောင့် သူ့ ရှေ့ပြန်တိုးမိပြန်ကာ ..၊

“ငါနားလည်ဖို့ထက် မင်းနားလည်သွားအောင် သေချာမှတ်ထား၊ ခုနေ မင်းနောက်ဆုတ်ရင် အမြတ်မရပေမယ့် အရင်းတော့ ကျန်လိမ့်မယ် .. အေး ရှေ့ဆက်တိုးပြီးမိုက်မဲခဲ့ရင်တော့ ..”

“ရှေ့ရှေ့က လုပ်ရိုးလုပ်စဉ်အတိုင်း အရောင့် ချစ်သူကို ယောက်ျားတွေထပ်ခေါ်ပြီး အမဲဖျက်ဦးမယ်ပေါ့ ..”

“ဟင် ...”

“ပြီးရင် တစ်ခါတည်း မီးရှို့ပြီး နှုတ်ပိတ်လိုက်ရုံ ..”

“မင်း .. မင်း ဘယ်သူလဲ ..”

ခနဲ ခြေလှမ်းဆုတ်သွားခဲ့လျက် မျက်လုံးတွေပြူးထွက်လာသည့်အတိုင်း ..။

“ပြောစမ်း .. မင်း ..”

“အရိပ်ယောင်း လို့ ပြောနေတာ ရှင် မကြားသေးဘူးပဲ ..”

ပြောလိုက်ပြီးတာနှင့် သူမ၏ လျှပ်တပြက်လှုပ်ရှားမှုသည် ခနဲ အင်္ကျီရင်ဘတ်ကို ဆောင့်ခနဲဆွဲ၍ ရေချိုးခန်းရဲ့ အတွင်းနံရံအစပ်မှာပဲ ကျောနဲ့ ဖိကပ်ထားလိုက်ပြီး ..၊

“အဲဒီ နာမည်ကို ရှင့်ရဲ့ နားနဲ့ကြားရုံမဟုတ်ဘူး ရှင့်ရင်ထဲ အသွေးအသားထဲက ကြားစေချင်တာ ..”

အရိပ် ရဲ့ ညာဘက်လက်ချောင်းလေးတွေက ခနဲ လည်ပင်းလေပေါ်မှာ လည်မျိုညှစ်သလို ဖိကပ်ထောက်ထားလိုက်ပြီး ..၊

“အရိပ်ယောင်း ဆိုတာ ဘယ်သူ့ရဲ့ အရိပ်ယောင်းလို့ထင်နေလို့

www.burmeseclassic.com

www.burmeseclassic.com



လဲ ..”

“မင်းသတ္တိရှိရင် တည့်တည့်ပြောလိုက်စမ်း ..”

“သတ္တိလား .. ကျွန်မ သတ္တိဘယ်လောက်ရှိသလဲဆိုတာ အခု ရှင့် လည်မျိုကို တစ်ချက်ဖိလိုက်တာနဲ့ ရှင် သိသွားမှာ .. ဒါပေမယ့် ရှင် ကျွန်မနာမည်ကို ခေါ်ဖို့မှာမဟုတ်ဘူး ..”

“မင်း .. အ .. အင့် ...”

သူ လှုပ်လိုက်တာနှင့် လက်ရဲ့ ဖိအားက ပြင်းထန်သွားကာ လည်မျို ထဲကို တုတ်ချောင်းတွေနဲ့ မပေါက်မချင်း နှံ့ထိုးနေသည့်နှယ် ...၊

“နေမနေ .. ရှင် ဒီနေ့ကစညပြီး အရိပ်ယောင်း ရဲ့ ခြေဖဝါးအောက် က မြေကြီးဖြစ်သွားပြီဆိုတာ မှတ်ထား ..”

“အစ် .. အ .. မင်း .. အား .. လွှတ် .. အား ..”

မနေ မျက်နှာတစ်ပြင်လုံး ပြည်ပုပ်နာကြီးလို မည်းညိုလာခဲ့လျက် စကားပြောဖို့ကြိုးစားရင်း အသံမထွက်နိုင်ဘဲ လူကသာ တုန်ယင်လာခဲ့ ၏။

မရအရ ဖယ်ချပစ်လိုက်လို့ရသည့်တိုင် ...၊

“ရှင် ကျွန်မကို တိုက်ခိုက်ဖို့မကြိုးစားနဲ့နော် .. အခု ဒီထဲမှာ ဘယ်လိုအခြေအနေဖြစ်ဖြစ် ကျွန်မ စကားတစ်ခွန်းပဲ ..”

လို့ ကပ်ပြောထားပြီးမှ ...၊

“ခုဆိုရင် ရှင် ကျွန်မကိုသိနေပြီလို့ ယူဆလိုက်မယ် .. အဲဒီတော့ ဘယ်သူ့ရှေ့မှာဖြစ်ဖြစ် ရှင် ကျွန်မနာမည်ကိုခေါ်ရရင်ခေါ် .. အဲဒီနာမည် ရှင်မခေါ်သရွေ့ ကျွန်မက အရိပ်ဟောင်း ပေါ့ ..”

ပြောပြီး လက်ကို တစ်ချက်ဖိပစ်လိုက်၏။ ပြီးမှ လွှတ်လိုက်ပြီး နောက်ဆုတ်ရပ်သည်။

“အား .. အဟွတ် .. အဟွတ် .. အင်း ..”

ရှစ်တရက် ချောင်းဆိုးလိုက်မိပြီး လည်ချောင်းတစ်ခုလုံး တစ်ဆို့ အောင့်တက်သွားကာ မနေ ယိမ်းယိုင်သွားသည်။ နားထင်ပါးရင်းတွေ



အူထူမူးမိုက်နေသဖြင့် မျက်လုံးပြာနေတာတော်တော်နဲ့ မပျောက်နိုင်ဘဲ ဒူးတွေပါ ညွတ်ကျသွားတဲ့အထိ ..။

သူ့ရှေ့မှာ ဖွေးနုသော ခြေသလုံးသွယ်သွယ်လေးနှင့် ခြေဖမိုးနုနုက တဖြည်းဖြည်းကျမှ ထင်ရှားလာ၏။ ထို့အတူ ဘယ်ဘက်ခြေကျင်းဝတ် မှာ စိန်လုံးလေးတွေ ပြိုးပြက်လက်နေသောကြိုးပျော့ ဖု(တ်)ချိန်းလေး တစ်ဖက် ..။

ထိုဆီမှာ သူ့အကြည့်တွေ စူးစိုက်သွားခဲ့သည်။ စိန်တွေရဲ့တန်ဖိုး ကို တွက်လိုက်မိကာ သူမျက်နှာကို မော့ကြည့်မိလျက်သားဖြစ်သွားခဲ့ သည်။

ပြီးတော့ ဖြည်းလေးစွာထရပ်လိုက်ရင်း ...၊

“မင်းကို ငါမသိဘူး ..”

“ဘယ်သိမလဲ .. ကျွန်မက အရိပ်ဟောင်းပဲ ..”

“မင်း .. အင့် .. အဟွတ် ..”

လည်ချောင်းက စကားပြောလို့မရလောက်အောင် နာကျင်သွား၏။ ထပ်ပြောဖို့ကြိုးစားရင်း ...၊

“အဟွတ် .. အဟွတ် .. အဟွတ် ..”

“ရယ်ရတယ် .. ဟား .. ဟား .. ဟား ..”

သူမက လှပသည့် သွားစွယ်လေးတွေပေါ်အောင် ရယ်နေလျက်...၊

“ရှင်သိတဲ့တစ်ယောက်က သေသွားပြီလေ ..”

“မင်း .. မင်းက ..”

“ဒါပေမယ့် .. ကျွန်မက သူပဲ ..”

“မ .. မဟုတ် .. အဟမ်း .. အဟွတ် .. အဟွတ် ..”

“ကြိုးစားမနေနဲ့တော့ နေမနေ .. ရှင်မယုံနိုင်စရာတွေ တဖြည်းဖြည်း ပိုပိုသိလာလိမ့်မယ် .. အခုပြောမှာက ရှင် မှတ်ထားဖို့ ..”

သူမက သူ့လေသံအတိုင်း တစ်ထပ်တည်းပြော၍ ...

“ရှင် ခေါင်းဆောင်ပြီး ယုတ်မာခဲ့တဲ့ပုံရိပ်တွေ သုံးယောက်စလုံး

www.burmeseclassic.com

www.burmeseclassic.com



နဲ့ ဇီဒီယိုရီကော့(ဒ်)တွေ ကျွန်မမှာရှိတယ် ..”

မျက်လုံးချင်းဆုံနေမိကာ အတန်ကြာ မလွှဲမဖယ်စူးစိုက်နေခဲ့လျက်..၊

“နောက်ထပ် လက်စဖျောက်ပစ်ဖို့ ရှင် ကြံစည်မှာပဲဆိုတာ ထည့်မတွက်ဘဲနဲ့ ကျွန်မ ဒီနေရာထိမလာဘူး မေ .. တစ်ခုခုလုပ်ကြံဖို့ ရှင် ကြိုးစားလိုက်တာနဲ့ ဒါမှမဟုတ် ကျွန်မကို လက်ဦးအောင်သတ်နိုင်ခဲ့ရင်တောင် ကျွန်မက နှစ်ခါ သေရတဲ့အဖြစ်ကို ရောက်ရုံပဲ .. ရှင်ကတော့..”

မေ ရဲ့ မျက်နှာကြီး ကွက်ခနဲ မှောင်ကျသွားတာကို အရသာခံကြည့်နေပြီးမှ ..၊

“လူမသေသေးပေမယ့် ဘဝတစ်လျှောက်လုံးမှာ အကြိမ်ကြိမ်အခါခါ သေနေရလိမ့်မယ် .. အဲဒါ ရှင်မယုံဘူးမလား .. ထပ်ပြောလိုက်မယ် ကျွန်မမှာ ကျွန်မသိသမျှအားလုံးသိတဲ့ ပါတနာတစ်ယောက်ရှိသေးတယ်၊ ကျွန်မ ခံစားချက် ကျွန်မ ပိုင်ဆိုင်သမျှကို သူ ပိုင်ထားတဲ့သူ ..”

အရိုင် က နောက်ထပ်ဆုတ်လိုက်ပြီး တံခါးကိုခြေထောက်နဲ့ ကန်ပိတ်၏။ သိပ်မကြာလိုက်ခင် ...

“မောင် ...”

လက် ...၊

မေ မျက်လုံးတွေကျွတ်ထွက်မတတ် ပြူးထွက်သွားခဲ့၏။ အရိုင် က နောက်ထပ်ဆုတ်ပြီး လက်ပိုက်ထားလိုက်ကာ ..၊

“ရှင် ဘာလုပ်မှာလဲ ..” ဆိုသည့် မျက်နှာနှင့် အေးဆေးကြည့်နေ၏။

“မောင် ...”

နောက်ထပ်ခေါ်သံက တံခါးနားမှာ နားကပ်ထောင်ရင်း ခေါ်လိုက်သည့်အသံမျိုး၊ မေ ငြိမ်သက်နေစဉ် အရိုင် က တံခါးဘုဆီလက်လှမ်းလိုက်လျှင် ..၊

“ဟီး ...”

ဟိတ်ရှိ အော်လိုက်သည့်အသံက မရိုးသားစွာ မျိုသိပ်လိုက်ရသဖြင့် ဟိတ်သံမထွက်နိုင်ဘဲ ..၊



“မင်း .. တောက် ..”

တက်ခေါက်သံကတော့ ကျယ်လောင်သွားခဲ့၏။ မေ တက်ခေါက်လိုက်တာကိုကြားသွားကာ လက် ဘယ်လိုအဓိပ္ပာယ်ကောက်သွားသည်မသိ ..။

ဆက်လက်ခေါ်သံထွက်မလာတော့ဘဲ ခဏအကြာမှာ ပြန်ထွက်သွားလေသည်။ နံရံမှာ ဖိကပ်ခံထားရသည့် အရိုင် ရဲ့ မျက်ဝန်းလေးတွေက ကြောက်ရွံ့ထိတ်လန့်နေဟန်လုံးဝမရှိဘဲ ရယ်မြူးရိပ်တို့နှင့် ရွှန်းလဲ့နေကြ၏။

လူချင်းထပ်၍ ကပ်ဖိထားသည့် အခြေအနေမှာ သူမ နှုတ်ခမ်းသားလေးတွေပေါ်မှာ ကပ်ဖိထားသည့် ကိုယ့်လက်ကိုခွာဖို့ ရုတ်တရက် သတိမရဘဲ မျက်နှာလေးကို ငေးမောကြည့်နေမိ၏။

လှလွန်းလို့ ငေးငိုင်နေမိတာလည်းဟုတ်ပေမယ့် သူမက ချစ်တေးဆိုတာ ဘယ်လိုမှမဖြစ်နိုင်ခြင်းကို အတည်ပြုနေမိရင်း ...

“မင်း .. မင်း မဖြစ်နိုင်ဘူး ..”

သူမက ထပ်ကပ်ထားသည့် မေ ရင်ဘတ်ကြီးကို လက်နှစ်ဖက်နဲ့ ဆောင့်တွန်းပစ်လိုက်ကာ ...

“နာမည်တပ်ပြောကြည့်စမ်းပါ .. ဘယ်သူမဖြစ်နိုင်တာလဲ ..”

မေ မျက်လုံးပြူးနှင့်ငေးကြည့်ရင်း ဘာသံမှမထွက်နိုင် ..။

“ရှင် အဲ့ဒီနာမည်ကို မခေါ်ရဲဘူးမို့လား ..”

အရိုင် က ကြမ်းခင်းကြွေပြားပေါ်မှာရှိနေသည့် ဆပ်ပြာဘူးကို သူမရဲ့ ခြေဦးထိ လှမ်းဆွဲယူသည်။ ပြီးတော့ ခြေလှွဲကန်ပစ်လိုက်လျှင် ဆပ်ပြာဘူးက နံရံနဲ့ ပြေးမိုက်သံဖောင်းခနဲမြည်လျက် ..၊

“နောက်ဆိုလည်း ရှင့်ပါးစပ်က ဘာစကားမှ ပြောရဲတော့မှာမဟုတ်ဘူး ..”

သူ လွှတ်ကျခဲ့သည့် ဆပ်ပြာဘူးရဲ့အဖြစ်ကို ငုံ့ကြည့်ကာ မေ မျက်နှာတင်းမာသွား၏။

www.burmeseclassic.com

www.burmeseclassic.com



"မင်း ဘယ်သူဖြစ်ဖြစ် ငါက ဘာလို့ ဂရုစိုက်ရမှာလဲ .. ချစ်တေးက မီးသောင်ပြာကျပြီးသေပြီ၊ ဒီအဖြစ်ကိုသိထားတဲ့သူဆိုရင် ငါ့လိုလူဆီက တစ်စုံတစ်ခုရဖို့အတွက် နည်းမျိုးစုံသုံးပြီး ချဉ်းကပ်မှာပဲ .. အခု မင်းလိုပေါ့ .."

ခနု က သူ့စကားကို ငြိမ်သက်စွာနားထောင်နေသည့် အရိပ် ကို စိုက်ကြည့်ကာ ခုနက ထိတ်လန့်နေသည့်မျက်နှာမျိုးနှင့် ပြောင်းပြန်ဖြစ်သွားခဲ့လျက် ..၊

"ဒါပေမယ့် မင်းလျှော့တွက်ခဲ့တာ မှားတယ် အရိပ်ယောင်း၊ ငါ့လိုလူက သူများခြိမ်းခြောက်တိုင်းကြောက်မယ့်လူမဟုတ်ဘူး၊ မင်း မျက်နှာက ချစ်တေး နဲ့ ဆင်ဆင်တူခဲ့ရင်တော့ တစ်မျိုးပေါ့ .. ဟွန်း .."

အရိပ် က ဘာမှမပြောဘဲ အေးစက်စက်တည်ငြိမ်နေဆဲ ..၊

"ငါ့သားသမီးတွေရှေ့မှာ ဘာမှမပြင်ဆင်လိုက်နိုင်ဘဲ ရှုပ်ထွေးကုန်မှာစိုးလို့ မင်း ပြောလိုက်တဲ့ စကားတွေမှာ ငါ ပျော့သွားခဲ့တာ၊ မင်း နုပါသေးတယ် .."

"အင်း .. ဟုတ်ပါပြီ .. ကျွန်မက ရှင်ပြောသလို မခုတ်တတ်ခုတ်တတ်ကြောင်ပေါက်စလောက်ပဲထားပါ၊ အခု ရှင်ဘယ်လိုဖြေရှင်းမှာလဲ.."

"ဖြေရှင်းဖို့မလိုပါဘူး၊ ဒါတွေက လူပြောလူယုံ ချွေးပြောချွေးယုံပါ .. မင်းလိုမိန်းမ ပါးစပ်က စကားနဲ့ ငါ့လိုလူရဲ့ ဂုဏ်သိက္ခာကိုချလို့ ရမယ်ထင်နေသလား .."

"ကျွန်မမှာ ရှင်တို့သုံးယောက်ရဲ့ ယုတ်မာမှုတွေ ဗီဒီယိုရိကော့(ဒ်) ရှိတယ် .."

"လုပ်ကြံဖန်တီးပြမယ့် အရူးကွက်တွလာရှုတ်ပြမနေနဲ့ အရိပ်ယောင်း၊ သုံးယောက်စလုံးဆိုတာည်းက မင်း လောဘတက်ပြီး မှန်းသွားတာ ငါသိတယ်၊ ငါ့အလုပ်နဲ့ ပတ်သက်ပြီး သူများသိတာမကြိုက်လို့ ဒိုင်ယာရီ ရေးတဲ့အကျင့်တောင်မလုပ်ဘူး .."

"ဟွန်း .. ဟွန်း .."



အရိပ် က ပခုံးလေးတွေလှုပ်အောင် ရယ်လိုက်ပြီး သူ့ရှေ့ထိတိုးလာသည်။ ခနု ကလည်း တုတ်တုတ်မျှမလှုပ်ဘဲ ရပ်ကြည့်နေခဲ့သည်။ သူမက မျက်နှာချင်းဆိုင်မှာ ရပ်မလိုလုပ်ပြီးမှ သူနဲ့ ပခုံးချင်းထိကပ်ရှောင်သွားပြီး သူ့နောက်ရောက်သွား၏။

သူမ ဘာလုပ်တာမှန်းမသိဘဲ လည်ပင်းလိမ်ပြီး လိုက်ငဲ့ကြည့်မိလျှင် သူမ မျက်နှာက သူ့ပခုံးတစ်ဖက်ပေါ်က ကပ်ပေါ်လာသဖြင့် မျက်နှာချင်း ထိလုထိခင်ဖြစ်သွား၏။

သူကလည်း နောက်ပြန်မတွန့် .. သူမကလည်း ဒီတိုင်းနေလျှင် နှုတ်ခမ်းချင်း နှာခေါင်းချင်း ထိကပ်တော့မယ့်အတိုင်းနှင့် ..၊

"ရှင် ဒိုင်ယာရီမရေးပမယ့် သူများသားသမီးကို စော်ကားဖျက်ဆီးလိုက်နိုင်တဲ့ ရှင့်ရဲ့အောင်မြင်မှုတွေအတွက် မှတ်တမ်းတင်ထားဖို့တော့ သတိရခဲ့ပါတယ် .. ဟုတ်တယ်မို့လား၊ 'ငါ့ညီအတွက် လိုအပ်ရင်သုံးဖို့' လို့တောင် ပြောခဲ့သလားလို့ .."

ဟင် !..၊

ခနု ခေါင်းထဲမှာ ဒိန်းခနဲထပ်ဆောင့်၏။ သူ့မျက်နှာ တွန့်သွားသည့်နောက်ကို အရိပ် မျက်နှာလေးက လိုက်ကပ်၏။

ထိုအခါ သူ့ပခုံးထက်မှာ သူမရဲ့ မေးဖျားလေးချိတ်တင်ထားသလို ရှိကာ ..၊

" 'နင် အဲ့ဒီလိုမိန်းမဆိုတာ တစ်လောကလုံးသိဖို့လိုသေးတယ်' .. ဆိုပြီး ရှင့်ဖုန်းကိုဖွင့်တယ် .. ပြီးတော့ နေရာသေချာရွေးပြီး .."

"မင်း ..."

ခနု သူမရှေ့မှာ ကျောပေးလျက်ရှိနေသည့် အနေအထားကနေ ချက်ခနဲခြေလှမ်းရွှေ့ကာ မျက်နှာချင်းဆိုင်ရပ်လိုက်၏။

သို့သော် သူမနှင့် မျက်နှာချင်းဆိုင်နေရာကျသည်နှင့် အရိပ် ၏ လက်တစ်ဖက်က အရှိန်နှင့် မြောက်တက်သွားကာ ..၊

"ဖြန်း ..."

www.burmeseclassic.com

www.burmeseclassic.com



သာမှပြင်ဆင်ချိန်မရလိုက်ဘဲ မျက်နှာနှင့်အတူ လူတစ်ကိုယ်လုံး ယိုင်ထွက်သွား၏။

"လူယုတ်မာ .. အဲ့ဒီဖုန်းကို ရှင် ပေါ့ပေါ့ဆဆထားခဲ့တာ ခုတော့ နောင်တရသွားပြီလား၊ ဟင် .. ပြောစမ်းပါဦး ကျွန်မလို မိန်းမရဲ့ စကားနဲ့ ရှင့် ဂုဏ်သိက္ခာဆိုတာ ပြောစမ်းပါ လုပ်ကြံဖန်တီးတဲ့အရှုံးကွက်တွေလို့ ထပ်ပြောစမ်းပါဦး .."

သူ ယိုင်သွားသည့်အတိုင်း သူမက လိုက်ကပ်ပြီး မျက်နှာကို မုန်းတီး ရွံရှာစွာကြည့်၏။

"ရှင်က ဇာတ်ကိုယ်တော်မိုက်ရိုင်းထားတာပဲဆိုပြီး စီဒီလိုရီကော့(ဒ်) မှာ ငါမပါဘူးလို့ပြောချင်သေးတာကိုး .."

"မင်း .. မင်းနဲ့ ချစ်တေး နဲ့ ဘယ်လိုပတ်သက်နေတာလဲ ပြော စမ်း .."

"လေသံတွေမာနေတုန်းပါလား .."

အရိပ် မျက်နှာ လျောင်ရိပ်လေးတောင်မထင်တော့တဲ့ မဲ့ပြုံးတွေအစား နာကြည်းမုန်းတီးသည့်အကြည့်တွေသာဖြစ်ခဲ့လျက် ...၊

"ရှင့်လေသံကို ဒီအခန်းထဲမှာပဲ ပြင်လိုက်တော့ နေမနေ .. ရှင်က နေနေ ပဲ ဖြစ်နေခွင့်ရှိပေမယ့် 'နေအရောင် လအရောင်' ရဲ့ မျိုးဆက် သွေးသိက္ခာတော်အနန္တနဲ့ နေနေ က လွန်ခဲ့တဲ့ဆယ့်ခြောက်နှစ်ကျော် တည်းက မရှိတော့တာ၊ အခု နေနေ က .. ကိုယ့်ညီရဲ့ချစ်သူကို အဓမ္မ စော်ကားဖျက်ဆီးပြီး အနိုင်ယူခဲ့တဲ့ နေနေ .."

ခနေ ရှေ့ကို ရောက်လာပြီး ရင်ဘတ်ကို လက်နှစ်ဖက်နဲ့ ဆောင့်တွန်း ပစ်၏။ ခနေ ယိုင်ထွက်သွားသည့်နောက်ကို တစ်လှမ်းချင်းထပ်တိုးလိုက် သွား၍ ...

"တဲကုပ်လေးနဲ့ နေရတဲ့ ဒုက္ခိတသားအဖကို ဒုက္ခပေးသွားတယ်၊ သူတို့က ရှင်တို့ကို ဘာများလုပ်ခဲ့လို့လဲ .. ဟင် .. အဲ့ဒီတဲကုပ်လေးကို ရှင်တို့ ဖျက်ဆီးသွားတဲ့အတွက် မိုးသက်လေပြင်းတွေကျတော့ ကျွန်မတို့



သားအဖ ဘာတွေဖြစ်သွားခဲ့လဲ ရှင်သိလား .. အဲဒါ ရှင်သိရဲ့လား .."

အရိပ် မျက်ဝန်းမှာ မျက်ရည်၏အရောင်ကြောင့် ဖိတ်ဖိတ်လက် လက်ဖြစ်လာခဲ့သည်။ ဒါပေမယ့် မြို့မကျခဲ့ဘဲ သူမက အံကြိတ်လျက်...၊

"လူယုတ်မာတွေ ရိုက်နှက်သွားတဲ့ဒဏ်ရာနဲ့ မိုးတွေထပ်မိပြီး ကျွန်မအဖေ သေဆုံးသွားခဲ့တယ် .."

ဒါ .. ဘာလဲ ...၊

တပည့်တွေကို တဲအိမ်ကို ဖျက်ဆီးခိုင်းလိုက်တာ လူကို ရိုက်နှက် ဖို့မပါခဲ့ပေ ...။

"ကျွန်မကတော့ နိုဝ်စက်တဲ့အဝေါ်တွေအိမ်ကို ရောက်သွားခဲ့တယ် လေ၊ ကျေးဇူးတင်တယ် နေနေ .. မင်းသားခေါင်းဆောင်ထားတဲ့ လူယုတ်မာ လူဘီလူးတွေအကြောင်း လူတွေအကြောင်း ရှင်ပညာတွေ ပေးခဲ့တာ .."

"ငါ .. ငါက .."

"ပြောလေ .. ဘာလို့ထစ်ငေါ့နေတာလဲ၊ အဲဒီအကြောင်းတွေ ရှင့် ပါးစပ်က ပြန်ပြောစမ်းပါ .. မကြားရဲလောက်အောင် ရှက်ရွံ့တုန်လှုပ် နွယ်ကောင်းပေမယ့် ပြုသူအသစ် ဖြစ်သူအဟောင်းပဲ၊ ကျွန်မက ဝဋ် ကြွေးဆပ်ခဲ့ရတာ၊ ဒါ ပြန်ပြောလည်း မကြားရဲစရာမရှိပါဘူး၊ အလှည့် ကျရင်သာ မခွဲနဲ့ပေါ့ .."

"မင်းက ချစ်တေး မဟုတ်ဘူး .."

"ဘာကြောင့်ပြောတာလဲ .."

သူမက ကိုယ့်မျက်နှာကို လက်ညှိုးညွှန်၍

"ဒီမျက်နှာကြောင့်လား .. ရှင်တို့က မီးရှို့လက်စဖျောက်ခဲ့တော့ မျက်နှာရှေ့ပြန်ရောက်လာဖို့မရှိဘူးဆိုပြီး .. ဟုတ်လား .."

အဲဒါလည်း သူ လုပ်စေချင်ခဲ့တာမဟုတ်ပေ ...။

ချစ်တေး ဆိုတာ မအုမလည် တောသူအညာတြလေးပဲဖြစ်သည်။ ကိုယ့်စိတ်ကြိုက် နင်းလိုနင်း ခြွေလိုခြွေ ဘာပြဿနာမှလည်း ဖြစ်လာဖို့

www.burmeseclassic.com



မရှိ ..။

ထို့ကြောင့် သူ ဖြစ်စေချင်ခဲ့တာ ညီနဲ့ မဆုံစေနိုင်ဖို့တစ်ခုတည်း..။

"ဟော့ .. ဟိတ်ကောင် .. ကျော့် .. မင်း ဘာလုပ်တာလဲ .."

"အသာနေစမ်းပါ .. ဒီထက်ကောင်းတာတောင် ဒီလောက်မကောင်းဘူး၊ မီးလောင်တဲ့ထဲပါသွားရင် ပြီးပြီ .."

ကျော် နဲ့ ဇော်ကို သူ တားတော့ မီးတောက်တွေဖြစ်နေပါပြီ။ မထင်မှတ်ဘဲ အကြီးအကျယ်ဖြစ်သွားခဲ့သည်။

ကိုယ်ပိုင်ဆိုင်သည့် ခြံဝင်းပေမယ့် ခြံစောင့်က ပြေးလွှားရောက်လာတော့ မဖွယ်ရာသည့် ကြံစည်မှုကို လှုသိမခံနိုင် ..။

ဇော်က မျက်စပစ်လိုက်တာနှင့် ကျော် က ခြံစောင့်ကို မီးလောင်နေသည့်အခန်းထဲမှာ တွန်းထည့်ပိတ်ထားလိုက်၏။ အဖြစ်အပျက်အားလုံးသည် ခြံစောင့်က မိန်းကလေးခေါ်သွင်းပြီး ဖယားရှုပ်နေသည့်အဖြစ်နဲ့ပဲ မီးလောင်မှုပါ ရောထွေးပျောက်ပျက်သွားခဲ့သည်။

ခနဲ့ အာရုံထဲမှာ အတိတ်ကပုံရိပ်တွေက ရုပ်ရှင်ပြကွက်တွေလို ပြန်ပေါ်လာခဲ့သည်။ ဒါပေမယ့် သူ နားမလည်နိုင်၊ အခု သူ့ရှေ့ရောက်လာတာ ချစ်တေး ဆိုရင် မီးထဲကရခဲ့တဲ့ အလောင်းနှစ်လောင်းက ဘယ်သူ့အလောင်းတွေလဲ ..။

သူ့ရင်ထဲက ပဟေဠိများစွာအတိုင်း မျက်နှာကြီးမှာ မေးခွန်းတွေပေါ်နေခဲ့သလားမသိ ..။

သူ ဘာမှမမေးရဘဲ အရိပ် က ဆက်တိုက်ပြောချသွားခဲ့ပြီး ..၊

"ရှင် သတ်ခဲ့ပေမယ့် ကျွန်မက မသေဘူး၊ ကျွန်မအသက်ကို ကယ်ခဲ့တဲ့သူ၊ ကျွန်မကို ခုလိုလှပမှုတွေနဲ့ ပြန်လည်ရှင်သန်လာနိုင်အောင် အသက်သွင်းပေးခဲ့တဲ့သူ၊ အဲ့ဒီကျေးဇူးရှင်လက်ထဲမှာ ကျွန်မအသက်ရှိတယ်၊ ပြီးတော့ ရှင်တို့ရဲ့ ရွံစရာဓာတ်ရုပ်တွေပေါ်နေတဲ့ ဗီဒီယို၊ အဲဒီအဖြစ်နဲ့ ပတ်သက်သမျှအကြောင်းအရာသက်သေတွေအားလုံးကလည်း သူ့လက်ထဲမှာပဲ .."



တခြားသော ဖြစ်နိုင်ဖွယ်တွေကို ထပ်မံပြောပြခဲ့ပြီး သူမက အံတကြိတ်ကြိတ်နှင့် ..၊

"ကျွန်မကတော့ ရှင်တို့ကို ကြိုးဆွဲခိုင်းစေမယ့် နင်တာ့ရှင် နတ်သမီးပေါ့၊ ကျွန်မကို ရှင်တို့ဒုက္ခပေးဖို့တစ်ခုခုကြံစည်လိုက်တာနဲ့ ကိုယ့်လည်ပင်းကို ကြိုးကွင်းစွပ်ဖို့ကြိုးစားနေပြီဆိုတာ မမေ့နဲ့၊ လူတစ်ယောက်ကို သတ်ရင် တစ်ခါပဲသေတယ်၊ ရှင်တို့ကြောင့် နှစ်ခါသေရလည်း ကျွန်မဂရုမစိုက်ဘူး .."

"မင်းမှာရော .. အရှက်သိက္ခာတွေမရှိတော့ဘူးတဲ့လား အရိပ်ယောင်း၊ ငါတို့ယောကျ်ားတွေ ရှုပ်တယ်ပွေတယ်ဆိုတာ မဆန်းပါဘူး၊ အဲဒီဗီဒီယို ပြန့်သွားရင် မင်းရဲ့ သိက္ခာလည်း ရေစုန်မျောပြီပဲ .."

တုန်လှုပ်မှုမပြေသေးပေမယ့် မခံချင်စိတ်နဲ့ တူးဆွမေးလိုက်မိသည်။ အရိပ် မျက်ဝန်းတွေစူးတောက်သွား၏။

"ဟွန်း .. သိချင်တယ်ဟုတ်လား .. ငါ့ဘဝက သေပြီးသားပါ၊ ငါ့ကြောင့် မျက်နှာပျက်အရှက်ရမယ့် မိဘဆွေမျိုးလည်းမရှိဘူး၊ နင်ကတော့ အထီးကျန်မဟုတ်ဘူးထင်တယ် .."

ခနဲ့ မျက်နှာ ကွက်ခနဲပျက်၏။

"ယောကျ်ားတိုင်း ပွေရှုပ်ခွင့်ရှိတာပဲဆိုရင် အဲ့ဒီယောကျ်ားတွေနဲ့ နင့်လှုပ်ရပ်နဲ့ တူသလားဆိုတာ စမ်းကြည့်လိုက်လေ၊ ငါ့ဆီမှာ အဲ့ဒီဗီဒီယိုဝါတယ် .. မုပဲ နင့်မိသားစုတွေကို သွားဖွင့်ပြလိုက်မယ် .."

"ကလစ် ..."

"ဟော့ ..."

"ဂျိမ်း ..."

အရိပ် က တံခါးဖွင့်လိုက်သည်။ ဟသွားပြီးမှ ခနဲ့ က ကမန်းကတမ်း မြန်ဆောင့်ပိတ်လိုက်ပြီး ..၊

"မင်း အရမ်းထွက်သွားလို့မရဘူး .."

"ဟုတ်လား .. ငါကရတယ်၊ နင်မရဘူးဆိုရင်တော့ [illegible]

www.burmeseclassic.com



ကြည့်လေ ..."

လက်လေးဖိုက်ပြီး အေးဆေးပြန်စောင့်နေလိုက်၏။ မနေ တံခါးလက်ကိုင်ဘုကိုဆုပ်ကိုင်ထားရင်း ချီတုံချတုံဖြစ်နေခဲ့သည်။ ဒီအချိန် အလုပ်သမားတွေ ဘယ်နေရာမှာတာဝန်ကိုယ်စီနဲ့ရှိနေကြသည် လက်အယ်မှာရှိနေသည်ကို သူသိသည်။

တစ်ချက်လေးတံခါးဟပြီး အပြင်က လှုပ်ရှားသံနားစွင့်လိုက်လို့လည်းရသည်။ မရတာက သူ စိန်ခေါ်မိသည့်ကိစ္စ ...။

"ထွက်လေ .. ဘာလုပ်နေတာလဲ .."

သူ ဘာလုပ်ရမလဲ .. သူမမှာ ဒီဗီဒီယိုတကယ်ရှိနေတာလား၊ တကယ်ဖွင့်ပြလိုက်ရင် သူ ဘယ်လိုလုပ်မလဲ ...။

ဇနီးဖြစ်သူရဲ့ မျက်နှာ .. သမီးကြီးရဲ့ ပါးနပ်လိမ္မာသည့် မျက်ဝန်းလေးတွေ ...။

စိတ်အိုက်မိခြင်းကြောင့် တစ်ကိုယ်လုံးပူရှိန်းတက်လာ၏။

"ဘာလဲ နေနေ .. ဗီဒီယိုတကယ်ဖွင့်ပြလိုက်မှာ ကြောက်နေတာလား၊ ဒါမှမဟုတ် .. ငါ့မှာ တကယ်ရှိ၊မရှိ ဝေခွဲမရဖြစ်နေတာလား .."

အရိပ် က သူ့နောက်ကနေ ကပ်ရိနေခဲ့၏။ မနေ ပျက်ပျက်ယွင်းယွင်းဖြစ်နေသည့် ကိုယ့်မျက်နှာကို တည်ငြိမ်အောင်ကြိုးစားလိုက်သည်။ ပြီးမှ တံခါးကို ကျောနဲ့ကပ်လိုက်ပြီး သူမဘက် ပြန်လှည့်ရပ်ကာ ...၊

"မင်း ဘာလိုချင်သလဲ .."

"ဩော် .. ဩော် .. အင်း လက်ခံသွားပြီကိုး .."

"ပြောစမ်း အရိပ်ယောင်း .. မင်း ဘာလိုချင်တာလဲ .."

"ရှင့်ကို စကားပြောဆင်ခြင်ဖို့ ပြောပြီးပြီထင်တာ .."

"အ[illegible]တွလျှောက်ရီမနေနဲ့ .. ဘာလိုချင်သလဲ ရွှေငွေရတနာလား .. ငွေသားလား တိုက်တာ အဆောင်အယောင် ကြိုက်တာပြော၊ မင်းအတွက် နစ်နာကြေး ငါ ပေးမယ် .."

"ကျွန်မ နစ်နာခဲ့တာအတွက် ရှင့်ဆီကပဲ ဘယ်ရမလဲ၊ ဟိုတီရှ္အာ်နှ



နစ်ကောင်ဆီကလည်း ရမှဖြစ်မှာ .."

"သုံးယောက်စလုံးအတွက် ငါပေးနိုင်တယ် .."

"ရှင် မပေးနိုင်ပါဘူး .. ဘာဖြစ်လို့လဲဆိုတော့ သူတို့ထက် ရှင်က သုံးဆရှုံးသာတယ်ဆိုရင်တောင် ကျွန်မ လိုချင်တာ အဲ့ဒါတွေ မဟုတ်သေးဘူး .."

ပြောပြီးတာနှင့် သူမက သူ့ကိုယ်ကြီးကို တွန်းဖယ်လိုက်သည်။

"ဟော့ ..."

သူ ယိုင်ထွက်သွားသည်နှင့် တံခါးဖွင့်ဖို့ လက်လှမ်းလိုက်၏။ သို့သော် .. သူမရဲ့ လက်ပေါ်ကနေ သူ့လက်ကလည်း ထပ်တိုင်လိုက်ပြီးဖြစ်ကာ ...၊

"မင်း ထွက်လို့မရသေးဘူးလို့ ငါပြောနေတယ်လေ .."

"နေနေ .."

အရိပ် ရဲ့ မျက်နှာလေးက ချက်ချင်းကြီး နီရဲတင်းမာလာကာ ထပ်ကိုင်ထားသည့် သူ့လက်ကို မျက်တောင်ဖျားတို့ စိုက်ချကြည့်၏။

ပြီးတော့ စက်စုပ်ရွံရှာသလို နှာခေါင်းတွန့်မဲ့ကာ ...၊

"နင့်လက်ကို ခုချက်ချင်း ပြန်ရုတ်လိုက်စမ်း .."

သူမရဲ့ မျက်နှာထားကြောင့်လား ဘယ်လိုပီအားမျိုးလဲဆိုတာ မသိ...။

မနေ ကိုယ့်လက်ကို ဖျတ်ခနဲ ပြန်ရုတ်သည်။

"နေဦး .. မင်းနဲ့ ငါ ပြောလို့မပြီးသေးဘူး .."

"ပြီးတာ မပြီးတာ ရှင် ဆုံးဖြတ်ဖို့မလိုဘူး .."

"အရိပ်ယောင်း .. မင်း ဘာမှမလှုပ်ရှားပါနဲ့ .."

တံခါးကို ဖွင့်ထားပြီးပြီဖြစ်ကာ သူမရဲ့ ကိုယ်တစ်ပိုင်းလည်း အပြင်ရောက်နေပြီဖြစ်၏။ သို့သော် ရေချိုးခန်းထဲမှာ နှစ်ယောက်တည်းရှိနေရသည့် အဖြစ်ကို ကြောက်ဖို့သတိမရတော့ပေ ...။

မနေ အပြင်ကို တိုးထွက်လိုက်ပြီး သူမရှေ့က ရပ်နေလျက် ...။

"ငါ မင်းနဲ့ ဆေးဆေး .."

www.burmeseclassic.com

www.burmeseclassic.com



"နေစမ်းပါ .."

အရိပ် က ဘာပြောပြော နားထောင်မည့်ပုံမရှိဘဲ ဒီတိုင်းလှည့်ထွက်သွား၏။ ခနေ ခဏရပ်နေခဲ့ပြီးမှ ဆက်လိုက်သွားမိကာ ..၊

"အရိပ်ဟောင်း .."

"ဆက်လိုက်မလာနဲ့ နေခနေ .. ငါ ဘာလုပ်မှာ ဘယ်လိုနေမှာ ငါ့သဘောနဲ့ ငါ .."

"မဟုတ်ဘူးလေ .. မင်းနဲ့ .."

"နင်နဲ့ ညှိဖို့လာတာမဟုတ်ဘူး .."

သူ အတင်းလိုက်နေတုန်း တုံးခနဲရပ်ပြီး မျက်နှာလှည့်လိုက်သဖြင့် သူနဲ့ တိုက်မိမလိုဖြစ်သွားသည်။ ခနေ ကမန်းကတန်း ပြန်ဆုတ်လိုက်ရပေမယ့် သူမက ကျောက်ရုပ်လေးအတိုင်း ..။

"ဒီမှာ နင် နားထောင် .."

သူမ မျက်လုံးအစုံသည် လူသေတစ်ယောက်လို အသက်မဲ့ညှိုးရော်နေသည်လား ..။

ထို မျက်လုံးတွေနဲ့ ခနေ မျက်နှာကို စူးစိုက်ကြည့်၍ ...

"ခုကစပြီး ငါ လိုချင်တာယူမယ်၊ ငါပြောချင်တဲ့စကားကိုပြောမယ်၊ မယူသေးတာ .. မပြောသေးတာတွေရှိလာရင်လည်း ငါ မယူချင် မပြောချင်သေးလို့ပဲ .."

သူမက ခနေ ပါးစပ်ပြင်နေသေးတာကိုကြည့်ပြီး နာကြည်းသည့်မဲ့ပြုံးနှင့် ..၊

"နားမလည်ဘူးထင်တယ် .. ဆောရီးပဲ .. ငါ တိရစ္ဆာန်စကားမပြောတတ်ဘူး .."

"ဘာ .. မင်း ဘာပြောလိုက်တယ် .."

ဒေါသက ဒိုင်းခနဲ ပေါက်ကွဲသွား၏။ ဘယ်လိုမှ နားမခံသာသည့်စကားလုံးတွေကြောင့် သူမနောက်ကို လှမ်းခနဲလိုက်မိ၏။ ထိုစဉ် သူ့ရှေ့မှာ အရိပ်တစ်ရိပ်ပေါ်လာကာ ..၊



"မောင့် .."

လက်သည် စိုးရိမ်တကြီးမျက်နှာလေးနဲ့ ကြားထဲကနေ သေလုမျောပါး ဝင်ဆွဲရှာကာ ..၊

"မလုပ်ပါနဲ့ မောင်ရယ် .. လက် သေချာတောင်းပန်ထားသားနဲ့ မောင့်ကို သဘောထားသေးတယ်ထင်သွားပါ့မယ်၊ ခုထိ ရေမချိုးရသေးဘူးလားဟင် .. လက် က ရေချိုးခန်းထဲ မောင် ဝင်နေပြီထင်လို့သွားဆောင်ခေါ်နေသေးတာ .. အပေါ်ထပ်မှာသွားချိုးလည်းရရဲ့သားနဲ့ .."

လက် က ဘယ်လိုထင်သွားပြီး စိုးရိမ်ကြီးနေသည်မသိပေမယ့် လူကို တိရစ္ဆာန်လုံးလုံးပြောသွားသဖြင့် ဒေါသဖြစ်သွားခြင်းက ခုထိ လက်သီးဆုပ်မဖြေမိသေး ..။

"တောက် .. တော်တော်မိုက်ရိုင်းတဲ့ မိန်းမ .."

"မောင်ရယ် .."

ကိုယ့်ယောက်ျားနှုတ်ဖျားကနေ တခြားမိန်းကလေးတစ်ယောက် အပေါ်မှာ သံသာပြောမယားပြောပြောဆိုတာမျိုး သူမ သဘောမကျပေ။

ဒါပေမယ့် ခနေ ဒေါသကြီးတတ်တာ ဘယ်လောက်ထိမာနကြီးတာကိုလည်း သိထားသဖြင့် နားလည်ဖို့ပဲကြိုးစားရ၏။ ထို့ပြင် ခနေ ဆိုသည့် ယောက်ျားဟာ သူ့ညီငယ်နဲ့ ပတ်သက်လာတိုင်း ဘယ်တော့မှ မျိုသိပ်သည်းခံခဲ့တာမရှိမှန်းလည်း သိထားခဲ့သည်မို့ ..။

အရိပ်ဟောင်း နဲ့ အရောင် တို့ရဲ့ အနာဂတ်ကို မခန့်မှန်းနိုင်အောင် ဖြစ်နေမိသည်။

အရာရာအပေါ်မှာ မှုတာစာနာစိတ်ထားဖို့ဆိုတာ မလွယ်ပါလား..။

♥♥♥

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၁)

"ဘာတွေဖြစ်ကုန်တာလဲ .."

ခရီးရောက်မဆိုက်ဆိုတာ ဘာကိုပြောမှန်းတော့မသိ ..။ ကျော် လေယာဉ်ပေါ်က ဆင်းလာခဲ့ပြီး ကားပေါ်တောင်မတက်နိုင်သေး ..၊

"ဖော့ .."

"ကဲ .. ကားပေါ်အရင်တက်ဦး၊ မင့်အိမ်ကို လာကြိုနိုင်းထားသေးလား .."

"မခိုင်းထားပါဘူး .. ငါ ဒီလိုပဲ ငါးရက်တစ်ပတ်သွားနေကျပဲ၊ ငါ့ကို မေးပါနဲ့ .. မင်း ကြောက်ချေးပါနေတဲ့ကိစ္စကိုအရင်ပြောစမ်းပါ .."

နှစ်ယောက်စလုံး လေဆိပ်ကထွက်လာခဲ့ပြီးမှ စိတ်ကူးလိုက်ကြသလို စားသောက်တစ်ဆိုင်ဆိုင်ထိလည်း မသွားနိုင်ကြတော့ဘဲ လူရှင်းသည့် လမ်းဘေးတစ်နေရာမှာ ကားရပ်ပြီး ..၊

"မင်းကို ငါ ပြောထားတဲ့အတိုင်းပဲ .. ချစ်တေး ပြန်ပေါ်လာတဲ့ ကိစ္စက .. အခု .."

"ပြန်ပေါ်လာရင် ပြန်သတ်ပေးလိုက်တာပေါ့ကွ .."

"ဟ .. ငါတို့က လူသတ်သမားဒုစရိုက်ကောင်တွေမှ မဟုတ်ဘဲ.."

"လူသတ်တဲ့လူတိုင်း ဒုစရိုက်သမားတွေမဟုတ်ဘူးလေကွာ .. ပြစ်မှုကျူးလွန်ခဲ့ကြတာ ဝါသနာပါလို့ ပျော်လို့ဆိုတာ မင်းကြားဖူးလား.."



"ငိုချင်းချပြီး လူသတ်လည်း ပြစ်ဒဏ်ခံရမှာပဲ .. ငါတို့က အခု လူလွတ်တွေမဟုတ်တော့ဘူး .."

"ဟိုတုန်းကလည်း လူလွတ်မို့လို့ ဒါလုပ်ခဲ့ကြတာမှမဟုတ်ဘဲ .."

"အဲဒါတွေ ပြန်ပြောမနေနဲ့တော့ ကျော်ရာ .. ခု ငါတို့မိသားစုတွေကို ထိခိုက်မခံနိုင်ဘူး၊ သားသမီးတွေက ပြန်လက်ညှိုးထိုးလာရင်.."

"ခက်တာပဲ ဖော် .. ငါတို့အဲဒီလို အကျပ်ရိုက်မယ့် အခြေအနေကို တစ်ဖက်က အခွင့်ကောင်းယူနေတာကွ .. ငါ အားချင်းပြန်လာခဲ့တာ မင်းလို ကြောက်ချေးပါနေလို့မဟုတ်ဘူး၊ ကြောက်လန့်ပြီး မင်းထင်ရာတွေ လျှောက်လုပ်မှာစိုးလို့ .."

"ကျော် ..."

"ဘာလဲ .."

"မင်း တကယ်ဂရုမစိုက်ဘူးလား .."

"ဘာကိုစိုက်ရမှာလဲ .."

လမ်းဘေးမှာ လေကတဟူးဟူးတိုးဝှေ့နေသည်။ ကျော် က လေနဲ့ ပါချင်နေသည့် ဆံပင်တွေကို တစ်ချက်သပ်၍ လေလာရာဘယ်ကို မျက်နှာမူလိုက်သည်။ ပြီးမှ ..၊

"အဓိကက နောက်ကျောတနေ ဓားနဲ့အထိုးမခံရဖို့ပဲ .. ငါတို့ကို အရင်သတိပေးလိုက်တာ ဒီကောင်မလေး ကံဆိုးတာပဲ .."

ကျော့် မျက်နှာက လေကိုဆန်၍ ရှင်းပြောင်နေကာ ဖော် ကတော့ တဖတ်ဖတ်ရိုက်ပုတ်ရှုပ်ထွေးနေသည့် ဆံပင်တွေကို မျက်နှာပေါ်က သပ်ဖယ်ရင်း ကိုယ့်ဘာသာ အလုပ်ရှုပ်နေတာကိုလည်း သတိမရ..။

"မဟုတ်သေးဘူး ကျော် .. မင်း သေချာမသိသေးလို့ ပြောနေတာ.. အခု .."

ဖော့် မျက်နှာက ပြောမည့်အကြောင်းအရာပေါ်မှာ အာရုံစိုက်လွန်း

www.burmeseclassic.com



သဖြင့် ကျီးကန်းတောင်မှောက်ဖြစ်လာသည့် မျက်လုံးတွေက ကြောက်ရွံ့မှုကို ဖော်ပြနေကာ ..။

"ငါတို့နဲ့ .."

"ကဲ .. ပြောစမ်းပါကွာ .. ငါ မသိသေးတာ ဘာတွေလဲ၊ မင်းနဲ့ ခနု ဘာတွေသိထားသေးလို့လဲ .."

"ချစ်တေး က ခနု အိမ်မှာ .."

"ဘာ!..."

ကျော် ဒီဘက်လှည့်ကြည့်လိုက်တာနှင့် လေနောက်ပါသွားသည့် ဆံပင်တွေက မျက်နှာတစ်ခြမ်းမှာ ရိုက်ပုတ်ရှုပ်ပွသွားသည်။ ဆံပင်တွေကို လက်တစ်ဖက်နဲ့ သပ်တင်လိုက်ရင်း ..။

"မင်း ဘာပြောလိုက်တာလဲ .. ချစ်တေး ဆိုတဲ့ ယာလေးက မီး လောင်သွားပြီလေ .."

"အေး .. ခနု လည်း မင်းလိုပဲ လက်မခံခဲ့ဘူး .. ဒါပေမယ့် .. ငါတို့က မီးရှို့ပြီး ထွက်ပြေးခဲ့ကြတာ မီးလောင်ပြာကျသလား မကျဘူးလား အလောင်းဘယ်မှာလဲ ဘာမှ ပြန်မကြည့်ခဲ့ကြဘူးလေ .."

ခနု ဆီက သိရသမျှအကုန် ပြောပြလိုက်တော့ ကျော် မျက်နှာပျက်သွားသည်။ နေရောင်မပေါက်သော အုံ့ပျက်ပျက်မိုးသားတိုင်း၏အရောင်လို ဖြူဝင်းနေသည့်မျက်နှာက ညှိုးမှိုင်းသွားကာ ..။

"ဒါ ဖြစ်မှ မဖြစ်နိုင်တာ .."

"ခနု အကြောင်း မင်းလည်း သိသားနဲ့ .. ငါတို့ထဲမှာ မိုက်ရူးရဲ အလုပ်ဆုံးက သူပဲ၊ ဒါပေမယ့် သူလည်း .."

"နေပါဦး .. မျက်နှာကို ပလတ်စတစ်ဆာဂျရီလုပ်တယ်ဆိုတာ လွယ်လွယ်လေးမှတ်နေလို့လား .. သူ့လို စားစရာမရှိ နေစရာမရှိတဲ့ မိန်းကလေးက .."

"ဒါပေမယ့် သူ ဝတ်ထားတဲ့ ဖု(တ်)ချိန်းတစ်ဖက်ကပဲ သိန်းရာ



ကျော်နိုင်တယ်လေ၊ သူက ဖွဲ့တေပေမယ့် သူ့ကို ကူညီခဲ့တဲ့လူက ဘယ်လိုလူလဲမှမသိတာ .."

"ဒီလိုပြောင်းလဲမှုတွေက စာတ်လမ်းထဲမှာပဲရှိတယ် ဇော် .."

"အပြင်မှာ ပြောင်းလဲတာတွေက ဒီ့ထက်ထူးဆန်းတယ်ဆိုရင် မင်း ယုံမလား .."

"ရှိကောင်းရှိနိုင်တယ် .. ဒါပေမယ့် မရှိရှား ပေါများတဲ့တွေ့ ရှိ လေရှားလေပဲ .. ဒါပေမယ့် ပေါတဲ့နေရာမှာပို့ပေါတယ်၊ ပြီးတော့ 'ကံဆိုးမ သွားရာ မိုးလိုက်ရွာ' တဲ့၊ ကံဆိုးခြင်းဆိုတာ တစ်ခုတည်းလေပဲလာတာ မဟုတ်ဘူး၊ အဖော်နဲ့ အပေါင်းနဲ့လာတာ ဆိုးပြီးရင်းသာဆိုးတာ .."

"ဒါဖြင့် ဆိုးတာတွေထဲကနေ အကောင်းမလာနိုင်ဘူးပေါ့ .."

ကျော် က မဖြေ ..။

"အရိပ်ကိုရောက်ဖို့အတွက် နေပူကိုဖြတ်နေတာပဲ၊ ဆိုးလွန်းရင် ကောင်းတတ်တယ်ဆိုတာလည်း မေ့လို့မရဘူး၊ ငါတို့ မြန်မာစကားပုံတွေ အများကြီးရှိလာခဲ့တာ ဘာလို့လဲ မင်းသိလား၊ ကံ,ကံ၏အကျိုးကို ယုံကြည်ကြလို့ပဲ ထိုင်နေလို့ဘာမှဖြစ်မလာတာ မှန်တယ်၊ ဒါပေမယ့် အလုပ်လုပ်ရင်း နစ်မွန်းသွားတာတွေ၊ ကြိုးစားသလောက် အောင်မြင်သွားတာတွေက ဘာလဲ .. အဲဒါ ကံတရားက အဆုံးအဖြတ်ပေးသွားတာပဲ .."

ဇော့် မျက်နှာက တော်တော်ကြီးထိတ်လန့်တုန်လှုပ်နေပုံရှိကာ သံသရာတစ်တတ်လည်ခြင်းကို တွေးရင်း ကြောက်ရင်းဖြစ်နေခဲ့လျက်..။

"ငါတော့ ယုံတယ် .. ချစ်တေး ဘဝပျက်ခဲ့ပြီးပြီ၊ သူ့အသက်သေလု မျောပါးထိလည်း ကံဆိုးခဲ့ပြီးပြီ .. အခု .."

"အခု ထပ်သေရမယ်ကွာ .. မင်းတို့မလုပ်ရဲရင် ငါလုပ်မယ် .."

"ကျော် ..."

"ဘာဖြစ်လဲ .. သူ့ရဲ့ ကျောထောက်နောက်ခံ ဘယ်လိုအင်အားရှိ

www.burmeseclassic.com

www.burmeseclassic.com



နေနေ ငါတို့ကတော့ အင်အားမဲ့နေလို့လား .. ကိုယ့်ရဲ့ ဂုဏ်သိက္ခာအတွက် အလောင်းချင်းထပ်သွားပေစေ .. ရှင်းကိုရှင်းရမှာပဲ ..”

ဇော်က ခေါင်းတရမ်းရမ်းဖြစ်နေကာ ..၊

“ငါတို့အစက မကျူးလွန်းခဲ့မိရင် အကောင်းသား ..”

ဟု လှိုက်လှဲကြေကွဲစွာညည်း၏။ ပြီးတော့ ကားဘော်ဒီမှာ လျှော ရိလျှောရဲ မှီပစ်လိုက်ရင်း ..၊

“အဲ့ဒီအချိန်တုန်းကသာ ခုလို စိတ်မျိုးရှိရင် ..”

“ညည်းလိုက်တာ ခိုထက်ဆိုးတယ်ကွာ .. ဘာဖြစ်လဲကွ လုပ်ရဲရင် ခံရဲရမှာပေါ့ .. လောကမှာ ငွေပဲကွ ..”

“ငွေစကားပြောကြေးဆို ဆွေစဉ်မျိုးဆက် အမွေအနှစ်တွေအားလုံး အရပ်မလျှော့ ဆက်ခံလာခဲ့တဲ့ ခနေ က ငါတို့ထက်ပိုတာပေါ့ကွ .. ဒါ ပေမယ့် သူကိုယ်တိုင် ဘာမှမလုပ်နိုင်ဘူးဖြစ်နေလို့ပြောနေတာ၊ သူ ပြောသမျှ နာခံရမယ်တဲ့ .. မကျေနပ်လို့ သူ့ကိုသတ်ပစ်လိုက်လည်း သူသာသေသွားမှာ ဒီပြဿနာက မအေးဘူးတဲ့ ..”

နောက်ထပ် ဒီနေရာလေးကိုပဲ ထပ်ပြောပြလိုက်ကာ ..၊

“ငါတို့က သူ့ကိုသတ်လည်း ..”

“တမင်ခြိမ်းခြောက်နေတာလည်း ဖြစ်နိုင်တာပဲ ..”

“ဘယ့်နှယ်၊ မင်းက မကြောက်ဘူးချည်းပဲ လာလုပ်နေတာလဲ ကျော် .. ငါတို့ကလည်း မိန်းမလေးတစ်ယောက်ကို ချိုးစီမ်းပါအောင် ကြောက်နေကြတာမဟုတ်ဘူး၊ မဟုတ်တာတွေလုပ်ခဲ့မိလို့ ..”

“ကိုယ်ကိုယ်တိုင်လုပ်ခဲ့တာကို မှားပြီဆိုပြီး အဖြစ်တွေထပ်တင် တော့ ဘာလုပ်လို့ရလို့လဲ .. ကိုယ့်ကိုယ်ကိုယ် မယုံကြည်ဘူးဆိုတည်းက မင်း ဘာမှလုပ်လို့မရတော့ဘူး၊ ငါတော့ မကြောက်ဘူး ပျော်ကောင် .. အခု အိမ်မပြန်သေးဘူး၊ ခနေ အိမ်သွားပြီး မြင်ဖူးအောင်ပြေးကြည့်လိုက် ဦးမယ် ..”



“ဘာ .. ဘာရယ် ..”

ဇော် က ထိတ်ထိတ်ပျာပျာဖြစ်သွားလျက် ..၊

“မင်းက သူ ရှာမတွေ့မှာစိုးလို့ မျက်နှာသွားပြမှာလား ..”

“တွေ့လား မင်း ဒါကျမှ တုံးနေတယ်၊ ခနေ ကို တွေ့နေတာမှ ငါတို့ကို မတွေ့နိုင်ဘူးထင်နေသလား ..”

“မထင်ပါဘူး .. ငါ့ကို ဖုန်းဆက်ပေမယ့် မင်းဆီ ဘာမှမရောက် တာ၊ နေသာရင် နေလိုက်ဦးပေါ့ကွ ..”

“ဘယ်လိုလုပ် နေသာမှာလဲ .. ဒီပြဿနာအစပေါ်ပြီဆိုတည်းက ငါတို့သုံးယောက်စလုံးပဲလေ၊ ဒီကောင်မ ငါတို့ကို တမင်အသံပေးပြီး ခြောက်လှန့်နေတာ၊ ကြွက်ကို ကြောင်ကစားသလိုလုပ်လာလို့ကတော့ ဘယ်သူက ကြောင်လဲဆိုတာ သိအောင်ပြရမှာပဲ ..”

မယုံကြည်သလို မကြောက်သလိုလုပ်နေပြီးမှ ကျော် ခေါ်သံတကြိမ် ထဖြစ်လာ၏။ ခနေ ကိုယ်တိုင် အကျပ်ရိုက်နေသည့်အဖြစ်ကို ကြားလိုက် ရသဖြင့် စိတ်တိုသွားတာဖြစ်သည်။

သူတို့သုံးယောက်ထဲမှာ ခနေ က ခေါင်းဆောင်နေသလိုမျိုး ဘာ ဖြစ်ဖြစ် ခနေ ပါမှပြီးသည်။ တစ်ယောက်တစ်မျိုး ဘယ်လိုစိတ်ကူးတွေ ရှိနေနေ ခနေ ရဲ့ စိတ်ကူးကိုသာ ရှေ့တန်းတင်ခဲ့ကြမြဲ ..။

ခုတော့ ခနေ ကစပြီး ဦးဆောက်ခြောက်နေရသည်။

ဒီမိန်းကလေး ဘယ်လိုအကွက်ရွှေ့နေတာလဲ ..။ သူ့ရဲ့နောက်ကွယ် က ရှိနေသေးတာ ဘယ်သူလဲ ..။

“မဖြစ်ဘူး .. ငါတို့ ဒီတိုင်းကျိုးလန့်စားနေလေ ဒီဟာလေး သဘောကျလေဖြစ်နေမှာ ..”

“အေး .. သဘောကျနေရုံပဲဆိုရင်တောင် သူ ကျေနပ်ပြီးတာပဲ လို့ ထားလိုက်နိုင်တယ်၊ အဖြစ်က ဒီ့ထက်အများကြီးပိုတွေးလာနိုင် တယ်ကွ .. ချစ်ဘေး ဘာတွေလုပ်ဖို့ကြံစည်ထားသလဲဆိုတာ ဘယ်လိုမှ

www.burmeseclassic.com

www.burmeseclassic.com



ခန့်မှန်းလို့မရဘူးဖြစ်နေတယ်၊ ငါတို့ သူ့ကို ဒုက္ခပေးလိုက်တာနဲ့ ဒီကိစ္စတွေကို အပေးအယူမရှိ ရှက်ကုန်ဖွင့်ချမယ့်သူက အဆင်သင့် ..."

"တောက် ..."

"ငါတို့ အဲ့ဒါကို ဦးဆောက်ခြောက်နေကြတာ၊ ကွယ်ရာကနေ အသံပေးရုံ ခြိမ်းခြောက်နေတာလည်းမဟုတ်ဘူး၊ ကိုယ်တိုင်အိမ်ပေါ်တက်လာပြီး ပြောင်ပြောင်စိန်ခေါ်တာ .."

ဒီတစ်ခါ ကျော့် ဆီက မယုံကြည်သည့်အသံထွက်မလာတော့ပေ။ ဂရုမစိုက်ဘူးလို့ပြောဖို့လည်း အင်အားမဲ့နေသည်လား မသိ ..။

ထိုစဉ် ဖုန်းမြည်သံကြောင့် ဘယ်သူ့ဆီကမှန်းမသိသဖြင့် မျက်လုံးချင်းဆုံသွားကြ၏။ သို့သော် ကျော် က ခေါင်းခါလိုက်ပြီး ..၊

"ငါ့ဖုန်းက အိတ်ထဲမှာ ပါဝါတောင်မဖွင့်ရသေးဘူး .."

"ဟုတ်လား .."

ပြောလိုက်မှ ဇော် က ဂျာကင်အိတ်ထဲမှာ လိုက်စမ်း၏။

"ဟုတ်တယ် .. ဘုံ့ ဆီက .."

ပြောပြီး ကျော့် ကို ကြည့်၍ ...

"မင်း ပြန်ရောက်လာတာ သူ သိနေတာလား .."

"သိချင်လည်း သိမှာပေါ့ .."

"ဘာလဲ .. ခေါ်မသွားလို့ မင်းကို တင်းနေတာလား .."

"မတတ်နိုင်ဘူး .. ဟိုကောင်ကလည်း တားနေတော့ .."

တကယ်တမ်းက ကိုယ့်အိမ်မှာလည်း ဘုံ့ နာမည်ကို သတိထားမိနေကြပြီမို့ ခြေလှမ်းများတာမျိုးမဖြစ်ချင် ..။

အိမ်မှာ 'ငါ့ အိမ်ထောင်ဦးစီး' ဆိုသည့် မာနနှင့် အပျော်ရှာတာကသပ်သပ်၊ စီးပွားရေး အိမ်ထောင်ရေးမှာလည်း မလစ်ဟင်းအောင်ကြိုးစားခဲ့သည်။ သမီးတွေ အရွယ်ရောက်လာကာမှတော့ 'ဒက်ဒီရော ဘာကောင်းလို့လဲ' ဆိုတာမျိုး အများထောက်မခံနိုင်ပါ။



ကိုယ် အပြင်မှာ ပျော်ရာရှာပြီး ပျော်သလိုဘယ်လိုနေနေ အိမ်ပြန်တဲ့အချိန်မှာ 'အိမ်ဦးနတ်' ပဲဖြစ်သည်။

"ပြောလေ .. ခုန က တားတုန်းကတော့ မင်း အကျွတ်တရားရတဲ့ပုံ မပေါ်ခဲ့ပါဘူး .."

"ဟုတ်တယ် .. ငါ့သမီးတွေက ကွိစိကွစအရွယ်လေးတွေမကတော့ဘူးကွ .. သားမယားကို ဂရုမစိုက်ဘူးဆိုတာလည်း စိုက်စရာမလိုလို့မစိုက်ခဲ့တာ၊ ကိုယ့်ဘက်က မှားလာရင် မယားကိုဖြစ်ဖြစ် သမီးကိုဖြစ်ဖြစ်ကိုယ်ကပြန်ကြောက်ရမှာ မင်း သိလား .."

"သိပ်သိတာပေါ့ ကျော် ရာ .. ဒါပေမယ့် မင်းက ဂျစ်တိဂျစ်ကန်သာနိုင်တာ ဆုံးဖြတ်ပြီဆိုရင် ပြတ်သားတယ်၊ ငါကတော့ မင်းလိုမဟုတ်ဘူး .. ငါ သူ့ကို .."

"ကဲ .. နောက်ထပ်ပြန်ခေါ်နေပြီ .. မင်းလိုမဟုတ်ဘူးဆိုရင်လည်း ကိုင်လိုက်တော့လေ .."

ဖုန်းကို ငုံ့ကြည့်ပြီး ဇော် ချီတုံချတုံဖြစ်နေ၏။ ကျော် ကတောင် ပြတ်သားခဲ့ပြီဆိုရင် သူက ရှေ့ဆက်နေသင့်သလား ..၊

ဘုံ့ ဘယ်လောက်ပဲလှနေပါစေ သူမကို တရားဝင်ပိုင်ဆိုင်ရဖို့ဆိုတာ မဖြစ်နိုင်ပေ။ စိတ်အလိုလိုက်ပြီး မရမက ယူပါလားဆိုရင်တောင် သူမကို ပွဲတက်မယားအဖြစ်တော့ နေရာမပေးနိုင်ပါ။

ပိုလှခြင်း မလှခြင်းကြောင့် မိန်းမချင်းမတူကြရင်တောင် လှတာမလှတာမှာ တန်ဖိုးသတ်မှတ်လို့မရပေ။ မိန်းမတစ်ယောက်ရဲ့ တန်ဖိုးဟာ အလှတစ်ခုပေါ်မှာပဲရှိနေတာမဟုတ် ..။

"ဟ .. ဘယ်လိုဖြစ်တာလဲ .."

ဇော် က ဖုန်းကိုပါဝါပိတ်ပစ်လိုက်ပြီး အိတ်ထဲပြန်ထည့်လိုက်တာ..၊

"ဘယ်လိုမှ မဖြစ်ပါဘူးကွာ .. ခုန မင်း ပြောခဲ့သလို ကံဆိုးခြင်းဆိုတာ သူ ရောက်လာရင်အဖော်နဲ့ အပေါင်းနဲ့လာတာ၊ ဒီမှာ ပြဿနာ

www.burmeseclassic.com

www.burmeseclassic.com



ဘစ်ခုကို ဘယ်လိုရှင်းရမယ်မှန်းမသိသေးဘူး၊ နောက်ထပ်တစ်ခုဖြစ်လာရင် သွားပြီ ..."

"အေးပေါ့ သားတွေမွေးထားတာဆိုတော့ ပူရတာပေါ့ ..."

"သားလည်း ပူရတာပဲ ကျော် ခြေရာချင်းတိုင်းမယ် .. ပခုံးချင်းတိုင်းမယ် ပခုံးချင်းယှဉ်မယ်ဖြစ်လာရင် သားတွေပဲ၊ သမီးနဲ့ နှယ်တာက မိခင်တာဝန်၊ သားနဲ့ နှယ်တာက အဖေ၊ သားတွေမွေးထားတာမို့လို့ ငါက စံပြဖြစ်သင့်နေတာ၊ ပြီးတော့ ဘို့ ကို မင်းသိနေတာပဲ သူက လှသလောက် လောဘကြီးတယ်၊ စိတ်ရင်းလေးဖြူနေတော့ သူလောဘကြီးတာ ပိုသိသာတယ် ..."

"လောဘမဟုတ်ပါဘူးကွာ .. သူက တကယ့်အရိပ်ကောင်းကို လိုချင်နေတဲ့ မိန်းကလေးပါ၊ တော်ရုံ မိန်းကလေးက ဘယ်ယောကျ်ားနဲ့ ဘာကြောင့် ပတ်သက်ခဲ့တယ်၊ ဘယ်လိုကွဲသွားတယ်ဆိုတာတွေ ပြောမပြပါဘူး၊ သူက သူ့ကိုအလိုလိုက်တာလိုချင်တယ်၊ အဲဒီယောကျ်ားက ပြည့်စုံကြွယ်ဝနေတာဖြစ်စေချင်တယ် ..."

"ဒါကတော့ကွာ ..."

"ဟုတ်တယ် .. သူက ဖြူစင်ပေမယ့် ရယူချင်တဲ့ လောဘက မဖြူဘူးဖြစ်နေတော့ လမ်းကြောင်းမှားနေတာပေါ့၊ ဒါကြောင့်လည်း ပေါ်ပြူလာဖြစ်နေတဲ့ ငါတို့သုံးယောက်စလုံးနဲ့ သူ ပတ်သက်မိနေတာပေါ့၊ ငါတို့မှာ အိမ်ထောင်ရေးတွေရှိမှန်းသိနေပေမယ့် တစ်ယောက်ယောက်ကိုတော့ သူ မှီခိုချင်နေတုန်းပဲ ..."

"ခက်နေတာက ငါတို့ကလည်း အပျော်ထက်မပိုနိုင်ဘူးလေ ..."

"ဟုတ်တယ် ..."

"ငါ ခုထိ သူ့ကို တမ်းတနေတုန်းပဲ၊ ဒါပေမယ့် နှလုံးသားက အလိုဆန္ဒတစ်ခုအတွက်ပဲ ဖြစ်သင့်တယ်ဆိုတာ ခု နားလည်နေပြီ .. ဟူး"

ဇော် က ပင့်သက်မောကြီးကို ရှည်လျားစွာ မှုတ်ထုတ်ပစ်ရင်း ...၊



"သူနဲ့ အရင်ဆုံဆည်းမိခဲ့တာဆိုရင်လည်း ကောင်းသား ..."

ဘို့ ရဲ့ ဖုန်းကို မကိုင်ဘဲ နေလိုက်ရခြင်းနှင့်ပတ်သက်၍ ဇော် ရော်မဆန့် မျိုသိပ်ခံစားလိုက်ရမှန်း ပြုံကျမလိုမျက်နှာကြီးက သက်သေခံနေသည်။

လောလောဆယ် ခြေတုန်လက်တုန်ဖြစ်အောင် ခြောက်ခြားနေရသည့် ပြဿနာကိုတောင် မေ့လျော့သွားပုံရှိလျက် ...၊

"နေဦး မင်းကို ငါ ဘာပြောမလို့ပါလိမ့်၊ ပြောလက်စ စကားတွေ ဘယ်ရောက်ကုန်လဲတောင် မသိတော့ဘူး ..."

"မင်း ဘယ်သိတော့မလဲ .. အချစ်နတ် ဖမ်းစားသွားတာလေ၊ ပြောရရင် ဘာလဲ .. ဘို့နတ် ဖမ်းစားခြင်း ..."

"အေးပါပြောပါ .. မင်းတို့ကတော့ ပြတ်နိုင်စဲနိုင်ကြတာကိုး..."

"ဟုတ်တယ် .. ငါကတော့ ထိရင်ထိတယ်မှတ်၊ သိရင်သိတယ်မှတ်ပဲ ..."

"ဟုတ်တယ် .. ငါလည်းသိပြီ .. မင်းကို ဓနု ဆီကရထားတဲ့ပုံတွေ ပြမလို့ ..."

"ချစ်တေး လား ..."

"ဟုတ်တယ် .. အခုမဟုတ်တော့ဘူး 'အရိပ်ဟောင်း' တဲ့ ..."

"အရိပ်ဟောင်း ..."

ထပ်ပြီး ရေရွတ်ရင်း ကျော် က ပခုံးနှစ်ဖက်တွန့်ပြီးရယ်၏။

"ဒီကိစ္စကို တော်တော်ကြိုတင်စီစဉ်ခဲ့တာပဲ၊ နာမည်ကတော့ အဓိပ္ပာယ်ရှိပဲ ..."

"အေး .. လူကရော ဒဏ္ဍာရီဆန်ရဲ့လား ကြည့်ပါဦး ..."

"ကြည့်ရတာ တော်တော်လန်းတဲ့ပုံပဲ၊ ဇော့် မင်း နောက်ထပ်တစ်ကြိမ် ပုံကိုကြည့်ပြီး မနောက်နဲ့ ဘယ်လောက်တောင်ဖြစ်မှားပြီးပြီလဲ..."

"ဟောကောင် .. ဟောကောင် .. လျှောက်ပြောမနေနဲ့၊ ငါ လှမ်းထောင်း

www.burmeseclassic.com

www.burmeseclassic.com



လို့ သူ ပို့ပေးလိုက်တာ ဖွင့်တောင်မကြည့်ရသေးဘူး ..”

“ဟုတ်လို့လား ဖော် .. တော်တော်လှတယ်လို့ မင်းပဲ ပြောလိုက်တာလားလို့ ..”

“ငါပြောခဲ့ရင်လည်း ငါ့ကို နေ ပြောထားတာပဲနေမှာ၊ ငါ ဖွင့်ကြည့်နေတုန်း အိမ်မှာ လူမလစ်တာနဲ့ ပြန်ပိတ်ထားလိုက်ရတာ တစောင်းပုံလားဘာလားပဲ .. သူလည်း အလစ်ရိုက်ထားတာနေမှာပေါ့ ..”

စကားပြောနေရင်းမို့ ဖုန်းကိုင်နေရတာ မပြီးမြောက်နိုင် ..။

ထိုစဉ် လင့်ခရူဇာကားကြီးတစ်စီးက သူတို့ဆီတည့်တည့်ကြီးမောင်းဝင်လာ၏။ ဆေးမှာ လမ်းအကျယ်ကြီးပါ။ ပြီးတော့ ဒါက မီးပွိုင့်တွေလည်း နီးတာမဟုတ်သော မြေနီလမ်းကြမ်းဖြစ်၏။

“ဘာလဲဟ .. ငါတို့နဲ့သိလို့လား ..”

“လာတဲ့ပုံကတော့ ငါတို့ဆီကိုပဲကွ .. ဘယ်သူလဲမသိ .. သိပ်ဟား .. သောက်တုံး .. ငခွေး .. ငအေး ..”

“ဟာ .. ဟာ .. ခွေးသူတောင်းစားကား ..”

သိလို့လာတာမဟုတ်ဘဲ မျိုးတုံးပစ်ဖို့မှန်းသိလိုက်ရချိန်မှာ နောက်ကျောမှာကား ရှေ့မှာကားနှင့် နံပြားဖြစ်ရန် လက်တစ်ဝါးလောက်အလို ..

“ကျွီ ...”

“ဂျွတ် .. ဂျွတ် .. ဖျော ..”

ကားသာရိုက်အုပ်သံ .. ကျောက်ခဲလုံးတွေစင်ထွက်၍ ဘီးပွတ်သွားသည့်အသံတွေပါ ဆူညံသွားခဲ့၏။ နှစ်ယောက်စလုံး ဒီတစ်ခါတော့သွားပြီဆိုသည့်အသိနှင့် မျက်နှာတွေလွှဲ၍ မျက်လုံးတွေပါ မှိတ်ပစ်လိုက်မိကြသည်။

လှုံကိုပြေးစင်လာကြသည့် ကျောက်စလစ်ခဲလေးတွေကြောင့် ခြေထောက်တွေ တင်ပါးတွေလည်း စပ်ဖျင်းနာကျင်ကုန်ကြကာ ..။

“ဂျိမ်း ...”



အသံဗလံတွေတိတ်ကျသွားပြီး တံခါးပိတ်သံကြားလိုက်ရကာ ..၊

“ဆောရီးပါနော် .. ဒီကပုဂ္ဂိုလ်တွေကို အနူးအညွတ်တောင်းပန်ပါတယ်၊ ကျွန်မ ကားသိပ်မမောင်းတတ်လို့ပါ ..”

စကားသံလေးက ချိုကြည်နေသည်။ လှည့်ကြည့်လိုက်တော့ အုံ့မှိုက်သည့်မိုးသားတွေအောက်မှာ ပန်းသွေးရောင်ရဲရဲနှင့် ပခုံးသာသာပလာက်ပဲရှိသည့် ဆံနွယ်ပျော့ပျော့လေးတွေက ကော့ဖီရောင်လက်နေ၏။

နှစ်ရောင်ပြေးနေသည့် မျက်မှန်က သူမရဲ့ လေးထောင့်ဆန်ချင်သည့် မျက်နှာနုနုလေးထက်မှာ လိုက်ဖက်စွာရှိနေ၏။

ကျော် နဲ့ ဖော် တို့ရဲ့ နောက်ဆက်တွဲပါလာသည့် ဒေါသတွေက သူမ မျက်နှာလေးထက်မှာပဲ ပျောက်ရှပျက်ဆီးသွားခဲ့ပြီး ..၊

“တော်တော်လန့်သွားတယ်ထင်တယ် .. ကျွန်မလည်း ရှောင်ဖို့ကြိုးစားပါတယ်၊ ဟိုလေ .. တအားကြောက်သွားတာနဲ့ ဘာလုပ်လိုက်မိမှန်းကိုမသိလိုက်တော့ဘူး၊ အဲ့ .. အဲ့ဒါ မထိသေးလို့တော်သေးတာပေါ့ထပ်ပြီးတောင်းပန်ပါတယ်နော် .. ကျေနပ်တယ်မို့လားဟင် ..”

“အင်း .. ရပါတယ် ..”

ကျော် အချိန်မီ တွေ့ဆြေဆယ်နိုင်ပေမယ့် ဖော် က ငေးနေဆဲ ...

ထို့ကြောင့် ဖော့် ရှေ့ကနေ ခပ်ကွယ်ကွယ်ရပ်လိုက်ကာ ..၊

“နောက်ဆို သတိထားမောင်းပေါ့ ..”

ပြောလိုက်ပြီး ရွှေအိုရောင်လင့်ခရူဇာကို တစ်ချက်ကြည့်ကာ ကားနှစ်စီးကြားထဲက ထွက်လိုက်သည်။ သူမက နောက်ဆုတ်ဖယ်လိုက်ပြီး အားရဝမ်းသာဖြစ်သွားသည့် မျက်နှာလေးနှင့် မျက်မှန်ကိုချွတ်၍ ...

“ကျေးဇူးတင်လိုက်တာ .. သေဖို့နီးသွားတာတောင် ခွင့်လွှတ်တယ်နော် ..”

ပြောချလိုက်တာ တစ်တစ်ခွခွ ..။

ဒါပေမယ့် သူမရဲ့ နီမြန်းနှုတ်နေသော ပါးပြင်လေးတွေ..ရှိုး

www.burmeseclassic.com

www.burmeseclassic.com



လတ်နေသည့် မျက်ဝန်းလေးတွေကြောင့် ကျော် ဘယ်လိုပဲ ခပ်တည်တည် ဟန်လုပ်နေပေမယ့် 'လှလိုက်တာ' လို့ ရေရွတ်ခြင်းက ရင်ထဲမှာပဲ ထင်ဟပ်သွားခဲ့၏။ ငေးသွားမိတာကိုလည်း မရုတ်သိမ်းနိုင် ..။

သူမက ကားဘီးရှေ့မှာ ကြိတ်လုကြိတ်ခင်ရှိနေသော ဖော့ ဖုန်းကို ကောက်ယူပေးလိုက်ရင်း ..၊

"ရှင်တို့က သဘောထားကြီးတာလား .. တကယ်မသေလို့ပဲ ခွင့်လွှတ်နိုင်တာလားတော့မသိဘူး၊ ဒါပေမယ့် ကျေးဇူးပါပဲ .."

ပြောလိုက်ပြီး မျက်မှန်ပြန်တပ်သည်။ နောက်ပြန်နှစ်လှမ်းလောက်ဆုတ်လိုက်ပြီးမှ ချာခနဲလှည့်ထွက်သွား၏။

ကိုယ်မှာ ကပ်ချပ်နေသည့် စကတ်ရှည်ကြီးက ခြေသလုံးအထက်နားထိ ခွဲချထားသဖြင့် ဖွေးနုသွယ်လျသော သလုံးသားတို့၏အလှက ဒီတိုင်း ..။

ဖိုင့်ဒေါက်ကြီးက ခြေထောက်အလှလေးအောက်မှာ ကြောက်စရာကောင်းအောင် မြင့်မားနေသော်လည်း သူမ စီးသွားသည့်ပုံက ပေါ့ပါးလွန်းနေသည်။

ကားပေါ်တက်သွားသည်အထိ သူမရဲ့ နောက်ပိုင်းအလှမှာ နစ်မျောနေခဲ့ကြကာ ..၊

"ဂျရီး ..."

"ဝူးဟ် .. ကျလစ် .."

"ဟ ..."

ကားပေါ်တက်လိုက်ပြီး နောက်ပြန်ဆုတ်ပစ်လိုက်တာ အကြမ်းပတမ်း ..။

ထို့ပြင် လမ်းပေါ်ပြန်ဝိုက်တက်စဉ်မှာ သူတို့နှစ်ယောက်ဆီ နောက်တစ်ကြိမ်ဦးတည်လာပြီး ဝင်တိုက်တော့မလို နီးကပ်လာမှ ဝေါခနဲဝိုက်ကွေ့သွား၏။



"ကြည့်စမ်း .. ဒါ .. ဒါလား မမောင်းတတ်တာ .."

"အေးကွ .. ဒါ တမင်လုပ်တာ .."

ဒီထိ ကျော့် ရင်ထဲမှာ ဒေါသဓောဟ အံ့သြခြင်းဘာမှမပါသေးပေ။ သူမရဲ့ မျက်နှာလေးနဲ့ တပ်မက်မေ့မူးဖွယ်ကောင်းရှင်းလှပနေသည့် ကိုယ်လုံးအလှလေးက မျက်စိထဲကမထွက်နိုင် ..။

ထို့ပြင် နှုတ်ခမ်းမှာ အပြုံးသဲ့သဲ့ဖြစ်ထွန်းလာရင်း ..၊

"နောက်ထပ် ဘုံ တစ်ယောက်များ ထပ်တိုးလာတာလား .."

ဟု မချိုမချဉ်မျက်နှာနှင့် ပြောလိုက်၍ ...

"ဇာတ်လမ်းလာလုပ်နေတာ .."

ဟု ဆုံးဖြတ်ချက်ချလေသည်။ ထိုစဉ် ...

"ဟာ .. ဒီ .. ဒီမှာ ကြည့်စမ်း .."

သူမ ပြန်ကောက်ပေးသည့် သူ့ဖုန်းမှာ ထမင်းစားနေသည့် မျက်နှာတစောင်းနှင့် ရေသောက်လို့ မော့နေသည့် မျက်နှာလေးသည်။

"ဒါ .. ဒါ သေချာကြည့်စမ်း .. ငါ မျက်စိမှားတာလား .."

ဖော် ကယောင်ချောက်ချားကြီးဖြစ်နေ၏။ ပြီးတော့ ပြုတ်ကျသဖြင့် စခရင်(မ်)ကြောင်သွားကာ ဒီတိုင်းပွင့်နေသည့်ဖုန်းကို ကျော့်လက်ထဲထိုးထည့်သည်။

"ကျော် .. ဒီမှာကြည့်စမ်းဆို .."

သူ ဒီပုံကိုပြမလို့ဖွင့်နေတုန်း ကားကြောင့် ပြုတ်ကျသွားတာဖြစ်သည့် ကျော် က ဖုန်းကြောင်သွားတာကို ပြနေသည်ပဲထင်ကာ ..၊

"ဒီလောက်ပြုတ်ကျမှတော့ .."

"မဟုတ်ဘူးကွ .. ဒီမှာ .. အရိပ်ယောင်း .."

ဟင် ..၊

ကျော့် မျက်လုံးတွေစူးရဲကျဉ်းမြောင်းသွားသည်။ ကမန်းကတန်းကပ်ကြည့်လိုက်ရင်း ..၊

www.burmeseclassic.com

www.burmeseclassic.com



"အရိပ်ပေါင်း .. ဟုတ်လား .."

ဟင် ...၊

ကျော့် မျက်လုံးတွေ စူးရဲကျဉ်းမြောင်းသွားသည်။ ကမန်းကတန်း ကပ်ကြည့်လိုက်ရင်း ...၊

"အရိပ်ပေါင်း .. ဟုတ်လား .."

"ဟုတ်တယ် .. အဲ့ဒါ ခုန ကောင်မလေးမို့လား .."

'ဟုတ်တယ်' ဆိုသည့်စကားက နှုတ်မှမထွက်ဘဲ ရင်ထဲမှာပဲ ကျယ်လောင်သွားသည်။

"ကြည့်စမ်း .. ငါတို့ကို သက်သက်လုပ်ပြသွားတာ .."

"ဟုတ်တယ် .. သူ သတ်ပစ်လို့ရတယ်ဆိုတာ ပညာပြသွားတာကွ .."

"ဟေ့ကောင် .. ကားပေါ်တက် .."

"ဘာလုပ်မလို့လဲ .."

ကျော် က ဘာမှမဖြေဘဲ ကားပေါ်ပြေးတက်ပြီး လင့်ခရူဇာကို ရှာပုံတော်ဖွင့်၏။

"မင်းကလည်းကွာ .. သွားတာကြာလှပြီဥစ္စာ .. ဘယ်တွေ့ .. ဟင်"

"ဘာလဲ ..."

ဘက်ခ်မှန်ထဲကိုကြည့်၍ ဖော် မျက်လုံးပြူးသွားသည်။ ထိုကားက သူတို့နောက်မှာ ..။

ကျော် ကလည်း လှည့်ကြည့်ကာ ..၊

"ဟုတ်တယ် .. ဒီအရောင်မျိုးက အများကြီးမရှိနိုင်ဘူး .. သူပဲ"

"မင်း ဘာလုပ်မလို့လဲ ကျော် .. သူ့ပုံစံကြည့်ရတာ ငါတို့ကို ဂရုမစိုက်လို့သာ သူ့ကိုယ်သူ သားကောင်အဖြစ်မခံဘဲ မုဆိုးလိုနေနေတာနော် .."

"ဘာဖြစ်ဖြစ် .."

မီးပွိုင့်မရောက်ခင် ကျော် က ကားကိုအရှိန်လျှော့ချပစ်လိုက်၏။



ထိုအခါ လင့်ခရူဇာက သူ့ကို ကျော်တက်လာ၏။ သို့သော် ဘေးချင်းယှဉ်မိတာနှင့် သူမရဲ့ဘေးမှာ လျှောခနဲကျသွား၏။

ကျော် ကလည်း မှန်ချပစ်လိုက်လျှင် ...၊

"ဖက် ..."

"ဘာလဲ .. ဘာလုပ်လိုက်တာလဲ .."

အဖြူရောင်တစ်ခုခု သူတို့ရှေ့ကိုကျလာတာမြင်လိုက်ပြီး ပြန်မော့ကြည့်လိုက်တော့ သူမက ပီကေဝါးနေသည့် နှုတ်ခမ်းခပ်လှုပ်လှုပ်နှင့် ပြုံး၍ မှန်ကိုပြန်တင်လိုက်သည်။

ပြီးတော့ အေးဆေးမောင်းထွက်သွား၏။

"စာကွ ..."

ကိုယ့်ဆီရောက်လာသည့် အရာပေါ် စိတ်ဝင်စားသွားသဖြင့် ကျော် ဆက်မလိုက်တော့ဘဲ ဖော့် အသံကိုသာ နားစွင့်နေလိုက်မိသည်။

စာရွက်လုံးကိုဖြည်လိုက်တော့ ချက်ချင်းကောက်ကက်ခြစ်ထားသလို ဆော့ပင်နှင့် ရေးထားသည့်စာလုံးတွေက မညီမညာ ..။

... သွေးလန့်ချောက်ချားမနေနဲ့ နင်တို့အလှည့်မလာသေးဘူး –

"တောက် ..."

မိန်းမသားတစ်ယောက်က ခြိမ်းခြောက်တာခံနေရတာလောက် အသည်းယားဖို့ကောင်းတာမရှိ ..။ တက်ခေါက်မိပေမယ့် စွဲလောက်အောင်လှနေသည့် မျက်နှာကိုလည်း မဖျောက်နိုင် ..။ ခေါသကိုလည်း ချုပ်တီးဖို့ခက်နေ၏။

မကျေနပ်ရင် ရှင်းကြရုံပဲမဟုတ်ဘူးလား ..၊

ဒါ .. ဘာအချိုးမျိုးလဲ ..။

♥♥♥

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၂)

"ဟင် .. မောင် အစောကြီးပြန်လာတယ် .."

"ဟုတ်တယ် .. စိတ်သိပ်မကြည်တာနဲ့ .."

ဒါပဲ ဖြေခဲ့ပေမယ့် လှက် အတွက် တွေးစရာတွေဖြစ်သွား၏။ ဘာမဆိုဖြစ်အောင်လုပ်တတ်သည့် နေ အတွက် ခေါင်းခဲနေရသည့် အဖြစ်မျိုးက ရှိခဲ့ပါသည်။

ပြီးတော့ တစ်ခါမှလည်း ဒီလောက်ထိ မျက်နှာပျက်တိတ်ဆိတ်နေတာမျိုး မဖြစ်ခဲ့ပေ ..။

"မောင့် ရေချိုးလိုက်လေနော် .."

"သံပုရာရည်တစ်ခွက်ပဲလုပ်ကွာ .. ခေါင်းတွေနောက်နေတယ်.."

ကိုင်လာသည့် အိတ်ကို ပေးလိုက်ပြီး ချိုင်းကြားညှပ်ထားသည့် အိတ်ကိုတော့ ဒီတိုင်းပဲ စားပွဲပေါ်ချထားပြီး ဆိုဖာမှာ ဝင်ထိုင်လိုက်သည်။

မျက်နှာကို ဖိပွတ်ပစ်လိုက်ရင်း နောက်မှီမှာ ပက်ခနဲမှီ၍ မျက်နှာမော့ မျက်လုံးမှိတ်လိုက်၏။ ဒီမျက်လုံးတွေ မှိတ်မှိတ်မမှိတ်မှိတ်အလုပ်တွေ မနားမနေ ဘယ်လောက်ပဲ ဖိလုပ်နေပါစေ ချစ်တေး ရဲ့ မျက်ဝန်းတွေကို ဖျောက်လို့မရပေ။



'အလှည့်ကျရင်တော့ မနဲ့နဲ့ပေါ့' ဆိုသည့် စကားသံတွေလည်း ကြားဖန်များလွန်းလို့ ကိုယ့်နားတွေကိုတောင် စိတ်နာမိသည်။

"အလှည့် .."

"အလှည့် .."

ဒီစကားကို သတိရလိုက်တိုင်း 'အလှည့်' ဆိုတာကိုပဲ တွေးမိနေသည်။ ဘယ်လိုမှ မထင်မှတ်ခဲ့သည့်ကိစ္စတစ်ခုက သူ့ရဲ့ အနာဂတ်တစ်ခုလုံးကို မွှေနှောက်ပစ်နိုင်သည်လား ..။

"မောင် ..."

အနားကပ်ခေါ်လိုက်သည့် အသံကြောင့် ဆတ်ခနဲဖြစ်သွားမိသည်။ လှက် က သူ့ နဖူးပေါ်မှာလက်နုံလေးကပ်ထိကာ ..၊

"နေကောင်းရဲ့လား မောင် .."

"ကောင်းပါတယ် .."

သံပုရာရည်ကို ယူလိုက်ပြီး ဘာမှမဖြစ်သလိုဖြေကာ ..၊

"သမီးတို့ ပြန်မရောက်သေးဘူးလား .."

"မရောက်သေးဘူးလေ မောင်ရဲ့၊ ဒီအချိန်လောက်မှ ကျောင်းဆင်းမှာကို၊ မောင့်ကို ပြောရဦးမယ် သမီးနဲ့ သားက အရိုပ် ကို ချစ်ကြတယ် သိလား .. အရိုပ် ကလည်း ဂရုစိုက်တယ်၊ ခုလည်း သူပဲ သွားကြိုလိုက်မယ်ဆိုပြီး .."

"ဘာ ..."

"အို .. မောင် .."

နှုတ်ခမ်းနဲ့ ထိခါနီးမှ ဒေါသနှင့် လက်တွန်းသွားသဖြင့် သံပုရာရည်တွေ ဖိတ်စင်ကာ ..၊

"မောင်ရယ် ..."

လှက် ကိုရော သူ့ပေါင်ပေါ်မှာ စွတ်စိုကုန်လျက် ..၊

"ဒေါက် ..."

www.burmeseclassic.com

www.burmeseclassic.com



ဘာကိုဖြစ်ဖြစ် ခနဲ ဂရုမစိုက်နိုင်ဘဲ ဖန်ခွက်ကို ဒီတိုင်းဆောင့်ချလိုက်၏။

"မင်း ဘာဖြစ်လို့ ဒီမိန်းမကို ကြိုခိုင်းလိုက်တာလဲ လက်၊ ငါ မကြိုက်ဘူးလို့ပြောထားတာကို မင်း တမင်လုပ်တာ .."

"မောင် မကြိုက်တာသိပေမယ့် တမင်လုပ်တာတော့ မဟုတ်ဘူး မောင် .."

ခနဲ ဝုန်းခနဲထရပ်လိုက်သလို ထမီပေါ်က ရေစိုကွက်တို့ကို ခါချရင်း လက် ကလည်း ထရပ်လိုက်ကာ ..၊

"မောင် မကြိုက်ဘူးဆိုတဲ့ နေထိုင်ပုံတွေ၊ ဝတ်စားဆင်ယင်မှုတွေ လက် သူ့ကိုပြောပြတယ်၊ သူ အတတ်ဆုံးပြုပြင်ပါ့မယ်တဲ့၊ ကလေးတွေ ကလည်း စိမ်းနေသေးတယ်၊ ဒါကို သူ့ဘက်က ရင်းနှီးအောင်ကြိုးစားခွင့်ရှိတယ်လေ .."

"မရှိဘူး .. ငါ့သားသမီးတွေနဲ့ ရင်းနှီးခွင့်လုံးဝမရှိရဘူး .."

လက် ရဲ့ စကားကို ခနဲ ဘာတစ်ခုမှ လက်မခံ ..။

အနီးအနားမှာ ခန်းဆီးတွေဖြတ်၊ ကြမ်းတိုက်လုပ်နေကြသည့် အိမ်အကူ မိန်းကလေးတွေက လင်မယားနှစ်ယောက်စကားများကြပြီ ထင်ကာ နောက်ထဲဝင်သွားကြ၏။

ထို မိန်းကလေးတွေကို လှည့်ကြည့်၍ လက် ရဲ့ မျက်ဝန်းလေးတွေ မျက်ရည်စတို့ ဝေတက်လာ၏။ ခနဲ က ဂရုမစိုက် ..။

"သူ့ကို ဒီမှာတစ်ပတ်ပဲ နေခွင့်ရှိတယ်လို့ ငါ ဆုံးဖြတ်ပေးပြီးသား.."

"လက် ကလည်း မိသားစုတွေအပေါ် သည်းခံပြီး ချစ်ခင်ရင်းနှီးမှု ရဖို့ကြိုးစားပါလို့ ပြောခဲ့တယ် မောင် .."

ခနဲ က ဇနီးဖြစ်သူကို အံ့ဩသော မျက်ဝန်းတို့နှင့်ကြည့်၏။ အိမ်ထောင်သက်တမ်းတစ်လျှောက်မှာ သူ့ကို သူမ ခုလို အတိုက်အခံပြန်ပြောခဲ့ဖူးတာမရှိ ..။



"ဘာ .. မင်း ဘာပြောလိုက်တယ် လက် .."

"မောင့်လိုပဲ ဒီအိမ်မှာ လက် လည်း ဆုံးဖြတ်ပေးခွင့်ရှိတယ်မို့လား မောင် .. မောင်က တစ်ချက်လွှတ်အမိန့်လို့ မပြောသရွေ့ မောင့် ဆုံးဖြတ်ချက် မောင့် သဘောကို ပြောင်းလဲပြင်ဆင်လာအောင် လက် က ကြိုးစားခွင့်ရှိတယ် မဟုတ်ဘူးလား .."

"တစ်ချက်လွှတ်အမိန့်လို့ ထည့်ကြေညာရအောင် ငါက နိုင်ငံတော်သမ္မတမှမဟုတ်ဘဲ .."

"လက် ကလည်း သမ္မကတော်မဟုတ်ဘူးလေ .. မောင့် အမိန့်ကို လက် က မနာခံသလိုဖြစ်သွားရင်တောင် မောင် နားလည်ပေးသင့်ပါတယ်၊ အိမ်အလုပ်သမားတွေရှေ့မှာ လက် ကို မောင် ဒီလောက်ထိ ဆူပူမာန်မဲဖို့မလိုပါဘူး .."

"ငါ အမြဲ ဒီလိုပဲ ပြောနေကျ .."

"အခု သူစိမ်းဖက်လာပြီ .. ဒီအိမ်မှာ မောင့်သဘောတစ်ခုပဲ တည်တယ်ဆိုရင် လက် က ဘာလဲ .."

"ဟေ့ .. မင်း ပြောနေသလောက်မကြီးကျယ်ဘူး၊ အခု .. ငါပြောနေတာ အရိပ်ဟောင်း နဲ့ပဲ ပတ်သက်တာ .."

"အရိပ်ဟောင်း က မောင့် ညီလေး သိပ်စွဲလန်းနေတဲ့ မိန်းကလေးပါ မောင် .. မောင် သဘောတူတူ မတူတူ သူ အခု အိမ်ပေါ်ရောက်နေပြီ .."

"အဲဒါ သိက္ခာရှိတဲ့ မိန်းမတစ်ယောက်လုပ်တဲ့ လုပ်ရပ်လား .."

"ဒီမိန်းမကိုမှ စွဲလမ်းနေတဲ့ မောင့်ညီရဲ့ မျက်နှာကို မောင် ငဲ့လို့မရဘူးလေ၊ သူ့ကို မောင်တစ်ခုခုစော်ကားမော်ကား ဆက်ဆံလိုက်လို့ သူ ဒီကဆင်းသွားရင် အရောင် က မောင့် ရင်ခွင်ထဲမှာပဲ ပိုအရင်ဘုန်းကလို ခေါင်းငိုက်စိုက်နဲ့ ကျန်နေခဲ့မယ် မောင် ထင်သလား .."

"တောက် ..."

www.burmeseclassic.com

www.burmeseclassic.com



သူ ဘာမှထပ်မကြားချင်တော့ပေ ..။ ချထားသည့် လက်ကိုင်အိတ်ကြီးကို ခပ်ဆောင့်ဆောင့်ကောက်ယူလိုက်ပြီး အိမ်ရှေ့ကို ပြန်ထွက်ခဲ့သည်။

"မောင် ဘယ်သွားမလို့လဲ.."

"ကျောင်းကို .."

လက် မျက်နှာလေးမဲ့သွားကာ ဘာမှလည်းမပြောနိုင်ဘဲ ရပ်ကြည့်ကျန်ခဲ့၏။ ခရိုင်ဘာတိုခေါ်ပြီးတော့ သော့ယူလိုက်ကာ မနေ က ကိုယ်တိုင်မောင်းသွားပြီး ..၊

"တောက် ..."

တက်ခေါက်လိုက်မိကာ ဒေါသက လက် ကိုပဲ မပြီးနိုင်အောင်ဖြစ်နေမိသည်။ မိန်းမတွေ တစ်ခုခုဆို ဘာဖြစ်လို့များ ဗရာဇာသီချဲ့ချင်နေကြမှန်းမသိ ..။

ခနီးမယားရဲ့အလုပ်က လင်ယောကျ်ားရဲ့ ဦးဆောင်မှုနောက်က ဖဝါးထပ်မျှလိုက်ပါရမှာမဟုတ်ဘူးလား ..။ တမင်တကာ အဲ့ဒီလိုဖြစ်စေချင်လို့ ရွှေလက်ဖြာ ဆိုတဲ့ အေးစက်စက်ခပ်ထုံထုံမိန်းမကို ယူထားခဲ့တာ၊ ကိုယ့်ဘာသာဝါးစပ်က ဖွင့်ပြောမိတဲ့အထိ ဒေါသက အကင်းမသေနိုင် ..။

"ဆရာမ .."

ကားပေါ်ကဆင်းပြီး တံခါးကို ဂျိမ်းခနဲဆောင့်ပိတ်၍ ဆရာမကို လှမ်းခေါ်လိုက်သည်။ အကျွာအဝေးက လှမ်းနေသေးတာမို့ အဖြူနဲ့ အစိမ်းဝတ်ထားသည့် အသက်ငါးဆယ်လောက်ခပ်ဝဝ ဆရာမတစ်ယောက်က ရပ်စောင့်နေ၏။

"ကျွန်တော်က .."

သူ့ကိုယ်သူ မိတ်ဆက်နေရတာလည်း စိတ်မရှည်၊ ဒါပေမယ့် သူကိုယ်တိုင် ကျောင်းကိုလာခဲ့တာမို့ ဆရာ၊ ဆရာမတွေနဲ့ မသိခဲ့တာလည်း



အမှန်ပင် ..။

"ကလေးတွေကို သူ့အိမ်က လာကြိုသွားတယ်လေ .."

"အထဲက .."

"အထဲက ကလေးတွေက ဖယ်ရီနဲ့ပြန်မယ့်ကလေးတွေကွယ့်.. ဖယ်ရီနောက်ကျနေလို့ .."

ဒေါသက ထောင်းခနဲဖြစ်သွားသည်။ ဆရာမရှေ့မှာ တက်မခေါက်မိအောင် တော်တော်ထိန်းလိုက်ရ၏။ အိမ်ပြန်ရောက်တာတောင် သင်းက ပြန်မရောက်သေး ..။

"လက် .."

"လာပြီမောင် .."

လက် ကလည်း ကားသံကြားတည်းက ထွက်လာတာဖြစ်မည်။ သူ ခေါ်လိုက်တာနှင့် အနားရောက်လာပြီဖြစ်ကာ ..၊

"သားတို့လား .. သားတို့က နှင်းပုလဲရေခဲမုန့်ဝင်စားနေကြတယ်တဲ့ မောင် .."

"ဘာ ..."

"သားငယ်လေးက နှင်းပုလဲရေခဲမုန့်သိပ်ကြိုက်တာ မောင် သိသားနဲ့ .."

"မောင် သိသားနဲ့ ဟုတ်လား .. ကလေးတွေကို သူတို့ချည်းပဲ အပြင်စာဘယ်တုန်းက ဝယ်စားနိုင်းခဲ့လို့လဲ .."

"သူတို့ချည်းပဲမှ မဟုတ်တာ မောင်ရယ် .."

"လက် .. မင်း ဘယ်လိုပြောလိုက်တာလဲ .."

"အရိပ် ကလည်း ကိုယ့်မိသားစုဝင်ဖြစ်လာမယ့်သူပဲ မဟုတ်ဘူးလား .. လက်က ကလေးတွေနဲ့ ရင်းနှီးသွားတာကိုပဲ .."

"လက် ..."

မနေ က လက် ရဲ့ လက်မောင်းနှစ်ဖက်ကို ဆောင့်ခါပစ်လိုက်ပြီး..

www.burmeseclassic.com

www.burmeseclassic.com



"အရိပ်ပေါင်း ရဲ့ အကြောင်း မင်း ဘယ်လောက်သိလို့ ယုံကြည်နေတာလဲ .."

"ဒါပေမယ့် အရောင် က သူ့ သိပ်ချစ်တဲ့ မိန်းကလေးကို ယုံယုံကြည်ကြည်နဲ့ .."

"မလိုဘူး .. ငါ့သားသမီးတွေကို ငါ့ဆွေမျိုးတွေနဲ့ ရောနှောတာတောင် ငါ မကြိုက်တာ မင်းသိတယ် .."

"မောင်ရယ် .. တစ်အိမ်တည်းအတူတူနေကြမယ့်လူတွေ ဒီနေရာမှာ မတွေ့ ဟိုနေရာမှာတွေ့မှာပဲ .. ဒီလောက် နှစ်ထပ်တိုက်အကျယ်ကြီးမှာ ရက်ရှည်လများ မဆုံဖြစ်အောင် ဘယ်လိုလုပ် .."

"ဘယ်လိုနည်းနဲ့ဖြစ်ဖြစ် မဆုံစေနဲ့ .."

သူ ခွတ်ပြောနေမိတာ အရူးနဲ့တူနေပြီလား ..၊

အရိပ်ပေါင်း ဆိုတဲ့ မိန်းကလေးကိုအသံကြားတည်းက မလိုလားစိတ်တွေဖြစ်ခဲ့မိသည်။ ခုတော့ မုန်းတီးတာတွေ တုန်လှုပ်နေရတာတွေကြောင့် အချိန်တိုင်းသတ်ချင်ဖြတ်ချင်စိတ်တွေပါ ပိုတိုးနေလေသည်။

သူ ဒီလောက်ထိ ဖြစ်ပျက်နေတာကြောင့် လက် ဆိုတဲ့မိန်းမကလည်း အရိပ်သုံးပါးနားမလည် ..။

သူမ ဒီအိမ်ကို ဒုက္ခပေးဖို့ ရောက်လာတာ ဘယ်လိုပြောပြရမလဲ..၊ ကလေးတွေကို သူမနဲ့အတူ တစ်မိနစ် တစ်စက္ကန့်လေးမှ စိတ်မချရဘူးဆိုတာ ဘယ်လိုဘကိုးအကားတွေနဲ့ လှည့်ပတ်ပြောရမလဲ ..၊

အလှည့် ..၊

"အလှည့်ကျရင်တော့ မရှဲ့နဲ့ပေါ့ .."

သူမ ဘာလုပ်မှာလဲ၊ သူမ ရည်ရွယ်ချက်တွေထဲမှာ သူ့တင်မကဘဲ တစ်မိသားစုလုံးကို ဒုက္ခပေးချင်တာလား ..။ ဆံပင်တွေကို ဖြစ်သလို ထိုးသိပ်တင်လိုက်ရင်း သက်ပြင်းမောကြီးချမိသည်။

တစ်ယောက်တည်း သွေးပျက်နေတာကို လက် မမြင်စေချင်သဖြင့်



အခန်းထဲဝင်ပြီး တံခါးပိတ်ထားလိုက်မိသည်။ နာရီမော့ကြည့်ရင်း လမ်းလျှောက်နေမိတာလည်း ဘယ်နှစ်ခေါက်ဖြစ်နေပြီမသိ ..။

ဟိုနေ့ ညတုန်းက ကလေးတွေနဲ့ တီဗီကြည့်နေခဲ့သည်။ သမီးကြီး ကြည်ဖြူ က သူမရဲ့ အလှအပတွေမှာ ငေးမောရင်း တိတ်တိတ်လေးနေသလောက် သားငယ်က သွက်လွန်းသည်မို့ သူမနဲ့ ခဏအတွင်း ရင်းနှီးသွားခဲ့သည်။

ခုလောက်ဆို သမီးနဲ့လည်း ရင်းနှီးနေပြီထင်သည်။ သမီး မျက်နှာလေး ပေါ်လာတာနှင့် 'အလှည့်' ဆိုတာကိုသတိရသွား၏။

"လက် ..."

"ရှင် .. သူ့ဗွေး လာပါပြီ .."

"နင့်ကို ခေါ်နေလို့လား .. သွား .. လက် ကို ခေါ်လိုက်စမ်း .."

သတိရသွားတာနှင့် တံခါးဖွင့်ပြီး အကျယ်ကြီးအော်ခေါ်မိ၏။ အနီးဆုံးမှာရှိသည့် လူကပြေးလွှားရောက်လာပေမယ့် ဒေါသတကြီးအော်ထုတ်ပစ်မိကာ ..၊

"တောက် .. အရိပ်ပေါင်း .."

တံခါးရွက်ကို လက်ပြန်ထုချလိုက်မိကာ ..၊

"ဒါ တမင်သက်သက်လုပ်နေတာ .. ဘီလူးမ .."

"မောင် .."

"မင်းက ချက်ချင်း ဘယ်ရောက်သွားတာလဲ .. ဒီလောက်တောင် ခေါ်မကြားအော်မကြား .."

"မောင်ပဲ စကားပြောနေရင်း စာကြည့်ခန်းထဲဝင် တံခါးပိတ်လိုက်တော့ နားချင်လို့ပဲဆိုပြီး .."

"တော်တော့ .."

အိမ်အလုပ်သမားတွေကို အော်ငေါက်တဲ့ပုံစံအတိုင်း တစ်ခါတည်း သူ့အောင် အော်မံနေရသဖြင့် လက် ရဲ့ မျက်ဝန်းလေးတွေ ရူးရူးရဲရဲလေး

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သွားသည်။

သို့သော် .. ဖင့်သက်လေးရှိုက်၍ စိတ်ကိုဖြေသိမ့်လိုက်ရင်း ..၊

"ဒီလောက်မအော်ပါနဲ့ မောင် .. အခု မောင် ဘာလိုအပ်နေသလဲ ပြောလို့ရပြီပဲ .."

"ငါ့သမီးနဲ့ သား ခုထိ မရောက်သေးဘူး .."

"ရောက်လာပြီ မောင် .. သူတို့ပါဆယ်ဝယ်လာတဲ့ စားစရာတွေ သွားသိမ်းနေလို့ လက် နောက်ခန်းထဲရောက်နေတာ .."

ခနေ မျက်နှာပေါ်က တင်းမာမှုတွေ တစ်ထစ်တော့ ပြေကျသွားသည်။ သို့သော် ...

"လက် .."

သူမလက်ကို ဆွဲခေါ်လာခဲ့ပြီး အပြင်တံခါးနားကျမှ အတူမျက်နှာချင်းဆိုင်ရပ်လိုက်ကာ ..၊

"ငါ မင်းကိုပြောထားတယ်နော် .. နောက်ထပ် ကလေးတွေနဲ့ သူ့ကို လွတ်လပ်စွာ ရောနှောနေထိုင်ခွင့်ရသွားစေမယ့် လမ်းကြောင်းမျိုး လုံးဝမပေးမိစေနဲ့ .. သူ့ကို ငါ့ဇယ်မလောင်းအဖြစ်လည်း မင်း ထည့်တွေးဖို့မလိုဘူး .."

"ဒါဆို မောင်က .."

"ငါ့ကို ပြန်မမေးနဲ့ လက် .. ငါ မင်းကို ရှင်းမပြနိုင်သေးဘူး၊ ဒါပေမယ့် သူ့အကျင့်စရိုက်တွေကို ငါ လုံးဝမကြိုက်ဘူး၊ ငါ့သမီးနဲ့ ရင်းနှီးသွားမှာမျိုး လုံးဝမဖြစ်စေရဘူး .. ဒါပဲ .."

ခန ရဲ့ စကားတွေက ရင့်သီးလွန်းနေသည်။ အရောင် ရှိတုန်းက သဘောမတူဖြစ်နေတာထက် အခုပိုဆိုးလာသလိုခံစားမိလာခဲ့သည်။ သူ့မျက်လုံးတွေ အထင်မြင်သေးသည့်စကားလုံးတွေမှာ အရိပ်ယောင်း က ဘယ်လိုမိန်းကလေးမျိုးဖြစ်နေပြီလဲ ..။

ဒီလောက်ထိ နိမ့်ကျဆိုးရွားသည့် မိန်းကလေးကိုမှ ချစ်တဲ့စိတ်



တစ်ခုတည်းနဲ့ အရောင် က ရွေးချယ်ခဲ့တယ်ဆိုတာ ဖြစ်နိုင်သလား ..။ ဘာပဲဖြစ်ဖြစ် အိမ်မှာနေခွင့်ပေးခဲ့တဲ့အထိ လက်ခံခဲ့တာကိုက ကိုယ်နဲ့ ဝတ်သက်ခွင့်ပြုခဲ့တာပဲမဟုတ်ဘူးလား ..။

လတ် မျက်နှာလေးက ရှုပ်ထွေးမှုများနှင့် အိုစာနေခဲ့သည်။ ကလေးတွေ ဒီအရွယ်ထိ သူ့တာဝန်ကိုယ့်ဝတ္တရားကျေပွန်၍ စောင့်သိနားလည်မှုများနှင့် လက်တွဲခဲ့ကြတာ ပြဿနာကြီးကြီးမားမားလည်းမရှိခဲ့ဘူးလေ..။

အရိပ်ယောင်း ရောက်လာပြီးမှ ပြောင်းလဲသွားခဲ့ခြင်းတွေထဲမှာ သားမယားနဲ့ ဂုဏ်သိက္ခာတောင် ချန်မထားချင်တော့အောင် မောင် ဘာဖြစ်နေတာလဲ ..။

♥♥♥

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၃)

ညက အပျိုစင်ဖားဖားဖြစ်လို့ အပျိုကြီးအသွင် ရင့်ရော်စပြုခဲ့၏။

"မင်းဘာလုပ်နေတာလဲ လက် .."

"ဘာမှမလုပ်ပါဘူး .. ဒီမှာ မောင့်သားနဲ့ သမီးက မအိပ်ချင်သေးဘူးဆိုလို့ .."

မနု ရဲ့ မျက်လုံးတွေက ကလေးနှစ်ယောက်ဆီရောက်သွားသည်။ ပြီးတော့ တီဗီဆီ ထပ်မံရွေ့လျားသွားခဲ့၏။ ကြည်ဖြူ က ဖအေကို မျက်နှာချိုသွေးသလိုလေး လှည့်ရယ်ပြပေမယ့် သားငယ် ထည်ဝါ က တီဗီဆီမှ မျက်နှာမခွဲဘဲ ဖအေရောက်လာတာကို မသိသလိုမျိုး ..။

ဒီကလေး ဘာဖြစ်လို့ဒီလောက်တောင် သရဲတွေ ဂန္ထဝင်ဆန်ဆန်တွေကို စိတ်ဝင်စားနေရတာလဲ ..။

"တီဗီပိတ်လိုက်တော့ လက် .."

"ဟင် ..."

သူပြောတဲ့အထိ သားက လှည့်မကြည့်ပေ ..။ ဖွင့်ထားသည့် တီဗီ ဇာတ်လမ်းတွဲက ဝိညာဉ်မလေး ဇာတ်လမ်းမှာပဲ စိတ်ဝင်တစား ..။

"သားငယ် .."

"ဗျာ .."



သူ ခေါ်တာတောင် မျက်နှာမလှည့်ဘဲ ထူးကာ ..၊

"ဗျာ .. ဒက်ဒီ .."

"အိပ်လို့မရရင် စာသွားကျက် .."

"သား စာကျက်ပြီးပြီ .. ရေးလည်း ရေးကြည့်ပြီးပြီ၊ မမနဲ့ သားနဲ့ စာကျက်ပြီးမှ ထွက်လာကြတာ မာမီ သိတယ်၊ ဇာတ်လမ်းတွဲကြည့်ချင်တယ်ဆိုလို့ မာမီပဲဖွင့်ပေးတာ .."

ကြည့်စမ်း ၊ ပြောချသွားလိုက်တာ ဒီဘက်ကို တစ်ချက်မှလှည့်မကြည့်ဘဲ ..၊

သားငယ် စကားပြောလည်တာလေးကို ချစ်ခဲ့ရသမျှ ဒီစကားတွေကိုတော့ နားခါးသွားခဲ့၏။ တစ်ညနေတုန်းကလည်း အရိပ် နဲ့သားငယ် ဒီဧည့်ခန်းမှာပဲ ဗီဒီယိုခွေဖွင့်ကြည့်နေခဲ့တာ သူ တွေ့သည်။

သားငယ်က မေးတဲ့မေးခွန်းတွေကို သင်းပြန်ဖြေနေတာ ဘယ်လိုအဓိပ္ပာယ်တွေနဲ့လဲ ..။

"တီတီ .. သရဲချင်းအတူတူကို အဲဒီသရဲကတော့ ဘာဖြစ်လို့ လိုက်သတ်ချင်နေတာလဲဟင် .. ဟိုသရဲကြီးကတော့ လိုက်ကယ်နေတယ် .."

"လိုက်ကယ်နေတဲ့ သရဲက သူ မသေခင်တုန်းက ရန်ငြိုးရန်စမရှိခဲ့လို့ပေါ့၊ လိုက်သတ်နေတဲ့ မိန်းကလေးသရဲကတော့ သူ့ကို မတရားအသတ်ခံခဲ့ရတော့ သူ့ကိုစော်ကားခဲ့တဲ့ လူတွေအပေါ်မှာ မကျေနပ်နိုင်ဘူးလေ .."

"ဒက်ဒီ ပြောတော့ သရဲဆိုတာ သားတို့ကိုဘာမှမလုပ်နိုင်ဘူးဆို"

"သားဒက်ဒီက ခုထိ သူ့ကို ငြိုးနေတဲ့သရဲ မရှိသေးလို့ ဖြစ်မှာပေါ့ သားရဲ့ .. ရန်ငြိုးကြီးလွန်းရင် အဲဒီသရဲမှာလည်း အခွင့်အရေးရလာတာပဲ .."

"ဘာအခွင့်အရေးလဲဟင် .."

"သူ မုန်းနေတဲ့လူကို ဒုက္ခပေးနိုင်ဖို့ အခွင့်အရေးပေါ့၊ သရဲတွေဇာတ္တေ တွေရဲ့ ရန်ငြိုးကို လူတိုင်းမသိမမြင်နိုင်ပေမယ့် သရဲဖြစ်ခင်တုန်းက

www.burmeseclassic.com



နာကြည်းမုန်းတီးနေတဲ့လူတွေက ကလဲ့စားချေဖို့ ပြန်လာရင်တော့ သူ့ မျက်လုံးနဲ့ မြင်ရရင် ယုံသွားမှာပါ .."

"ဘယ်သူလဲဟင် .. သား ဒက်ဒီလား .."

"အင်း .. သရဲက ဘာမှမလုပ်နိုင်ဘူးလို့ထင်တဲ့လူတွေပေါ့ကွာ .. သေသွားရင် ဘာမှမတုံ့ပြန်နိုင်ပါဘူးထင်ပြီး တစ်ချို့က လူသတ်နှုတ်ပိတ်တာတွေ သေသွားတဲ့အထိ နှိပ်စက်တာတွေလုပ်နေကြတာ .."

သူ မှတ်မိနေတာတွေကို ပြန်တွေးမိတိုင်း ဒေါသထွက်ရသည်။ ကလေးက သိချင်စိတ်လေးနဲ့ မေးလိုက်တိုင်း သင်းက အဓိပ္ပာယ်တွေနဲ့ ဖြေသည်။

သရဲဇာတ်တွေ .. ရန်ငြိုးတွေအကြောင်းသိလာလေ ဒီကလေး အရွယ်လေးတွေက စိတ်ဝင်စားလေ ..။

"ထ .. ဒါတွေမကြည့်ရဘူး .. ခုထ .."

"မောင် ..."

"လက် .. မင်း ဆုံးမနေရင် ငါ ဝင်မပြောဘူးနော် .."

မတ်တတ်ရပ်လိုက်ပြီးမှ လက် ဘာမှမပြောသာတော့ဘဲ ဖြစ်သွားသည်။

"လာ .. မောင်လေး ထ .. မကြည့်တော့နဲ့နော် .. ဒက်ဒီ စိတ်ဆိုးနေတယ် .."

ထည်ဝါ နှုတ်ခမ်းစူနေတာကို ကြည်ဖြူလေး က ချော့မော့ပြောပြီး မောင်နှမနှစ်ယောက်ထလိုက်ကြ၏။ ခန က ရီမု(ဗ်)ကောက်ယူပြီး တီဗီ ပိတ်သည်။

ပြီးတော့ ဆိုဖာပေါ် ပစ်ချလိုက်ပြီး လက် ကို တင်းမာသည့်မျက်နှာနှင့် ကြည့်၍ ...

"မင်းနဲ့ .."

"တင်း .. တောင် .."

"ဟာ .. တီတီ ပြန်လာပြီ .."

"တီတီ ..."



အားလုံးလှည့်ကြည့်မိကြကာ ကလေးနှစ်ယောက်က တံခါးနားကို ရောက်သွားကြပြီဖြစ်သည်။

"တီတို့ .. တီတီ ဘယ်သွားနေတာလဲ .."

"မာမိ .. တီတို့ကို တံခါးဖွင့်ပေးဦးလေ .."

သားငယ် အသံချည်းပဲ လွှင်နေကာ လက် က ခေါင်းညိတ်ပြီး ခြေလှမ်းပြင်လိုက်လျှင် ...၊

"ဒေါ်ကျော့ .. ဒေါ်ကျော့ .. ဘာလုပ်နေသလဲ .."

"မောင် .. ဒေါ်ကျော့ အိပ်နေပြီလေ .."

"လာပါပြီ သူဌေး .."

တစ်တိုက်လုံး ဟိန်းထွက်သွားသည့်အသံကြောင့် ဒေါ်ကျော့ အိပ်ရာဝင်ပြီးမှ ပြန်ထလာပုံပေါ်၏။ ဘီးနဲ့ ဆံပင်ကို ရစ်ပတ်လက်စနှင့် အပြေးတစ်ပိုင်းထွက်လာ၏။

"ဟိုမှာ တံခါးသွားဖွင့်ပေးလိုက် .."

"ဟုတ်ကဲ့ .. သူဌေး .."

"သားငယ်နဲ့ သမီး လာခဲ့စမ်း .."

သမီးက ခေါင်းလေးငုံ့ပြီး လှည့်ထွက်လာကာ သားငယ်က တံခါးဘောင်မှာ ကျန်ရစ်၏။ သမီးက ပြန်လှည့်ခေါ်မှ ပါလာကာ ...၊

"ဒက်ဒီကလည်း အော်ချည်းပဲ အော်နေတာပဲ .."

"သားငယ် .."

လက် က သားလေးကို လက်လေးပြေးဆွဲ၍ ချော့မော့ဖို့ကြိုးစား၏။ သို့သော် ...၊

"သားတို့ တီချယ်ကပြောတယ် 'လူလိမ္မာအမျက် အပြင်မထွက်' တဲ့ .."

နှုတ်ခမ်းစူစူလေးနှင့် ဖအေ့ရှေ့ကျမှ ခြေစုံရပ်ပစ်ပြီးပြောတာ ...၊

"လူလိမ္မာဆိုတာ အမျက်ကို ဗိုက်ထဲမှာပဲထားရတာ၊ ဒက်ဒီထ အပြင်ထွက်နိုင်းတယ် .. မလိမ္မာဘူး .."

www.burmeseclassic.com

www.burmeseclassic.com



"လာ .. မောင်လေး .. ဒက်ဒီ ရိုက်လိမ့်မယ် .."

ကြည်ဖြူ က သိတတ်တဲ့အရွယ်လေးမို့ မောင်ဖြစ်သူကို ထိတ်ထိတ်လန့်လန့်လေး ဖက်ခေါ်သွား၏။ ဒါတောင် ထည်ဝါ က မပြီးနိုင် ..၊

"သားလည်း ဗိုက်ထဲမှာမထားတော့ဘူး .. တီချယ်ကမေးရင် ဖြေမယ် .. တီချယ်လို့ သားတို့ ဒက်ဒီလည်း ဗိုက်ထဲကနေ ထွက်နိုင်းတာပဲလို့ .."

လှုသာ ပျောက်သွားပေမယ့် အသံမပျောက် ..။

မနု မျက်နှာကြီးနီရဲတင်းမာလာကာ လက် မျက်စိမျက်နှာပျက်၏။ ဒေါကျော့ ရှေ့ကနေ အရိပ် က ဝင်လာရင်း ..၊

"ဘယ်သူမှ မအိပ်ကြသေးတာလားဟင် .. အရိပ် .."

"မအိပ်သေးတာမဟုတ်ဘူး .. ကလေးတွေကြောင့် မအိပ်ရသေးတာ၊ မင်းကို ဘာကြောင့် ညဉ့်နက်သန်းခေါင်သွားလာနေတာလဲလို့ ငါ မမေးဘူး၊ နောက်ကို ရှစ်နာရီကျော်တဲ့အထိ မင်း အပြင်မှာပဲရှိနေသေးရင် ဘယ်သူမှ တံခါးထဖွင့်ပေးမှာမဟုတ်ဘူး .. အဲ့ဒါ မှတ်ထား .."

မနု က ခါးထောက်ထားလျက် လက်ညှိုးထောင် အမိန့်ပေးနေပုံက ခယ်မလောင်းတစ်ယောက်အဖြစ် လေးစားသမှု ဘာမှမပါ။ ပြီးတော့ အရိပ် မျက်နှာလေးကို စူးစူးရဲရဲစိုက်ကြည့်သည်။ အရိပ် က လွယ်ထားသည့် ဆလင်းဘတ်ခ်လေးကို ရင်ခွင်ထဲမှာ ပိုက်ထားကာ မျက်လွှာချခေါင်းငုံ့၍ ..၊

"ဟုတ်ကဲ့ပါ ကိုကြီး .. အရိပ် မှတ်ထားပါ့မယ် .."

ဟင်!...၊

မနု အံ့သြသွားသည်။ သူမထံမှ ဒီလိုပုံစံတုံ့ပြန်လာလိမ့်မယ်လို့ မထင်ခဲ့ပေ ..။ ကိုယ်က လှိုမ့်ဝှတ်ချင်တဲ့သူဖြစ်ကာ သူမက ဖော်ထုတ်ဖို့လာခဲ့သူ ..။ သို့သော် ..၊

"ဟိုလေ .. အရိပ် နောက်ကျမယ်ဆိုတာ မလက် ကိုလည်း ဖုန်းဆက်ထားတယ်ဆိုပြီး .."



ပြောနေရင်း လက် နဲ့ မနု မျက်လုံးချင်းဆုံသွားတာကို အကဲခတ်သည်။ ပြီးမှ ..၊

"သားသား မှာထားတဲ့ သိပ္ပံကားတွေနဲ့ သမီးအတွက် .."

အပြောနဲ့အတူ လက်တွေ့ထုတ်ပြချင်တာမျိုး ..။ အရိပ် က လက် ရဲ့ နောက်က ရှိုးကေ့စ်ပေါ်မှာ ဆလင်းဘက်ခ်ကို သွားဖွင့်၍ အထဲကို တစုံတစ်ရာကိုရှာသည်။

သူမ တစ်ခုပြီးတစ်ခု ဆွဲထုတ်နေတာတွေကို မနု က တစ်ချက်မှ အလွတ်မပေးဘဲ လိုက်ကြည့်နေရာ ..၊

ဟာ .. ကြည့်စမ်း ..၊

မနု ကိုယ်ကြီး မတ်ခနဲတောင့်တင်းသွားသည်။ သူမ ကိုင်လိုက်တာ Porn အခွေကြီး ..။

အခွေကာဗာမှာ ယောကျ်ားနဲ့ မိန်းမ တစ်ပိုင်းပုံကြီးက မြင်မကောင်းရှုမကောင်း ..။

အရိပ် က တစ်ခုပြီးတစ်ခု ဆွဲထုတ်ရင်း ..၊

"ဒီမှာ မလက် .. သမီးလေးမှာတာ ဒီစာအုပ်လေ၊ အဲဒါ လိုက်ရှာနေရလို့ပါ .."

လက် ရဲ့ လက်ထဲကို ဘာစာအုပ်ထည့်လိုက်တာမသိ၊ မနု မျက်လုံးတွေကတော့ မီးတောက်မတတ်ဖြစ်နေပါပြီ။

"ဟုတ်တယ် .. ဟုတ်တယ် .. သူ စာစီစာကုံးရေးဖို့တွက် အဲဒါကို သိချင်နေတာ၊ ကျေးဇူးပဲ ညီမရယ် .. သမီး ဝမ်းသာသွားအောင် စာအုပ်ရလာပြီလို့ သွားပြောလိုက်ဦးမှ .."

လက် က စာအုပ်ကို တဖျတ်ဖျတ်လှန်ကြည့်ရင်း ကျေနပ်နေ၏။ အရိပ် က အိတ်ကိုပြန်ပိတ်လိုက်ပြီး အိမ်ထဲဝင်လာတော့ မနု နဲ့ မျက်နှာချင်းဆိုင်ဖြစ်သွားကာ ..၊

"ဟွန်း .."

မျက်လုံးချင်းတည့်တည့်ဆုံအောင်ကြည့်ပြီး ပစ်လိုက်သည်။ ပြီး

www.burmeseclassic.com



တော့ ပခုံးချင်းမတိုတထိ ကပ်ရှောင်သွားခဲ့ပြီး …၊

"ပြောထားသေးတယ် … ဒီည ရှင့်သမီးက ချစ်တေးနဲ့ လာအိပ်ဖို့"

ဟင်!…၊

မနု မျက်နှာပျက်သွားသည်။ ပြီးတော့ လွန်သွားသည့် အရိပ် ရဲ့ ကျောပြင်ကို တစ်ပတ်လည်မတတ်ပြန်လှည့်ကြည့်ရင်း ဒီမိန်းမယုတ်မာလှချေလား …။

အနီရောင်ရဲရဲပြောင်ကပ်နေသည့် ကိုယ်ကျပ်ဝတ်စုံက တင်ပါးလုံ့ရုံ့ တိုတိုလေးနှင့် တင်းပြည့်လှပသော ကိုယ်ခန္ဓာအလှက အသက်ရှူမှားလောက်ပေသည်။

ခြေသလုံးသားဝင်းဝင်းက အနီအနက်စင်းနှင့် ဖိနပ်ခေါက်ကြီးထက်မှ နုရွလှပနေ၏။ ခြေလှမ်းတိုင်းမှာ သူမရဲ့ ကိုယ်ခန္ဓာအလှတရားများက လှုပ်လီလှုပ်လဲ့နွဲ့နေ၏။

တရားလွန်းလှနေသည့် ဆက်(ဂ်)ဆီအလှတရားတို့က သူ့မျက်လုံးထဲမှာ မီးလိုပူလောင်နေသော်လည်း …၊

"မောင် …"

လက် နှုတ်ဖျားမှ မယုံနိုင်စွာ ရေရွတ်မိရင်း ကိုင်ထားသည့်စာအုပ်လေးကို ဖိဆုပ်ပစ်လိုက်မိသည်။ အရိပ် ရဲ့ နောက်ကျောအလှမှာ မျက်နှာကြီးကပ်ငြိသွားသလို မောင့် ကိုယ်ခန္ဓာကြီးတစ်ပတ်လည်နေပြီထင်၏။

အရိပ် နဲ့ ပတ်သက်ပြီး အမြဲတမ်း ရှူးရှူးရှားရှားထဖြစ်တတ်တဲ့ မောင့် ဒေါသတွေက ဘာကြောင့်လဲ …၊ မနု ကတော့ ဘာကိုမှ သတိမရပေ…။

ဒီဘက်လှည့်လိုက်တာနှင့် စူးစမ်းငေးစိုက်နေသည့် လက် ရဲ့ မျက်ဝန်းတွေနဲ့ ပက်ပင်းတိုးကာမှ …၊

"ပို … ကိုယ် …"

ကိုယ့်စိတ်က ဒီလိုမဟုတ်ခဲ့ပေမယ့် ရှင်းဖို့မလွယ်သည့် အခြေအနေမှာ မျက်နှာဘယ်လိုထားရမှန်းမသိအောင် ပူထူသွားမိကာ …၊

"မင်း မြင်တယ်မို့လား … ဒီလိုမပေါ်တပေါ်ဝတ်စားပုံမျိုးနဲ့ ဒီအချိန်ထိ



အပြင်မှာလေ …"

လက် က မျက်ဝန်းတွေ မလွဲမဖယ်ရှိနေဆဲဖြစ်ကာ …၊

"ပြီးတော့ အိမ်မှာ သမီးလေးရှိတယ်၊ အတုမြင်အတတ်သင်တဲ့၊ ဒါကိုကြည့်နေလို့မဖြစ်ဘူးကွ …"

"မောင် ကြည့်နေတည်းက … လက် နားလည်ပါတယ် …"

"ဘာ …"

မနု ရှူးရှူးရှားရှားဖြစ်သွားသည်။

"မင်း ဘာအဓိပ္ပာယ်နဲ့ ပြောလိုက်တာလဲ လက် …"

"မောင် ကြည့်နေတာ သူလှလို့ကြည့်နေတာလား …"

"ဟ … ဒီလောက်ရွံစရာကို ငါက လှလို့ကြည့်တယ်ဖြစ်ရမလား"

"လက် ကလည်း မောင့်ကို လှလို့လည်ပင်းကျိုးမတတ်ကြည့်နေတာလို့ မပြောပါဘူး၊ သူ့ကိုကြည့်ပြီး မောင် ဒီလိုပြောတော့မယ်ဆိုတာ သိနေတယ်လို့ပြောတာ …"

လက် က ဣည်ငြိမ်စွာပြောပေမယ့် မနု တည်တည်ငြိမ်ငြိမ် ရင်ဆိုင်ဖို့ ဘယ်လိုမှ ကြိုးစားလို့မရ …။ သူမက လျှောက်လာပြီး နေမနု ရှေ့မှာ ရပ်၍ …၊

"အရိပ် ကို လက် ပြောပြလိုက်ပါ့မယ် … နောက်ကို မောင့် မျက်စိရှေ့မှာ ဒီလိုဝတ်စားမလာဖို့ …"

လက် ဘယ်လိုသဘောနဲ့ ပြောသွားတာလဲ …၊

မနု မခံချင်စိတ်တော့ဖြစ်သွားပေမယ့် စိုးရိမ်စိတ်တွေက ပိုကဲနေတာ ကိုယ့်ကိုယ်ကိုယ် သတိထားမိသည်။

သူ ဘာမှားသွားလို့လဲ …၊

www.burmeseclassic.com



## အခန်း (၁၄)

"ဘယ်လို မောင် ..."

"သြော် .. ဒီည သမီးနဲ့ မင်း သွားအိပ်လိုက်ပါလို့ပြောတာကွာ.."

လက် ရဲ့ နားမလည်နိုင်သည့် မျက်လုံးတွေကို ခန ဂရုမစိုက်နိုင်ပေ ...။ သူ သိနေတာက ဟိုနေ့က အရိပ် ရဲ့ အိတ်ထဲမှာပါလာသည့် အပြာစွေ ပဲဖြစ်သည်။

ညက သူတစ်ညလုံး ပင်ပန်းခဲ့ရသည်။ သမီးက သူမနဲ့ သွားအိပ် မည်ပြောသဖြင့် မယ်ပျာယာ ကို သမီးနဲ့သွားအိပ်နိုင်းခဲ့သည်။

သို့သော် သူ၏ နာမည်ကိုက မယ်ပျာယာ ဖြစ်သည်။ ကြည်ပြာ နာမည်ကနေ ဘာလုပ်လုပ် ပျာယာခတ်လွန်းသဖြင့် မယ်ပျာယာ ဖြစ်ခဲ့ ရခြင်းကြောင့် သူမကို စိတ်ချမထားနိုင် ...။

လက် ကို ဖွင့်ပြောလို့ဖြစ်သည့်ကိစ္စလည်းမဟုတ်သည်မို့ တစ်ညလုံး သမီးအခန်းရှေ့ကိုပဲ သွားစောင့်လိုက် ပြန်လာခဲ့လိုက်နဲ့ တစ်မှေးလောက် တောင် ကောင်းကောင်းမပျော်ခဲ့ရ ...။

အလုပ်ထဲမှာ အမြဲတမ်းစနစ်တကျရှိခဲ့သမျှ မနက်ကတော့ ပြောမှား ဆိုမှားတွေဖြစ် ခေါသတွေထွက် ...။

"သမီးနဲ့ လက် ကို ဘာဖြစ်လို့ .."



"ကိုယ့်သမီးနဲ့ သွားအိပ်ရမှာ ဘာဖြစ်လို့လဲ လက် .. ဒီနှစ်ည သုံးညပဲ .."

"ဟုတ်ပါတယ် .. ဘာမှမဖြစ်ပါဘူး၊ လက် က မောင့်စိတ်ကူးကို သိချင်ရုံပါ .."

"သမီးက ဟိုတစ်ယောက်ကို ခင်တွယ်နေတာ မင်း မမြင်ဘူးလား.."

အနည်းအကျဉ်းလောက်မှ မပြောရင်လည်း ဇနီးဖြစ်သူတစ်မျိုး တစ်မည်ထင်တော့မှာမို့ ...။

"တော်ကြာ ညပူညတာ အဲ့ဒီအခန်းကိုကူးသွားရင် ဘယ်လိုလုပ် မလဲ .."

"သမီးက ပြောထားရင် နားလည်နေတဲ့အရွယ်ပါ မောင်ရယ်၊ ဒါပေ မယ့် မောင် စိတ်အရမ်းပူနေတာကို လက် သွားအိပ်မှာပါ ...၊ မောင့်ကို ပြောချင်တာက သူ့ကို မောင် ဘယ်လောက်ပဲအထင်သေးနေနေ သူ သိလောက်တဲ့အပြောအဆိုအမူအရာတွေတော့ မပြစေချင်ဘူး မောင်၊ ဘာဖြစ်လို့လဲဆိုတော့ .."

"ဆက်မပြောနဲ့တော့ လက် .. ဘာဖြစ်လို့လဲဆိုတော့ရဲ့နောက်မှာ မင်း ငါ့ကို ဘုန်းကြီးစာချလုပ်လာမှာတွေ ငါသိတယ် .."

"မဟုတ်ဘူး .. လက် က .."

"ငါ့ဂုဏ်သိက္ခာလို့ ပြောမလို့လား .. မင်း တစ်ခါပြောတိုင်း ငါ့ ဂုဏ်သိက္ခာတစ်ဖွဲကြွေကျနေတာ မင်းသိလား .. အဲ့ဒီတော့ မင်း ငါ့အတွက် စိုးရိမ်ဖို့မလိုဘူး၊ ငါပြောသလိုလုပ်ဖို့ပဲကြိုးစား၊ သားနဲ့ သမီးကို အရိပ်ယောင်း နား လုံးဝမကပ်စေနဲ့ ဒီလောက် ရက်ပိုင်းလေးနဲ့ သူ့ကို ကလေးတွေ ဒီလောက်ရင်းနှီးသွားကြတာ မင်းမှာ အပြစ်ရှိတယ် .."

"ဘယ်လို .."

"အဲ့ဒီတော့ ဖအေကိုကျော်ပြီး သူများကို ခင်တွယ်နေတဲ့ မင့် သားသမီးတွေကြောင့် မင်း သိက္ခာအဖက်ဆယ်လို့ရအောင် ကလေးတွေ ကို ပြန်စည်းရုံးပါ .."

"အဲဒါမျိုးကို ဂုဏ်သိက္ခာကျတယ်လို့ လက် ကတော့ မထင်ဘူး.."

www.burmeseclassic.com



"ဘာ ..."

"ကလေးသဘာဝက အလှအပကြိုက်တယ်၊ တားရင် ပိုလုပ်ချင်တယ်၊ ယောကျ်ားတွေတောင် လည်ပင်းလိမ်အောင်ငေးရတဲ့ မိန်းကလေးမျိုးကို ကလေးတွေမြင်မြင်ချင်း ချစ်သွားကြတာ သဘာဝကျတာပဲ မောင်ရဲ့ .. သူတို့ အရိပ် ကို ဘယ်လောက်ချစ်ခင်ရင်းနှီးကြပါစေ ညှို့သည်ကို ညှို့သည်လိုပဲချစ်တာပါ၊ ဒါမှမဟုတ်ရင်လည်း မောင်မောင့် ချစ်သူဆိုတာ သိထားကြလို့ .."

"အဲ့ဒီလို သိစရာအကြောင်းမရှိဘူး .. မင်း ပြောလို့သိတာဆိုရင်လည်း .."

"ပြောလိုက်မယ်ဆိုရင် လက် မှာ အပြစ်ရှိသလား မောင် .."

"ရှိတာပေါ့ကွ .."

မွေ့ရာပေါ်ကနေ ဝုန်းခနဲဆင်းရပ်ကာ ဓနု က တလွှားလွှားလျှောက်လာ၏။

"ငါ ဒီလောက် မပတ်သက်ချင်ပါဘူး .. ခွေမျိုးမတော်ချင်ပါဘူး ပြောနေတာတောင် မင်းက ခွေမျိုးစပ်ပြထားတာ ရိုက်သတ်ပစ်သင့်တယ် .."

"ဒါဆိုလည်း လုပ်လိုက်ပါ .."

ကလေးတွေကို ဖတ်ပြဖို့ စာအုပ်ရွေးနေရာကနေ လက် က သူ့ဘက်လှည့်ရပ်လိုက်ကာ ..၊

"မောင်ပဲ စီစဉ် .. မောင်ပဲဆုံးဖြတ်ခဲ့သမျှ လက် ဘာမှမပြောခဲ့ဘူး၊ ဘယ်အချိန်မှာ ဘာစကားပြောရမယ် .. ဘယ်သူ့ကို ဘယ်လိုဆက်ဆံရမယ်ဆိုတာထိ .."

"အဲ့ဒီတော့ ဘာဖြစ်လဲ .."

"လက် က ဘာလဲ .."

"မင်းကိုယ်မင်း သတ်မှတ်နေတာပဲ .. ငါပြောနေတာ ငါ့အိမ်ထောင် ငါ့သားသမီးအတွက် .."

"ဒီအိမ်ထောင် ဒီသားသမီးအတွက် လက် ကတော့ ဘာမှပြောဆို



ခွင့်ဖက်ခွင့်မရှိဘူးလား .."

"မင်းက ညီကိစ္စကို စိတ်ဝင်တစားဖြစ်နေတာ လက် .."

"ဘာ .. ဘယ်လို .."

လက် မျက်ဝန်းတွေက အံ့ဩတုန်လှုပ်နေသည့်နှယ် ..၊

"မင်း အရိပ်ဟောင်း အတွက် ငါနဲ့တောင် တိုက်ခိုက်ရဲတယ်၊ အဲ့ဒီသတ္တိတွေက ညီနဲ့ပဲ ပတ်သက်နေတာ၊ အဲ့ဒါကိုပြောတာ .."

"မောင် ဘယ်လိုသဘောနဲ့ ပြောလိုက်တာလဲ .."

လက် ရဲ့စကားသံက အေးစက်စက်လေးဖြစ်နေကာ သူတစ်ခါမှ မတွေ့ခဲ့ဖူးသော မျက်ဝန်းစိမ်းများနှင့် ..၊

"မောင့်တို့ ညီအစ်ကိုနှစ်ယောက်မှာ မိဘအုပ်ထိန်းသူမရှိကြဘူး၊ အဲ့ဒီထဲမှာ မောင်က ကိုယ့်မူဝါဒနဲ့ကိုယ် ဦးဆောင်သူနေရာက တစ်လက်မမှ မရွေ့ဘဲ ညီကို မွေးမြူခဲ့တာ၊ အထီးကျန်ဆန်ဆန်နေလာခဲ့တဲ့ သူ့ဘဝမှာ လက် က သူ့အမေဆိုလည်း ဟုတ်တယ်၊ အစ်မကြီးဆိုလည်းမှန်တယ်၊ လက် ကလည်း သူ့အပေါ်မှာ ကိုယ့်မောင်ငယ်လေးတစ်ယောက်လိုပါ.."

"ဟား ..."

ဓနု ဒေါသထွက်လာကာ ဆံပင်တွေထဲ လက် ထည့်၍ ဆောင့်ဆွဲဖွပစ်မိ၏။

"ဘာလို့ အများကြီးလျှောက်ပြောနေတာလဲ၊ ငါ့ခေါင်းထဲမှာ အဲ့ဒီလို အရည်မရ အဖတ်မရ ဒရာမာတွေနဲ့ ရှုပ်ထွေးဖို့နေရာမရှိဘူး၊ တော်တော့ .."

ခြေရောလက်ပါခါ၍ တအားအော်ပစ်မိသည်။ ပြီးမှ လက် ရဲ့ ဝခုံးနှစ်ဖက်ကို မျက်နှာချင်းကပ်အောင်ဆောင့်ဆွဲယူလိုက်ပြီး ..၊

"မင်းကို ညီနဲ့ သမုတ်နေတာမဟုတ်ဘူး၊ ဒီကောင်လေး အနှ ဘယ်လိုရှိရှိ သူ့ကို ကလေးသာသာလို့ပဲမြင်ပြီး မတော်တာကို ဘာဆီးရမယ်၊ ငါ့ညီဘက်က ရပ်တည်တာပဲဆိုပြီး မင်းကို ငါ့ခွင့်လွှတ်မှာမဟုတ်ဘူး ရွှေလက်ဖြာ .. အခု ဓနုကြည်ဖြူ နဲ့ မနုယည်ဝါ .. ဓနု ရဲ့

www.burmeseclassic.com



ရင်သွေးတွေကို ထိခိုက်ဖို့ရှိနေပြီမို့လို့ ပိုလို့အပ်တယ် .. မင်းကို နောက်ဆုံးသတိပေးချင်တာက အရိပ်ဟောင်း ဘက်က မကာကွယ်နဲ့ ..”

မိန်းမတွေကို ဘယ်လိုနည်းနဲ့မှ နေရာမပေးချင်တာ အဲဒါကြောင့်..။

“ဂျိမ်း ...”

တံခါးကို ဆောင့်ဆွဲဖွင့်ပြီးထွက်လာခဲ့မိသည်။ လင်နဲ့မယား နားလည်ခဲ့ကြလို့ပဲ သားသမီးတွေနဲ့ ဖြစ်နေကြပြီ၊ ဒါကို ဘာတွေထပ်လိုချင်သေးတာလဲ .. သူ့ဘက်က ဘာတွေလိုအပ်နေလို့ သင်းက နာကျင်သံတွေထွက်လာတာလဲ .. ကိုယ့်မှာ မပြောပြနိုင်တဲ့ပြဿနာနဲ့ လည်ပင်းနင်နေသည်။ သူမကတော့ ကိုယ့်ယောကျ်ားကို မယုံသင်္ကာကျိုးတိကြောင်တိ..။

“ဟော့ ...”

ခြေလှမ်းကျဲများက ဒေါသတွေကြောင့် ဦးတည်ရာမဲ့နေတုန်း သမီးက အပေါ်ထပ်ကဆင်းလာသဖြင့် မျက်လုံးထဲမှာ လျှပ်စီးလက်သွားသလိုပင် ..။

“ရပ်လိုက်စမ်း ..”

“ဒယ်ဒီ ...”

“ဒါ ဘယ်ကိုလဲ ..”

“ဖြူလေး ..”

“အခု အပေါ်ပြန်တက် ..”

“ဒယ်ဒီ ...”

“သမီး ..”

သူ့ မျက်လုံးပြူးနဲ့ ထပ်ခေါ်လိုက်သဖြင့် ဖြူလေး ဇက်လေးပုသွားသည်။ ခြေထောက်လေးတစ်ဖက်ကလည်း လှေကားကို နောက်ပြန်တင်ထားပြီးသားဖြစ်ကာ ..၊

“ဖြူ .. ဖြူလေး က တီတီ့ဆီမှာ ဟို ..”

“ဟော့ .. မယ်ပျာယာ ..”

“ရှင် .. သူဌေး လာပါပြီရှင့် ..”



မယ်ပျာယာ နောက်ဖေးကနေ ပြေးထွက်လာတာ လက်ထဲမှာ ကော်ဖီမှုန့်ပုလင်းကြီးနှင့် ..၊

“သွား .. အဲဒါတွေပြန်ထားလိုက် .. ပြီးရင် သမီးတို့နဲ့ စာဝိုင်းကျက်ပေးလိုက်၊ သူ့တို့အမေလာတဲ့အထိ အခန်းထဲက တစ်ယောက်ကိုမှ ပေးမထွက်နဲ့ ..”

“ဟုတ် ...”

သူ မှာပြီး ဒီဘက်လှည့်လိုက်လျှင် အနက်ရောင်ဇာအပွင့်ကျဲနှင့် လည်ဟိုက်ဆောင်းကျယ်ပုံလေးနှင့် မြန်မာဝတ်စုံဝတ်ထားသော အရိပ် က အပြင်သွားမည့်ပုံစံနှင့် ထွက်လာ၏။

ဒူးပေါ်ပေါင်ပေါ်ဝတ်တော့လည်း ရိုင်းသည်။ မြန်မာဝတ်စုံဝတ်ထားတော့လည်း ထိုနည်းနှင်နှင် ..။ လက်ရှည်ဝတ်ထားပြီး ဖွေးနဝင်းထိန်နေသော ရင်ဘတ်တစ်ပြင်လုံးကို ပခုံးစွန်းနားထိ ဟိုက်ချထားတာ ဘာများထဲ့လို့လဲ ..။

ထမီလို ဝတ်ထားသည့် စကပ်ရှည်က ခြေဖမိုးပေါ်မှာ အိတွဲပုံကျနေတာပဲရှိသည်။ အသားမှာ ကပ်ချပ်ပြောင်အိနေတာ တော်တော်အသည်းယားဖို့ကောင်းသည့် မြင်ကွင်းဖြစ်သည်။

သို့သော် သူမ အပြင်ထွက်သွားတာကို သတိထားလိုက်မိကာ တစ်စုံတစ်ခုကို သတိရသွား၏။

နာရီကြည့်လိုက်တော့ ည ရှစ်နာရီခွဲ တော့မည်။

ညအချိန်မှာ သူမ ဘယ်ထွက်သွားတာလဲ .. ဘာအတွက်လဲဆိုတာတွေကို စိတ်မဝင်စားနိုင်ဘဲ သူ့ခြေလှမ်းတွေက အရိပ် ရဲ့ အခန်းဆီဦးတည်ခဲ့ပြီး ..၊

www.burmeseclassic.com

www.burmeseclassic.com



အခန်း (၁၅)

"ဘယ်မှာလဲ ‥ အခွေ ‥"

သူမ အခန်းထဲကို ဝင်လိုက်တာနှင့် မနေ့က လွှယ်ထားခဲ့သည့် ဆလင်းဘတ်ခ်ကို အရင်ဆုံးလိုက်ရှာလိုက်မိသည်။ အခန်းထဲမှာ မှန်တင်ခုံပေါ်က အလှပြင်ပစ္စည်းတွေကလွဲလျှင် ဘာပစ္စည်းအသုံးအဆောင်မှ ထုတ်ဖွထားတာမရှိပေ။

သူမ ရောက်လာခဲ့သည့် ခရီးဆောင်သေတ္တာကလည်း သော့ခလောက် လျက်သား ဒီတိုင်း ‥။

ထို့ကြောင့် ဘာမှစဉ်းစားမနေတော့ဘဲ အိတ်ဆီအမြန်သွားကာ ဖွင့်ကြည့်ဖို့ကြိုးစားလိုက်မိသည်။

ဟင် !…၊

အိတ်ကိုကြည့်လိုက်ကာမှ စိတ်ဓာတ်ကျသွားခဲ့၏။ ဘာမှမဟုတ်သော ဒီနိုင်းရိုးရိုးလေးနှင့် ဆလင်းဘတ်ခ်နှင့် အိတ်ပျော့လေးက U.S.A မိတ်ဖြစ်နေကာ သော့လည်းမရှိဘဲ ဖွင့်စရာလည်းရှာလို့မတွေ့ ‥။

ဘယ်လိုဖွင့်ရမှာမှန်းလည်း မသိ ‥။

အလိုလိုကာမှ သူခိုးကျင့်သူခိုးကြံလုပ်နေရသည့်အဖြစ်ကို စိတ်မလုံဖြစ်နေတာမို့ ကြာကြာစဉ်းစားမနေနိုင် ‥။

"တောက် ‥ တကယ့်အကြီးကြီးမိထားတာ ဒီဟာမလေး ‥"



မချင့်မရဲရေရွတ်ရင်း အပြင်ထွက်လာခဲ့ရသည်။ တစ်သက်နဲ့တစ်ကိုယ် ဒီလိုမလုပ်ခဲ့ဘူးသဖြင့် ကိုယ့်ကိုယ်ကိုယ် ရွံ့ပြုံးနေတာတောင် သတိမထားမိခဲ့ပေ ‥။

ထိုစဉ် အခန်းရှေ့ကနေ သူ မရွေ့လျားသေးမီ လက် က သူမြင်ကွင်းထဲ ရောက်လာခဲ့လျှင် ‥၊

"ဟင် !…"

မနဲ့ ခေါင်း ဆယ်ဆလောက်ကြီးသွား၏။ လက် က သမီးတို့အခန်းကို တက်လာတာဖြစ်ကာ အရိပ် အတွက် အခန်းက သမီးတို့အခန်းတွေနဲ့ လှေကားရဲ့ တစ်ဖက်ခြမ်းစီဖြစ်သည်။

လက် က သူ့ကိုမြင်လိုက်သည်နှင့် ခြေစုံရပ်သွား၏။ သူလည်း ထိတ်လန့်တုန်လှုပ်သွားကာ အမှတ်တမဲ့ မျက်လုံးပြူးနှင့် ပြန်ကြည့်နေမိ၏။ ပြီးမှ ‥၊

ဘာဖြစ်လဲ ‥ ဒါ ‥ ငါ့အိမ် ‥၊

ဒီအခန်းရှေ့မှာ ရှိနေလို့မရဘူးလား ‥။

ကိုယ့်စိတ်ကိုတင်းကာ ပင့်သက်ရှိုက်၍ ကိုယ်ကိုမတ်သည်။ ပြီးတော့မှ အခန်းရှေ့က လှည့်ထွက်လာခဲ့၏။ လက် ရဲ့ မျက်ဝန်းလေးတွေ တဖြည်းဖြည်း စူးစိုက်ကျဉ်းမြောင်းသွားခဲ့ပြီး မနေ ရပ်နေခဲ့သည့်ရှေ့ထိ လျှောက်လာခဲ့သည်။

ဒါ အရိပ် ရဲ့ အခန်း ‥၊

ဒီအချိန်ကြီး ဒီရှေ့မှာ မောင် ဘာလုပ်နေတာလဲ ‥၊

အခန်းရှေ့ရောက်တော့ အခန်းတံခါးက လက်တစ်ဝါးစာလောက် ဟနေသဖြင့် အထဲကို လှမ်းကြည့်လိုက်မိသည်။ နားစွင့်လိုက်တော့ တိတ်ဆိတ်နေ၏။ ထိုစဉ် ‥၊

တံခါးက ရုပ်ခနဲပွင့်သွားကာ …

"အဲ …"

www.burmeseclassic.com

www.burmeseclassic.com



"မလက် ..."

အထဲကနေ တံခါးဖွင့်လိုက်သည့် အရိပ်ရဲ့ မျက်နှာနှင့် ပက်ပင်းတိုးလေသည်။ ချောင်းကြည့်နေမိတုန်းမို့ လက် မျက်နှာ ပူသွားမိလျက်...၊

"ဟိုလေ ..."

"မလက် ပြောစရာရှိလို့လား .. ဝင်လေ လာပါ .. အရိပ် မအိပ်သေးပါဘူး .."

"နေပါစေ .. ညီမရယ်၊ ဒီကဖြတ်သွားရင်း တံခါးပိတ်မထားတာနဲ့ လှမ်းကြည့်မိတာ ဆောရီးနော် .."

ရင်ထဲမှာ မယုံနိုင်ခြင်းက ဗလောင်ဆူနေသည်။ အရိပ် ရှေ့က ထွက်လာခဲ့ပေမယ့် သူမရဲ့ တဘက်လေးဆွဲခြုံထားသည့်ပုံစံက မပျောက်နိုင်...။

မောင့်ကို အခန်းရှေ့မှာ မြင်လိုက်ရခြင်းနှင့်ပတ်သက်၍ တွေးစရာတွေ အများကြီးဖြစ်သွားတာက မသင့်တော်မှန်းသိပေမယ့် တွေးမိနေသည်။

မဖြစ်နိုင်တာတွေမှန်းသိလျက်နှင့် ဖြစ်နိုင်တာတွေက ဖယ်ထုတ်မရအောင်ဝင်လာနေခဲ့၏။ ထိုအချိန်မှာ တံခါးပြန်ပိတ်လိုက်ရင်း ခမ်းနားသော အောင်မြင်မှုများနှင့် အရိပ်ဟောင်း က ကျေနပ်စွာပြုံးနေခဲ့လေသည်။

ပြီးတော့ ပခုံးထက်မှာ ပတ်ခြုံထားသည့် တဘက်စောင်ကိုခွာချ၍ တန်းပေါ်တင်လိုက်သည်။

ရှင့်ခြေလှမ်းတွေကိုမှ ကြိုမတွက်နိုင်ရင် ရှင် ပိုင်ဆိုင်တဲ့အရိပ်မိုးအောက်မှာ ကျွန်မ လာမနေဘူး နေခ ...။

ဒါ အစပဲရှိသေးတယ် ...၊ နောက်ထပ် ရှင် ကျရှုံးမယ့်ပြကွက်တွေ ကျွန်မ ပြင်ဆင်ထားတာအများကြီးရှိသေးတယ် ...။

အဲဒါတွေ ဘယ်တော့ အဆုံးသတ်မှာလဲဆိုရင်တော့ ...။

♥♥♥



အခန်း (၁၆)

အဖြူနဲ့ အနီရောင် တစ်ထပ်စီပါသည့် နားပွင့်ကြီးကို ပန်ထားသည်။ ရင်ဘတ်မှာ အဖြူအနီရစ်ထားသည့် အပါးသားကို ပဝါခြုံသလို ပတ်ခြုံထား၏။ ဒါပေမယ့် ပဝါမဟုတ်မှန်းလည်းသိသာကာ ထူးခြားသည့် အင်္ကျီဒီဇိုင်းကြောင့် တစ်ဆိုင်လုံးမှာရှိကြသည့် လူတွေရဲ့ သတိထားငေးမောခြင်းက သူမဆီမှာပဲရှိနေခဲ့ကြ၏။

ထိုအထဲမှာ ဓနု တို့ သုံးယောက်လည်းပါနေကာ ...၊

"ဝတ်ထားတဲ့ မြန်မာဝတ်စုံက ပြောသာပြောတာ တော်တော်ဆက်(ဂ်)ဆီကျတယ်ကွ .."

မိန်းမတစ်ယောက်ရဲ့ အလှတရားတွေကို ဖတ်ရှုဖို့ဆို တော့ အသံပဲ အရင်ထွက်လာ၏။ အရိပ်ဟောင်း တစ်ယောက်တည်း စားပွဲတစ်လုံးတည်းမှာ ထိုင်နေတာကို သူတို့အတွင်းခန်းထဲကနေ လှမ်းမြင်နေရသည်။

အနီရဲရဲ ဂါဝန်ပျော့က မလေးရှားပုံ ရင်ပြတ်လေးပေမယ့် ဝဝါလိုသိုင်းခြုံထားသည့်ဒီဇိုင်းက မြန်မာဝတ်စုံလေးလို ယဉ်ယဉ်စစလေးဖြစ်နေ၏။

ဖြူနုလုံးသွယ်သော လက်မောင်းသားတွေပေါ်နေတာလည်း ရင်ပြတ်ပေါ်မှာ ရစ်သိုင်းထားသည့် ပဝါကြောင့် ရိုင်းသည့်ယဉ်သည့်စစည်းဘဲရှိ၏။ ခြေချင်းချိတ်ထိုင်နေသည်မို့ စီးထားသည့် အနီရောင်ဖိနပ်

www.burmeseclassic.com

www.burmeseclassic.com



က ပုံတော်ဖိနပ်ပုံဖြစ်ပြီး ကတ္တီပါလည်းမဟုတ် ...။

စားပွဲပေါ်မှာ အနီရဲရဲ ကြိုးရှည်ဆလင်းဘတ်(ခ်)လေးတင်ထားကာ သူမရှေ့မှာ အအေးဘူးလေးတစ်ဘူးပဲရှိသည်။ ဒါပေမယ့် သူမက နှုတ်ခမ်းလွှာကြားမှာ ပိုက်တံလေးတပ်လိုက်၊ ဘေးမှာဖွင့်ထားသည့် ဗိုင်ကို ဖတ်နေလိုက်နှင့် ပတ်ဝန်းကျင်ကို ဂရုစိုက်ပုံအလျှင်းမရှိပေ ...။

ဆံပင်တွေကို ဘေးတစ်ခြမ်းသိမ်းထားသဖြင့် မျက်နှာတစ်ခြမ်းမှာပဲ ဆံဝင်တွေပြိုကျကွယ်နေလျှင် ...၊

"ဘာလို့ ဆံပင်ကွယ်ထားတာလဲ မသိဘူး .. သူ ငါတို့ကြည့်နေတာကိုတော့ မသိလောက်ပါဘူး .."

"ကျော် .."

"ဟင် ..."

"မင်း .. ဒီဟာမလေးကို သတ်ချင်ဖြတ်ချင်နေတာလား .. အလှထိုင်ကြည့်နေတာလား .."

"သတ်ချင်ဖြတ်ချင်စိတ်နဲ့ ကြည့်ရအောင် ရန်ငြိုးရှိခဲ့တာမှမဟုတ်တာကွ .."

"ကျော် .."

"ပြော .. ပြော .. ဟုတ်တယ် .. ကျော် .. ညာကျော် ပါ၊ မင်းတို့ ဘာဖြစ်နေတာလဲ .."

ခနနဲ့ ဇော် ကို ကြည့်၍ သူကပဲ စိတ်မရှည်သံနှင့် ...၊

"မင်းကပဲ မေးရတယ်ရှိသေးတယ် ဟုတ်လား .. ကျော် .."

ခနက စားပွဲကို ထုပစ်လိုက်ပြီးမှ ...၊

"မင်း မျက်လုံးကြီးက သူ့ကိုကြည့်ဖို့ ရေမီးအစုံဖြစ်နေပေမယ့် အဲ့ဒါ မင်းကို တစ်စစီဖွဲ့ဖို့လာတဲ့ ဘီလူးမ .."

"ထူးဆန်းတယ်နော် .. ဘီလူးမက တော်တော်လှတာ .."

ကြည့်စမ်း ...၊

ခန တကယ်ဒေါသထွက်လာတာဖြစ်ကာ အရိုင် ဆီကနေ မျက်လုံး



မခွာနိုင်ဖြစ်နေသည့် ကျော့် လက်မောင်းကို ဖတ်ခနဲ ထိုးပစ်လိုက်ပြီး ...၊

"ငါလာတာ အဲ့ဒီကောင်မလေးလှတာတွေပြောဖို့မဟုတ်ဘူး .."

"ခန ရာ .. မင်း ပြောတာတွေ ငါတို့နားထောင်ပြီးပြီလေကွာ .. သူ လာမယ်ဆိုတာလည်း ငါတို့ကြိုသိတာမှမဟုတ်တာ၊ ဒါပေမယ့် ကြည့်စမ်း ဘယ်လောက်တိုက်ဆိုင်သလဲ .."

ကျော် က ဟိုနေ့က ဖြစ်ခဲ့သည့် ဒေါသတွေကို ဘယ်မြောင်းထဲမှာ သွားလွှင့်ခဲ့သည်မသိ ...။

ဇော် ကတော့ 'ဘာတွေဖြစ်လာမလဲ' ဆိုသည့် အတွေးနှင့် မိုးလင်းတိုင်း ကြောက်လန့်နေရသူဖြစ်ကာ ...၊

"ဒါ တိုက်ဆိုင်တာမှမဟုတ်ရဲ့လားလို့ ငါတွေးနေတာ .."

ဟု ပြောရင်း သက်ပြင်းချ၏။ ခန မျက်နှာ စူပွတင်းမာနေတာကို ပြန်ကြည့်၍ ...၊

"မင်းလည်း သတိထား ခန .. အဲ့ဒီညကအဖြစ်မျိုး နောက်ထပ်မဖြစ်မိစေနဲ့၊ သူ့အခန်းထဲ မင်းဝင်သွားမိတာ တကယ့်ရှော့ခ်ပဲ .."

ခန က ဘာမှမပြောဘဲ ငြိမ်နေ၏။ ထိုညက လက် ရဲ့ ရှေ့မှာ သွေးပျက်သိမ်ငယ်ခဲ့ရသည့် မလုံလဲခြင်းမျိုး သူတစ်ခါမှ မခံစားခဲ့ရဘူးပေ။ ခုထိလည်း ခံစားနေရတုန်းပဲဖြစ်သည်။

လက် ကို ဂရုမစိုက်တာက သပ်သပ်၊ ဒီလိုမှားကွက်မျိုးနဲ့တော့ လက်ညှိုးထိုးမခံနိုင်ပါ။

ဒါပေမယ့် သူ ဝင်သွားမိတာရော လက် ရောက်လာပြီးမြင်သွားတာရော၊ ဒီလောက်တောင် တိုက်ဆိုင်နေတာကိုတော့ ကြောက်သွားမိတာ အမှန်ပင် ...။

နောက်တစ်ခါ ဒီလိုတိုက်ဆိုင်မှုတွေ ဖြစ်မလာဖို့အတွက်က ...၊

"ခန .."

ကျော် က မချိုမချဉ်မျက်နှာနှင့် ဘယ်လိုစိတ်ကူးတွေ ရလာသည် မသိဘဲ နှစ်ယောက်စလုံးကိုလှည့်ခေါ်ကာ ...၊

www.burmeseclassic.com

www.burmeseclassic.com



"အခု သူ ပြန်ရောက်လာတာ ငါတို့က ကြောက်စရာမလိုပါဘူး ကွ .. ငယ်ကြောက်ဆိုတာ အဆေးကနေ အသံကြားရင်တောင် လူမမြင် ရဘဲနဲ့ သေးပါအောင် ကြောက်တတ်တယ်တဲ့၊ သူက ငါတို့သုံးယောက် ကို ရှုံးနိမ့်ခဲ့တဲ့သူပါ .."

"အဲ့ဒီတော့ ဘာပြောချင်တာလဲ .."

"အဟွန်း .. မင်းက ညီနဲ့ပတ်သက်ပြီး စိတ်တိုနေတော့ ပြောရမှာ နည်းနည်းအားနာတယ် .."

အားနာသည်ဆိုတည်းက ဘာပြောတော့မယ်ဆိုတာ ခနဲ က ရိပ်မိ လိုက်ပြီဖြစ်သည်။ ဖော် ကတော့ မျက်နှာကြီးကြီးတင်ရှုံ့မဲ့နေကာ ..။

"မတော်တရော်တွေ မပြောနဲ့တော့ .."

"တော်တာရော်တာတွေချည်းလုပ်နေကြတဲ့လူတွေ မရှိပါဘူး ဖော် ရာ .. ပြောခွင့်တော့ရှိရမှာပေါ့ .."

ပြောလိုက်ရင်း အရိပ် တစ်ကိုယ်လုံးကို သေချာလှည့်ကြည့်နေ သေးသည်။ ပြီးမှ ..။

"ဒုတိယတစ်ခါပြန်လာတော့လည်း နောက်ထပ်တစ်ခါ ပညာပေး လိုက်ရုံပေါ့ .."

"ဘာ .."

"အရောင် က ကလေးသာသာပါ၊ အသက်အရွယ်ကိုပြောတာ မဟုတ်ဘူးနော် .. ရုထိ သူ့စိတ်ကို သူ မပိုင်ပါဘူး၊ ခနဲ က ဒါဆိုဟိုဟာ မလုပ်တဲ့ ကောင်လေးပဲ .."

"အေးပါ .. ဆက်ပြောစမ်းပါ .. မဖွယ်ရာတာတွေပါလာတော့ မှာသိပေမယ့် နားထောင်ချင်နေတယ် .."

ဖော့် စကားကြောင့် ကျော် က ရယ်တာ ..။

"စိတ်ဝင်စားကြည့်လိုက် .. ချစ်ဝေး က .."

"အရိပ်ယောင်း လို့ပြော .."

"အေးပါ .. ကဲ .. အရိပ်ယောင်း က ငါတို့စားပြီးသား ပွဲတော်ကျ



လေးပဲကွ၊ သူ့ကိုယ်သူ အရိပ်ယောင်း အသွင်နဲ့ အရောင့် ကိုကပ်ပြီး ငါတို့ရှေ့ ပြန်ရောက်လာတာ၊ ချစ်ဝေး ဆိုတာ အရောင့် ကို သူ မပြော ရဲသရွေ့ ငါတို့အံချိန်မရွေး ဆုပ်ချေပစ်လို့ရတယ် .."

"မင်း .. ဒီကောင်မကို ပြန်ကောက်စားချင်နေတာလား .."

"အသုံးတော်ခံတယ်လုပ်ပါ .. ငါတို့အတွက် ဒီကောင်မလေးက ဒါပါပဲ .."

ဟိုတစ်ချိန်တုန်းကလည်း ဆယ်ကျော်သက် နေ့မနပ်လေးပဲဖြစ် သည်။ ခု ပြန်ရောက်လာတော့ ကိုယ်တွေထက်တော့ အများကြီးငယ်ရွယ် ပါသေးသည်။

စိတ်က တွေးဖြစ်ရင်း လှည့်ကြည့်မိပြန်သည်။ ပလပ်စတစ်ဆာဂျရီ လုပ်ထားသည်ဆိုသည့် မျက်နှာလေးက နုလိုက်တာ လှလိုက်တာများ အပျိုစင်အလှပဂေးလေးတွေနဲ့တောင် မလဲနိုင် ..။

"ငါတို့လက်ထဲမှာပဲ ပြန်ပြီးပိတ်မိသွားရင် သူ ကလှဲစားချေမယ် ဆို တာတွေလည်း ပျောက်သွားမှာပဲ၊ ကိုယ့်ပေါင်ကိုယ်လှန်ထောင်းမယ့် အလုပ် မျိုး သူ ဆက်လုပ်မယ်ဆိုလုပ်လိုက်လေ .. ငါတို့က ယောက်ျားတွေ .."

"တွက်ရေးတော့ စက်သူဋ္ဌေး တွက်ကြည့်တော့ စက်မရှိဆိုတာ ဒါမျိုးပဲနေမှာ .."

"ဘာလဲ ဖော် .. မင်းက ငါ့ကို ပြောတော့လွယ်တယ်လို့ ဖွဲ့တာလား .."

"မဖွဲ့ပါဘူး .. ဖွဲ့ဖို့ကိုမလိုတာ .."

"မလိုဘူး ဟောကောင် .. မိုက်ရဲတော့ သေတတာပန်၊ လိမ်နိုင်မှ သစ္စာ ရှင်တဲ့ .."

"ဘယ်သူပြောတာလဲ .."

"အခုပြောတာတော့ ငါပဲ .."

"ဖြစ်လာမယ့် အနာဂတ်ကို ရှေးလူကြီးတွေ နိမိတ်ဆေးခဲ့တာပေါ့ ကွာ .. မကြားဝံ့မနာသာတွေ .."

"မကြားဝံ့ရင် ကြားဝံ့တဲ့နားက ထောင်လိုက်တော့ .. ဟိုမှာ ထသွား

www.burmeseclassic.com

www.burmeseclassic.com



ပြီ ..."

"ဟာ .. ဟောကောင် ..."

"မရတော့ဘူး .. ငါက လိုချင်လာရင် ခုဆိုခုပဲ ..."

"ကျော် .. ဟား .. ဒီကောင် ..."

ကျော် က ပြောတဲ့အတိုင်း အရိပ် ထပြန်သွားတာမြင်လိုက်သည်နှင့် ထပ်ချပ်မကွာ ထွက်လိုက်သွားလေသည်။

မနေ ထခွဲမတတ်ခေါ်လိုက်ပေမယ့် တက်ခေါက်ရင်း ကျန်ရစ်ခဲ့၏။

"ကဲ မင်းကရော ဘယ်လိုလဲ ..."

ဇော် က မျက်လုံးအပြူးနှင့်ကြည့်ကာ ...၊

"ဘယ့်နယ်ကြောင့် ငါ့ဘက်လှည့်လာတာတုန်း၊ အဲ့ဒီမယ်ယက္ခ ပေါ်လာတည်းက ရင်ပူလွန်းလို့ ညဘက်အိပ်မရတာ ဘယ်နှစ်ညရှိပြီ မှန်းတောင် မသိတော့ဘူး ..."

"ကျော် ဆိုတဲ့ကောင်ကွာ .. ကျွတ် ..."

ကိုယ်ပြဿနာကိုပြောချင်လို့ ဒီမှာ လာစုမိကာမှ ဆွဲမရလွဲမရ ထဖြစ်သွားသဖြင့် မနေ နဲ့ ဇော် ရှုံ့မဲ့ညည်းတွားကြရင်း ...၊

"သူ့ကိုယ်သူ လေးဆယ်ကျော်နေပြီဆိုတာ သတိရရဲ့လားမသိဘူး.. ဝဲစား ..."

"မရဘူး မနေ .. ကျော် က ဒါမျိုးအတွက်ဆိုသိပ်အကုန်ခံတာ၊ ပြီးတော့ အကောင်းကလည်းကြိုက်မှကြိုက် ..."

ထို့ကြောင့် သူပြောနေကျစကားရှိသေးသည်။

'ကိုယ်ရှာတာ ကိုယ်ဖြုန်းတာပဲ ဘာဖြစ်လဲ .. ယင်နားစာစားပြီး ရောဂါရမခံနိုင်ဘူး' တဲ့ ...။

ဘုံ ဆိုတဲ့ ချာတိတ်မလေး မနေ လက်ထဲကို ပထမဆုံးရောက်သွား တာတောင် သူ့မှာ မချင့်မရဲနှင့် ...။

"ဇော် ..."

"ဟေ .. ဘာလဲ ..."



"ဒီကိစ္စ .. ညီ သိလို့မဖြစ်ဘူး ..."

"ဘယ်ဖြစ်မှာလဲ .. သိသွားရင် မင်းသွားပြီပေါ့ ..."

"ဒါပေမယ့် .. ညီ့ကို ဇွတ်ဖဲထားပြီး ဒီမိန်းမ ငါ့ကိုတစ်သက်လုံး နိုင်စားသွားမှာကို ငါ မခံနိုင်ဘူး ..."

ဇော် က ခေါင်းညိတ် ခဏငြိမ်သွားကာ ...၊

"ဒါဆို မင်း သူ့ကို ညီကြည့်ပါလား .. ညီနဲ့ သူ့ကို လက်ထပ်ပေး မယ်၊ လက်ဖွဲ့အဖြစ် သူ ကျေနပ်လောက်တဲ့အထိ ပုံပေးမယ်ပေါ့ကွာ.. ပြီးရင် ..."

မနေ ခေါင်းခါလိုက်သဖြင့် သူ့စကား ဒီမှာပဲရပ်သွားသည်။

"သူ ဒါနဲ့ နိုင်ကွက်လုပ်ထားတာကို သွားပြောရင် ဟာသဖြစ်သွား မှာပေါ့ကွ ..."

"အေး .. ဟုတ်တယ် .. ပြီးတော့ ငါတို့ကို ဝင်တိုက်ဖို့လုပ်သွား တဲ့ကားကိုကြည့်တာနဲ့ သူ ဘယ်လောက်ချမ်းသာနေသလဲဆိုတာလည်း မပြောနိုင်ဘူး၊ ကျော့် ကိုတော့ ငါ အံ့ဩတယ်ကွာ .. ခုချိန်ထိ သူ စိတ် မလျှော့သေးဘူး၊ ငါဖြင့် ကိုယ့်အလှည့် ဘယ်နေ့လဲဆိုတာ တွေးတောင် မတွေးရဲဘူး ..."

"ငါထင်တယ် .. မင်းတို့ထက် သူ ငါ့ကို ဗိုပြီးကလဲ့စားချေချင် မှာပဲ .. သူ့ဘဝကို ဖျက်ဆီးခဲ့တာ ငါပဲ ..."

ဇော် က မနေ မျက်နှာကို အံ့ဩသလိုကြည့်ကာ ...

"မင်း နောင်တရနေတာလား ..."

"ဟုတ်တယ် .. ဒါပေမယ့် သူ့ကိုကြောက်တာမဟုတ်ဘူး၊ ကျူ ငွေမကျန် မရှင်းခဲ့မိတဲ့အတွက် သူ့လိုမိန်းမမျိုးကို ထင်သလိုတုံ့ပြန်လို့ မရတာ ခံပြင်းနေတာ၊ အသားလေးဆုပ်ချေပစ်ချင်နေတဲ့စိတ်က ...လို့ မရလေ မွန်းကျပ်လာလေ ..."

"ဒါတော့ ဖြေနိုင်အောင်ဖြေ မနေ .. ကျပ်လွန်းရင် ...ချောင်တယ်တဲ့၊ ချောင်နေတာကျတော့ သူ့အလိုလိုပြန်ကျပ်မသွား...တ်ပေမယ့် အသာ

www.burmeseclassic.com

www.burmeseclassic.com



လေး ပြုတ်ထွက်သွားတာပဲ၊ ငါတို့က ချောင်လွန်းတဲ့စာရင်းထဲမှာပါတယ်ကွ … သူ့အလိုလိုတော့ ပြန်ကျပ်သွားမှာမဟုတ်ဘူး၊ ကိုယ့်ကိုယ်ကိုယ်ထိန်းနိုင်မှရမယ် …”

“ဘာကိုထိန်းရမှာလဲ … သူ ကစားနေသမျှ ရုပ်သေးရုပ်လိုနေပေးဖို့လား …”

“ငါတို့ဘက်မှာ စနစ်တကျ တိုက်ခိုက်ဖို့နည်းလမ်းမရှိဘဲ စိတ်နောက်ကိုယ်ပါလုပ်လို့မရဘူး၊ ဒါတော့ မင်း လက်ခံနိုင်ရမှာပဲ … ငါတို့ကိစ္စမှာ အဆိုးရွားဆုံးက …”

ဇော် အသံ တိုးကျသွားသည်။ ဘယ်သူမှမကြားနိုင်တာသိပေမယ့် မျက်နှာငုံ့ချလိုက်ပြီးမှ ခါးတောင်း၍ ရှေ့ကိုကပ်ကာ …၊

“ကိုယ်ပေးနိုင်လို့ ဘယ်လိုပဲ အပျော်ရှာရှာ မထူးဆန်းပေမယ့် အခု ငါတို့က …”

“မပြောနဲ့တော့ကွာ …”

သတ္တိမရှိတာလား … အမှတ်တမဲ့လူကြားသွားမှာစိုးတာလား …၊

ကိုယ့်စိတ်ကိုလည်း မသိတော့ပါ။ ဒါပေမယ့် ပြီးခဲ့သည့်ဖြစ်ရပ်ကြီးနဲ့ပတ်သက်ပြီး သူများသိဖို့မပြောနဲ့ ကိုယ့်နားနဲ့ကိုယ်တောင် ပြန်မကြားချင် …။

ငယ်ရွယ်စဉ်က မှားခဲ့သမျှက အသက်အရွယ်အချိန်ကာလတွေပြောင်းလဲလာရင် ရယ်စရာတွေဖြစ်သွားတာပဲလို့ သူများတွေကပြောကြသည်။

သူတို့အဖြစ်ကတော့ ဒီလိုမဟုတ်ခဲ့ပါလား …။

♥♥♥



## အခန်း (၁၇)

ရှေ့မှာပြေးနေသည့် ရွှေအိုရောင်လင့်ခရူဇာက ကျော့် မျက်လုံးထဲမှာ အလွန်ချောမောလှပသည့် မိန်းမပျိုလေး၏ သွယ်နွဲ့နွဲ့ခါးအလှလေး နွဲ့ယိမ်းနေသကဲ့သို့ ဆွဲဆောင်နေခဲ့၏။

ကားနောက်ကို အမီလိုက်မောင်းနေရင်း နှုတ်ခမ်းတွေက ပြုံးနေသည်။ ကားကိုမမြင် လူကိုပဲမြင်ကာ နီးလိုက်ဝေးလိုက်ဖြစ်နေရသည့် အခြေအနေကို မချင့်မရဲဖြစ်လာတိုင်း လီဗာကိုပဲ ဖိနင်းနေမိသည်။

ချစ်တေး …

မင်းက ချစ်တေး ပဲ ဖြစ်ဖြစ် အရိုင်ယောင်း အရိုင်သစ် ဘာဖြစ်ဖြစ် ငါ့မျက်လုံးထဲမှာတော့ နမ်းရှိုက်ချင်စရာပန်းကလေးတစ်ပွင့်ပါပဲကွာ…။

မနေ နဲ့ ဇော် တို့ ဘယ်လိုပုံကြီးချဲ့ခံစားနေခဲ့သည်တော့မသိ … သူ သိနေတာက မိန်းကလေးတစ်ယောက်ကိုကြောက်နေဖို့မလိုပေ …။

သူမလို မိန်းကလေးတစ်ယောက်က ဂုဏ်သိက္ခာတွေနင်းခြေနိုင်သည်ဆိုလျှင် ကိုယ်က ယောကျ်ား …။ လက်ဖျစ်တီးပြီးတော့တောင် စိန်ခေါ်လိုက်ချင်သေးသည်။

“ကျွီ …”

www.burmeseclassic.com

www.burmeseclassic.com



"ဟော့ .. ဘယ်လိုလဲကွ .."

ရှေ့ကားကို ကျော်တက်ပစ်လိုက်သဖြင့် တစ်ဖက်လမ်းကြောက ကားနဲ့ ပွတ်မိတော့မလို သီသီလေး ..။ သူ လက်ထောင်ပြလိုက်ပြီး 'ဆောရီး' လုပ်လိုက်သည်။ ပြီးတော့ နောက်ကလိုက်နေရင်း သူဝဏ္ဏ ဘက်ကို ကွေ့ဝင်သွားသည့်နောက်ကို လိုက်ကွေ့ခဲ့စဉ် ...၊

"ဟာ ..."

"ကျွီ ..."

"ဒုန်း .. ဒုန်း .."

"အင့် .."

လမ်းက ကားရှင်းသည်မို့ အရှိန်ထပ်တင်ပြီး လင့်ခရူဇာနောက် လိုက်ကပ်လိုက်မိသည်။ သို့သော် ကိုယ်ကမကပ်ရသေးခင် လင့်ခရူဇာ က ကိုယ့်ရှေ့ကနေ ဖြတ်ပိတ်ပစ်လိုက်ရာ မတိုက်မိအောင် စတီယာရင် ကို အတင်းဆွဲလှည့်ပစ်လိုက်ရကာ ..၊

"အား .. ကျွတ် .. ကျွတ် .."

ပြာခိုက်သွားသည့် မျက်လုံးတွေကို တော်တော်နဲ့မဖွင့်နိုင် ..။ အသက် .. ရှူမှားအောင် အောင့်တက်သွားသည့်ရင်ဘတ်က တော်တော်နဲ့ ရှူရှိုက် ခွင့်မပေးခဲ့ဘဲ ..၊

"ဘုန်း ..."

သူ့ဘေးက တံခါးကို ဘာနဲ့ပိတ်ထုပစ်သည်မသိ ..။

"ဘယ်လိုလဲ .. ခုတော့ အရင်မလိုတော့ဘူးလား ဉာဏကျော်.."

သူမအသံ ..၊

ပြီးတော့ အနီရောင်အရိပ်ကို သေချာမြင်လာရ၏။ လမ်းဘေး ပလက် ဖောင်းကို အရှိန်နဲ့ပစ်ဆောင့်မိသည့်အရှိန်က သူ့သာ မထိန်းနိုင်ခဲ့လျှင် လမ်းတစ်ဖက်က ချောက်ထဲကို ထိုးဆင်းသွားနိုင်၏။

"အရိပ်ဟောင်း .."

"ဟုတ်တယ် .."



"မင့် .. မင်းတော်တော် .."

"ရက်စက်တယ်ပြောမလို့လား .. ဒီမှာ အသက်ရှူမှားနေလည်း နားကတော့ မမှားနိုင်ပါဘူး .. သေချာနားထောင် .."

သူမက သူ မှန်ချလိုက်တာကို အားမရသည့်ပုံနှင့် မှန်ကြားထဲက နေ လက်လျှိုသွင်းပြီး မြန်မြန်ဆန်ဆန်မှန်ကျအောင် ဖွင့်ပစ်လိုက်ရင်း ..၊

"ငါ့ကို ပြဿနာလိုက်မရှာနဲ့ လော့လောဆယ် ငါ့မျက်လုံးထဲမှာ နင်တို့မတိုးသေးဘူး၊ အလှည့်ကျ မစောင့်ဘဲ သွေးရူးသွေးတန်းထဖြစ်နေ ရင်တော့ အသေစောလို့ နှမျောလိုက်တာပြောမယ့်လူတောင်မရှိဘဲဖြစ် သွားမယ် နားလည်လား .. ကိုယ့်ဘာသာ ရွေးစာတ်ခင်းထားတာတွေ သတိရ .."

သူမ ချာခနဲပြန်လှည့်သွားကာ ချက်ချင်းကားမောင်းထွက်သွား ၏။ အကြီးအကျယ် ကြိမ်းဝါးနေပြီး ပြောပြေးပြေးသည်ထင်ရပေမယ့် သူမ ထွက်သွားတာနှင့် လူတွေပြေးလွှားရောက်လာကြတော့ နားလည် သွားမိသည်။

"ဘယ်လိုဖြစ်သွားတာလဲ .."

"ဟိုကားနဲ့ဖြစ်တာထင်တယ် .. မောင်းပြေးသွားပြီ .."

"လူ ဘာဖြစ်သွားလဲကြည့်ဦး .."

"ဘာမှမဖြစ်ဘူးထင်တယ် .. သူ တစ်ခုခုပြောနေတယ်ကြည့်လိုက် ဦး .."

"ဖုန်း .. ဖုန်းပေးနေတာဟ .. ဘယ်ကိုဆက်ခိုင်းတာလဲမသိဘူး.."

သူ စကားသိပ်မပြောနိုင်ပေမယ့် ..၊

"အဲ့ဒီထဲမှာ ခနု .."

"ခနု တဲ့ .."

"မ .. မရရင် .. ဇော် ကို .."

"ဟုတ်ပြီ .. ဟုတ်ပြီ .. ရှာနေပြီ .."

လူတွေတာစများလာကြပေမယ့် ကျော့် မျက်[illegible]နေတာ တားဆဲ

www.burmeseclassic.com

www.burmeseclassic.com



ထ တွဲချပေးကြတဲ့အတိုင်း ယိုင်နဲ့နဲ့ထွက်လာခဲ့ရပြီး ...၊

"ကျော် .. ဘယ်လိုဖြစ်တာလဲ .."

မနေ ကို ခေါ်မရပေမယ့် ဇော် ကိုတော့ ဆက်သွယ်လို့ရကာ သူ့ဆီ ပြေးလွှားရောက်လာခဲ့၏။ ဇော် ရောက်လာတော့ သူ တော်တော်သက်သာနေပြီဖြစ်လျက် ...၊

"ချစ်တေး .."

"အရိပ်ယောင်း လို့ ခေါ်စမ်းပါကွာ .. အန္တရာယ်များလိုက်တာ .."

ဆေးမှာ လူတွေမရှိတော့တာတောင် ဇော် က စိုးရိမ်သံနှင့်တားနေသေးသည်။ ကျော် က ကားထဲကိုခပ်နဲ့နဲ့ဝင်ရင်း ခေါင်းညိတ်လိုက်တာ ...၊

"အေး .. ဟုတ်တယ် .. အန္တရာယ်ပေးနိုင်တဲ့ မိန်းကလေးမှန်း ငါ လက်ခံသွားပြီ .."

"တော်သေးတာပေါ့ .."

အသက်တွေ ဘယ်အရွယ်ပဲရှိနေနေ သူတို့နဲ့စာရင်တော့ ချစ်တေး ဆိုတဲ့ကောင်မလေးက ချာတိတ်လေးပဲဖြစ်ခဲ့တာမို့ ခုထိလည်း ဒီတိုင်းပြောနေမိတာဖြစ်သည်။

ထိုပြင် ပြန်ပေါ်လာသည့် အရိပ်ယောင်း ဆိုသည့် မျက်နှာလေးကလည်း နငယ်လှ ဝနေသည်ဖြစ်ရာ ...၊

"ငါ တကယ် သူ့ကို လှနေတာကလွဲပြီးဘာမှ .."

"မင်း ဘာမှမမြင်တော့အောင် မှုန်သွားတာအပြစ်မဟုတ်ပါဘူး၊ တစ်ကိုယ်လုံးကလည်း ဘယ်ကိုကြည့်ကြည့် မျက်လုံးလွှဲချင်စရာမရှိဘဲ၊ ဒါပေမယ့် သူက ချစ်တေး ဆိုတာ သိထားကာမှတော့ သူ့အလှအပတွေရဲ့ နောက်ကွယ်က လက်နက်ကို မေ့လို့မရဘူးကွ .."

စကားပြောရင်း ဇော် က တံခါးပိတ်ပေးမလို့ ပြင်လိုက်ပြီးမှ ...၊

"မင့်ကားကိုထားခဲ့ရမှာ ဒီနေရာက သိပ်တော့စိတ်မချရဘူးထင်တယ်၊ ဘယ်လိုလဲ .. ဝပ်ရှော့လာတဲ့အထိ စောင့်မလား .."



"ကဲ .. တက်စမ်းပါကွာ .. သူတို့နဲ့လမ်းမှာတွေ့မှာပါ၊ ငါ့နံကြားထဲက အောင့်နေတာ အသက်ဝဝရှူလို့မရသေးဘူး .."

"ဒါနဲ့ .. ဘာမှမဖြစ်ဘူးဆို .."

"ဒီလောက်ဆောင့်ခါပြီး နှစ်ချက်လောက်မြောက်သွားတာကို ကားတောင် ကံကောင်းလို့ ထက်ပိုင်းကျိုးမသွားတာ .."

"ဒါဆိုရင်တော့ မင့်ကား ရှော့ဘားတွေသွားပြီ .."

"သွားချင်ရာသွားပေ့စေ .. ဟိုကောင့်ကို သွားမပြောနဲ့ အလိုလိုထာမှ .."

"ဟုတ်တယ် .. ခုတောင် မင်းကို တော်တော်တင်းနေတာ .."

"မတတ်နိုင်ဘူး .. ရင်ဘတ်ပူဆာမနေသာပဲ .."

"ငါ့ဝမ်းပူဆာမနေသာပါ .."

"ဝမ်းကပူတာမဟုတ်ဘူး .. ရင်ဘတ်ကြီးက ရှန်းရင်းဆန်ခတ်အဖြစ်တာ .."

ကားမောင်းထွက်လိုက်ရင်း ဇော် က လှည့်ကြည့်ကာ ...

"ကျော် .. ကိုယ့်ကိုယ်ကိုယ်လည်း ငုံ့ကြည့်ဦး .."

"မင်းအရင်ကြည့် .."

"သေနာ .."

"မတရားသဖြင့်တွေလာမပြောနဲ့ .. မင်းနဲ့ မနေ စခဲ့တဲ့ဇာတ်လမ်း"

"ယော့ကောင် အဲဒါကို ငါမပါဘဲနဲ့ပြော .. မနေ က ဒါရိုက်တာ .."

"ဘာပဲဖြစ်ဖြစ် ငါက နောက်ဆုံးကျမှချည်းပဲ .."

မကျေနပ်တာတွေ ထွက်လာတော့ ဇော် က ရယ်ကျဲကျဲဖြစ်သွား၏။

"ဟဲ .. ဟဲ .. ဒါကတော့ မနေ ကလည်း မနေ ဖြစ်နေတာကိုးကွ .."

"မင်းကရော .."

"ငါကလည်း ဇော် လေ .. ဒါပေမယ့် .."

"ဘာဖြစ်လဲ .."

"အားနွဲ့သူလေးမို့ပါ .."

www.burmeseclassic.com

www.burmeseclassic.com



"ခွေးသူခိုး ... ဒါကြောင့် အားကျမခံ သားနှစ်ယောက်တောင် မွေးထားတာ ..."

"ဟစ် ... ဟစ် ... ဟစ် ..."

ဖော် ပခုံးပုပြီးရယ်နေပြီဆို အလွန်နားဝင်ဆိုးသည့်ရယ်သံမျိုး ထွက်တတ်တာ တွေ့ဖူးတတ်သည်၊ အားနာတတ်လွန်းသည်ဆိုပြီး နှစ်ယောက်က သူ့ကိုဆိုညွှာပြီးသား ...။

ဒါပေမယ့် တက်ညီလက်ညီလှုပ်ရှားကြပြီဆို သူ မပါခဲ့တာလည်း မရှိ ...။

"မှတ်ထားဦးနော် ... ငါ အခုဖြစ်တာ ဟိုကောင့်ကို မသိစေနဲ့ ..."

"မင်းလည်းပြောပါဦး ... အခု အတွေ့တရားရသွားပြီလား ..."

ကျော် က အသက်ရှူမဝသေးသည့် အမူအရာတွေဘာမှမရှိဘဲ မျက်နှာကို မော့ထားလိုက်ပြီး ...၊

"ငါ့ဟာနဲ့ငါပါ ..."

"ဟုတ်ပါတယ် ... မင့်ဆီမှာ မင့်ဟာပါပဲ ..."

"ဟေ့ကောင် ..."

"မင်းက မာနကြီးတယ်လေ၊ အရှေးအငှားမလုပ်တတ်တာ မဟုတ်လို့လား ..."

ဒဏ်ရာနဲ့လူက ဆဲလိုက်တာ တစ်တစ်ခွခွ ...။

ပြီးတော့ လမ်းဘေးတစ်နေရာကို လက်ညှိုးထိုးလိုက်ပြီး ...၊

"ဟိုမှာ ချစ်တေး ..."

"ဟင် ... ဘယ်မှာလဲ ..."

"ကျွီ ..."

"တီ ... တီ ..."

ထိတ်လန့်ဖျာဖျားသည့်အသံကို မောင်းနေသည့်ကားက ဗရုန်းဗတာလှူးခါသွားခြင်းဖြင့် သရုပ်ဖော်နေ၏။ ဘေးက ကပ်ကျော်သွားကြသည့် ကားတစ်ချို့လှည့်ကြည့်ပြီး ဆဲသွားကြလျှင် ...၊



"ဒီနေ့ ပြဿနာက ဆဲအေးဖြစ်မယ် ..."

"ဟား ... ဟား ... ဟား ..."

"မင်းကဲ ငါ့ကို ကြောက်တတ်လိုက်တာဆိုပြီး လှောင်တယ်ပေါ့"

"ဟား ... ဟား ... ဟား ... မင်းကြောက်နေတာက လွန်လွန်း ..."

"ဟိုမှာ ဒါက တကယ် ..."

"တော်စော့ ..."

"ဖော် ... ဟိုမှာ ရွှေအိုရောင်လင့်ခရူဇာကွ ... ကြည့်လိုက် ... ငါ တကယ်ပြောတာ၊ သူ ဘယ်မှာနေသလဲ ဘယ်သူနဲ့တွေ့မှာလဲသိရအောင် လိုက်ကွာ ..."

"မင်း တကယ်ပြောနေတာလား ..."

ခုမှ ပတ်ဝန်းကျင်ကို မျက်လုံးဒေါ့ဖို့သတိရသွားသည်။ ကြည့်လိုက်တော့ လင့်ခရူဇာကြီးကို နောက်ကသေချာမြင်လိုက်ရ၏။ ဖော့် မျက်နှာပေါ်က အပြုံးတွေ ပျောက်ကွယ်သွားလေသည်။

ကျော် ဘယ်လိုခံစားပြီး မက်မောနေခဲ့သည်မသိ ...။

သူ ခံစားလိုက်ရတာကတော့ ဘီလူးတစ်ကောင်ကိုတွေ့တဲ့အတိုင်း...။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၈)

ထမင်းဝိုင်းမှာ သူမပါနေသလိုလို၊ ခေါ်ကျော့ ထမင်းစားဖို့လာခေါ်တော့ ထမင်းစားခန်းထဲဝင်သွားတာ သူ သေချာမြင်လိုက်ရသည်။

တစ်ညနေလုံး အလုပ်လုပ်နေခဲ့တာကြောင့် ဗိုက်ကလည်းဆာနေ၏။ ကိုယ့်အခန်းထဲ ယူလာနိုင်းတဲ့အထိ လုပ်ပြန်ရင်လည်း မကောင်း...။

ဒီမိန်းမစားပြီးမှ စားရအောင် သင်းက ဘာလဲ .. ကိုယ်က ဘာလဲ...။

အခန်းထဲမှာ ခေါက်တုံ့ခေါက်ပြန်လျှောက်ရင်း ခေါသနဲ့ ဆာလောင်နေသည့်ဒုက္ခကို ကောင်းကောင်းကြီးခံစားနေရလေသည်။

ဒါ လက် ဆိုတဲ့မိန်းမ အစီအမံမတတ်တာတွေကြောင့် ...။

"ခေါ်ကျော့ မောင့်ကိုမခေါ်ခဲ့ဘူးလား .."

လက် ကလည်း ထမင်းဝိုင်းမှာ ထိုင်စောင့်နေရင်း လည်ပင်းတရှည်ရှည်နဲ့ဖြစ်နေခဲ့၏။

"ခေါ်ကျော့ ခေါ်ခဲ့ပါတယ် မလက် ရယ် .. ချက်ချင်းထလိုက်လာတယ်ပဲထင်တာ၊ ဟိုလေ .. သူ့ဒွေး ထရပ်လိုက်တာမြင်မှ ခေါ်ကျော့ ထွက်လာခဲ့တာပါ .."

ထမင်းစားပွဲမှာထိုင်လိုက်သည့် အရိပ် ကိုယ်လေး ဖင်ထိုင်မကျသေးဘဲ ပြန်ထရပ်ပြီးသားဖြစ်သွားတာ ...၊



"ဒါဆို အရိပ် နောက်မှပဲစားတော့မယ်လေ နော် .."

"အို .. မဟုတ်တာ ညီမရယ် .. ထိုင်ပါ .. မောင် အလုပ်တွေလက်စမသတ်နိုင်သေးလို့ဖြစ်မှာ .."

တကယ်တော့ သူမ ဝင်လာတည်းက စိတ်လေးသွားမိတာဖြစ်သည်။ ခါတိုင်းဆို မောင် ထမင်းစားတဲ့အချိန်မှာ သူမ ရှိမနေတတ်ခဲ့ဘဲ ဒီညစာကျမှ ဘယ်လိုတွေတိုက်ဆိုင်နေသည်မသိ ...။

မောင် နေ့လယ်ပိုင်းပြန်ပြန်လာတာလည်း သုံးရက်ရှိပြီဖြစ်တာ သူမကလည်း ဒီနေ့ကျမှ ...၊

"နေဦး .. ခေါ်ကျော့ သွားထပ်ခေါ်လိုက်ဦးမယ် .."

"နေပါ .. ညီမလည်း တစ်ခါတည်းပဲစားလိုက်ပါ၊ မောင့်ကို လက်သွားခေါ်လိုက်တော့မယ် .."

"အရိပ် လည်း နောက်မှပဲစားပါ့မယ် .. တော်ကြာ အရိပ် ရှိနေရင် ကိုကြီး လာစားမှာမဟုတ်ဘူး .."

"အယ် .. ညီမရယ် အဲလိုတော့ .."

"အားနာစရာမလိုပါဘူး မလက် ရယ် .. ကိုကြီးတို့ အရိပ် နားလည်ပါတယ်၊ အရောင့် ကိုလည်း ကတိပေးထားလို့ပါ၊ သူ မရှိတုန်း အရိပ် အနေအထိုင်မတတ်လို့ နှင်ချခံလိုက်ရတာမျိုးမဖြစ်စေချင်ဘူး .."

"ဟာ .. တီတီက ဘယ်သွားမလို့လဲ .. ခုနကတော့ ဗိုက်အရမ်းဆာလို့ဆို .."

မယ်ပျားသာ အထဲဝင်လာသည့် ဖြူလေးက ထမင်းစားပွဲမှာမထိုင်ဘဲ အရိပ် လက်ကို သွားဆွဲခေါ်ထားကာ ...၊

"လာလေ .. မီးတို့နဲ့ အတူတူစားမယ်လေ .."

"ဟုတ်ပါတယ် ညီမရယ် .."

"ဟင့်အင်း မလက် .."

အရိပ် က လက် ကို ခေါင်းခါပြလိုက်ပြီး ဖြူလေးကို ပြုံး၍ ...

"အဲ့ဒီတုန်းက ပေါင်မုန့်မီးကင်တစ်ချပ်ယူစားလိုက်တာ ဆော

www.burmeseclassic.com



တော့လို့သမီးရဲ့ .. အခု ထမင်းစားဖို့လာတာမဟုတ်ဘူး သမီးမာမီက ပြောစရာရှိလို့ခေါ်တာနဲ့ ဝင်လာတာ .."

အရိပ် ဖွတ်ထွက်သွားတော့ လက် စိတ်မကောင်းဖြစ်သွားမိသည်။ သူမ ကတယ်ဆာလို့ဝင်လာတာမှန်းသိလိုက်ရတော့ ပိုဆိုးသည်။

"တီတီက ခုနလေးတင် ထမင်းဆာတယ်ဆိုပြီးတော့ ပေါင်မုန့်စားတာလည်းမတွေ့ဘဲနဲ့ .."

ပြောနေရင်း မယ်မျာယာ ပြန်ထွက်သွားတာကိုလှမ်းခေါ်လိုက်ပြီး...

"မျာကြီး တီတီ့ကိုပေါင်မုန့်လုပ်ပေးလိုက်တာလားဟင် .."

မယ်မျာယာ က လှည့်ကြည့်ပြီး ခေါင်းခါပြသည်။

"မျာကြီးက ချက်ပြုတ်ရတဲ့သူမှမဟုတ်ဘဲ ကလေးရဲ့ .. ဒေါ်ကြီး လုပ်ပေးလိုက်တာနေမှာပေါ့ .."

ဒေါ်ကျော့ ဟင်းတွေပြင်ဆင်ပေးရင်း မျက်နှာပျက်သွားသည်။ ဒါပေမယ့် လူကြီးမို့ နားလည်နေကာ လက် ဆီ မျက်လုံးတစ်ချက်ဝေ့ကြည့်မိရင်း ..။

"ဟုတ်တယ် ဒေါ်ကျော့ လုပ်ပေးလိုက်တာလေ မီးလေးရဲ့ အဟွန်း.. ထိုင် မီးလေး .. ထိုင် .."

ဖြူလေး က နှုတ်ခမ်းလေးစူနေဆဲရှိကာ ..။

"တီတီနဲ့ ထမင်းအတူတူတစ်ခါမှမစားရဘူး၊ မောင်မောင်လည်း ထမင်းမစားနိုင်ဘူး၊ ဒက်ဒီကလည်း ထမင်းစားရင်းစကားပြောရင်ဆူတယ် .."

"သမီး နှုတ်ခမ်းကြီးစူမထားနဲ့လေ .. ဟိုမှာ ဒက်ဒီ ဝင်လာနေပြီ.."

သမီးကို သတိပေးလိုက်ရင်း လက် က ဟင်းတွေကို ခနဲ ပန်းကန်ထဲ ဦးချထည့်ပေးသည်။ ပြီးတော့ သမီးအတွက်ထည့်ပေး၍ လုပ်နေကျအတိုင်း ဝတ္တရားမပျက် ..။

"မာမီ .. အဲဒီပဲဝင်ပေါက်တွေ မီး မကြိုက်ဘူး .."

"မကြိုက်လည်း နည်းနည်းတော့ စားပေးရတယ် သမီးရဲ့၊ ပဲဝင်



ပေါက်စား မျက်စိကြည်တယ်၊ ဟင်းရွက်ကြော်တစ်နေ့တစ်မျိုးစားမှ ကိုယ်ခန္ဓာအတွက် အာဟာရမျှတမှာပေါ့ .. စားကြည့်နော် ဟိုနေ့က မကျွတကျက်ရေနွေးဖျောပြီးသုပ်ထားတာမို့လို့ သမီး မကြိုက်တာပါ၊ အခု စိမ်းစော်မနံ့တော့ဘူး .."

"စားစရာကို ဒီလောက်ချော့မော့ကျွေးနေရလား .. ဒါ ဆေးဝါးတွေမှမဟုတ်ဘဲ သမီးက မောင်လေးထက်လည်းကြီးတယ်နော် .. ငယ်တဲ့လူရှေ့မှာ ဒီလိုတွေလုပ်နေရင် အငယ်ကို ဘယ်လိုဆုံးမမလဲ .."

ထမင်းစားပွဲမှာထိုင်လိုက်တာနှင့် အမြင်မတော်ခြင်းကစသည်။ ဗိုက်ဆာနေသည့်အေါ်သကြောင့် မြင်မြင်သမျှကို စိတ်မရှည်ဖြစ်နေရတာလားတော့မသိ ..။

ထမင်းဝိုင်းမှာ စကားများတာမကြိုက်ဘူးဆိုကာမှ ချော့မော့ကျွေးနေခြင်းနဲ့ စကားများနေရ၏။

ဖြူလေး က ဖအေကို မရဲတရဲမျက်လွှာပင့်ကြည့်ပြီး ခေါင်းလေးငုံ့သွား၏။ ခနဲ က ထမင်းစားပွဲကို မျက်လုံးဝေ့၍ ..။

"ဟိုတစ်ယောက် ဘာလို့ထွက်သွားတာလဲ .."

လက် မျက်နှာမသိမသာတင်းသွားသည်။ ထမင်းဝိုင်းမှာ သားငယ် ဘာလို့မရှိတာလဲ မမေးဘဲ မေးစရာမလိုတာကိုမေးနေသည်။ ဒီရက်ပိုင်းမှာ လင်မယားစကားပြောတိုင်း အဆင်မပြေကြတာမို့ လက် စကားနည်းရန်စဲနေနေခဲ့တာပါ။

ထမင်းစားဖို့သွားခေါ်ခဲ့တာတောင် ခါတိုင်းလို မထမချင်းခေါ်မနေဘဲ သူ အလုပ်လုပ်နေတာမြင်တည်းက ..။

"လက် .. မင်း ဘာဖြစ်နေတာလဲ .."

"ဘာမှမဖြစ်ပါဘူး .. မောင် ဘာဖြစ်နေတာလဲပဲ စဉ်းစားနေတာ.."

"ကိုယ့်ကိုမေးခွန်း ပြန်ထုတ်တာလား .."

မေးလိုက်ရင်း သမီးကို ထေ့ကြည့်သဖြင့် ကလေးရှေ့မှာ စကားမများဖို့ပါ သတိပေးလိုက်တာဖြစ်သည်။ ဒါပေမယ့် သူသာ ပြောခွင့်ရှိနေတာ

www.burmeseclassic.com

www.burmeseclassic.com



လား ..။

"လက် စဉ်းစားနေတာကိုပြောပြတာပါ၊ အရိပ် ကို မေးလိုက်တာလားလို့ထင်ပေမယ့် သူ ရှိမနေတာအတွက်နဲ့တော့ မောင် ဒီလိုမေးနေမှာမဟုတ်ဘူးလေ၊ သားကို မေးတာဆိုရင်လည်း ဟိုတစ်ယောက်လို့ .."

"သားက ဘယ်မှာလဲ .."

မေးသင့်သည့်မေးခွန်းက နောက်ကျစွာရောက်လာခဲ့၏။ လက်က မတည်မပြုံးမျက်ဝန်းလေးတွေနဲ့ စိုက်ကြည့်ကာ ..၊

"မနက်အစောကြီးတည်းက သားငယ် မှိုင်နေလို့ ကျောင်းမထည့်လိုက်ဘူး၊ နေမြင့်လာတော့ ကိုယ်တွေပူလာတယ် .."

"ဘာလို့ ကိုယ့်ဖုန်းကိုမဆက်တာလဲ .."

"ကိုယ်တွေပူလာတော့ ဖုန်းဆက်ပါတယ်၊ မောင် ဧည့်သည်နဲ့စကားပြောနေတယ်လို့ မောင့်အတွင်းရေးမှူးကပြောတယ်၊ နောက်ထပ်ခေါ်တော့ အစည်းအဝေးခန်းထဲရောက်နေပါတယ်တဲ့ .."

အိမ်ကဖုန်းကိုတောင် အတွင်းရေးမှူးက ပြောခွင့်ပေးမှပြောရတာလား ..။

သူမ နာကျင်ခဲ့ပေမယ့် သုံးကြိမ်အထိခေါ်ခဲ့သေးသည်။ ခုလိုမေးခွန်းထုတ်လာမှာစိုးလို့ပါ။

"ဆောရီးပဲ .."

ပါးစပ်ထဲကို ထမင်းလုတ်သွင်းလိုက်ရင်း ခနု က ဆောရီးလုပ်သည်။ ပြီးတော့ မျက်လွှာချနေတာလည်းမဟုတ်၊ ကြည့်လည်းမကြည့်ဘဲ ထမင်းငုံ့စားနေသလိုမျိုးနှင့် ..၊

"အရမ်းအရေးကြီးတဲ့အလုပ်ကိစ္စတွေပြောနေရင် ဖုန်းပြောလို့မဖြစ်ဘူး .."

"လက် သိပါတယ် .. မောင် အလုပ်ထဲရောက်သွားရင် အလုပ်ကိုပဲစိတ်နှစ်ပြီးလုပ်နေတတ်တာ သိတာပေါ့၊ ဒါပေမယ့် မောင် ကိုယ်တိုင်ဖုန်းကိုင်ပြီး 'လက် ရေ ခဏကြာမှပြန်ခေါ်မယ်' ဖြစ်ဖြစ် 'သော့စ်တ



ပြီးမှပြန်ခေါ်ပါ့မယ်တဲ့' ဆိုတာမျိုး .."

ခနု မျက်နှာတည်တည်ကြီးနဲ့ မျက်လွှာပင့်ကြည့်သည်။ ပြီးတော့ ဇွန်းခပ်ရင်းကိုချထားလိုက်ပြီး ..၊

"ကိုယ်နဲ့ ကိုယ့်ဝန်ထမ်းရဲ့ စည်းကမ်းကို မင်း နားလည်သင့်တယ်လက် .. စကားပြောနေတဲ့ ကိုယ့်အထက်လူကြီးကိုစကားဖြတ်ပြောခိုင်းတဲ့ဝန်ထမ်းမျိုးကို ကိုယ့်ဆီမှာ ဘယ်တော့မှမထားဘူး .."

"လက် ကလည်း မောင့်ကိုပြောမပေးရကောင်းလားလို့ ဝန်ထမ်းကို အပြစ်တင်တာမဟုတ်ပါဘူး၊ မောင့်အတွက် စည်းကမ်းသည်အဓိကစည်းကမ်းက ပဓာနဖြစ်နေတာကိုပဲ .."

"အဲဒါ မကောင်းဘူးလား .."

"ကောင်းပါတယ် .. ဒါပေမယ့် မောင့်အိမ်ထောင်မိသားစုအရေးကို စီးပွားရေးနဲ့ တစ်တန်းတည်းထားနေတာက .."

"ငါ့ကိုဘယ်လိုနေပါ ထိုင်ပါလို့ မင်း သင်ဖို့မလိုဘူးဆိုတာ ထပ်ပြောရဦးမှာလား .."

သင်ပေးနေတာမဟုတ်ဘူး မောင် .. မောင် သတိမထားမိတာတွေကို ပြောပြတာ ..။

မိဘအုပ်ထိန်းသူတွေရဲ့ ဆုံးမသွန်သင်မှု မောင် မရခဲ့ဘူး။ မိသားစုဘဝ ဘယ်လိုလဲဆိုတာကိုလည်း စိတ်ဝင်စားရကောင်းမှန်း မောင် မသိဘူး ..။ လူဆိုတာ ကိုယ်က သွန်သင်ဆုံးမမှုခံခဲ့ဖူးမှ ကိုယ့်ရင်သွေးကိုဆုံးမတတ်တာ၊ သူများအပေါ်မှာ နားလည်ခွင့်လွှတ်နိုင်စွမ်းရှိတာ မောင့်မှာ ဘာမှမရှိဘူး ..။

လက် ရဲ့ မျက်ဝန်းတွေမှာ စကားလုံးပေါင်းများစွာပေါ်လာခဲ့ပေမယ့် နှုတ်ဆိတ်နေခဲ့၏။ ခနု ကလည်း ထမင်းဆက်စားနေပြီး ဇွန်းခပ်ရင်းကို အသံမမြည်အောင် ဆောင့်ချနည်းနှင့် စုံချထားလိုက်ပြီး ..။

"ကျေးဇူးပဲ လက် .. စားသောက်ကောင်းအောင် စကားပြောပေးဖော်ရတဲ့အတွက် .."

www.burmeseclassic.com

www.burmeseclassic.com



ခနဲ ထွက်သွားတာနှင့် လက် မျက်နှာလေးပျက်ပျက်နှင့် ကျန်ခဲ့လေသည်။ ကိုယ့်ကို ပြုံးပြုံးငြင်သွားတာမို့ နှုတ်ခမ်းလေးဖိကိုက်ထားသည့်ကြားက မျက်ရည်ဝဲလာခဲ့၏။

လက်ထပ်ပြီးတည်းက ဆရာဝန်ဆိုသည့်အလုပ်ကိုရော အလုပ်ကိုပါ စွန့်လွှတ်ခဲ့ရသည်။ ကိုယ်က မောင်လို့ခေါ်ခဲ့ရပေမယ့် သူကတော့ သူ့ကိုယ်သူ မောင်လို့တစ်ခါမှ ထည့်မပြောခဲ့သည့်ပြင် သူ့စိတ်အေးချမ်းနေတဲ့အခါ 'ကိုယ်' လို့ သုံးနှုန်း၍ ဒေါသဖက်လာပြီဆိုပြီ 'ငါ' လို့ ရင့်သီးစွာ ပြောတတ်သေးသည်။

တစ်ချို့မိတ်ဆွေက လက် နဲ့ သူ ချစ်လို့လက်ထပ်ခဲ့ကြတယ်ဆိုတာတောင် မယုံချင်သလိုလို ...။

"မာမီ ..."

"ဟင် .. အင်း .. စားလေ သမီးလေး .. ဘာလိုချင်လို့လဲ .."

ဖြူလေး က လက် ရဲ့ မျက်နှာကိုငေးမော့နေရင်း ခေါင်းခါ၍ ...

"မာမီ ဝမ်းနည်းသွားတာလားဟင် .."

"မဟုတ်ပါဘူး သမီးရယ် .. သမီး ဒက်ဒီနဲ့ မာမီက ဒီတိုင်းပဲ၊ သူကလည်း ထမင်းဝိုင်းမှာ စကားပြောတာမကြိုက်၊ မာမီကလည်း မပြောပဲပြောနေမိတယ် .. အဟွန်း .."

မျက်ရည်စတို့က မျက်နှာပိုလွှဲဒီလွှဲ မျက်တောင်တွေခတ်၍ သိမ်းဆည်းရင်း ...၊

"အလုပ်ရှုပ်နေတဲ့သူဆိုတာ နေရာတကာမှာ စိတ်မရှည်ဖြစ်နေတတ်တယ် သမီးရဲ့ .."

"အေးမြမလာတို့ ဒက်ဒီဆိုရင် ဒက်ဒီလိုပဲ ကုမ္ပဏီအကြီးကြီးပိုင်တာပဲ မာမီ၊ ဒါပေမယ့် ကျောင်းကိုလည်း ခဏခဏလာကြိုတယ်၊ မုန့်တွေအများကြီးဝယ်လာပြီး သမီးတို့ကိုပါကျွေးတယ်၊ အရမ်းသဘောကောင်းတာပဲ .. ဒက်ဒီလို ဒေါသတွေမဲ့ထွက်နေတာမဟုတ်ဘူး .."

သမီး နှုတ်ဖျားကပြောလာပြီကို ကြားလိုက်ရကာ လက် ဘယ်လို



ဖြေရှင်းရမှန်းမသိဖြစ်သွားသည်။ မိသားစုတာဝန်ကျေပွန်ဖို့ဆိုတာ ငွေရှာပေးနေရုံနဲ့မပြီးမှန်း မောင်က နားမလည် ...။

ကလေးဆိုတာကလည်း မေတ္တာ စေတနာနှင့် ယုယကြင်နာခြင်းကလွဲ၍ ဘာမှမသိ ...။

သားလေးရဲ့အခန်းထဲကိုရောက်သွားခဲ့တဲ့အထိ လက် ရင်ထဲမှာ မကောင်းနိုင်သေးပေ ...။

"သားလေး အိပ်နေတယ် သမီး .."

ဒေါ်ကျော့ က ကလေးရဲ့စားပွဲပေါ်က ကစားစရာတွေနဲ့ စာအုပ်ဖွင့်လက်စတွေကို သိမ်းနေရင်း ခပ်တိုးတိုးလှည့်ပြောသည်။

"အများမတတ်တော့ပါဘူး ကလေးက လန်းလည်းလန်းပါတယ်၊ မလက် ပြန်ထွက်သွားပြီး ခဏဆော့နေသေးတယ်၊ ပြီးတော့မှ အိပ်သွားတာ .."

နဖူးလေးကို စမ်းကြည့်ရင်း လက် က ခေါင်းညိတ်၍ ...၊

"တော်သေးတယ် .. ဒီနေ့ထမင်းပွဲမှာ သားငယ်မရှိနေလို့ .."

ဟု တီးတိုးဆိုမိ၏။ ဒေါ်ကျော့ ကလည်း လက် တို့ အိမ်ထောင်ရေးကို ရိပ်မိနားလည်နေသူမို့ ...၊

"ဒေါ်ကျော့ တို့က အလုပ်သမားတွေဆိုတော့ ပြောခွင့်တော့မရှိပါဘူး .. ဒါပေမယ့်လေ .."

"အင်း .. ရပါတယ် .. ပြောပါ .."

"ဒီလိုပါ သမီးရယ် .. ကလေးနှစ်ယောက်ရပြီဆိုပေမယ့် မလက်တို့ အိမ်ထောင်သက်က နုပါသေးတယ် .."

"အသက်တွေလွန်မှ အိမ်ထောင်ပြုခဲ့ကြတာပဲ .. ဒေါ်ကျော့ ရယ်.."

"တစ်ခါတလေမှာ မေတ္တာစိတ်က အသက်အရွယ်နဲ့ မသက်ဆိုင်သလိုပဲ သမီးရဲ့၊ တစ်မိသားစုနဲ့ တစ်မိသားစု ပေါင်းဖက်ကြရာလည်း နားလည်မှုရှိကြဖို့ဆိုတာ သိပ်ကိုခက်ခဲပါတယ်၊ ကိုယ်က မိခင်တစ်ယောက်လည်းဖြစ်နေပြီဆိုတော့ နားလည်မှုချင်း အချိုးကျဖို့မကြိုးစား

www.burmeseclassic.com

www.burmeseclassic.com



ဘဲ ကိုယ့်ဘက်ကစပြီး မပယိုင်လဲစေရဘူးဆိုတဲ့ သစ္စာတရားထားစေချင်တယ် ..”

ဒေါ်ကျော့ က စကားအများကြီးလည်းမပြောရှာပါ။ ဒါပဲပြောပြီး ခေါင်းငုံ၍ ခပ်သုတ်သုတ်ထွက်သွား၏။ ဒီလိုစကားတွေကို နားထောင်ချင်စိတ်တွေ ဆက်ဖြစ်နေသေးသဖြင့် တားလည်းမတားမိလိုက်ဘဲ အခန်းဝထိ လည်ပင်းလိမ်အောင် လိုက်ကြည့်နေမိ၏။

ထိုစဉ် လက် ရဲ့ မြင်ကွင်းထဲကို အရိပ် မျက်နှာလေးဝင်လာကာ...

“မလက် .. ကလေး နေကောင်းသွားပြီလားဟင် ..”

“ဪ .. အင်း .. သက်သာနေပြီ ညီမလေး .. လာလေ ..”

“ထမင်းပွဲမှာမတွေ့လို့ ပျာယာကို မေးကြည့်လိုက်တော့ ..”

ပြောနေပြီး အခန်းဝကနေ ရှေ့တိုးမလာဘဲ ...၊

“တော်သေးတယ်နော် .. မလက် က ဆရာဝန်ဖြစ်နေတော့ သားလေးကံကောင်းတာပေါ့၊ တစ်ချို့ကလေးတွေက ဆရာဝန်ဆိုအသံတောင်မကြားရဲဘူး၊ ကိုယ့်အမေက ဆရာဝန်ဖြစ်တော့ အေးဆေးပဲ ..”

“အဟွန်း .. ဟုတ်တော့ဟုတ်တယ် .. သားလေးက ဆေးထိုးရမှာ သိပ်ကြောက်တာ အရိပ် ရဲ့၊ ဆေးမထိုးရဘူးဆိုရင် သူ့ကို ဘာဆေးတိုက်တိုက် ဘာလုပ်ခိုင်းခိုင်းအကုန်လုပ်တယ် ..”

လက် က နေရာမှထရပ်လိုက်ကာ ...၊

“လာလေ .. ညီမလေး ဝင်လာခဲ့ပါ ..”

“ရပါတယ် မလက် .. တော်ကြာ ကိုကြီး အမှတ်တမဲ့ရောက်လာရင် အရိပ် ပြေးပေါက်မှားနေမှာ ..”

သူ့ခမျာ မောင့်ကို တော်တော်ကြောက်နေရှာသည်။

ဒါပေမယ့် လူတစ်ယောက်က ကိုယ့်ကိုကြောက်နေတာထက် လေးစားနေတာ ပိုမကောင်းဘူးလား ...။ ဒေါသကြီးနေတဲ့လူနဲ့ ခွင့်လွှတ်နေတဲ့လူ ဘယ်သူက လူတော်လဲ ...။

စိတ်မကောင်းခြင်းတွေနဲ့ လျှောက်ထွက်လာခဲ့ရင်း အရိပ် ရဲ့ ရှေ့



မှာ ရပ်လိုက်ကာ ...၊

“ညီမလေးက သူ့ခယ်မလောင်းအဖြစ်နဲ့နေဖို့ ဆုံးဖြတ်ပြီးလာခဲ့တာမို့လား .. အမြဲတမ်းရှောင်နေလို့မရဘူးလေ .”

“အရိပ် က ကိုကြီး ဆူဆူပြောပြောရင်ဆိုင်ရဲပါတယ် .. ဒါပေမယ့်”

သူမ ဘာကို ပြောရခက်သွားသည်မသိ .. ဆက်မပြောဘဲ မျက်လွှာချပစ်လိုက်၏။ ကော့နက်ရှည်လျားသည့် မျက်တောင်တွေက အတုတစ်ထားသလားထင်ရအောင်လှနေတာ အံ့ဩလောက်ပါ၏။

ပြီးတော့ မျက်နှာလေးတစ်ခုလုံး ပြီးတော့ သူမရဲ့ ကိုယ်ခန္ဓာအလှ...။

ဘယ်လိုကြည့်ကြည့် အပြစ်ပြောစရာ ဘာမှမမြင်ပေ ...။ အိမ်နေရင်းဝတ်ထားသည့် ရိုးရိုးချည်ထည်ချိတ်ထမီအပြာလေးနဲ့ အပြာနုရောင်လည်ကပ်ကိုယ်ကျပ်ခါးရှည်လေးကာပဲ လှတဲ့လူတွေပိုလှအောင် အသည်းအသန်ဝတ်စားပြင်ဆင်ထားသလောက် လှနေ၏။

ဒါကြောင့် မောင်လေးက အရူးအမူးစွဲလမ်းနေရှာတာပဲ ...။

အရောင့် ကို နားလည်သွားခြင်းနှင့်အတူ လွန်ခဲ့သော ညတစ်ညက သူမ အခန်းရှေ့မှာ ပျာယီပျာယာမျက်နှာနှင့် ရပ်နေခဲ့သော ခန ကို သတိရသွားမိ၏။

ပြုံးကြည်နေသည့် လက် ရဲ့ မျက်နှာလေး ကွက်ခနဲပျက်သွားသည်။ သို့သော် ထိုစိတ်ကို ဖျောက်ဖျက်ထားလိုက်ရင်း ...၊

“ပြောလေ ညီလေး .. သူ ဆူတာကိုခံနိုင်ပါတယ်ဆိုတော့ ဒါပေမယ့် က ဘာလဲ ..”

“မဟုတ်ပါဘူး .. မလက် နဲ့ ကိုကြီး အရိပ် ကြောင့် အခင်မပြေဖြစ်နေကြမှာစိုးလို့ပါ ..”

မောင်နဲ့ သူမ ရင်ဆိုင်နေကြတဲ့ အခြေအနေကို အရိပ် သိနေတာလား .. တစ်အိမ်တည်းနေကြမှတော့ မမြင်ရင်တောင် ကြားမိတာမျိုးတော့ ရှိပေလိမ့်မည်။

“ညီမ ရောက်လာတော့ ညီမအကြောင်းပါလာတာပေါ့လေ၊ ဒါ

www.burmeseclassic.com



ပေမယ့် သူနဲ့ တို့ အစတည်းက အဆင်မပြေမှုလေးတွေရှိခဲ့တာပါ၊ သူ့ရဲ့ တစ်ဖက်သားအပေါ် အထင်မကြီးတတ်ခြင်းကြောင့် ခုထိ သူ့ကိုနားလည်ဖို့ ကြိုးစားနေရတာ မလွယ်ဘူး .."

မပြောဘူးဆိုပေမယ့် အနည်းအကျဉ်းတော့ ပွင့်အံခဲ့မိကာ ..၊

"ညီမကြောင့်လို့ပဲထင်မနေပါနဲ့ .. ကိုယ့်ဆွေမျိုးရင်းချာတွေလို့ သဘောထားပြီး ညီမလေး လွတ်လွတ်လပ်လပ်နေပါ .."

"ဟုတ်ကဲ့ .. မလက် ကို အရိပ် ကျေးဇူးတင်ပါတယ်၊ ခု အရိပ် ဝတ်ထားတာအဆင်ပြေရဲ့လားဟင် .. မြန်မာဝတ်စုံဆိုပေမယ့် သီးသန့်ချုပ်ထားတာသိပ်မရှိတော့ဘူး .."

"ပြေတာပေါ့ .. ညီမက အရမ်းလှတော့ အရိုးအယဉ်နှစ်မျိုးစလုံးနဲ့ လှတယ် .."

တကယ်စိတ်ထဲရှိတဲ့အတိုင်း ချီးမွမ်းမိတာဖြစ်သည်။ သူမလေး ရယ်လိုက်တော့လည်း ချစ်စရာ ..။

"ညီမလေးက ဘယ်အရွယ်တည်းက တစ်ယောက်တည်းနေတာလဲ .."

နှစ်ယောက်အတူတူလျှောက်လာခဲ့ကြရင်း ဧည့်ခန်းမှာထိုင်ဖြစ်ကြကာ ..၊

"ဒေါ်ကျော့ ရေ .. ခြင်မီးတွေ လွှတ်လိုက်ပါဦး .."

ဒေါ်ကျော့ ကိုလည်း သတိပေးလိုက်ရင်း ..၊

"မောင်လေးက နည်းနည်းပါးပါးပြောပြထားလို့ပါ .. ညီမက .."

"ဟုတ်ပါတယ် .. အရိပ် ဆယ့်ခြောက်နှစ်မပြည့်ခင်တည်းက အဖေ ဆုံးသွားတာပါ၊ ဒါပေမယ့် အဖေက လူကြီးရောဂါနဲ့ ဆုံးသွားတာမဟုတ်ဘူး .."

ခနေ ရဲ့ ဧည့်ခန်းကိုလှမ်းတော့မည့် ခြေလှမ်းက တုံ့ခနဲဖြစ်သွားသည်။ အရိပ် ပြောနေတာမှန်းသိလိုက်သည်မို့ ရင်ထဲမှာတဒိုင်းဒိုင်းခုန်လာတာက နှလုံးခုန်နေတာနဲ့တောင် မတူတော့ပေ ..။



ဒီနေရာမှာပဲ ခဏရပ်ပြီး နားစွင့်ဖို့ဆိုတာ ဘယ်လိုမှမဖြစ်တော့လောက်အောင် စိတ်တွေလှုပ်ရှားလာခဲ့ပြီး ..၊

"လက် ...."

တည်တင်းသည့်မျက်နှာနှင့် အပြင်ထွက်သွားလိုက်ကာ ..၊

"မင်သား နိုးနေပြီ .."

ဟင်!....

ခုလေးတင် သားအခန်းထဲကထွက်လာတာမို့ လက် အံ့သြသွားသည်။ အရိပ် ကတော့ မအံ့သြပါ။ လက် အထဲကိုဝင်သွားတာနှင့် စူးရဲသည့် မျက်လုံးတွေနဲ့ ခနေ ကို ပြန်စိုက်ကြည့်မိသည်။

အကြည့်ချင်းဆုံနေပြီးမှ ခနေ လှည့်ဝင်သွားလျှင် ..၊

"နေခနေ .."

သူမ ခေါ်သံကြောင့် ခနေ ခြေလှမ်းတုံ့သွားသည်။ တိုက်ကြီးက အကြီးကြီးဖြစ်သလောက် ကျယ်လည်းကျယ်သည်။ ဧည့်ခန်းကို အထူးအလှဆင်ထားတာမို့ ပတ်ဝန်းကျင်ကွယ်ရပ်ဆိုတာမရှိသလောက်ပင်..။

အထူးသဖြင့် သူမနဲ့ ခနေ ရဲ့ အကျွာအဝေးအရ မကြားအောင်ပြောသည့်စကားကို တခြားလူကြားရဖို့မလွယ် ..။ သူ ခြေလှမ်းရပ်သွားတာနှင့် အရိပ် က သူ့နောက်နားတန်းရောက်သွားကာ ..၊

"ရှင် သိပ်ပျာလွန်းတယ် မထင်ဘူးလား နေခနေ .. နှံ့နှစ်နေပြီဆိုတာ သိရက်နဲ့ အကြောက်အကန် ရှန်းနေတာတော့ ရှင့်ကံတရားပဲ .. ကျွန်မရဲ့ အနေးပြကွက်တွေကို ဒီနေ့ကစပြီး အကွက်ရွှေ့တော့မယ် .."

ဟင်!....

ခနေ ထိတ်ခနဲဖြစ်သွားသည်။ သင်းက ဘာလုပ်မလို့လဲ ..။

♥♥♥

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၉)

"မင်း ခုထိ မအိပ်ရသေးဘူးလား .."

ညှော်ခန်းမှာ စာထိုင်ဖတ်နေရင်း လက် က လှည့်ကြည့်သည်။ သို့သော် သူမ မဖြေရသေးမီ ဖုန်းသံမြည်လာကာ ခနှ က ဖုန်းပြောရင်း လှည့်ထွက်သွား၏။

လက် နာရီကြည့်တော့ ည ကိုးနာရီပဲရှိပါသေးသည်။ သူငယ်ချင်း ဒေါက်တာထားသက်ချို က အကူအညီတောင်းထားသဖြင့် စိတ်နဲ့ ဆေးပညာအတွဲသုံးကို ဖတ်ပေးနေတာဖြစ်၏။

သားနဲ့သမီးလည်း မောင်နှမနှစ်ယောက်အခန်းထဲမှာ ဂိမ်းတစ်ခုနဲ့ တိုက်ပွဲဝင်နေကြ၏။ အားလုံးအေးချမ်းနေပေမယ့် ခနှ က မအေးချမ်းနိုင် ...။

"ဟုတ်တယ် .. ငါ မလာတဲ့နေ့က .."

"..... ..... ....."

"မဟုတ်ဘူးလေ .. ငါ မနက်ပိုင်းကနေ လုံးဝမလာတာ အဲ့ဒီနှစ်ရက် ပဲရှိတာ .."

"..... ..... ....."

"ကျွတ် .. မေမိုးထက် ကို လှမ်းမေးထားလိုက်၊ ငါ့ကို မနက်ကိုးနာရီ



အမီ ဖုန်းပြန်ဆက် .."

နားနားမှာ ကပ်ပြောနေသည့်ဖုန်းကိုခွာလိုက်တာနှင့် နောက်ထပ် အသံတစ်ရပ်ဝင်လာခဲ့၏။ သူ့ခြေလှမ်းရပ်သွားပြီး နားစွင့်ကြည့်လိုက်တော့ အရှိပ် ရဲ့ အခန်းထဲကဖြစ်နေကာ ...၊

"အိုး .. Ah .. Ah .. I like it .."

"Arr .. Ha .. Ha ... me too ..."

ကြည့်စမ်း ...၊

ဒေါသသွေးတွေပွက်ပွက်ဆူသွားသည်။ အခန်းတံခါးရှေ့ကို ထပ်ကပ်ပြီး နားစွင့်လိုက်လျှင် ...။

"အယ် .. ကြည့်ပါဦး .. ခိ .. ခိ .. ဆောင်းဘီကျွတ်ကျသွားပြီ တီတို့ .."

"ခစ် .. ခစ်ခစ် .. ဖင်ဟောင်းလောင်းကြီး ရှက်လည်းရှက်ဘူး၊ ထွက်မသွားဘဲနဲ့ မမ ဟိုမှာကြည့် .."

"အသံမထွက်ကြနဲ့လေ .. တော်ကြာ သားတို့ ဒက်ဒီ သိသွားရင် ဆူခံထိလိမ့်မယ် .."

ခနှ လက်သီးနှစ်ဖက်ဆုပ်ထားလိုက်ရင်း ဝုန်းဒိုင်းကြဲဝင်သွားဖို့ စိတ်ကိုအတင်းအကျပ်တားဆီးထိန်းချုပ်နေမိသည်။ ဒီမိန်းကလေး ဉာဏ်များလွန်းသည်။

ဘာကိုမှ မဖျောက်ဖျက်နိုင်ခင် အလစ်ငိုက်ဝင်ဖမ်းရမည်။ သက်သေပြနိုင်မှ လက် နဲ့ စကားပြောမည်။ ဒီမိန်းကလေး ဘယ်လိုမိန်းမမျိုးလဲ ဆိုတာ လက် ကို အရင်နားလည်စေချင်၏။

သူ အခန်းတံခါးကို အသာလေးလှည့်ဖွင့်လိုက်သည်။ တံခါးကောင်း သောက်မကာ အထဲကလည်းပိတ်မထား .. အသံလည်း မမြည်ဘဲ တံခါးက ပွင့်သွား၏။

သူ ကြည့်လိုက်တော့ တီဗီက တစ်ခြားတစ်ဖက်မှာ ပိတ်လျက်သား နေကာ သားနဲ့ သမီးရယ် အရှိပ် ရယ် ခေါင်းသုံးလုံးဆိုင်ကာ လက်ပ်တော့ပ်

www.burmeseclassic.com

www.burmeseclassic.com



ကို ပေါင်ပေါ်တင်ထားပြီး ...

"တောက် ..."

"ဟင် ..."

"ဒက်ဒီ .."

"ဒက်ဒီ .."

တောက်ခေါက်သံကြောင့် ခေါင်းလေးတွေ သူ့ဘက်ကိုလှည့်လာကြသည်။ ပြီးတော့ အားလုံးထရပ်လိုက်ကြကာ အရိပ် က လက်ဝ်တော့ဝ်ကို ပိုက်လျက်သားဖြစ်လျက် မတ်တတ်ရပ်ပြီးမှ ကမန်းကတန်းပြန်ငုံ၍ လက်ဝ်တော့ဝ်ပြန်သိမ်း၏။

"ပေးစမ်း .."

သူ့ခြေလှမ်းတွေ ခုန်ပျံရောက်သွားသကဲ့သို့ လက်ဝ်တော့ဝ်ကို ဆွဲယူလိုက်၏။ ဗီဒီယိုကို ပြန်ဖွင့်လိုက်တော့ ကာတွန်းကားပဲပေါ်လာလျှင်..၊

"ဘယ်မှာလဲ ဟိုခွေ .."

ဗီစီဒီခွေကိုထုတ်သည်။ စတစ်ကိုပါ ဆွဲထုတ်ပစ်လိုက်ကာ ...

"ဘယ်မှာလဲ ခုန ဖွင့်နေတဲ့ခွေ .."

"အဲဒါပါပဲ .. အရိပ် တို့ .."

"တိတ်စမ်း .."

သူ့ အော်ငေါက်သံကြောင့် ကလေးနှစ်ယောက် ဖျတ်ခနဲလန့်ဖျန့် ဆုတ်လိုက်၏။ ထိုအခါ ဆိုဖာပေါ်နောက်ပြန်ထိုင်ကျသွားကြပြီး အရိပ် လက်လေးတစ်ဖက်ကာထား၍ ကြောက်ကြောက်လန့်လန့်ဖြစ်နေကာ...

"တကယ်ပြောတာပါ ကိုကြီးရယ်၊ အရိပ်တို့ အဲဒါပဲ .."

"တိတ်စမ်း .. ခု ချက်ချင်း နင့်ပါးစပ်ပိတ်လိုက်ပြီး ငါ့ကို ခွေထုတ်ပေး .."

"ဘာခွေလဲဟင် .. အရိပ် မှာ ဘာခွေမှမရှိပါဘူး ကိုကြီးရယ်"

"မင်း ..."

"အား ..."



အရိပ် ရဲ့လက်မောင်းနှစ်ဖက်ကို ဆောင့်ဆွဲခါပစ်လိုက်ကာ ...

"ငါ သိတယ် .. မင်း ဘာလုပ်နေတာလဲ ငါ အကုန်သိတယ်၊ ကလေးတွေကို မင်း ဘာခွေတွေပြနေတာလဲ .. ငါ့ကလေးတွေကို မင်း ဘာလုပ်ချင်တာလဲ .."

"မ .. မဟုတ်ပါဘူး ကိုကြီးရယ် .. ရှိခိုးပါတယ်၊ အရိပ် ဘာမှ မလုပ်ပါဘူး .. မေးကြည့်ပါ ကိုကြီးရယ် ကလေးတွေသိပါတယ် .."

အရိပ် လက်အုပ်ချီတောင်းပန်ရင်း မျက်ရည်တွေပါကျလာကြ၏။ ညာနေမှန်းသိရက်နဲ့တောင် အရိပ် ရဲ့ မျက်ရည်အစစ်တွေကြောင့် ခေတ္တဆိုင်းသွားသည်။ သို့သော် ..၊

"တောက် .. တတ်လည်းတတ်နိုင်တယ် .. မင်း .."

"ဒက်ဒီ .. ဒက်ဒီ တီတီ့ကို မလုပ်ပါနဲ့ .. သားတို့ ကြောင်နဲ့ကြွက် ကြည့်နေကြတာပါ ဒက်ဒီ .."

"ဟုတ်ပါတယ် ဒက်ဒီရယ် .. တီတီ ဘာမှမလုပ်ပါဘူး .. သမီးတို့ .."

"တိတ်စမ်း .. အားလုံးထွက် .. ကိုယ့်အခန်းကိုယ်ပြန် .."

မိုးကြိုးပစ်သလိုအသံကြောင့် ကလေးတွေ လန့်ဖျန့်တုန်ခါသွားကြကာ ချက်ချင်းပြေးထွက်သွားကြ၏။

"အရိပ်ယောင်း .."

သူ အရိပ်ယောင်း ကို ဒီတိုင်း ဖိနှိပ်ချုပ်ကိုင်ထားကာ ...

"မင်းရဲ့ မျက်ရည်အတုတွေကို ခုချက်ချင်းပြန်သိမ်းလိုက်စမ်း .. ငါမေးတာကိုပြော မင်း လွှန်ခဲ့တဲ့ အပတ်တုန်းက အပြာခွေဝယ်လာတာ ငါသိတယ်၊ အခု ကလေးတွေကို မင်းက .. တောက် .."

"အား ..."

အရိပ် သူ့လက်ထဲက ရုန်းနေရင်း မျက်နှာလေးရှုံ့မဲ့နေကာ ..

"မဟုတ်ဘူးလို့ ရှင့်ကို ပြောနေတယ်မို့လား .. ဖယ်လေ .."

"မပြောရင် မင်းကို ငါ အခု သတ်ပစ်လိုက်လို့ရတယ်နော် .."

www.burmeseclassic.com

www.burmeseclassic.com



"လုပ်လိုက်စမ်းပါ .. ဘယ်သူက သေမှာကြောက်နေလို့လဲ .."

"မင်း .. မင်းကလား .. ငါ့ကို .."

ဒေါသက တားဆီးမရဖြစ်လာကာ အရိပ် ကိုယ်လေးကို နံရံနဲ့ ကျောနဲ့ ပစ်ကပ်သွားတဲ့အထိ ဆွဲရမ်းပစ်လိုက်၏။

"အ ..."

နာကျင်မှုကြောင့် အရိပ် အံကြိတ်ထားလိုက်သည်။ ထို့ပြင် ကိုယ့်သူကို လုပ်ခဲ့သလို လည်ပင်းကို ညှစ်ပစ်တော့မလို လက်ဝါးကြီးနဲ့ ဖိကပ်အုပ်ထားလိုက်စဉ် ...

"ပြောလို့ မင်းကို ငါမေးနေတယ် .."

"ဟို .. ဟိုထဲမှာ .."

အရိပ် မခံနိုင်လွန်းကာမှ ထုတ်ပြောလိုက်သည့်အဖြစ်ကို ဓန က အကျည်းတန်အောင်မဲ့ပစ်လိုက်၏။ ပြီးတော့ သူမ ညွှန်ပြလိုက်သည့် သေတ္တာကို သွားဖွင့်လိုက်ပြီး အထဲက အဝတ်တွေကို ဖွရှာမိစဉ် ...

"မောင် ..."

လက် ရဲ့ အလန့်တကြားခေါ်လိုက်သံကြောင့် ဓန လက်တွေရပ်တန့်သွားသည်။

"အဟွတ် .. အဟွတ် .. အဟွတ် .."

"ညီမလေး .."

"အဟွတ် .. အား .. အဟွတ် .. အဟွတ် .."

အရိပ် လည်ပင်းကို လက်လေးနှစ်ဖက်နဲ့ အုပ်ကိုင်ရင်း ရှုံ့မဲ့နေကာ ချောင်းဆိုးရင်းခွေကျသွား၏။

"ညီမလေး .."

နံရံမှာ မှီ၍ တအိအိခွေကျသွားသည့် အရိပ် ကို ပြေးဆွဲထားလိုက်ကာ အဝတ်သေတ္တာနားမှာ မတ်တတ်ထရပ်လိုက်သည့် ဓန ဘက်ကို မယုံနိုင်သော မျက်ဝန်းတို့ဖြင့် ...

"မောင် .. အရိပ် ကို လည်ပင်းညှစ်လိုက်တာလားဟင် .."



သူ ဘာမှမပြောရသေးခင် လက် ရဲ့ မျက်ဝန်းတွေက အဝတ်တွေ တန်းလန်းနှင့် သေတ္တာဆီရောက်သွားခဲ့၏။

"မောင် ..."

"မင်း ဘာဖြစ်နေတာလဲ လက် .. သူ .. သူ ငါ့ကလေးတွေကို မကောင်းတဲ့ကားတွေ ခေါ်ပြနေတာ .."

"အို ..."

"အဟွတ် .. အဟွတ် .."

ချောင်းဆိုးနေသည့် အရိပ် က မျက်နှာမမော့နိုင်သေးပေမယ့် လက်လေးကာပြရင်း ...

"အဟမ်း .. အဟွတ် .. အဟွတ် .."

"အဲဒါ မူယာမာယာတွေများနေတာ .. တောက် .."

"မောင် .. မလုပ်နဲ့ .."

ဓန က အရိပ် ရဲ့ မွေ့ရာဆီသွားကာ ခေါင်းအုံးနဲ့ မွေ့ရာခင်းတွေကို ဆွဲလှဲဖယ်ပစ်ဖို့ပြင်လျှင် ခေါင်းအုံးကို ဆွဲယူလိုက်တာနှင့် လက် က ဝင်လုထားလိုက်ပြီး ...

"မောင် ဘာတွေလုပ်နေတာလဲ .. မောင့်စိတ်ကို မနိုင်တော့ဘူးလား .."

"ဘာ .. မင်း ဘာပြောလိုက်တယ် .."

"မောင့်ကို ဘာမှမပြောချင်ပါဘူး .. ဒါပေမယ့် အခု မပြောလို့ မရတော့ဘူး၊ လောလောဆယ် ဒါ သူများအိမ်ခန်းပါ၊ လာပါ .. သူများ အခန်းထဲမှာ ထင်သလိုမလုပ်ပါနဲ့ .."

"မင်း ဘာသိလို့လဲ လက် .. ဖယ်စမ်း .."

"ဟင့်အင်း မဖယ်ဘူး .. မောင့် ဒေါသတွေကြောင့် ဆင်ခြေတို့ တရားမဲ့နေပြီ သိရဲ့လား .."

"ဘာကွ ..."

လက် က မျက်နှာလေးတင်းသွားလိုက် စိတ်ပျက်သလို ရှုံ့မဲ့သွား

www.burmeseclassic.com

www.burmeseclassic.com



လိုက်နှင့် ခနဲ ကို အတင်းဆွဲထုတ်ခေါ်သွား၏။

"ငါ့ကို ဆင်ခြင်တုံတရားမဲ့တယ် ဟုတ်လား .. မင်းက သူ့ကိုတော့ သနားနေတယ်ပေါ့ .."

အထဲကနေ ပြန်ပါသွားခဲ့ရင်း ခနဲ သမင်လည်ပြန်ကြည့်လျှင် အရိပ်သည် မျက်နှာလေးနီရဲနေပေမယ့် မျက်ဝန်းတို့မှာ မျက်ရည်တွေပြည့်သိပ်နေသော်ငြား ..၊

"တောက် .. အလာကား ကဝေမ .."

မျက်ရည်ကျရင်း မဲပြုံးနှင့် စိုက်ကြည့်နေသည့် မျက်နှာကို ပြေးသွားပြီး လက်သီးနဲ့ အချက်ပေါင်းများ ထိုးပစ်ချင်သည်။ ကြက်ငှက်သတ်သလို ခြေနှစ်ချောင်းကဆွဲပြီး အရိုးတွေဆန်ကွဲစေ့ဖြစ်သွားအောင် အကြိမ်ဖန်များစွာ လွဲရိုက်နေချင်၏။

ဒါ ဘယ်လို ပညာမျိုးလဲ ..၊

သင်းကတော့ သနားစရာမိန်းကလေးတစ်ယောက်ဖြစ်နေကာ သူကတော့ သိက္ခာမဲ့အဆင့်အတန်းမရှိတဲ့ကောင် ..။

ထို့ပြင် ဒီနေ့ လက် ပြောခဲ့သမျှစကားတို့သည် ..၊

"ကလေးတွေရှေ့မှာ မောင် ကိုယ့်သိက္ခာကိုထိန်းဖို့တော့ သတိရသင့်ပါတယ် .."

"သူ့ခမျာ မောင်မကြိုက်တာမှန်သမျှ ဘာမှမလုပ်ခဲ့ရှာဘူး၊ သူ့မဝတ်တတ်တဲ့ မြန်မာဝတ်စုံလေးနဲ့ အမြဲနေခဲ့တယ်၊ မောင့် ခြေသံကြားတာနဲ့ ထပြေးဖို့ပြင်နေရတယ် .."

"မျောက်သားစားချင် မျောက်မျက်နှာကြည့်တဲ့ .. ခွေးရိုက်ချင်ရင် ခွေးရှင်မျက်နှာကြည့်ရတယ်၊ သူ့ကို မောင် ဘယ်လောက်ပဲ မုန်းမုန်း မောင့်ညီလေးက အသက်လောက်ချစ်နေတာ .."

"မောင် ပြောနေတာတွေက မောင့်ဘက်က ဖြစ်နေတဲ့ သံသယတွေ တစ်ဖက်သတ် အထင်သေးမှုတွေချည်းပဲ လက် မြင်နေတာ အရိပ် က အဲ့လိုမိန်းကလေးမဟုတ်ဘူး မောင် .."



"ဟုတ်လိမ့်မယ် .. ဒါပေမယ့် သူ ကိုယ်ကို ပြုပြင်ချင်စိတ်ရှိတယ်၊ ကြောက်ရွံ့ရှိသေတတ်တယ်၊ သူ့မှာ ဟိရိဩတ္တပ္ပတရားရှိပါသေးတယ်၊ တစ်ဆုံးမပြောပါနဲ့ .."

"အရိပ် ကို လက် ယုံကြည်တယ်၊ မောင် စွပ်စွဲနေသလောက် သူ မဖြစ်ဘူး၊ ဖြစ်ခဲ့မယ်ဆိုရင်လည်း အခု မောင် ဖြစ်နေသလိုမျိုး ရုပ်ပျက်ဆင်းပျက်မဖြစ်အောင် သူ့ကိုယ်သူ ထိန်းနိုင်မှာပဲ .."

"ဘာကွ ..."

သူ့ဒေါသရဲ့ ပေါက်ကွဲရာက လက် ရဲ့ မျက်နှာလေးဖြစ်သွားခဲ့သည်။ လွန်ကျူးသွားပြီဆိုမှ မှားမှန်းသိလိုက်၏။ ထို့ကြောင့် တရစ်ရစ်ခံပြင်းစိတ်နှင့် လက်သီးဆုပ်အံကြိတ်ထားမိလေသည်။

ဒီလိုတွေဖြစ်အောင် သင်းလုပ်နေတာ .. မိန်းမယုတ် ..၊

ကိုယ် ဘာလုပ်ခဲ့သလဲဆိုတာတော့ သူ သတိမရ ..။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၀)

"တော်တော် ညစ်ပတ်တဲ့ ကောင်မ .."

"ဟုတ်တယ် ခနေ .. ငါအခု အဲဒီဟာလေးကို ပတ်ရှာနေတာ .."

"ငါလည်း သူ အပြင်ထွက်သွားတာသိလိုက်လို့ လိုက်ရှာနေတာ.."

တစ်နေရာစီကနေ ကားမောင်းရင်း ဖုန်းပြောနေမိကြပေမယ့် ဒေါသတွေက ခနေ နဲ့ ကျော့် ရင်ထဲမှာ အချိုးတူရှိနေကြလျက် ..။

"တကယ်ကွာ .. ထင်ကိုမထင်ရဘူး၊ ကိုယ်တိုင်လာပြီးပြောသွားတာ မင်းသိလား .."

"ဟုတ်လား .. သူကိုယ်တိုင်လား .."

"သူကိုယ်တိုင် ငါ့မိန်းမကို တိုင်သွားတာ၊ သူညီမကို မတရားစော်ကားပြီး ဖျက်ဆီးခဲ့ပါတယ်တဲ့၊ အဲဒီဗီဒီယိုကို ခုမှရှာတွေ့လာလို့ပါတဲ့၊ သူညီမက သေပြီတဲ့၊ မင်း စဉ်းစားကြည့် .. ငါတို့လင်မယား ဘာတွေဆက်ဖြစ်ကုန်မလဲ .."

"ဟိုကောင်ရော .."

"ငါက သူ့နောက်လိုက်ပြီး စိန်ခေါ်လိုက်လို့ ပညာပေးတာတဲ့၊ ငါတို့ပြဿနာကြီးတာနဲ့ သူပဲ ဖုန်းတန်းဆက်တာ .."



"မင်းကို ငါပြောသားပဲ .. အဲဒါကို မင်းပဲ နတ်သမီးလေးထင်နေတာ၊ မြွေပွေးမ .. ဘီလူးမ .. သင်းကိုတွေ့လို့ကတော့ ဖြစ်ချင်ရာဖြစ် ကားနဲ့တိုက်သတ်ပစ်မှာ .."

ပြောနေရင်း ကားကိုအရှိန်ထပ်မြှင့်လိုက်သည်။ မျက်လုံးကလည်း ဘေးဘီဝဲယာကိုရှာဖွေနေရကာ ဖုန်းပြောနေတာနဲ့ ပါးစပ်ရော မျက်လုံးရော အလုပ်ရှုပ်နေခဲ့၏။

ကျော့် ဘက်က ခဏတိတ်သွားကာ ..။

"မင်း အဲ့လိုမလုပ်နဲ့ဦး ခနေ .. ဇော် က လွှတ်နေသေးတော့ ငါ့ကို ရှိုးမတတ်တောင်းပန်နေတာ၊ ပြီးတော့ ငါ စဉ်းစားမိတယ်၊ သူ့နောက်ကွယ်မှာရှိနေတဲ့လူက သူ့မှာအန္တရာယ်မရှိမချင်းတော့ ဘာမှလှုပ်ရှားမှာမဟုတ်ဘူး၊ ငါတို့ သူ့ကို ဒီတစ်ခါ ပိပိရိရိတုံ့ပြန်ရမှာ .."

"ကျော့် .. မင်း သူ့ကို စိတ်မကုန်နိုင်ဘူးလား .."

"မဟုတ်ပါဘူးဆိုကွာ .. ဒီတစ်ခါစဉ်းစားတာက ငါတို့ကို မထိနိုက်ဖို့အများကြီးပါပါတယ် .. ပြီးတော့ ဇော် က တအားကြောက်နေတာ၊ ငါတို့ ဒီကောင်မလေးကို .."

"ကောင်မလေးတွေဘာတွေခေါ်ပြီး နှုတ်မနေစမ်းပါနဲ့ .. ကျုတ် .. မင်းမျက်ရှေ့မှာရှိရင် ဆွဲထိုးမိတော့မယ် .."

ခနေ စတီယာရင်ကို တင်းခနဲဖိဆုပ်ပြီး တက်ခေါက်လိုက်သေးသည်။

"အခု .. အိမ်မှာကလေးတွေက ငါ့ကိုမြင်ရင် ထွက်ပြေးကြတယ်၊ မိန်းမက စကားလုံးဝမပြောဘူး၊ ဘယ်တုန်းကမှ မချော့ခဲ့ဘဲနဲ့ ငါ သူ့ကို လိုက်ချော့တယ် .. လက် က စကားဆုံးအောင်ကို နားမထောင်တော့ဘူး မင်းသိလား .."

"မင်းက ရိုက်လိုက်တယ်ဆို .."

"ကျော် .. အဲ့ဒီလိုတွေဖြစ်ကုန်အောင် သူ လုပ်နေတာ .."

"ဖြစ်နိုင်ချေရှိနေတာပေ့ မင်း ကြိုမှမတွေးဘဲ .."

www.burmeseclassic.com

www.burmeseclassic.com



"မင်းရော အတင်းလိုက်တားနေတာတောင် ဇွတ်ထလိုက်သွားတာမဟုတ်ဘူးလား .. အပိုတွေပြောမနေနဲ့ .."

"အေး .. အပိုတွေမပြောတော့ဘူး .. ငါတို့ သူ့ကို တစ်နေရာမှာ လုံလုံခြုံခြုံချုပ်ထားလိုက်မယ်၊ သူ့ကို ဘာမှမလုပ်နိုင်အောင် ထားလိုက်ရင် ငါတို့လက်ထဲမှာ ဒုတိယ ချစ်တေး ထပ်ဖြစ်သွားမှာပဲကွ .."

"ကျွတ် .. မင်း ခုထိ စိတ်မကုန်သေးဘူးလား .."

"ခနရ ရာ .. ငါပြောတာလည်း မင်း စဉ်းစားကြည့်စမ်းပါ၊ အခု ငါတို့ .. ဟာ .. ခဏနေဦး .. နေဦး ခန ငါတွေ့ပြီ .. အရိုင် .."

"ဘယ်မှာလဲ .. မင်း ခု ဘယ်မှာလဲ ကျော် .."

သူ ရှိနေသည့်နေရာကိုပြောလိုက်ကာ ကားကို အရိုင် လျှောက်သွားနေသည့် ပလက်ဖောင်းဘက်ကွေ့ဝင်လိုက်၏။ ပြီးတော့ ခန နဲ့ ဖုန်းပြောခြင်းကို ဖြတ်တောက်ပစ်လိုက်ကာ သူ့မ နောက်ကနေ စိတ်ရှည်လက်ရှည် ကပ်လိုက်လာခဲ့၏။

"ဒီတစ်ခါ ချစ်တေး ကိုတော့ ငါပထမဆုံးပဲဖြစ်ရမယ် ချစ်တေး.. အပွန်း .."

သူမကိုကြိုစည်ဖို့အတွက် မြို့နေရာလည်းရှာဖွေထားပြီးပြီဖြစ်သော တစ်ခါတည်းဆွဲတင်သွားရုံသာ ..၊

"ကျွတ် .."

ကျေကျေနပ်နပ်ရှေ့ရှုတ်နေမိရင်း စိတ်တွေစောကာ မချင့်မရဲဖြစ်လာခဲ့၏။

"ကားခိ သွားနေတာလား .. ဘယ်ကိုလဲကွာ .."

စတီယာရင်ကိုထုရှ်း စိတ်မရှည်ခြင်းက ပိုဆိုးလာသည်။ အရောင်ရင့်ရင့်တောက်တောက်တွေ အဝတ်များသည့် သူ့မက ခုတော့ ဖေဒါရောင် လွင်လွင်ကို ဝတ်ထားကာ ဘောင်ဘီရှည်အညိုလေးနဲ့ဖြစ်၏။

ခြေလှမ်းကျဲ၍ စမတ်ကျကျလျှောက်လှမ်းနေပုံက ပခုံးလောက်



ဆံနွယ်လေးတွေ တဖတ်ဖတ်ခါလျက် ကျော့ ဒေါသတွေကို ယုတ်လျော့သွားစေခဲ့၏။

သူမလေးကို မြင်လိုက်တည်းက ကိုယ့်အသက်အရွယ်ကိုလည်း သတိမရ၊ သူမမှာ အစွယ်တွေပေါက်နေပါသည်ဆိုရင်တောင် သွားဖြဲကြည့်ဖို့ စိတ်ကူးမှာမဟုတ် ...။

ထိုမျှလောက်ထိ ရင်ခုန်သံတွေက အရှိန်းဆန်စွာ ကိန်းဝပ်နေခဲ့ကြသည်။ ထိုစဉ် ...

သူ့စိတ်ကူးတွေကို တဖြောက်ဖြောက်ခုန်ဆင်းလာကြသည့် မိုးစက်တွေက ဖျက်ဆီးပစ်လိုက်သလိုရှိကာ ..၊

"မိုးရွာလာပြီ .. ဒီကောင်မလေး ဘယ်ထိ .. ဟင် .."

အရိုင် ပလက်ဖောင်းပေါ်ကဆင်းလိုက်ပြီး တစ်ဖက်ကိုကူးရန် လမ်းပေါ်ရောက်လာခဲ့သဖြင့် ..၊

"ကျွီ ..."

"အား ..."

ကျော် ကားသည် အရိုင် ကို ပွတ်တိုက်ပစ်လိုက်ပြီး သူ့မ ပစ်စလက်ခတ်လဲကျသွားကာမှ ...

"ဟင် ... ရှင် .."

"ဘာဖြစ်သွားသေးလဲ .. လှုထိသွားတာလား .."

"ကားပေါ်ကလူ ဆင်းလာပါပြီ .."

အရိုပ် ပလက်ဖောင်းပေါ်ကနေ ရှုတ်တရက်ပြန်ထမရသေးမယ့် ကျော့ ကို မြင်လိုက်တော့ ထိတ်ခနဲဖြစ်သွားသည်။ ဒါ တခင်လုပ်လိုက်တာမှန်းသိပေမယ့် ဗတ်ဝန်းကျင်အမြင်မှာ ရိုးရိုးမတော်တဆမှုပဲလို့ထင်ကြတာမို့ ..၊

"ဟုတ်ပါတယ် .. ကျွန်တော်မှားတာပါ၊ သူ့ကို ဆေးခန်းပို့ပေးလိုက်ပါ့မယ် .. လုံးဝတာဝန်ယူပေးမှာပါ .."

www.burmeseclassic.com

www.burmeseclassic.com



ကျော် က လူ့အုပ်ကိုရှင်းပြရင်း သူ့ကိုယ်သူ အာမတွေခံနေကာ အရိပ် ကို ကားထဲမွေ့ထည့်လိုက်၏။ ကိုယ့်ရဲ့ ကံကြမ္မာကို တွက်မိလိုက်ပေမယ့် ဒုက္ခရောက်ပြီဆိုသည့်အသိကြောင့်တော့ ထိတ်လန့်ဖျာများသွားတာမျိုး မဖြစ်ခဲ့ပါ။

သူမဟာ ပိုတုန်းက ဆယ့်ငါးဆယ့်ခြောက်အရွယ် ချစ်တေး လည်း မဟုတ်တော့ပေ ..။

ကျော့် ကားပေါ်မှာ သူမ နှုတ်ခမ်းလေးကို ဖိပိတ်ထားရင်း သက်မဲ့ရုပ်လေးလို လိုက်ပါလာခဲ့၏။

"ကဲ .. ဘယ်လိုလဲ ချစ်တေး .."

ကျော့် မျက်နှာသည် ဝမ်းသာအားရကြီးထင်ရှားစွာဖြစ်နေခဲ့လျက် ကားမောင်းနေရင်း လှည့်ကြည့်ရင်းနှင့် ..၊

"မင်းက ချစ်တေး ပဲဆိုတာနားလည်သွားပြီလား .. ဒါမှမဟုတ်ရင် ဘယ်လိုပြောရမလဲ .. မိန်းမက မိန်းမပါပဲကွာ .."

အရိပ် က ရှေ့ကိုပဲ ငေးကြည့်နေခဲ့ရင်း ဘာမှပြန်မပြောဘဲနေ၏။

"မင်း ငါ့ကို အိမ်ထိလာပြီး ဒုက္ခပေးသွားတာ ငါ မေ့ပစ်လိုက်မယ်၊ ခုလည်း မင်းက ချစ်တေး ပေမယ့် ဟိုတုန်းက ချစ်တေး လို ငါမဆက်ဆံပါဘူး၊ ဒါပေမယ့် ညှိနှိုင်းမှုတော့ ရှိရမယ် .."

သူ ရှေ့ပြန်လှည့်ပြီး ကားကိုထိန်းကျောင်းလိုက်ရင်း ဒီဘက်ပြန်လှည့်၍ ...

"ဘယ်လိုလဲ .. မင်း ငါတို့နဲ့ အဆင်ပြေပြေဆက်ဆံမယ်ဆိုရင် မင်းအတွက် တစ်ဘဝလုံး လိုတရအခြေအနေမျိုးနဲ့ အေးချမ်းသွားစေရမယ်၊ ဒါမှမဟုတ်သေးဘူးဆိုရင် ငါ့တစ်ယောက်တည်းကိုပဲ လက်ခံမယ့်အကြောင်း မင်း သူတို့နဲ့ ညှိလို့ရတယ် .."

အရိပ် က စိတ်ပျက်သွားသလိုမျက်နှာလေးတစ်ချက်တွန့်မဲ့၍ လမ်းဘက်ကိုလွှဲထားလိုက်သည်။ အပြင်မှာ မိုးစက်တွေ စိပ်စိပ်သည်းသည်းရွာ



နေပြီဖြစ်၏။

ကျော် က သူမ မျက်နှာလေးနဲ့ သူမ ကြည့်နေသည့်အပြင်ကို လှမ်းကြည့်လိုက်သေးသည်။ ပြီးတော့ စိတ်မရှည်သံနှင့် ..၊

"မင်းကို ငါ ဒီတိုင်း မနေ လက်ထဲထည့်လိုက်ရင် သူ ဘာလုပ်မလဲ ဆိုတာ မသိနိုင်ဘူးနော် .. ပြီးတော့ ငါကလည်း .."

"တောက် ..."

"ဟ .. အား ..."

တက်ခေါက်သံနှင့်အတူ မျက်နှာကို စပရေးတွေ ရှူးခနဲပစ်မှန်လာသဖြင့် မျက်လုံးတွေကို မှိတ်ပစ်လိုက်ရကာ ကားလည်းကွေ့ဝိုက်ရမ်းခါသွား၏။

သို့သော် ဘာမှမထိမိုက်မိလိုက်ဘဲ ကားက လမ်းလေးမှာ ခပ်စောင်းစောင်းထိုးရပ်သွားခဲ့ပြီး ..၊

"မင်း ကြည့်စမ်း .."

"နင် ကြည့်မောင်းဖို့ပဲလိုတာ .. အခု ငါ့ကို ရှေ့ကကစားကွင်းနားမှာ ချထားပေးခဲ့ .."

"ဘာပြောတယ် .."

ဆင်းထွက်သွားလို့ရပေမယ့် သူမ လမ်းလျှောက်နိုင်ဖို့က မသေချာပေ။ ခြေထောက်ထော့ရုံထော့သွားတာလား လုံးလုံးကျိုးသွားတာလား အကြီးအကျယ်မဖြစ်လောက်ဘူးထင်ပေမယ့် လျှောက်ကြည့်မှပဲသိရမှာဖြစ်သည်။

ဒါပေမယ့် ဒီလူတွေလက်ထဲကို ဒုတိယတစ်ခါထပ်ရောက်ခဲ့ပြန်ပါ။

စဉ်းစားစမ်း အရိပ် ..၊

မှုဆိုးလုပ်နေပြီးမှ သားကောင်ပြန်ဖြစ်မခံနဲ့ ဘယ်လောက်ခက်ခဲပါစေ လွတ်မြောက်ဖို့ကြိုးစားရမည်။ ဒီတဏှာရူးကို အရှေ့ဆွဲနဲ့

www.burmeseclassic.com

www.burmeseclassic.com



ညည်းရုံးပြီး ကြံဖန်ကြိုးစားလို့ရပေမယ့် ရွှံစရာတွေပြောနေတာကို သည်းမခံနိုင် ...။

"အား .. စပ်လိုက်တာ မင်း .. တောက် .."

ကျော် စိတ်တိုသွားသည်။ မျက်လုံးဖွင့်ကြည့်လိုက် ပြန်ပိတ်လိုက်ရနှင့် မျက်နှာတစ်ပြင်လုံးလည်း ယားကျိကျိစပ်ဖျင်းဖျင်း ...။

"တွေ့မယ် .. မင်းနဲ့ ငါ .."

မျက်နှာကို ဖိပွတ်ပစ်ရင်း ကားကိုဂီယာချိန်းလိုက်၏။ သို့သော် သူကားမထွက်ရသေးမီ ကားတစ်စီးက သူ့ရှေ့ကနေ ကန့်လန့်မကျတကျ ပိတ်ရပ်သွားခဲ့လျက် ...၊

ဘာတွေလဲ ...၊

အရိုင် နဲ့ ပတ်သက်နေသည့်လူတွေမှန်းသိလိုက်ပေမယ့် နောက်ကျသွားခဲ့၏။ ကားက လူရှင်းကားရှင်းနေရာကိုရောက်နေသည့်ပြင် တစ်ဖက်ကားပေါ်ကဆင်းလာကြတာ ဖိုက်တာပုံနှင့် လူထွားကြီးလေးယောက် ဖြစ်နေခဲ့လျက် ...၊

"ဟိတ်ကောင် .. ဖွင့်စမ်း .."

လက်ကောက်ဝတ်ကနေ လက်ခုံပေါ်ထိ လက်ပတ်တွေရှိနေသော လက်သီးဆုပ်ကြီးနဲ့ မှန်ကို ထုပစ်လိုက်၏။ သူ တံခါးဖွင့်လိုက်တာနှင့်...

"ဒုတ် ..."

ကိုယ့်ကိုယ်ကိုယ် ဘာဖြစ်လိုက်မှန်းတောင်မသိခဲ့ဘဲ ခေါင်းတစ်ခုလုံးမူးသွားကာ ဘာဆိုဘာမှမသိတော့ပေ ...။

အရိုင် ဒီတိုင်းလေးထိုင်ကြည့်နေခဲ့လျက် လှုပ်ရှားမှုတွေပြီးဆုံးသွားမှ အားမှန်ကိုချလိုက်ပြီး ...၊

"ကျွန်မ မလိုက်ချင်ဘူး .."

သူမအားကို ရောက်လာသည့် လူနှစ်ယောက်က မျက်မှန်နက်တွေနဲ့ဖြစ်ကာ မျက်လုံးထဲမှာ ဘယ်လိုတွေဖြစ်ပျက်ပြောင်းလဲသွားသည်



မသိပေမယ့် ခေါင်းငြိမ်သွားကြ၏။

ပြီးတော့ တစ်ယောက်ကလှည့်ထွက်သွားပြီး ရပ်ထားသည့် ကားဆီသွား၏။ ပြီးတော့ ပြန်လာကာ ...၊

"ဆရာက ခေါ်ခဲ့ဖို့မှာလိုက်တယ် .."

ခွင့်တောင်းတာလည်းမဟုတ်၊ လာပြောတာလည်းမဟုတ် ...။

ပြောပြီးတာနှင့် တံခါးကိုဆွဲဖွင့်လိုက်ပြီး သူမကို ဆွဲယူလိုက်၏။ အရိုင် မျက်လုံးတွေကိုမှိတ်ထားလိုက်မိကာ ...၊

သူမ ကိုယ်ကို ဆိုဖာပေါ်မှာချလိုက်ပြီဆိုမှ ...၊

"အရိုင် အလုပ်မပြီးသေးဘူး .."

"ထားလိုက်တော့ .. ငါ လက်စသတ်ပေးမယ် .."

"ဟင့်အင်း .."

"အရိုင်ဟောင်း .."

ခေါ်ပေမယ့် အရိုင် က မျက်နှာလွှဲထားလျက်ရှိကာ ...၊

"ဦးဒီ ဖြေရှင်းပေးဖို့မလိုပါဘူး .."

သူမအသံလေး အဖျားခတ်တုန်ယင်နေကာ ဘယ်လိုပဲထိန်းထားပါစေ မိန်းမသားဟာ မိန်းမသားပဲဖြစ်လေသည်။

'ဒီကမ္ဘာ' ဆိုသော ပရော်ဖက်စာ ဒေါက်တာတစ်ယောက်ရှေ့ကို ရောက်လာခဲ့သည့်အချိန်မှာ သူမသည် ဟိုတစ်ချိန်တုန်းက ဆယ်ကျော်သက် မိန်းကလေး ချစ်တေး ပဲ ဖြစ်သွားခဲ့ရပြီး ...၊

"ဒါတွေအားလုံးက အရိုင် နဲ့ပဲ သက်ဆိုင်တာ၊ အရိုင် ပြီးဆုံးအောင် လုပ်မယ် .."

"အခု မင်းသွားမယ့်လမ်းတစ်ဆုံးကိုပဲပြောစမ်းပါ၊ ဒီကားပေါ်က ဆင်းပြီး ဘယ်လိုလျှောက်မလဲ .."

အရိုင် အသံလေးတိတ်သွားသည်။ သူမ ကားပေါ် ... လိုက်ရတာကို ဦးဒီ မြင်သွားခဲ့သည့်မှန်းသိလိုက်၏။ မျက်နှာ...စပ်ဖြည်းဖြည်း

www.burmeseclassic.com

www.burmeseclassic.com



လှည့်လိုက်တော့ စူးစိုက်ကြည့်နေသော မျက်ဝန်းတစ်စုံနဲ့ ဆုံမိသွားသည်။

ဒေါက်တာ ဒီကမ္ဘာ ...၊

မျက်နှာအနည်းငယ်ရှည်ချင်သလိုရှိကာ မျက်ခုံးတွေက ထူထဲနက်မှောင်နေသည်။ မျက်ဝန်းအိမ်ရှည်ပေမယ့် မှေးတာမျိုးလည်းမဟုတ်၊ နှာတံက အနည်းငယ်ပွချင်သဖြင့် ပေါ်သင့်တာထက်ပိုချင်၏။

ဒါပေမယ့် မျက်နှာရှည်နေခြင်းမှာ သူ့မျက်နှာပေါ်က သာလွန်ခြင်းအားလုံးက ပြေပြစ်သွားခဲ့၏။

ထိုပြင်နားသယ်စပ်ကနေ ဆင်းသည့် ဆံစတို့သည် နှုတ်ခမ်းနှင့်မေးဖျားတစ်ဝိုက်မှာ စိမ်းညို့သော ဝါးသိုင်းမွေးတို့အဖြစ် နေရာယူ၏။

ဒီယောကျ်ားဟာ ချစ်တေး ဆိုတဲ့ ကောင်မလေးနဲ့ ပထမဆုံး ဆုံဆည်းခဲ့စဉ်ကတော့ မာန်မာနတွေ အမုန်းတရားတွေနဲ့ ရောထွေးနေသည့် ဆရာဝန်တစ်ယောက်သာဖြစ်ခဲ့လျက် လူငယ်လူလတ်ဆိုသည့် သူ့ဘဝအချိန်များကို ဆေးပညာတွေနဲ့ပဲ ကုန်ဆုံးနေခဲ့သူဖြစ်လေသည်။

သူမသာ အခြေအနေဆိုး အဖြစ်အပျက်ဆိုးများနှင့် သူ့ရှေ့ရောက်သွားခဲ့တာ မဟုတ်ခဲ့လျှင် ...၊

ဦးထွတ်မြတ် ဆိုသည့် လူကြီးကသာ သူမ ဘဝကို မကယ်တင်ခဲ့ပါလျှင် ...၊

ဒေါက်တာ ဒီကမ္ဘာ ဆိုသူ၏ အရိပ်မှာ ခြေချနင်းခွင့်တောင်းရလိမ့်မည်မထင် ...။

"ဟော့ ... မျက်ရည်တွေသုတ်ပစ် ..."

သူမရဲ့ စိတ်တွေ အတိတ်ကိုပျံ့လွင့်အဲဆဲဆဲမှာ ရင်ခွင်ထဲကို တဘက်လေးတစ်ထည်ကျလာခဲ့သည်။

"ဆံပင်တွေစိုနေတာပါ သုတ်ပစ်လိုက် ..."

အရိပ် ရှိုက်သံတွေမထွက်မိအောင် နှုတ်ခမ်းလေးကို ဖိကပ်ပိတ်ထားလိုက်သည်။ ပြီးတော့ မွှေးပျံ့နေသည့် တဘက်လေးကို ငုံ့မှိုင်းဝေးမော



နေမိ၏။

ပြီးတော့မှ မျက်နှာနဲ့ ဖိနှစ်ကပ်၍ နမ်းပစ်မိသည်။ မျက်ရည်နဲ့ ရေစိုဆံပင်တွေကို ရွရွလေးပွတ်သုတ်နေမိစဉ် သူမ ငိုမိတိုင်း ဒေါသတွေနဲ့ တားဆီး၍ လက်ကိုင်ပဝါလေးတစ်ထည် ပစ်ပေးလာတတ်သည့် အတိတ်က ပုရိပ်တို့ကို သတိရမိပြန်၏။

ဒီကမ္ဘာ နားမှာရှိနေရတိုင်း သူမ အဆူခံရသည်။ ဘယ်လောက်ငိုနေနေ မျက်ရည်မြစ်ချောင်းဖြစ်နေရင်တောင် လေသံလျှော့ပေါ့သွားတယ်ဆိုတာ မရှိခဲ့ဘဲ လက်ကိုင်ပဝါတစ်ထည်ပစ်ပေးခြင်းဖြင့် အဆုံးသတ်ပေးခဲ့သူဖြစ်သည်။

"အရိပ် ဒီလူတွေကို အဆုံးသတ်ပေးရမယ်၊ ဒါပေမယ့် ဦးဒီ ပြောသလိုမဟုတ်ဘူး ..."

အတိတ်နဲ့ ပစ္စုပ္ပန်ကိုဆက်စပ်၍ အရိပ် က ပြောလက်စကို ပြန်စလိုက်ကာ ...၊

"သူတို့ကို ကလဲ့စားချေချင်လွန်းလို့ အရိပ် အသက်ဆက်ရှင်ချင်ခဲ့တယ်၊ ဒါပေမယ့် ရှင်လျက်နဲ့ သေနေခဲ့တဲ့ဘဝကို ဒီနေ့ထိ ဘယ်လိုမွေးမြူခဲ့ရသလဲဆိုတာ ဘယ်သူမှ မသိဘူး ..."

"မင်းက အဲဒါတွေကို ကြေညာချင်တာလား ... လုပ်စရာရှိတာလုပ်ရဖို့လိုရင်းလဲဲဲ ..."

"မကြေညာဘဲနဲ့ သိရမယ် ..."

ကားက ညင်သာစွာမောင်းထွက်သွားခဲ့လျက် ... ငြိမ့်ငြိမ့်အေးအေးလေးပြေးနေခဲ့၏။ ညနေခင်းသည် ည၏အသွင်သို့ တဖြည်းဖြည်းပြောင်းလဲကာ တရိပ်ရိပ်မှောင်လာခဲ့သည်။

မိုးစက်တို့သည်လည်း ပါးသွားလိုက်တဲ့ စိပ်လာလိုက်နှင့် ...၊

"မိုးတွေရွာတိုင်း အရိပ် ငိုခဲ့ရတယ်၊ ခရီးကိုလည်း ... ပွဲ... မိုးစက်တွေကျသံက နားထဲမှာ ပျှောက်အိုးပေါက်သံလိုပဲ ... မိုးရေထဲမှာ

www.burmeseclassic.com



သွားမိတဲ့အခါ သူများတွေအတွက် အေးနေတဲ့ ရေစက်တွေက အရိပ် ကိုယ်ပေါ်ကိုကျတော့ မီးပွားတွေစင်ကျနေသလိုပူတယ်၊ အဲဒါတွေကို အဲဒါတွေအားလုံး သူတို့ ပြန်ခံစားရမယ် ..."

"နားထောင်လို့ကောင်းပေမယ့် ဘဝဆိုတာ ကဗျာတစ်ပုဒ်မဟုတ်ဘူးကွ .. ခံစားရသမျှကို စိတ်ကူးနဲ့ ပုံဖော်လို့ရတယ် .. ဘဝကို စိတ်ကူးနဲ့ တည်ဆောက်လို့မရဘူး။ မင်း ခုလေးတင် ဒုက္ခတွေ့ခဲ့ရတယ်၊ ငါ အချိန်မီရောက်မလာရင် ဘာဖြစ်သွားမယ်ထင်လဲ .."

"ဦးဒီ ရောက်လာမှာပဲဆိုတာ အရိပ် သိတယ် .."

"ဟုတ်ပြီ နောက်ထပ် ဘယ်လောက်ထိ ငါကလိုက်ကြည့်နေနိုင်မှာလဲ .. ဥပမာ မင်းရဲ့ အဲ့ဒီအိမ်ထဲမှာရှိနေတဲ့အချိန်တွေ ဒါမှမဟုတ် တခြားအဆောက်အဦးတစ်ခုခုထဲမှာ ပိတ်မိသွားတဲ့အခါ .."

အရိပ် က မျက်လွှာလေးချပစ်လိုက်ရင်း ငိုမဲ့မဲ့လေးပြုံးသည်။ ပြီးတော့ မျက်ရည်တွေသုတ်ပစ်လိုက်ရင်း ...၊

"အရိပ် အတွက် ဦးဒီ ပူပန်ခဲ့ရတာတွေ ဒီနေ့ကစပြီး .."

"အရိပ်ယောင်း .. မင်း ခါးသီးခဲ့တဲ့ဘဝက သေသွားခဲ့ပြီဆိုတာ မင်း မေ့နေသလား .."

"မမေ့ပါဘူး .."

"ဟုတ်တယ် .. မေ့လို့မရဘူး၊ မင်း ပြန်လိုချင်နေတဲ့ ကြေးအေးအတွက်ကြောင့် အရိပ်ယောင်း ဆိုတဲ့ နာမည် ငါပေးခဲ့တာ၊ ဒါပေမယ့် မင်းက ငါ ဖန်ဆင်းမွေးမြူခဲ့တဲ့ နောက်ထပ်လူသားတစ်ဦးပဲ .."

ဒေါက်တာ ဒီကမ္ဘာ က စကားရပ်ပြီး သူမကို စိုက်ကြည့်သည်၊ ပြီးတော့ ရှေ့ကိုငေးနေလိုက်ရင်း ...၊

"ကိုယ့်ကိုယ်ကိုယ် လေးစားရမယ်လို့ မင်းကို ငါ အမြဲပြောခဲ့တယ် အလှူဝ်လုပ်ရင် ယုံကြည်ချက်နဲ့ ဖွဲ့စိတ် .."

"ဟုတ်ပါတယ် .. အရိပ် က .."



"မင်းကိုယ်မင်း ပြည့်စုံနေပြီလို့ထင်သလား .. မင်းမှာ ဘာမှမရှိဘူး .."

"မရှိပေမယ့် အရိပ် မကြောက်ဘူး ဦးဒီ .."

"မင်းက မကြောက်ပေမယ့် ငါကလည်း ကြည့်မနေနိုင်ဘူး .."

ဒေါက်တာ ဒီကမ္ဘာ က သူမဘက်လှည့်လိုက်ကာ ...၊

"မင်းနောက်ကို တကောက်ကောက်လိုက်ကြည့်နေတဲ့အတွက် ငါ့ကို မင်း တစ်မျိုးများထင်နေသလား .. အရိပ် .. ဟင် .. ပြောစမ်း .."

"ဟင့်အင်း .. ဟင့်အင်း .."

အရိပ် မှာပျာသလဲ ခေါင်းခါရင်း ဒီကမ္ဘာ ဘက် လှည့်ထိုင်လိုက်မိသည်။ ထိုအခါ ခြေထောက်နဲ့ အားပြုပြီး ဖင်ရွှေ့ထိုင်လိုက်ရခြင်းကြောင့် သူမ ခြေထောက်တွေ အခြေအနေမဆိုးသေးမှန်း သတိထားမိလိုက်သည်။

"အရိပ် ကို ဒီလိုစကားမျိုးတွေနဲ့ သွေးပျက်အောင် မပြောပါနဲ့ ဦးဒီ ရယ် .. ဦးဒီ နဲ့ အရိပ် က မိုးကောင်းကင်နဲ့ မြေကြီးလို ကွာပါတယ်"

ပြောနေရင်း မျက်ရည်စက်တွေ ပိုးပိုးပေါက်ပေါက်ကျလာပြန်ကာ ...၊

"ဦးဒီ ကို ဒီလိုထင်ဖို့မပြောနဲ့ အရိပ် ဘက်ကတောင် စိတ်ထူးဖို့ မထိုက်တန်ပါဘူး .."

သူမ အသံလေးတုန်ယင်အက်ရှနေခဲ့လျက် ...၊

"ကားရပ်ပေးပါ .."

ရှေ့မှာ မောင်းနေသည့် ဒရိုင်ဘာက နောက်လှည့်ကြည့်ပြီး ဒီကမ္ဘာ ဆီက အသံကို နားစွင့်၏။ သူမ မျက်နှာကို စူးခနဲတစ်ချက်ကြည့်တာ ဒီကမ္ဘာမျက်နှာလွှဲသွားသည်။

"ကားရပ်ပေးပါ .. ကိုကောင်းကျော် .."

အရိပ် ထပ်ပြောလိုက်မှ ကားက လမ်းဘေးမှာ ခပ်ငြိမ်ငြိမ်ရပ်သွားခဲ့သည်။ အရိပ် နေရာမှာပဲ ငြိမ်ငြိမ်သက်သက်လေးထိုင်နေဆဲရှိ

www.burmeseclassic.com



ကာ ...

"ဦးဒီ ကို စိတ်ပင်ပန်းအောင်မလုပ်ချင်ပါဘူး၊ အရိပ် ရဲ့ စကားတွေ စော်ကားသလိုဖြစ်သွားတယ်ဆိုရင် တောင်းပန်ပါတယ် .. နောက်ထပ်ပြီး အရိပ် ကို ..."

"ဝဋ်ကြွေးဆိုတာ ဘယ်သူမှ ခံချင်လွန်းလို့ ခံနေရတာမဟုတ်ဘူး၊ မစီးလို့ မီနီးကလေးကို ပစ်မထားနိုင်သေးတာလည်း ငါ့ဝဋ်ကြွေးလို့ပဲ မှတ်ပါတယ် .. အခု မင်း ဆင်းသွားမလို့လား .."

"ဟုတ် .."

သူမ မျက်လွှာချလိုက်ပြီးမှ ခေါင်းညိတ်သည်။ ပြီးတော့ ...

"အရိပ် အနေအထိုင်မတတ်တိုင်း ဦးဒီ ဝင်ဝါနေရရင် .. ဦးဒီ မှာပါ အရှုံးရှိလာလိမ့်မယ် .."

"အဟွန်း .."

"အရိပ် က အရိပ်နဲ့ အရင်းနီးဆုံးလူသီမှာ သူတို့ရဲ့ လျှို့ဝှက်ချက်တွေရှိတယ်လို့ပြောထားတော့ .."

"ဒီမှာ အရိပ် .."

သူ စကားပြောပြီဆို မျက်လုံးချင်းဆုံအောင် စောင့်တတ်တာကြောင့် အရိပ် မရဲတရဲကြည့်လိုက်မိသည်။ ဒီကမ္ဘာ မျက်လုံးတွေက အေးစက်စူးရဲနေကာ ...

"မင်း စိတ်ကူးတွေကို ပုံဖော်ပါစေဆိုပြီး ငါ လွှတ်ပေးထားတာ၊ ခွင့်မပေါ်ရှိသို့ မျှော်တွေ့ပြွယ်စရာရာနေခဲ့တာမဟုတ်ဘူး၊ အဲဒါ မင်း နားလည်လား .."

"နားလည်ပါတယ် .. ဒါပေမယ့် .."

"မလိုဘူး .. ဆင်းတော့ .."

မျက်နှာသည်းမည်းမှော ရှာချလာတာနှင့် တိုက်ဆိုင်နေသည်။ အရိပ် ခပ်စမ်းစမ်းဆင်းရပ်တာကို ဒီကမ္ဘာ စိုက်ကြည့်နေခဲ့ပြီးမှ နည်းနည်းလေး



မှ မတား ..။

သူမ ခြေနိုင်နိုင်ရပ်လိုက်ချိန်မှာ တစ်ကိုယ်လုံး စိုရွဲနေပြီဖြစ်ကာ ဒီတိုင်း လမ်းဘေးလျှောက်သွားတဲ့အထိ တုတ်တုတ်မလှုပ်ဘဲကြည့်နေခဲ့၏။ ပြီးမှ ...

"မောင်း ..."

ကားက ဖြည်းဖြည်းချင်းရွေ့လျားသွားခဲ့ပြီး ဒီကမ္ဘာ ဖုန်းဖွင့်လိုက်ကာ ...

"ဗလ .. မင်းတို့ဘယ်မှာလဲ .."

"ဆရာကားနဲ့ သိပ်မကွာတဲ့နောက်မှာပါ .."

"အေး .. ဘာလုပ်ရမယ်ဆိုတာသိတယ်မို့လား .."

"ဟုတ်ကဲ့ .. မြင်နေရတဲ့နေရာမှာပါ .."

သူ ဖုန်းချလိုက်ပြီး သည်းမည်းနေသည့် မိုးစက်တွေကို ငေးကြည့်မိသည်။ ဒီမိုးစက်တွေကို ချစ်တေး ဆိုတဲ့ ကောင်မလေးက မုန်းတီးနေခဲ့၏။

သူ့အတွက်ကတော့ မိုးစက်တွေနဲ့အတူ သူ့ဘဝထဲဝင်လာခဲ့သည့် သူမကြောင့်သာ ..။

♥♥♥

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၁)

အဲရိုကွန်း ဘတ်စ်ကားကြီးတွေလည်း သွားနေကြသည်။ တက္ကစီတွေကိုလည်း တွေ့သည်။ ဒါပေမယ့် သူမ ရပ်ကျန်ခဲ့သည့်နေရာမှာပဲရှိနေဆဲဖြစ်ကာ မိုးစက်တွေကို ကြည့်ကြည့်ခံနေခဲ့၏။

မိုးက အရှိန်လျှော့မသွားဘဲ စည်းချက်မှန်စွာသည်းနေခဲ့သည်။ သက်နုငယ်ညဦးရဲ့ အလှက မိုးကြောင့် အကျည်းတန်နေကာ လမ်းပေါ်မှာ လူသွားလူလာ ကားသွားကားလာ အဆက်ကျဲရှင်းလင်းနေလေသည်။

အချိန်ကို သတိမထားမိပေမယ့် ခြေထောက်တစ်ဖက်က နာကျင်လာသဖြင့် ရပ်နေရာမှ စတင်ရွေ့လျားမိ၏။ ထိုအခါကျမှ သူမ ဘယ်လောက်ကြာအောင်ရပ်နေခဲ့မိမှန်း သတိရလာသည်။

ထုံခဲနေသည့် ခြေထောက်တစ်ဖက်က ခြေလှမ်းလိုက်တာတောင် ပါရဲ့လားလို့ထင်မိသည်။ သို့သော် … သူမ ဒီတိုင်းသာဆက်လျှောက်ခဲ့၏။

တက္ကရာလမ်းမည်းကြီးက မိုးစက်တွေအောက်မှာ လှုံးလိုမှိုဝင်စင်းနေရပေမယ့် လျှပ်စစ်မီးရောင်တွေ အကူအညီဖြင့် သူ့ ဘယ်လောက်မှာကျောကြောင်း တပြောင်ပြောင်လင်းလက်ပြနေ၏။

ပြီးတော့ ကားတွေလူတွေ ဘယ်လောက်ပဲ ဖြတ်ကျော်လျှောက်နင်းနေကြပေမယ့် ညည်းညူသံလည်းမထွက် ခြေရာလည်းမထင် …။



သူမရဲ့ ဘဝကတော့ မိုးစက်တွေ ကြွေဆင်းနေတဲ့ တက္ကရာလမ်းမည်းကြီးပေါ် ပထမဆုံးနင်းဖြတ်ပြေးခဲ့သည့်အချိန်မှာ အညှာမခိုင်တော့တဲ့ ပန်းတစ်ပွင့်လိုလား …။

ဒါမှမဟုတ် မိုးကြီးရေလျှံနေတဲ့လမ်းဘေးရေစီးချောင်းလေးတွေပေါ်မှာ မျောပါနေတဲ့ ပန်းအကြွေပွင့်တစ်ပွင့်လား …။

မိုးရွာနေတဲ့အချိန်တွေမှာ သူမရဲ့ ကံဆိုးခြင်းအရာရာဖြစ်ခဲ့သည်။ မိုးစက်တွေနဲ့အတူ သူမ ဘဝ ရေစုန်မျောခဲ့ရ၏။ ဒါတွေဟာ တစ်ချိန်က ကံဆိုးခြင်းတွေပဲဆိုရင် ဒီနေ့ရွာတဲ့မိုးမှာ သူမ နောက်ထပ် ကံဆိုးဖို့ဖြစ်ခဲ့ရတာ ဘယ်လိုဝဋ်ကြွေးမျိုးလဲ …။

လူတစ်ယောက်မှာ အဆိုးရွားဆုံးနှစ်ခါမဖြစ်တတ်ပါဘူးလို့ ဦးလေးမြတ်ထွတ် ပြောခဲ့ဖူးသည်။ သူမ နှစ်ခါကြုံခဲ့ရတာ ဘာကြောင့်လဲ …။

ဦးဒီ တို့သာ ရောက်မလာခဲ့ရင် သူမ လွတ်မြောက်ပါ့မလား …။

"ကိုယ့်ကိုယ်ကိုယ် လေးစားရမယ်" တဲ့ …။

ဒီလောက်တောင်နံ့ရှာတဲ့ ကံကြမ္မာနဲ့ မွေးဖွားခဲ့ရတဲ့ သူမဘဝက လေးစားစရာဘာရှိလို့လဲ …။

'ပေမြစ်တုန်းခံ တူဖြစ်တော့နှ' ဆိုသည့် စကားပုံက သူမနဲ့တော့ မဆိုင်ဘူးလား …။

"ကျွမ်း … ဒိန်းဒိလိန်း …"

လျှပ်ရောင်တွေနဲ့အတူ မိုးခြိမ်းသံတွေပါလာသည်။ မိုးရေထဲမှာပဲ တစ်လှမ်းချင်းလျှောက်နေခဲ့ရင်း အတိတ်ရဲ့ပုံရိပ်တွေက မိတ်ခေါ်စရာမလိုဘဲ တရိပ်ရိပ်တက်လာခဲ့၏။

မွှင့်သစ်စ အလှသွေးတွေကြွယ်လျက် ဘဝဆိုတာ ခါးသီးလှတယ်ဆိုတာ ရဲ့လို့လည်း ရေရေလည်လည် မခံစားမိခဲ့သေးပါ။ တစ်နေ့နဲ့တစ်နေ့ သားအဖနှစ်ယောက်အတွက် ဝမ်းရေးအပြင် ဘာအရေးကိုမှ ခေါင်းထဲ မထည့်နိုင်တာမို့ ရွာထဲမှာ အလုပ်လုပ်ပြီး မောမောပန်းပန်းပြန်လာချိန်

www.burmeseclassic.com

www.burmeseclassic.com



မရှိ ..။

ထို့ကြောင့် သူ ဖြစ်စေချင်ခဲ့တာ ညီနဲ့ မဆုံစေနိုင်ဖို့တစ်ခုတည်း..။

"ဟော့ .. ဟိတ်ကောင် .. ကျော့် .. မင်း ဘာလုပ်တာလဲ .."

"အသာနေစမ်းပါ .. ဒီထက်ကောင်းတာတောင် ဒီလောက်မကောင်းဘူး၊ မီးလောင်တဲ့ထဲပါသွားရင် ပြီးပြီ .."

ကျော် နဲ့ ဖော့်ကို သူ တားတော့ မီးတောက်တွေဖြစ်နေပါပြီ။ မထင်မှတ်ဘဲ အကြီးအကျယ်ဖြစ်သွားခဲ့သည်။

ကိုယ်ပိုင်ဆိုင်သည့် မြဝင်းပေမယ့် မြစောင့်က ပြေးလွှားရောက်လာတော့ မဖွယ်ရာသည့် ကြံစည်မှုကို လှူသိမခံနိုင် ..။

ဖော်က မျက်စပစ်လိုက်တာနှင့် ကျော် က မြစောင့်ကို မီးလောင်နေသည့်အခန်းထဲမှာ တွန်းထည့်ပိတ်ထားလိုက်၏။ အဖြစ်အပျက်အားလုံးသည် မြစောင့်က မိန်းကလေးခေါ်သွင်းပြီး ဖေယားရှုပ်နေသည့်အဖြစ်နဲ့ပဲ မီးလောင်မှုပါ ရောထွေးပျောက်ပျက်သွားခဲ့သည်။

ခနှ အာရုံထဲမှာ အတိတ်ကပုံရိပ်တွေက ရုပ်ရှင်ပြကွက်တွေလို ပြန်ပေါ်လာခဲ့သည်။ ဒါပေမယ့် သူ နားမလည်နိုင်၊ အခု သူ့ရှေ့ရောက်လာတာ ချစ်တေး ဆိုရင် မီးထဲကရခဲ့တဲ့ အလောင်းနှစ်လောင်းက ဘယ်သူ့အလောင်းတွေလဲ ..။

သူ့ရင်ထဲက ပဟေဠိများစွာအတိုင်း မျက်နှာကြီးမှာ မေးခွန်းတွေပေါ်နေခဲ့သလားမသိ ..။

သူ ဘာမှမမေးရဘဲ အရိပ် က ဆက်တိုက်ပြောချသွားခဲ့ပြီး ..၊

"ရှင် သတ်ခဲ့ပေမယ့် ကျွန်မက မသေဘူး၊ ကျွန်မအသက်ကိုကယ်ခဲ့တဲ့သူ၊ ကျွန်မကို ခုလိုလှပမှုတွေနဲ့ ပြန်လည်ရှင်သန်လာနိုင်အောင် အသက်သွင်းပေးခဲ့တဲ့သူ၊ အဲ့ဒီကျေးဇူးရှင်လက်ထဲမှာ ကျွန်မအသက်ရှိတယ်၊ ပြီးတော့ ရှင်တို့ရဲ့ ရှုံစရာဇာတိရုပ်တွေပေါ်နေတဲ့ ဗီဒီယို၊ အဲဒီအဖြစ်နဲ့ ပတ်သက်သမျှအကြောင်းအရာသက်သေတွေအားလုံးကလည်း သူ့လက်ထဲမှာပဲ .."



တခြားသော ဖြစ်နိုင်ဖွယ်တွေကို ထပ်မံပြောပြခဲ့ပြီး သူမက အံတကြိတ်ကြိတ်နှင့် ..၊

"ကျွန်မကတော့ ရှင်တို့ကို ကြိုးဆွဲခိုင်းစေမယ့် နင်တံ့ရှင် နတ်သမီးပေါ့၊ ကျွန်မကို ရှင်တို့ဒုက္ခပေးဖို့တစ်ခုခုကြံစည်လိုက်တာနဲ့ ကိုယ့်လည်ပင်းကို ကြိုးကွင်းစွပ်ဖို့ကြိုးစားနေပြီဆိုတာ မမေ့နဲ့၊ လူတစ်ယောက်ကို သတ်ရင် တစ်ခါပဲသေတယ်၊ ရှင်တို့ကြောင့် နှစ်ခါသေရလည်း ကျွန်မဂရုမစိုက်ဘူး .."

"မင်းမှာရော .. အရှက်သိက္ခာတွေမရှိတော့ဘူးတဲ့လား အရိပ်ဟောင်း၊ ငါတို့ယောကျ်ားတွေ ရှုပ်တယ်ပွေတယ်ဆိုတာ မဆန်းပါဘူး၊ အဲဒီဗီဒီယို ပြန့်သွားရင် မင်းရဲ့ သိက္ခာလည်း ရေစုန်မျောပြီပဲ .."

တုန်လှုပ်မှုမပြေသေးပေမယ့် မခံချင်စိတ်နဲ့ တူးဆွမေးလိုက်မိသည်။ အရိပ် မျက်ဝန်းတွေစူးတောက်သွား၏။

"ဟွန်း .. သိချင်တယ်ဟုတ်လား .. ငါ့ဘဝက သေပြီးသားပါ၊ ငါ့ကြောင့် မျက်နှာပျက်အရှက်ရမယ့် မိဘဆွေမျိုးလည်းမရှိဘူး၊ နင်ကတော့ အထီးကျန်မဟုတ်ဘူးထင်တယ် .."

ခနှ မျက်နှာ ကွက်ခနဲပျက်၏။

"ယောကျ်ားတိုင်း ပွေရှုပ်ခွင့်ရှိတာပဲဆိုရင် အဲ့ဒီယောကျ်ားတွေနဲ့ နင့်လှုပ်ရပ်နဲ့ တူသလားဆိုတာ စမ်းကြည့်လိုက်လေ၊ ငါ့ဆီမှာ အဲ့ဒီဗီဒီယိုပါတယ် .. ခုပဲ နင့်မိသားစုတွေကို သွားဖွင့်ပြလိုက်မယ် .."

"ကလစ် ..."

"ဟော့ ..."

"ဂျိမ်း ..."

အရိပ် က တံခါးဖွင့်လိုက်သည်။ ပြသွားပြီးမှ ခနှ က တခန်းကတခန်း [illegible]ဆောင့်ပိတ်လိုက်ပြီး ..၊

"မင်း အရှမ်းထွက်သွားလို့မရဘူး .."

"ဟုတ်လား .. ငါကရတယ်၊ နင်မရဘူးဆိုရင်တော့ [illegible]ပါး

www.burmeseclassic.com

www.burmeseclassic.com



ကြည့်လေ ..”

လက်လေးမိုက်ပြီး အေးဆေးပြန်စောင့်နေလိုက်၏။ မနု တံခါးလက်ကိုင်ဘုကိုဆုပ်ကိုင်ထားရင်း ချီတုံချတုံဖြစ်နေခဲ့သည်။ ဒီအချိန်အလုပ်သမားတွေ ဘယ်နေရာမှာတာဝန်ကိုယ်စီနဲ့ရှိနေကြသည် လက်ခာယ်မှာရှိနေသည်ကို သူသိသည်။

တစ်ချက်လေးတံခါးဟပြီး အပြင်က လှုပ်ရှားသံနားစွင့်လိုက်လို့လည်းရသည်။ မရတာက သူ စိန်ခေါ်မိသည့်ကိစ္စ ...။

“ထွက်လေ .. ဘာလုပ်နေတာလဲ ..”

သူ ဘာလုပ်ရမလဲ .. သူမမှာ ဒီဗီဒီယိုတကယ်ရှိနေတာလား၊ တကယ်ဖွင့်ပြလိုက်ရင် သူ ဘယ်လိုလုပ်မလဲ ...။

ဖေနီးဖြစ်သူရဲ့ မျက်နှာ .. သမီးကြီးရဲ့ ပါးနပ်လိမ္မာသည့် မျက်ဝန်းလေးတွေ ...။

စိတ်အိုက်မိခြင်းကြောင့် တစ်ကိုယ်လုံးပူရှိန်းတက်လာ၏။

“ဘာလဲ နေနေ .. ဗီဒီယိုတကယ်ဖွင့်ပြလိုက်မှာ ကြောက်နေတာလား၊ ဒါမှမဟုတ် .. ငါ့မှာ တကယ်ရှိ မရှိ ဝေခွဲမရဖြစ်နေတာလား ..”

အရိုပ် က သူ့နောက်ကနေ ကပ်ရိနေခဲ့၏။ မနု ပျက်ပျက်ယွင်းယွင်းဖြစ်နေသည့် ကိုယ့်မျက်နှာကို တည်ငြိမ်အောင်ကြိုးစားလိုက်သည်။ ပြီးမှ တံခါးကို ကျောနဲ့ကပ်လိုက်ပြီး သူမဘက် ပြန်လှည့်ရပ်ကာ ...၊

“မင်း ဘာလိုချင်သလဲ ..”

“ဩော် .. ဩော် .. အင်း လက်ခံသွားပြီကိုး ..”

“ပြောစမ်း အရိုပ်ယောင်း .. မင်း ဘာလိုချင်တာလဲ ..”

“ရှင့်ကို စကားပြောဆင်ခြင်ဖို့ ပြောပြီးပြီထင်တာ ..”

“အ[illegible]တွေလျှောက်ရိမနေနဲ့ .. ဘာလိုချင်သလဲ ရွှေငွေရတနာလား .. ငွေသားလား တိုက်တာ အဆောင်အယောင် ကြိုက်တာပြော၊ မင်းအတွက် နစ်နာကြေး ငါ ပေးမယ် ..”

“ကျွန်မ နစ်နာခဲ့တာအတွက် ရှင့်ဆီကပဲ ဘယ်ရမလဲ၊ ဟိုတီရှော်ခန့်



နစ်ကောင်ဆီကလည်း ရမှဖြစ်မှာ ..”

“သုံးယောက်စလုံးအတွက် ငါပေးနိုင်တယ် ..”

“ရှင် မပေးနိုင်ပါဘူး .. ဘာဖြစ်လို့လဲဆိုတော့ သူတို့ထက် ရှင်က သုံးဆချမ်းသာတယ်ဆိုရင်တောင် ကျွန်မ လိုချင်တာ အဲ့ဒါတွေ မဟုတ်သေးဘူး ..”

ပြောပြီးတာနှင့် သူမက သူ့ကိုယ်ကြီးကို တွန်းဖယ်လိုက်သည်။

“ဟော့ ...”

သူ ယိုင်ထွက်သွားသည်နှင့် တံခါးဖွင့်ဖို့ လက်လှမ်းလိုက်၏။ သို့သော် .. သူမရဲ့ လက်ပေါ်ကနေ သူ့လက်ကလည်း ထပ်တိုင်လိုက်ပြီးဖြစ်ကာ ...၊

“မင်း ထွက်လို့မရသေးဘူးလို့ ငါပြောနေတယ်လေ ..”

“နေနေ ..”

အရိုပ် ရဲ့ မျက်နှာလေးက ချက်ချင်းကြီး နီရဲတင်းမာလာကာ ထပ်ကိုင်ထားသည့် သူ့လက်ကို မျက်တောင်များတို့ စိုက်ချကြည့်၏။

ပြီးတော့ စက်စုပ်ရွံရှာသလို နှာခေါင်းတွန့်မဲ့ကာ ...၊

“နင့်လက်ကို ခုချက်ချင်း ပြန်ရုတ်လိုက်စမ်း ..”

သူမရဲ့ မျက်နှာထားကြောင့်လား ဘယ်လိုမိအားမျိုးလဲဆိုတာ မသိ...။

မနု ကိုယ့်လက်ကို ဖျတ်ခနဲ ပြန်ရုတ်သည်။

“နေဦး .. မင်းနဲ့ ငါ ပြောလို့မပြီးသေးဘူး ..”

“ပြီးတာ မပြီးတာ ရှင် ဆုံးဖြတ်ဖို့မလိုဘူး ..”

“အရိုပ်ယောင်း .. မင်း ဘာမှမလှုပ်ရှားပါနဲ့ ..”

တံခါးကို ဖွင့်ထားပြီးပြီဖြစ်ကာ သူမရဲ့ ကိုယ်တစ်ပိုင်းလည်း အပြင်ရောက်နေပြီဖြစ်၏။ သို့သော် ရေချိုးခန်းထဲမှာ နစ်ယောက်တည်း[illegible]ရသည့် အဖြစ်ကို ကြောက်ဖို့သတိမရတော့ပေ ...။

မနု အပြင်ကို တိုးထွက်လိုက်ပြီး သူမရှေ့က ရပ်[illegible]ျက် ...။

“ငါ မင်းနဲ့ ဆေးဆေး ..”

www.burmeseclassic.com



"နေစမ်းပါ .."

အရိပ် က ဘာပြောပြော နားထောင်မည့်ပုံမရှိဘဲ ဒီတိုင်းလှည့်ထွက်သွား၏။ ခနေ ခဏရပ်နေခဲ့ပြီးမှ ဆက်လိုက်သွားမိကာ ...၊

"အရိပ်ယောင်း .."

"ဆက်လိုက်မလာနဲ့ နေခနေ .. ငါ ဘာလုပ်မှာ ဘယ်လိုနေမှာ ငါ့သဘောနဲ့ ငါ .."

"မဟုတ်ဘူးလေ .. မင်းနဲ့ .."

"နင်နဲ့ ညှိဖို့လာတာမဟုတ်ဘူး .."

သူ အတင်းလိုက်နေတုန်း တုံးခနဲရပ်ပြီး မျက်နှာလှည့်လိုက်သဖြင့် သူနဲ့ တိုက်မိမလိုဖြစ်သွားသည်။ ခနေ ကမန်းကတန်း ပြန်ဆုတ်လိုက်ရပေမယ့် သူမက ကျောက်ရုပ်လေးအတိုင်း ...။

"ဒီမှာ နင် နားထောင် .."

သူမ မျက်လုံးအစုံသည် လူသေတစ်ယောက်လို အသက်မဲ့ညှိုးရော်နေသည်လား ...။

ထို မျက်လုံးတွေနဲ့ ခနေ မျက်နှာကို စူးစိုက်ကြည့်၍ ...

"ခုကစပြီး ငါ လိုချင်တာယူမယ်၊ ငါပြောချင်တဲ့စကားကိုပြောမယ်၊ မယူသေးတာ .. မပြောသေးတာတွေရှိလာရင်လည်း ငါ မယူချင် မပြောချင်သေးလို့ပဲ .."

သူမက ခနေ ပါးစပ်ပြင်နေသေးတာကိုကြည့်ပြီး နာကြည်းသည့် မဲ့ပြုံးနှင့် ...၊

"နားမလည်ဘူးထင်တယ် .. ဆောရီးပဲ .. ငါ တိရစ္ဆာန်စကားမပြောတတ်ဘူး .."

"ဘာ .. မင်း ဘာပြောလိုက်တယ် .."

ဒေါသက ဒိုင်းခနဲ ပေါက်ကွဲသွား၏။ ဘယ်လိုမှ နားမခံသာသည့် စကားလုံးတွေကြောင့် သူမနောက်ကို လှွားခနဲလိုက်မိ၏။ ထိုစဉ် သူ့ရှေ့မှာ အရိပ်တစ်ရိပ်ပေါ်လာကာ ...၊



"မောင့် .."

လက်သည် စိုးရိမ်တကြီးမျက်နှာလေးနဲ့ ကြားထဲကနေ သေလုမျောပါး ဝင်ဆွဲရှာကာ ...၊

"မလုပ်ပါနဲ့ မောင်ရယ် .. လက် သေချာတောင်းပန်ထားသားနဲ့ မောင့်ကို သဘောထားသေးတယ်ထင်သွားပါ့မယ်၊ ခုထိ ရေမချိုးရသေးဘူးလားဟင် .. လက် က ရေချိုးခန်းထဲ မောင် ဝင်နေပြီထင်လို့သွားဆောင်ခေါ်နေသေးတာ .. အပေါ်ထပ်မှာသွားချိုးလည်းရရဲ့သားနဲ့ .."

လက် က ဘယ်လိုထင်သွားပြီး စိုးရိမ်ကြီးနေသည်မသိပေမယ့် လူကို တိရစ္ဆာန်လုံးလုံးပြောသွားသဖြင့် ဒေါသဖြစ်သွားခြင်းက ခုထိ လက်သီးဆုပ်မဖြေမိသေး ...။

"တောက် .. တော်တော်မိုက်ရိုင်းတဲ့ မိန်းမ .."

"မောင်ရယ် .."

ကိုယ့်ယောက်ျားနှုတ်ဖျားကနေ တခြားမိန်းကလေးတစ်ယောက် အပေါ်မှာ ဘာပြောပြောမယားပြောပြောဆိုတာမျိုး သူမ သဘောမကျပေ။

ဒါပေမယ့် ခနေ ဒေါသကြီးတတ်တာ ဘယ်လောက်ထိမာနကြီးတာကိုလည်း သိထားသဖြင့် နားလည်ဖို့ပဲကြိုးစားရ၏။ ထို့ပြင် ခနေဆိုသည့် ယောက်ျားဟာ သူ့ညီငယ်နဲ့ ပတ်သက်လာတိုင်း ဘယ်တော့မှ မျိုသိပ်သည်းခံခဲ့တာမရှိမှန်းလည်း သိထားခဲ့သည်မို့ ...။

အရိပ်ယောင်း နဲ့ အရောင် တို့ရဲ့ အနာဂတ်ကို မခန့်မှန်းနိုင်အောင် ဖြစ်နေမိသည်။

အရာရာအပေါ်မှာ မှုတာစာနာစိတ်ထားဖို့ဆိုတာ မလွယ်ပါလား...။

♥♥♥

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၁)

"ဘာတွေဖြစ်ကုန်တာလဲ .."

ခရီးရောက်မဆိုက်ဆိုတာ ဘာကိုပြောမှန်းတော့မသိ ..။ ကျော် လေယာဉ်ပေါ်က ဆင်းလာခဲ့ပြီး ကားပေါ်တောင်မတက်နိုင်သေး ..၊

"ဖော့ .."

"ကဲ .. ကားပေါ်အရင်တက်ဦး၊ မင့်အိမ်ကို လာကြိုနိုင်းထားသေးလား .."

"မခိုင်းထားပါဘူး .. ငါ ဒီလိုပဲ ငါးရက်တစ်ပတ်သွားနေကျပဲ၊ ငါ့ကို မေးပါနဲ့ .. မင်း ကြောက်ချေးပါနေတဲ့ကိစ္စကိုအရင်ပြောစမ်းပါ .."

နှစ်ယောက်စလုံး လေဆိပ်ကထွက်လာခဲ့ပြီးမှ စိတ်ကူးလိုက်ကြသလို စားသောက်တစ်ဆိုင်ဆိုင်ထိလည်း မသွားနိုင်ကြတော့ဘဲ လူရှင်းသည့် လမ်းဘေးတစ်နေရာမှာ ကားရပ်ပြီး ..၊

"မင်းကို ငါ ပြောထားတဲ့အတိုင်းပဲ .. ချစ်တေး ပြန်ပေါ်လာတဲ့ကိစ္စက .. အခု .."

"ပြန်ပေါ်လာရင် ပြန်သတ်ပေးလိုက်တာပေါ့ကွ .."

"ဟ .. ငါတို့က လူသတ်သမားဒုစရိုက်ကောင်တွေမှ မဟုတ်ဘဲ.."

"လူသတ်တဲ့လူတိုင်း ဒုစရိုက်သမားတွေမဟုတ်ဘူးလေကွာ ..



ဖြစ်မှုကျူးလွန်ခဲ့ကြတာ ဝါသနာပါလို့ ပျော်လို့ဆိုတာ မင်းကြားဖူးလား.."

"ငိုချင်းချပြီး လူသတ်လည်း ပြစ်ဒဏ်ခံရမှာပဲ .. ငါတို့က အခု လူလွှတ်တွေမဟုတ်တော့ဘူး .."

"ဟိုတုန်းကလည်း လူလွတ်မို့လို့ ဒါလုပ်ခဲ့ကြတာမှမဟုတ်ဘဲ .."

"အဲဒါတွေ ပြန်ပြောမနေနဲ့တော့ ကျော်ရာ .. ခု ငါတို့မိသားစုတွေကို ထိခိုက်မခံနိုင်ဘူး၊ သားသမီးတွေက ပြန်လက်ညှိုးထိုးလာရင်.."

"ခက်တာပဲ ဖော် .. ငါတို့အဲဒီလို အကျပ်ရိုက်မယ့် အခြေအနေကို တစ်ဖက်က အခွင့်ကောင်းယူနေတာကွ .. ငါ အားချင်းပြန်လာခဲ့တာ မင်းလို ကြောက်ချေးပါနေလို့မဟုတ်ဘူး၊ ကြောက်လန့်ပြီး မင်း ထင်ရာတွေ လျှောက်လုပ်မှာစိုးလို့ .."

"ကျော့် .."

"ဘာလဲ .."

"မင်း တကယ်ဂရုမစိုက်ဘူးလား .."

"ဘာကိုစိုက်ရမှာလဲ .."

လမ်းဘေးမှာ လေကတဟူးဟူးတိုးဝှေ့နေသည်။ ကျော် က လေနဲ့ ပါချင်နေသည့် ဆံပင်တွေကို တစ်ချက်သပ်၍ လေလာရာဘယ်ကို မျက်နှာမူလိုက်သည်။ ပြီးမှ ..၊

"အဓိကက နောက်ကျောကနေ ဓားနဲ့အထိုးမခံရဖို့ပဲ .. ငါတို့ကို အရင်သတိပေးလိုက်တာ ဒီကောင်မလေး ကံဆိုးတာပဲ .."

ကျော့် မျက်နှာက လေကိုဆန့်၍ ရှင်းပြောင်နေကာ ဖော် ကတော့ တဖတ်ဖတ်ရိုက်ပုတ်ရှုပ်ထွေးနေသည့် ဆံပင်တွေကို မျက်နှာပေါ်က သပ်ဖယ်ရင်း ကိုယ့်ဘာသာ အလုပ်ရှုပ်နေတာကိုလည်း သတိမရ..။

"မဟုတ်သေးဘူး ကျော် .. မင်း သေချာမသိသေးလို့ ပြောနေတာ.. အခု .."

ဖော့် မျက်နှာက ပြောမည့်အကြောင်းအရာပေါ်မှာ အာရုံစိုက်လွန်း

www.burmeseclassic.com

www.burmeseclassic.com



သဖြင့် ကိုးကန်းတောင်မှောက်ဖြစ်လာသည့် မျက်လုံးတွေက ကြောက်ရွံ့မှုကို ဖော်ပြနေကာ ..၊

"ငါတို့နဲ့ .."

"ကဲ .. ပြောစမ်းပါကွာ .. ငါ မသိသေးတာ ဘာတွေလဲ၊ မင်းနဲ့ ခနဲ့ ဘာတွေသိထားသေးလို့လဲ .."

"ချစ်တေး က ခနဲ့ အိမ်မှာ .."

"ဘာ!..."

ကျော် ဒီဘက်လှည့်ကြည့်လိုက်တာနှင့် လေနောက်ပါသွားသည့် ဆံပင်တွေက မျက်နှာတစ်ခြမ်းမှာ ရိုက်ပုတ်ရှုပ်ပွသွားသည်။ ဆံပင်တွေကို လက်တစ်ဖက်နဲ့ သပ်တင်လိုက်ရင်း ..၊

"မင်း ဘာပြောလိုက်တာလဲ .. ချစ်တေး ဆိုတဲ့ ဟာလေးက မီး လောင်သွားပြီလေ .."

"အေး .. ခနဲ့ လည်း မင်းလိုပဲ လက်မခံခဲ့ဘူး .. ဒါပေမယ့် .. ငါတို့က မီးရှို့ပြီး ထွက်ပြေးခဲ့ကြတာ မီးလောင်ပြာကျသလား မကျဘူးလား အလောင်းဘယ်မှာလဲ ဘာမှ ပြန်မကြည့်ခဲ့ကြဘူးလေ .."

ခနဲ့ ဆီက သိရသမျှအကုန် ပြောပြလိုက်တော့ ကျော် မျက်နှာပျက်သွားသည်။ နေရောင်မပေါက်သော အုံ့ပျက်ပျက်မိုးသားတိုင်း၏အရောင်လို ဖြူဝင်းနေသည့်မျက်နှာက ညိုမှိုင်းသွားကာ ..၊

"ဒါ ဖြစ်မှ မဖြစ်နိုင်တာ .."

"ခနဲ့ အကြောင်း မင်းလည်း သိသားနဲ့ .. ငါတို့ထဲမှာ မိုက်ရူးရဲ အလုပ်ဆုံးက သူပဲ၊ ဒါပေမယ့် သူလည်း .."

"နေပါဦး .. မျက်နှာကို ပလတ်စတစ်ဆာဂျရီလုပ်တယ်ဆိုတာ လွယ်လွယ်လေးမှတ်နေလို့လား .. သူ့လို စားစရာမရှိ နေစရာမရှိတဲ့ မိန်းကလေးက .."

"ဒါပေမယ့် သူ ဝတ်ထားတဲ့ ဖု(တ်)ချိန်းတစ်ဖက်ကပဲ သိန်းရာ



ကျော်နိုင်တယ်လေ၊ သူက မွဲတေပေမယ့် သူ့ကို ကူညီခဲ့တဲ့လူက ဘယ်လိုလူလဲမှမသိတာ .."

"ဒီလိုပြောင်းလဲမှုတွေက စာတ်လမ်းထဲမှာပဲရှိတယ် ဖော် .."

"အပြင်မှာ ပြောင်းလဲတာတွေက ဒီ့ထက်ထူးဆန်းတယ်ဆိုရင် မင်း ယုံမလား .."

"ရှိကောင်းရှိနိုင်တယ် .. ဒါပေမယ့် မရှိရှား ပေါများတဲ့တွ ခရို လေရှားလေပဲ .. ဒါပေမယ့် ပေါတဲ့နေရာမှာပိုပေါတယ်၊ ပြီးတော့ 'ကံဆိုးခ သွားရာ မိုးလိုက်ရွာ' တဲ့၊ ကံဆိုးခြင်းဆိုတာ တစ်ခုတလေပဲလာတာ မဟုတ်ဘူး၊ အဖော်နဲ့ အပေါင်းနဲ့လာတာ ဆိုးပြီးရင်းသာဆိုးတာ .."

"ဒါဖြင့် ဆိုးတာတွေထဲကနေ အကောင်းမလာနိုင်ဘူးပေါ့ .."

ကျော် က မဖြေ ..။

"အရိပ်ကိုရောက်ဖို့အတွက် နေပူကိုဖြတ်နေတာပဲ၊ ဆိုးလွန်းရင် ကောင်းတတ်တယ်ဆိုတာလည်း မေ့လို့မရဘူး၊ ငါတို့ မြန်မာစကားပုံတွေ အများကြီးရှိလာခဲ့တာ ဘာလို့လဲ မင်းသိလား၊ ကံ,ကံ၏အကျိုးကို ယုံကြည်ကြလို့ပဲ ထိုင်နေလို့ဘာမှဖြစ်မလာတာ မှန်တယ်၊ ဒါပေမယ့် အလုပ်လုပ်ရင်း နစ်မွန်းသွားတာတွေ၊ ကြိုးစားသလောက် အောင်မြင်သွားတာတွေက ဘာလဲ .. အဲဒါ ကံတရားက အဆုံးအဖြတ်ပေးသွားတာပဲ .."

ဖော့် မျက်နှာက. တော်တော်ကြီးထိတ်လန့်တုန်လှုပ်နေပုံရှိကာ သံသရာတစ်တတ်လည်ခြင်းကို တွေးရင်း ကြောက်ရင်းဖြစ်နေခဲ့လျက်..။

"ငါတော့ ယုံတယ် .. ချစ်တေး ဘဝပျက်ခဲ့ပြီးပြီ၊ သူ့အသက်ပေါ် လုမျှောပါးထိလည်း ကံဆိုးခဲ့ပြီးပြီ .. အခု .."

"အခု ထပ်သေရမယ်ကွာ .. မင်းတို့မလုပ်ရဲရင် ငါလုပ်မယ် .."

"ကျော် ..."

"ဘာဖြစ်လဲ .. သူ့ရဲ့ ကျောထောက်နောက်ခံ ဘယ်လိုအင်အားရှိ

www.burmeseclassic.com

www.burmeseclassic.com



နေနေ ငါတို့ကတော့ အင်အားမဲ့နေလို့လား .. ကိုယ့်ရဲ့ ဂုဏ်သိက္ခာအတွက် အလောင်းချင်းထပ်သွားမှာပေ .. ရှင်းကိုရှင်းရမှာပဲ .."

ဇော်က ခေါင်းတရမ်းရမ်းဖြစ်နေကာ ..၊

"ငါတို့အစက မကျူးလွန်ခဲ့မိရင် အကောင်းသား .."

ဟု လှိုက်လှဲကြေကွဲစွာညည်း၏။ ပြီးတော့ ကားဘော်ဒီမှာ လျှော ရှိလျှောရဲ့ မှီပစ်လိုက်ရင်း ..၊

"အဲ့ဒီအချိန်တုန်းကသာ ခုလို စိတ်မျိုးရှိရင် .."

"ညည်းလိုက်တာ ခိုထက်ဆိုးတယ်ကွာ .. ဘာဖြစ်လဲကွ လုပ်ရဲရင် ခံရဲရမှာပေါ့ .. လောကမှာ ငွေပဲကွ .."

"ငွေစကားပြောကြေးဆို ဆွေစဉ်မျိုးဆက် အမွေအနှစ်တွေအားလုံး အရပ်မလျှော့ ဆက်ခံလာခဲ့တဲ့ ခနေ က ငါတို့ထက်ပိုတာပေါ့ကွ .. ဒါပေမယ့် သူကိုယ်တိုင် ဘာမှမလုပ်နိုင်ဘူးဖြစ်နေလို့ပြောနေတာ၊ သူ ပြောသမျှ နာခံရမယ်တဲ့ .. မကျေနပ်လို့ သူ့ကိုသတ်ပစ်လိုက်လည်း သူသာသေသွားမှာ ဒီပြဿနာက မအေးဘူးတဲ့ .."

နောက်ထပ် ဒီနေရာလေးကိုပဲ ထပ်ပြောပြလိုက်ကာ ..၊

"ငါတို့က သူ့ကိုသတ်လည်း .."

"တမင်ခြိမ်းခြောက်နေတာလည်း ဖြစ်နိုင်တာပဲ .."

"ဘယ့်နှယ်၊ မင်းက မကြောက်ဘူးချည်းပဲ လာလုပ်နေတာလဲ ကျော် .. ငါတို့ကလည်း မိန်းကလေးတစ်ယောက်ကို ချီးစီမ်းပါအောင် ကြောက်နေကြတာမဟုတ်ဘူး၊ မဟုတ်တာတွေလုပ်ခဲ့မိလို့ .."

"ကိုယ်ကိုယ်တိုင်လုပ်ခဲ့တာကို မှားပြီဆိုပြီး အဖြစ်တွေထပ်တင်တော့ ဘာလုပ်လို့ရလို့လဲ .. ကိုယ့်ကိုယ်ကိုယ် မယုံကြည်ဘူးဆိုတည်းက မင်း ဘာမှလုပ်လို့မရတော့ဘူး၊ ငါတော့ မကြောက်ဘူး ဟောကောင် .. အခု အိမ်မပြန်သေးဘူး၊ ခနေ အိမ်သွားပြီး မြင်ဖူးအောင်ပြေးကြည့်လိုက်ဦးမယ် .."



"ဘာ .. ဘာရယ် .."

ဇော် က ထိတ်ထိတ်ပျာပျာဖြစ်သွားလျက် ..၊

"မင်းက သူ ရှာမတွေ့မှာစိုးလို့ မျက်နှာသွားပြမှာလား .."

"တွေ့လား မင်း ဒါကျမှ တုံးနေတယ်၊ ခနေ ကို တွေ့နေကာမှ ငါတို့ကို မတွေ့နိုင်ဘူးထင်နေသလား .."

"မထင်ပါဘူး .. ငါ့ကို ဖုန်းဆက်ပေမယ့် မင်းဆီ ဘာမှမရောက်တာ၊ နေသာရင် နေလိုက်ဦးပေါ့ကွ .."

"ဘယ်လိုလုပ် နေသာမှာလဲ .. ဒီပြဿနာအစပေါ်ပြီဆိုတည်းက ငါတို့သုံးယောက်စလုံးပဲလေ၊ ဒီကောင်မ ငါတို့ကို တမင်အသံပေးပြီး ခြောက်လှန့်နေတာ၊ ကြွက်ကို ကြောင်ကစားသလိုလုပ်လာလို့ကတော့ ဘယ်သူက ကြောင်လဲဆိုတာ သိအောင်ပြရမှာပဲ .."

မယုံကြည်သလို မကြောက်သလိုလုပ်နေပြီးမှ ကျော် ဒေါသတကြီး ထဖြစ်လာ၏။ ခနေ ကိုယ်တိုင် အကျပ်ရိုက်နေသည့်အဖြစ်ကို ကြားလိုက်ရသဖြင့် စိတ်တိုသွားတာဖြစ်သည်။

သူတို့သုံးယောက်ထဲမှာ ခနေ က ခေါင်းဆောင်နေသလိုမျိုး ဘာဖြစ်ဖြစ် ခနေ ပါမှပြီးသည်။ တစ်ယောက်တစ်မျိုး ဘယ်လိုစိတ်ကူးတွေ ရှိနေနေ ခနေ ရဲ့ စိတ်ကူးကိုသာ ရှေ့တန်းတင်ခဲ့ကြမြဲ ..။

ခုတော့ ခနေ ကစပြီး ဦးဆောက်ခြောက်နေရသည်။

ဒီမိန်းကလေး ဘယ်လိုအကွက်ရွှေ့နေတာလဲ ..။ သူ့ရဲ့ နောက်ကွယ်က ရှိနေသေးတာ ဘယ်သူလဲ ..။

"မဖြစ်ဘူး .. ငါတို့ ဒီတိုင်းကျီးလန့်စာစားနေလေ ဒီဟာလေး သဘောကျလေဖြစ်နေမှာ .."

"အေး .. သဘောကျနေရုံပဲဆိုရင်တောင် သူ ကျေနပ်ပြီးတာပဲလို့ ထားလိုက်နိုင်တယ်၊ အဖြစ်က ဒီ့ထက်အများကြီးပိုပြီးတွေးလာနိုင်တယ်ကွ .. ချစ်ဆေး ဘာတွေလုပ်ဖို့ကြံစည်ထားသလဲဆိုတာ ဘယ်လိုမှ

www.burmeseclassic.com

www.burmeseclassic.com



ခန့်မှန်းလို့မရဘူးဖြစ်နေတယ်၊ ငါတို့ သူ့ကို ဒုက္ခပေးလိုက်တာနဲ့ ဒီကိစ္စတွေကို အပေးအယူမရှိ ရှက်ကုန်ဖွင့်ချမယ့်သူက အဆင်သင့် …"

"တောက် …"

"ငါတို့ အဲ့ဒါကို ဦးဆောက်ခြောက်နေကြတာ၊ ကွယ်ရာကနေ အသံပေးရုံ ခြိမ်းခြောက်နေတာလည်းမဟုတ်ဘူး၊ ကိုယ်တိုင်အိမ်ပေါ် တက်လာပြီး ပြောင်ပြောင်စိန်ခေါ်တာ …"

ဒီတစ်ခါ ကျော့် ဆီက မယုံကြည်သည့်အသံထွက်မလာတော့ပေ။ ဂရုမစိုက်ဘူးလို့ပြောဖို့လည်း အင်အားမဲ့နေသည်လား မသိ …။

ထိုစဉ် ဖုန်းမြည်သံကြောင့် ဘယ်သူ့ဆီကမှန်းမသိသဖြင့် မျက်လုံးချင်းဆုံသွားကြ၏။ သို့သော် ကျော် က ခေါင်းခါလိုက်ပြီး …၊

"ငါ့ဖုန်းက အိတ်ထဲမှာ ပါဝါတောင်မဖွင့်ရသေးဘူး …"

"ဟုတ်လား …"

ပြောလိုက်မှ ဇော် က ဂျာကင်အိတ်ထဲမှာ လိုက်စမ်း၏။

"ဟုတ်တယ် … ဘုံ့ ဆီက …"

ပြောပြီး ကျော့် ကို ကြည့်၍ …

"မင်း ပြန်ရောက်လာတာ သူ သိနေတာလား …"

"သိချင်လည်း သိမှာပေါ့ …"

"ဘာလဲ … ခေါ်မသွားလို့ မင်းကို တင်းနေတာလား …"

"မတတ်နိုင်ဘူး … ဟိုကောင်ကလည်း တားနေတော့ …"

တကယ်တမ်းက ကိုယ့်အိမ်မှာလည်း ဘုံ့ နာမည်ကို သတိထားမိနေကြပြီမို့ ခြေလှမ်းများတာမျိုးမဖြစ်ချင် …။

အိမ်မှာ 'ငါ့ အိမ်ထောင်ဦးစီး' ဆိုသည့် မာနနှင့် အပျော်ရှာတာက သပ်သပ်၊ စီးပွားရေး အိမ်ထောင်ရေးမှာလည်း မလစ်ဟင်းအောင်ကြိုးစားခဲ့သည်။ သမီးတွေ အရွယ်ရောက်လာကာမှတော့ 'ဒက်ဒီရော ဘာကောင်းလို့လဲ' ဆိုတာမျိုး အမှားထောက်မခံနိုင်ပါ။



ကိုယ် အပြင်မှာ ပျော်ရာရှာပြီး ပျော်သလိုဘယ်လိုနေနေ အိမ်ပြန်တဲ့အချိန်မှာ 'အိမ်ဦးနတ်' ပဲဖြစ်သည်။

"ပြောလေ … ခနေ က တားတုန်းကတော့ မင်း အကျွတ်တရားရတဲ့ပုံ မပေါ်ခဲ့ပါဘူး …"

"ဟုတ်တယ် … ငါ့သမီးတွေက ကွိစိကွစအရွယ်လေးတွေမဟုတ်တော့ဘူးကွ … သားမယားကို ဂရုမစိုက်ဘူးဆိုတာလည်း စိုက်စရာမလိုလို့ မစိုက်ခဲ့တာ၊ ကိုယ့်ဘက်က မှားလာရင် မယားကိုဖြစ်ဖြစ် သမီးကိုဖြစ်ဖြစ် ကိုယ်ကပြန်ကြောက်ရမှာ မင်း သိလား …"

"သိပ်သိတာပေါ့ ကျော် ရာ … ဒါပေမယ့် မင်းက ဂျစ်တီဂျစ်ကန်သာနိုင်တာ ဆုံးဖြတ်ပြီဆိုရင် ပြတ်သားတယ်၊ ငါကတော့ မင်းလိုမဟုတ်ဘူး … ငါ သူ့ကို …"

"ကဲ … နောက်ထပ်ပြန်ခေါ်နေပြီ … မင်းလိုမဟုတ်ဘူးဆိုရင်လည်း ကိုင်လိုက်တော့လေ …"

ဖုန်းကို ငုံ့ကြည့်ပြီး ဇော် ချီတုံချတုံဖြစ်နေ၏။ ကျော် ကတောင် ပြတ်သားခဲ့ပြီဆိုရင် သူက ရှေ့ဆက်နေသင့်သလား …၊

ဘုံ ဘယ်လောက်ပဲလှနေပါစေ သူမကို တရားဝင်ပိုင်ဆိုင်ရဖို့ဆိုတာ မဖြစ်နိုင်ပေ။ စိတ်အလိုလိုက်ပြီး မရမက ယူပါလားဆိုရင်တောင် သူမကို ပွဲတက်မယားအဖြစ်တော့ နေရာမပေးနိုင်ပါ။

ပိုလှခြင်း မလှခြင်းကြောင့် မိန်းမချင်းမတူကြရင်တောင် လှတာ မလှတာမှာ တန်ဖိုးသတ်မှတ်လို့မရပေ။ မိန်းမတစ်ယောက်ရဲ့ တန်ဖိုးဟာ အလှတစ်ခုပေါ်မှာပဲရှိနေတာမဟုတ် …။

"ဟ … ဘယ်လိုဖြစ်တာလဲ …"

ဇော် က ဖုန်းကိုပါဝါပိတ်ပစ်လိုက်ပြီး အိတ်ထဲပြန်ထည့်လိုက်တာ…၊

"ဘယ်လိုမှ မဖြစ်ပါဘူးကွာ … ခုန မင်း ပြောခဲ့သလို ကံဆိုးခြင်းဆိုတာ သူ ရောက်လာရင်အဖော်နဲ့ အပေါင်းနဲ့လာတာ၊ ဒီမှာ ပြဿနာ

www.burmeseclassic.com

www.burmeseclassic.com



ဘစ်ခုကို ဘယ်လိုရှင်းရမယ်မှန်းမသိသေးဘူး၊ နောက်ထပ်တစ်ခုဖြစ်လာရင် သွားပြီ ..”

“အေးပေါ့ သားတွေမွေးထားတာဆိုတော့ ပူရတာပေါ့ ..”

“သားလည်း ပူရတာပဲ ကျော် ခြေရာချင်းတိုင်းမယ် .. ပခုံးချင်းတိုင်းမယ် ပခုံးချင်းယှဉ်မယ်ဖြစ်လာရင် သားတွေပဲ၊ သမီးနဲ့ နှယ်တာက မိခင်တာဝန်၊ သားနဲ့ နှယ်တာက အဖေ၊ သားတွေမွေးထားတဲ့မို့လို့ ငါက စံပြဖြစ်သင့်နေတာ၊ ပြီးတော့ ဘုံ့ ကို မင်းသိနေတာပဲ သူက လူသလောက် လောဘကြီးတယ်၊ စိတ်ရင်းလေးဖြူနေတော့ သူလောဘကြီးတာ ပိုသိသာတယ် ..”

“လောဘမဟုတ်ပါဘူးကွာ .. သူက တကယ့်အရိပ်ကောင်းကို လိုချင်နေတဲ့ မိန်းကလေးပါ၊ တော်ရုံ မိန်းကလေးက ဘယ်ယောကျ်ားနဲ့ ဘာကြောင့် ပတ်သက်ခဲ့တယ်၊ ဘယ်လိုကွဲသွားတယ်ဆိုတာတွေ ပြောမပြပါဘူး၊ သူက သူ့ကိုအလိုလိုက်တာလိုချင်တယ်၊ အဲဒီယောကျ်ားက ပြည့်စုံကြွယ်ဝနေတာဖြစ်စေချင်တယ် ..”

“ဒါကတော့ကွာ ..”

“ဟုတ်တယ် .. သူက ဖြူစင်ပေမယ့် ရယူချင်တဲ့ လောဘက မဖြူဘူးဖြစ်နေတော့ လမ်းကြောင်းမှားနေတာပေါ့၊ ဒါကြောင့်လည်း ပေါ်ပြူလာဖြစ်နေတဲ့ ငါတို့သုံးယောက်စလုံးနဲ့ သူ ပတ်သက်မိနေတာပေါ့၊ ငါတို့မှာ အိမ်ထောင်ရေတွေရှိမှန်းသိနေပေမယ့် တစ်ယောက်ယောက်ကိုတော့ သူ မှီခိုချင်နေတုန်းပဲ ..”

“ခက်နေတာက ငါတို့ကလည်း အပျော်ထက်မပိုနိုင်ဘူးလေ ..”

“ဟုတ်တယ် ..”

“ငါ ခုထိ သူ့ကို တမ်းတနေတုန်းပဲ၊ ဒါပေမယ့် နှလုံးသားက အလိုဆန္ဒတစ်ခုအတွက်ပဲ ဖြစ်သင့်တယ်ဆိုတာ ခု နားလည်နေပြီ .. ဟူး”

ဇော် က ပင့်သက်မောကြီးကို ရှည်လျားစွာ မှုတ်ထုတ်ပစ်ရင်း ..၊



“သူနဲ့ အရင်ဆုံဆည်းမိခဲ့တာဆိုရင်လည်း ကောင်းသား ..”

ဘုံ့ ရဲ့ ဖုန်းကို မကိုင်ဘဲ နေလိုက်ရခြင်းနှင့်ပတ်သက်၍ ဇော်မျိုမဆန့် မျိုသိပ်ခံစားလိုက်ရမှန်း ပြိုကျမလိုမျက်နှာကြီးက သက်သေခံနေသည်။

လောလောဆယ် ခြေတုန်လက်တုန်ဖြစ်အောင် ခြောက်ခြားနေရသည့် ပြဿနာကိုတောင် မေ့လျော့သွားပုံရှိလျက် ..၊

“နေဦး မင်းကို ငါ ဘာပြောမလို့ပါလိမ့်၊ ပြောလက်စ စကားတွေ ဘယ်ရောက်ကုန်လဲတောင် မသိတော့ဘူး ..”

“မင်း ဘယ်သိတော့မလဲ .. အချစ်နတ် ဖမ်းစားသွားတာလေ၊ ပြောရရင် ဘာလဲ .. ဘုံနတ် ဖမ်းစားခြင်း ..”

“အေးပါပြောပါ .. မင်းတို့ကတော့ ပြတ်နိုင်စဲနိုင်ကြတာကိုး..”

“ဟုတ်တယ် .. ငါကတော့ ထိရင်ထိတယ်မှတ်၊ သိရင်သိတယ်မှတ်ပဲ ..”

“ဟုတ်တယ် .. ငါလည်းသိပြီ .. မင်းကို ဓနဆီက ရထားတဲ့ပုံတွေ ပြမလို့ ..”

“ချစ်တေး လား ..”

“ဟုတ်တယ် .. အခုမဟုတ်တော့ဘူး ‘အရိပ်ဟောင်း’ တဲ့ ..”

“အရိပ်ဟောင်း ..”

ထပ်ပြီး ရေရွတ်ရင်း ကျော် က ပခုံးနှစ်ဖက်တွန့်ပြီးရယ်၏။

“ဒီကိစ္စကို တော်တော်ကြိုတင်စီစဉ်ခဲ့တာပဲ၊ နာမည်ကတော့ အထွာရှိပဲ ..”

“အေး .. လူကရော ဒဏ္ဍာရီဆန်ရဲ့လား ကြည့်ပါဦး ..”

“ကြည့်ရတာ တော်တော်လန်းတဲ့ပုံပဲ၊ ဇော့် မင်း နောက်ထပ်တစ်ခြမ်း ပုံကိုကြည့်ပြီး မနောက်နဲ့ ဘယ်လောက်တောင်ဖြစ်မှားပြီးပြီလဲ..”

“ဟေ့ကောင် .. ဟေ့ကောင် .. လျှောက်ပြောမနေနဲ့၊ ငါ ရှုမ်းထောင်း

www.burmeseclassic.com

www.burmeseclassic.com



လို့ သူ ပို့ပေးလိုက်တာ ဖွင့်တောင်မကြည့်ရသေးဘူး ..”

“ဟုတ်လို့လား ဖော် .. တော်တော်လှတယ်လို့ မင်းပဲ ပြောလိုက်တာလားလို့ ..”

“ငါပြောခဲ့ရင်လည်း ငါ့ကို မေ ပြောထားတာပဲနေမှာ၊ ငါ ဖွင့်ကြည့်နေတုန်း အိမ်မှာ လူမလစ်တာနဲ့ ပြန်ပိတ်ထားလိုက်ရတာ တစောင်းပုံလားဘာလားပဲ .. သူလည်း အလစ်ရိုက်ထားတာနေမှာပေါ့ ..”

စကားပြောနေရင်းမှ ဖုန်းကိုင်နေရတာ မပြီးမြောက်နိုင် ..။

ထိုစဉ် လင့်ခရူဇာကားကြီးတစ်စီးက သူတို့ဆီတည့်တည့်ကြီးမောင်းဝင်လာ၏။ အေးမှာ လမ်းအကျယ်ကြီးပါ။ ပြီးတော့ ဒါက မီးပွိုင့်တွေလည်း နီးတာမဟုတ်သော မြေနီလမ်းကြမ်းဖြစ်၏။

“ဘာလဲဟ .. ငါတို့နဲ့သိလို့လား ..”

“လာတဲ့ပုံကတော့ ငါတို့ဆီကိုပဲကွ .. ဘယ်သူလဲမသိ .. သိ .. ဟား .. သောက်တုံး .. ငခွေး .. ငအေး ..”

“ဟာ .. ဟာ .. ခွေးသူတောင်းစားကား ..”

သိလို့လာတာမဟုတ်ဘဲ မျိုးတုံးပစ်ဖို့မှန်းသိလိုက်ရချိန်မှာ နောက်ကျောမှာကား ရှေ့မှာကားနှင့် နံပြားဖြစ်ရန် လက်တစ်ဝါးလောက်အလို ..

“ကျွိ ...”

“ဂျွတ် .. ဂျွတ် .. ဖျော ..”

ကားသာရိုက်အုပ်သံ .. ကျောက်ခဲလုံးတွေစင်ထွက်၍ ဘီးပွတ်သွားသည့်အသံတွေပါ ဆူညံသွားခဲ့၏။ နှစ်ယောက်စလုံး ဒီတစ်ခါတော့ သွားပြီဆိုသည့်အသိနှင့် မျက်နှာတွေလွှဲ၍ မျက်လုံးတွေပါ မှိတ်ပစ်လိုက်မိကြသည်။

လှုံကိုပြေးစင်လာကြသည့် ကျောက်စလစ်ခဲလေးတွေကြောင့် ခြေထောက်တွေ တင်ပါးတွေလည်း စပ်ဖျင်းနာကျင်ကုန်ကြကာ ..

“ဂျိမ်း ...”



အသံဗလံတွေတိတ်ကျသွားပြီး တံခါးပိတ်သံကြားလိုက်ရကာ ..၊

“ဆောရီးပါနော် .. ဒီကပုဂ္ဂိုလ်တွေကို အနူးအညွတ်တောင်းပန်ပါတယ်၊ ကျွန်မ ကားသိပ်မမောင်းတတ်လို့ပါ ..”

စကားသံလေးက ချိုကြည်နေသည်။ လှည့်ကြည့်လိုက်တော့ အုံ့မှုက်သည့်မိုးသားတွေအောက်မှာ ပန်းသွေးရောင်ရဲရဲနှင့် ပခုံးသာသာဖလောက်ပဲရှိသည့် ဆံနွယ်ပျော့ပျော့လေးတွေက ကော်ဖီရောင်လက်နေ၏။

နှစ်ရောင်ပြေးနေသည့် မျက်မှန်က သူမရဲ့ လေးထောင့်ဆန်ချင်သည့် မျက်နှာနုနုလေးထက်မှာ လိုက်ဖက်စွာရှိနေ၏။

ကျော် နဲ့ ဖော် တို့ရဲ့ နောက်ဆက်တွဲပါလာသည့် ဒေါသတွေက သူမ မျက်နှာလေးထက်မှာပဲ ပျောက်ရှပျက်ဆီးသွားခဲ့ပြီး ..၊

“တော်တော်လန့်သွားတယ်ထင်တယ် .. ကျွန်မလည်း ရှောင်ဖို့ကြိုးစားပါတယ်၊ ဟိုလေ .. တအားကြောက်သွားတာနဲ့ ဘာလုပ်လိုက်မိမှန်းကိုမသိလိုက်တော့ဘူး၊ အဲ .. အဲဒါ မထိသေးလို့တော်သေးတာပေါ့ ထပ်ပြီးတောင်းပန်ပါတယ်နော် .. ကျေနပ်တယ်မို့လားဟင် ..”

“အင်း .. ရပါတယ် ..”

ကျော် အချိန်မီ တုံ့ပြန်ဆယ်နိုင်ပေမယ့် ဖော် က ငေးနေဆဲ ...

ထို့ကြောင့် ဖော့် ရှေ့ကနေ ခပ်ကွယ်ကွယ်ရပ်လိုက်ကာ ..၊

“နောက်ဆို သတိထားမောင်းပေါ့ ..”

ပြောလိုက်ပြီး ရွှေအိုရောင်လင့်ခရူဇာကို တစ်ချက်ကြည့်ကာ ကားနှစ်စီးကြားထဲက ထွက်လိုက်သည်။ သူမက နောက်ဆုတ်ဖယ်လိုက်ပြီး အားရဝမ်းသာဖြစ်သွားသည့် မျက်နှာလေးနှင့် မျက်မှန်ကိုချွတ်၍ ...

“ကျေးဇူးတင်လိုက်တာ .. သေဖို့နီးသွားတာတောင် ခွင့်လွှတ်တယ်နော် ..”

ပြောချလိုက်တာ တစ်တစ်ခွခွ ..။

ဒါပေမယ့် သူမရဲ့ နီမြန်းနူးမွတ်နေသော ပါးပြင်လေးတွေနဲ့ ရှုံး

www.burmeseclassic.com

www.burmeseclassic.com



လတ်နေသည့် မျက်ဝန်းလေးတွေကြောင့် ကျော် ဘယ်လိုပဲ ခပ်တည်တည် ဟန်လုပ်နေပေမယ့် 'လှလိုက်တာ' လို့ ရေရွတ်ခြင်းက ရင်ထဲမှာပဲ ထင်ဟပ်သွားခဲ့၏။ ငေးသွားမိတာကိုလည်း မရုတ်သိမ်းနိုင် ...။

သူမက ကားဘီးရှေ့မှာ ကြိတ်လုကြိတ်ခင်ရှိနေသော ဇော့် ဖုန်းကို ကောက်ယူပေးလိုက်ရင်း ...၊

"ရှင်တို့က သဘောထားကြီးတာလား .. တကယ်မသေလို့ပဲ ခွင့်လွှတ်နိုင်တာလားတော့မသိဘူး၊ ဒါပေမယ့် ကျေးဇူးပါပဲ .."

ပြောလိုက်ပြီး မျက်မှန်ပြန်တပ်သည်။ နောက်ပြန်နှစ်လှမ်းလောက်ဆုတ်လိုက်ပြီးမှ ချာခနဲလှည့်ထွက်သွား၏။

ကိုယ်မှာ ကပ်ချပ်နေသည့် စကတ်ရှည်ကြီးက ခြေသလုံးအထက်နားထိ ခွဲချထားသဖြင့် ဖွေးနုသွယ်လျသော သလုံးသားတို့၏အလှက ဒီတိုင်း ...။

ဖို့င့်ဒေါက်ကြီးက ခြေထောက်အလှလေးအောက်မှာ ကြောက်စရာကောင်းအောင် မြင့်မားနေသော်လည်း သူမ စီးသွားသည့်ပုံက ပေါ့ပါးလွန်းနေသည်။

ကားပေါ်တက်သွားသည်အထိ သူမရဲ့ နောက်ပိုင်းအလှမှာ နစ်မျောနေခဲ့ကြကာ ...၊

"ဂျီး ..."

"ဝှူး .. ကျလစ် .."

"ဟ ..."

ကားပေါ်တက်လိုက်ပြီး နောက်ပြန်ဆုတ်ပစ်လိုက်တာ အကြမ်းပတမ်း ...။

ထို့ပြင် လမ်းပေါ်ပြန်ဝိုက်တက်စဉ်မှာ သူတို့နှစ်ယောက်ဆီ နောက်တစ်ကြိမ်ဦးတည်လာပြီး ဝင်တိုက်တော့မလို နီးကပ်လာမှ ဝေါခနဲဝိုက်ကွေ့သွား၏။



"ကြည့်စမ်း .. ဒါ .. ဒါလား မမောင်းတတ်တာ .."

"အေးကွ .. ဒါ တမင်လုပ်တာ .."

ဒီထိ ကျော့် ရင်ထဲမှာ ဒေါသမောဟ အုံ့ဩခြင်းဘာမှမပေါ်သေးပေ။ သူမရဲ့ မျက်နှာလေးနဲ့ တပ်မက်မေ့မူးဖွယ်ကောင်းရှင်းလှပနေသည့် ကိုယ်လုံးအလှလေးက မျက်စိထဲကမထွက်နိုင် ...။

ထို့ပြင် နှုတ်ခမ်းမှာ အပြုံးသဲ့သဲ့ဖြစ်ထွန်းလာရင်း ...၊

"နောက်ထပ် ဘုံ တစ်ယောက်များ ထပ်တိုးလာတာလား .."

ဟု မချိုမချဉ်မျက်နှာနှင့် ပြောလိုက်၍ ...

"ဇာတ်လမ်းလာလုပ်နေတာ .."

ဟု ဆုံးဖြတ်ချက်ချလေသည်။ ထိုစဉ် ...

"ဟာ .. ဒီ .. ဒီမှာ ကြည့်စမ်း .."

သူမ ပြန်ကောက်ပေးသည့် သူ့ဖုန်းမှာ ထမင်းစားနေသည့် မျက်နှာတစောင်းနှင့် ရေသောက်လို့ မော့နေသည့် မျက်နှာလေးသည်။

"ဒါ .. ဒါ သေချာကြည့်စမ်း .. ငါ မျက်စိမှားတာလား .."

ဇော် ကယောင်ချောက်ချားကြီးဖြစ်နေ၏။ ပြီးတော့ ပြုတ်ကျသဖြင့် စခရင်(မ်)ကြောင်သွားကာ ဒီတိုင်းပွင့်နေသည့်ဖုန်းကို ကျော့်လက်ထဲထိုးထည့်သည်။

"ကျော် .. ဒီမှာကြည့်စမ်းဆို .."

သူ ဒီပုံကိုပြမလို့ဖွင့်နေတုန်း ကားကြောင့် ပြုတ်ကျသွားတာဖြစ်သည့် ကျော် က ဖုန်းကြောင်သွားတာကို ပြနေသည်ပဲထင်ကာ ...၊

"ဒီလောက်ပြုတ်ကျမှတော့ .."

"မဟုတ်ဘူးကွ .. ဒီမှာ .. အရိုပ်ယောင်း .."

ဟင် ...၊

ကျော့် မျက်လုံးတွေစူးရဲကျဉ်းမြောင်းသွားသည်။ ကမန်းကတန်းကပ်ကြည့်လိုက်ရင်း ...၊

www.burmeseclassic.com

www.burmeseclassic.com



"အရိပ်ယောင်း .. ဟုတ်လား .."

ဟင် ...।

ကျော့် မျက်လုံးတွေ စူးရဲကျဉ်းမြောင်းသွားသည်။ ကမန်းကတန်း ကစ်ကြည့်လိုက်ရင်း ...।

"အရိပ်ယောင်း .. ဟုတ်လား .."

"ဟုတ်တယ် .. အဲဒါ ခုန ကောင်မလေးမို့လား .."

'ဟုတ်တယ်' ဆိုသည့်စကားက နှုတ်မှမထွက်ဘဲ ရင်ထဲမှာပဲ ကျယ်လောင်သွားသည်။

"ကြည့်စမ်း .. ငါတို့ကို သက်သက်လုပ်ပြသွားတာ .."

"ဟုတ်တယ် .. သူ သတ်ပစ်လို့ရတယ်ဆိုတာ ပညာပြသွားတာကွ .."

"ဟေ့ကောင် .. ကားပေါ်တက် .."

"ဘာလုပ်မလို့လဲ .."

ကျော် က ဘာမှမဖြေဘဲ ကားပေါ်ပြေးတက်ပြီး လင့်ခရူဇာကို ရှာပုံတော်ဖွင့်၏။

"မင်းကလည်းကွာ .. သွားတာကြာလှပြီဥစ္စာ .. ဘယ်တွေ့ .. ဟင်"

"ဘာလဲ ..."

ဘက်ခ်မှန်ထဲကိုကြည့်၍ ဇော် မျက်လုံးပြူးသွားသည်။ ထိုကားက သူတို့နောက်မှာ ...။

ကျော် ကလည်း လှည့်ကြည့်ကာ ...।

"ဟုတ်တယ် .. ဒီအရောင်မျိုးက အများကြီးမရှိနိုင်ဘူး .. သူပဲ"

"မင်း ဘာလုပ်မလို့လဲ ကျော် .. သူ့ပုံစံကြည့်ရတာ ငါတို့ကို ဂရုမစိုက်လို့သာ သူ့ကိုယ်သူ သားကောင်အဖြစ်မခံဘဲ မုဆိုးလိုနေနေတာနော် .."

"ဘာဖြစ်ဖြစ် .."

မီးပွိုင့်မရောက်ခင် ကျော် က ကားကိုအရှိန်လျှော့ချပစ်လိုက်၏။



ထိုအခါ လင့်ခရူဇာက သူ့ကို ကျော်တက်လာ၏။ သို့သော် ဘေးချင်းယှဉ်မိတာနှင့် သူမရဲ့ဘေးမှာ လျှောခနဲကျသွား၏။

ကျော် ကလည်း မှန်ချပစ်လိုက်လျှင် ...।

"ဖက် ..."

"ဘာလဲ .. ဘာလုပ်လိုက်တာလဲ .."

အဖြူရောင်တစ်ခုခု သူတို့ရှေ့ကိုကျလာတာမြင်လိုက်ပြီး ပြန်ကြည့်လိုက်တော့ သူမက ပီကေဝါးနေသည့် နှုတ်ခမ်းခပ်လှုပ်လှုပ်နှင့် ပြုံး၍ မှန်ကိုပြန်တင်လိုက်သည်။

ပြီးတော့ အေးဆေးမောင်းထွက်သွား၏။

"စာကွ ..."

ကိုယ့်ဆီရောက်လာသည့် အရာပေါ် စိတ်ဝင်စားသွားသဖြင့် ကျော် ဆက်မလိုက်တော့ဘဲ ဇော့် အသံကိုသာ နားစွင့်နေလိုက်မိသည်။

စာရွက်လုံးကိုဖြည်လိုက်တော့ ချက်ချင်းကောက်ကက်ခြစ်ထားသလို ဆော့ပင်န်နှင့် ရေးထားသည့်စာလုံးတွေက မညီမညာ ...။

... သွေးလန့် ချောက်ချားမနေနဲ့ နင်တို့အလှည့်မလာသေးဘူး –

"တောက် ..."

မိန်းမသားတစ်ယောက်က ခြိမ်းခြောက်တာခံနေရတာလောက် အသည်းယားဖို့ကောင်းတာမရှိ ...။ တက်ခေါက်မိပေမယ့် စွဲသောက်အောင်လှနေသည့် မျက်နှာကိုလည်း မဖျောက်နိုင် ...။ ခေါသကိုလည်း ချုပ်တီးဖို့ခက်နေ၏။

မကျေနပ်ရင် ရှင်းကြရုံပဲမဟုတ်ဘူးလား ...।

ဒါ .. ဘာအချိုးမျိုးလဲ ...။

♥♥♥

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၂)

"ဟင် .. မောင် အစောကြီးပြန်လာတယ် .."

"ဟုတ်တယ် .. စိတ်သိပ်မကြည်တာနဲ့ .."

ဒါပဲ ဖြေခဲ့ပေမယ့် လက် အတွက် တွေးစရာတွေဖြစ်သွား၏။ ဘာမဆိုဖြစ်အောင်လုပ်တတ်သည့် နေ အတွက် ခေါင်းခဲနေရသည့် အဖြစ်မျိုးက ရှိခဲ့ပါသည်။

ပြီးတော့ တစ်ခါမှလည်း ဒီလောက်ထိ မျက်နှာပျက်တိတ်ဆိတ်နေတာမျိုး မဖြစ်ခဲ့ပေ ..။

"မောင် ရေချိုးလိုက်လေနော် .."

"သံပုရာရည်တစ်ခွက်ပဲလုပ်ကွာ .. ခေါင်းတွေနောက်နေတယ်.."

ကိုင်လာသည့် အိတ်ကို ပေးလိုက်ပြီး ချိုင်းကြားညှပ်ထားသည့် အိတ်ကိုတော့ ဒီတိုင်းပဲ စားပွဲပေါ်ချထားပြီး ဆိုဖာမှာ ဝင်ထိုင်လိုက်သည်။

မျက်နှာကို ဖိပွတ်ပစ်လိုက်ရင်း နောက်မှီမှာ ပက်ခနဲမှီ၍ မျက်နှာမော့ မျက်လုံးမှိတ်လိုက်၏။ ဒီမျက်လုံးတွေ မှိတ်မှိတ်မမှိတ်မှိတ်အလုပ်တွေ မနားမနေ ဘယ်လောက်ပဲ ဖိလုပ်နေပါစေ ချစ်တေး ရဲ့ မျက်ဝန်းတွေကို ဖျောက်လို့မရပေ။



'အလှည့်ကျရင်တော့ မနွဲ့နှဲ့ပေါ့' ဆိုသည့် စကားသံတွေလည်း ကြားဖန်များလွန်းလို့ ကိုယ့်နားတွေကိုတောင် စိတ်နာမိသည်။

"အလှည့် .."

"အလှည့် .."

ဒီစကားကို သတိရလိုက်တိုင်း 'အလှည့်' ဆိုတာကိုပဲ တွေးမိနေသည်။ ဘယ်လိုမှ မထင်မှတ်ခဲ့သည့်ကိစ္စတစ်ခုက သူ့ရဲ့ အနာဂတ်တစ်ခုလုံးကို မွှေနှောက်ပစ်နိုင်သည်လား ..။

"မောင် ..."

အနားကပ်ခေါ်လိုက်သည့် အသံကြောင့် ဆတ်ခနဲဖြစ်သွားမိသည်။ လက် က သူ့ နဖူးပေါ်မှာလက်ခုံလေးကပ်ထိကာ ..၊

"နေကောင်းရဲ့လား မောင် .."

"ကောင်းပါတယ် .."

သံပုရာရည်ကို ယူလိုက်ပြီး ဘာမှမဖြစ်သလိုဖြေကာ ..၊

"သမီးတို့ ပြန်မရောက်သေးဘူးလား .."

"မရောက်သေးဘူးလေ မောင်ရဲ့၊ ဒီအချိန်လောက်မှ ကျောင်းဆင်းမှာကို၊ မောင့်ကို ပြောရဦးမယ် သမီးနဲ့ သားက အရိပ် ကို ချစ်ကြတယ် သိလား .. အရိပ် ကလည်း ဂရုစိုက်တယ်၊ ခုလည်း သူပဲ သွားကြိုလိုက်မယ်ဆိုပြီး .."

"ဘာ ..."

"အို .. မောင် .."

နှုတ်ခမ်းနဲ့ ထိခါနီးမှ ဒေါသနှင့် လက်တွန့်သွားသဖြင့် သံပုရာရည်တွေ ဖိတ်စင်ကာ ..၊

"မောင်ရယ် ..."

လက် ကိုရော သူ့ပေါင်ပေါ်မှာ စွတ်စိုကုန်လျှက် ..၊

"ဒေါက် ..."

www.burmeseclassic.com

www.burmeseclassic.com



ဘာကိုဖြစ်ဖြစ် ခနဲ ဂရုမစိုက်နိုင်ဘဲ ဖန်ခွက်ကို ဒီတိုင်းဆောင့်ချ လိုက်၏။

"မင်း ဘာဖြစ်လို့ ဒီမိန်းမကို ကြိုခိုင်းလိုက်တာလဲ လက်၊ ငါ မကြိုက် ဘူးလို့ပြောထားတာကို မင်း တမင်လုပ်တာ .."

"မောင် မကြိုက်တာသိပေမယ့် တမင်လုပ်တာတော့ မဟုတ်ဘူး မောင် .."

ခနဲ ဝုန်းခနဲထရပ်လိုက်သလို ထမီပေါ်က ရေစိုကွက်တို့ကို ခါချ ရင်း လက် ကလည်း ထရပ်လိုက်ကာ ..၊

"မောင် မကြိုက်ဘူးဆိုတဲ့ နေထိုင်ပုံတွေ၊ ဝတ်စားဆင်ယင်မှုတွေ လက် သူ့ကိုပြောပြတယ်၊ သူ အတတ်ဆုံးပြုပြင်ပါ့မယ်တဲ့၊ ကလေးတွေ ကလည်း စိမ်းနေသေးတယ်၊ ဒါကို သူ့ဘက်က ရင်းနှီးအောင်ကြိုးစား ခွင့်ရှိတယ်လေ .."

"မရှိဘူး .. ငါ့သားသမီးတွေနဲ့ ရင်းနှီးခွင့်လုံးဝမရှိရဘူး .."

လက် ရဲ့ စကားကို ခနဲ ဘာတစ်ခုမှ လက်မခံ ..။

အနီးအနားမှာ ခန်းဆီးတွေဖြတ်၊ ကြမ်းတိုက်လုပ်နေကြသည့် အိမ်အကူ မိန်းကလေးတွေက လင်မယားနှစ်ယောက်စကားများကြပြီ ထင်ကာ နောက်ထဲဝင်သွားကြ၏။

ထို မိန်းကလေးတွေကို လှည့်ကြည့်၍ လက် ရဲ့ မျက်ဝန်းလေးတွေ မျက်ရည်စတို့ ဝေတက်လာ၏။ ခနဲ က ဂရုမစိုက် ..။

"သူ့ကို ဒီမှာတစ်ပတ်ပဲ နေခွင့်ရှိတယ်လို့ ငါ ဆုံးဖြတ်ပေးပြီးသား.."

"လက် ကလည်း မိသားစုတွေအပေါ် သည်းခံပြီး ချစ်ခင်ရင်းနှီးမှု ရဖို့ကြိုးစားပါလို့ ပြောခဲ့တယ် မောင် .."

ခနဲ က ဇနီးဖြစ်သူကို အံ့ဩသော မျက်ဝန်းတို့နှင့်ကြည့်၏။ အိမ်ထောင်သက်တမ်းတစ်လျှောက်မှာ သူ့ကို သူမ ခုလို အတိုက်အခံပြန်ပြော ခဲ့ဖူးတာမရှိ ..။



"ဘာ .. မင်း ဘာပြောလိုက်တယ် လက် .."

"မောင့်လိုပဲ ဒီအိမ်မှာ လက် လည်း ဆုံးဖြတ်ပေးခွင့်ရှိတယ်မို့လား မောင် .. မောင်က တစ်ချက်လွှတ်အမိန့်လို့ မပြောသရွေ့ မောင့် ဆုံးဖြတ် ချက် မောင့် သဘောကို ပြောင်းလဲပြင်ဆင်လာအောင် လက် က ကြိုးစား ခွင့်ရှိတယ် မဟုတ်ဘူးလား .."

"တစ်ချက်လွှတ်အမိန့်လို့ ထည့်ပြောသာရအောင် ငါက နိုင်ငံတော် သမ္မတမှမဟုတ်ဘဲ .."

"လက် ကလည်း သမ္မတကတော်မဟုတ်ဘူးလေ .. မောင့် အမိန့်ကို လက် က မနာခံသလိုဖြစ်သွားရင်တောင် မောင် နားလည်ပေးသင့်ပါ တယ်၊ အိမ်အလုပ်သမားတွေရှေ့မှာ လက် ကို မောင် ဒီလောက်ထိ ဆူပူမာန်မဲဖို့မလိုပါဘူး .."

"ငါ အမြဲ ဒီလိုပဲ ပြောနေကျ .."

"အခု သူစိမ်းဖက်လာပြီ .. ဒီအိမ်မှာ မောင့်သဘောတစ်ခုပဲ တည် တယ်ဆိုရင် လက် က ဘာလဲ .."

"ဟော့ .. မင်း ပြောနေသလောက်မကြီးကျယ်ဘူး၊ အခု .. ငါပြော နေတာ အရိပ်ဟောင်း နဲ့ပဲ ပတ်သက်တာ .."

"အရိပ်ဟောင်း က မောင့် ညီလေး သိပ်စွဲလန်းနေတဲ့ မိန်းကလေး ပါ မောင် .. မောင် သဘောတူတူ မတူတူ သူ အခု အိမ်ပေါ်ရောက်နေ ပြီ .."

"အဲဒါ သိက္ခာရှိတဲ့ မိန်းမတစ်ယောက်လုပ်တဲ့ လုပ်ရပ်လား .."

"ဒီမိန်းမကိုမှ စွဲလမ်းနေတဲ့ မောင့်ညီရဲ့ မျက်နှာကို မောင် မေ့လို့ မရဘူးလေ၊ သူ့ကို မောင်တစ်ခုခုစော်ကားမော်ကား ဆက်ဆံလိုက်လို့ သူ ဒီကဆင်းသွားရင် အရောင် က မောင့် ရင်ခွင်ထဲမှာပဲ ဟိုအရင်တုန်း ကလို ခေါင်းငိုက်စိုက်နဲ့ ကျန်နေခဲ့မယ် မောင် ထင်သလား .."

"တောက် ..."

www.burmeseclassic.com

www.burmeseclassic.com



သူ ဘာမှထပ်မကြားချင်တော့ပေ …။ ချထားသည့် လက်ကိုင်အိတ်ကြီးကို ခပ်ဆောင့်ဆောင့်ကောက်ယူလိုက်ပြီး အိမ်ရှေ့ကို ပြန်ထွက်ခဲ့သည်။

"မောင် ဘယ်သွားမလို့လဲ…"

"ကျောင်းကို …"

လက် မျက်နှာလေးမှဲ့သွားကာ ဘာမှလည်းမပြောနိုင်ဘဲ ရပ်ကြည့်ကျန်ခဲ့၏။ ခရိုင်ဘာတိုခေါ်ပြီးတော့ သော့ယူလိုက်ကာ မနေ က ကိုယ်တိုင်မောင်းသွားပြီး …။

"တောက် …"

တက်ခေါက်လိုက်မိကာ ဒေါသက လက် ကိုပဲ မပြေနိုင်အောင်ဖြစ်နေမိသည်။ မိန်းမတွေ တစ်ခုခုဆို ဘာဖြစ်လို့များ ဗရာဇာသီချဲ့ချင်နေကြမှန်းမသိ …။

နေ်းမယားရဲ့အလုပ်က လင်ယောကျ်ားရဲ့ ဦးဆောင်မှုနောက်က ဖဝါးထပ်မှုလိုက်ပါရမှာမဟုတ်ဘူးလား …။ တမင်တကာ အုံ့ဒီလိုဖြစ်စေချင်လို့ ရွှေလက်ဖြာ ဆိုတဲ့ အေးစက်စက်ခပ်ထုံထုံမိန်းမကို ယူထားခဲ့တာ၊ ကိုယ့်ဘာသာဝါးစပ်က ဖွင့်ပြောမိတဲ့အထိ ဒေါသက အကင်းမသေနိုင် …။

"ဆရာမ …"

ကားပေါ်ကဆင်းပြီး တံခါးကို ဂျိမ်းခနဲဆောင့်ပိတ်၍ ဆရာမကို လှမ်းခေါ်လိုက်သည်။ အကွာအဝေးက လှမ်းနေသေးတာမို့ အဖြူနဲ့ အစိမ်းဝတ်ထားသည့် အသက်ငါးဆယ်လောက်ခပ်ဝဝ ဆရာမတစ်ယောက်က ရပ်စောင့်နေ၏။

"ကျွန်တော်က …"

သူ့ကိုယ်သူ မိတ်ဆက်နေရတာလည်း စိတ်မရှည်၊ ဒါပေမယ့် သူကိုယ်တိုင် ကျောင်းကိုလာခဲ့တာမို့ ဆရာ၊ ဆရာမတွေနဲ့ မသိခဲ့တာလည်း



အမှန်ပင် …။

"ကလေးတွေကို သူ့အိမ်က လာကြိုသွားတယ်လေ …"

"အထဲက …"

"အထဲက ကလေးတွေက ဖယ်ရီနဲ့ပြန်မယ့်ကလေးတွေကွယ့် … ဖယ်ရီနောက်ကျနေလို့ …"

ဒေါသက ထောင်းခနဲဖြစ်သွားသည်။ ဆရာမရှေ့မှာ တက်မခေါက်မိအောင် တော်တော်ထိန်းလိုက်ရ၏။ အိမ်ပြန်ရောက်တာတောင် သင်းက ပြန်မရောက်သေး …။

"လက် …"

"လာပြီမောင် …"

လက် ကလည်း ကားသံကြားတည်းက ထွက်လာတာဖြစ်မည်။ သူ ခေါ်လိုက်တာနှင့် အနားရောက်လာပြီဖြစ်ကာ …၊

"သားတို့လား … သားတို့က နှင်းပုလဲရေခဲမုန့်ဝင်စားနေကြတယ်တဲ့ မောင် …"

"ဘာ …"

"သားငယ်လေးက နှင်းပုလဲရေခဲမုန့်သိပ်ကြိုက်တာ မောင် သိသားနဲ့ …"

"မောင် သိသားနဲ့ ဟုတ်လား … ကလေးတွေကို သူတို့ချည်းပဲ အပြင်စာဘယ်တုန်းက ဝယ်စားနိုင်းခဲ့လို့လဲ …"

"သူတို့ချည်းပဲမှ မဟုတ်တာ မောင်ရယ် …"

"လက် … မင်း ဘယ်လိုပြောလိုက်တာလဲ …"

"အရိပ် ကလည်း ကိုယ့်မိသားစုဝင်ဖြစ်လာမယ့်သူပဲ မဟုတ်ဘူးလား … လက်က ကလေးတွေနဲ့ ရင်းနှီးသွားတာကိုပဲ …"

"လက် …"

မနေ က-လက် ရဲ့ လက်မောင်းနှစ်ဖက်ကို ဆောင့်ခါပစ်လိုက်ပြီး–

www.burmeseclassic.com

www.burmeseclassic.com



"အရိပ်ဟောင်း ရဲ့ အကြောင်း မင်း ဘယ်လောက်သိလို့ ယုံကြည်နေတာလဲ .."

"ဒါပေမယ့် အရောင် က သူ့ သိပ်ချစ်တဲ့ မိန်းကလေးကို ယုံယုံကြည်ကြည်နဲ့ .."

"မလိုဘူး .. ငါ့သားသမီးတွေကို ငါ့သွေးမျိုးတွေနဲ့ ရောနှောတာတောင် ငါ မကြိုက်တာ မင်းသိတယ် .."

"မောင်ရယ် .. တစ်အိမ်တည်းအတူတူနေကြမယ့်လူတွေ ဒီနေရာမှာ မတွေ့ ဟိုနေရာမှာတွေ့မှာပဲ .. ဒီလောက် နှစ်ထပ်တိုက်အကျယ်ကြီးမှာ ရက်ရှည်လများ မဆုံဖြစ်အောင် ဘယ်လိုလုပ် .."

"ဘယ်လိုနည်းနဲ့ဖြစ်ဖြစ် မဆုံစေနဲ့ .."

သူ ရွတ်ပြောနေမိတာ အရူးနဲ့တူနေပြီလား ..၊

အရိပ်ဟောင်း ဆိုတဲ့ မိန်းကလေးကိုအသံကြားတည်းက မလိုလားစိတ်တွေဖြစ်ခဲ့မိသည်။ ခုတော့ မုန်းတီးတာတွေ တုန်လှုပ်နေရတာတွေကြောင့် အချိန်တိုင်းသတ်ချင်ဖြတ်ချင်စိတ်တွေပါ ပိုတိုးနေလေသည်။

သူ ဒီလောက်ထိ ဖြစ်ပျက်နေတာကြောင့် လက် ဆိုတဲ့မိန်းမကလည်း အရိပ်သုံးပါးနားမလည် ..။

သူမ ဒီအိမ်ကို ဒုက္ခပေးဖို့ ရောက်လာတာ ဘယ်လိုပြောပြရမလဲ..၊ ကလေးတွေကို သူမနဲ့အတူ တစ်မိနစ် တစ်စက္ကန့်လေးမှ စိတ်မချရဘူးဆိုတာ ဘယ်လိုဘကိုးအကားတွေနဲ့ လှည့်ပတ်ပြောရမလဲ ..၊

အလှည့် ..၊

"အလှည့်ကျရင်တော့ မခွဲ့နဲ့ပေါ့ .."

သူမ ဘာလုပ်မှာလဲ၊ သူမ ရည်ရွယ်ချက်တွေထဲမှာ သူ့တင်မကဘဲ တစ်မိသားစုလုံးကို ဒုက္ခပေးချင်တာလား ..။ ဆံပင်တွေကို ဖြစ်သလို ထိုးသိပ်တင်လိုက်ရင်း သက်ပြင်းမောကြီးချမိသည်။

တစ်ယောက်တည်း သွေးပျက်နေတာကို လက် မမြင်စေချင်သဖြင့်



အခန်းထဲဝင်ပြီး တံခါးပိတ်ထားလိုက်မိသည်။ နာရီမော့ကြည့်ရင်း လမ်းလျှောက်နေမိတာလည်း ဘယ်နှစ်ခေါက်ဖြစ်နေပြီမသိ ..။

ဟိုနေ့ ညတုန်းက ကလေးတွေနဲ့ တီဗီကြည့်နေခဲ့သည်။ သမီးကြီး ကြည်ဖြူ က သူမရဲ့ အလှအပတွေမှာ ငေးမောရင်း တိတ်တိတ်လေး နေသလောက် သားငယ်က သွက်လွန်းသည်မို့ သူမနဲ့ ခဏအတွင်း ရင်းနှီးသွားခဲ့သည်။

ခုလောက်ဆို သမီးနဲ့လည်း ရင်းနှီးနေပြီထင်သည်။ သမီး မျက်နှာလေး ခေါ်လာတာနှင့် 'အလှည့်' ဆိုတာကိုသတိရသွား၏။

"လက် ..."

"ရှင် .. သူ့ဒွေး လာပါပြီ .."

"နင့်ကို ခေါ်နေလို့လား .. သွား .. လက် ကို ခေါ်လိုက်စမ်း .."

သတိရသွားတာနှင့် တံခါးဖွင့်ပြီး အကျယ်ကြီးအော်ခေါ်မိ၏။ အနီးဆုံးမှာရှိသည့် လူကပြေးလွှားရောက်လာပေမယ့် ဒေါသတကြီးအော်ထုတ်ပစ်မိကာ ..၊

"တောက် .. အရိပ်ဟောင်း .."

တံခါးရွက်ကို လက်ပြန်ထုချလိုက်မိကာ ..၊

"ဒါ တမင်သက်သက်လုပ်နေတာ .. ဘီလူးမ .."

"မောင် .."

"မင်းက ချက်ချင်း ဘယ်ရောက်သွားတာလဲ .. ဒီလောက်တောင် ခေါ်မကြားအော်မကြား .."

"မောင်ပဲ စကားပြောနေရင်း စာကြည့်ခန်းထဲဝင် တံခါးပိတ်လိုက်တော့ နားချင်လို့ပဲဆိုပြီး .."

"တော်တော့ .."

အိမ်အလုပ်သမားတွေကို အော်ငေါက်တဲ့ပုံစံအတိုင်း တစ်ချပ်တည်းသူ့အောင် အော်ခံနေရသဖြင့် လက် ရဲ့ မျက်ဝန်းလေးတွေ စူးစူးရဲရဲလေး

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သွားသည်။

သို့သော် .. ဗင့်သက်လေးရှိုက်၍ စိတ်ကိုဖြေသိမ့်လိုက်ရင်း ..၊

"ဒီလောက်မအော်ပါနဲ့ မောင် .. အခု မောင် ဘာလိုအပ်နေသလဲ ပြောလို့ရပြီပဲ .."

"ငါ့သမီးနဲ့ သား ခုထိ မရောက်သေးဘူး .."

"ရောက်လာပြီ မောင် .. သူတို့ပါဆယ်ဝယ်လာတဲ့ စားစရာတွေ သွားသိမ်းနေလို့ လက် နောက်ခန်းထဲရောက်နေတာ .."

ခန မျက်နှာပေါ်က တင်းမာမှုတွေ တစ်ထစ်တော့ ပြေကျသွားသည်။ သို့သော် ...

"လက် .."

သူမလက်ကို ဆွဲခေါ်လာခဲ့ပြီး အပြင်တံခါးနားကျမှ အတူမျက်နှာချင်းဆိုင်ရပ်လိုက်ကာ ..၊

"ငါ မင်းကိုပြောထားတယ်နော် .. နောက်ထပ် ကလေးတွေနဲ့ သူ့ကို လွတ်လပ်စွာ ရောနှောနေထိုင်ခွင့်ရသွားစေမယ့် လမ်းကြောင်းမျိုး လုံးဝမပေးမိစေနဲ့ .. သူ့ကို ငါ့ချွေးမလောင်းအဖြစ်လည်း မင်း ထည့်တွေးဖို့မလိုဘူး .."

"ဒါဆို မောင်က .."

"ငါ့ကို ပြန်မမေးနဲ့ လက် .. ငါ မင်းကို ရှင်းမပြနိုင်သေးဘူး၊ ဒါပေမယ့် သူ့အကျင့်စရိုက်တွေကို ငါ လုံးဝမကြိုက်ဘူး၊ ငါ့သမီးနဲ့ ရင်းနှီးသွားမှာမျိုး လုံးဝမဖြစ်စေရဘူး .. ဒါပဲ .."

ခန ရဲ့ စကားတွေက ရင့်သီးလွန်းနေသည်။ အရောင် ရှိတုန်းက သဘောမတူဖြစ်နေတာထက် အခုပိုဆိုးလာသလိုခံစားမိလာခဲ့သည်။ သူ့ မျက်လုံးတွေ အထင်မြင်သေးသည့်စကားလုံးတွေမှာ အရိပ်ယောင်း က ဘယ်လိုမိန်းကလေးမျိုးဖြစ်နေပြီလဲ ..။

ဒီလောက်ထိ နိမ့်ကျဆိုးရွားသည့် မိန်းကလေးကိုမှ ချစ်တဲ့စိတ်



တစ်ခုတည်းနဲ့ အရောင် က ရွေးချယ်ခဲ့တယ်ဆိုတာ ဖြစ်နိုင်သလား ..။ ဘာပဲဖြစ်ဖြစ် အိမ်မှာနေခွင့်ပေးခဲ့တဲ့အထိ လက်ခံခဲ့တာကိုက ကိုယ်နဲ့ ပတ်သက်ခွင့်ပြုခဲ့တာပဲမဟုတ်ဘူးလား ..။

လက် မျက်နှာလေးက ရှုပ်ထွေးမှုများနှင့် အိုစာနေခဲ့သည်။ ကလေးတွေ ဒီအရွယ်ထိ သူ့တာဝန်ကိုယ့်ဝတ္တရားကျေပြွန်၍ ဆောင့်သိနားလည်မှုများနှင့် လက်တွဲခဲ့ကြတာ ပြဿနာကြီးကြီးမားမားလည်းမရှိခဲ့ဘူးလေ..။

အရိပ်ယောင်း ရောက်လာပြီးမှ ပြောင်းလဲသွားခဲ့ခြင်းတွေထဲမှာ သားမယားနဲ့ ဂုဏ်သိက္ခာတောင် ချန်မထားချင်တော့အောင် မောင် ဘာဖြစ်နေတာလဲ ..။

♥♥♥

www.burmeseclassic.com

www.burmeseclassic.com



အခန်း (၁၃)

ညက အပျိုစင်ဖားဖားဖြစ်လို့ အပျိုကြီးအသွင် ရင့်ရော်စပြုခဲ့၏။

"မင်းဘာလုပ်နေတာလဲ လက် .."

"ဘာမှမလုပ်ပါဘူး .. ဒီမှာ မောင့်သားနဲ့ သမီးက မအိပ်ချင်သေးဘူးဆိုလို့ .."

မနု ရဲ့ မျက်လုံးတွေက ကလေးနှစ်ယောက်ဆီရောက်သွားသည်။ ပြီးတော့ တီဗီဆီ ထပ်မံရွေ့လျားသွားခဲ့၏။ ကြည်ဖြူ က ဖအေကို မျက်နှာချိုသွေးသလိုလေး လှည့်ရယ်ပြပေမယ့် သားငယ် ထည်ဝါ က တီဗီဆီမှ မျက်နှာမခွဲဘဲ ဖအေရောက်လာတာကို မသိသလိုမျိုး ..။

ဒီကလေး ဘာဖြစ်လို့ဒီလောက်တောင် သရဲတွေ ဂမ္ဘီရဆန်ဆန်တွေကို စိတ်ဝင်စားနေရတာလဲ ..။

"တီဗီပိတ်လိုက်တော့ လက် .."

"ဟင် ..."

သူပြောတဲ့အထိ သားက လှည့်မကြည့်ပေ ..။ ဖွင့်ထားသည့် တီဗီဇာတ်လမ်းတွဲက ဝိညာဉ်မလေး ဇာတ်လမ်းမှာပဲ စိတ်ဝင်တစား ..။

"သားငယ် .."

"ဗျာ .."



သူ ခေါ်တာတောင် မျက်နှာမလှည့်ဘဲ ထူးကာ ..၊

"ဗျာ .. ဒက်ဒီ .."

"အိပ်လို့မရရင် စာသွားကျက် .."

"သား စာကျက်ပြီးပြီ .. ရေးလည်း ရေးကြည့်ပြီးပြီ၊ မမနဲ့ သားနဲ့ စာကျက်ပြီးမှ ထွက်လာကြတာ မာမီ သိတယ်၊ ဇာတ်လမ်းတွဲကြည့်ချင်တယ်ဆိုလို့ မာမီပဲဖွင့်ပေးတာ .."

ကြည့်စမ်း ၊ ပြောချသွားလိုက်တာ ဒီဘက်ကို တစ်ချက်မှလှည့်မကြည့်ဘဲ ..၊

သားငယ် စကားပြောလည်တာလေးကို ချစ်ခဲ့ရသမျှ ဒီစကားတွေကိုတော့ နားခါးသွားခဲ့၏။ တစ်ညနေတုန်းကလည်း အရိပ် နဲ့သားငယ် ဒီဧည့်ခန်းမှာပဲ ဗီဒီယိုခွေဖွင့်ကြည့်နေခဲ့တာ သူ တွေ့သည်။

သားငယ်က မေးတဲ့မေးခွန်းတွေကို သင်းပြန်ဖြေနေတာ ဘယ်လို အဓိပ္ပာယ်တွေနဲ့လဲ ..။

"တီတီ .. သရဲချင်းအတူတူကို အဲဒီသရဲကတော့ ဘာဖြစ်လို့ လိုက်သတ်ချင်နေတာလဲဟင် .. ဟိုသရဲကြီးကတော့ လိုက်ကယ်နေတယ် .."

"လိုက်ကယ်နေတဲ့ သရဲက သူ မသေခင်တုန်းက ရန်ငြိုးရန်စ မရှိခဲ့လို့ပေါ့၊ လိုက်သတ်နေတဲ့ မိန်းကလေးသရဲကတော့ သူ့ကို မတရား အသတ်ခံခဲ့ရတော့ သူ့ကိုစော်ကားခဲ့တဲ့ လူတွေအပေါ်မှာ မကျေနပ်နိုင်ဘူးလေ .."

"ဒက်ဒီ ပြောတော့ သရဲဆိုတာ သားတို့ကိုဘာမှမလုပ်နိုင်ဘူးဆို"

"သားဒက်ဒီက ခုထိ သူ့ကို ငြိုးနေတဲ့သရဲ မရှိသေးလို့ ဖြစ်မှာပေါ့ သားရဲ့ .. ရန်ငြိုးကြီးလွန်းရင် အဲဒီသရဲမှာလည်း အခွင့်အရေးရလာတာပဲ .."

"ဘာအခွင့်အရေးလဲဟင် .."

"သူ မုန်းနေတဲ့လူကို ဒုက္ခပေးနိုင်ဖို့ အခွင့်အရေးပေါ့၊ သရဲတွေရဲ့ ရန်ငြိုးကို လူတိုင်းမသိမမြင်နိုင်ပေမယ့် သရဲ ဖြစ်ခင်တုန်းက

www.burmeseclassic.com

www.burmeseclassic.com



နာကြည်းမုန်းတီးနေတဲ့လူတွေက ကလဲ့စားချေဖို့ ပြန်လာရင်တော့ သူ့မျက်လုံးနဲ့ မြင်ရရင် ယုံသွားမှာပါ ..."

"ဘယ်သူလဲဟင် .. သား ဒက်ဒီလား .."

"အင်း .. သရဲက ဘာမှမလုပ်နိုင်ဘူးလို့ထင်တဲ့လူတွေပေါ့ကွာ .. သေသွားရင် ဘာမှမတုံ့ပြန်နိုင်ပါဘူးထင်ပြီး တစ်ချို့က လူသတ်နှုတ်ပိတ်တာတွေ သေသွားတဲ့အထိ နှိပ်စက်တာတွေလုပ်နေကြတာ .."

သူ မှတ်မိနေတာတွေကို ပြန်တွေးမိတိုင်း ဒေါသထွက်ရသည်။ ကလေးက သိချင်စိတ်လေးနဲ့ မေးလိုက်တိုင်း သင်းက အဓိပ္ပာယ်တွေနဲ့ ဖြေသည်။

သရဲတစ္ဆေတွေ .. ရန်ငြိုးတွေအကြောင်းသိလာလေ ဒီကလေး အရွယ်လေးတွေက စိတ်ဝင်စားလေ ...။

"ထ .. ဒါတွေမကြည့်ရဘူး .. ခုထ .."

"မောင် ..."

"လက် .. မင်း ဆုံးမနေရင် ငါ ဝင်မပြောဘူးနော် .."

မတ်တတ်ရပ်လိုက်ပြီးမှ လက် ဘာမှမပြောသာတော့ဘဲ ဖြစ်သွားသည်။

"လာ .. မောင်လေး ထ .. မကြည့်တော့နဲ့နော် .. ဒက်ဒီ စိတ်ဆိုးနေတယ် .."

ထည်ဝါ နှုတ်ခမ်းစူနေတာကို ကြည်ဖြူလေး က ချော့မော့ပြောပြီး မောင်နှမနှစ်ယောက်ထလိုက်ကြ၏။ ခနှ က ရီမုု(ဓ်)ကောက်ယူပြီး တီဗီပိတ်သည်။

ပြီးတော့ ဆိုဖာပေါ်ပစ်ချလိုက်ပြီး လက် ကို တင်းမာသည့်မျက်နှာနှင့် ကြည့်၍ ...

"မင်းနဲ့ .."

"တင်း .. တောင် .."

"ဟာ .. တီတီ ပြန်လာပြီ .."

"တီတီ ..."



အားလုံးလှည့်ကြည့်မိကြကာ ကလေးနှစ်ယောက်က တံခါးနားကို ရောက်သွားကြပြီဖြစ်သည်။

"တီတို့ .. တီတီ ဘယ်သွားနေတာလဲ .."

"မာမိ .. တီတို့ကို တံခါးဖွင့်ပေးဦးလေ .."

သားငယ် အသံချည်းပဲ လျှိုင်နေကာ လက် က ခေါင်းညိတ်ပြီး ခြေလှမ်းပြင်လိုက်လျှင် ...၊

"ဒေါ်ကျော့ .. ဒေါ်ကျော့ .. ဘာလုပ်နေသလဲ .."

"မောင် .. ဒေါ်ကျော့ အိပ်နေပြီလေ .."

"လာပါပြီ သူဌေး .."

တစ်တိုက်လုံး ဟိန်းထွက်သွားသည့်အသံကြောင့် ဒေါ်ကျော့ အိပ်ရာ ဝင်ပြီးမှ ပြန်ထလာပုံပေါ်၏။ ဘီးနဲ့ ဆံပင်ကို ရစ်ပတ်လက်စနှင့် အပြေး တစ်ပိုင်းထွက်လာ၏။

"ဟိုမှာ တံခါးသွားဖွင့်ပေးလိုက် .."

"ဟုတ်ကဲ့ .. သူဌေး .."

"သားငယ်နဲ့ သမီး လာခဲ့စမ်း .."

သမီးက ခေါင်းလေးငုံ့ပြီး လှည့်ထွက်လာကာ သားငယ်က တံခါး ဘေးမှာ ကျန်ရစ်၏။ သမီးက ပြန်လှည့်ခေါ်မှ ပါလာကာ ...၊

"ဒက်ဒီကလည်း အော်ချည်းပဲ အော်နေတာပဲ .."

"သားငယ် .."

လက် က သားလေးကို လက်လေးပြေးဆွဲ၍ ချော့မော့ဖို့ကြိုးစား၏။ သို့သော် ...၊

"သားတို့ တီချယ်ကပြောတယ် 'လူလိမ္မာအမျက် အပြင်မထွက်' တဲ့ .."

နှုတ်ခမ်းစူစူလေးနှင့် ဖအေ့ရှေ့ကျမှ ခြေစုံရပ်ပစ်ပြီးပြောတာ ...၊

"လူလိမ္မာဆိုတာ အမျက်ကို ဗိုက်ထဲမှာပဲထားရတာ၊ ဒက်ဒီထ အပြင်ထွက်နိုင်းတယ် .. မလိမ္မာဘူး .."

www.burmeseclassic.com



"လာ .. မောင်လေး .. ဒက်ဒီ ရိုက်လိမ့်မယ် .."

ကြည်ဖြူ က သိတတ်တဲ့အရွယ်လေးမို့ မောင်ဖြစ်သူကို ထိတ်ထိတ်လန့်လန့်လေး ဖက်ခေါ်သွား၏။ ဒါတောင် ထည်ဝါ က မပြီးနိုင် ..၊

"သားလည်း ဗိုက်ထဲမှာမထားတော့ဘူး .. တီချယ်ကမေးရင် ဖြေမယ် .. တီချယ်လို့ သားတို့ ဒက်ဒီလည်း ဗိုက်ထဲကနေ ထွက်နိုင်းတာပဲလို့ .."

လူသာ ပျောက်သွားပေမယ့် အသံမပျောက် ..။

ဓနေ မျက်နှာကြီးနီရဲတင်းမာလာကာ လက် မျက်စိမျက်နှာပျက်၏။ ဒေါ်ကျော့ ရှေ့ကနေ အရိုင် က ဝင်လာရင်း ..၊

"ဘယ်သူမှ မအိပ်ကြသေးတာလားဟင် .. အရိုင် .."

"မအိပ်သေးတာမဟုတ်ဘူး .. ကလေးတွေကြောင့် မအိပ်ရသေးတာ၊ မင်းကို ဘာကြောင့် ညဥ့်နက်သန်းခေါင်သွားလာနေတာလဲလို့ ငါ မမေးဘူး၊ နောက်ကို ရှစ်နာရီကျော်တဲ့အထိ မင်း အပြင်မှာပဲရှိနေသေးရင် ဘယ်သူမှ တံခါးထဖွင့်ပေးမှာမဟုတ်ဘူး .. အဲ့ဒါ မှတ်ထား .."

ဓနေ က ခါးထောက်ထားလျက် လက်ညှိုးထောင် အမိန့်ပေးနေပုံက ခယ်မလောင်းတစ်ယောက်အဖြစ် လေးစားသမှု ဘာမှမပါ။ ပြီးတော့ အရိုင် မျက်နှာလေးကို စူးစူးရဲရဲကြည့်သည်။ အရိုင် က လွယ်ထားသည့် ဆလင်းဘတ်ခ်လေးကို ရင်ခွင်ထဲမှာ ပိုက်ထားကာ မျက်လွှာချခေါင်းငုံ့၍ ..၊

"ဟုတ်ကဲ့ပါ ကိုကြီး .. အရိုင် မှတ်ထားပါ့မယ် .."

ဟင်!..၊

ဓနေ အံ့သြသွားသည်။ သူမထံမှ ဒီလိုပုံစံတုံ့ပြန်လာလိမ့်မယ်လို့ မထင်ခဲ့ပေ ..။ ကိုယ်က လှုံ့ဆော်ချင်တဲ့သူဖြစ်ကာ သူမက ဖော်ထုတ်ဖို့ လာခဲ့သူ ..။ သို့သော် ..၊

"ဟိုလေ .. အရိုင် နောက်ကျမယ်ဆိုတာ မလက် ကိုလည်း ဖုန်းဆက်ထားတယ်ဆိုပြီး .."



ပြောနေရင်း လက် နဲ့ ဓနေ မျက်လုံးချင်းဆုံသွားတာကို အကဲခတ်သည်။ ပြီးမှ ..၊

"သားသား မှာထားတဲ့ သိပ္ပံကားတွေနဲ့ သမီးအတွက် .."

အပြောနဲ့အတူ လက်တွေ့ထုတ်ပြချင်တာမျိုး ..။ အရိုင် က လက် ရဲ့ နောက်က ရှိုးကေ့စ်ပေါ်မှာ ဆလင်းဘက်ခ်ကို သွားဖွင့်၍ အထဲကို တစုံတစ်ရာကိုရှာသည်။

သူမ တစ်ခုပြီးတစ်ခု ဆွဲထုတ်နေတာတွေကို ဓနေ က တစ်ချက်မှ အလွှတ်မပေးဘဲ လိုက်ကြည့်နေရာ ..၊

ဟာ .. ကြည့်စမ်း ..၊

ဓနေ ကိုယ်ကြီး မတ်ခနဲတောင့်တင်းသွားသည်။ သူမ ကိုင်လိုက်တာ Porn အခွေကြီး ..။

အခွေကာဗာမှာ ယောကျ်ားနဲ့ မိန်းမ တစ်ပိုင်းပုံကြီးက မြင်မကောင်း ရှုမကောင်း ..။

အရိုင် က တစ်ခုပြီးတစ်ခု ဆွဲထုတ်ရင်း ..၊

"ဒီမှာ မလက် .. သမီးလေးမှာတာ ဒီစာအုပ်လေ၊ အဲ့ဒါ လိုက်ရှာနေရလို့ပါ .."

လက် ရဲ့ လက်ထဲကို ဘာစာအုပ်ထည့်လိုက်တာမသိ၊ ဓနေ မျက်လုံးတွေကတော့ မီးတောက်မတတ်ဖြစ်နေပါပြီ။

"ဟုတ်တယ် .. ဟုတ်တယ် .. သူ စာစီစာကုံးရေးဖို့တွက် အဲ့ဒါကို သိချင်နေတာ၊ ကျေးဇူးပဲ ညီမရယ် .. သမီး ဝမ်းသာသွားအောင် စာအုပ်ရလာပြီလို့ သွားပြောလိုက်ဦးမှ .."

လက် က စာအုပ်ကို တဖျတ်ဖျတ်လှန်ကြည့်ရင်း ကျေနပ်နေ၏။ အရိုင် က အိတ်ကိုပြန်ပိတ်လိုက်ပြီး အိမ်ထဲဝင်လာတော့ ဓနေ နဲ့ မျက်နှာချင်းဆိုင်ဖြစ်သွားကာ ..၊

"ဟွန်း .."

မျက်လုံးချင်းတည့်တည့်ဆုံအောင်ကြည့်ပြီး ...ပစ်လိုက်သည်။ ပြီး

www.burmeseclassic.com

www.burmeseclassic.com



တော့ ပခုံးချင်းမတိုတထိ ကပ်ရှောင်သွားခဲ့ပြီး …၊

"ပြောထားသေးတယ် … ဒီည ရှင့်သမီးက ချစ်တေး နဲ့ လာအိပ်ဖို့"

ဟင်!…၊

ခနု မျက်နှာပျက်သွားသည်။ ပြီးတော့ လွန်သွားသည့် အရိပ် ရဲ့ ကျောပြင်ကို တစ်ပတ်လည်မတတ်ပြန်လှည့်ကြည့်ရင်း ဒီမိန်းမယုတ်မာ လှချေလား …။

အနီရောင်ရဲရဲပြောင်ကပ်နေသည့် ကိုယ်ကျပ်ဝတ်စုံက တင်ပါးလုံးရုံ တိုတိုလေးနှင့် တင်းပြည့်လှပသော ကိုယ်ခန္ဓာအလှက အသက်ရှူမှား လောက်ပေသည်။

ခြေသလုံးသားဝင်းဝင်းက အနီအနက်စင်းနှင့် ဖိနပ်ဒေါက်ကြီးထက် မှ နုရွလှပနေ၏။ ခြေလှမ်းတိုင်းမှာ သူမရဲ့ ကိုယ်ခန္ဓာအလှတရားများက လှုပ်လီလှုပ်လဲ့နဲ့နေ၏။

တရားလွန်းလှနေသည့် ဆက်(ဂ်)ဆီအလှတရားတို့က သူ့မျက်လုံး ထဲမှာ မီးလိုပူလောင်နေသော်လည်း …၊

"မောင် …"

လက် နှုတ်ဖျားမှ မယုံနိုင်စွာ ရေရွတ်မိရင်း ကိုင်ထားသည့်စာအုပ် လေးကို ဖိဆုပ်ပစ်လိုက်မိသည်။ အရိပ် ရဲ့ နောက်ကျောအလှမှာ မျက်နှာ ကြီးကပ်ငြိသွားသလို မောင့် ကိုယ်ခန္ဓာကြီးတစ်ပတ်လည်နေပြီထင်၏။

အရိပ် နဲ့ ပတ်သက်ပြီး အမြဲတမ်း ရှုံ့ရှုံ့ရှားရှားထဖြစ်တတ်တဲ့ မောင့် ဒေါသတွေက ဘာကြောင့်လဲ …၊ ခနု ကတော့ ဘာကိုမှ သတိမရပေ…။

ဒီဘက်လှည့်လိုက်တာနှင့် စူးစမ်းငေးစိုက်နေသည့် လက် ရဲ့ မျက်ဝန်းတွေနဲ့ ပက်ပင်းတိုးကာမှ …၊

"ဪ … ကိုယ် …"

ကိုယ့်စိတ်က ဒီလိုမဟုတ်ခဲ့ပေမယ့် ရှင်းဖို့ခက်ချလယ်သည့် အခြေအနေ မှာ မျက်နှာဘယ်လိုထားရမှန်းမသိအောင် ပူထူသွားမိကာ …၊

"မင်း မြင်တယ်မို့လား … ဒီလိုမပေါ်တပေါ်ဝတ်စားပုံမျိုးနဲ့ ဒီအချိန်ထိ



အပြင်မှာလေ …"

လက် က မျက်ဝန်းတွေ မလွှဲမဖယ်ရှိနေဆဲဖြစ်ကာ …၊

"ပြီးတော့ အိမ်မှာ သမီးလေးရှိတယ်၊ အတုမြင်အတတ်သင်တဲ့၊ ဒါကိုကြည့်နေလို့မဖြစ်ဘူးကွ …"

"မောင် ကြည့်နေတည်းက … လက် နားလည်ပါတယ် …"

"ဘာ …"

ခနု ရှုံ့ရှုံ့ရှားရှားဖြစ်သွားသည်။

"မင်း ဘာအဓိပ္ပာယ်နဲ့ ပြောလိုက်တာလဲ လက် …"

"မောင် ကြည့်နေတာ သူလှလို့ကြည့်နေတာလား …"

"ဟ … ဒီလောက်ရွံစရာကို ငါက လှလို့ကြည့်တယ်ဖြစ်ရမလား"

"လက် ကလည်း မောင့်ကို လှလို့လည်းပင်းကျိုးမတတ်ကြည့်နေ တာလို့ မပြောပါဘူး၊ သူ့ကိုကြည့်ပြီး မောင် ဒီလိုပြောတော့မယ်ဆိုတာ သိနေတယ်လို့ပြောတာ …"

လက် က တည်ငြိမ်စွာပြောပေမယ့် ခနု တည်တည်ငြိမ်ငြိမ် ရင်ဆိုင် ဖို့ ဘယ်လိုမှ ကြိုးစားလို့မရ …။ သူမက လျှောက်လာပြီး နေ့ခနု ရှေ့မှာ ရပ်၍ …၊

"အရိပ် ကို လက် ပြောပြလိုက်ပါ့မယ် … နောက်ကို မောင့် မျက်စိ ရှေ့မှာ ဒီလိုဝတ်စားမလာဖို့ …"

လက် ဘယ်လိုသဘောနဲ့ ပြောသွားတာလဲ …၊

ခနု မခံချင်စိတ်တော့ဖြစ်သွားပေမယ့် စိုးရိမ်စိတ်တွေက ပိုကဲနေ တာ ကိုယ့်ကိုယ်ကိုယ် သတိထားမိသည်။

သူ ဘာမှားသွားလို့လဲ …၊

www.burmeseclassic.com

www.burmeseclassic.com



အခန်း (၁၄)

"ဘယ်လို မောင် ..."

"သြော် .. ဒီည သမီးနဲ့ မင်း သွားအိပ်လိုက်ပါလို့ပြောတာကွာ.."

လက် ရဲ့ နားမလည်နိုင်သည့် မျက်လုံးတွေကို ခန ဂရုမစိုက်နိုင်ပေ ..။ သူ သိနေတာက ဟိုနေ့က အရိပ် ရဲ့ အိတ်ထဲမှာပါလာသည့် အပြာရွေ့ ပဲဖြစ်သည်။

ညက သူတစ်ညလုံး ပင်ပန်းခဲ့ရသည်။ သမီးက သူမနဲ့ သွားအိပ်မည်ပြောသဖြင့် မယ်ပျာယာ ကို သမီးနဲ့သွားအိပ်နိုင်းခဲ့သည်။

သို့သော် သူမ် နာမည်ကိုက မယ်ပျာယာ ဖြစ်သည်။ ကြည်ပြာ နာမည်ကနေ ဘာလုပ်လုပ် ပျာယာခတ်လွန်းသဖြင့် မယ်ပျာယာ ဖြစ်ခဲ့ ရခြင်းကြောင့် သူမကို စိတ်ချမထားနိုင် ..။

လက် ကို ဖွင့်ပြောလို့ဖြစ်သည့်ကိစ္စလည်းမဟုတ်သည်မို့ တစ်ညလုံး သမီးအခန်းရှေ့ကိုပဲ သွားစောင့်လိုက် ပြန်လာခဲ့လိုက်နဲ့ တစ်မှေးလောက် တောင် ကောင်းကောင်းမပျော်ခဲ့ရ ..။

အလုပ်ထဲမှာ အမြဲတမ်းစနစ်တကျရှိခဲ့သမျှ မနက်ကတော့ ပြောမှား ဆိုမှားတွေဖြစ် ဒေါသတွေထွက် ..။

"သမီးနဲ့ လက် ကို ဘာဖြစ်လို့ .."



"ကိုယ့်သမီးနဲ့ သွားအိပ်ရမှာ ဘာဖြစ်လို့လဲ လက် .. ဒီနှစ်ည သုံးညပဲ .."

"ဟုတ်ပါတယ် .. ဘာမှမဖြစ်ပါဘူး၊ လက် က မောင့်စိတ်ကူးကို သိချင်ရုံပါ .."

"သမီးက ဟိုတစ်ယောက်ကို ခင်တွယ်နေတာ မင်း မမြင်ဘူးလား.."

အနည်းအကျဉ်းလောက်မှ မပြောရင်လည်း ဇနီးဖြစ်သူတစ်မျိုး တစ်မည်ထင်တော့မှာမို့ ..။

"တော်ကြာ ညပူညတာ အဲ့ဒီအခန်းကိုကူးသွားရင် ဘယ်လိုလုပ်မလဲ .."

"သမီးက ပြောထားရင် နားလည်နေတဲ့အရွယ်ပါ မောင်ရယ်၊ ဒါပေမယ့် မောင် စိတ်အရမ်းပူနေတာကို လက် သွားအိပ်မှာပါ ..၊ မောင့်ကို ပြောချင်တာက သူ့ကို မောင် ဘယ်လောက်ပဲအထင်သေးနေနေ သူ သိလောက်တဲ့အပြောအဆိုအမူအရာတွေတော့ မပြစေချင်ဘူး မောင်၊ ဘာဖြစ်လို့လဲဆိုတော့ .."

"ဆက်မပြောနဲ့တော့ လက် .. ဘာဖြစ်လို့လဲဆိုတော့ရဲ့နောက်မှာ မင်း ငါ့ကို ဘုန်းကြီးစာချလုပ်လာမှာတွေ ငါသိတယ် .."

"မဟုတ်ဘူး .. လက် က .."

"ငါ့ဂုဏ်သိက္ခာလို့ ပြောမလို့လား .. မင်း တစ်ခါပြောတိုင်း ငါ့ ဂုဏ်သိက္ခာတစ်ဖွဲကြွေကျနေတာ မင်းသိလား .. အဲ့ဒီတော့ မင်း ငါ့အတွက် စိုးရိမ်ဖို့မလိုဘူး၊ ငါပြောသလိုလုပ်ဖို့ပဲကြိုးစား၊ သားနဲ့ သမီးကို အရိပ်ပေါင်း နား လုံးဝမကပ်စေနဲ့ ဒီလောက် ရက်ပိုင်းလေးနဲ့ သူ့ကို ကလေးတွေ ဒီလောက်ရင်းနှီးသွားကြတာ မင်းမှာ အပြစ်ရှိတယ် .."

"ဘယ်လို .."

"အဲ့ဒီတော့ ဖအေကိုကျော်ပြီး သူများကို ခင်တွယ်နေတဲ့ မင့် သားသမီးတွေကြောင့် မင်း သိက္ခာအဖက်ဆယ်လို့ရအောင် ကလေးတွေ ကို ပြန်စည်းရုံးပါ .."

"အဲဒါမျိုးကို ဂုဏ်သိက္ခာကျတယ်လို့ လက် ကတော့ မထင်ဘူး.."

www.burmeseclassic.com



"ဘာ ..."

"ကလေးသဘာဝက အလုပ်အပကြိုက်တယ်၊ တားရင် ပိုလုပ်ချင်တယ်၊ ယောက်ျားတွေတောင် လည်ပင်းလိမ်အောင်ငေးရတဲ့ မိန်းကလေးမျိုးကို ကလေးတွေမြင်မြင်ချင်း ချစ်သွားကြတာ သဘာဝကျတာပဲ မောင်ရဲ့ .. သူတို့ အရိပ် ကို ဘယ်လောက်ချစ်ခင်ရင်းနှီးကြပါစေ ညှေ်သည်ကို ညှေ်သည်လိုပဲချစ်တာပါ၊ ဒါမှမဟုတ်ရင်လည်း မောင်မောင့် ချစ်သူဆိုတာ သိထားကြလို့ .."

"အဲ့ဒီလို သိစရာအကြောင်းမရှိဘူး .. မင်း ပြောလို့သိတာဆိုရင်လည်း .."

"ပြောလိုက်မယ်ဆိုရင် လက် မှာ အပြစ်ရှိသလား မောင် .."

"ရှိတာပေါ့ကွ .."

မွေ့ရာပေါ်ကနေ ဝုန်းခနဲဆင်းရပ်ကာ ခနဲ က တလွှားလွှားလျှောက်လာ၏။

"ငါ ဒီလောက် မပတ်သက်ချင်ပါဘူး .. ခွေမျိုးမတော်ချင်ပါဘူး ပြောနေတာတောင် မင်းက ခွေမျိုးစပ်ပြထားတာ ရိုက်သတ်ပစ်သင့်တယ် .."

"ဒါဆိုလည်း လုပ်လိုက်ပါ .."

ကလေးတွေကို ဖတ်ပြဖို့ စာအုပ်ရွေးနေရာကနေ လက် က သူ့ဘက်လှည့်ရပ်လိုက်ကာ ..၊

"မောင်ပဲ စီစဉ် .. မောင်ပဲဆုံးဖြတ်ခဲ့သမျှ လက် ဘာမှမပြောခဲ့ဘူး၊ ဘယ်အချိန်မှာ ဘာစကားပြောရမယ် .. ဘယ်သူ့ကို ဘယ်လိုဆက်ဆံရမယ်ဆိုတာထိ .."

"အဲ့ဒီတော့ ဘာဖြစ်လဲ .."

"လက် က ဘာလဲ .."

"မင်းကိုယ်မင်း သတ်မှတ်နေတာပဲ .. ငါပြောနေတာ ငါ့အိမ်ထောင် ငါ့သားသမီးအတွက် .."

"ဒီအိမ်ထောင် ဒီသားသမီးအတွက် လက် ကတော့ ဘာမှပြောဆို



စွက်ဖက်ခွင့်မရှိဘူးလား .."

"မင်းက ညီကိုစွကို စိတ်ဝင်တစားဖြစ်နေတာ လက် .."

"ဘာ .. ဘယ်လို .."

လက် မျက်ဝန်းတွေက အံ့ဩတုန်လှုပ်နေသည့်နယ် ..၊

"မင်း အရိပ်ယောင်း အတွက် ငါနဲ့တောင် တိုက်ခိုက်ရဲတယ်၊ အဲ့ဒီသတ္တိတွေက ညီနဲ့ပဲ ပတ်သက်နေတာ၊ အဲ့ဒါကိုပြောတာ .."

"မောင် ဘယ်လိုသဘောနဲ့ ပြောလိုက်တာလဲ .."

လက် ရဲ့ စကားသံက အေးစက်စက်လေးဖြစ်နေကာ သူတစ်ခါမှ မတွေ့ခဲ့ဖူးသော မျက်ဝန်းစိမ်းများနှင့် ..၊

"မောင်တို့ ညီအစ်ကိုနှစ်ယောက်မှာ မိဘအုပ်ထိန်းသူမရှိကြဘူး၊ အဲ့ဒီထဲမှာ မောင်က ကိုယ့်မူဝါဒနဲ့ကိုယ် ဦးဆောင်သူနေရာက တစ်လက်မမှ မရွေ့ဘဲ ညီကို မွေးမြူခဲ့တာ၊ အထီးကျန်ဆန်ဆန်နေလာခဲ့တဲ့ သူ့ဘဝမှာ လက် က သူ့အမေဆိုလည်း ဟုတ်တယ်၊ အစ်မကြီးဆိုလည်းမှန်တယ်၊ လက် ကလည်း သူ့အပေါ်မှာ ကိုယ့်မောင်ငယ်လေးတစ်ယောက်လိုပါ.."

"ဟား ..."

ခနဲ ဒေါသထွက်လာကာ ဆံပင်တွေထဲ လက် ထည့်၍ ဆောင့်ဆွဲဖွပစ်မိ၏။

"ဘာလို့ အများကြီးလျှောက်ပြောနေတာလဲ၊ ငါ့ခေါင်းထဲမှာ အဲ့ဒီလို အရည်မရ အဖတ်မရ ဒရာမာတွေနဲ့ ရှုပ်ထွေးဖို့နေရာမရှိဘူး၊ တော်တော့ .."

ခြေရောလက်ပါခါ၍ တအားအော်ပစ်မိသည်။ ပြီးမှ လက် ရဲ့ ဝခုံးနှစ်ဖက်ကို မျက်နှာချင်းကပ်အောင်ဆောင့်ဆွဲယူလိုက်ပြီး ..၊

"မင်းကို ညီနဲ့ သမုတ်နေတာမဟုတ်ဘူး၊ ဒီကောင်လေးအနေ ဘယ်လိုရှိရှိ သူ့ကို ကလေးသာသာလို့ပဲမြင်ပြီး မတော်တာကိုတားဆီးရမယ်၊ ငါ့ညီဘက်က ရပ်တည်တာပဲဆိုပြီး မင်းကို ငါ့ရှင်လွှတ်မှာမဟုတ်ဘူး ရွှေလက်ဖြာ .. အခု ခနကြည်ဖြူ နဲ့ ခနသည်ဝါ .. ခနရဲ့

www.burmeseclassic.com

www.burmeseclassic.com



ရင်သွေးတွေကို ထိခိုက်ဖို့ရှိနေပြီမို့လို့ ပိုလိုအပ်တယ် .. မင်းကို နောက်ဆုံးသတိပေးချင်တာက အရိပ်ဟောင်း ဘက်က မကာကွယ်နဲ့ ..”

မိန်းမတွေကို ဘယ်လိုနည်းနဲ့မှ နေရာမပေးချင်တာ အဲဒါကြောင့်..။

“ဂျိမ်း ...”

တံခါးကို ဆောင့်ခွဲဖွင့်ပြီးထွက်လာခဲ့မိသည်။ လင်နဲ့မယား နားလည်ခဲ့ကြလို့ပဲ သားသမီးတွေနဲ့ ဖြစ်နေကြပြီ၊ ဒါကို ဘာတွေထပ်လိုချင်သေးတာလဲ .. သူ့ဘက်က ဘာတွေလိုအပ်နေလို့ သင်းက နာကျင်သံတွေထွက်လာတာလဲ .. ကိုယ့်မှာ မပြောပြနိုင်တဲ့ပြဿနာနဲ့ လည်ပင်းနင်နေသည်။ သူမကတော့ ကိုယ့်ယောကျ်ားကို မယုံသင်္ကာကျိုးတိကြောင်တိ..။

“ဟော့ ...”

ခြေလှမ်းကျဲများက ဒေါသတွေကြောင့် ဦးတည်ရာမဲ့နေတုန်း သမီးက အပေါ်ထပ်ကဆင်းလာသဖြင့် မျက်လုံးထဲမှာ လျှပ်စီးလက်သွားသလိုပင် ..။

“ရပ်လိုက်စမ်း ..”

“ဒယ်ဒီ ...”

“ဒါ ဘယ်ကိုလဲ ..”

“ဖြူလေး ..”

“အခု အပေါ်ပြန်တက် ..”

“ဒယ်ဒီ ...”

“သမီး ..”

သူ့ မျက်လုံးပြူးနဲ့ ထပ်ခေါ်လိုက်သဖြင့် ဖြူလေး ခုက်လေးပုသွားသည်။ ခြေထောက်လေးတစ်ဖက်ကလည်း လှေကားကို နောက်ပြန်တင်ထားပြီးသားဖြစ်ကာ ..၊

“ဖြူ .. ဖြူလေး က တီတီ့ဆီမှာ ပို့ ..”

“ဟော့ .. မယ်ပျားယာ ..”

“ရှင် .. သူ့ဒွေး လာပါပြီရှင့် ..”



မယ်ပျားယာ နောက်ဖေးကနေ ပြေးထွက်လာတာ လက်ထဲမှာ ကော်ဖီမှုန့်ပုလင်းကြီးနှင့် ..၊

“သွား .. အဲဒါတွေပြန်ထားလိုက် .. ပြီးရင် သမီးတို့နဲ့ စာပိုင်းကျက်ပေးလိုက်၊ သူတို့အမေလာတဲ့အထိ အခန်းထဲက တစ်ယောက်ကိုမှ မပေးမထွက်နဲ့ ..”

“ဟုတ် ...”

သူ မှာပြီး ဒီဘက်လှည့်လိုက်လျှင် အနက်ရောင်စာအပွင့်ကျဲနှင့် လည်ပင်းဟိုက်အောကျယ်ပုံလေးနှင့် မြန်မာဝတ်စုံဝတ်ထားသော အရိပ် က အပြင်သွားမည့်ပုံစံနှင့် ထွက်လာ၏။

ဒူးပေါ်ပေါင်ပေါ်ဝတ်တော့လည်း ရိုင်းသည်။ မြန်မာဝတ်စုံဝတ်ထားတော့လည်း ထိုနည်းနှင်နှင် ..။ လက်ရှည်ဝတ်ထားပြီး ဖွေးနုဝင်းထိန်နေသော ရင်ဘတ်တစ်ပြင်လုံးကို ပခုံးစွန်းနားထိ ဟိုက်ချထားတော ဘာများထည့်လို့လဲ ..။

ထမီလို ဝတ်ထားသည့် စကပ်ရှည်က ခြေဖမိုးပေါ်မှာ အိတွဲပုံကျနေတာပဲရှိသည်။ အသားမှာ ကပ်ချပ်ပြောင်အိနေတာ တော်တော်အသည်းယားဖို့ကောင်းသည့် မြင်ကွင်းဖြစ်သည်။

သို့သော် သူမ အပြင်ထွက်သွားတာကို သတိထားလိုက်မိကာ တစ်စုံတစ်ခုကို သတိရသွား၏။

နာရီကြည့်လိုက်တော့ ည ရှစ်နာရီခွဲတော့မည်။

ညအချိန်မှာ သူမ ဘယ်ထွက်သွားတာလဲ .. ဘာအတွက်လဲဆိုတာတွေကို စိတ်မဝင်စားနိုင်ဘဲ သူ့ခြေလှမ်းတွေက အရိပ် ရဲ့ အခန်းဆီဦးတည်ခဲ့ပြီး ..၊

♥♥♥

www.burmeseclassic.com



အခန်း (၁၅)

"ဘယ်မှာလဲ .. အခွေ .."

သူမ အခန်းထဲကို ဝင်လိုက်တာနှင့် မနေ့က လွယ်ထားခဲ့သည့် ဆလင်းဘတ်ခ်ကို အရင်ဆုံးလိုက်ရှာလိုက်မိသည်။ အခန်းထဲမှာ မှန်တင်ခုံပေါ်က အလှပြင်ပစ္စည်းတွေကလွဲလျှင် ဘာပစ္စည်းအသုံးအဆောင်မှ ထုတ်ဖွထားတာမရှိပေ။

သူမ ရောက်လာခဲ့သည့် ခရီးဆောင်သေတ္တာကလည်း သော့ခလောက်လျက်သား ဒီတိုင်း ..။

ထို့ကြောင့် ဘာမှစဉ်းစားမနေတော့ဘဲ အိတ်ဆီအမြန်သွားကာ ဖွင့်ကြည့်ဖို့ကြိုးစားလိုက်မိသည်။

ဟင် !...

အိတ်ကိုကြည့်လိုက်ကာမှ စိတ်ဓာတ်ကျသွားခဲ့၏။ ဘာမှမဟုတ်သော ဒီနိုင်းရိုးရိုးလေးနှင့် ဆလင်းဘတ်ခ်နှင့် အိတ်ပျော့လေးက U.S.A မိတ်ဖြစ်နေကာ သော့လည်းမရှိဘဲ ဖွင့်စရာလည်းရှာလို့မတွေ့ ..။

ဘယ်လိုဖွင့်ရမှာမှန်းလည်း မသိ ..။

အလိုလိုကာမှ သူခိုးကျင့်သူခိုးကြံလုပ်နေရသည့်အဖြစ်ကို စိတ်မလုံဖြစ်နေတာမို့ ကြာကြာစဉ်းစားမနေနိုင် ..။

"တောက် .. တကယ့်အကြီးကြီးမိထားတာ ဒီဟာမလေး .."



မချင့်မရဲရေရွတ်ရင်း အပြင်ထွက်လာခဲ့ရသည်။ တစ်သက်နဲ့တစ်ကိုယ် ဒီလိုမလုပ်ခဲ့ဘူးသဖြင့် ကိုယ့်ကိုယ်ကိုယ် ရွဲ့ပြုံးပြုံးနေတာတောင် သတိမထားမိခဲ့ပေ ..။

ထိုစဉ် အခန်းရှေ့ကနေ သူ မရွေ့လျားသေးမီ လက် က သူမြင်ကွင်းထဲ ရောက်လာခဲ့လျှင် ..၊

"ဟင် !..."

မနေ့ ခေါင်း ဆယ်ဆလောက်ကြီးသွား၏။ လက် က သမီးတို့အခန်းကို တက်လာတာဖြစ်ကာ အရိပ် အတွက် အခန်းက သမီးတို့အခန်းတွေနဲ့ လှေကားရဲ့ တစ်ဖက်ခြမ်းစီဖြစ်သည်။

လက် က သူ့ကိုမြင်လိုက်သည်နှင့် ခြေစုံရပ်သွား၏။ သူလည်း ထိတ်လန့်တုန်လှုပ်သွားကာ အမှတ်တမဲ့ မျက်လုံးပြူးနှင့် ပြန်ကြည့်နေမိ၏။ ပြီးမှ ..၊

ဘာဖြစ်လဲ .. ဒါ .. ငါ့အိမ် ..၊

ဒီအခန်းရှေ့မှာ ရှိနေလို့မရဘူးလား ..။

ကိုယ့်စိတ်ကိုတင်းကာ ပင့်သက်ရှိုက်၍ ကိုယ့်ကိုမတ်သည်။ ပြီးတော့မှ အခန်းရှေ့က လှည့်ထွက်လာခဲ့၏။ လက် ရဲ့ မျက်ဝန်းလေးတွေ တဖြည်းဖြည်း စူးစိုက်ကျဉ်းမြောင်းသွားခဲ့ပြီး မနေ့ ရပ်နေခဲ့သည့်ရှေ့ထိ လျှောက်လာခဲ့သည်။

ဒါ အရိပ် ရဲ့ အခန်း ..၊

ဒီအချိန်ကြီး ဒီရှေ့မှာ မောင် ဘာလုပ်နေတာလဲ ..၊

အခန်းရှေ့ရောက်တော့ အခန်းတံခါးက လက်တစ်ဝါးစာလောက်ဟနေသဖြင့် အထဲကို လှမ်းကြည့်လိုက်မိသည်။ နားစွံ့လိုက်တော့ တီးဆိတ်နေ၏။ ထိုစဉ် ..၊

တံခါးက ရုပ်ခနဲပွင့်သွားကာ ...

"အဲ ..."

www.burmeseclassic.com

www.burmeseclassic.com



"မလက် ..."

အထဲကနေ တံခါးဖွင့်လိုက်သည့် အရိပ်ရဲ့ မျက်နှာနှင့် ပက်ပင်း တိုးလေသည်။ ချောင်းကြည့်နေမိတုန်းမို့ လက် မျက်နှာ ပူသွားမိလျက်...၊

"ဟိုလေ ..."

"မလက် ပြောစရာရှိလို့လား .. ဝင်လေ လာပါ .. အရိပ် မအိပ် သေးပါဘူး .."

"နေပါစေ .. ညီမရယ်၊ ဒီကဖြတ်သွားရင်း တံခါးပိတ်မထားတာ နဲ့ လှမ်းကြည့်မိတာ ဆောရီးနော် .."

ရင်ထဲမှာ မယုံနိုင်ခြင်းက ဗလောင်ဆူနေသည်။ အရိပ် ရှေ့က ထွက် လာခဲ့ပေမယ့် သူမရဲ့ တဘက်လေးဆွဲခြုံထားသည့်ပုံစံက မပျောက်နိုင်...။

မောင့်ကို အခန်းရှေ့မှာ မြင်လိုက်ရခြင်းနှင့်ပတ်သက်၍ တွေးစရာ တွေ အများကြီးဖြစ်သွားတာက မသင့်တော်မှန်းသိပေမယ့် တွေးမိနေသည်။

မဖြစ်နိုင်တာတွေမှန်းသိလျက်နှင့် ဖြစ်နိုင်တာတွေက ဖယ်ထုတ် မရအောင်ဝင်လာနေခဲ့၏။ ထိုအချိန်မှာ တံခါးပြန်ပိတ်လိုက်ရင်း ခမ်းနား သော အောင်မြင်မှုများနှင့် အရိပ်ယောင်း က ကျေနပ်စွာပြုံးနေခဲ့လေသည်။

ပြီးတော့ ပခုံးထက်မှာ ပတ်ခြုံထားသည့် တဘက်စောင်ကိုခွာချ၍ တန်းပေါ်တင်လိုက်သည်။

ရှင့်ခြေလှမ်းတွေကိုမှ ကြိုမတွက်နိုင်ရင် ရှင် ပိုင်ဆိုင်တဲ့အရိပ်မိုး အောက်မှာ ကျွန်မ လာမနေဘူး နေခ...။

ဒါ အစပဲရှိသေးတယ် ...၊ နောက်ထပ် ရှင် ကျရှုံးမယ့်ပြကွက်တွေ ကျွန်မ ပြင်ဆင်ထားတာအများကြီးရှိသေးတယ် ...။

အဲဒါတွေ ဘယ်တော့ အဆုံးသတ်မှာလဲဆိုရင်တော့ ...။

♥♥♥



အခန်း (၁၆)

အဖြူနဲ့ အနီရောင် တစ်ထပ်စီပါသည့် နားပွင့်ကြီးကို ပန်ထား သည်။ ရင်ဘတ်မှာ အဖြူအနီရစ်ထားသည့် အပါးသားကို ပဝါခြုံသလို ပတ်ခြုံထား၏။ ဒါပေမယ့် ပဝါမဟုတ်မှန်းလည်းသိသာကာ ထူးခြား သည့် အင်္ကျီဒီဇိုင်းကြောင့် တစ်ဆိုင်လုံးမှာရှိကြသည့် လူတွေရဲ့ သတိထား ငေးမောခြင်းက သူမဆီမှာပဲရှိနေခဲ့ကြ၏။

ထိုအထဲမှာ ဓနု တို့ သုံးယောက်လည်းပါနေကာ ...၊

"ဝတ်ထားတဲ့ မြန်မာဝတ်စုံက ပြောသာပြောတာ တော်တော် ဆက်(ဂ်)ဆီကျတယ်ကွ .."

မိန်းမတစ်ယောက်ရဲ့ အလှတရားတွေကို ဖတ်ရှုဖို့ဆို တော့် အသံ ပဲ အရင်ထွက်လာ၏။ အရိပ်ယောင်း တစ်ယောက်တည်း စားပွဲတစ်လုံး တည်းမှာ ထိုင်နေတာကို သူတို့အတွင်းခန်းထဲကနေ လှမ်းမြင်နေရသည်။

အနီရဲရဲ ဂါဝန်ပျော့က မလေးရှားပုံ ရင်ဖြတ်လေးပေမယ့် ဝါလို သိုင်းခြုံထားသည့်ဒီဇိုင်းက မြန်မာဝတ်စုံလေးလို ယဉ်ယဉ်စစလေးဖြစ် နေ၏။

ဖြူနုလုံးသွယ်သော လက်မောင်းသားတွေပေါ်နေတာလည်း ရင် ပြတ်ပေါ်မှာ ရစ်သိုင်းထားသည့် ပဝါကြောင့် ရိုင်းသည့်ယဉ်သည့်စွေ ဘဲရှိ၏။ ခြေချင်းချိတ်ထိုင်နေသည်မို့ စီးထားသည့် အနီရောင်ဖိုမြင့် ဖိနပ်

www.burmeseclassic.com



က ပုံတော်ဖိနပ်ပုံဖြစ်ပြီး ကတ္တီပါလည်းမဟုတ် ...။

စားပွဲပေါ်မှာ အနီရဲရဲ ကြိုးရှည်ဆလင်းဘတ်(ခ်)လေးတင်ထားကာ သူ့မရှေ့မှာ အအေးဘူးလေးတစ်ဘူးပဲရှိသည်။ ဒါပေမယ့် သူ့မက နှုတ်ခမ်းလွှာကြားမှာ ပိုက်တံလေးတပ်လိုက်၊ သောက်မှာဖွင့်ထားသည့် ဗိုင်ကို ဖတ်နေလိုက်နှင့် ပတ်ဝန်းကျင်ကို ဂရုစိုက်ပုံအလျှင်းမရှိပေ ...။

ဆံပင်တွေကို သေးတစ်ခြင်းသိမ်းထားသဖြင့် မျက်နှာတစ်ခြမ်းမှာပဲ ဆံဝင်တွေပြိုကျကွယ်နေလျှင် ...၊

"ဘာလို့ ဆံပင်ကွယ်ထားတာလဲ မသိဘူး .. သူ ငါတို့ကြည့်နေတာကိုတော့ မသိလောက်ပါဘူး .."

"ကျော် .."

"ဟင် ..."

"မင်း .. ဒီဟာမလေးကို သတ်ချင်ဖြတ်ချင်နေတာလား .. အလှထိုင်ကြည့်နေတာလား .."

"သတ်ချင်ဖြတ်ချင်စိတ်နဲ့ ကြည့်ရအောင် ရန်ငြိုးရှိခဲ့တာမှမဟုတ်တာကွ .."

"ကျော့ .."

"ပြော .. ပြော .. ဟုတ်တယ် .. ကျော် .. ညာကျော် ပါ၊ မင်းတို့ ဘာဖြစ်နေတာလဲ .."

ခနဲ့ နဲ့ ဇော့် ကို ကြည့်၍ သူကပဲ စိတ်မရှည်သံနှင့် ...၊

"မင်းကပဲ မေးရတာယ်ရှိသေးတယ် ဟုတ်လား .. ကျော် .."

ခနဲ့ က စားပွဲကို ထုပစ်လိုက်ပြီးမှ ...၊

"မင်း မျက်လုံးကြီးက သူ့ကိုကြည့်ဖို့ ရေမီးအစုံဖြစ်နေပေမယ့် အဲ့ဒါ မင်းကို တစ်စစီဖွဲ့ဖို့လာတဲ့ ဘီလူးမ .."

"ထူးဆန်းတယ်နော် .. ဘီလူးမက တော်တော်လှတာ .."

ကြည့်စမ်း ...၊

ခနဲ့ တကယ်ဒေါသထွက်လာတာဖြစ်ကာ အရိုဲ့ ဆီကနေ မျက်လုံး



မခွာနိုင်ဖြစ်နေသည့် ကျော့် လက်မောင်းကို ဖတ်ခနဲ ထိုးပစ်လိုက်ပြီး...၊

"ငါလာတာ အဲ့ဒီကောင်မလေးလှတာတွေပြောဖို့မဟုတ်ဘူး .."

"ခနဲ့ ရာ .. မင်း ပြောတာတွေ ငါတို့နားထောင်ပြီးပြီလေကွာ .. သူ လာမယ်ဆိုတာလည်း ငါတို့ကြိုသိတာမှမဟုတ်တာ၊ ဒါပေမယ့် ကြည့်စမ်း ဘယ်လောက်တိုက်ဆိုင်သလဲ .."

ကျော် က ဟိုနေ့က ဖြစ်ခဲ့သည့် ဒေါသတွေကို ဘယ်မြောင်းထဲမှာ သွားလွှင့်ခဲ့သည်မသိ ...။

ဇော် ကတော့ 'ဘာတွေဖြစ်လာမလဲ' ဆိုသည့် အတွေးနှင့် မိုးလင်းတိုင်း ကြောက်လန့်နေရသူဖြစ်ကာ ...၊

"ဒါ တိုက်ဆိုင်တာမှဟုတ်ရဲ့လားလို့ ငါတွေးနေတာ .."

ဟု ပြောရင်း သက်ပြင်းချ၏။ ခနဲ့ မျက်နှာ စူပွတင်းမာနေတာကို ပြန်ကြည့်၍ ...၊

"မင်းလည်း သတိထား ခနဲ့ .. အဲ့ဒီညကအဖြစ်မျိုး နောက်ထပ် မဖြစ်မိစေနဲ့၊ သူ့အခန်းထဲ မင်းဝင်သွားမိတာ တကယ့်ရှော့ခ်ပဲ .."

ခနဲ့ က ဘာမှမပြောဘဲ ငြိမ်နေ၏။ ထိုညက လက် ရဲ့ ရှေ့မှာ သွေးပျက်သိမ်ငယ်ခဲ့ရသည့် မလုံလဲခြင်းမျိုး သူတစ်ခါမှ မခံစားခဲ့ရဘူးပေ။ ခုထိလည်း ခံစားနေရတုန်းပဲဖြစ်သည်။

လက် ကို ဂရုမစိုက်တာက သပ်သပ်၊ ဒီလိုမှားကွက်မျိုးနဲ့တော့ လက်ညှိုးထိုးမခံနိုင်ပါ။

ဒါပေမယ့် သူ ဝင်သွားမိတာရော လက် ရောက်လာပြီးမြင်သွားတာရော၊ ဒီလောက်တောင် တိုက်ဆိုင်နေတာကိုတော့ ကြောက်သွားမိတာ အမှန်ပင် ...။

နောက်တစ်ခါ ဒီလိုတိုက်ဆိုင်မှုတွေ ဖြစ်မလာဖို့အတွက်က ...၊

"ခနဲ့ .."

ကျော် က မချိုမချဉ်မျက်နှာနှင့် ဘယ်လိုစိတ်ကူးတွေ ရလာသည်မသိဘဲ နှစ်ယောက်စလုံးကိုလှည့်ခေါ်ကာ ...၊

www.burmeseclassic.com

www.burmeseclassic.com



"အခု သူ ပြန်ရောက်လာတာ ငါတို့က ကြောက်စရာမလိုပါဘူး ကွ .. ငယ်ကြောက်ဆိုတာ အဆေးကနေ အသံကြားရင်တောင် လူမမြင်ရဘဲနဲ့ သေးပါအောင် ကြောက်တတ်တယ်တဲ့၊ သူက ငါတို့သုံးယောက်ကို ရှုံးနိမ့်ခဲ့တဲ့သူပါ .."

"အဲဒီတော့ ဘာပြောချင်တာလဲ .."

"အဟွန်း .. မင်းက ညီနဲ့ပတ်သက်ပြီး စိတ်တိုနေတော့ ပြောရမှာ နည်းနည်းအားနာတယ် .."

အားနာသည်ဆိုတည်းက ဘာပြောတော့မယ်ဆိုတာ ခနု က ရိပ်မိလိုက်ပြီဖြစ်သည်။ ဖော် ကတော့ မျက်နှာကြီးကြိုတင်ရှုံ့မဲ့နေကာ ..၊

"မတော်တရော်တွေ မပြောနဲ့တော့ .."

"တော်တာရော်တာတွေချည်းလုပ်နေကြတဲ့လူတွေ မရှိပါဘူး ဖော်ရာ .. ပြောခွင့်တော့ရှိရမှာပေါ့ .."

ပြောလိုက်ရင်း အရိပ် တစ်ကိုယ်လုံးကို သေချာလှည့်ကြည့်နေသေးသည်။ ပြီးမှ ..၊

"ဒုတိယတစ်ခါပြန်လာတော့လည်း နောက်ထပ်တစ်ခါ ပညာပေးလိုက်ရုံပေါ့ .."

"ဘာ .."

"အရောင် က ကလေးသာသာပါ၊ အသက်အရွယ်ကိုပြောတာ မဟုတ်ဘူးနော် .. ခုထိ သူ့စိတ်ကို သူ မပိုင်ပါဘူး၊ ခနု က ဒါဆိုဟိုဟာ မလုပ်တဲ့ ကောင်လေးပဲ .."

"အေးပါ .. ဆက်ပြောစမ်းပါ .. မဖွယ်ရာတာတွေပါလာတော့ မှာသိပေမယ့် နားထောင်ချင်နေတယ် .."

ဖော့် စကားကြောင့် ကျော် က ရယ်တာ ..၊

"စိတ်ဝင်စားကြည့်လိုက် .. ချစ်တေး က .."

"အရိပ်ယောင်း လို့ပြော .."

"အေးပါ .. ကဲ .. အရိပ်ယောင်း က ငါတို့စားပြီးသား ပွဲတော်ကျ



လေးပဲကွ၊ သူ့ကိုယ်သူ အရိပ်ယောင်း အသွင်နဲ့ အရောင့် ကိုကပ်ပြီး ငါတို့ရှေ့ ပြန်ရောက်လာတာ၊ ချစ်တေး ဆိုတာ အရောင့် ကို သူ မပြောရဲသရွေ့ ငါတို့အံချိန်မရွေး ဆုပ်ချေပစ်လို့ရတယ် .."

"မင်း .. ဒီကောင်မကို ပြန်ကောက်စားချင်နေတာလား .."

"အသုံးတော်ခံတယ်လုပ်ပါ .. ငါတို့အတွက် ဒီကောင်မလေးက ဒါပါပဲ .."

ဟိုတစ်ချိန်တုန်းကလည်း ဆယ်ကျော်သက် နှုးမနပ်လေးပဲဖြစ်သည်။ ခု ပြန်ရောက်လာတော့ ကိုယ်တွေထက်တော့ အများကြီးငယ်ရွယ်ပါသေးသည်။

စိတ်က တွေးဖြစ်ရင်း လှည့်ကြည့်မိပြန်သည်။ ပလပ်စတစ်ဆာဂျရီလုပ်ထားသည်ဆိုသည့် မျက်နှာလေးက နုလိုက်တာ လှလိုက်တာများ အပျိုစင်အလှပဂေးလေးတွေနဲ့တောင် မလဲနိုင် ..။

"ငါတို့လက်ထဲမှာပဲ ပြန်ပြီးပိတ်မိသွားရင် သူ ကလှဲစားချေမယ် ဆိုတာတွေလည်း ပျောက်သွားမှာပဲ၊ ကိုယ့်ပေါင်ကိုယ်လှန်ထောင်းမယ့် အလုပ်မျိုး သူ ဆက်လုပ်မယ်ဆိုလုပ်လိုက်လေ .. ငါတို့က ယောကျ်ားတွေ .."

"တွက်ရေးတော့ စက်သူဌေး တွက်ကြည့်တော့ စက်မရှိဆိုတာ ဒါမျိုးပဲနေမှာ .."

"ဘာလဲ ဖော် .. မင်းက ငါ့ကို ပြောတော့လွယ်တယ်လို့ ဖွဲ့တာလား .."

"မဖွဲ့ပါဘူး .. ဖွဲ့ဖို့ကိုမလိုတာ .."

"မလိုဘူး ဟေ့ကောင် .. မိုက်ရဲတော့ သေတာပန်၊ လိမ်နိုင်မှ သစ္စာရှင်တဲ့ .."

"ဘယ်သူပြောတာလဲ .."

"အခုပြောတာတော့ ငါပဲ .."

"ဖြစ်လာမယ့် အနာဂတ်ကို ရှေးလူကြီးတွေ နိမိတ်ဖွေခဲ့တာပါကွာ .. မကြားဝံ့မနာသာတွေ .."

"မကြားဝံ့ရင် ကြားဝံ့တဲ့နားက ထောင်လိုက်တော့ .. ဟိုမှာ ထသွား

www.burmeseclassic.com

www.burmeseclassic.com



ပြီ ..."

"ဟာ .. ဟော့ကောင် ..."

"မရတော့ဘူး .. ငါက လိုချင်လာရင် ခုဆိုခုပဲ ..."

"ကျော် .. ဟား .. ဒီကောင် ..."

ကျော် က ပြောတဲ့အတိုင်း အရိပ် ထပြန်သွားတာမြင်လိုက်သည်နှင့် ထပ်ချပ်မကွာ ထွက်လိုက်သွားလေသည်။

ခနဲ့ ထခွဲမတတ်ခေါ်လိုက်ပေမယ့် တက်ခေါက်ရင်း ကျန်ရစ်ခဲ့၏။

"ကဲ မင်းကရော ဘယ်လိုလဲ ..."

ဇော် က မျက်လုံးအပြူးနှင့်ကြည့်ကာ ...၊

"ဘယ့်နှယ်ကြောင့် ငါ့ဘက်လှည့်လာတာတုန်း၊ အဲ့ဒီမယ်ယကွ ပေါ်လာတည်းက ရင်ပူလွန်းလို့ ညဘက်အိပ်မရတာ ဘယ်နှစ်ညရှိပြီမှန်းတောင် မသိတော့ဘူး ..."

"ငကျော် ဆိုတဲ့ကောင်ကွာ .. ကျွတ် ..."

ကိုယ်ပြဿနာကိုပြောချင်လို့ ဒီမှာ လာစုမိကာမှ ဆွဲမရလွဲမရ ထဖြစ်သွားသဖြင့် ခနဲ့ နဲ့ ဇော် ရှုံ့မဲ့ညည်းတွားကြရင်း ...၊

"သူ့ကိုယ်သူ လေးဆယ်ကျော်နေပြီဆိုတာ သတိရရဲ့လားမသိဘူး.. ဝဲစား ..."

"မရဘူး ခနဲ့ .. ကျော် က ဒါမျိုးအတွက်ဆိုသိပ်အကုန်ခံတာ၊ ပြီးတော့ အကောင်းကလည်းကြိုက်မှကြိုက် ..."

ထို့ကြောင့် သူပြောနေကျစကားရှိသေးသည်။

'ကိုယ်ရှာတာ ကိုယ်ဖြုန်းတာပဲ ဘာဖြစ်လဲ .. ယင်နားစာစားပြီး ရောဂါရမခံနိုင်ဘူး' တဲ့ ...။

ဘုံ ဆိုတဲ့ ချာတိတ်မလေး ခနဲ့ လက်ထဲကို ပထမဆုံးရောက်သွားတာတောင် သူ့မှာ မချင့်မရဲနှင့် ...။

"ဇော့် ..."

"ဟာ .. ဘာလဲ ..."



"ဒီကိစ္စ .. ညီ သိလို့မဖြစ်ဘူး ..."

"ဘယ်ဖြစ်မှာလဲ .. သိသွားရင် မင်းသွားပြီပေါ့ ..."

"ဒါပေမယ့် .. ညီ့ကို ဇွတ်ဖဲထားပြီး ဒီမိန်းမ ငါ့ကိုတစ်သက်လုံး နိုင်စားသွားမှာကို ငါ မခံနိုင်ဘူး ..."

ဇော် က ခေါင်းညိတ် ခထောင်ငြိမ်သွားကာ ...၊

"ဒါဆို မင်း သူ့ကို ညီကြည့်ပါလား .. ညီနဲ့ သူ့ကို လက်ထပ်ပေးမယ်၊ လက်ဖွဲ့အဖြစ် သူ ကျေနပ်လောက်တဲ့အထိ ပုံပေးမယ်ပေါ့ကွာ.. ပြီးရင် ..."

ခနဲ့ ခေါင်းခါလိုက်သဖြင့် သူ့စကား ဒီမှာပဲရပ်သွားသည်။

"သူ ဒါနဲ့ နိုင်ကွက်လုပ်ထားတာကို သွားပြောရင် ဟာသဖြစ်သွားမှာပေါ့ကွ ..."

"အေး .. ဟုတ်တယ် .. ပြီးတော့ ငါတို့ကို ဝင်တိုက်ဖို့လုပ်သွားတဲ့ကားကိုကြည့်တာနဲ့ သူ ဘယ်လောက်ချမ်းသာနေသလဲဆိုတာလည်း မပြောနိုင်ဘူး၊ ကျော့် ကိုတော့ ငါ အံ့ဩတယ်ကွာ .. ခုချိန်ထိ သူ စိတ်မလျှော့သေးဘူး၊ ငါဖြင့် ကိုယ့်အလှည့် ဘယ်နေ့လဲဆိုတာ တွေးတောင်မတွေးရဲဘူး ..."

"ငါထင်တယ် .. မင်းတို့ထက် သူ ငါ့ကို ပိုပြီးကလဲ့စားချေချင်မှာပဲ .. သူ့ဘဝကို ဖျက်ဆီးခဲ့တာ ငါပဲ ..."

ဇော် က ခနဲ့ မျက်နှာကို အံ့ဩသလိုကြည့်ကာ ...

"မင်း နောင်တရနေတာလား ..."

"ဟုတ်တယ် .. ဒါပေမယ့် သူ့ကိုကြောက်တာမဟုတ်ဘူး၊ ကျူး ဇွတ်မကျန် မရှင်းခဲ့မိတဲ့အတွက် သူ့လိုမိန်းမမျိုးကို ထင်သလိုတုံ့ပြန်လို့ မရတာ ခံပြင်းနေတာ၊ အသားလေးဆုပ်ချေပစ်ချင်နေတဲ့စိတ်က ပြေပလို့ မရလေ မွန်းကျပ်လာလေ ..."

"ဒါတော့ ဖြေနိုင်အောင်ဖြေ ခနဲ့ .. ကျပ်လွန်းရင် ချောင်တယ်တဲ့၊ ချောင်နေတာကျတော့ သူ့အလိုလိုပြန်ကျပ်မသွားဘူး ... ဟုတ်ပေမယ့် အသား

www.burmeseclassic.com

www.burmeseclassic.com



လေး ပြုတ်ထွက်သွားတာပဲ၊ ငါတို့က ချောင်လွန်းတဲ့စာရင်းထဲမှာပါတယ်ကွ ... သူ့အလိုလိုတော့ ပြန်ကျပ်သွားမှာမဟုတ်ဘူး၊ ကိုယ့်ကိုယ်ကိုယ် ထိန်းနိုင်မှရမယ် ..."

"ဘာကိုထိန်းရမှာလဲ ... သူ ကစားနေသမျှ ရုပ်သေးရုပ်လိုနေပေးဖို့လား ..."

"ငါတို့ဘက်မှာ စနစ်တကျ တိုက်ခိုက်ဖို့နည်းလမ်းမရှိဘဲ စိတ်နောက်ကိုယ်ပါလုပ်လို့မရဘူး၊ ဒါတော့ မင်း လက်ခံနိုင်ရမှာပဲ ... ငါတို့ကိစ္စမှာ အဆိုးရွားဆုံးက ..."

ဖော် အသံ တိုးကျသွားသည်။ ဘယ်သူမှမကြားနိုင်တာသိပေမယ့် မျက်နှာငုံ့ချလိုက်ပြီးမှ ခါးတောင့်၍ ရှေ့ကိုကပ်ကာ ...၊

"ကိုယ်ပေးနိုင်လို့ ဘယ်လိုပဲ အပျော်ရှာရှာ မထူးဆန်းပေမယ့် အခု ငါတို့က ..."

"မပြောနဲ့တော့ကွာ ..."

သတ္တိမရှိတာလား ... အမှတ်တမဲ့လူကြားသွားမှာစိုးတာလား ...၊

ကိုယ့်စိတ်ကိုလည်း မသိတော့ဝါ။ ဒါပေမယ့် ပြီးခဲ့သည့်ဖြစ်ရပ်ကြီးနဲ့ပတ်သက်ပြီး သူများသိဖို့မပြောနဲ့ ကိုယ့်နားနဲ့ကိုယ်တောင် ပြန်မကြားချင် ...။

ငယ်ရွယ်စဉ်က မှားခဲ့သမျှက အသက်အရွယ်အချိန်ကာလတွေ ပြောင်းလဲလာရင် ရယ်စရာတွေဖြစ်သွားတာပဲလို့ သူများတွေကပြောကြသည်။

သူတို့အဖြစ်ကတော့ ဒီလိုမဟုတ်ခဲ့ပါလား ...။

♥♥♥



အခန်း (၁၇)

ရှေ့မှာပြေးနေသည့် ရွှေအိုရောင်လင့်ခရူဇာက ကျော့် မျက်လုံးထဲမှာ အလွန်ချောမောလှပသည့် မိန်းမပျိုလေး၏ သွယ်နွဲ့နွဲ့ခါးအလှလေး နွဲ့ယိမ်းနေသကဲ့သို့ ဆွဲဆောင်နေခဲ့၏။

ကားနောက်ကို အမီလိုက်မောင်းနေရင်း နှုတ်ခမ်းတွေက ပြုံးနေသည်။ ကားကိုမမြင် လူကိုပဲမြင်ကာ နီးလိုက်ဝေးလိုက်ဖြစ်နေရသည့်အခြေအနေကို မချင့်မရဲဖြစ်လာတိုင်း လီဗာကိုပဲ ဖိနင်းနေမိသည်။

ချစ်တေး ...

မင်းက ချစ်တေး ပဲ ဖြစ်ဖြစ် အရိုင်ယောင်း အရိုင်သစ် ဘာဖြစ်ဖြစ် ငါ့မျက်လုံးထဲမှာတော့ နမ်းရှိုက်ချင်စရာပန်းကလေးတစ်ပွင့်ပါပဲကွာ...။

မနု နဲ့ ဖော် တို့ ဘယ်လိုပုံကြီးချဲ့ခံစားနေခဲ့သည်တော့မသိ ... သူသိနေတာက မိန်းကလေးတစ်ယောက်ကိုကြောက်နေဖို့မလိုပေ ...။

သူမလို မိန်းကလေးတစ်ယောက်က ဂုဏ်သိက္ခာတွေနင်းခြေနိုင်သည်ဆိုလျှင် ကိုယ်က ယောကျ်ား ...။ လက်ဖျစ်တီးပြီးတော့တောင် စိန်ခေါ်လိုက်ချင်သေးသည်။

"ကျွီ ..."

www.burmeseclassic.com

www.burmeseclassic.com



"ဟော့ .. ဘယ်လိုလဲကွ .."

ရှေ့ကားကို ကျော်တက်ပစ်လိုက်သဖြင့် တစ်ဖက်လမ်းကြောက ကားနဲ့ ပွတ်မိတော့မလို သီသီလေး ..။ သူ လက်ထောင်ပြလိုက်ပြီး 'ဆောရီး' လုပ်လိုက်သည်။ ပြီးတော့ နောက်ကလိုက်နေရင်း သုဝဏ္ဏ ဘက်ကို ကွေ့ဝင်သွားသည့်နောက်ကို လိုက်ကွေ့ခဲ့စဉ် ..၊

"ဟာ .."

"ကျွိ .."

"ဒုန်း .. ဒုန်း .."

"အင့် .."

လမ်းက ကားရှင်းသည်မို့ အရှိန်ထပ်တင်ပြီး လင့်ခရူဇာနောက် လိုက်ကပ်လိုက်မိသည်။ သို့သော် ကိုယ်ကမကပ်ရသေးခင် လင့်ခရူဇာ က ကိုယ့်ရှေ့ကနေ ဖြတ်ပိတ်ပစ်လိုက်ရာ မတိုက်မိအောင် စတီယာရင် ကို အတင်းဆွဲလှည့်ပစ်လိုက်ရကာ ..၊

"အား .. ကျွတ် .. ကျွတ် .."

ပြာမိုက်သွားသည့် မျက်လုံးတွေကို တော်တော်နဲ့မဖွင့်နိုင် ..။ အသက် ရှူမှားအောင် အောင့်တက်သွားသည့်ရင်ဘတ်က တော်တော်နဲ့ ရှူရှိုက် ခွင့်မပေးခဲ့ဘဲ ..၊

"ဘုန်း .."

သူ့ဘေးက တံခါးကို ဘာနဲ့ပိတ်ထုပစ်သည်မသိ ..။

"ဘယ်လိုလဲ .. ခုတော့ အရင်မလိုတော့ဘူးလား ဉာဏကျော် .."

သူမအသံ ..၊

ပြီးတော့ အနီရောင်အရိပ်ကို သေချာမြင်လာရ၏။ လမ်းဘေး ပလက် ဖောင်းကို အရှိန်နဲ့ပစ်ဆောင့်မိသည့်အရှိန်က သူသာ မထိန်းနိုင်ခဲ့လျှင် လမ်းတစ်ဖက်က ချောက်ထဲကို ထိုးဆင်းသွားနိုင်၏။

"အရိပ်ဟောင်း .."

"ဟုတ်တယ် .."



"မင့် .. မင်းတော်တော် .."

"ရက်စက်တယ်ပြောမလို့လား .. ဒီမှာ အသက်ရှူမှားနေလည်း နားကတော့ မမှားနိုင်ပါဘူး .. သေချာနားထောင် .."

သူမက သူ မှန်ချလိုက်တာကို အားမရသည့်ပုံနှင့် မှန်ကြားထဲက နေ လက်လျှိုသွင်းပြီး မြန်မြန်ဆန်ဆန်မှန်ကျအောင် ဖွင့်ပစ်လိုက်ရင်း ..၊

"ငါ့ကို ဗြဲသနာလိုက်မရှာနဲ့ လော့လောဆယ် ငါ့မျက်လုံးထဲမှာ နင်တို့မတိုးသေးဘူး၊ အလှည့်ကျ မဆောင့်ဘဲ သွေးရူးသွေးတန်းထဖြစ်နေ ရင်တော့ အသေစောလို့ နှမျောလိုက်တာပြောမယ့်လူတောင်မရှိဘဲဖြစ် သွားမယ် နားလည်လား .. ကိုယ့်ဘာသာ ခွေးဓာတ်ခင်းထားတာတွေ သတိရ .."

သူမ ချာခနဲပြန်လှည့်သွားကာ ချက်ချင်းကားမောင်းထွက်သွား ၏။ အကြီးအကျယ် ကြိမ်းဝါးနေပြီး ပြောပြေးပြေးသည်ထင်ရပေမယ့် သူမ ထွက်သွားတာနှင့် လူတွေပြေးလွှားရောက်လာကြတော့ နားလည် သွားမိသည်။

"ဘယ်လိုဖြစ်သွားတာလဲ .."

"ဟိုကားနဲ့ဖြစ်တာထင်တယ် .. မောင်းပြေးသွားပြီ .."

"လူ ဘာဖြစ်သွားလဲကြည့်ဦး .."

"ဘာမှမဖြစ်ဘူးထင်တယ် .. သူ တစ်ခုခုပြောနေတယ်ကြည့်လိုက် ဦး .."

"ဖုန်း .. ဖုန်းပေးနေတာဟ .. ဘယ်ကိုဆက်ခိုင်းတာလဲမသိဘူး.."

သူ စကားသိပ်မပြောနိုင်ပေမယ့် ..၊

"အဲ့ဒီထဲမှာ ခနု .."

"ခနု တဲ့ .."

"မ .. မရှင် .. ဖော့် ကို .."

"ဟုတ်ပြီ .. ဟုတ်ပြီ .. ရှာနေပြီ .."

လူတွေတစစများလာကြပေမယ့် ကျော့် မျက်နှာပြုံးနေတာ တအားဘဲ

www.burmeseclassic.com

www.burmeseclassic.com



ထ တွဲချပေးကြတဲ့အတိုင်း ယိုင်နဲ့နဲ့ထွက်လာခဲ့ရပြီး ...၊

"ကျော် .. ဘယ်လိုဖြစ်တာလဲ .."

မနေ ကို ခေါ်မရပေမယ့် ဖော် ကိုရတော့ ဆက်သွယ်လို့ရကာ သူ့ဆီ ပြေးလွှားရောက်လာခဲ့၏။ ဖော့် ရောက်လာတော့ သူ တော်တော်သက်သာ နေပြီဖြစ်လျက် ...၊

"ချစ်တေး .."

"အရိပ်ယောင်း လို့ ခေါ်စမ်းပါကွာ .. အန္တရာယ်များလိုက်တာ .."

ဆေးမှာ လူတွေမရှိတော့တာတောင် ဖော် က စိုးရိမ်သံနှင့်တား နေသေးသည်။ ကျော် က ကားထဲကိုခပ်နဲ့နဲ့ဝင်ရင်း ခေါင်းညိတ်လိုက် တာ ...၊

"အေး .. ဟုတ်တယ် .. အန္တရာယ်ပေးနိုင်တဲ့ မိန်းကလေးမှန်း ငါ လက်ခံသွားပြီ .."

"တော်သေးတာပေါ့ .."

အသက်တွေ ဘယ်အရွယ်ပဲရှိနေနေ သူတို့နဲ့စာရင်တော့ ချစ်တေး ဆိုတဲ့ကောင်မလေးက ချာတိတ်လေးပဲဖြစ်ခဲ့တာမို့ ခုထိလည်း ဒီတိုင်း ပြောနေမိတာဖြစ်သည်။

ထို့ပြင် ပြန်ပေါ်လာသည့် အရိပ်ယောင်း ဆိုသည့် မျက်နှာလေးက လည်း နှငယ်လှဝနေသည်ဖြစ်ရာ ...၊

"ငါ တကယ် သူ့ကို လှနေတာကလွဲပြီးဘာမှ .."

"မင်း ဘာမှမမြင်တော့အောင် မှုန်သွားတာအပြစ်မဟုတ်ပါဘူး၊ တစ်ကိုယ်လုံးကလည်း ဘယ်ကိုကြည့်ကြည့် မျက်လုံးလွှဲချင်စရာမှမရှိ ဘဲ၊ ဒါပေမယ့် သူက ချစ်တေး ဆိုတာ သိထားကာမှတော့ သူ့အလှအပ တွေရဲ့နောက်ကွယ်က လက်နက်ကို မေ့လို့မရဘူးကွ .."

စကားပြောရင်း ဖော် က တံခါးပိတ်ပေးမလို့ ပြင်လိုက်ပြီးမှ ...၊

"မင့်ကားကိုထားခဲ့ရမှာ ဒီနေရာက သိပ်တော့စိတ်မချရဘူးထင် တယ်၊ ဘယ်လိုလဲ .. ဝပ်ရှော့လာတဲ့အထိ စောင့်မလား .."



"ကဲ .. တက်စမ်းပါကွာ .. သူတို့နဲ့လမ်းမှာတွေ့မှာပါ၊ ငါ့နံကြား ထဲက အောင့်နေတာ အသက်ဝဝရှူလို့မရသေးဘူး .."

"ဒါနဲ့ .. ဘာမှမဖြစ်ဘူးဆို .."

"ဒီလောက်ဆောင့်ခါပြီး နစ်ချက်လောက်မြောက်သွားတာကို ကား တောင် ကံကောင်းလို့ ထက်ပိုင်းကျိုးမသွားတာ .."

"ဒါဆိုရင်တော့ မင့်ကား ရှော့ဘားတွေသွားပြီ .."

"သွားချင်ရာသွားပေ့စေ .. ဟိုကောင့်ကို သွားမပြောနဲ့ အလိုလို သာမှ .."

"ဟုတ်တယ် .. ခုတောင် မင်းကို တော်တော်တင်းနေတာ .."

"မတတ်နိုင်ဘူး .. ရင်ဘတ်ပူဆာမနေသာဘူး .."

"ငါ့ဝမ်းပူဆာမနေသာပါ .."

"ဝမ်းကပူတာမဟုတ်ဘူး .. ရင်ဘတ်ကြီးက ရှန်းရင်းဆန်ခတ် အဖြစ်တာ .."

ကားမောင်းထွက်လိုက်ရင်း ဖော် က လှည့်ကြည့်ကာ ...

"ကျော် .. ကိုယ့်ကိုယ်ကိုယ်လည်း ငုံ့ကြည့်ဦး .."

"မင်းအရင်ကြည့် .."

"သေနာ .."

"မတရားသဖြင့်တွေလာမပြောနဲ့ .. မင်းနဲ့ မနေ စခဲ့တဲ့ခတ်လမ်း"

"ဟော့ကောင် အဲဒါကို ငါမပါဘဲနဲ့ပြော .. မနေ က ဒါရိုက်တာ .."

"ဘာပဲဖြစ်ဖြစ် ငါက နောက်ဆုံးကျမှချည်းပဲ .."

မကျေနပ်တာတွေ ထွက်လာတော့ ဖော် က ရယ်ကျဲကျဲဖြစ်သွား၏။

"ဟဲ .. ဟဲ .. ဒါကတော့ မနေ ကလည်း မနေ ဖြစ်နေတာကိုးကွ.."

"မင်းကရော .."

"ငါကလည်း ဖော် လေ .. ဒါပေမယ့် .."

"ဘာဖြစ်လဲ .."

"အားနွဲ့သူလေးမို့ပါ .."

www.burmeseclassic.com

www.burmeseclassic.com



"ချွေးသူခိုး ... ဒါကြောင့် အားကျမခံ သားနှစ်ယောက်တောင် မွေးထားတာ ..."

"ဟစ် ... ဟစ် ... ဟစ် ..."

ဓော် ပခုံးပုပြီးရယ်နေပြီဆို အလွန်နားဝင်ဆိုးသည့်ရယ်သံမျိုး ထွက်တတ်တာ တွေ့ဖူးတတ်သည်၊ အားနာတတ်လွန်းသည်ဆိုပြီး နှစ်ယောက်က သူ့ကိုဆိုညှာပြီးသား ...။

ဒါပေမယ့် တက်ညီလက်ညီလှုပ်ရှားကြပြီဆို သူ မပါခဲ့တာလည်း မရှိ ...။

"မှတ်ထားဦးနော် ... ငါ အခုဖြစ်တာ ဟိုကောင့်ကို မသိစေနဲ့ ..."

"မင်းလည်းပြောပါဦး ... အခု အတွျတ်တရားရသွားပြီလား ..."

ကျော် က အသက်ရှူမဝသေးသည့် အမူအရာတွေဘာမှမရှိဘဲ မျက်နှာကို မော့ထားလိုက်ပြီး ...၊

"ငါ့ဟာနဲ့ငါဝါ ..."

"ဟုတ်ပါတယ် ... မင့်ဆီမှာ မင့်ဟာဝါပဲ ..."

"ဟော့ကောင် ..."

"မင်းက မာနကြီးတယ်လေ၊ အရှေးအငှားမလုပ်တတ်တာ မဟုတ်လို့လား ..."

ဒဏ်ရာနဲ့လူက ဆဲလိုက်တာ တစ်တစ်ခွခွ ...။

ပြီးတော့ လမ်းဘေးတစ်နေရာကို လက်ညှိုးထိုးလိုက်ပြီး ...၊

"ဟိုမှာ ချစ်တေး ..."

"ဟင် ... ဘယ်မှာလဲ ..."

"ကျွီ ..."

"တီ ... တီ ..."

ထိတ်လန့်ဖျာဖျားသည့်အသံကို မောင်းနေသည့်ကားက ဗရုန်းဗတာလှူးခါသွားခြင်းဖြင့် သရုပ်ဖော်နေ၏။ ဘေးက ကပ်ကျော်သွားကြသည့် ကားတစ်ချို့လှည့်ကြည့်ပြီး ဆဲသွားကြလျှင် ...၊



"ဒီနေ့ ပြဿဒါးက ဆဲဒေးဖြစ်မယ် ..."

"ဟား ... ဟား ... ဟား ..."

"မင်းကဲ ငါ့ကို ကြောက်တတ်လိုက်တာဆိုပြီး လှောင်တယ်ပေါ့"

"ဟား ... ဟား ... ဟား ... မင်းကြောက်နေတာက လွန်လွန်း ..."

"ဟိုမှာ ဒါက တကယ် ..."

"တော်တော့ ..."

"ဓော် ... ဟိုမှာ ရွှေအိုရောင်လင့်ခရူဇာကွ ... ကြည့်လိုက် ... ငါ တကယ်ပြောတာ၊ သူ ဘယ်မှာနေသလဲ ဘယ်သူနဲ့တွေ့မှာလဲသိရအောင် လိုက်ကွာ ..."

"မင်း တကယ်ပြောနေတာလား ..."

ခုမှ ပတ်ဝန်းကျင်ကို မျက်လုံးခွေ့ဖို့သတိရသွားသည်။ ကြည့်လိုက်တော့ လင့်ခရူဇာကြီးကို နောက်ကသေချာမြင်လိုက်ရ၏။ ဓော့် မျက်နှာပေါ်က အပြုံးတွေ ပျောက်ကွယ်သွားလေသည်။

ကျော် ဘယ်လိုခံစားပြီး မက်မောနေခဲ့သည်မသိ ...။

သူ ခံစားလိုက်ရတာကတော့ ဘီလူးတစ်ကောင်ကိုတွေ့တဲ့အတိုင်း...။

♥♥♥

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၈)

ထမင်းဝိုင်းမှာ သူမပါနေသလိုလို၊ ဒေါ်ကျော့ ထမင်းစားဖို့လာခေါ်တော့ ထမင်းစားခန်းထဲဝင်သွားတာ သူ သေချာမြင်လိုက်ရသည်။

တစ်ညနေလုံး အလုပ်လုပ်နေခဲ့တာကြောင့် ဗိုက်ကလည်းဆာနေ၏။ ကိုယ့်အခန်းထဲ ယူလာခိုင်းတဲ့အထိ လုပ်ပြန်ရင်လည်း မကောင်း…။

ဒီမိန်းမစားပြီးမှ စားရအောင် သင်းက ဘာလဲ … ကိုယ်က ဘာလဲ…။

အခန်းထဲမှာ ခေါက်တုံ့ခေါက်ပြန်လျှောက်ရင်း ဒေါသနဲ့ ဆာလောင်နေသည့်ဒုက္ခကို ကောင်းကောင်းကြီးခံစားနေရလေသည်။

ဒါ လက် ဆိုတဲ့မိန်းမ အစီအမံမတတ်တာတွေကြောင့် …။

"ဒေါ်ကျော့ မောင့်ကိုမခေါ်ခဲ့ဘူးလား …"

လက် ကလည်း ထမင်းဝိုင်းမှာ ထိုင်စောင့်နေရင်း လည်ပင်းတရှည်ရှည်နဲ့ဖြစ်နေခဲ့၏။

"ဒေါ်ကျော့ ခေါ်ခဲ့ပါတယ် မလက် ရယ် … ချက်ချင်းထလိုက်လာတယ်ပဲထင်တာ၊ ဟိုလေ … သူ့ဒွေး ထရပ်လိုက်တာမြင်မှ ဒေါ်ကျော့ ထွက်လာခဲ့တာပါ …"

ထမင်းစားပွဲမှာထိုင်လိုက်သည့် အရိပ် ကိုယ်လေး ဖင်ထိုင်မကျသေးဘဲ ပြန်ထရပ်ပြီးသားဖြစ်သွားတာ …၊



"ဒါဆို အရိပ် နောက်မှပဲစားတော့မယ်လေ နော် …"

"အို … မဟုတ်တာ ညီမရယ် … ထိုင်ပါ … မောင် အလုပ်တွေလက်စမသတ်နိုင်သေးလို့ဖြစ်မှာ …"

တကယ်တော့ သူမ ဝင်လာတည်းက စိတ်လေးသွားမိတာဖြစ်သည်။ ခါတိုင်းဆို မောင် ထမင်းစားတဲ့အချိန်မှာ သူမ ရှိမနေတတ်ခဲ့ဘဲ ဒီညစာကျမှ ဘယ်လိုတွေတိုက်ဆိုင်နေသည်မသိ …။

မောင် နေ့လယ်ပိုင်းပြန်ပြန်လာတာလည်း သုံးရက်ရှိပြီဖြစ်တာ သူမကလည်း ဒီနေ့ကျမှ …၊

"နေဦး … ဒေါ်ကျော့ သွားထပ်ခေါ်လိုက်ဦးမယ် …"

"နေပါ … ညီမလည်း တစ်ခါတည်းပဲစားလိုက်ပါ၊ မောင့်ကို လက်သွားခေါ်လိုက်တော့မယ် …"

"အရိပ် လည်း နောက်မှပဲစားပါ့မယ် … တော်ကြာ အရိပ် ရှိနေရင် ကိုကြီး လာစားမှာမဟုတ်ဘူး …"

"အယ် … ညီမရယ် အဲလိုတော့ …"

"အားနာစရာမလိုပါဘူး မလက် ရယ် … ကိုကြီးကို အရိပ် နားလည်ပါတယ်၊ အရောင့် ကိုလည်း ကတိပေးထားလို့ပါ၊ သူ မရှိတုန်း အရိပ် အနေအထိုင်မတတ်လို့ နှင်ချခံလိုက်ရတာမျိုးမဖြစ်စေချင်ဘူး …"

"ဟာ … တီတီက ဘယ်သွားမလို့လဲ … ခုနကတော့ ဗိုက်အရမ်းဆာလို့ဆို …"

မယ်ပျော်သာ အထဲဝင်လာသည့် ဖြူလေးက ထမင်းစားပွဲမှာထိုင်ဘဲ အရိပ် လက်ကို သွားဆွဲခေါ်ထားကာ …၊

"လာလေ … မီးတို့နဲ့ အတူတူစားမယ်လေ …"

"ဟုတ်ပါတယ် ညီမရယ် …"

"ဟင့်အင်း မလက် …"

အရိပ် က လက် ကို ခေါင်းခါပြလိုက်ပြီး ဖြူလေးကို ပြုံး၍ —

"အဲ့ဒီတုန်းက ပေါင်မုန့်မီးကင်တစ်ချပ်ယူစားလိုက်တာ ဆော

www.burmeseclassic.com



တော့လို့သမီးရဲ့ .. အခု ထမင်းစားဖို့လာတာမဟုတ်ဘူး သမီးမာမီက ပြောစရာရှိလို့ခေါ်တာနဲ့ ဝင်လာတာ .."

အရိပ် ဖွတ်ထွက်သွားတော့ လက် စိတ်မကောင်းဖြစ်သွားမိသည်။ သူမ ကတယ်ဆာလို့ဝင်လာတာမှန်းသိလိုက်ရတော့ ပိုဆိုးသည်။

"တီတီက ခုနလေးတင် ထမင်းဆာတယ်ဆိုပြီးတော့ ပေါင်မုန့် စားတာလည်းမတွေ့ဘဲနဲ့ .."

ပြောနေရင်း မယ်ပျာယာ ပြန်ထွက်သွားတာကိုလှမ်းခေါ်လိုက်ပြီး--

"ပျာကြီး တီတီ့ကိုပေါင်မုန့်လုပ်ပေးလိုက်တာလားဟင် .."

မယ်ပျာယာ က လှည့်ကြည့်ပြီး ခေါင်းခါပြသည်။

"ပျာကြီးက ချက်ပြုတ်ရတဲ့သူမှမဟုတ်ဘဲ ကလေးရဲ့ .. ဒေါ်ကြီး လုပ်ပေးလိုက်တာနေမှာပေါ့ .."

ဒေါ်ကျေ့ ဟင်းတွေပြင်ဆင်ပေးရင်း မျက်နှာပျက်သွားသည်။ ဒါပေမယ့် လူကြီးမို့ နားလည်နေကာ လက် ဆီ မျက်လုံးတစ်ချက်ဝေ့ကြည့်မိရင်း ..၊

"ဟုတ်တယ် ဒေါ်ကျေ့ လုပ်ပေးလိုက်တာလေ မီးလေးရဲ့ အဟွန်း-- ထိုင် မီးလေး .. ထိုင် .."

ဖြူလေး က နှုတ်ခမ်းလေးစူနေဆဲရှိကာ ..၊

"တီတီနဲ့ ထမင်းတူတူတစ်ခါမှမစားရဘူး၊ မောင်မောင်လည်း ထမင်းမစားနိုင်ဘူး၊ ဒက်ဒီကလည်း ထမင်းစားရင်းစကားပြောရင်ဆူတယ် .."

"သမီး နှုတ်ခမ်းကြီးစူမထားနဲ့လေ .. ဟိုမှာ ဒက်ဒီ ဝင်လာနေပြီ--"

သမီးကို သတိပေးလိုက်ရင်း လက် က ဟင်းတွေကို ခနဲ ပန်းကန်ထဲ ဦးချထည့်ပေးသည်။ ပြီးတော့ သမီးအတွက်ထည့်ပေး၍ လုပ်နေကျအတိုင်း ဝတ္တရားမပျက် ..။

"မာမီ .. အဲဒီပဲဝင်ပေါက်တွေ မီး မကြိုက်ဘူး .."

"မကြိုက်လည်း နည်းနည်းတော့ စားပေးရတယ် သမီးရဲ့၊ ပဲဝင်



ပေါက်စား မျက်စိကြည်တယ်၊ ဟင်းရွက်ကြော်တစ်နေ့တစ်မျိုးစားမှ ကိုယ်ခန္ဓာအတွက် အာဟာရမျှတမှာပေါ့ .. စားကြည့်နော် ဟိုနေ့က မကျွတာကျက်ရေမွေးဖျော်ပြီးသုပ်ထားတာမို့လို့ သမီး မကြိုက်တာပါ၊ အခု စိမ်းစော်မနံတော့ဘူး .."

"စားစရာကို ဒီလောက်ချော့မော့ကျွေးနေရလား .. ဒါ ဆေးဝါး တွေမှမဟုတ်ဘဲ သမီးက မောင်လေးထက်လည်းကြီးတယ်နော် .. ငယ် တဲ့လူရှေ့မှာ ဒီလိုတွေလုပ်နေရင် အငယ်ကို ဘယ်လိုဆုံးမမလဲ .."

ထမင်းစားပွဲမှာထိုင်လိုက်တာနှင့် အမြင်မတော်ခြင်းကစသည်။ စိုက်ဆာနေသည့်ဒေါသကြောင့် မြင်မြင်သမျှကို စိတ်မရှည်ဖြစ်နေရတာ လားတော့မသိ ..။

ထမင်းဝိုင်းမှာ စကားများတာမကြိုက်ဘူးဆိုကာမှ ချော့မော့ကျွေး နေခြင်းနဲ့ စကားများနေရ၏။

ဖြူလေး က ဖအေကို မရဲတရဲမျက်လွှာပင့်ကြည့်ပြီး ခေါင်းလေး ငုံ့သွား၏။ မနဲ က ထမင်းစားပွဲကို မျက်လုံးဝေ့၍ ..၊

"ဟိုတစ်ယောက် ဘာလို့ထွက်သွားတာလဲ .."

လက် မျက်နှာမသိမသာတင်းသွားသည်။ ထမင်းဝိုင်းမှာ သားငယ် ဘာလို့မရှိတာလဲ မမေးဘဲ မေးစရာမလိုတာကိုမေးနေသည်။ ဒီရက်ပိုင်း မှာ လင်မယားစကားပြောတိုင်း အဆင်မပြေကြတာမို့ လက် စကားနည်း ရန်စဲနေနေခဲ့တာပါ။

ထမင်းစားဖို့သွားခေါ်ခဲ့တာတောင် ခါတိုင်းလို မထမချင်းခေါ်မနေ ဘဲ သူ့ အလုပ်လုပ်နေတာမြင်တည်းက ..၊

"လက် .. မင်း ဘာဖြစ်နေတာလဲ .."

"ဘာမှမဖြစ်ပါဘူး .. မောင် ဘာဖြစ်နေတာလဲပဲ စဉ်းစားနေတာ.."

"ကိုယ့်ကိုမေးခွန်း ပြန်ထုတ်တာလား .."

မေးလိုက်ရင်း သမီးကို ငဲ့ကြည့်သဖြင့် ကလေးရှေ့မှာ စကားမများ နဲ့ပါ သတိပေးလိုက်တာဖြစ်သည်။ ဒါပေမယ့် သူသာ ပြောခွင့်ရှိနေတာ

www.burmeseclassic.com

www.burmeseclassic.com



လား ..။

"လက် စဉ်းစားနေတာကိုပြောပြတာပါ၊ အရိပ် ကို မေးလိုက်တာလားလို့ထင်ပေမယ့် သူ ရှိမနေတာအတွက်နဲ့တော့ မောင် ဒီလိုမေးနေမှာမဟုတ်ဘူးလေ၊ သားကို မေးတာဆိုရင်လည်း ဟိုတစ်ယောက်လို့ .."

"သားက ဘယ်မှာလဲ .."

မေးသင့်သည့်မေးခွန်းက နောက်ကျစွာရောက်လာခဲ့၏။ လက်က မတည်မငြိမ်မျက်ဝန်းလေးတွေနဲ့ စိုက်ကြည့်ကာ ..၊

"မနက်အစောကြီးတည်းက သားငယ် မှိုင်နေလို့ ကျောင်းမထည့်လိုက်ဘူး၊ နေမြင့်လာတော့ ကိုယ်တွေပူလာတယ် .."

"ဘာလို့ ကိုယ့်ဖုန်းကိုမဆက်တာလဲ .."

"ကိုယ်တွေပူလာတော့ ဖုန်းဆက်ပါတယ်၊ မောင် ဧည့်သည်နဲ့စကားပြောနေတယ်လို့ မောင့်အတွင်းရေးမှူးကပြောတယ်၊ နောက်ထပ်ခေါ်တော့ အစည်းအဝေးခန်းထဲရောက်နေပါတယ်တဲ့ .."

အိမ်ကဖုန်းကိုတောင် အတွင်းရေးမှူးက ပြောခွင့်ပေးမှပြောရတာလား ..။

သူမ နာကျင်ခဲ့ပေမယ့် သုံးကြိမ်အထိခေါ်ခဲ့သေးသည်။ ခုလိုမေးခွန်းထုတ်လာမှာစိုးလို့ပါ။

"ဆောရီးပဲ .."

ပါးစပ်ထဲကို ထမင်းလုတ်သွင်းလိုက်ရင်း ခနဲ က ဆောရီးလုပ်သည်။ ပြီးတော့ မျက်လွှာချနေတာလည်းမဟုတ်၊ ကြည့်လည်းမကြည့်ဘဲ ထမင်းငုံ့စားနေသလိုမျိုးနှင့် ..၊

"အရမ်းအရေးကြီးတဲ့အလုပ်ကိစ္စတွေပြောနေရင် ဖုန်းပြောလို့မဖြစ်ဘူး .."

"လက် သိပါတယ် .. မောင် အလုပ်ထဲရောက်သွားရင် အလုပ်ကိုပဲ စိတ်နှစ်ပြီးလုပ်နေတတ်တာ သိတာပေါ့၊ ဒါပေမယ့် မောင် ကိုယ်တိုင်ဖုန်းကိုင်ပြီး 'လက် ရေ ခဏကြာမှပြန်ခေါ်မယ်' ဖြစ်ဖြစ် 'ဘော့စ်ထာ



ပြီးမှပြန်ခေါ်ပါ့မယ်တဲ့' ဆိုတာမျိုး .."

ခနဲ မျက်နှာတည်တည်ကြီးနဲ့ မျက်လွှာပင့်ကြည့်သည်။ ပြီးတော့ ခွန်းခပ်ရင်းကိုချထားလိုက်ပြီး ..၊

"ကိုယ်နဲ့ ကိုယ့်ဝန်ထမ်းရဲ့ စည်းကမ်းကို မင်း နားလည်သင့်တယ် လက် .. စကားပြောနေတဲ့ ကိုယ့်အထက်လူကြီးကိုစကားဖြတ်ပြောခံ့တဲ့ ဝန်ထမ်းမျိုးကို ကိုယ့်ဆီမှာ ဘယ်တော့မှမထားဘူး .."

"လက် ကလည်း မောင့်ကိုပြောမပေးရကောင်းလားလို့ ဝန်ထမ်းကို အပြစ်တင်တာမဟုတ်ပါဘူး၊ မောင့်အတွက် စည်းကမ်းသည်အမိကစည်းကမ်းက ပဓာနဖြစ်နေတာကိုပဲ .."

"အဲဒါ မကောင်းဘူးလား .."

"ကောင်းပါတယ် .. ဒါပေမယ့် မောင့်အိမ်ထောင်မိသားစုအရေးကို စီးပွားရေးနဲ့ တစ်တန်းတည်းထားနေတာက .."

"ငါ့ကိုဘယ်လိုနေပါ ထိုင်ပါလို့ မင်း သင်ဖို့မလိုဘူးဆိုတာ ထပ်ပြောရဦးမှာလား .."

သင်ပေးနေတာမဟုတ်ဘူး မောင် .. မောင် သတိမထားမိတာတွေကို ပြောပြတာ ..။

မိဘအုပ်ထိန်းသူတွေရဲ့ ဆုံးမသွန်သင်မှု မောင် မရခဲ့ဘူး။ မိသားစုဘဝ ဘယ်လိုလဲဆိုတာကိုလည်း စိတ်ဝင်စားရကောင်းမှန်း မောင် မသိဘူး ..။ လူဆိုတာ ကိုယ်က သွန်သင်ဆုံးမမှုခံခဲ့ဖူးမှ ကိုယ့်ရင်သွေးကိုဆုံးမတတ်တာ၊ သူများအပေါ်မှာ နားလည်ခွင့်လွှတ်နိုင်စွမ်းရှိတာ မောင့်မှာ ဘာမှမရှိဘူး ..။

လက် ရဲ့ မျက်ဝန်းတွေမှာ စကားလုံးပေါင်းများစွာပေါ်လာခဲ့ပေမယ့် နှုတ်ဆိတ်နေခဲ့၏။ ခနဲ ကလည်း ထမင်းဆက်စားနေပြီး ခွန်းခပ်ရင်းကို အသံမမြည်အောင် ဆောင့်ချနည်းနှင့် စုံချထားလိုက်ပြီး ..။

"ကျေးဇူးပဲ လက် .. စားသောက်ကောင်းအောင် စကားပြောပေးဖော်ရတဲ့အတွက် .."

www.burmeseclassic.com

www.burmeseclassic.com



ခနေ ထထွက်သွားတာနှင့် လက် မျက်နှာလေးပျက်ပျက်နှင့် ကျန်ခဲ့လေသည်။ ကိုယ့်ကို ပြုံပြင်သွားတာမို့ နှုတ်ခမ်းလေးဖိကိုက်ထားသည့်ကြားက မျက်ရည်ဝဲလာခဲ့၏။

လက်ထပ်ပြီးတည်းက ဆရာဝန်ဆိုသည့်အဲ့ကိုရော အလုပ်ကိုဝါ ရှန့်လွှတ်ခဲ့ရသည်။ ကိုယ်က မောင်လို့ခေါ်ခဲ့ရပေမယ့် သူကတော့ သူ့ကိုယ်သူ မောင်လို့တစ်ခါမှ ထည့်မပြောခဲ့သည့်ပြင် သူ့စိတ်အေးချမ်းနေတဲ့အခါ 'ကိုယ်' လို့ သုံးနှုန်း၍ ဒေါသဖက်လာပြီဆိုပြီ 'ငါ' လို့ ရင့်သီးစွာ ပြောတတ်သေးသည်။

တစ်ချို့မိတ်ဆွေက လက် နဲ့ သူ ချစ်လို့လက်ထပ်ခဲ့ကြတယ်ဆိုတာတောင် မယုံချင်သလိုလို ...။

"မာမီ ..."

"ဟင် .. အင်း .. စားလေ သမီးလေး .. ဘာလိုချင်လို့လဲ .."

ဖြူလေး က လက် ရဲ့ မျက်နှာကိုငေးမော့နေရင်း ခေါင်းခါ၍ ...

"မာမီ ဝမ်းနည်းသွားတာလားဟင် .."

"မဟုတ်ပါဘူး သမီးရယ် .. သမီး ဒက်ဒီနဲ့ မာမီက ဒီတိုင်းပဲ၊ သူကလည်း ထမင်းဝိုင်းမှာ စကားပြောတာမကြိုက်၊ မာမီကလည်း မိပြောဝဲပြောနေမိတယ် .. အပွန်း .."

မျက်ရည်စတို့က မျက်နှာပို့လွှဲဒီလွှဲ မျက်တောင်တွေခတ်၍ သိမ်းဆည်းရင်း ...၊

"အလုပ်ရှုပ်နေတဲ့သူဆိုတာ နေရာတကာမှာ စိတ်မရှည်ဖြစ်နေတတ်တယ် သမီးရဲ့ .."

"အေးမြမလာတို့ ဒက်ဒီဆိုရင် ဒက့်ဒီလိုပဲ ကုမ္ပဏီအကြီးကြီးပိုင်တာပဲ မာမီ၊ ဒါပေမယ့် ကျောင်းကိုလည်း ခဏခဏလာကြိုတယ်၊ မုန့်တွေအများကြီးဝယ်လာပြီး သမီးတို့ကိုပါကျွေးတယ်၊ အရမ်းသဘောကောင်းတာပဲ .. ဒက့်ဒီလို ဒေါသတွေမဲ့ထွက်နေတာမဟုတ်ဘူး .."

သမီး နှုတ်ဖျားကပြောလာပြီကို ကြားလိုက်ရကာ လက် ဘယ်လို



ဖြေရှင်းရမှန်းမသိဖြစ်သွားသည်။ မိသားစုတာဝန်ကျေပြွန်ဖို့ဆိုတာ ငွေရှာပေးနေရုံနဲ့မပြီးမှန်း မောင်က နားမလည် ...။

ကလေးဆိုတာကလည်း မေတ္တာ စေတနာနှင့် ယုယကြင်နာခြင်းကလွဲ၍ ဘာမှမသိ ...။

သားလေးရဲ့အခန်းထဲကိုရောက်သွားခဲ့တဲ့အထိ လက် ရင်ထဲမှာ မကောင်းနိုင်သေးပေ ...။

"သားလေး အိပ်နေတယ် သမီး .."

ဒေါ်ကျော့ က ကလေးရဲ့စားပွဲပေါ်က ကစားစရာတွေနဲ့ စာအုပ်ဖွင့်လက်စတွေကို သိမ်းနေရင်း ခပ်တိုးတိုးလှည့်ပြောသည်၊

"အဖျားမတက်တော့ပါဘူး ကလေးက လန်းလည်းလန်းပါတယ်၊ မလက် ပြန်ထွက်သွားပြီး ခဏဆော့နေသေးတယ်၊ ပြီးတော့မှ အိပ်သွားတာ .."

နဖူးလေးကို စမ်းကြည့်ရင်း လက် က ခေါင်းညိတ်၍ ...၊

"တော်သေးတယ် .. ဒီနေ့ထမင်းပွဲမှာ သားငယ်မရှိနေလို့ .."

ဟု တီးတိုးဆိုမိ၏။ ဒေါ်ကျော့ ကလည်း လက် တို့ အိမ်ထောင်ရေးကို ရိပ်မိနားလည်နေသူမို့ ...၊

"ဒေါ်ကျော့ တို့က အလုပ်သမားတွေဆိုတော့ ပြောခွင့်တော့မရှိပါဘူး .. ဒါပေမယ့်လေ .."

"အင်း .. ရပါတယ် .. ပြောပါ .."

"ဒီလိုပါ သမီးရယ် .. ကလေးနှစ်ယောက်ရပြီဆိုပေမယ့် မလက်တို့ အိမ်ထောင်သက်က နုပါသေးတယ် .."

"အသက်တွေလွန်မှ အိမ်ထောင်ပြုခဲ့ကြတာပဲ .. ဒေါ်ကျော့ ရယ်.."

"တစ်ခါတလေမှာ မေတ္တာစိတ်က အသက်အရွယ်နဲ့ မသက်ဆိုင်သလိုပဲ သမီးရဲ့၊ တစ်မိသားစုနဲ့ တစ်မိသားစု ပေါင်းဖက်ကြရာလည်း နားလည်မှုရှိကြဖို့ဆိုတာ သိပ်ကိုခက်ခဲပါတယ်၊ ကိုယ်က မိခင်တစ်ယောက်လည်းဖြစ်နေပြီဆိုတော့ နားလည်မှုချင်း အချိုးကျဖို့မကြိုးစား

www.burmeseclassic.com



ဘဲ ကိုယ့်ဘက်ကစပြီး မပယိုင်လဲစေရဘူးဆိုတဲ့ သစ္စာတရားထားစေချင်တယ် ..”

ဒေါ်ကျော့ က စကားအများကြီးလည်းမပြောရရှာပါ။ ဒါပဲပြောပြီး ခေါင်းငုံ့၍ ခပ်သုတ်သုတ်ထွက်သွား၏။ ဒီလိုစကားတွေကို နားထောင်ချင်စိတ်တွေ ဆက်ဖြစ်နေသေးသဖြင့် တားလည်းမတားမိလိုက်ဘဲ အခန်းဝထိ လည်ပင်းလိမ်အောင် လိုက်ကြည့်နေမိ၏။

ထိုစဉ် လက် ရဲ့ မြင်ကွင်းထဲကို အရိပ် မျက်နှာလေးဝင်လာကာ...

“မလက် .. ကလေး နေကောင်းသွားပြီလားဟင် ..”

“ဩော် .. အင်း .. သက်သာနေပြီ ညီမလေး .. လာလေ ..”

“ထမင်းပွဲမှာမတွေ့လို့ ပျာယာကို မေးကြည့်လိုက်တော့ ..”

ပြောနေပြီး အခန်းဝကနေ ရှေ့တိုးမလာဘဲ ...၊

“တော်သေးတယ်နော် .. မလက် က ဆရာဝန်ဖြစ်နေတော့ သားလေး ကံကောင်းတာပေါ့၊ တစ်ချို့ကလေးတွေက ဆရာဝန်ဆိုအသံတောင် မကြားရဲဘူး၊ ကိုယ့်အမေက ဆရာဝန်ဖြစ်တော့ အေးဆေးပဲ ..”

“အဟွန်း .. ဟုတ်တော့ဟုတ်တယ် .. သားလေးက ဆေးထိုးရမှာ သိပ်ကြောက်တာ အရိပ် ရဲ့၊ ဆေးမထိုးရဘူးဆိုရင် သူ့ကို ဘာဆေးတိုက်တိုက် ဘာလုပ်ခိုင်းခိုင်းအကုန်လုပ်တယ် ..”

လက် က နေရာမှထရပ်လိုက်ကာ ...၊

“လာလေ .. ညီမလေး ဝင်လာခဲ့ပါ ..”

“ရပါတယ် မလက် .. တော်ကြာ ကိုကြီး အမှတ်တမဲ့ရောက်လာရင် အရိပ် ပြေးပေါက်မှားနေမှာ ..”

သူ့ခမျာ မောင့်ကို တော်တော်ကြောက်နေရှာသည်။

ဒါပေမယ့် လူတစ်ယောက်က ကိုယ့်ကိုကြောက်နေတာထက် လေးစားနေတာ ပိုမကောင်းဘူးလား ...။ ဒေါသကြီးနေတဲ့လူနဲ့ ခွင့်လွှတ်နေတဲ့လူ ဘယ်သူက လူတော်လဲ ...။

စိတ်မကောင်းခြင်းတွေနဲ့ လျှောက်ထွက်လာခဲ့ရင်း အရိပ် ရဲ့ ရှေ့မှာ ရပ်လိုက်ကာ ...၊



“ညီမလေးက သူ့ခယ်မလောင်းအဖြစ်နဲ့နေဖို့ ဆုံးဖြတ်ပြီးလာခဲ့တာ မို့လား .. အမြဲတမ်းရှောင်နေလို့မရဘူးလေ .”

“အရိပ် က ကိုကြီး ဆူဆူပြောပြောရင်ဆိုင်ရဲပါတယ် .. ဒါပေမယ့်”

သူမ ဘာကို ပြောရခက်သွားသည်မသိ .. ဆက်မပြောဘဲ မျက်လွှာချပစ်လိုက်၏။ ကော့နက်ရှည်လျားသည့် မျက်တောင်တွေက အတုတပ်ထားသလားထင်ရအောင်လှနေတာ အံ့သြလောက်ပါ၏။

ပြီးတော့ မျက်နှာလေးတစ်ခုလုံး ပြီးတော့ သူမရဲ့ ကိုယ်ခန္ဓာအလှ...။

ဘယ်လိုကြည့်ကြည့် အပြစ်ပြောစရာ ဘာမှမမြင်ပေ ...။ အိမ်နေရင်းဝတ်ထားသည့် ရိုးရိုးချည်ထည်ချိတ်ထမီအပြာလေးနဲ့ အပြာနုရောင် လည်ကပ်ကိုယ်ကျပ်ခါးရှည်လေးကပဲ လှတဲ့လူတွေပိုလှအောင် အသည်းအသန်ဝတ်စားပြင်ဆင်ထားသလောက် လှနေ၏။

ဒါကြောင့် မောင်လေးက အရူးအမူးစွဲလမ်းနေရှာတာပဲ ...။

အရောင့် ကို နားလည်သွားခြင်းနှင့်အတူ လွန်ခဲ့သော ညတစ်ညက သူမ အခန်းရှေ့မှာ ပျာယီပျာယာမျက်နှာနှင့် ရပ်နေခဲ့သော ခနကို သတိရသွားမိ၏။

ပြုံးကြည်နေသည့် လက် ရဲ့ မျက်နှာလေး ကွက်ခနဲပျက်သွားသည်။ သို့သော် ထိုစိတ်ကို ဖျောက်ဖျက်ထားလိုက်ရင်း ...၊

“ပြောလေ ညီလေး .. သူ ဆူတာကိုခံနိုင်ပါတယ်ဆိုတော့ ဒါပေမယ့် က ဘာလဲ ..”

“မဟုတ်ပါဘူး .. မလက် နဲ့ ကိုကြီး အရိပ် ကြောင့် အဆင်မပြေ ဖြစ်နေကြမှာစိုးလို့ပါ ..”

မောင်နဲ့ သူမ ရင်ဆိုင်နေကြတဲ့ အခြေအနေကို အရိပ် သိရင်တော လား .. တစ်အိမ်တည်းနေကြမှတော့ မမြင်ရင်တောင် ကြား[illegible]တောချိုး တော့ ရှိပေလိမ့်မည်။

“ညီမ ရောက်လာတော့ ညီမအကြောင်းပါ[illegible]တာပေါ့လေ၊ ဒါ

www.burmeseclassic.com

www.burmeseclassic.com



ပေမယ့် သူနဲ့ တို့ အစတည်းက အဆင်မပြေမှုလေးတွေရှိခဲ့တာပါ၊ သူ့ရဲ့ တစ်ဖက်သားအပေါ် အထင်မကြီးတတ်ခြင်းကြောင့် ခုထိ သူ့ကိုနားလည်ဖို့ ကြိုးစားနေရတာ မလွယ်ဘူး ..”

မပြောဘူးဆိုပေမယ့် အနည်းအကျဉ်းတော့ ပွင့်အံခဲ့မိကာ ..၊

“ညီမကြောင့်လို့ပဲထင်မနေပါနဲ့ .. ကိုယ့်ဆွေမျိုးရင်းချာတွေလို့ သဘောထားပြီး ညီမလေး လွတ်လွတ်လပ်လပ်နေပါ ..”

“ဟုတ်ကဲ့ .. မလက် ကို အရိပ် ကျေးဇူးတင်ပါတယ်၊ ခု အရိပ် ဝတ်ထားတာအဆင်ပြေရဲ့လားဟင် .. မြန်မာဝတ်စုံဆိုပေမယ့် သီးသန့်ချုပ်ထားတာသိပ်မရှိတော့ဘူး ..”

“ပြေတာပေါ့ .. ညီမက အရမ်းလှတော့ အရိုင်းအယဉ်နှစ်မျိုးစလုံးနဲ့ လှတယ် ..”

တကယ်စိတ်ထဲရှိတဲ့အတိုင်း ချီးမွမ်းမိတာဖြစ်သည်။ သူမလေး ရယ်လိုက်တော့လည်း ချစ်စရာ ..။

“ညီမလေးက ဘယ်အရွယ်တည်းက တစ်ယောက်တည်းနေတာလဲ ..”

နှစ်ယောက်အတူတူလျှောက်လာခဲ့ကြရင်း ဧည့်ခန်းမှာထိုင်ဖြစ်ကြကာ ..၊

“ဒေါ်ကျော့ ရေ .. ခြင်မီးတွေ ထွန်းလိုက်ပါဦး ..”

ဒေါ်ကျော့ ကိုလည်း သတိပေးလိုက်ရင်း ..၊

“မောင်လေးက နည်းနည်းပါးပါးပြောပြထားလို့ပါ .. ညီမက ..”

“ဟုတ်ပါတယ် .. အရိပ် ဆယ့်ခြောက်နှစ်မပြည့်ခင်တည်းက အမေ ဆုံးသွားတာပါ၊ ဒါပေမယ့် အမေက လူကြီးရောဂါနဲ့ ဆုံးသွားတာမဟုတ်ဘူး ..”

ခနဲ့ ရဲ့ ဧည့်ခန်းကိုလှမ်းတော့မည့် ခြေလှမ်းက တုံ့ခနဲဖြစ်သွားသည်။ အရိပ် ပြောနေတာမှန်းသိလိုက်သည်မို့ ရင်ထဲမှာတဒိုင်းဒိုင်းခေါင်းချုံ့လာတာက နှလုံးခုန်နေတာနဲ့တောင် မတူတော့ပေ ..။



ဒီနေရာမှာပဲ ခဏရပ်ပြီး နားစွင့်ဖို့ဆိုတာ ဘယ်လိုမှမဖြစ်တော့လောက်အောင် စိတ်တွေလှုပ်ရှားလာခဲ့ပြီး ..၊

“လက် ...”

တည်တင်းသည့်မျက်နှာနှင့် အပြင်ထွက်သွားလိုက်ကာ ..၊

“မင်္ဂလာ နိုးနေပြီ ..”

ဟင်!....

ခုလေးတင် သားအခန်းထဲကထွက်လာတာမို့ လက် အံ့ဩသွားသည်။ အရိပ် ကတော့ မအံ့ဩပါ။ လက် အထဲကိုဝင်သွားတာနှင့် စူးရဲသည့် မျက်လုံးတွေနဲ့ ခနဲ့ ကို ပြန်စိုက်ကြည့်မိသည်။

အကြည့်ချင်းဆုံနေပြီးမှ ခနဲ့ လှည့်ဝင်သွားလျှင် ..၊

“နေခနဲ့ ..”

သူမ ခေါ်သံကြောင့် ခနဲ့ ခြေလှမ်းတုံ့သွားသည်။ တိုက်ကြီးက အကြီးကြီးဖြစ်သလောက် ကျယ်လည်းကျယ်သည်။ ဧည့်ခန်းကို အထူးအလှဆင်ထားတာမို့ ပတ်ဝန်းကျင်ကွယ်ရပ်ဆိုတာမရှိသလောက်ပင်..။

အထူးသဖြင့် သူမနဲ့ ခနဲ့ ရဲ့ အကွာအဝေးအရ မကြားအောင်ပြောသည့်စကားကို တခြားလူကြားရဖို့မလွယ် ..။ သူ ခြေလှမ်းရပ်သွားတာနှင့် အရိပ် က သူ့နောက်နားတန်းရောက်သွားကာ ..၊

“ရှင် သိပ်ပျာလွန်းတယ် မထင်ဘူးလား နေခနဲ့ .. နှိုးနှစ်နေပြီဆိုတာ သိရက်နဲ့ အကြောက်အကန် ရှန်းနေတာတော့ ရှင့်ကံတရားပဲ .. ကျွန်မရဲ့ အနေးပြကွက်တွေကို ဒီနေ့ကစပြီး အကွက်ရွှေ့တော့မယ် ..”

ဟင်!....

ခနဲ့ ထိတ်ခနဲဖြစ်သွားသည်။ သင်းက ဘာလုပ်မလို့လဲ ..။

♥♥♥

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၉)

"မင်း ခုထိ မအိပ်ရသေးဘူးလား .."

ညှော်ခန်းမှာ စာထိုင်ဖတ်နေရင်း လက် က လှည့်ကြည့်သည်။ သို့သော် သူမ မဖြေရသေးမီ ဖုန်းသံမြည်လာကာ ခနဲ က ဖုန်းပြောရင်း လှည့်ထွက်သွား၏။

လက် နာရီကြည့်တော့ ည ကိုးနာရီပဲရှိပါသေးသည်။ သူငယ်ချင်း ဒေါက်တာထားသက်ချို က အကူအညီတောင်းထားသဖြင့် စိတ်နဲ့ ဆေးပညာအတွဲသုံးကို ဖတ်ပေးနေတာဖြစ်၏။

သားနဲ့သမီးလည်း ဓောင်နမနှစ်ယောက်အခန်းထဲမှာ ဂိမ်းတစ်ခုနဲ့ တိုက်ပွဲဝင်နေကြ၏။ အားလုံးအေးချမ်းနေပေမယ့် ခနဲ က မအေးချမ်းနိုင် ...။

"ဟုတ်တယ် .. ငါ မလာတဲ့နေ့က .."

"..... ..... ....."

"မဟုတ်ဘူးလေ .. ငါ မနက်ပိုင်းကနေ လုံးဝမလာတာ အဲ့ဒီနှစ်ရက် ပဲရှိတာ .."

"..... ..... ....."

"ကျွတ် .. မေမိုးထက် ကို လှမ်းမေးထားလိုက်၊ ငါ့ကို မနက်ကိုးနာရီ



အမီ ဖုန်းပြန်ဆက် .."

နားနားမှာ ကပ်ပြောနေသည့်ဖုန်းကိုခွာလိုက်တာနှင့် နောက်ထပ် အသံတစ်ရပ်ဝင်လာခဲ့၏။ သူမခြေလှမ်းရပ်သွားပြီး နားစွင့်ကြည့်လိုက်တော့ အရှိပ် ရဲ့ အခန်းထဲကဖြစ်နေကာ ...၊

"အိုး .. Ah .. Ah .. I like it .."

"Arr .. Ha .. Ha ... me too ..."

ကြည့်စမ်း ...၊

ဒေါသသွေးတွေပွက်ပွက်ဆူသွားသည်။ အခန်းတံခါးရှေ့ကို ထပ်ကပ်ပြီး နားစွင့်လိုက်လျှင် ...။

"အယ် .. ကြည့်ပါဦး .. ခ် .. ခ် .. ဆောင်းဘီကျွတ်ကျသွားပြီ တီတို .."

"ခစ် .. ခစ်ခစ် .. ဖင်ပြောင်းလောင်းကြီး ရှက်လည်းရှက်ဘူး၊ ထွက်မသွားဘဲနဲ့ မမ ဟိုမှာကြည့် .."

"အသံမထွက်ကြနဲ့လေ .. တော်ကြာ သားတို့ ဒက်ဒီ သိသွားရင် ဆူခံထိလိမ့်မယ် .."

ခနဲ လက်သီးနှစ်ဖက်ဆုပ်ထားလိုက်ရင်း ဝုန်းဒိုင်းကြဲဝင်သွားဖို့ စိတ်ကိုအတင်းအကျပ်တားဆီးထိန်းချုပ်နေမိသည်။ ဒီမိန်းကလေး ဉာဏ်များလွန်းသည်။

ဘာကိုမှ မဖျောက်ဖျက်နိုင်ခင် အလစ်ဒိုက်ဝင်ဖမ်းရမည်။ သက်သေပြနိုင်မှ လက် နဲ့ စကားပြောမည်။ ဒီမိန်းကလေး ဘယ်လိုမိန်းမမျိုးလဲ ဆိုတာ လက် ကို အရင်နားလည်စေချင်၏။

သူ အခန်းတံခါးကို အသာလေးလှည့်ဖွင့်လိုက်သည်။ တံခါးကောင်းသောက်မကာ အထဲကလည်းပိတ်မထား .. အသံလည်း မမြည်ဘဲ တံခါးက ပွင့်သွား၏။

သူ ကြည့်လိုက်တော့ တီဗီက တစ်ခြားတစ်ဖက်မှာ ပိတ်လျက်သား ဖြစ်နေကာ သားနဲ့ သမီးရယ် အရိပ် ရယ် ခေါင်းသုံးလုံးဆိုင်ကာ လက်ပ်တော့ပ်

www.burmeseclassic.com

www.burmeseclassic.com



ကို ပေါင်ပေါ်တင်ထားပြီး ...

"တောက် ..."

"ဟင်!..."

"ဒက်ဒီ .."

"ဒက်ဒီ .."

တောက်ခေါက်သံကြောင့် ခေါင်းလေးတွေ သူ့ဘက်ကိုလှည့်လာကြသည်။ ပြီးတော့ အားလုံးထရပ်လိုက်ကြကာ အရိပ် က လက်ဝ်တော့ပ်ကို ပိုက်လျက်သားဖြစ်လျက် မတ်တတ်ရပ်ပြီးမှ ကမန်းကတန်းပြန်ငုံ၍ လက်ဝ်တော့ပ်ပြန်သိမ်း၏။

"ပေးစမ်း .."

သူ့ခြေလှမ်းတွေ ခုန်ပျံရောက်သွားသကဲ့သို့ လက်ဝ်တော့ပ်ကို ဆွဲယူလိုက်၏။ စီဒီယိုကို ပြန်ဖွင့်လိုက်တော့ ကာတွန်းကားပဲပေါ်လာလျှင်..၊

"ဘယ်မှာလဲ ဟိုခွေ .."

စီစီဒီခွေကိုထုတ်သည်။ စတစ်ကိုပါ ဆွဲထုတ်ပစ်လိုက်ကာ ...

"ဘယ်မှာလဲ ခုန ဖွင့်နေတဲ့ခွေ .."

"အဲဒါပါပဲ .. အရိပ် တို့ .."

"တိတ်စမ်း .."

သူ့ အော်ငေါက်သံကြောင့် ကလေးနှစ်ယောက် ဖျတ်ခနဲလန့်ဖျန့်ဆုတ်လိုက်၏။ ထိုအခါ ဆိုဖာပေါ်နောက်ပြန်ထိုင်ကျသွားကြပြီး အရိပ် လက်လေးတစ်ဖက်ကာထား၍ ကြောက်ကြောက်လန့်လန့်ဖြစ်နေကာ...

"တကယ်ပြောတာပါ ကိုကြီးရယ်၊ အရိပ်တို့ အဲဒါပဲ .."

"တိတ်စမ်း .. ခု ချက်ချင်း နင့်ပါးစပ်ပိတ်လိုက်ပြီး ငါ့ကို ခွေထုတ်ပေး .."

"ဘာခွေလဲဟင် .. အရိပ် မှာ ဘာခွေမှမရှိပါဘူး ကိုကြီးရယ်"

"မင်း ..."

"အား ..."



အရိပ် ရဲ့လက်မောင်းနှစ်ဖက်ကို ဆောင့်ဆွဲခါပစ်လိုက်ကာ ...

"ငါ သိတယ် .. မင်း ဘာလုပ်နေတာလဲ ငါ အကုန်သိတယ်၊ ကလေးတွေကို မင်း ဘာခွေတွေပြနေတာလဲ .. ငါ့ကလေးတွေကို မင်း ဘာလုပ်ချင်တာလဲ .."

"မ .. မဟုတ်ပါဘူး ကိုကြီးရယ် .. ရှိုးပါတယ်၊ အရိပ် ဘာမှ မလုပ်ပါဘူး .. မေးကြည့်ပါ ကိုကြီးရယ် ကလေးတွေသိပါတယ် .."

အရိပ် လက်အုပ်ချီတောင်းပန်ရင်း မျက်ရည်တွေပါကျလာကြ၏။ ညာနေမှန်းသိရက်နဲ့တောင် အရိပ် ရဲ့ မျက်ရည်အစစ်တွေကြောင့် ခေတ္တဆိုင်းသွားသည်။ သို့သော် ..၊

"တောက် .. တတ်လည်းတတ်နိုင်တယ် .. မင်း .."

"ဒက်ဒီ .. ဒက်ဒီ တီတီ့ကို မလုပ်ပါနဲ့ .. သားတို့ ကြောင်နဲ့ကြွက်ကြည့်နေကြတာပါ ဒက်ဒီ .."

"ဟုတ်ပါတယ် ဒက်ဒီရယ် .. တီတီ ဘာမှမလုပ်ပါဘူး .. သမီးတို့ .."

"တိတ်စမ်း .. အားလုံးထွက် .. ကိုယ့်အခန်းကိုယ်ပြန် .."

မိုးကြိုးပစ်သလိုအသံကြောင့် ကလေးတွေ လန့်ဖျန့်တုန်ခါသွားကြကာ ချက်ချင်းပြေးထွက်သွားကြ၏။

"အရိပ်ယောင်း .."

သူ အရိပ်ယောင်း ကို ဒီတိုင်း ဖိနှိပ်ချုပ်ကိုင်ထားကာ ...

"မင်းရဲ့ မျက်ရည်အတုတွေကို ခုချက်ချင်းပြန်သိမ်းလိုက်စမ်း .. ဒါမေးတာကိုပြော မင်း လွှန်ခဲ့တဲ့ အပတ်တုန်းက အပြာခွေငှယ်လာတာ ငါသိတယ်၊ အခု ကလေးတွေကို မင်းက .. တောက် .."

"အား ..."

အရိပ် သူ့လက်ထဲက ရုန်းနေရင်း မျက်နှာလေးရှုံ့မဲ့နေကာ ..

"မဟုတ်ဘူးလို့ ရှင့်ကို ပြောနေတယ်မို့လား .. ဖယ်လေ .."

"မပြောရင် မင်းကို ငါ အခု သတ်ပစ်လိုက်လို့ရတယ်နော် .."

www.burmeseclassic.com

www.burmeseclassic.com



"လုပ်လိုက်စမ်းပါ .. ဘယ်သူက သေမှာကြောက်နေလို့လဲ .."

"မင်း .. မင်းကလား .. ငါ့ကို .."

ဒေါသက တားဆီးမရဖြစ်လာကာ အရိပ် ကိုယ်လေးကို နံရံနဲ့ ကျောနဲ့ ပစ်ကပ်သွားတဲ့အထိ ဆွဲရမ်းပစ်လိုက်၏။

"အ ..."

နာကျင်မှုကြောင့် အရိပ် အံကြိတ်ထားလိုက်သည်။ ထို့ပြင် ကိုယ့်သူ့ကို လုပ်ခဲ့သလို လည်ပင်းကို ညှစ်ပစ်တော့မလို လက်ဝါးကြီးနဲ့ ဖိကပ် အုပ်ထားလိုက်စဉ် ...

"ပြောလို့ မင်းကို ငါမေးနေတယ် .."

"ဟို .. ဟိုထဲမှာ .."

အရိပ် မခံနိုင်လွန်းကာမှ ထုတ်ပြောလိုက်သည့်အဖြစ်ကို ဓနု က အကျည်းတန်အောင်မဲ့ပစ်လိုက်၏။ ပြီးတော့ သူမ ညွှန်ပြလိုက်သည့် သေတ္တာကို သွားဖွင့်လိုက်ပြီး အထဲက အဝတ်တွေကို ဖွရှာမိစဉ် ...

"မောင် ..."

လက် ရဲ့ အလန့်တကြားခေါ်လိုက်သံကြောင့် ဓနု လက်တွေရပ်တန့်သွားသည်။

"အဟွတ် .. အဟွတ် .. အဟွတ် .."

"ညီမလေး .."

"အဟွတ် .. အား .. အဟွတ် .. အဟွတ် .."

အရိပ် လည်ပင်းကို လက်လေးနှစ်ဖက်နဲ့ အုပ်ကိုင်ရင်း ရှုံ့မဲ့နေကာ ချောင်းဆိုးရင်းခွေကျသွား၏။

"ညီမလေး .."

နံရံမှာ မှီ၍ တအိအိခွေကျသွားသည့် အရိပ် ကို ပြေးဆွဲထားလိုက်ကာ အဝတ်သေတ္တာနားမှာ မတ်တတ်ထရပ်လိုက်သည့် ဓနု ဘက်ကို မယုံနိုင်သော မျက်ဝန်းတို့ဖြင့် ...

"မောင် .. အရိပ် ကို လည်ပင်းညှစ်လိုက်တာလားဟင် .."



သူ ဘာမှမပြောရသေးခင် လက် ရဲ့ မျက်ဝန်းတွေက အဝတ်တွေ တန်းလန်းနှင့် သေတ္တာဆီရောက်သွားခဲ့၏။

"မောင် ..."

"မင်း ဘာဖြစ်နေတာလဲ လက် .. သူ .. သူ ငါ့ကလေးတွေကို မကောင်းတဲ့ကားတွေ ခေါ်ပြနေတာ .."

"အို ..."

"အဟွတ် .. အဟွတ် .."

ချောင်းဆိုးနေသည့် အရိပ် က မျက်နှာမမော့နိုင်သေးပေမယ့် လက်လေးကာပြရင်း ...

"အဟမ်း .. အဟွတ် .. အဟွတ် .."

"အဲဒါ မုသာမာယာတွေများနေတာ .. တောက် .."

"မောင် .. မလုပ်နဲ့ .."

ဓနု က အရိပ် ရဲ့ မွေ့ရာဆီသွားကာ ခေါင်းအုံးနဲ့ မွေ့ရာခင်းတွေကို ဆွဲလှဲဖယ်ပစ်ဖို့ပြင်လျှင် ခေါင်းအုံးကို ဆွဲယူလိုက်တာနှင့် လက် က ဝင်လုထားလိုက်ပြီး ...

"မောင် ဘာတွေလုပ်နေတာလဲ .. မောင့်စိတ်ကို မနိုင်တော့ဘူးလား .."

"ဘာ .. မင်း ဘာပြောလိုက်တယ် .."

"မောင့်ကို ဘာမှမပြောချင်ပါဘူး .. ဒါပေမယ့် အခု မပြောလို့ မရတော့ဘူး၊ လောလောဆယ် ဒါ သူများအိမ်ခန်းပါ၊ လာပါ .. သူများ အခန်းထဲမှာ ထင်သလိုမလုပ်ပါနဲ့ .."

"မင်း ဘာသိလို့လဲ လက် .. ဖယ်စမ်း .."

"ဟင့်အင်း မဖယ်ဘူး .. မောင့် ဒေါသတွေကြောင့် ဆင်ခြင်တုံ တရားမဲ့နေပြီ သိရဲ့လား .."

"ဘာကွ ..."

လက် က မျက်နှာလေးတင်းသွားလိုက် စိတ်ပျက်သလို ရှုံ့မဲ့သွား

www.burmeseclassic.com

www.burmeseclassic.com



လိုက်နှင့် ခနှ ကို အတင်းဆွဲထုတ်ခေါ်သွားၿ၏။

"ငါ့ကို ဆင်ခြင်တုံတရားမဲ့တယ် ဟုတ်လား .. မင်းက သူ့ကိုတော့ သနားနေတယ်ပေါ့ .."

အထဲကနေ ပြန်ပါသွားခဲ့ရင်း ခနှ သမင်လည်ပြန်ကြည့်လျှင် အရိပ်သည် မျက်နှာလေးနီရဲနေပေမယ့် မျက်ဝန်းတို့မှာ မျက်ရည်တွေပြည့်သိပ်နေသော်ငြား ..၊

"တောက် .. အလကား ကဝေမ .."

မျက်ရည်ကျရင်း မဲပြုံးနှင့် စိုက်ကြည့်နေသည့် မျက်နှာကို ပြေးသွားပြီး လက်သီးနဲ့ အချက်ပေါင်းများ ထိုးပစ်ချင်သည်။ ကြက်ငှက်သတ်သလို ခြေနှစ်ချောင်းကဆွဲပြီး အရိုးတွေဆန်ကွဲစေဖြစ်သွားအောင် အကြိမ်ဖန်များစွာ လွှဲရိုက်နေချင်၏။

ဒါ ဘယ်လို ပညာမျိုးလဲ ..၊

သင်းကတော့ သနားစရာမိန်းကလေးတစ်ယောက်ဖြစ်နေကာ သူကတော့ သိက္ခာမဲ့အဆင့်အတန်းမရှိတဲ့ကောင် ..။

ထို့ပြင် ဒီနေ့ လက် ပြောခဲ့သမျှစကားတို့သည် ..၊

"ကလေးတွေရှေ့မှာ မောင် ကိုယ့်သိက္ခာကိုထိန်းဖို့တော့ သတိရသင့်ပါတယ် .."

"သူ့ခမျာ မောင်မကြိုက်တာမှန်သမျှ ဘာမှမလုပ်ခဲ့ရှာဘူး၊ သူ့မဝတ်တတ်တဲ့ မြန်မာဝတ်စုံလေးနဲ့ အမြဲနေခဲ့တယ်၊ မောင့် ခြေသံကြားတာနဲ့ ထပြေးဖို့ပြင်နေရတယ် .."

"ချောက်သားစားချင် ချောက်မျက်နှာကြည့်တဲ့ .. ခွေးရိုက်ချင်ရင် ခွေးရှင်မျက်နှာကြည့်ရတယ်၊ သူ့ကို မောင် ဘယ်လောက်ပဲ မုန်းမုန်း မောင့်ညီလေးက အသက်လောက်ချစ်နေတာ .."

"မောင် ပြောနေတာတွေက မောင့်ဘက်က ဖြစ်နေတဲ့ သံသယတွေ တစ်ဖက်သတ် အထင်သေးမှုတွေချည်းပဲ လက် မြင်နေတာ အရိပ် က အဲ့လိုမိန်းကလေးမဟုတ်ဘူး မောင် .."



"ဟုတ်လိမ့်မယ် .. ဒါပေမယ့် သူ့ ကိုယ်ကို ပြုပြင်ချင်စိတ်ရှိတယ်၊ ကြောက်ရွံ့ရှိသေတတ်တယ်၊ သူ့မှာ ဟီရိဩတ္တပ္ပတရားရှိပါသေးတယ်၊ တစ်ဆုံးမပြောပါနဲ့ .."

"အရိပ် ကို လက် ယုံကြည်တယ်၊ မောင် စွပ်စွဲနေသလောက် သူ မဖြစ်ဘူး၊ ဖြစ်ခဲ့မယ်ဆိုရင်လည်း အခု မောင် ဖြစ်နေသလိုမျိုး ရှပ်ပျက်ဆင်းပျက်မဖြစ်အောင် သူ့ကိုယ်သူ ထိန်းနိုင်မှာပဲ .."

"ဘာကွ .."

သူ့ဒေါသရဲ့ ပေါက်ကွဲရာက လက် ရဲ့ မျက်နှာလေးဖြစ်သွားခဲ့သည်။ လွန်ကျူးသွားပြီဆိုမှ မှားမှန်းသိလိုက်၏။ ထို့ကြောင့် တရစ်ရစ်ခံပြင်းစိတ်နှင့် လက်သီးဆုပ်အံကြိတ်ထားမိလေသည်။

ဒီလိုတွေဖြစ်အောင် သင်းလုပ်နေတာ .. မိန်းမယုတ် ..၊

ကိုယ် ဘာလုပ်ခဲ့သလဲဆိုတာတော့ သူ သတိမရ ..။

♥♥♥

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၀)

"တော်တော် ညစ်ပတ်တဲ့ ကောင်မ .."

"ဟုတ်တယ် ခနေ .. ငါအခု အဲဒီဟာလေးကို ပတ်ရှာနေတာ .."

"ငါလည်း သူ အပြင်ထွက်သွားတာသိလိုက်လို့ လိုက်ရှာနေတာ.."

တစ်နေရာစီကနေ ကားမောင်းရင်း ဖုန်းပြောနေမိကြပေမယ့် ဒေါသတွေက ခနေ နဲ့ ကျော့် ရင်ထဲမှာ အချိုးတူရှိနေကြလျက် ..။

"တကယ်ကွာ .. ထင်ကိုမထင်ရဘူး၊ ကိုယ်တိုင်လာပြီးပြောသွားတာ မင်းသိလား .."

"ဟုတ်လား .. သူကိုယ်တိုင်လား .."

"သူကိုယ်တိုင် ငါ့မိန်းမကို တိုင်သွားတာ၊ သူ့ညီမကို မတရားစော်ကားပြီး ဖျက်ဆီးခဲ့ပါတယ်တဲ့၊ အဲ့ဒီဗီဒီယိုကို ခုမှရှာတွေ့လာလို့ပါတဲ့၊ သူ့ညီမက သေပြီတဲ့၊ မင်း စဉ်းစားကြည့် .. ငါတို့လင်မယား ဘာတွေဆက်ဖြစ်ကုန်မလဲ .."

"ဟိုကောင်ရော .."

"ငါက သူ့နောက်လိုက်ပြီး စိန်ခေါ်လိုက်လို့ ပညာပေးတာတဲ့၊ ငါတို့ပြဿနာကြီးတာနဲ့ သူပဲ ဖုန်းတန်းဆက်တာ .."



"မင်းကို ငါပြောသားပဲ .. အဲဒါကို မင်းပဲ နတ်သမီးလေးထင်နေတာ၊ မြွေပွေးမ .. ဘီလူးမ .. သင်းကိုတွေ့လို့ကတော့ ဖြစ်ချင်ရာဖြစ် ကားနဲ့တိုက်သတ်ပစ်မှာ .."

ပြောနေရင်း ကားကိုအရှိန်ထပ်မြှင့်လိုက်သည်။ မျက်လုံးကလည်း ဘေးဘီဝဲယာကိုရှာဖွေနေရကာ ဖုန်းပြောနေတာနဲ့ ပါးစပ်ရော မျက်လုံးရော အလုပ်ရှုပ်နေခဲ့၏။

ကျော့် ဘက်က ခဏတိတ်သွားကာ ..။

"မင်း အဲ့လိုမလုပ်နဲ့ဦး ခနေ .. ဇော် က လွတ်နေသေးတော့ ငါ့ကို ရှိခိုးမတတ်တောင်းပန်နေတာ၊ ပြီးတော့ ငါ စဉ်းစားမိတယ်၊ သူ့နောက်ကွယ်မှာရှိနေတဲ့လူက သူ့မှာအန္တရာယ်မရှိမချင်းတော့ ဘာမှလှုပ်ရှားမှာ မဟုတ်ဘူး၊ ငါတို့ သူ့ကို ဒီတစ်ခါ ပိပိရိရိတုံ့ပြန်ရမှာ .."

"ကျော့် .. မင်း သူ့ကို စိတ်မကုန်နိုင်ဘူးလား .."

"မဟုတ်ပါဘူးဆိုကွာ .. ဒီတစ်ခါစဉ်းစားတာက ငါတို့ကို မထိနိုက်ဖို့အများကြီးပါပါတယ် .. ပြီးတော့ ဇော် က တအားကြောက်နေတာ၊ ငါတို့ ဒီကောင်မလေးကို .."

"ကောင်မလေးတွေဘာတွေခေါ်ပြီး နှုတ်မနေစမ်းပါနဲ့ .. ကျုတ် .. မင်း[illegible]ရှေ့မှာရှိရင် ဆွဲထိုးမိတော့မယ် .."

ခနေ စတီယာရင်ကို တင်းခနဲဖိဆုပ်ပြီး တက်ခေါက်လိုက်သေးသည်။

"အခု .. အိမ်မှာကလေးတွေက ငါ့ကိုမြင်ရင် ထွက်ပြေးကြတယ်၊ မိန်းမက စကားလုံးဝမပြောဘူး၊ ဘယ်တုန်းကမှ မချော့ခဲ့ဘဲနဲ့ ငါ သူ့ကို လိုက်ချော့တယ် .. လက် က စကားဆုံးအောင်ကို နားမထောင်တော့ဘူး မင်းသိလား .."

"မင်းက ရိုက်လိုက်တယ်ဆို .."

"ကျော် .. အဲ့ဒီလိုတွေဖြစ်ကုန်အောင် သူ လုပ်နေတာ .."

"ဖြစ်နိုင်ချေရှိနေတာပေ့ မင်း ကြိုမှမထွေးဘဲ .."

www.burmeseclassic.com

www.burmeseclassic.com



"မင်းရော အတင်းလိုက်တားနေတာတောင် ဖွတ်ထလိုက်သွားတာမဟုတ်ဘူးလား .. အဝိုတွေပြောမနေနဲ့ .."

"အေး .. အဝိုတွေမပြောတော့ဘူး .. ငါတို့ သူ့ကို တစ်နေရာမှာ လုံလုံခြုံခြုံချုပ်ထားလိုက်မယ်၊ သူ့ကို ဘာမှမလုပ်နိုင်အောင် ထားလိုက်ရင် ငါတို့လက်ထဲမှာ ဒုတိယ ချစ်တေး ထပ်ဖြစ်သွားမှာပဲကွ .."

"ကျွတ် .. မင်း ခုထိ စိတ်မကုန်သေးဘူးလား .."

"ခနေ ရာ .. ငါပြောတာလည်း မင်း စဉ်းစားကြည့်စမ်းပါ၊ အခု ငါတို့ .. ဟာ .. ခဏနေဦး .. နေဦး ခနေ ငါတွေ့ပြီ .. အရိပ် .."

"ဘယ်မှာလဲ .. မင်း ခု ဘယ်မှာလဲ ကျော် .."

သူ ရှိနေသည့်နေရာကိုပြောလိုက်ကာ ကားကို အရိပ် လျှောက်သွားနေသည့် ပလက်ဖောင်းဘက်ကွေ့ဝင်လိုက်၏။ ပြီးတော့ ခနေ နဲ့ ဖုန်းပြောခြင်းကို ဖြတ်တောက်ပစ်လိုက်ကာ သူမ နောက်ကနေ စိတ်ရှည်လက်ရှည် ကပ်လိုက်လာခဲ့၏။

"ဒီတစ်ခါ ချစ်တေး ကိုတော့ ငါပထမဆုံးပဲဖြစ်ရမယ် ချစ်တေး-အပွန်း .."

သူမကိုကြိုစည်ဖို့အတွက် ခြံနေရာလည်းရှာဖွေထားပြီးပြီဖြစ်အော တစ်ခါတည်းဆွဲတင်သွားရုံသာ ..၊

"ကျွတ် .."

ကျော်ကျော်နပ်နပ်ရွေ့ရွှတ်နေမိရင်း စိတ်တွေစောကာ မချင့်မရဲဖြစ်လာခဲ့၏။

"ကားဆီ သွားနေတာလား .. ဘယ်ကိုလဲကွာ .."

စတီယာရင်ကိုထုရှ၍ စိတ်မရှည်ခြင်းက ပိုဆိုးလာသည်။ အရောင်ရင့်ရင့်တောက်တောက်တွေ အဝတ်များသည့် သူမက ခုတော့ ဖေဒါရောင်လွင်လွင်ကို ဝတ်ထားကာ ဘောင်းဘီရှည်အညိုလေးနဲ့ဖြစ်၏။

ခြေလှမ်းကျဲ၍ စမတ်ကျကျလျှောက်လှမ်းနေပုံက ပခုံးလောက်



ဆံနွယ်လေးတွေ တဖတ်ဖတ်ခါလျက် ကျော့် ဒေါသတွေကို ယုတ်လျော့သွားစေခဲ့၏။

သူမလေးကို မြင်လိုက်တည်းက ကိုယ့်အသက်အရွယ်ကိုလည်း သတိမရ၊ သူမမှာ အစွယ်တွေပေါက်နေပါသည်ဆိုရင်တောင် သွားဖြဲကြည့်ဖို့ စိတ်ကူးမှာမဟုတ် ..။

ထိုမျှလောက်ထိ ရင်ခုန်သံတွေက အရှိန်းဆန်စွာ ကိန်းဝပ်နေခဲ့ကြသည်။ ထိုစဉ် ...

သူ့စိတ်ကူးတွေကို တဖြောက်ဖြောက်ခုန်ဆင်းလာကြသည့် မိုးစက်တွေက ဖျက်ဆီးပစ်လိုက်သလိုရှိကာ ..၊

"မိုးရွာလာပြီ .. ဒီကောင်မလေး ဘယ်ထိ .. ဟင် .."

အရိပ် ပလက်ဖောင်းပေါ်ကဆင်းလိုက်ပြီး တစ်ဖက်ကိုကူးရန် လမ်းပေါ်ရောက်လာခဲ့သဖြင့် ..၊

"ကျွိ ..."

"အား ..."

ကျော့် ကားသည် အရိပ် ကို ပွတ်တိုက်ပစ်လိုက်ပြီး သူမ ဗစ်စလက်ခတ်လဲကျသွားကာမှ ...

"ဟင် ... ရှင် .."

"ဘာဖြစ်သွားသေးလဲ .. လူထိသွားတာလား .."

"ကားပေါ်ကလူ ဆင်းလာပါပြီ .."

အရိပ် ပလက်ဖောင်းပေါ်ကနေ ရုတ်တရက်ပြန်ထမရသေးမယ့် ကျော့် ကို မြင်လိုက်တော့ ထိတ်ခနဲဖြစ်သွားသည်။ ဒါ တခင်လုပ်လိုက်တာမှန်းသိပေမယ့် ဗတ်ဝန်းကျင်အမြင်မှာ ရိုးရိုးမတော်တဆမှုပဲဖြစ်ကြတာမို့ ..၊

"ဟုတ်ပါတယ် .. ကျွန်တော်မှားတာပါ၊ သူ့ကို ဆေးခန်းပို့ပေးလိုက်ပါ့မယ် .. လုံးဝတာဝန်ယူပေးမှာပါ .."

www.burmeseclassic.com

www.burmeseclassic.com



ကျော် က လူအုပ်ကိုရှင်းပြရင်း သူ့ကိုယ်သူ အာမတွေခံနေကာ အရိပ် ကို ကားထဲပွေ့ထည့်လိုက်၏။ ကိုယ့်ရဲ့ ကံကြမ္မာကို တွက်မိလိုက်ပေမယ့် ဒုက္ခရောက်ပြီဆိုသည့်အသိကြောင့်တော့ ထိတ်လန့်ဗျာများသွားတာမျိုး မဖြစ်ခဲ့ပါ။

သူမဟာ ပိုတုန်းက ဆယ့်ငါးဆယ့်ခြောက်အရွယ် ချစ်တေး လည်း မဟုတ်တော့ပေ ..။

ကျော့် ကားပေါ်မှာ သူမ နှုတ်ခမ်းလေးကို ဖိပိတ်ထားရင်း သက်မဲ့ ရုပ်လေးလို လိုက်ပါလာခဲ့၏။

"ကဲ .. ဘယ်လိုလဲ ချစ်တေး .."

ကျော့် မျက်နှာသည် ဝမ်းသာအားရကြီးထင်ရှားစွာဖြစ်နေခဲ့လျက် ကားမောင်းနေရင်း လှည့်ကြည့်ရင်းနှင့် ..၊

"မင်းက ချစ်တေး ပဲဆိုတာနားလည်သွားပြီလား .. ဒါမှမဟုတ်ရင် ဘယ်လိုပြောရမလဲ .. မိန်းမက မိန်းမပါပဲကွာ .."

အရိပ် က ရှေ့ကိုပဲ ငေးကြည့်နေခဲ့ရင်း ဘာမှပြန်မပြောဘဲနေ၏။

"မင်း ငါ့ကို အိမ်ထိလာပြီး ဒုက္ခပေးသွားတာ ငါ မေ့ပစ်လိုက်မယ်၊ ခုလည်း မင်းက ချစ်တေး ပေမယ့် ပိုတုန်းက ချစ်တေး လို ငါမဆက်ဆံပါဘူး၊ ဒါပေမယ့် ညှိနှိုင်းမှုတော့ ရှိရမယ် .."

သူ ရှေ့ပြန်လှည့်ပြီး ကားကိုထိန်းကျောင်းလိုက်ရင်း ဒီဘက်ပြန်လှည့်၍ ...

"ဘယ်လိုလဲ .. မင်း ငါတို့နဲ့ အဆင်ပြေပြေဆက်ဆံမယ်ဆိုရင် မင်းအတွက် တစ်ဘဝလုံး လိုတရအခြေအနေမျိုးနဲ့ အေးချမ်းသွားစေရမယ်၊ ဒါမှမဟုတ်သေးဘူးဆိုရင် ငါ့တစ်ယောက်တည်းကိုပဲ လက်ခံမယ့် အကြောင်း မင်း သူတို့နဲ့ ညှိလို့ရတယ် .."

အရိပ် က စိတ်ပျက်သွားသလိုမျက်နှာလေးတစ်ချက်တွန့်မဲ့၍ လမ်းဘက်ကိုလှဲ့ထားလိုက်သည်။ အပြင်မှာ မိုးစက်တွေ စိပ်စိပ်သည်းသည်းရွာ



နေပြီဖြစ်၏။

ကျော် က သူမ မျက်နှာလေးနဲ့ သူမ ကြည့်နေသည့်အပြင်ကို လှမ်းကြည့်လိုက်သေးသည်။ ပြီးတော့ စိတ်မရှည်သံနှင့် ..၊

"မင်းကို ငါ ဒီတိုင်း မနေ လက်ထဲထည့်လိုက်ရင် သူ ဘာလုပ်မလဲ ဆိုတာ မသိနိုင်ဘူးနော် .. ပြီးတော့ ငါကလည်း .."

"တောက် ..."

"ဟ .. အား ..."

တက်ခေါက်သံနှင့်အတူ မျက်နှာကို စပရေးတွေ ရှူးခနဲပက်မှန်လာသဖြင့် မျက်လုံးတွေကို မှိတ်ပစ်လိုက်ရကာ ကားလည်းကွေ့ဝိုက်ရမ်းခါသွား၏။

သို့သော် ဘာမှမထိမိုက်မိလိုက်ဘဲ ကားက လမ်းလေးမှာ ခပ်စောင်းစောင်းထိုးရပ်သွားခဲ့ပြီး ..၊

"မင်း ကြည့်စမ်း .."

"နင် ကြည့်မောင်းဖို့ပဲလိုတာ .. အခု ငါ့ကို ရှေ့ကကစားကွင်းနားမှာ ချထားပေးခဲ့ .."

"ဘာပြောတယ် .."

ဆင်းထွက်သွားလို့ရပေမယ့် သူမ လမ်းလျှောက်နိုင်ဖို့က မသေချာပေ။ ခြေထောက်ထော့ရုံထော့သွားတာလား လုံးလုံးကျိုးသွားတာလား.. အကြီးအကျယ်မဖြစ်လောက်တူးထင်ပေမယ့် လျှောက်ကြည့်မှပဲသိရမှာ ဖြစ်သည်။

ဒါပေမယ့် ဒီလူတွေလက်ထဲကို ဒုတိယတစ်ခါထပ်ရောက်ခဲ့ပြီ ပါ။

စဉ်းစားစမ်း အရိပ် ..၊

မဆိုးလှပ်နေပြီးမှ သားကောင်ပြန်ဖြစ်မခံနဲ့ ဘယ်လောက်ခက်ခဲပါစေ လွတ်မြောက်ဖို့ကြိုးစားရမည်။ ဒီတ[illegible]ရွေးကို အ[illegible]နဲ့

www.burmeseclassic.com

www.burmeseclassic.com



ညည်းရုံးပြီး ကြံဖန်ကြိုးစားလို့ရပေမယ့် ရွံစရာတွေပြောနေတာကို သည်းမခံနိုင် …။

"အား … စပ်လိုက်တာ မင်း … တောက် …"

ကျော် စိတ်တိုသွားသည်။ မျက်လုံးဖွင့်ကြည့်လိုက် ပြန်ပိတ်လိုက်ရနှင့် မျက်နှာတစ်ပြင်လုံးလည်း ယားကျိကျိစပ်ဖျင်းဖျင်း …။

"တွေ့မယ် … မင်းနဲ့ ငါ …"

မျက်နှာကို ဖိပွတ်ပစ်ရင်း ကားကိုဂီယာချိန်းလိုက်၏။ သို့သော် သူ့ကားမထွက်ရသေးမီ ကားတစ်စီးက သူ့ရှေ့ကနေ ကန့်လန့်မကျတကျ ပိတ်ရပ်သွားခဲ့လျက် …၊

ဘာတွေလဲ …၊

အရိုင် နဲ့ ပတ်သက်နေသည့်လူတွေမှန်းသိလိုက်ပေမယ့် နောက်ကျသွားခဲ့၏။ ကားက လူရှင်းကားရှင်းနေရာကိုရောက်နေသည့်ပြင် တစ်ဖက်ကားပေါ်ကဆင်းလာကြတာ ဖိုက်တာပုံနှင့် လူထွားကြီးလေးယောက် ဖြစ်နေခဲ့လျက် …၊

"ဟိတ်ကောင် … ဖွင့်စမ်း …"

လက်ကောက်ဝတ်ကနေ လက်ခုံပေါ်ထိ လက်ပတ်တွေရှိနေသော လက်သီးဆုပ်ကြီးနဲ့ မှန်ကို ထုပစ်လိုက်၏။ သူ တံခါးဖွင့်လိုက်တာနှင့်…

"ဒုတ် …"

ကိုယ့်ကိုယ်ကိုယ် ဘာဖြစ်လိုက်မှန်းတောင်မသိခဲ့ဘဲ ခေါင်းတစ်ခုလုံးမူးမူးသွားကာ ဘာဆိုဘာမှမသိတော့ပေ …။

အရိုင် ဒီတိုင်းလေးထိုင်ကြည့်နေခဲ့လျက် လှုပ်ရှားမှုတွေပြီးဆုံးသွားမှ အားမှန်ကိုချလိုက်ပြီး …၊

"ကျွန်မ မလိုက်ချင်ဘူး …"

သူမဘေးကို ရောက်လာသည့် လူနှစ်ယောက်က မျက်မှန်နက်တွေနဲ့ဖြစ်ကာ မျက်လုံးထဲမှာ ဘယ်လိုတွေဖြစ်ပျက်ပြောင်းလဲသွားသည်



မသိပေမယ့် ခေါင်ငြိမ်သွားကြ၏။

ပြီးတော့ တစ်ယောက်ကလှည့်ထွက်သွားပြီး ရပ်ထားသည့် ကားဆီ သွား၏။ ပြီးတော့ ပြန်လာကာ …၊

"ဆရာက ခေါ်ခဲ့ဖို့မှာလိုက်တယ် …"

ခွင့်တောင်းတာလည်းမဟုတ်၊ လာပြောတာလည်းမဟုတ် …။

ပြောပြီးတာနှင့် တံခါးကိုဆွဲဖွင့်လိုက်ပြီး သူမကို ဖွေ့ယူလိုက်၏။ အရိုင် မျက်လုံးတွေကိုမှိတ်ထားလိုက်မိကာ …၊

သူမ ကိုယ်ကို ဆိုဖာပေါ်မှာချလိုက်ပြီဆိုမှ …၊

"အရိုင် အလုပ်မပြီးသေးဘူး …"

"ထားလိုက်တော့ … ငါ လက်စသတ်ပေးမယ် …"

"ဟင့်အင်း …"

"အရိုင်ဟောင်း …"

ခေါ်ပေမယ့် အရိုင် က မျက်နှာလွှဲထားလျက်ရှိကာ …၊

"ဦးဒီ ဖြေရှင်းပေးဖို့မလိုပါဘူး …"

သူမအသံလေး အဖျားခတ်တုန်ယင်နေကာ ဘယ်လိုပဲထိန်းထားပါစေ မိန်းမသားဟာ မိန်းမသားပဲဖြစ်လေသည်။

'ဒီကမ္ဘာ' ဆိုသော ပရော်ဖက်ရှာ ဒေါက်တာတစ်ယောက်ရှေ့ကို ရောက်လာခဲ့သည့်အချိန်မှာ သူမသည် ဟိုတစ်ချိန်တုန်းက ဆယ်ကျော်သက် မိန်းကလေး ချစ်တေး ပဲ ဖြစ်သွားခဲ့ရပြီး …၊

"ဒါတွေအားလုံးက အရိုင် နဲ့ပဲ သက်ဆိုင်တာ၊ အရိုင် ပြီးဆုံးအောင်လုပ်မယ် …"

"အခု မင်းသွားမယ့်လမ်းတစ်ဆုံးကိုပဲပြောစမ်းပါ၊ ဒီကားပေါ်က ဆင်းပြီး ဘယ်လိုလျှောက်မလဲ …"

အရိုင် အသံလေးတိတ်သွားသည်။ သူမ ကားပေါ် ပါလိုက်ရတာကို ဦးဒီ မြင်သွားခဲ့သည့်မှန်းသိလိုက်၏။ မျက်နှာကိုစေ့ဖြည်းဖြည်း

www.burmeseclassic.com



လှည့်လိုက်တော့ စူးစိုက်ကြည့်နေသော မျက်ဝန်းတစ်စုံနဲ့ ဆုံမိသွားသည်။

ဒေါက်တာ ဒီကမ္ဘာ ...၊

မျက်နှာအနည်းငယ်ရှည်ချင်သလိုရှိကာ မျက်ခုံးတွေက ထူထဲနက်မှောင်နေသည်။ မျက်ဝန်းအိမ်ရှည်ပေမယ့် မေးတာမျိုးလည်းမဟုတ်၊ နှာတံက အနည်းငယ်ပွချင်သဖြင့် ပေါ်သင့်တာထက်ပိုချင်၏။

ဒါပေမယ့် မျက်နှာရှည်နေခြင်းမှာ သူ့မျက်နှာပေါ်က သာလွန်ခြင်းအားလုံးက ပြေပြစ်သွားခဲ့၏။

ထို့ပြင်နားသယ်စပ်ကနေ ဆင်းသည့် ဆံစတို့သည် နှုတ်ခမ်းနှင့်မေးဖျားတစ်ဝိုက်မှာ စိမ်းညို့သော ဝါးသိုင်းမွှေးတို့အဖြစ် နေရာယူ၏။

ဒီယောက်ျားဟာ ချစ်တေး ဆိုတဲ့ ကောင်မလေးနဲ့ ပထမဆုံး ဆုံဆည်းခဲ့စဉ်ကတော့ မာန်မာနတွေ အမုန်းတရားတွေနဲ့ ရောထွေးနေသည့် ဆရာဝန်တစ်ယောက်သာဖြစ်ခဲ့လျက် လူငယ်လူလတ်ဆိုသည့် သူ့ဘဝအချိန်များကို ဆေးပညာတွေနဲ့ပဲ ကုန်ဆုံးနေခဲ့သူဖြစ်လေသည်။

သူမသာ အခြေအနေဆိုး အဖြစ်အပျက်ဆိုးများနှင့် သူ့ရှေ့ရောက်သွားခဲ့တာ မဟုတ်ခဲ့လျှင် ...၊

ဦးထွတ်မြတ် ဆိုသည့် လူကြီးကသာ သူမ ဘဝကို မကယ်တင်ခဲ့ပါလျှင် ...၊

ဒေါက်တာ ဒီကမ္ဘာ ဆိုသူ၏ အရိပ်မှာ ခြေချနင်းခွင့်တောင်းရလိမ့်မည်မထင် ...။

"ဟော့ ... မျက်ရည်တွေသုတ်ပစ် ..."

သူမရဲ့ စိတ်တွေ အတိတ်ကိုပျံ့လွင့်အဲဆဲဆဲမှာ ရင်ခွင်ထဲကို တဘက်လေးတစ်ထည်ကျလာခဲ့သည်။

"ဆံပင်တွေစိုနေတာပါ သုတ်ပစ်လိုက် ..."

အရိပ် ရှိုက်သံတွေမထွက်မိအောင် နှုတ်ခမ်းလေးကို ဖိကပ်ပိတ်ထားလိုက်သည်။ ပြီးတော့ မွှေးပျံ့နေသည့် တဘက်လေးကို ငုံ့မိုးငေးမော



နေမိ၏။

ပြီးတော့မှ မျက်နှာနဲ့ ဖိနှစ်ကပ်၍ နမ်းပစ်မိသည်။ မျက်ရည်နဲ့ ရေစိုဆံပင်တွေကို ရွရွလေးပွတ်သုတ်နေမိစဉ် သူမ ငိုမိတိုင်း ဒေါသတွေနဲ့ တားဆီး၍ လက်ကိုင်ပဝါလေးတစ်ထည် ပစ်ပေးလာတတ်သည့် အတိတ်က ပုံရိပ်တို့ကို သတိရမိပြန်၏။

ဒီကမ္ဘာ နားမှာရှိနေရတိုင်း သူမ အဆူခံရသည်။ ဘယ်လောက်ငိုနေနေ မျက်ရည်ခြစ်ချောင်းဖြစ်နေရင်တောင် လေသံလျှော့ပေါ့သွားတယ်ဆိုတာ မရှိခဲ့ဘဲ လက်ကိုင်ပဝါတစ်ထည်ပစ်ပေးခြင်းဖြင့် အဆုံးသတ်ပေးခဲ့သူဖြစ်သည်။

"အရိပ် ဒီလူတွေကို အဆုံးသတ်ပေးရမယ်၊ ဒါပေမယ့် ဦးဒီ ပြောသလိုမဟုတ်ဘူး ...

အတိတ်နဲ့ ပစ္စုပ္ပန်ကိုဆက်စပ်၍ အရိပ် က ပြောလက်စကို ပြန်စလိုက်ကာ ...၊

"သူတို့ကို ကလဲ့စားချေချင်လွန်းလို့ အရိပ် အသက်ဆက်ရှင်ချင်ခဲ့တယ်၊ ဒါပေမယ့် ရှင်လျက်နဲ့ သေနေခဲ့တဲ့ဘဝကို ဒီနေ့ထိ ဘယ်လိုမွေးမြူခဲ့ရသလဲဆိုတာ ဘယ်သူမှ မသိဘူး ..."

"မင်းက အဲဒါတွေကို ကြေညာချင်တာလား ... လုပ်စရာရှိတာလုပ်ရဖို့ လိုရင်းလေ့ား ..."

"မကြေညာဘဲနဲ့ သိရမယ် ..."

ကားက ညှင်သာစွာမောင်းထွက်သွားခဲ့လျက် ... ငြိမ်ငြိမ်အေးအေးလေးပြေးနေခဲ့၏။ ညနေခင်းသည် ညဏ်အသွင်သို့ တဖြည်းဖြည်းပြောင်းသွားကာ တရိပ်ရိပ်မှောင်လာခဲ့သည်။

မိုးစက်တို့သည်လည်း ပါးသွားလိုက် စိပ်လာလိုက်နှင့် ...၊

"မိုးတွေရွာတိုင်း အရိပ် ငိုခဲ့ရတယ်၊ ချမ်းကလည်း ချမ်းတုန်းပဲ... မိုးစက်တွေကျသံက နားထဲမှာ ကျောက်ခဲ့ပေါက်သံလိုပဲ... မိုးရေထဲမှာ

www.burmeseclassic.com

www.burmeseclassic.com



သွားမိတဲ့အခါ သူများတွေအတွက် အေးနေတဲ့ ရေစက်တွေက အရိပ် ကိုယ်ပေါ်ကိုကျတော့ မီးမွှားတွေစင်ကျနေသလိုပူတယ်၊ အဲဒါတွေကို အဲဒါတွေအားလုံး သူတို့ ပြန်ခံစားရမယ် ..."

"နားထောင်လို့ကောင်းပေမယ့် ဘဝဆိုတာ ကဗျာတစ်ပုဒ်မဟုတ်ဘူးကွ .. ခံစားရသမျှကို စိတ်ကူးနဲ့ ပုံဖော်လို့ရတယ် .. ဘဝကို စိတ်ကူးနဲ့ တည်ဆောက်လို့မရဘူး။ မင်း ခုလေးတင် ဒုက္ခတွေ့နေရတယ်၊ ငါ အချိန်မီရောက်မလာရင် ဘာဖြစ်သွားမယ်ထင်လဲ .."

"ဦးဒီ ရောက်လာမှာပဲဆိုတာ အရိပ် သိတယ် .."

"ဟုတ်ပြီ နောက်ထပ် ဘယ်လောက်ထိ ငါကလိုက်ကြည့်နေနိုင်မှာလဲ .. ဥပမာ မင်းရဲ့ အဲ့ဒီအိမ်ထဲမှာရှိနေတဲ့အချိန်တွေ ဒါမှမဟုတ် တခြားအဆောက်အဦးတစ်ခုခုထဲမှာ ပိတ်မိသွားတဲ့အခါ .."

အရိပ် က မျက်လွှာလေးချပစ်လိုက်ရင်း ငိုမဲ့မဲ့လေးပြုံးသည်။ ပြီးတော့ မျက်ရည်တွေသုတ်ပစ်လိုက်ရင်း ...၊

"အရိပ် အတွက် ဦးဒီ ပူပန်ခဲ့ရတာတွေ ဒီနေ့ကစပြီး .."

"အရိပ်ယောင်း .. မင်း ခါးသီးခဲ့တဲ့ဘဝက သေသွားခဲ့ပြီဆိုတာ မင်း မေ့နေသလား .."

"မမေ့ပါဘူး .."

"ဟုတ်တယ် .. မေ့လို့မရဘူး၊ မင်း ပြန်လိုချင်နေတဲ့ ကြွေးဗွေအတွက်ကြောင့် အရိပ်ယောင်း ဆိုတဲ့ နာမည် ငါပေးခဲ့တာ၊ ဒါပေမယ့် မင်းက ငါ ဖန်ဆင်းမွေးမြူခဲ့တဲ့ နောက်ထပ်လူသားတစ်ဦးပဲ .."

ဒေါက်တာ ဒီကမ္ဘာ က စကားရပ်ပြီး သူမကို စိုက်ကြည့်သည်၊ ပြီးတော့ ရှေ့ကိုငေးနေလိုက်ရင်း ...၊

"ကိုယ့်ကိုယ်ကိုယ် လေးစားရမယ်လို့ မင်းကို ငါ အမြဲပြောခဲ့တယ် အလှူဝိလုပ်ရင် ယုံကြည်ချက်နဲ့ ဖွဲ့စိတ် .."

"ဟုတ်ပါတယ် .. အရိပ် က .."



"မင်းကိုယ်မင်း ပြည့်စုံနေပြီလို့ထင်သလား .. မင်းမှာ ဘာမှမရှိဘူး .."

"မရှိပေမယ့် အရိပ် မကြောက်ဘူး ဦးဒီ .."

"မင်းက မကြောက်ပေမယ့် ငါကလည်း ကြည့်မနေနိုင်ဘူး .."

ဒေါက်တာ ဒီကမ္ဘာ က သူမဘက်လှည့်လိုက်ကာ ...၊

"မင်းနောက်ကို တကောက်ကောက်လိုက်ကြည့်နေတဲ့အတွက် ငါ့ကို မင်း တစ်မျိုးများထင်နေသလား .. အရိပ် .. ဟင် .. ပြောစမ်း .."

"ဟင့်အင်း .. ဟင့်အင်း .."

အရိပ် မှာပျာသလဲ ခေါင်းခါရင်း ဒီကမ္ဘာ ဘက် လှည့်ထိုင်လိုက်မိသည်။ ထိုအခါ ခြေထောက်နဲ့ အာပြုပြီး ဖင်ရွှေ့ထိုင်လိုက်ရခြင်းကြောင့် သူမ ခြေထောက်တွေ အခြေအနေမဆိုးသေးမှန်း သတိထားမိလိုက်သည်။

"အရိပ် ကို ဒီလိုစကားမျိုးတွေနဲ့ သွေးပျက်အောင် မပြောပါနဲ့ ဦးဒီ ရယ် .. ဦးဒီ နဲ့ အရိပ် က မိုးကောင်းကင်နဲ့ မြေကြီးလို ကွာပါတယ်"

ပြောနေရင်း မျက်ရည်စက်တွေ ပိုးပိုးပေါက်ပေါက်ကျလာပြန်ကာ ...၊

"ဦးဒီ ကို ဒီလိုထင်ဖို့မပြောနဲ့ အရိပ် ဘက်ကတောင် စိတ်ထူးယဉ်ဖို့ မထိုက်တန်ပါဘူး .."

သူမ အသံလေးတုန်ယင်အက်ရှနေခဲ့လျှက် ...၊

"ကားရပ်ပေးပါ .."

ရှေ့မှာ မောင်းနေသည့် ဒရိုင်ဘာက နောက်လှည့်ကြည့်ပြီး ဒီကမ္ဘာဆီက အသံကို နားစွင့်၏။ သူမ မျက်နှာကို ရုံးခနဲတစ်ချက်ကြည့်တာ ဒီကမ္ဘာမျက်နှာလွှဲသွားသည်။

"ကားရပ်ပေးပါ .. ကိုကောင်းကျော် .."

အရိပ် ထပ်ပြောလိုက်မှ ကားက လမ်းဘေးမှာ ခပ်ဖြည်းဖြည်းရပ်သွားခဲ့သည်။ အရိပ် နေရာမှာပဲ ငြိမ်ငြိမ်သက်သက်လေးထိုင်နေဆဲရှိ

www.burmeseclassic.com



ကာ ...

"ဦးဒီ ကို စိတ်ပင်ပန်းအောင်မလုပ်ချင်ပါဘူး၊ အရိပ် ရဲ့ စကား တွေ စော်ကားသလိုဖြစ်သွားတယ်ဆိုရင် တောင်းပန်ပါတယ် .. နောက် ထပ်ပြီး အရိပ် ဆို ..."

"ဝဋ်ကြွေးဆိုတာ ဘယ်သူမှ ခံချင်လွန်းလို့ ခံနေရတာမဟုတ်ဘူး။ မစီးလို မိန်းကလေးကို ပစ်မထားနိုင်သေးတာလည်း ငါ့ဝဋ်ကြွေးလို့ပဲ မှတ်ပါတယ် .. အခု မင်း ဆင်းသွားမလို့လား .."

"ဟုတ် .."

သူမ မျက်လွှာချလိုက်ပြီးမှ ခေါင်းညိတ်သည်။ ပြီးတော့ ...

"အရိပ် အနေအထိုင်မတတ်တိုင်း ဦးဒီ ဝင်ဝါနေရရင် .. ဦးဒီ မှာပါ အရှုံးရှိလာပါလိမ့်မယ် .."

"အပြွန်း .."

"အရိပ် က အရိပ်နဲ့ အရင်းနှီးဆုံးလူဆိုတာ သူတို့ရဲ့ လျှို့ဝှက်ချက် တွေရှိတယ်လို့ ပြောထားတော့ .."

"ဒီမှာ အရိပ် .."

သူ့ စကားပြောပြီဆို မျက်လုံးချင်းဆုံအောင် စောင့်တတ်တာကြောင့် အရိပ် မရဲတရဲကြည့်လိုက်မိသည်။ ဒီကမှာ မျက်လုံးတွေက အေးစက် စူးရဲနေကာ ...

"မင်း စိတ်ကူးတွေကို ပုံဖော်ပါစေဆိုပြီး ငါ လွှတ်ပေးထားတာ၊ ခွင့်မပေါ်ရှိကို ချောက်ကွဲယ်စရာရပ်နေခဲ့တာမဟုတ်ဘူး၊ အဲဒါ မင်း နားလည် လား ..."

"နားလည်ပါတယ် .. ဒါပေမယ့် .."

"မလိုဘူး .. ဆင်းတော့ .."

မျက်လုံးတွေ သည်းမည်းဝါး ရှာချလာတာနှင့် တိုက်ဆိုင်နေသည်။ အရိပ် ခပ်စမ်းစမ်းဆင်းရပ်တာကို ဒီကမှာ စိတ်ကြည့်နေခဲ့ပြီးမှ နည်းနည်းလေး



မှ မတား ..။

သူမ ခြေနိုင်နိုင်ရပ်လိုက်ချိန်မှာ တစ်ကိုယ်လုံး စိုရွှဲနေပြီဖြစ်ကာ ဒီတိုင်း လမ်းဘေးလျှောက်သွားတဲ့အထိ တုတ်တုတ်မလှုပ်ဘဲကြည့်နေ ခဲ့၏။ ပြီးမှ ...

"မောင်း ..."

ကားက ဖြည်းဖြည်းချင်းရွေ့လျားသွားခဲ့ပြီး ဒီကမှာ ဖုန်းဖွင့်လိုက် ကာ ...

"ဗလ .. မင်းတို့ဘယ်မှာလဲ .."

"ဆရာ့ကားနဲ့ သိပ်မကွာတဲ့နောက်မှာပါ .."

"အေး .. ဘာလုပ်ရမယ်ဆိုတာသိတယ်မို့လား .."

"ဟုတ်ကဲ့ .. မြင်နေရတဲ့နေရာမှာပါ .."

သူ ဖုန်းချလိုက်ပြီး သည်းမည်းနေသည့် မိုးစက်တွေကို ငေးကြည့် မိသည်။ ဒီမိုးစက်တွေကို ချစ်တေး ဆိုတဲ့ ကောင်မလေးက မုန်းတီးနေ ခဲ့၏။

သူ့အတွက်ကတော့ မိုးစက်တွေနဲ့အတူ သူ့ဘဝထဲဝင်လာခဲ့သည့် သူမကြောင့်သာ ..။

♥♥♥

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၁)

အဲရ်ကွန်း ဘတ်စ်ကားကြီးတွေလည်း သွားနေကြသည်။ တက္ကစီတွေကိုလည်း တွေ့သည်။ ဒါပေမယ့် သူမ ရပ်ကျန်ခဲ့သည့်နေရာမှာပဲရှိနေဆဲဖြစ်ကာ မိုးစက်တွေကို ကြည့်ကြည့်ခံနေခဲ့၏။

မိုးက အရှိန်လျော့မသွားဘဲ စည်းချက်မှန်စွာသည်းနေခဲ့သည်။ သက်နှင်ယ်ညဦးရဲ့ အလှက မိုးကြောင့် အကျည်းတန်နေကာ လမ်းပေါ်မှာ လူသွားလူလာ ကားသွားကားလာ အဆက်ကျဲရှင်းလင်းနေလေသည်။

အချိန်ကို သတိမထားမိပေမယ့် ခြေထောက်တစ်ဖက်က နာကျင်လာသဖြင့် ရပ်နေရာမှ စတင်ရွေ့လျားမိ၏။ ထိုအခါကျမှ သူမ ဘယ်လောက်ကြာအောင်ရပ်နေခဲ့မိမှန်း သတိရလာသည်။

ထုံခဲနေသည့် ခြေထောက်တစ်ဖက်က ခြေလှမ်းလိုက်တာတောင် ပါရဲ့လားလို့ထင်မိသည်။ သို့သော် .. သူမ ဒီတိုင်းပဲဆက်လျှောက်ခဲ့၏။

တက္ကရာလမ်းမည်းကြီးက မိုးစက်တွေအောက်မှာ လူးလိမ့်ဝပ်စင်းနေရပေမယ့် လျှပ်စစ်မီးရောင်တွေ အကူအညီဖြင့် သူ ဘယ်လောက်မာကျောကြောင်း တပြောင်ပြောင်လင်းလက်ပြနေ၏။

ပြီးတော့ ကားတွေလူတွေ ဘယ်လောက်ပဲ ဖြတ်ကျော်လျှောက်နင်းနေကြပေမယ့် ညည်းညူသံလည်းမထွက် ခြေရာလည်းမထင် ..။



သူမရဲ့ ဘဝကတော့ မိုးစက်တွေ ကြွေဆင်းနေတဲ့ တက္ကရာလမ်းမည်းကြီးပေါ် ပထမဆုံးနှင်းဖြတ်ပြေးခဲ့သည့်အချိန်မှာ အညွှာမခိုင်တော့တဲ့ ပန်းတစ်ပွင့်လိုလား ..။

ဒါမှမဟုတ် မိုးကြီးရေလျှံနေတဲ့လမ်းဘေးရေစီးချောင်းလေးတွေပေါ်မှာ မျောပါနေတဲ့ ပန်းအကြွေပွင့်တစ်ပွင့်လား ..။

မိုးရွာနေတဲ့အချိန်တွေမှာ သူမရဲ့ ကံဆိုးခြင်းအရာရာဖြစ်ခဲ့သည်။ မိုးစက်တွေနဲ့အတူ သူမ ဘဝ ရေစုန်မျောခဲ့ရ၏။ ဒါတွေဟာ တစ်ချိန်က ကံဆိုးခြင်းတွေပဲဆိုရင် ဒီနေ့ရွာတဲ့မိုးမှာ သူမ နောက်ထပ် ကံဆိုးဖို့ဖြစ်ခဲ့ရတာ ဘယ်လိုဝဋ်ကြွေးမျိုးလဲ ..။

လူတစ်ယောက်မှာ အဆိုးရွားဆုံးနှစ်ခါမဖြစ်တတ်ပါဘူးလို့ ဦးလေးမြတ်ထွတ် ပြောခဲ့ဖူးသည်။ သူမ နှစ်ခါကြုံခဲ့ရတာ ဘာကြောင့်လဲ ..။

ဦးဒီ တို့သာ ရောက်မလာခဲ့ရင် သူမ လွတ်မြောက်ပါ့မလား ..။

"ကိုယ့်ကိုယ်ကိုယ် လေးစားရမယ်" တဲ့ ..။

ဒီလောက်တောင်နာကျတဲ့ ကံကြမ္မာနဲ့ မွေးဖွားခဲ့ရတဲ့ သူမဘဝက လေးစားစရာဘာရှိလို့လဲ ..။

'ပေါ့ဖြစ်တုန်းခံ ကျူဖြစ်တော့နှံ' ဆိုသည့် စကားပုံက သူမနဲ့တော့ မဆိုင်ဘူးလား ..။

"ကျိမ်း .. ဒိန်းဒိလိန်း .."

လျှပ်ရောင်တွေနဲ့အတူ မိုးခြိမ်းသံတွေပါလာသည်။ မိုးရေထဲမှာပဲ တစ်လှမ်းချင်းလျှောက်နေခဲ့ရင်း အဝတ်တဲ့ပုံရိပ်တွေက မိတ်ခေါ်စရာမလိုဘဲ တရိပ်ရိပ်တက်လာခဲ့၏။

မွှင့်သစ်စ အလှသွေးတွေကြွယ်လျက် ဘဝဆိုတာ ခါးသီးလှတယ်ရဲ့လို့လည်း ရေရေလည်လည် မခံစားမိခဲ့သေးပါ။ တစ်နေ့နဲ့ တစ်နေ့ သားအမနှစ်ယောက်အတွက် ဝမ်းရေးအပြင် ဘာအရေးကိုမှ ခေါင်းထဲ မထည့်နိုင်တာမို့ ရွာထဲမှာ အလုပ်လုပ်ပြီး မောမောပန်းပန်းပြန်လာချိန်

www.burmeseclassic.com

www.burmeseclassic.com



ဟာ ညနေ နေဝင်ရီသရော ..။

ထိုညနေကတော့ အုံ့ပျက်ပျက် မိုးရိပ်တို့နှင့် သူမ လျှောက်လာခဲ့သည့် လမ်းကလေးက ခါတိုင်းထက် အေးချမ်းနေခဲ့၏။ ခါတိုင်းထက် ပျော်ရွှင်နေခဲ့သည့် ရင်ထဲမှာလည်း ခါတိုင်းလို ပင်ပန်းနွမ်းနယ်လာတာမျိုး အလျှင်းမဖြစ်ခဲ့ပေ။ အဘယ့်ကြောင့်ဆိုသော် အရောင် ရဲ့ အစ်ကိုကြီးနဲ့ သူမ စကားပြောခဲ့ရသည်။ မျက်နှာတောင် ရဲရဲမကြည့်ဝံ့ခဲ့သည့် လူတစ်ယောက်ကို ဒီနေ့တော့ လမ်းမှာပြီး ဓွေးကိုက်မခံရအောင် သူမ တားဆီးနိုင်ခဲ့၏။

ရင်ထဲမှာ ပေါ့ပါးလန်းဆန်းနေသည်။ ရွာထဲမှာ မြေကွက်တစ်နေရာတောင် ပိုင်ဆိုင်မှုမရှိတော့သဖြင့် ရွာပြင်ထွက်ပြီး ကိုယ့်ဘာသာခြံတွေရှင်းပြီး နေရသည့်ဘဝမှာ ....

ရွာလူကြီး၏ သနားသဖြင့် နေထိုင်စရာရခဲ့ခြင်းဖြစ်သည်။ ကံကောင်းလွန်းလို့ဆိုသော သူမရဲ့ ကံဇာတာမှာ သူဌေးကတော်ဖြစ်ဖို့ကံရှိနေပြီလို့တွေးမိနေပြီး ပျော်နေခဲ့သည်။

အရောင့် လို သူဌေးသား လူချောလူလှလေးက သူမကိုချစ်သည်။ ပြီးတော့ မိဘတွေလည်းမရှိကြတော့သဖြင့် သူမနဲ့ ဘဲဘောမတူမကြည်ဖြူဘူးပြောကြမှာလည်း ပူစရာမလိုတော့ဘူးလို့ထင်ခဲ့သည်။

လအရောင် ဆိုသည့် ချစ်ရသူ ဒီရွာကိုရောက်လာကတည်းက ပူပင်သောကကင်းဝေးနေသလို ချမ်းမြေ့ပျော်ရွှင်နေခဲ့ရသည့် သူမ၏ နေ့ရက်လေးတွေက သက်တမ်းတိုတောင်းလှစွာ ..။

"ဟင် .. အဖေ .. အဖေ ဘာဖြစ်တာလဲ .. အဖေ ဘာဖြစ်တာလဲ ဟင် .."

ဝါးကွပ်ပျစ်အဆင့်နိမ့်လေးနှင့် မြေစိုက်တဲအိမ်လေးက ခေါင်းရင်းခြေရင်း ရှိုင်လေးလုံးဝဲကျန်ကာ အမိုးအကာတွေ ဘာမှမရှိတော့ဘဲ ထုချေရိုက်ခွဲထားသည့် စားအိုးစားခွက်လေးက ပြန့်ကျဲနေသည်။

"ချစ်ဖေ၊ .. အမိုက်မ .. နင် .. နင် ဒီလောက်တောင်မိုက်မဲရသ



လား ဟင် .."

ချစ်တေး ရဲ့ ဝမ်းသာပျော်ရွှင်စွာ ဆော့ကစားရင်း လှမ်းလာခဲ့သည့် ခြေလှမ်းတွေက တဲပြိုနေတာ လှမ်းမြင်လိုက်တာနှင့် စိုးရိမ်တကြီးပြေးလွှားလာခဲ့ခြင်းသို့ရောက်ကာ ..၊

ထိုနာရီစက္ကန့်များ၏ ရှေ့အနာဂတ်သည် ..၊

"သမီးဘာလုပ်လို့လဲ အဖေ .. အဖေ့ကို ဘယ်သူလုပ်သွားတာလဲ.. အိမ် ဘာဖြစ်လို့ပြိုသွားတာလဲ .."

အရိပ် အသံတွေတုန်နေကာ အပျက်အစီးတွေကြားထဲမှာ ဒဏ်ရာဗလပွဖြင့် ငုတ်တုတ်ထိုင်နေသော အဖေ့ကို ကတုန်ကယင်ဆွဲထူပေးမိသည်။

အဖေ့ မျက်နှာ ဒဏ်ရာမရှိသော်လည်း ခြေလက်တွေကို ရိုက်နှက်ခံထားရသဖြင့် နဂိုတည်းက ခြေတစ်ဖက်မသန်သော အဖေ့တဝက လေးဘက်ထောက်၍တောင် မသွားနိုင်တော့ပေ ..။

"အိမ်ပြိုသွားတာမဟုတ်ဘူး၊ လာဖြိုသွားကြတာ .. သူဌေးကို မတာန်မရာမှန်းပြီး နင် မိုက်လုံးကြီးလို့ .."

"ဟင်!..."

"ပိုက်ဆံပေးပြီး တခြားရွာပြောင်းဖို့ပြောကြတယ်၊ အဖေက မပြောင်းဘူး ဆိုလို့ .."

ပြောပြရင်း ဦးချစ်မောင် မျက်ရည်ကျ၏။ မျက်နှာရှေ့မှာ ပိုက်ဆံအထပ်လေးတစ်ထပ် ဘုတ်ခနဲ ပစ်ကျလာခဲ့သည်။ ပြီးတော့ ပြန်ထောက်ယူသွားပြီး ..၊

"နည်းသေးတယ်ထင်လို့လား .. အတိုးကြီး မတာန်မရာတွေ မပြောနဲ့နော် .. ပြောင်းမှာလား မပြောင်းဘူးလား .. ဒါကိုယူမှာလား မယူဘူးလား .."

"ပေးမနေစမ်းပါနဲ့ကွာ .. တစ်ထောင်တန် တောင်မထိုင်ဘူးတော့ သွေးတက်ပြီး တစ်ခါတည်းရှောသွားလိမ့်မယ် .. ပေး .."

www.burmeseclassic.com

www.burmeseclassic.com



"ဒီလောက်ခေါင်းမာတာ .. ချကွာ .."

လူတစ်စု၏ တွန်းထိုးရိုက်ပုတ်မှုတွေက အကောင်းရှိနေသေးသည့် ခြေထောက်တစ်ဖက်ကိုဖြစ်ကာ ..။

"မလုပ်ကြပါနဲ့ .. တောင်းပန်ပါတယ် .."

ပြောရင်း လက်ကာတော့ ကာနေသည့်လက်ကို ရိုက်ချက်တွေထိသည်။ ပစ်လက်ခတ်လဲကျသွားတိုင်း ကျောကိုဆောင့်မိ ခေါင်းကိုဆောင့်မိ ဒဏ်ရာတွေ ပွထကုန်၏။

လက်နဲ့ ထောက်ကျသွားသည့်အခါတွေမှာ အရိုက်ခံထိခဲ့သည့် ဒဏ်ရာပေါ်ဒဏ်ရာထပ်ကာ ..။

"အား .. ကျွတ် .. ကျွတ် .. အောင်မယ်လေး သေပါပြီ .."

"အဖေ .. အဖေ လက်ကနာနေတာလားဟင် .. ခေါင်းကနာတာလား .."

မိုးသံတွေတဖြိမ်းဖြိမ်း ကြားနေရတာ မရွာသေးဘဲ ကြောက်စရာကောင်းနေသည်။ ညဦးတည်းက ကိုယ်တွေပူနေသည့် ဦးချစ်မောင်ကို အမိုးထုပ်ဆေးတစ်ခွက်စာ ကျန်တာလေးကို ထပ်တိုက်လိုက်၏။

သို့သော် ခဏပဲ ကိုယ်ပူကျသွားကာ မလုံမလဲဖြစ်သလို ကာရံထားရသည့် တဲစုတ်ထဲမှာ မိုးသက်လေတွေက တဝုန်းဝုန်းကြမ်းလာသဖြင့် ကိုယ်ပူထက်လာပြန်သည်။

"ဝုန်း ..."

"ဟင် .."

လေတစ်ချက်မှာ သူမတာသာ ပြန်လည်ထူထောင်ထားသည့် ထိုင်နံ့နဲ့ တဲအိမ်လေးလဲပြိုသွားလေသည်။ ထိုအချိန်မှာ ရွာချလိုက်သည့်မိုးကြောင့် ကိုယ်တွေပူပြင်းနေသည့် လှမမာတစ်ကိုယ်လုံး မိုးရေတွေစိုရွှဲကုန်၏။

"အဖေ .. အမလေးလုပ်ကြပါဦး .. အဖေ .. အဖေကို သမီးဖက်ထားမယ်နော် .. လာ .. အဖေလာ .."

"အား ..."



လှမမာက တစ်ကိုယ်လုံးဒဏ်ရာတွေပွနေသဖြင့် ထိကိုင်တာနှင့် အော်၏။ အရိုင် တရှိုက်ရှိုက်ငိုရင်း ရွက်ဖျင်စအစုတ်ကြီးကို မိုးရေထဲက ပြန်ဆွဲယူသည်။ ပြီးတော့ နှစ်ယောက်စလုံး လုံအောင်ဆွဲခြုံထားလိုက်ပြီးမှ ..။

"အဖေ .. အဖေကို ခြုံထားပေးခဲ့မယ်၊ သမီး ရွာထဲပြေးပြီး အရိုးရှိ တို့ကို အကူအညီတောင်းမယ် .. ဆေးဆရာလည်းခေါ်လာခဲ့မယ် သိလား"

"မသွားနဲ့ .. မသွားနဲ့ .."

ဦးချစ်မောင် က အရိုင် ရဲ့ လက်ကို ကတုန်ကယင်ဆွဲထားရင်း...

"လမ်း .. လမ်းမှာ ခုလောက်ဆို ရေတံခွန်က တောင်ကျရေတွေ ပါပြီး လမ်းပျောက်နေပြီ၊ မသွားနဲ့ .. မြွေ .. မြွေပါးကင်းပါနဲ့ .."

"ရေတွေ ဒီဘက်ရောက်လာရင် ပိုဆိုးမှာ အဖေရဲ့၊ အဖေကို သမီး ဒီတိုင်းမထားနိုင်ဘူး .. နော် .. အဖေနော် .. သမီးသွားနေကျလမ်းတွေ ပါ .. ဘာမှမဖြစ်ပါဘူး .."

"ချစ်တေး .."

ဦးချစ်မောင် ရှိသမျှအားအင်နဲ့ ကုပ်ခြစ်အော်သည်။ မသွားနဲ့လို့ ပြောဖို့ ကိုယ်ပေါ်မှာ လွှားခြုံပေးခဲ့သည့် မိုးကာအစုတ်ထဲက ခေါင်းပြူ၏။

သို့သော် မချိတရိခွဲထားသည့် အားအင်က လေဆောင့်တိုက်တာကို မခံနိုင်ဘဲ မိုးကာတစ်ခုလုံး လန်ထွက်သွား၏။

"ချစ်တေး .. သမီး .. မသွားနဲ့ ပြန်လာခဲ့သမီး .."

ရွာထဲမှာ ခြေနိမ့်ရာလှံစိုက်ချင်တဲ့ အချောင်သမားရွာသားတွေရှိသည်။ အချိန်အခါကြီးက ဆိုးရွားနေ၏။ ဦးချစ်မောင် သမီးကို ပွေ[illegible] ဖြင့် ရှေ့တိုးသော်လည်း ခြေထောက်တွေက မပါနိုင် ..။

ထိုအခါ တွားသွားသတ္တဝါတစ်ကောင်လိုသို့ လက်မှ[illegible] ကို မချိတရိ ထောက်၍ ကြိုးစားအားမြှ၍ ရှေ့တိုးဖို့ကြိုးစားနေရင်း ..

"ဂျိမ်း .. ဗြုတ် .. ဖြောင်း .."

www.burmeseclassic.com

www.burmeseclassic.com



လျှပ်စီးလက်သွားခြင်းသည် နေ့ခင်းကြောင်တောင်ကဲ့သို့ လင်းထိန်သွားခဲ့ပြီး မိုးကြိုးပစ်သံကြီးက လူကို ထုနှက်ပစ်လိုက်သလိုပင် ...။

ထိုပြင် သစ်ကိုင်းကျိုးသံတွေကြောင့် မြေပြင်မှာတွားသွားဖို့ကြိုးစားနေသည့် ဦးချစ်မောင် မျက်ရည်တွေကျလာကာ ...၊

"ကယ်တော်မူပါ .. ဘုရားကယ်တော်မူပါ၊ တပည့်တော်သာ ငှက်ပစ်ချိုးပစ်နဲ့ သူများအသက်တွေ သတ်ဖြတ်ခဲ့တာပါ၊ သ .. သမီးလေးနဲ့ မဆိုင်ပါဘူး .. တပည့်တော်သာ မြွေဥ ဖွတ်ဥတွေ ငှက် .. ငှက်ဥတွေကို လိုက်နှိုက်ခဲ့တာပါ၊ သမီးလေးမှာ အပြစ်မရှိပါဘူး ဘုရား .. တပည့်တော်ကို အပြစ်ပေးတော်မူပါ .. သမီး ဘာမှမဖြစ်ပါစေနဲ့ နတ်မြတ် နတ်ကောင်းတို့ .. သ .. သမီးလေးကို .."

ဦးချစ်မောင် လက်အုပ်ချီရင်း ဇက်ကျိုးသွားလေသည်။

တစ်ချိန်တည်းမှာ သစ်ကိုင်းကျိုးပိ၍ လဲကျမေ့မျောသွားခဲ့သော အရိပ် ၏ စိတ်ဝိညာဉ်သည် စိတ်မချစွာထားခဲ့ရသည့် ဖခင်ဖြစ်သူထံ ပြန်ရောက်နေကာ ...၊

"အဖေ့ .. အဖေ ထလေ .."

အိုးစုတ်ခွက်စုတ်အကွဲအကြေတွေကြားထဲမှာ မှောက်လျက်ကြီးလဲကျနေသည့် အဖေ့ကို အတင်းပွေ့ထူရင်းခေါ်နေမိသည်။ သို့သော် သူမခေါ်နေတဲ့အသံက အပြင်ကိုမရောက်နိုင်သလိုဖြစ်နေ၏။

အဖေ့ကို အတင်းဆွဲပွေ့နေပေမယ့် မချီမဆန့်လေးလံနေပြီး သူမလက်ထဲမှာ ပါမလာ ...။

"အဖေရေ .. အဖေ ဘာဖြစ်သွားတာလဲ .."

အဖေ့ကို ပြန်ချခဲ့ပြီး လွင့်သွားသည့် မိုးကာစကို ပြေးကောက်သည်။ မှောင်နဲ့ မည်းမည်းမှာ လျှပ်စီးလက်နေခြင်းကြောင့် အားလုံးကို မြင်နေရာတကျမှတ်မိနေ၏။

သူမ ပြန်ပြေးလာပြီး အဖေ့ကို ခြုံပေးဖို့ကြည့်တော့ အဖေ မရှိတော့ပေ ...။



"အဖေ .. အဖေ .. အဖေ ဘယ်ထသွားတာလဲ .."

"သမီး .."

ဟင်!...

ခေါ်သံကြားပြီး လူကိုမတွေ့ ...။

"သမီး ချစ်တော .."

"အဖေ .."

သူမ ဘာဖြစ်လို့ လှဲအိပ်နေတာလဲ ...၊

အဖေက သူမကိုယ်ပေါ်မှာ မိုးကာစကြီးနဲ့ ဖြန့်ကာ မိုးပေးထားရင်း ငုံ့မိုးကြည့်လျက် ...။

"ထ .. ထ .. အအေးပတ်လိမ့်မယ် .."

"အဖေ .. ဘယ်လိုထလာတာလဲဟင် .."

"သမီး မိုးရေထဲမှာ တစ်ညလုံးဖြစ်သွားရင် အအေးပတ်မှာစိုးလို့ ထတော့ မြန်မြန်ထ .."

အဖေ ...။

အရိပ် အဖေ့ကိုခေါ်ရင်း သတိရလာသည်။ မျက်နှာပေါ်ကို မိုးပေါက်တွေကျနေဆဲဖြစ်ကာ ထကြည့်တော့မရဘဲဖြစ်နေ၏။

ဟင် ...။

သူမ ဘာဖြစ်သွားသည်ကိုစဉ်းစားမိလိုက်တာနှင့် [illegible] မိ၏။ ခါးပေါ်မှာ ကန့်လန့်ဖြတ်ဖိနေသည့် သစ်ကိုင်းကျိုးကြီးက နည်းတာကြီးမဟုတ် ...။

အရိပ် တိုဟ်ကိုယ်ကိုယ် ဘာဖြစ်သွားမှန်းမသိသေးခင် မတ်တတ်ထရပ်လိုက်လျှင် ခိုက်ခနဲပြုတ်သွား၏။ သို့သော် .. ထိုင်လျက်လေးအနေက သွားရာကနေ ပြန်ထရပ်ကာ ...၊

"အဖေ .. အဖေ ငါ့ကို လာနှိုးတယ် .. အဖေ ဘာဖြစ်သွားပြီလဲ.."

သူမ ရွာထဲကိုမသွား [illegible] အဖေ့နားကထလာပြီး တောလမ်းတောင် မဆုံးသေးခင် မိုးကြိုးပစ်သံကြားလိုက်ပြီး သစ်ကိုင်းပိခဲ့တာဖြစ်

www.burmeseclassic.com



၏။ သူမ ဘယ်လောက်တောင် သတိလစ်သွားခဲ့သလဲ ...।

ဈေးညီပေးနိုင်တဲ့လူတွေဆီ မသွားတော့ အဖေ့ဆီ ပြန်ပြေးလာခဲ့တာ မှားသလား မှန်သလားဆိုတာလည်း မသိတော့ဘဲ ...။

"အမလေး .. အဖေ .."

သူမ တဲဆီ ပြန်မရောက်မီ လျှပ်စီးရောင်တစ်ချက်လက်သွားလျှင် သိလိုက်ပေမယ့် နောက်ကျသွားခဲ့၏။

"အင့် .."

အဖေ့ကိုတွေ့လိုက်ရပေမယ့် သူမ ဘယ်လိုမှ မရှောင်လိုက်နိုင်ဘဲ မှောက်လျက်ဆန့်ဆန့်ကြီး ငြိမ်သက်နေသည့် အဖေ့ခြေထောက်ကို ခလုတ်တိုက်မိပြီး ဘိုင်းခနဲလဲလေသည်။

"အဖေ .. အဖေ့ကို ကယ်ကြပါဦး .."

အရိပ် လူးလဲပြန်ထကာ အဖေ့ကို သိမ်းကျုံးဖက်၍ တအားအော်ပစ်လိုက်မိ၏။ ထို့နောက် ဒဏ်ရာရထားသော ခေါင်းထဲမှာ တရိပ်ရိပ်ပြာဝေလာခဲ့လျက် ...।

"သမီး .. ချစ်တေး .. ထ .. ထ .."

"မိုးရေထဲမှာ အအေးပတ်မှာစိုးလို့ .."

အဖေ့ မျက်နှာကို မြင်ယောင်လာသည်။ ပြီးတော့ အဖေ လာနှိုးခဲ့တဲ့အသံတွေကို သတိရ၏။ နောက်တော့ တရေးရေးပြန်လည်ပျောက်ကွယ်သွားကာ သူမလည်း အလောင်းကိုဖက်လျက်သားနှင့် မှေးမှော သွားခဲ့ပြန်၏။

တဲပျက်ငုတ်တို့နှင့် သားအဖနှစ်ယောက်၏ ကိုယ်ပေါ်သို့ မိုးစက်တို့က မညှာမတာ ဆက်လက်ကျဆင်းနေခဲ့လျက် ...।

♥♥♥



အခန်း (၂၂)

"မလုပ်ပါနဲ့ ကိုကြီးဂျိုး ရယ် .. ကျွန်မ ရှိကြီးခိုးပါတယ်၊ ဘာခိုင်းခိုင်းလုပ်ပါ့မယ် .."

"အောင်မလေးရှိခိုးတာမလိုချင်ပါဘူး၊ ဟဲ .. ဟဲ .. ဘာမှသည်း မခိုင်းဘူး .. ငါ့မိန်းမ မိသောင်းစိန် ကို စိတ်ကုန်လွန်းလို့ပါ၊ လာစမ်းပါ ဘယ်သူမှမသိစေရဘူး .."

"ဟင့်အင်း .. မလုပ်ပါနဲ့ တောင်းပန်ပါတယ်၊ တောင်းပန်ပါတယ် ကိုကြီးဂျိုး ရဲ့ .. ဟီး .. ဟင့် .."

အရိပ် လက်အုပ်ချီတောင်းပန်ရင်း ဒူးတုပ်လေးထိုင်ချပြီး ရှိခိုးသည်။ ဒူးတုပ်လျက် နောက်ဆုတ်နောက်ဆုတ်ခေါင်းခါရင်း ...।

"လာစမ်းပါ .."

"အား .."

ဂျိုးကြီးက တစ်ခါတည်း ရုန်းမရအောင်အုပ်ဖမ်း၏။

"မလုပ်ပါနဲ့ .. အရီးရေ မကြီးသောင်း ကယ်ကြပါဦး ကယ်ကြပါဦး .."

"တိတ်စမ်း .."

လက်တစ်ဖက်က ပါးစပ်ကိုဖိပိတ်ထားလိုက်ကာ လက်တစ်ဖက်

www.burmeseclassic.com

www.burmeseclassic.com



ကနေ အကျီကိုဆုတ်ဖြဲပစ်လိုက်လျှင် ...။

"ထဲ ..."

လက်လှမ်းမီရာဆွဲကာ ပါလာသည့် လက်နှိပ်ဓာတ်မီးအစုတ်ကြီးနဲ့ နောက်စေ့ကို တအားရိုက်ချလိုက်၏။

"သေပါပြီဗျာ .. ကောင်မ .."

"ဘုန်း ..."

အရိပ် ကို ခြေထောက်ပဲမိမိအမိအရ ဖမ်းဆွဲ၏။ အရိပ် သူ့မျက်နှာကို ဆောင့်ကန်ပြီး ထွက်ပြေးခဲ့လျှင် ...။

"အဲဒီကောင်မကို ဖမ်းထားစမ်းပါ .. သူခိုးမ .."

နေ့ခင်းကြောင်တောင် သူခိုးဖမ်းပွဲဖြစ်သွားနိုက်ကာ အဖေါ်ဖြစ်သူ ဒေါ်အေးပုံတို့ မိသားစုတစ်စုလုံးနှင့် ရွာထဲက အိမ်နီးချင်းတစ်ချို့ဝိုင်းဝန်းထားလိုက်ကြပြီး ...။

"ဘာခိုးလို့လဲ .."

"ဒီမှာ ..."

"လက်စွပ်လား .. ရွှေလည်းမဟုတ်ဘဲနဲ့ .."

"မိုးကြိုးလက်စွပ်လေ .. ရွှေရောင်လက်နေတော့ ရွှေထင်လို့ဖြစ်မှာပေါ့ .."

"ရွှေမှန်း မိုးကြိုးမှန်း မသိလောက်အောင် ဒီကောင်မလေး မအပါဘူး .."

"နေပါဦး ဂျိုးကြီးရ .. မင်းက သူ့အိပ်ရာထဲ ဘာသွားလုပ်တာတုံး.."

"လက်စွပ်သွားရှာတာပေါ့ဗျ .. ကျုပ်လက်စွပ်က ဓာတ်အောင်တဲ့ လက်စွပ် .. ဒါကြောင့် ရွှေရောင်ထွက်နေတာ .."

ပတ်ဝန်းကျင်ကတော့ ဖြစ်နိုင်ချေကိုတွေးကြပေမယ့် အဒေါ်ဖိထားရ တွေက တက်ညီလက်ညီ ..။

"အို .. ဘာကြောင့်ဖြစ်ဖြစ် ရေရှည်ဆိုမဖြစ်ဘူး .."



ဂျိုးကြီးရဲ့ မိန်းမက ထအော်သည်။ ညီမဖြစ်သူက လိုက်ထောက်ခံ၏။

"ဟုတ်တယ် .. နောက်ထပ်တစ်ခါ ငါ့ယောကျ်ားပါ ခေါင်းကွဲဦးမလားမသိဘူး၊ အမေနော် .. အစေ့တူမကို မြန်မြန်ရှင်းထုတ်လိုက်.."

"ပတ်ဝန်းကျင်က ပတ်ဝန်းကျင်ပီပီမပြောကြပါနဲ့၊ သနားရင် နင်တို့ခေါ်ကျွေးထားပါလား .."

ဒေါ်သောင်းစိန် ပတ်ဝန်းကျင်ကို မလုံမလဲ လှည့်အော်သည်။ လူတိုင်းကလည်း ဒီလိုပတ်သက်မှုမျိုးကိုတော့ မလိုချင်ကြသဖြင့် တရားခြင်း မတရားခြင်းက တစ်ထိုင်တည်းမှာ ပြီးဆုံးပျောက်ကွယ်သွားလေသည်။

"အရီးရယ် .. ကျွန်မ နေစရာမရှိလို့ပါနော် .. တစ်နေ့ကုန်အလုပ်လုပ်လို့ရသမျှ အရီးကိုအပ်ပါ့မယ် .."

"တော်ပါအေ .. ညည်းတို့သားအဖ ငါးပိနဲ့စား ဆားနဲ့စား ငါတို့မသိမှတ်လို့ .."

"ဟုတ်ပ .. နင့်ရဲ့ တစ်နေ့ကုန်လုပ်စာက ငါတို့ ညဘက်ကာရာအိုခေသွားဆိုတဲ့ သီချင်းသုံးပုဒ်ဖိုးလောက်တောင်ရှိလို့လား .."

"မလုပ်နဲ့နော် အမေ .. အမေ့ သမက်တွေ သိက္ခာကျတယ်၊ အဲဒီကောင်မက ဟိုစွပ်စွဲ ဒီလိုစွပ်စွဲနဲ့ .."

သမက် နှစ်ယောက်စလုံးက အတိုင်အဖောက်ညီနေကြကာ အရိပ်ရောက်လာစက လုယက်အရေးပေးနေကြသည့် မျက်နှာတွေနဲ့ တခြားစီ ...။

"မမသောင်းကြည် ရယ် .. ကျွန်မ တစ်နေ့ကို ထမင်းတစ်နပ်ပဲစားပါ့မယ် .. အဆာပြေရုံလေးပဲကျွေးပါ .."

"အသွားကလည်း မမချစ် က စာသင်ပေးတတ်တာပဲ၊ အနော်တို့ ကို စာသင်ပေးမှာပေါ့ .."

မြေးတွေကတော့ အရိပ် ကို သံယောဇဉ်ရှိကြသော်လည်း ဒေါ်သောင်း

www.burmeseclassic.com

www.burmeseclassic.com



စိန်ကလုံ ကလုံဝလက်မခံ ..။

"စာလေး ရေးတတ် ဖော်တတ်တာနဲ့များ မသိတဲ့လူက မတတ်တဲ့ လူကို သင်ဦးမယ်တဲ့၊ သွားစမ်းပါဟယ် .. ဒီကလေးတွေ လူကြီးတွေ စကားပြောရင်ဟိုဝင်ပါ ဒီဝင်ပါနဲ့ .."

နောက်ဆုံးမှာ အဒေါ်ဖြစ်သူကိုယ်တိုင်က မကြားဝံ့မနာသာတွေ ပြောလာခဲ့ရာ ..၊

"ဒီလောက်တောင် ငါ့အိမ်မှာနေချင်တာ .. ဂါ့သမက်တွေ အလုပ်အကိုင်ကောင်းကြတာကို မက်လို့လား ချစ်တေး၊ ဒီကောင်တွေ အရက်သောက်ကြပေမယ့် ရှာနိုင်ဖွေနိုင်တယ်ဆိုပြီး အားကိုးလိုချင်တာလား.."

"မဟုတ်ရပါဘူး အရီးရယ် .. အဲ့လိုမဟုတ်ပါဘူး .."

"အေး .. မက်မောနေရင်လည်း ညည်းက ပျော်တော်ဆက်မပဲဖြစ်မယ် .. ဂျိုးကြီးရဲ့ မယားတော့ဖြစ်မှာမဟုတ်ဘူး .."

"အရီးရယ် .. ကျွန်မကို အဲ့လိုတော့မပြောပါနဲ့၊ ကျွန်မမှာ အရင်းအချာမဟုတ်ပေမယ့် ဆွေမျိုးဆိုလို့ အရီးပဲရှိလို့ပါ .. ကျွန်မ အဲ့လိုမိန်းမမျိုးမဟုတ်ပါဘူး .."

"ပြောလို့ရမလားအေရယ် .. ညည်းက ကိုယ်ပိုင်ဆိုလို့ ထမီတစ်ထည်တောင် အပိုမရှိတော့ဘူးဆိုတော့ ရရာကုပ်ဆွဲထားဖို့ ဝန်လေးမှာမှ မဟုတ်ဘဲ .. ဟို သူဌေးတွေလည်း ညည်းကိုကြောက်လို့ ပြန်ပြေးကြတာ မှန်နေတာပဲတဲ့၊ ညည်းက မတန်မရာတွေ တက်တက်မှန်းနေတဲ့မိန်းမ .."

"ဟဲ့ .. ဒီမှာ မိချစ်တေး .. ဒီတစ်ခါ ငါ့ယောက်ျားက ကြံစည်လာရင်နင်အသံမထွက်ဘဲနေပေးမလား .. ငါ့အိမ်မှာ လက်ခံထားမယ် .."

"မမသောင်းကြည် ..."

"ခစ် .. ခစ် .. ခစ် .. အမမှုကိုမပြောနဲ့ ငါ့ကိုပြောစမ်းပါ၊ ဒီအိမ်မှာ မိသောင်းကြည် ပြီးမှ ပြီးတာ၊ နင် ငါ့ယောက်ျားနဲ့ အဲလိုအဆင်ပြေ



ရင်တော့ .."

ထိုနေ့သည် နောက်ဆုံးနေ့ပဲဖြစ်ကာ မြို့ကဈေးသည် ဒေါ်စုရီ ၏ အကူအညီဖြင့် မြို့ပေါ်မှာ အိမ်ဖော်လုပ်ဖို့လိုက်လာခဲ့မိသည်။

"ညည်း မကြောက်နဲ့နော် သမီး၊ ဒေါ်မိမိက အိမ်ဖော်ပွဲစားလုပ်နေတဲ့သူပါ၊ ဘယ်အိမ်က သန့်တယ်ကောင်းတယ်ဆို သူသိတယ်၊ ညည်းအကြောင်း အဒေါ်သေချာပြောထားတာပါ .."

ဒေါ်စုရီ ကတော့ တကယ်ကူညီချိတ်ဆက်ပေးခဲ့တာပါ။ သို့သော် အရိပ် ကို လက်ခံကူညီမယ့် ဒေါ်မိမိ က တကယ့်အိမ်ဖော်ပွဲစားအစစ်မဟုတ်ခဲ့ရာ ..၊

"ဒုန်း ..."

"ဟာ ..."

"ပြေးပြီ ဟိုကောင်မလေး .."

"လိုက်ကြစမ်း .."

အရောင်းအဝယ်တွေနဲ့ လူယုတ်မာတွေလက်ထဲက အရိပ် ထွက်ပြေးခြင်းသည်။ ထိုအချိန်မှာ မိုးတွေရွာလာခဲ့သည်။ ဒီတိုင်းပြေးလိုက်လာကြသူတွေ ကို့ယို့ကားရားနှင့် နောက်ပြန်လှည့်ပြေးကြ၏။

သူတို့တွေ အနေးယာဉ် အမြန်ယာဉ်တွေနဲ့ အသီးသီးပြန်လိုက်ကြသည့်အချိန်မှာ အရိပ် က အုပ်ဆိုင်းသော သစ်ပင်ကြီးတစ်ပင်အောက်မှာ ဝှကာပ်ပုန်းနေခဲ့၏။

ထိုအချိန်မှာ တွေ့လိုက်တာက သူမရှေ့ကနေ ဖြတ်မောင်းသွားသည့်ကားကြီးတစ်စီးပေါ်မှာ အရောင့် ရဲ့ ကိုကြီး နေမနေ ..၊

အရိပ် ဘာကိုမှမမြင်တော့ဘဲ ပုန်းနေရာထွက်လာပြီး ကားနောက်ပြေးလိုက်တော့သည်။ မိုးတွေသည်သည်ထက် သည်းလာသဖြင့် ကားကြီးမှာ ဖြည်းဖြည်းမဲ့သွားနေသည်။

အရိပ် ဖိနပ်တစ်ဖက်ပြုတ်သွား၏။ တစ်ချက်ပဲ ငုံ့ကြည့်ပြီး နောက်

www.burmeseclassic.com

www.burmeseclassic.com



တစ်ဖက်ပါ ချုတ်ပစ်လိုက်သည်။ ကားက ကားနက်ကြီးမို့ မိုးစက်တွေနဲ့ ညလွှာရုံမှာ ပျောက်နေသော်လည်း နီရဲနေသည့် နောက်မီးလုံးတို့ကို မြင်နေရသေးသည်မို့ အရိပ် အားသွန်ခွန်စိုက်လိုက်၏။

ကတ္တရာ လမ်းပြောင်ပြောင်မှာ လမ်းမီးတိုင်၏ လျှပ်စစ်မီးရောင် အပြင် တဝင်းဝင်းလက်နေသော လျှပ်စီးတို့ကြောင့် ပြေးနေရင်း တစ်ခါ တစ်လေ လေထဲမှာ မြောက်ပါနေသလို ခံစားမိလာခဲ့သည်။

“ဂျိမ်း ...”

မိုးခြိမ်းသံတွေပါလာပြီဆို လက်လေးပိုက်ထားရာမှ နားနှစ်ဖက် အုပ်၍ ဗွတ်ပြေး၏။ ဝတ်ထားသည့် ချည်ထည်ထမီလေးက ရေစိုစိုမှာ တုပ်ကပ်နေသဖြင့် ပြေးသည့်အရှိန်ကြောင့် အနားစတွေ တဖြီးဖြီးကွဲထွက် ကုန်သည်။

ဘယ်မှာလဲ .. ကားမီးရောင် ဘယ်ကိုရောက်သွားတာလဲ ..။

လျှပ်စီးမလက် မီးရောင်တွေလည်း အဆက်ဝေးသည့်နေရာမှာ နေမနေ ရဲ့ ကားမီးရောင်လည်း ပျောက်ကွယ်သွားခဲ့၏။

အရိပ် နေရာမှာ ခြေစုံရပ်ရင်း ချမ်းလည်းချမ်းနေပြီဖြစ်ကာ မတ်တတ် ရပ်ရင်း ဆတ်ဆတ်တုန်နေလေသည်။

ပြီးတော့ နောက်က မီးရောင်ပေါ်လာသည်ထင်ပြီး အလန့်တကြား လှည့်ကြည့်မိတိုင်း မျက်ရည်တွေက တဖွဲဖွဲပြေးတက်၏။

မိုးစက်တွေ အင်အားပျော့ကျသွားတော့ မည်းမှောင်နေသည့် ကောင်းကင်ပြင်ကြီးကိုမော့ကြည့်မိ၏။ ခုချိန်မှာ မိုးတိတ်သွားခြင်းက သူမအတွက် အဖော်မဲ့သွားသလိုခံစားမိလာ၏။

အကာအကွယ်မဲ့နေသည့် လမ်းမပေါ်မှာ ပြေးနေခဲ့ပြီး မိုးစက်တွေ [illegible]သွားကာမှ မလုံခြုံတော့သလို ဂဝ်ဝန်းကျင်က အမိုကဖြစ်လာခဲ့ သည်။

ခြံဝန်းကျယ်ကြီးတွေမှန်းသိနေပေမယ့် လူသူအရိပ်အယောင်လည်း



မမြင်၊ အထဲမှာ အဆောက်အဦးရှိနေခြင်း မနေခြင်းကိုသိဖို့ မီးရောင် လည်းမတွေ့ ..။

ကိုယ် နင်းထားသည့် ကတ္တရာလမ်းမည်းကြီးကို ပြန်ငုံ့ကြည့်မိရင်း သူမ မြို့ပေါ်ရောက်နေပြီဆိုသည့်အသိက နောက်ထပ်ရန်သူဖြစ်လာခဲ့ သည်။

ဘယ်သွားမလဲ .. သူမ ဘာလုပ်ရမလဲ ..၊

ငွေကြေးပစ္စည်းမပြောနဲ့ သူမမှာ ဖိနပ်တောင်မပါ။

ဒါပေမယ့် နေမနေ ကို တွေ့လိုက်သဖြင့် အရောင် တို့ မုံရွာမြို့ပေါ် မှာပဲရှိနေသေးမှန်း သိလိုက်ရပြီဖြစ်ကာ ..၊

ဟင် .. ဟိုမှာ ..၊

ခြံဝန်းကြီးတစ်ခုရှေ့မှာ ဓာတ်မီးရောင်ထိုးနေတာမြင်လိုက်ရကာ အရိပ် ထိုခြံရှေ့ကို ပြေးသွားလိုက်မိသည်။ အနားရောက်တော့ ဓာတ်မီး ရောင်ကလည်း ခြံတံခါးနားကိုရောက်လာပြီဖြစ်ကာ ..၊

“ဒီ .. ဒီမှာရှင့် ..”

အရိပ် အသံပေး၍ ခြံရှေ့ထိပိုနီးအောင်တိုးသွားခဲ့ပြီး ..၊

“ဒီမှာ အထဲကလူ ..”

“ဘုန်း ...”

မျှောင်းကြည့်စရာ အပေါက်လည်းမတွေ့သောကြောင့် သံတံခါး ချပ်ကြီးကို လက်နဲ့ပါ ပုတ်ခေါ်၍ ..၊

“ဒီမှာ .. ကျွန်မ အရမ်းဒုက္ခရောက်လာလို့ပါရှင် .. တံခါးလေး ဖွင့်ပေးပါနော် ..”

အထဲက ကြားသွားပုံရှိကာ သူမရှိသည့် တံခါးအောက်စပ်ကို ဓာတ်မီး ရောင်စေလာတာတွေ့လိုက်၏။ ခဏအကြာမှာ အသံတစ်ခုကြားလိုက် ပြီး သူမ မျှောင်းကြည့်ဖို့ အတင်းအပေါက်ရှာနေသည့် တံခါးချပ်ကြီး ဘယ်လောက်မှာ လေးထောင့်ကွက်ကွက်အပေါက်လေးတစ်ပေါက်

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သွား၏။

ပြီးတော့ ထိုအပေါက်လေးကနေ မီးရောင်တန်း စူးခနဲထွက်လာတာ ...။

"ဘာလဲ ..."

အလင်းရောင် မျက်စိစူးပြီး အရိပ် လက်ဝါးလေးနဲ့ ကာလိုက်ရင်း...

"ကျွန်မ လူကောင်းပါရှင် အရမ်းချမ်းနေလို့ပါ၊ ကျွန်မနောက်က လူဆိုးတွေလည်းလိုက်နေလို့ပါ၊ အထဲခဏဝင်ပါရစေနော် .. တောင်းပန်ပါတယ် .."

မီးရောင် အနည်းငယ်ရွေ့လျားသွားပေမယ့် သူမ မျက်နှာကိုထိုးထားဆဲရှိကာ အထဲကလူ စဉ်းစားနေပုံပေါ်၏။ ခဏကြာမှ သော့ဖွင့်သံကြားလိုက်ရတာ ...။

"မြန်မြန်ဝင် ..."

အရိပ် နောက်ကျခြေထောက်သစ္စာဖောက်ပုံစံနှင့် လူတစ်ကိုယ်စာဝင်သာရုံတံခါးချပ်လေးပွင့်သွားတာနှင့် ကမန်းကတန်းဝင်လိုက်သည်။

အထဲကို ခြေစုံရပ်မိကာမှ ကြည့်လိုက်တော့ ခတ်မီးနဲ့ လူကြီး၊ အသက်လေးဆယ်ကျော် ငါးဆယ်ဝန်းကျင်လောက်ရှိနေသော ရှမ်းခေါင်းပေါင်းနှင့် မြူမြူတုတ်တုတ်နိုင်နိုင် ...။

"ကျေးဇူးအရမ်းတင်ပါတယ် ဦးရယ် ..."

မေးရိုက်သံလေးနှင့်ပြောရင်း လက်ပိုက်လျက်လေး ငုတ်တုတ်ထိုင်ချလိုက်သည်။ ထိုအခါကျမှ သူမ ခြေထောက်အောက်ကိုကြည့်မိသည်။

သူမ ပြေးနေခဲ့သည့် ကတ္တရာလမ်းမည်းကြီးမျိုး ဒီခြံထဲမှာလည်း ရှိနေသည်။ လမ်းအတိုင်း လိုက်ကြည့်လိုက်ကာမှ မှောင်မည်းမည်းထဲမှာ ငြိမ်သက်စွာ ထီးထီးမားမားကြီးရှိနေသည့် အိမ်ကြီးတစ်လုံးကို ခြံဝကနေ အဝေးဝေးမှာ မြင်လိုက်ရ၏။

ပြီးတော့ အပေါ်ထပ် ထောင့်ခန်းတစ်ခန်းမှာ မီးရောင်ရှိနေ၏



သက်ရှင့်ပင်အိုကြီးတွေ အပြိုင်းအရိုင်းထိုးတက်နေသဖြင့် အပြင်ကကြည့်တော့ မီးရောင်ကို ရုတ်တရက်မမြင်ရတာဖြစ်လိမ့်မည်။

"ကဲ .. ကဲ .. ဒီထဲကိုလာ .."

လူကြီးက သူမကို ဦးဆောင်ခေါ်သွား၏။ မြို့နဲ့ကပ်လျက်မှာ ပျဉ်ထောင်အိမ်လုံးလေးရှိနေကာ ရျက်နှာစာရှေ့မှာ အမိုးယပ်လေးရှိပေမယ့် လူကြီးက အိမ်ထဲထိခေါ်သွားခဲ့ပြီး ...။

"ထိုင် ..."

လူကြီးကို အရိပ် အနည်းငယ်မျှ သံသယမဖြစ်ဘဲ ဝင်ဆိုဝင်သည်။ ထိုင်ဆိုထိုင်၏။ မြို့ကြီးပြကြီးကို မရောက်ဖူးတာလား ...။

မထူးစိတ်ကိုပိုက်၍ ယုံကြည်နေမိတာလား၊ ကိုယ့်ကိုယ်ကိုယ်လည်း မတွေးဖြစ်ခဲ့ပေ။ သို့သော် လမ်းပေါ်ကနေ ဒီခြံဝင်းထဲ ဝင်လိုက်တာနှင့် နောက်က လိုက်လာသူတွေလက်က လွတ်မြောက်ပြီဆိုတာ ယုံကြည်သွားခဲ့၏။

ဒီမှာတင် သူမ ကျန်တာတာကိုမှ ဂရုမစိုက်မိတော့တာဖြစ်သည်။ လူကြီးကတော့ လက်ပိုက်လေးကျစ်နေလျက် တဆတ်ဆတ်တုန်ရင်း မေးရိုက်သံထွက်နေသည့် အရိပ် ကို မတ်တတ်ကနေ စူးစူးစိုက်စိုက်ကြည့်သည်။

ဝါးကုလားထိုင်မှာထိုင်နေလျက်နှင့် ဒူးလေးနှစ်လုံးထပ်ကပ်ကာ လက်ပိုက်ထားတာ ချိုင်းနှစ်ဖက်တောင် အကြောကပ်ပြီး နွာမရဖြစ်သွားနိုင်၏။

ထို့ပြင် ရေစိုနေပွနေသော လက်ချောင်းခြေချောင်းတွေက ပြာညစ်ညစ် တွန့်လိပ်နေကာ ...။

"ညည်းက ဘာဖြစ်လာတာလဲ .."

"လူဆိုးတွေလိုက်လာလို့ပါ .. သမီး .. သမီးက ...ကြည်ဒိုင်းရွာကပါ .."

www.burmeseclassic.com

www.burmeseclassic.com



"ရေကြည်အိုင် .."

လိုက်ရှုတ်ကြည့်ပေမယ့် လူကြီးက သိပုံမပေါ် ..။

ထို့ပြင် ဒီမိန်းကလေး ဘာကယ်ဒုက္ခရောက်လာတာမှန်းလည်း သိနေသဖြင့် သူ ဘာလုပ်ပေးနိုင်မလဲစဉ်းစားလိုက်မိသည်။

အပြင်မှာမတ်တတ်ရပ်နေတည်းက သူမပုံစံလေးကို လှမ်းကြည့်ပြီး ဘယ်လိုသံသယမှမရှိဘဲ တံခါးဖွင့်ပေးခဲ့တာဖြစ်သည်။ သို့သော်...

ဒီခြံမှာ သူက ခြံစောင့်ဖြစ်နေသည်။ ခြံပိုင်ရှင်တွေကလည်း လူသစ်တွေဖြစ်နေကာ ဘယ်လိုသဘောစိတ်ရှိကြသလဲဆိုတာမသိ ..။

"ဒီမြို့မှာ ညည်းအသိမရှိဘူးလား .."

"ဟင့်အင်း .."

အရိပ် သတိရသည်။ ဒါပေမယ့် အရောင် ပြောပြခဲ့သည့် နာမည်တစ်ခုကို အစဖော်မရဘဲဖြစ်နေ၏။

"သမီးအမေ ဆုံးသွားပြီး အဒေါ်အိမ်မှာ ကပ်နေရတာပါ .. အဲဒါ"

အရိပ် က သူမ ဖြစ်ပျက်ခဲ့တာကိုပြောပြကာ ..၊

"သမီး အိမ်ဖော်မလုပ်ဖူးပါဘူး .. ဒါပေမယ့် အရီးတို့ကို ကြောက်လို့ .. အဲ့ဒါ .."

"ကိုယ့်ဆွေမျိုးကတောင် မကောင်းတာ .. လူစိမ်းတွေကို ဘာလို့ယုံရတာလဲ .."

"အဲ့ဒါ ..."

အရိပ် ဘာမှဆက်မပြောနိုင်ဘဲဖြစ်သွားကာ ..၊

"ဟုတ်ပါတယ် ဦးရယ် .. သမီး သူတို့ကိုကြောက်တာကလွဲပြီး ဘာကိုမှမတွေးမိတော့ဘူးဖြစ်သွားလို့ပါ .. ခုလည်း .."

"ခုလည်း နောက်ကလိုက်လာတဲ့လူတွေကို ကြောက်တာပဲသိတယ်၊ တံခါးဖွင့်ပေးလိုက်တာနဲ့ မကြောက်မရွံ့ဝင်လာတာပဲလေ .."

အရိပ် မျက်ဝန်းလေးတွေ လူကြီးမျက်နှာကို အားကိုးတကြီးကြည့်လျက် ..၊



"ဒါပေမယ့် ခုတစ်ခါတော့ မမှားဘူးထင်ပါတယ် .."

"ကျုပ်ကို လူကောင်းသူကောင်းလို့ ထင်လိုက်တာလား .."

"ဟုတ် ..."

လူကြီး ခေါင်းတခါခါနှင့်ဖြစ်သွားကာ ဒီလောက်ရိုးအတဲ့ မိန်းကလေးကျမှ လူလိမ်တွေနဲ့ တွေ့ရလေခြင်းဟု တွေးမိလျက် ..၊

"ကျုပ်လည်း လူဆိုးပါပဲ .."

"ရှင်!..."

"ဟုတ်တယ် .. ကျုပ်ဆိုးလို့ မိဘဘိုးဘွားရဲ့စည်းစိမ်တွေကုန်သွားတာပေါ့၊ ဒါကြောင့် သခင်ဘဝကနေ ကျွန်ဘဝရောက်နေရတာ .."

လူကြီးက ပြောနေပေမယ့် အရိပ် ကို ပြောပြချင်တာမျိုးလည်း ဟုတ်ပုံမရ ..၊

"ညည်းကို ကျုပ် မကူညီနိုင်ဘူး မိန်းကလေး၊ မိုးတိတ်သွားရင် ကျုပ်ဆီက အဝတ်တစ်စုံယူပြီး အိမ်ရှင်တွေမသိခင် ထွက်သွားပေတော့.."

"ဦး ..."

အရိပ် က ထိုင်ရာကနေဆင်းပြီး လူကြီးရဲ့ခြေရင်းမှာ ဒူးတုပ်လျက်လေးထိုင်ချလိုက်ကာ ..၊

"ဦးရဲ့ အိမ်ရှင်တွေဆီမှာ သမီးကို အလုပ်သမားလုပ်ဖို့ ပြောပေးပါဦးရယ် .. နော် .. ဦး ဒီမှာရှိနေတော့ ဦးနဲ့ နီးနီးအလုပ်လုပ်ရရင် ယုံမြဲမှာပဲ .. သမီးကို ကူညီပေးပါနော် .."

လူကြီးက ခေါင်းခါ၍ ...

"သူတို့လည်း ညည်းကိုခိုင်းမှာမဟုတ်ဘူး .."

"ဟင်!..."

"ဘာဖြစ်လို့လဲဆိုတော့ သူတို့က အလုပ်လုပ်ရုံပဲ အဆတစ်ပြွတ်လာနေကြတာ၊ တစ်ပတ်လောက်အကြာဆုံးပဲ .. ပြီးတော့ သူတို့ ဒီခြံကို

www.burmeseclassic.com

www.burmeseclassic.com



ဝယ်လိုက်တာ သိပ်လည်းမကြာသေးဘူး ..."

"ဒါဆို ..."

"ဟုတ်တယ် .. ကျုပ်ကိုယ်တိုင်လည်း ဒီမြို့မှာ အသိတစ်ယောက်တစ်လေတောင်မရှိတော့ ညည်းကို လမ်းညွှန်မပေးနိုင်ဘူး၊ မနက် နေမထွက်ခင် ညည်းပြန်ဖို့ .."

"နေမထွက်ခင် .."

နေ ဆိုသည့်အသံကြောင့် အရိပ်သတိရသွားကာ ...၊

"ဦး ဒီနားမှာ 'နေအရောင် လအရောင်' သင်္ဘောကျင်းသူဌေး ညီအစ်ကိုဆိုတာရှိလားဟင် .."

"ဘာကွယ့်!..."

"ခုနတည်းက အစဖော်မရလို့ မမေးမိတာ၊ နေအရောင် လအရောင် က အငယ်ကောင်လေးက သမီးရဲ့ .."

'ချစ်' ဆိုသည့် စကားသံလေးထွက်သွားပြီးမှ ပါးစပ်ပြန်ပိတ်ထားမိကာ ...၊

"ဟို .. သူက သမီးနဲ့ အရမ်းခင်တာ .."

"ညည်း တကယ်ပြောနေတာလား .. လအရောင် ကို သိတယ်ပေါ့ .."

"ဟုတ်တယ် ဦး .. ရွာကို သူတို့လာကြတော့လေ .."

ပြောရမယ်ဆို နေခနေ ရဲ့ လှုတွေကြောင့် အမေ သေခဲ့ရတာပါ။ ဒါပေမယ့် သူမဟာ အမုန်းတရားကြီး လက်စားချေနည်းတဲ့သူဖြစ်နေခြင်းဖြင့် ကဲခေ ခဲ့လေရာ ...၊

"အဲဒါကြောင့် ခင်သွားကြတာပါ၊ သူနဲ့တွေ့ရင် သမီးကို သူ ကူညီနိုင်မှာ ဦးလေးရဲ့ .."

"ဟုတ်တာပေါ့ .. သူတို့က သိပ်ချမ်းသာတာ၊ ညည်းနဲ့ တကယ် ခင်ရင် ကူညီမှာပဲ .."



လူကြီးပြောလိုက်တာနှင့် အရိပ် ဝမ်းသာအားရလေးအော်လိုက်ကာ ...၊

"ဦး .. ဦးလေး သိတယ်ပေါ့နော် .."

လူကြီးက မိန်မိန်ကြီးပြုံး၍ ခေါင်းညိတ်လိုက်ကာ ...၊

"သိဆို .. ဒီမြို့ကြီးရဲ့ပိုင်ရှင်ဟာ ဦးနေခနေ ဆိုတဲ့ ညည်းသူငယ်ချင်း ရဲ့ အစ်ကိုပဲလေ .."

"ဟင်!..."

ဝမ်းသာခြင်းတွေ လမ်းတစ်ဖက်မှာပဲ ရလုတ်တိုက်လဲကျန်၏။ သူမ ဘာဖြစ်သွားမှန်းမသိလိုက်ဘဲ ထိတ်လန့်ပူလောင်သွားခဲ့၏။

အမေ့ကို အသက်သေစေခဲ့တဲ့အထိ မောက်မာခဲ့ခြားခဲ့တဲ့ ဦးနေခနေ...၊

"ဘာဖြစ်သွားတာလဲ .. တူမကြီး .."

"ဟင် .. ရှင် .. ဟို .."

"ဒီမှာ ခဏစောင့် .. ကျုပ်သွားပြောလိုက်ဦးမယ်၊ ဒါမှမဟုတ် တစ်ခါတည်းလိုက်ခဲ့မလား .."

"ရှင် ..."

အရိပ် မှိုးစိုလို့ အေးနေခြင်းက မီးမလှုံလိုက်ရဘဲ တရှိန်ရှိန်ပူလာခဲ့၏။

"ဦးရယ် .. ဟိုလေ .. ဦးနေခနေ မသိဘဲနဲ့ အရောင့် ကို ဒီခေါ်သာ လို့မရဘူးလားဟင် .."

"ဘာဖြစ်လို့လဲ .. သူတို့တောင် ခုနကမှ အပြင်ကပြန်လာကြ တာ .."

"ဟိုလေ .. ဟို ဦးနေခနေ က အရောင် နဲ့ သမီး ရင်းနှီးတာကို မကြိုက်ဘူး .."

လူကြီးက ချက်ချင်းသဘောပေါက်သွားပုံပေါ်ကာ သက်ပြင်းချ လိုက်ပြီး ...၊

www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမယ့် သူ့ဆီကို ညည်းပဲသွားရလိမ့်မယ် သူလာမှာမဟုတ်ဘူး၊ နေမနေ ဆိုတဲ့လူငယ်က မာနကြီးတယ်၊ အငယ်လေးနဲ့ စကားသိပ်မပြောဖြစ်ပေမယ့် ဒီကလေးအပေါ် နေမနေ ရဲ့ သက်ရောက်မှုဘယ်လောက်ရှိသလဲဆိုတာ ကျုပ် ခန့်မှန်းနိုင်တယ် ..."

အရိုင် မျက်နှာလေးငယ်သွားသည်။ သူမ စိတ်ထဲမှာလည်း အရောင့်အပေါ် နောက်ဆုံးအားထားရာအဖြစ် မျှော်လင့်နေမိတာဖြစ်သည်။

နေမနေ ဘယ်လိုပဲ မောက်မာပါစေ အဖေ့အတွက် နာကြည်းမုန်းတီးသင့်တာလည်း မှန်သည့်တိုင် အရောင် ကတော့ ဒီလိုမဟုတ်ဘူးလို့ ယုံကြည်နေခဲ့၏။

ဒါပေမယ့် လူတစ်ယောက်လုံးကိုရိုက်နှက်ခြိမ်းခြောက်တဲ့အထိ မုန်းတီးရက်စက်ခဲ့သူက ဒီနေရာမှာရော ကြည်ဖြူမှာတဲ့လား ...။

"ဘာပဲဖြစ်ဖြစ် .. ညည်းကိုယ်တိုင် ခိုလှုံဖို့လိုက်လာခဲ့မှတော့ တွေ့လိုက်ပါကွယ် .. လူအချင်းချင်း သနားစရာဖြစ်လာရင်တော့ သနားကြင်နာရှမှန်းသိမှာပါ .."

အရိုင် ခေါင်းမညိတ်မိဘူးထင်သည်။ ဒါပေမယ့် သူမ နေမနေရှေ့ကိုရောက်သွားခဲ့လေသည်။

"ဘာလဲ .. ဘာကိစ္စနဲ့လဲ .. ဒီလိုအချိန်ကြီးမှာ ကျုပ် ခွင့်ပြုချက်မရဘဲ ခြံထဲထိ ချော့သည်ခေါ်သွင်းတယ် ဟုတ်လား .."

"မိန်းကလေးတစ်ယောက်တည်းဖြစ်နေလို့ပါ .. ပြီးတော့ .."

"တော်တော့ .. ခင်ဗျား .."

နေမနေ အသံမှန်းသိပေမယ့် ဒီလောက်မောက်မာခက်ထန်နေတာကို လူရှယ်တစ်ယောက်ကပြောတဲ့စကားလို့မထင် ...။ အသံတွေကြားနေရသည့် တိုက်ကြီးရဲ့ အတွင်းပိုင်းကို အရိုင် ငေးကြည့်ရင်း ရင်တွေမြောင်းဆန်မိအောင် ဆောင့်ခါတုန်ယင်နေ၏။

ကြောက်တာသက်သက်မဟုတ်ဘဲ ဒီအသံကြားလိုက်မှ ရင်ထဲမှာ



နာကျင်လာတာဖြစ်သည်။ ဝမ်းနည်းအားငယ်ခဲ့သမျှ .. ပြီးတော့ —

လောလောဆယ် ပြေးလွှားကြောက်လန့်နေရသည့် ဒုက္ခတွေ ဘယ်လိုနည်းနဲ့ဖြစ်ဖြစ် လွတ်မြောက်ချင်ခဲ့သမျှ .. နေမနေ အသံကြောင့် အရိုင် ရဲ့ စိတ်တွေ ယောက်ယက်ခတ်ပူလောင်လာခဲ့ရ၏။

မျှော်လင့်အားကိုးစိတ်တို့က ထွက်ပြေးပျောက်ကွယ်သွားချင်မိသည်။ ဒီနေရာမှာ ရပ်နေမိသည့်အတွက် အဖေ့စိတ် အာရုံမှာပေါ်လာခဲ့သည့် အဖေ့မျက်နှာမှာ မျက်ရည်တွေ ဝေ့လည်နေသလိုလို ...။

ဒါပေမယ့် သူမ ဒီတိုင်းပဲရပ်နေခဲ့မိလျက် ...၊

"ချစ်တေး ..."

ဟင်!...၊

အရိုင် ငေးငိုင်ငြိမ်သက်နေဆဲမှာ ဆတ်ခနဲတုန်သွားသည်။ ကျယ်ဝန်းထည်ဝါသော တိုက်ကြီး၏အတွင်းပိုင်းမှ ထွက်လာသည့် နေမနေက ဆောင်းအင်္ကျီရှည်အနက်ဝတ်ထားပေမယ့် အကျီမဝါသော ကိုယ်ဗလာနဲ့ဖြစ်လျက် ...၊

ဆံပင်တွေက ပခုံးထက်မှာ ခွေထောက်နေကြသည်။ နဖူးကဆံပင်တွေကို နောက်ကိုသိမ်းလှန်ထားပေမယ့် ဖရိုဖရဲပြန်ကျနေကာ ဖြူဝင်းသည့်မျက်နှာက ချောမွေ့တည်ကြည်နေ၏။

ခြံစောင့်ကြီးက သူ့ဘေးကနေ ခပ်တုံ့တုံ့ပါလာလျက် အရိုင် ကို ကြည့်သည့်မျက်လုံးတွေမှာ စိုးရိမ်မှုတွေနှင့် ...၊

"သူ့ဈေးသဘောမကျရင် သူ့ကို မနက်မိုးလင်းမှ .."

"ကျုပ်ကို ဘာလုပ်ဝါ ဘာဖြစ်ပါစေ ခင်ဗျားပြောဖို့မလိုဝါဘူး သူ့ကိုထားခဲ့ .. ခင်ဗျားသွားလို့ရပြီ .."

ခြံစောင့်နဲ့ အရိုင် မျက်လုံးချင်းဆုံသွားသည်။ ခဏငေးဝဲဖြစ်ကာ ခြံစောင့်ကြီး ခေါင်းငုံ့လျက် ပြန်ထွက်သွားလေသည်။

"ဒီမှာ လာထိုင်စမ်း .."

www.burmeseclassic.com

www.burmeseclassic.com



အရိပ် တုန်ခနဲဖြစ်သွားပြန်သည်။

"ဟော .. ခြေသံနေတာကြားလား .."

"ဟုတ် ..."

အရိပ် လက်ရှိအခြေအနေမှာ ချမ်းတာတုန်တာတွေကို သတိမရတော့ဘဲ နေခနဲ ကို ကြောက်သည့်စိတ်တွေပဲဖြစ်နေခဲ့၏။ အရောင် ဘယ်မှာလဲ .. သူမကိုတွေ့လိုက်ရင်တော့ အရောင် ကူညီမှာပဲဆိုတာ တွေးနေမိသည်။

ဒီနေရာမှာ သူမရှိနေတာ နီးချင်လို့လား ဝေးချင်လို့လား ...၊

ဒါမှ ဟုတ်ရင် အချစ်ကြောင့်လား .. အမုန်းကြောင့်လား ...၊

သေချာသွားတာက သူမ ဒီနေရာရောက်အောင် ကြိုးစားရှာဖွေပြီး လာခဲ့တာမဟုတ် ...။

"မင်းက ညီနောက်ကို လိုက်လာတာပေါ့ .."

အရိပ် ခေါင်းခါလိုက်ပေမယ့် နောက်ဆက်တွဲပြောခွင့်ကိုမရ ...။

"သူဌေးကတော်ဖြစ်ချင်တဲ့စိတ်ကူးပေါ့ .. မင်းပုံစံနဲ့လေ .. အင်း.. မဆိုးပါဘူး .."

ရေတွေစိုရွှဲနေသည့် အရိပ် တစ်ကိုယ်လုံးကို ဖိုက်စိပ်တိုက်ကြည့်သည်။ ဆိုဖာတစ် ကျွန်းကုလားထိုင်ကြီးဘေးမှာကပ်၍ ကိုယ့်ဒူးနှစ်ဖက်ကို မြန်ဖက်ထားတာ ပုစွန်ထုပ်လို ကုပ်ကွေးနေ၏။

မြကွဲနေသည့် ထမီအနားစတွေကနေ ရေစက်တို့ကျနေဆဲရှိကာ ရေစိုနေသည့်ဆံပင်တွေက ပူးကပ်စုလုံးနေကြ၏။ ရင်ညွန့်နားမှာ အင်္ကျီက နှိပ်စေ့ကြယ်သီးလေးပြုတ်နေခဲ့လျက် ရေနဲ့လိပ်ကျနေပြီး အတွင်းသား ဖြူနုနုလေးက မလုံမခြုံရှိနေခဲ့သည်။

ထိုစဉ် မိုးစက်ကျသံက ခြေသံပြင်းပြင်းနှင့် ပြိုဆင်းလာကြ၏။ မျက်ဝန်းလေး ဒူးပေါ်ကပ်ပြီး ပုတုတ်နေရင်းကနေ မော့ကြည့်လိုက်တော့ ဓနု ရဲ့ အကြည့်တွေ စူးစိုက်နေတာနှင့်ဆုံကာ အရိပ် ထိတ်ထိတ်လန့်



လန့်ဖြစ်သွားသည်။ ဒူးနှစ်ဖက်ကိုပို၍ ကျစ်နေအောင် ဖက်ထားလိုက်ကာ မျက်နှာလည်း ထပ်မမော့ရဲတော့ပေ ...။

"အရောင် .. ဟိုအခန်းထဲမှာရှိတယ် .."

ဟင် ...၊

တိတ်ဆိတ်နေသည့် အခြေအနေမှာ ထိုစကားကြောင့် အရိပ် မျက်နှာလေးမော့လာသည်။ ထိုအချိန်မှာ ပြုံးနေသော ဓနု နှုတ်ခမ်းသားတို့ကို သူမ တအံ့တသြငေးနေခဲ့မိ၏။

ချက်ချင်းကြီး သနားကြင်နာသွားတာလားလို့တွေးမိပြီး မယုံနိုင်ပေမယ့် ပျော်သွား၏။

"သွားလေ .. မင်း သူ့ကိုပြောစရာတွေရှိတယ်မို့လား .."

"ကျ .. ကျွန်မ .."

"မင်း အဝတ်အစားတွေလဲဖို့ပါ သူ လုပ်ပေးလိမ့်မယ် .. ဝင်သွားလိုက် .."

ပိတ်ထားသည့်အခန်းတံခါးတစ်ခုကို ညွှန်ပြသည်။ ကြည့်လိုက်တော့ အတော်ဝေးဝေးမှာဖြစ်ကာ လှပခမ်းနားသော လှေကားကြီးရဲ့ နောက်မှာမို့ အမှောင်တစ်ဝက်ကျနေ၏။

အရောင် က အပြင်ကိုထွက်မလာဘူးလား ...၊

ဟုတ်မှာပါ။ သူမ ရောက်လာတာကို ပြောပေးမယ့်သူမှ မရှိတာ ဘယ်ထွက်လာမလဲ ...။ အရိပ် ရဲ့ မသိစိတ်က ဆန္ဒမအာရုံကို နားမလည်နိုင်ခဲ့ပေ။ သူမ ချမ်းနေသည်။ ပြီးတော့ အရောင့် ကို တွေ့ချင်၏။ ကိုယ့်ကိုတွေ့ရင် ဝမ်းသာအားရကြိုဆိုပြီး ကူညီမယ့်အကြောင်းတွေပြောမှာလား ...။

ဒီလောက်ထိ ချမ်းသာမြင့်မားနေသည့် အရောင့် ဘဝအဆောင်အဆောင်ကို မြင်လိုက်ရသဖြင့် ထိုသူက ငါ့ချစ်သူဆိုသည့်စိတ်ကူးယဉ်အိပ်မက်လေး ကြက်ပျောက်ငှက်ပျောက် ပျက်ပြယ်ခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်းကောင်းအဖြစ်နဲ့ ကိုယ့်ဒုက္ခကို ကူညီကယ်ဆယ်ပေးမည်ဆိုလျှင် ကျေနပ်ပါပြီ။ ပြီးတော့ နေမနေ ဆိုသူကြောင့် အဖေ သေခဲ့ရသည့်အဖြစ်ကိုလည်း ဆက်လက်မျိုသိပ်ထားပါတော့မည်။

"ဟိတ် ..."

"ရှင် .."

အရိပ် တုန်တက်သွား၏။

"သွားလို့ပြောနေတာကြားလား .."

"ဟုတ် .. ဟုတ်ကဲ့ .."

အရိပ် ကုတ်ကုတ်လေးထိုင်ရာကနေ ထရပ်လိုက်သည်။ ရေစိုကပ်တွဲနေသည့် ထမီအင်္ကျီတွေအောက်က နုသစ်ဖွံ့ထွားသော အလှတရားတွေကို နေမနေ က စူးစူးရဲရဲကြည့်နေခဲ့သည်။

သူမ မသိသည်က ထိုညက အလုပ်ကိစ္စအဆင်မပြေဖြစ်လာခဲ့သဖြင့် နေမနေ အရက်တွေသောက်နေခဲ့သည်။ သိပ်မသောက်ရသေးဘဲ ရင်တွေပူလာပြီး အင်္ကျီတွေပါ ချွတ်ထားခဲ့၏။

သူမ တုံ့နှေးနှေးလေး လျှောက်သွားတာကို လိုက်ကြည့်ရင်း သူ့နှုတ်ခမ်းမှာ အပြုံးရိပ်ထင်လာသည်။ ပြီးတော့ သူမနောက်က တစ်လှမ်းချင်း လျှောက်လိုက်ရင်း ဘောင်းဘီအိတ်ထဲက ဖုန်းကို ထုတ်ယူလိုက်၏။

အရိပ် ဘာမှမသိခဲ့ပေ။ သူမ အခန်းရှေ့ရောက်တော့ နောက်လှည့်ကြည့်ဖို့ မျက်နှာလေး လည်သွားသေးသည်။ ဒါပေမယ့် သေချာမကြည့်ရဲဘဲ အခန်းတံခါးကို တွန်းကြည့်မိ၏။

လက်ကိုင်ဘုကို မမြင်ဘူးသောကြောင့် လှည့်ဖွင့်ဖို့လည်းမတတ်ပေ။ တံခါးကို ခြေကန်တွန်းနေရင်း ...၊

"ကလစ် ..."

သူမရဲ့ဘေးမှာ လက်တစ်ဖက်ဆန့်ထွက်လာတာက နေမနေ ရဲ့လက်ဖြစ်ကာ တံခါးကိုလှည့်ဖွင့်လိုက်ပြီး ....



"ဝင်စမ်း ..."

"အမေ့ရေ ..."

အခန်းထဲကို ဆောင့်တွန်းခံလိုက်ရပြီးသည့်နောက် ...၊

အရှောင် ...၊

အထဲမှာ အရှောင် လည်းမရှိပါလား ...။

အရိပ် လဲကျနေရာက လူးလဲပြန်ထကာ တံခါးဆီပြေး၍ ...

"ကိုကြီး .. အရှောင် လည်းမရှိဘူး၊ အရှောင် ဘယ်မှာလဲဟင် .. ကိုကြီး .."

တံခါးကို လက်ဖဝါးလေးနဲ့ တဖတ်ဖတ်ပုတ်ပြောနေမိရင်း ...၊

"ကိုကြီး .. ကျွန်မကို တံခါးဖွင့်ပေးပါ .."

"ဟား .. ဟား .. ဟား .."

မနေ ရဲ့ အားပါးတရရယ်သံကြီးထွက်လာခဲ့သည်။ အရိပ် နှုတ်ခမ်းလေးဖွင့်ဟသွားခဲ့လျက် ကိုယ့်နောက်က ပြန့်ပြူးသောမွေ့ရာကျယ်ကြီးနဲ့ ခုတင်ကိုပြန်လှည့်ကြည့်မိသည်။

မနေ ရဲ့ ရယ်သံက ဒီရှေ့မှာပဲရှိနေဆဲရှိကာ ...၊

"ဟား .. ဟား .. ဟား .."

ဒီရယ်သံရပ်သွားပြီလား .. မရပ်မနားရယ်နေတာလား မသိ ...။

အရိပ် ရဲ့နားထဲမှာ ရယ်သံတွေက မပြီးမဆုံးနိုင် ပဲ့တင်ထပ်နေခဲ့၏။ သူမ ကိုယ့်ကိုယ်ကိုယ် ဘာဖြစ်နေပြီဆိုတာလည်းမသိခဲ့ဘဲ ...။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၃)

"ဟား .. ဟား .. ဟား .."

ကြည့်စမ်း ...၊

"တောက် ..."

အရိုင် ရဲ့ ရယ်သံက နားထဲမှာ မီးစတွေ ပစ်ဝင်သွားသလို ခေါင်းထဲ ထိ မီးညွှန့်တက်၏။

"တက်ခေါက်လိုက်တာလား နေဓနု .. ကျွန်မပေးတဲ့အချိန်ထဲမှာ တက်ခေါက်တဲ့အကြိမ်ရေတွေပါတယ်နော် .."

"အရိုင်ယောင်း .. မင်း ဒီလောက်တောင် အောက်တန်းကျတာ ငါ မတွေ့ဖူးဘူး .."

"ဟုတ်လား .. ကျွန်မကတော့ ဟိုးလွန်ခဲ့တဲ့ ဆယ့်ခြောက်နှစ်ကျော် လောက်တည်းက ကြုံဖူးခဲ့တာ၊ အဲဒါကို မမေ့နိုင်လွန်းလို့လေ၊ အခု ကျွန်မမှာလည်း ဆယ့်ခြောက်နှစ်အရွယ်ချာတိတ်လေးသုံးယောက်ရှိ တယ်၊ လမ်းပေါ်မှာ ငွေအရမ်းလိုနေတဲ့ ဆေးကြောင်လေး[illegible] .."

"အရိုင်ယောင်း .. မင်း .. မင်း ဘယ်မှာလဲပြောစမ်း .."

"ရှင့်လေသံတွေကို မကြိုက်သေးဘူး၊ ခုချိန်ထိ ရှင် အထူးခေါ်ပါး



နားမလည်ရင်တော့ ရှင့်သမီး ရှစ်နှစ်သမီးလေး ဟိုတုန်းက ချစ်တေး ထက် .."

"အရိုင်ယောင်း .."

"အား ..."

နားအူသွားသလို လှောင်ရယ်သံနှင့် အရိုင် က စုတ်သပ်၍ ...

"ဝမ်းခေါင်းသံကြီးနဲ့ပါလား .. ဟွန်း .. ကိုယ့်လက်ပူတော့ ပူမှန်း သိသွားပြီလား .."

"မင်း ဘာလိုချင်တာလဲ အရိုင်ယောင်း၊ ငါ ဘာလုပ်ပေးရမလဲ .. ငါ .. ငါ့သမီးလေးကို ဒုက္ခမပေးပါနဲ့ .."

"ပေးရမှာပေါ့ .. သားသမီးအတွက် မိဘတွေရင်ထဲက ပေးဆပ်ဖို့ အဆင်သင့်ရှိနေတဲ့ မေတ္တာစေတနာတွေကို ရှင်သိဖို့လိုတယ်၊ ကျွန်မ အမေကို ရှင်သတ်ခဲ့တုန်းက .."

"အရိုင်ယောင်း .. အဲဒါ ငါလုပ်တာမဟုတ်ပါဘူး၊ ငါ အဲဒီလိုဖြစ် စေချင်ခဲ့တာမဟုတ်ပါဘူး .. တကယ်ပါ .. ကျိန်ပြောရဲပါတယ် .."

"ကျွန်မအမေ ရှင့်ကို ကျိန်ပြောခွင့်ရခဲ့တယ်ဆိုရင်တော့ စဉ်းစား ပေးချင်စရာပါ .. ဒါပေမယ့် .."

"မဖြစ်နိုင်တော့တာတွေကို မပြောပါနဲ့ .. အခု ငါ့စည်းစိမ်ဥစ္စာ ငါပေးနိုင်တာ ဘာမဆို မင်းကြိုက်တာပြော၊ ကြိုက်သလောက်တောင်း စမ်းပါ .."

"ရှင် ကျွန်မဆီက ယူသွားတာတွေကိုတော့ ကျွန်မပေးနိုင်လို့ပေး လိုက်တာလား .."

ဓနု ဝါးစင်ကြီးတလှုပ်လှုပ်နှင့် ဘာမှမပြောနိုင် ...။ ခေါသဓနုတွေ အစား ပူလောင်သောကတွေက လူကိုအရည်ပျော်တော့မတတ်ဖြစ်နေ စေ၏။

သမီးနဲ့သားကို အပြင်ခေါ်ထုတ်သွားပြီး ဘယ်မှာဖမ်းထားလိုက်

www.burmeseclassic.com

www.burmeseclassic.com



သည်မသိ၊ သမီးလေးက ခုမှ ရှစ်နှစ်ပဲရှိသေးသည်။ ပန်းကောင်းအညွန့် ကျိုးဖြစ်အောင် သူမက ကလဲ့စားတွေနဲ့ ချခင်းနင်းဝစ်တော့မည်။

သူ့မှာ ရဲတိုင်လို့လည်းမဖြစ်၊ မိန်းမကိုလည်း မပြောရဲ ..။

အရိပ် စရောက်လာတည်းက သူ့ရဲ့ ဖွင့်မပြရဲတဲ့ အရှုပ်တွေကြောင့် အခြေအနေတွေက နေ့်းသည်ရဲ့အမြင်မှာ သို့လော သို့လောတွေးစရာ တွေဖြစ်နေခဲ့သည်။

သံသယအကြည့်တွေ ရှုံ့ရှာသည့် မျက်လုံးတွေနဲ့ လက် ရဲ့ ဆက်ဆံ ရေးက စိမ်းသက်နေခဲ့တာကြာပါပြီ။ ခုနေ မျက်နှာကိုတစ်ချက်ပွတ်ပစ် ကာ တံတွေးမျိုချ၍ အားယူရင်း ..၊

"အရိပ်ယောင်း .."

"ရှင်မပြောနဲ့ .. ကျွန်မ ပြောတာကိုနားထောင် .."

အရိပ် အသံက မာထန်ပြတ်တောက်နေ၏။

"ဒီလ ဒီလိုရာသီကို ကျွန်မစောင့်နေခဲ့တာ ဘာကြောင့်လဲဆိုတာ ခုပြောမယ်၊ ရှင့်သမီး ခနကြည်ဖြူ ကို အသက်ရှင်လျက်အတိုင်းပြန်ပေး မှာပါ .. ဘယ်ကိုလာခေါ်ရမယ်ဆိုတာကတော့ .."

"ဟင် .. ပြောလေ .. ငါ ဘယ်မှာလာခေါ်ရမှာလဲ .."

"ဟွန်း ..."

သူမကာ တော်တော်နဲ့မပြောဘဲ ဘယ်လောက်ထိ လှောင်ရယ်မဲ့၍ နေသည်မသိ ..။ ဒီဘက်မှာ ခနဆောက်တည်ရာမရဖြစ်လျက် ဝရန်တာ လက်ရမ်းတွေပေါ်ကပဲ ခုန်ပြေးသွားတော့မလိုလို၊ အိမ်ထဲပြန်ဝင်မိတော့ မလိုနှင့် ..။

ဖုန်းကို ဘယ်လက်ကနေ ညာလက် ညာကနေ ဘယ် ..၊

ဘယ်နှစ်ကြိမ်လောက်ပြောင်းကိုင်မိနေသည် မသိတော့ပေ ..။

"ပြောလေ .. အရိပ်ယောင်း ငါ့သမီးနဲ့သား ဘယ်မှာလဲ .."

"မိုးတွေသည်းလာလိမ့်မယ် .."



"ဘယ်လို!..."

"မိုးတွေသည်းသည်းမည်းမည်းရွာပါစေလို့ ရှင် ဆုတောင်း .."

"မင်း ဘာတွေပြောနေတာလဲ အရိပ်ယောင်း၊ မိုးသည်းတာနဲ့ ဘာ ဆိုင်လို့လဲ .."

"သိပ်ဆိုင်တာပေါ့ .. မိုးသည်းတာကို ရှင်စောင့်ရမယ်၊ ဒီလ ဒီရက် မှာ မိုးတွေသည်းနေပါစေလို့ ဆုတောင်းခဲ့ရတဲ့ ကျွန်မရဲ့ ဆန္ဒတွေပြည့်မှ ရှင့်သမီးကို ရှင်ပြန်ရမှာ .."

"အရိပ်ယောင်း .."

"ဟုတ်တယ် .. ကျွန်မရဲ့ အရိပ်ယောင်း က 'မိုး' ပဲ၊ လူယုတ်မာ တွေလက်ချက်နဲ့ မိုးညမှာ ကျွန်မအဖေ သေခဲ့တယ်၊ မိုးတွေသည်းနေတဲ့ ညမှာ လူယုတ်မာတွေကြောင့် ကျွန်မဘဝပျက်ခဲ့ရတယ် .."

ခနေ မျက်လုံးပြူးထွက်လာသည်။ အရိပ် ရဲ့ စကားလုံးတိုင်းက လည်ပင်းကို တဖြည်းဖြည်းအားစိုက်၍ ဖိညှစ်နေသကဲ့သို့ အသက်ရှူတွေ ဝါ ကျပ်လာခဲ့၏။

သူမ စကားတွေ ဘယ်ကိုဦးတည်နေပြီမှန်း သဘောပေါက်လာ သည်နှင့် ..၊

"ငါ .. ငါ တောင်းပန်ပါတယ်၊ မင်း ကျေနပ်အောင် ငါ ဘယ်လို တောင်းပန်ရမလဲ .. ငါ့သမီးလေးကို .."

"လုံးဝ ချမ်းသာခွင့်မပေးနိုင်ဘူး .."

"အရိပ်ယောင်း .. မင်းလည်း မိန်းမပါ၊ မိခင်စိတ်လေးနည်းနည်း ဝင်ကြည့်ပြီး .."

"ရှင် ကျွန်မအဖေကိုသတ်ခဲ့တုန်းကတော့ အဖေ့ရင်ထဲဝင်ကြည့်ခဲ့ သလား .. သမီးအတွက် ကာကွယ်ဖို့ကြိုးစားခဲ့တဲ့ အဖေတစ်ယောက်ကို ရှင်တို့စိတ်တိုင်းမကျတိုင်း သေအောင်ရိုက်နှက်ခဲ့တာ .."

ခနေ မျက်ရည်စက်တွေ ပြိုဆင်းလာခဲ့၏။ သူ့မှာ ဘာမပြောစရာ

www.burmeseclassic.com

www.burmeseclassic.com



မရှိတော့ပါလား ...။ ကိုယ်ပြုခဲ့တုန်းကတော့ ပေါ့ပေါ့ပါးပါး ...။

သူ ပြုသမျှနှရငြိဆိုတော့ လက်နဲ့ ရှယ်တာလေးတောင်မှ မခံစားနိုင် ...။

"မင်း ငါ့ကို ကြိုက်သလိုပြန်နှိပ်စက်ပါ၊ ဘယ်လိုနည်းနဲ့ဖြစ်ဖြစ် ကလဲ့စားချေပါ၊ ငါ့သမီးလေးကာ ကလေးပဲရှိပါသေးတယ် အရိပ်ယောင်းရယ် .. သူ့ကိုဆွဲမထည့်ပါနဲ့ .."

"ရှင်တောင် ရှင့်ညီကို မတန်မရာမှန်းရကောင်းလားဆိုပြီး ဘယ်လို တောင်းပန်တောင်းပန်မရဘဲ .."

"ငါ အဲ့ဒါတွေကို .."

"ဘာလဲ တောင်းပန်ဦးမလို့လား .. အဲ့ဒီသယ့်ခြောက်နှစ်သမီးအမျိုးလေးကို ရှင် ဘယ်လိုအပြစ်ပေးခဲ့သလဲ စဉ်းစားကြည့်စမ်းပါ၊ အပြစ်မရှိဘဲ သေမိန့်ကျခဲ့ရတဲ့ဘဝ-ဘယ်လောက်ဆိုးသလဲဆိုတာ ရှင် အခု သိရတော့မယ် .. ရှင့်လိုလူယုတ်မာကို သတ်ပစ်ဖို့မလိုဘူး နေစေ .. တစ်ဘဝမှာပဲ အကြိမ်ကြိမ်အခါခါသေနေစေရမယ် .."

"အရိပ် .. အရိပ်ယောင်း .. နေပါဦး .. ဖုန်းမချပါနဲ့ဦး .."

ဖုန်းကိုင်ရင်း ဝရန်တာမှာ ခေါက်တုံ့ခေါက်ပြန်ထပြေးနေမိကာ..

"ခဏနေပါဦး .. မိုးတွေရွာလာရင် ငါ ဘယ်ကိုလိုက်ရမလဲပြောခဲ့ပါဦး .."

"မိုးရွာပြီးမှပြောမယ် .. ရှင့်သမီးရဲ့ ကံဆိုးခြင်းတွေ မိုးနဲ့အတူလာလိမ့်မယ် .. မိုးစဲတာနဲ့ ရှင့်သမီးဘဝ .."

"ဘာ .. ဘာပြောတယ် .."

ဒီလောက်ထိ မထင်၊ တွေးမိလိုက်ပေမယ့် ဘယ်လိုမှ မထင်ခဲ့ပါ။

ခနေ မျက်လုံးအစုံကျွတ်ထွက်မတတ်ပြူးကျယ်သွားကာ ခယ်လိုမှ ထိန်းချုပ်မရတော့ဘဲ တစ်တစ်ရွရွဆဲလေသည်။ မကြားတုံ့ မနာသာ ဆဲရင်း အရူးလိုခုန်ပေါက်အော်ရင်း ...၊

"လုပ်ကြည့် .. နင် ငါ့သမီးကို အဲ့လိုယုတ်မာကြည့်လိုက်စမ်း ..



နေစေ ဘာကောင်းလဲဆိုတာ သိရမယ်မှတ်ထား .. အယုတ်တမာမ .. အောက်တန်းစားမ .."

ဆဲနေရတာတောင် အားမရနိုင်ဘဲ နံရံကိုလက်သီးဆုပ်နဲ့ ထုနေမိသည်။ ဒီလိုအရှည်တွေမြင်လို့ ကလေးတွေကို သင်းနဲ့ မရင်းနှီးပါစေနဲ့လို့ သူ အတန်တန်ပြောခဲ့သည်။

မိန်းမ ဘယ်လိုထင်ထင် မျက်လုံးပေါက်ထောက်ကြည့်နေခဲ့သည်။ မှုယာမာယာများတဲ့ကောင်မ ...၊ ရှင်းမပြနိုင်တဲ့ သူ့အပေါ် အခွင့်အရေးယူပြီး လက်နဲ့ တွေ့တော့ သနားစရာကောင်းအောင်သရုပ်ဆောင်သည်။

သူ့ဘက်လှည့်လိုက်ရင်တော့ ဒီလူပြုံးနဲ့ ...၊

"သွားပြီကွာ .. တောက် .."

ဆံပင်တွေကို ဆွဲဆုပ်ခါရင်း ကောင်းကင်ပြင်ကိုမော့ကြည့်မိ၏။ မနက်တည်းက မိုးသားတွေထူနေသဖြင့် ခုချိန်ထိ နေရောင်မမြင်ခဲ့ရသေး။

ဒီနေ့ နေ့ရဲ့ အလင်းရောင်ပျောက်ကွယ်နေခြင်းဟာ သူ့ဘဝကံဆိုးမိုးမှောင်ကျမယ့်နိမိတ်ဆိုတာ နည်းနည်းလေးတောင် မတွေးမိခဲ့ပေ။

သမီး ...၊

ငါ့သမီးလေး ...၊

ပြီးတော့ အနားမှာ သူ့မောင်လေးရှိနေသေးသည်။ ကလေးနှစ်ယောက်အတူတူရှိနေရဲ့လား .. အရိပ်ယောင်း ပြောသလို တကယ်လုပ်တော့မှာလား...။

မဟုတ်ဘူး .. သင်း ဒီလောက်ပြတ်ပြတ်သားသားမလုပ်ရဲဘူး၊ လုံးဝလုပ်မှာမဟုတ်ဘူး ...။ အတွေးအတွနဲ့ ခေါင်းခါလိုက်မိသည်။ ထိုစဉ်

"အစ်ကိုလေး .. ဒီမှာဖုန်း .."

"ဘာလဲ .. ဘာဖုန်းလဲ .. သွား .. ခုထွက်သွားစမ်း .. နိုးမှာစတွေ့သောက်အလိုက်ကမ်းဆိုးမသိဘူး .."

"ဒုန်း ..."

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်သဲတွေပေါက်ကွဲကာ အော်ဟစ်ပစ်မိတဲ့အပြင် တံခါးကိုပါ ဆောင့်ကန်ပစ်လိုက်မိသည်။ မယ်ပျားယာ တစ်ချိုးတည်းလစ်ပြေးရှာ၏။

ခနေ ရင်ဘတ်ကြီး ဖားဖိုထိုးသလို ဖုတ်လိုက်ဖုတ်လိုက် လှိုင်းထန်နေလျက် ခါးနှစ်ဖက်ထောက်ရင်း ကောင်းကင်ကိုမော့ကြည့်နေမိပြန်သည်။

ဒီမိုး မြန်မြန်ရွာပါစေ … မိုးရွာမှ သမီးလေးကို သူပြန်ခေါ်နိုင်မည်။

"တောက် … အရိုပ်ပေါင်း နင် ငါ့သမီးကို ယုတ်မာထားလို့က တော့ …"

"ဒုန်း …"

ဆောင့်ကန်ထားသည့် ဝရန်တာတံခါးကို နောက်ထပ်ကန်ထုတ်ပစ်လိုက်ပြီး ဖွင့်သည်။ ပြီးတော့ လှေကားကနေ ပြေးဆင်းခဲ့ရင်း ကားပေါ် ပြေးတက်သည်။

ပြေးတာချင်းတူလျှင် သူ့အရိပ်ကို မြင်လိုက်သဖြင့် ရေလောင်းနေသည့် ပိုက်ကို ပစ်ချပြေးလာသည့် ဒရိုင်ဘာလည်း သူ့ကို မမီလိုက် …။

သူ ဘယ်ကိုသွားမလို့လဲ … သမီးလေး ဘယ်မှာလဲ သိလို့လား၊ သူ ဘာမှန်းမှမသိ …။

ကားမောင်းထွက်ခဲ့ပေမယ့် ကိုယ့်ကိုယ်ကိုယ် လမ်းပေါ်ရောက်လာပြီဆိုတာတောင် အသိကခဝင်တစ်ချက် မဝင်တစ်ချက် ထိုစဉ် သူ့မျက်နှာရှေ့က ကားမှန်မှာ မိုးစက်လေးတွေ တဖွားဖွားစင်ကျလာ၏။

မိုးရွာလာပြီ …၊

ခနေ ဝမ်းသာအားရဖြစ်သွားသည်။ သို့သော် …၊

"ရှင့်သမီးရဲ့ ကံဆိုးခြင်းတွေ မိုးနဲ့အတူလာလိမ့်မယ်၊ မိုးစဲတာနဲ့ ရှင့်သမီးဘဝ …"

"မဟုတ်ဘူး … မလုပ်ရဘူး … မလုပ်ပါနဲ့ …"

ကယောင်ချောက်ချားပြောမိရင်း ကားကလည်း ရမ်းခါသွားခဲ့၏။ တခြားကားတွေ ဟွန်းတီးကြမှ အခြေအနေကိုသတိရသည်။



ထိုစဉ် မိုးစက်တွေ ဆက်ကျမလာဘဲ ပြတ်တောက်သွားပြန်လျှင် ခနေ မိုးကိုမော့ကြည့်ဖို့ ကားမောင်းနေတာကို မေ့ခဲ့ပြန်၏။

"ကျွီ …"

"တီ … တီ …"

"ဟာ …"

သူ ဘယ်လိုမှ မထိန်းလိုက်နိုင်ဘဲ တခြားကားနဲ့ ခေါင်းချင်းဆိုင်မိသွား၏။ အရှိန်နဲ့ ပစ်ဆောင့်၍ လက်တစ်ဝါးလောက်အလိုလေးပဲရှိတော့သဖြင့် ဖတ်ဝန်းကျင်တစ်ခုလုံး ဆူညံသွားခဲ့ပြီး …၊

"ဟေ့လူ … ခင်ဗျား ဘာကြောင်တာလဲ …"

ကားမှန်သားမှာ လူရိပ်ပေါ်လာကာ လက်သီးလက်မောင်းတန်းနေ၏။ ကိုယ်က မှားယွင်းတာမို့ ခနေ ရှိုးမတတ်တောင်းပန်နေမိ၏။ တကယ်တမ်း စိတ်အခံရဆို သူ့ရာဇဝင်မှာ ဒီလောက်ထိ အောက်ကျို့ခယခဲ့ဖူးတယ်ဆိုတာမရှိ …။ ဒီနေ့ သူ့စိတ်တွေက အရိုပ် ကို တွေ့လိုက်လျှင် ပြေးပြီး ဦးချမိတော့မလား၊ ဒါမှမဟုတ် တွေ့ရာလက်နက်တစ်ခုခုနဲ့ မသေမခြင်း ရိုက်သတ်မိမလား …။

ဆန့်ကျင်ဘက်လွန်ဆွဲနေသည့် ကယောင်ချောက်ချားစိတ်တို့ကြောင့် သူ့ကိုယ်သူ လက်အုပ်ချီတောင်းပန်နေမိတာလည်း သတိမထားမိ …။

သူ့ရှေ့မှာ ရှိနေတာ တစ်ဖက်က ကားသမားယောကျ်ားချင်းဆိုတာလည်း မသိတော့ပေ၊ သူ တောင်းပန်နေသည်။ သူ့သမီးအတွက် အရိုပ်ကို တောင်းပန်နေခဲ့သည်။ စိတ်အာရုံမှာ ဒီတစ်ခုပဲ စွဲနေခဲ့သည်။

"ဟေး … ထွက်လေကွာ …"

အခြေအနေ အေးဆေးသွားတော့လည်း မိုးတိတ်သွားတာကိုအလန့်တကြားမော့ကြည့်ရင်း ကားမထွက်နိုင်သေး …။ ထို့ကြောင့် ပိတ်ဆို့နေသည့် နောက်ကကားတွေက လှမ်းအော်မှသတိရ၏။

မဟုတ်ဘူး မိုးဆက်ရွာရမယ်၊ မိုးတွေသည်းနေရမှာ … ဟုတ်တယ်…

www.burmeseclassic.com



မိုးရွာစမ်း ...။

သူ မိုးရွာဖို့ ဆုတောင်းရင်း မျက်လုံးထဲမှာ မရှိတာတွေကို မြင်ယောင်လာခဲ့၏။ ပစ္စုပ္ပန်မှာမိုးမရွာသော်လည်း အတိတ်က ပုံရိပ်ထဲမှာ မိုးတွေ သည်းသည်းမည်းမည်းရွာနေ၏။

မိုးသံတွေကြောင့် ရမ်(န်)ပုလင်းကိုကိုင်၍ လူတစ်ယောက် အားပါးတရ ရယ်နေခဲ့၏။

ထိုသူသည် သူပဲဖြစ်နေခဲ့လျက် ...။

"ကောင်းတယ် .. ဒီလို စည်းနဲ့ဝါးနဲ့ အေးချမ်းတဲ့ညမျိုးမှာ ငါ့အတွက် မင်းရောက်လာတာ သိပ်ကောင်းတာယ်၊ ဟား .. ဟား .. ဟား မင်းလို မိန်းကလေးဟာ ငါတို့အတွက် အသုံးတည့်တာ ဒီလောက်ပဲ ချစ်တေး.. ဟား .. ဟား .. ဟား .."

ရယ်သံတွေ .. အားပါးတရ ရယ်နေလိုက်တာ ပြီးကိုမပြီးနိုင်ပါ လား။

♥♥♥



အခန်း (၂၄)

"မင်းနော် ခနှ .. ငါတို့ဘာသာ မှန္တလေးမှာပဲ ဒီညအိပ်လိုက်ဖို့ကို ခုချက်ချင်းလာဖို့ မင်းပဲခေါ်တာ .."

"ဟုတ်တယ် .. နေရာတကာ မင်းက စီနီယာဖြစ်နေတာတော့ မဟုတ်ဘူး .."

"ဒါကတော့ကွာ .. ဟား .. ဟား .. ဟား .."

"ခနှ မင်း သေချာစဉ်းစားနော် .. တော်ကြာ အရောင် နဲ့ လျှိုင်နေ ဦးမယ် .."

"အရောင်က ငါ တင်ပေးတဲ့ အရောင် ပါကွာ .. ငါ့ညီရဲ့စိတ်ကို ငါကြိုက်တဲ့အရောင် ဆိုးပေးလို့ရပါတယ်၊ ငါ့ညီရဲ့ အနာဂတ်လှဖို့ သူ့အနာဂတ်ပျက်စီးစေမယ့် အရာမှန်သမျှကို ရှင်းပစ်ဖို့က ငါ့တာဝန် ပေါ့ .."

ခနှ ရဲ့ စကားသံတွေမှာ ဆုံးဖြတ်ချက်က ခိုင်မာပြီးသားဖြစ်နေ သည်။ ပြီးတော့ အခန်းထဲကနေ တခုန်ခုန်ထုနက်ဆော်နေသံတွေကြောင့် သူ့သွေးတွေပို၍ဆူပွက်လာနေခဲ့၏။

"ခုန်း .. ခုန်း .."

"အဟင့် .. ဟင့် .. ကိုကြီး တံခါးဖွင့်ပေးပါ၊ ကိုကြီး မကြိုက်ချင်

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ အရောင် နဲ့ မတွေ့ပါဘူး၊ ခုပဲ ပြန်မှာပါ ကိုကြီး ..."

"မခေါ်နဲ့ .."

"ခွမ်း ..."

ထုနက်အော်ဟစ်သံတွေထွက်နေသည့် တံခါးဆီ အရှည်တစ်ဝက်နှင့် ဖန်ခွက်က လွင့်ပျံမိတ်ဆက်သွား၏။ ကျော် နဲ့ ဇော် တို့က သောက်နေကြရင်း ကြောက်ရွံ့ဟန်နှင့် ပခုံးတွေတွန့်ပြီးရယ်ကြ၏။

"တောက် ..."

"စိတ်ထိန်း .. စိတ်ထိန်း ကိုယ့်လက်ထဲရောက်နေတဲ့ ကြွက်စုတ်လေးပဲကွာ .."

"အေးလေကွာ .. ဒေါသဖြစ်ရတာမတန်ပါဘူး .."

"မဟုတ်ဘူး .. သင်းက ငါ့ကိုမတန်မရာခေါ်နေတာ၊ ဘာလဲကွာ ကိုကြီးကိုကြီးနဲ့ .. တောက် .."

ပြောပြီး ထရပ်လိုက်တော့ ဗိုက်ခနဲယိုင်သွားသည်။ ခုံကြားထဲက ထွက်လိုက်တော့ လဲကျမလိုထိဖြစ်၏။ ကျော် က ထတွဲတော့မလို့ တမင်လုပ်ကာ ...၊

"ခေနေ မဟာန်နိုင်ရင်လည်း ဂျူနီယာလုပ်ပါကွာ .. ဒီမှာ ငါဆို လုံးဝ အလန်းကြီးရှိသေးတယ်၊ အောက်စီဂျင်မလိုဘူးနော် .."

"ဟွန်း .."

ခေနေ ရုပ်ဆိုးအောင်မဲ့ပစ်လိုက်ပြီး အခန်းဆီသွားသည်။ တံခါးဖွင့်လိုက်တာလည်း ညင်ညင်သာသာမဟုတ်။ တံခါးနားမှာ ကပ်နေသည့် အရိပ် ခမျှာ ဆောင့်ကန်ဖွင့်လိုက်သည့် တံခါးနဲ့အတူ ရောညပ်ပါသွားကာ ခြေမခြေသည်းလန်သွားသည့်ပြင် နဖူးကွဲသွားသဖြင့် သွေးတွေဖြာကျလာ၏။

"အား .. ကျွတ် .. ကျွတ် .."

"ကောင်းတယ် .. အဲဒါ နမူနာပဲရှိသေးတယ်၊ နင့်ကို .. နင့်ကို နောင် ဘယ်တော့မှ သငေးကတော့်ဖြစ်ဖို့ စိတ်မကူးရဲတော့ပါဘူးလို့



အော်နေရတဲ့အထိ ဒုက္ခပေးပြမယ် .."

"ဟင့်အင်း .. ကျွန်မ .."

"လာခဲ့ .."

"ကိုကြီး မလုပ်ပါနဲ့ .."

"ဗြိး ..."

"အမလေး .."

"ဝုန်း ..."

လူကိုဆောင့်တွန်းပစ်လိုက်ရင်း အင်္ကျီကိုဆုပ်ဖြဲလိုက်တာကြောင့် စိုထိုင်းထိုင်းအင်္ကျီက ရင်ဘတ်တစ်ပြင်လုံး ပြဲထွက်သွား၏။ ဆွဲလွှဲဆောင့်တွန်းခံလိုက်ရသဖြင့် အရိပ် ခုတင်ပေါ်လုံးထွေးပြုတ်ကျကာ ဘယ်လိုမှ လှုးလဲထချိန်မရလိုက် ...။

"ဟင့်အင်း .. ဟင့်အင်း .. ကယ်ကြပါဦး .. ဦးရေ .. ဦးလေးကြီး ကယ်ပါဦး .."

"တိတ်စမ်း .."

"ဖြန်း .. ဖြန်း .."

"အား ..."

"နင့်ကို ဘယ်သူမှတိုင်လို့မရအောင် လျှာပါဖြတ်ပစ်ဦးမှာ .."

"ကိုကြီးရယ် .. အရိပ် ပြန်ပါရစေ၊ နောက် ဘယ်တော့မှ အရောင်ရှိတဲ့နေရာမလာတော့ပါဘူး၊ ရှိကြီးခိုးပါတယ်၊ ချမ်းသာပေးပါ .."

"ဗြိး ..."

အရိပ် ကိုယ်မှာ ဘာအဝတ်စားမှမရှိတော့မှ ဖုန်းထဖွင့်ပြီး နေရာတကျဆောင်သည်။ အရိပ် အဖြစ်က ရေမွှေးအိုးထဲက မသေမရှင်ပြန်ပြီး ထုတ်ပြီး ရေ့မှာပုံချထားသည့် ကြွက်စုတ်လေးကဲ့သို့ ...။

"ကြောက်ပါပြီ ကိုကြီးရဲ့ .. မလုပ်ပါနဲ့၊ ကျွန်မကို လွှတ်ပေးပါ၊ ရှိခိုးပါ့မယ် .. တောင်းပန်ပါတယ် .. ဟီး .. ဟီး .."

အရိပ် ခုတင်ပေါ်မှာ ပုရွက်ထုပ်ကွေးလေးလို ကိုယ့်ကိုယ်ကိုယ် ထွေး

www.burmeseclassic.com



တလှုပ်ဖက်တွယ်၍ မျက်စိစုမှိတ်ရင်း ခွဲမငွေ့ဥတမ်းတောင်းပန်သည်။ ငိုနေရင်း မနားတမ်းပြောနေ၏။

"ဟွန်း ..."

ဓနု သည် သွေးအေးလူသတ်သမားနဲ့တူကာ အရိပ် ကို အရှက်ခွဲဖို့ သေချာစီစဉ်ပြီးစီးမှ ...၊

"နှင့်လိုမိန်းကလေးက ငါတို့လိုလူတွေအတွက် ဘယ်အဆင့်ပဲရှိသလဲဆိုတာ အခု လက်တွေ့ပြမယ် .."

"အား ..."

"ဟား .. ဟား .. ဟား .."

သူ အားပါးတရနှိပ်စက်ခဲ့သည်။ ဗုန်းနဲ့ သေချာမှတ်တမ်းတင်ပြီး ကျေနပ်အားရနေခဲ့၏။

"ဘယ်လိုလဲ ဓနု .."

"ဘာကိုလဲ .. ငါ့ရင်ထဲမှာ မီးတောက်နေတာ အမုန်းတွေပဲ .."

"ဟုတ်လို့လားကွာ .."

"အေးလေ .. ရုပ်ကြီးကို .."

"ဟောတောင် .. အပိုတွေပြောမနေနဲ့ သွားမှာဖြင့်သွား .."

"နေဦး .. နေဦး .. ငါတို့က ဒါမှန်းမသိတော့ ဘာမှအဆင်သင့်မပြင်ခဲ့ရဘူးနော် .. ဖြစ်ပါ့မလား .."

"အမ် .. ဒါ လမ်းဘေးစာမှတ်နေလို့လား .."

"အေးနော် .. အခန်းထဲစာလေးပဲဟာ .. တောပန်းလေး .. တောပန်းလေး .."

"ဟား .. ဟား .. ဟား .."

"မိုးလေးအေးနေတာနဲ့ .. ဟဲ .. ဟဲ .. ဟဲ .."

"သူတောင်းစား တဟဲဟဲနဲ့ ငါမပြောလိုက်ချင်ဘူး .."

"ဂျိမ်း ..."

"ဟ ..."



"ဒိန်း .. ဒလိန်းလိန်း .."

"မဟုတ်ကဟုတ်ကတွေမပြောနဲ့ .. မိုးကြိုးပစ်ချလိမ့်မယ် .."

"နားစမ်းပါကွာ .. ယင်နားစာရှောင်တဲ့ ငါတို့လို လူသူတော်တောင်းလေးတွေကို ကောင်းချီးပေးနေတာပါ .."

ကျော် က ကဲသည်။ ဖော် က တစ်ချက်လေးမှ နောက်ကျမခံ ...။

မိုးတွေသည်းမည်းနေသည့် ညဥ့်ယံမှာ သူတို့ထင်တိုင်းပြောလို့ အားမရနိုင် ...။ သုံးယောက်ရဲ့ ကာယကံ ဝစီကံမှာ အရိပ်ဘဝ မွှမွှကြေခဲ့၏။

ထို့ပြင် ...၊

"ကဲ .. ဟာ .."

"အား ..."

မျက်နှာကို ဖျန်းခနဲလာစင်တာ ဘာတွေမှန်းမသိ၊ မျက်ချင်း မှုလောင်စပ်ဖျင်းသွားခဲ့ပြီး အရိပ် ကြမ်းပေါ်မှာ တီကိုဆားတို့လိုက်သလို မျက်နှာကိုအုပ်၍ တွန့်တွန့်လူးနေတော့သည်။

"ဓနု .. မင်း .. မင်း ဒါတော့ မဟုတ်သေးဘူးနော် .."

"အေးလေ .. အစတည်းက အစီအစဉ်ရှိရင်မပြောဘူး .."

"မင်းကလည်း ဒီလောက်ဆိုတော်လောက်ပြီဥစ္စာ .. အက်ဆစ်ပြင်းနဲ့ ပက်တာတော့ .."

"ဟောတောင်တွေ .. မင်းတို့ပါ မြည်းကြည့်ချင်တာလား .."

ဓနု အသံက နူးညံ့သက်ဝင်မည့်ပုံ အနည်းငယ်မျှရှိမနေခဲ့ပေ။ ထို့ပြင် ...၊

"ဖွီတ် .. ဒီဘက်လှည့်စမ်း .."

"ဖြန်း ..."

"အား ..."

နှစ်ထပ်သုံးထပ် မျက်နှာကိုရည်း ပက်ပစ်တာ လက်နဲ့ကာကွယ်နေတော့ လက်ခုံတွေပါထိ၏။ ထို့ပြင် အရိပ် နာကျင်စွာနဲ့လို့ လူးလိမ့်

www.burmeseclassic.com



ပြေးလွှားနေရင်း …၊

"တောင်မလေး ဘယ်ရောက်သွားလဲ …"

"နောက်ဖေးထဲပြေးသွားပြီ …"

ခနဲ အေးဆေးဖြေပေမယ့် ကျော် နဲ့ ဇော် ပြူးတူးပြဲတဲနဲ့ ပြေးလိုက်သွားကြ၏။ အရိပ် မျက်လုံးတောင်မဖွင့်နိုင်တော့တဲ ဂတ်စ်အိုးကို ရောဂူးကြီးထင်ပြီး လှည့်စရာကိုင်မိလိုက်တာနှင့် လှည့်နေတော့သည်။

"ဟာ … သွားပြီ … ဂတ်စ်အိုး …"

"နံလိုက်တာ … ဟာ …"

အပြင်ထိ အနံ့ထွက်လာမှ ခနဲ ဆတ်ခနဲထရပ်မိသည်။ ထိုအချိန်မှာ ဇော့် လက်ကိုဆွဲခေါ်ခဲ့မိစဉ် ဇော့် လက်ကြားက စီးကရက်ကို ကျော် သတိထားမိသွား၏။ ဘာလုပ်ရတော့မလဲဆိုတာကိုပါ ချက်ချင်းတွေးမိသွားကာ …၊

"ဇော့် ခနဲ လုပ်ချလိုက်တာ အမှုကြီးသွားပြီ၊ အဲဒါ ငါ့ကိုပေး…"

"ဟ … ဘာ … ဘာလုပ်မလို့လဲ …"

ကျော် က မဖြေဘဲ စီးကရက်မီးကို အခန်းထဲပစ်ထည့်လိုက်ကာ တံခါးဆွဲပိတ်လိုက်တာ ဂျိမ်းခနဲ …၊

"ဝုန်း …"

"ဟာ … ကျော့် …"

အခြေအနေတွေက ရှုပ်ထွေးကုန်သည်။ ခနဲ ပြေးလာရင်း ကျော် လုပ်လိုက်တာကို မြင်လိုက်တော့ ဒေါကြောင်သွား၏။ သို့သော် ဂတ်(စ်)အိုး ဂတ်(စ်)ကုန်ခါနီးအိုးမို့ ထိန်းသိမ်းလို့ရနိုင်သေးသည်ဟု တွက်ကာ အတင်းပြေးဝင်ဖို့လုပ်၏။

"ယောကောင် … ခနဲ …"

"ဖယ်စမ်းပါ … ဟိုမှာ မီးလောင်နေပြီ၊ မီးကြီးလာရင် ဘယ်ရိုလုပ်နိုင်တော့မှာလဲ …"

"ထားလိုက် … မီးထဲပါသွားပြီဆို ပြီးပြီ …"



"အထဲမှာ ဂတ်(စ်)အိုးပေါက်သွားတာလား … မင်းတို့ ဘာလုပ်ကြတာလဲ …"

ဟင်!…

ဦးမြတ်ထွတ် …၊

ခြံစောင့်ကြီးကို သူတို့သုံးယောက်စလုံးသိကြသည်။ မထင်မှတ်သည့်အချိန်မှာရောက်လာသောကြောင့် သူတို့ဘာလုပ်ရမှန်းဖြစ်နေမိကြစဉ် …၊

"မင်းတို့ တော်တော် မသမာကြတဲ့ကောင်တွေပါလား … ဖယ်… ဖယ်ကြစမ်း …"

"ဟာ … ဒီအဘိုးကြီး ကိုယ့်ဘာသာအေးဆေးမနေချင်ဘူး …"

"ခုန်း …"

"အား …"

"ဟာ … ကျော့် … မင်း … မင်း …"

"အားလုံးသိသွားပြီ … ဒီပါးစပ်ကို ဒီလိုမပိတ်ရင် ဘယ်လိုပိတ်မလဲ …"

မီးတွေ ဝုန်းဒိုင်းကျဲရှာနေသည်။ ကြီးမားခိုင်ခံ့သော နှစ်ထပ်တိုက်ကြီး၏ အခန်းတစ်ခုထဲမှာလည်း ဂတ်(စ်)လက်ကျန်တို့၏ ပေါက်ကွဲအားနှင့် မီးတွေ ဟူးဟူးရားရားလောင်မြိုက်နေ၏။

သို့သော် … မီးတဖြောက်ဖြောက်နှင့် ညည်းညူယံမှာ အားလုံးပဲနစ်မြုပ်ပျောအိပ်မောကျနေကြသည်ဖြစ်ရာ …၊

"လာ … လာ … ငါတို့မိုးသံတွေ ဝုန်းဒိုင်းကျဲနေတုန်းလစ်မယ်၊ ဒီကလွတ်တဲ့အထိ ကားကို မီးမဖွင့်ဘဲမောင်း …"

"ဒီမှာ မီးတွေလောင်နေတာကွ …"

ခနဲ ကိုယ့်အိမ်ကိုတော့ သံယောဇဉ်ကြီးနေမိတာ လူနှစ်ယောက်စလုံးကို တစ်ခါတည်းထည့်သတ်ပြုပ်ပစ်လိုက်မိတဲ့ အပြစ်ကြီးကြောင့် မကြောက်ဖူး ကြောက်လန့်တုန်လှုပ်နေမိ၏။

www.burmeseclassic.com

www.burmeseclassic.com



"ဇုန်း .. ဒုန်း ..."

"ဟာ ..."

အိမ်ပေါ်ကအသံတွေကြောင့် ထွက်လာခဲ့ပြီးမှ အလန့်တကြား ပြန်မော့ကြည့်မိ၏။

"ဘာမှမဖြစ်ဘူး လာစမ်းပါ .. မီးမဖွင့်နဲ့ ဓနု .."

ကိုယ့်ကားပေါ် ကိုယ်တက်ပြီး မောင်းပြေးခဲ့ကြသည်။

"ခုမှ ကြောက်မနေနဲ့ ဟောကောင် .. ကောင်မလေးကို မင်း အက်စက်အပြင်းစားတွေနဲ့ စိတ်ပြေနပြေ ဝင်နေတုန်းက ကြောက်ဖို့သတိရခဲ့လို့လား .. ပြဿနာက အဲ့ဒီမှာတည်းက ကြီးသွားခဲ့တာ .."

မဟုတ်ဘူး .. နောက်ထပ် ဒီအလုပ်မပေတွေနဲ့ အရောင့် ကို မြူဆွယ်လို့မရအောင် သူ လုပ်ခဲ့တာ ...။ ဒီလိုလုပ်တဲ့အတွက် ဖြစ်လာမယ့် ပြဿနာကိုလည်း သူ ရှင်းနိုင်သည်။

လူသတ်တဲ့အထိ လုပ်မိခဲ့တာကျတော့ ပေါ်လာရင် ဘယ်လိုလုပ်မလဲ ...။

ဒါပေမယ့် အစနဲ့သုံးခန်းလုံးမီးတောက်ခဲ့တာလည်း လူမသိ ...။ မြဲစောင့်နဲ့ အရိုင် တို့ မီးထဲပါသွားခဲ့တာလည်း ဘာပြဿနာမှမပေါ်ခဲ့ဘဲ ခုကျမှ ...၊

"ဟာ !..."

စိတ်သည် အတိတ်မှာပျံ့ခဲ့နေကာ လက်က ကားမောင်းနေခဲ့သဖြင့် မြန်းခနဲကိုယ့်ရှေ့မှာ ကားတစ်စီးပေါ်လာသည်နှင့် လန့်ဖျန့်သွား၏။

စတီယာရင်ကိုခွဲလှည့်ပစ်လိုက်ပြီး အလျင်စလိုရှောင်ထွက်လိုက်သျှင် ရှေ့ကားနဲ့ မတိုက်မိသော်လည်း လမ်းဘေးမှာရပ်ထားသည့် ဓီးသီးသည်လှည်းကို အရှိန်နဲ့ ပစ်တိုက်လိုက်မိကာ ...၊

"ဇုန်း .. ဒုန်း .."

"ဖြောင်း ..."

"အား ..."



တစ်ကိုယ်လုံးနှစ်ချက်သုံးချက် ဆောင့်ခုန်သွားကာ သတိလစ်မတတ် နာကျင်သွားခဲ့၏။ ပြီးတော့ အသက်ရှိက်လိုက်တာနှင့် စူးခနဲအောင့်တက်သွားကာ မျက်လုံးတွေပြာဝေသွား၏။

ပြီးတော့ သူ ဘာမှမသိတော့သလို အမြင်အာရုံတွေ ရုတ်ချည်းပျောက်ကွယ်သွားခဲ့၏။

ပြီးတော့များရဲ့နောက်မှာပဲ သူ့အသိထဲမှာ မိုးတွေရွာချလာသည့် အသံကြီးကို ကြားလာရ၏။

မိုးရွာနေပြီဆိုရင် အရိုင် က ဖုန်းဆက်တော့မည်။

သူ အတင်းလူးလဲထပေမယ့် ထလို့လည်းမရ၊ ထိုအချိန်မှာပဲ မိုးသည်းသည်း၏ ဆူညံသံများနှင့် ရွှေသံတစ်ချို့ကို သတိထားမိလေသည်။

သူ ဘယ်မှာလဲ .. ဘာလုပ်နေတာလဲ၊ သမီးလေးကိုကယ်ဖို့အချိန်မီသွားရမည်။

"ဟောလူ .. ဟောလူ နေဦးလေ၊ ခေါင်းမှာ ဒဏ်ရာနဲ့ ရွတ်ရုန်းမနေနဲ့ .."

"ဖုန်း .. ကျုပ် ဖုန်းဆက်ရမှာ .."

"ဖုန်းကောက်ပေးလိုက်ကွာ .. ကယောက်ကတမ်းတွေပြောနေတာ .."

"ဒဏ်ရာကြီးသလား .. သေချာကြည့်ပါဦး .."

"အေးလေ .. သေလောက်အောင်မဖြစ်ဘဲနဲ့ .."

"သေလောက်အောင်မဖြစ်ပေမယ့် ရူးလောက်အောင်ဖြစ်လို့ပေါ့.."

အနားမှာ တစ်ယောက်တစ်ခွန်းပြောနေကြသံတွေကို သူ စိတ်မဝင်စားပေ။ ကားထဲက တွဲချပေးဖို့လုပ်နေကြသူတွေကိုလည်း ပွတ်သပ်ဖယ်ချပစ်လိုက်ပြီး ...၊

"ဖယ်ပေးကြပါဗျာ .. မိုးမတိတ်ခင် သွားရမှာမို့လို့ပါ၊ ဖယ်ကြပါ– ကားထွက်ချင်လို့ ဖယ်ပေးကြပါ .."

နဖူးကသွေးတွေကို လက်တစ်ဖက်နဲ့ ပွတ်သုတ်ပစ်ရင်း ကားစက်

www.burmeseclassic.com

www.burmeseclassic.com



နှီးဖို့ ဖွတ်လုပ်နေသည်။ သွေးတွေသုတ်လို့မနိုင်တော့ တဘက်ထုတ်ယူပြီး လက်နဲ့ပဲ ဖိကပ်ထားလိုက်၍ စက်နှီးသည်။

တကယ်ကြီး စက်နှီးလိုက်သဖြင့် ကူညီပေးဖို့ ဝိုင်းအုံနေသည့်လူတွေ ရှဲခနဲဆုတ် လုယက်ဆုတ်ပေးသွားကြသည်။

"မရဘူးလေ .. ဒီလုည်းပျက်စီးသွားတာလျော်ခဲ့ဦးမှပေါ့ .. ယောလူ .."

ပြဿနာရှာဖို့ ပြေးကပ်လာတဲ့လူကို သူ ခေါင်းညိတ်ပြကာ လိပ်စာကဒ်ထုတ်ယူပြီးပေး၍ ...

"လိပ်စာအတိုင်းလိုက်ခဲ့ .. ကျုပ်မှာ အချိန်မရှိလို့ .."

စိတ်ထဲမှာသိနေသည်။ ဒီမိုးတွေသည်းနေဖို့က သူ့အတွက် အသက်လောက်အရေးကြီး၏။ ဒါဆို ဘာကြောင့်အရေးကြီးရတာလဲ ...။

ရုတ်တရက် ကားမောင်းနေရင်း စဉ်းစားလို့မရဖြစ်သွား၏။ ထို့ပြင် ခေါင်းကလည်း အဆမတန်နာကျင်ကိုက်ခဲလာပြီး မူးရိပ်ရိပ်ဖြစ်လာခဲ့သည်။ ထိုစဉ် ဖုန်းသံမြည်လာခဲ့လျက် ...၊

"ဟလို ..."

"နေနေ .. ရှင် အခုလာလို့ရပြီ .."

"ဟင် .. မင်းက .."

"ဘာကြောင့်နေတာလဲ .. မိုးမတိတ်ခင် ရွှေပုန်းညက်အိမ်ရာက (....)ကို လာခဲ့၊ မိုးတိတ်ပြီးမှဆိုရင်တော့ ရှင့်သမီးနဲ့ သားကို အကောင်းတိုင်းပြန်ရဖို့ မမျှော်လင့်နဲ့တော့ .."

"သမီး ..."

သူ သံယောင်လိုက်ရွတ်ရင်း ကားကိုဦးတည်ရာမဲ့ မောင်းနေမိသဲ ရှိကာ ...၊

"ရွှေပုန်းညက်အိမ်ရာ (....)"

ဟင်!...၊

ဒါ ... ဒါ .. ငါ့အိမ်ပဲ ...။

အိမ်ကို ဒီနိုင်းဆန်းအောင်သေချာဖြည့်စွတ်ပြုပြင်ပြီး ဖော်ရိန်နာ



တွေကို ငှားထားခဲ့တာဖြစ်သည်။ ဒါပေမယ့် ခုတော့ အိမ်ငှားလည်းမရှိ၊ ဝယ်ရောင်းလည်းမဖြစ်ဘဲ ဒီတိုင်းပိတ်ထားခဲ့တာ ငါးလလောက်ရှိပြီဖြစ်သည်။

ငါ့ကလေးတွေကို ဒီအိမ်ထိ ဘယ်သူခေါ်ထားတာလဲ ...၊

ဟာ .. အရိပ် ...၊

ခေါင်းထဲမှာ ရေဆူအိုးကြီးဖိတ်ဖိတ်စင်စင်ဖြစ်သွားသလို တရှဲရှဲ ပူလောင်သွားခဲ့၏။ စိတ်တွေကယောင်ချောက်ချားနှင့် ဒဏ်ရာထပ်ရလိုက်ခြင်းကြောင့် ခေါင်းထဲမှာ ဘယ်နှစ်ခန်းလောက် လွတ်သွားခဲ့သည်မသိ ...။

မနေ့ ကောင်းကောင်းကြီးသတိရသွားသည်နှင့် မိုးစက်တွေ ပါးလျားသွားတာကိုမော့ကြည့်လိုက်မိသည်။

'မိုးတိတ်ပြီးမှဆိုရင်တော့ ရှင့်သမီး ..'

နားထဲမှာကြားယောင်လာကာ လီဗာကိုဖိနင်းပစ်လိုက်သည်။

တွေ့မယ် အရိပ်ယောင်း၊ ငါ့ကလေးတွေကို မင်းထိကြည့်လိုက်...။

♥♥♥

www.burmeseclassic.com

www.burmeseclassic.com



အခန်း (၂၅)

"မဟုတ်ဘူး သိဂီ .. အဲဒါ .. အဲဒါ မဟုတ်ဘူး .."

"အောင်မယ်လေး ကြည့်ပါဦး၊ ဒီလောက်သွားကြီးအဖြီးသားနဲ့ တဏှာရုပ်ကြီးဖြစ်နေတာတောင် ရှင်က .."

"ဟား .."

ဗီဒီယိုတစ်ဖိုင်လုံးပို့ချလိုက်တာ ဆိုင်းမပါ ဗုံမပါနှင့် ..။

အရိပ်ယောင်း ဆိုတဲ့ ဆောင်မလေး ..၊

"တောက် .."

ကျော် ဆံပင်တွေဖွရင်း တက်ခေါက်လိုက်မိသည်။

"ရှင့်အကျင့်တွေက ဒီအရွယ်တည်းက ဒီတိုင်းရှိခဲ့တာကို၊ ကြည့်ပါဦး .. သမီးတွေသာသိသွားရင် .."

"သိဂီ .."

"ရှင် မခေါ်နဲ့ .."

သိဂီ က ကွန်ပျူတာကိုပိတ်ပစ်လိုက်ပြီးနေရာမှထရပ်သည်။ ပြီးတော့ ကျော့် ကို ရွံရှာသလိုစူးစိုက်ကြည့်လိုက်ပြီး ..၊

"ရှင် ပိုက်ဆံပေါ်လို့ အပျော်ကျူးနေတာတွေကို သိဂီ ဘာမှမပြောဘူး၊ သိသိ မသိသိ မသိချင်ယောင်ဆောင်နေခဲ့တယ် .."



"ဒါဆိုလည်း ဆက်ပြီးမသိနဲ့ပေါ့ကွာ .. ငါ ဘာတွေလုပ်နေနေ မင်း ယောကျ်ားပဲ .."

"ဘာ .."

"ယောကျ်ားဆိုတာကတော့ .."

"ကို .. ဥာဏကျော် .."

သိဂီ ဆိုဖာကြားထဲက ထလာပြီး သူ့ရှေ့မှာလာရပ်ကာ ..၊

"ဗီဒီယိုထဲမှာ ရှင့် ရုပ်ကြီးကိုသေချာပြန်ကြည့်စမ်းပါ .."

"ဒါတွေထည့်ခံစားမနေနဲ့ သိဂီ .. ဟိုးလွန်ခဲ့တဲ့ နှစ်များစွာက ကိစ္စတွေ .. ငယ်စိတ်ဆိုတာ ဘာမဆိုကျူးလွန်ရဲတယ် .."

"သူများသားသမီးကို ဖမ်းချုပ်ထားပြီး အလိုတော်ဘဲ အဓမ္မပြုကျင့်တာတွေလား .."

ကျော့် မျက်နှာ ရဲခနဲဖြစ်သွားသည်။ သူ ဘယ်လိုပွေရှုပ်နေနေ မိန်းမကိုတော့ ရင်ဖုံးတွေ ရင်စေ့တွေ ကြိုက်တတ်တဲ့မိန်းမကိုမှ ရွေးခဲ့သည်။

ဆံပင်ဆို ခေါင်လောက်ထိရှည်မှ ..၊

သူ့မိန်းမယောကျ်ားတွေနဲ့ ခွေးရောဝက်ရောတင်ပြောဆိုမတွဲတဲ့မိန်းမကိုမှ ..၊

သိဂီသည် ယဉ်နွဲ့လှပသော ကိုယ်ဟန်လေးနဲ့မလိုက်ဖက်စွာ သူ့ကို ရက်စက်ရင့်သီးသောမျက်ဝန်းတို့နဲ့ ကြည့်၏။ မပြောခဲ့ဖူးသည့် စကားသံတွေနဲ့ အတိုက်အခံတုံ့ပြန်နေသည်။

သို့သော် အမြဲတမ်းဂရုမစိုက်စွာ အနိုင်ပိုင်းပြောနေကျ သူ့ဘက်က စကားသံတွေ ဒီအချိန်မှာ ဆိတ်သုဉ်းနေခဲ့၏။

ထို့ပြင် တစ်ကိုယ်လုံးမှာ ထူပူရှိန်းဖိန်းနေတာ ဘယ်လိုသိမ်ငယ်မှုမျိုးလဲ ..။

"သိဂီ ရှင့်ကိုချစ်ခဲ့တယ်၊ လေးစားမပျက်နေပေးခဲ့တယ်၊ အဲဒါ ဘာဖြစ်လို့လဲဆိုတော့ သမီးလေးတွေမွေးထားမိလို့ပဲ .."

သိဂီ မျက်ဝန်းမှာ မျက်ရည်တွေရစ်ဝိုင်းနေခဲ့ကာ ..၊

www.burmeseclassic.com

www.burmeseclassic.com



"သမီးတွေ သူတို့အမေ ခြေလှမ်းပျက်နေတာ မသိစေချင်ဘူး။ ယောက်ျားကောင်း မောင်းမတစ်သောင်းဆိုတဲ့စကားကို ပုတီးစိပ်နေရင်တောင် ခမေမို့ နှလုံးသွင်းထားခဲ့တာ သိရဲ့လား .. ဘယ်သူ တရားပျက်ပျက် ကိုယ်မပျက်ချင်လို့ .."

"သီဂီ မင်းပြောတာတွေနော် .. မင်း မဟုတ်တော့ဘူး .."

"ဟုတ်တယ် .. ဒီနေ့ကစပြီး မနေ့တစ်နေ့က ဟိုးတစ်ချိန်က သီဂီ မဟုတ်တော့ဘူး .."

"ဘာပြောတယ် .."

"ပွေရှုပ်တဲ့ယောက်ျားကို ကျွန်မ သည်းခံနိုင်တယ်၊ ယုတ်မာတဲ့ မုဒိန်းသမားကို .."

"ကဲကွာ .."

"ဒက်ဒီ .."

"မာမီ .."

ပတ်ဝန်းကျင်မှာ ဘယ်သူမှမရှိခဲ့ပေမယ့် ကျောင်းကပြန်လာကြသည့် သမီးနှစ်ယောက်က လွယ်အိတ်တွေပစ်ချပြီး ပြေးလာကြ၏။

"မာမီ့ကို ဘာဖြစ်လို့ရိုက်တာလဲ ဒက်ဒီ .."

"မာမီ .. မာမီ့ နှုတ်ခမ်းမှာသွေးတွေ .. အဟင့် .. ဟင့် .."

သမီးတွေ ငိုင်ငိုကြတော့ ကျော် ခြေမကိုင်မိလက်မကိုင်မိဖြစ်သွားသည်။ သမီးတွေသိကုန်မှာလည်းစိုးရိမ်သည်။ ဘယ်တုန်းကမှ ဂရုမစိုက်ခဲ့တဲ့ မိန်းမကိုလည်း မချော့ချင် ..။

ချော့မော့နေလို့လည်း အလွယ်တကူကျေအေးဖွယ်မမြင်သည့် ပြဿနာမို့ ..။

"တောက် .."

"ကိုညာရှာကျော် .."

ကြည့်စမ်း ..။

ဒီလေသံ ဒီလိုတစ်လုံးတစ်ခွ ဘယ်တုန်းကမှ မခေါ်ခဲ့စဖူး ..။



ကျော် ကိုယ့်အပြစ်ကိုသတိမရဘဲ မာနနှင့် ဆတ်ခနဲလှည့်ကြည့်၏။ သီဂီ ဆိုဖာပေါ်မှာလဲကျနေရာကနေ မတ်တတ်ရပ်နေလျက်ရှိကာ ..

"ရှင်နဲ့ ကျွန်မ .. ဒီနေ့ရာမှာပဲ .."

"မင်း ခု တိတ်လိုက်စမ်း .."

ဒီလိုစကားမျိုးကြားရလိမ့်မည်လို့မထင်ခဲ့ပေ။ ကြားရတဲ့အခါမှာ ခံနိုင်ရည်မရှိတဲ့သူဖြစ်နေလိမ့်မယ်လို့လည်း ကိုယ့်ကိုယ်ကိုယ် မထင်ခဲ့တာအမှန် ..။

ထိုစဉ် ..၊

သူ့ဖုန်းကနေ မက်ဆေ့ချ်ဝင်လာသည့်အသံကို ကြားလိုက်ရကာ .. သွားပြီ ..၊

မတ်တတ်ရပ်နေသည့် သီဂီ နှင့် သူမကိုဖက်ထားကြသည့် သမီးနှစ်ယောက်က စားပွဲပေါ်မှာ စခရင်(န်)လင်းနေသည့်ဖုန်းဆီ ဖြုင်တူကြည့်လိုက်ကြ၏။

ဘုံ့ ဆီကမှန်းသိလိုက်သဖြင့် ကျော် ဗျာယာဗျာယာကောက်ယူလိုက်သော်လည်း ..၊

"အဲ့ဒီ နှင်းဆီပွင့်နဲ့လာတဲ့ မက်ဆေ့ချ် သမီး သိတယ် ဒက်ဒီ၊ အဲဒါ ဘုံ့ ဆိုတဲ့အစ်မပဲ .."

သမီးကြီးက ငါးတန်းကျောင်းသူဖြစ်နေပြီမို့ လူကြီးတွေ ဘယ်လိုပြဿနာတက်နေသလဲဆိုတာ သူမ တန်းသိသည်။

ထို့ပြင် သူမလေးကိုက ပါးနပ်လွန်းတာဖြစ်ကာ ဘုံ့ ကို စိတ်ဝင်စားနေတာ အစောတည်းက ..။

"အဲ့ဒီမိန်းမကြီးနဲ့ ဒက်ဒီနဲ့ .."

"သမီး .. တိတ်စမ်း .."

"ဟုတ်တယ် .. မမပြောတာ မီးမီးလည်းသိတယ်၊ ဒက်ဒီက မီးမီးတို့ဆိုရင် 'တိတ်စမ်း' 'တိတ်စမ်း' နဲ့ ဘယ်တော့မှမပြောခိုင်းဘူး၊ ခု မာမီ့ကိုလည်း မပြောနိုင်းဘူး၊ ဒက်ဒီချည်းပဲ ပြောချင်နေတာ၊ ဒက်ဒီ

www.burmeseclassic.com

www.burmeseclassic.com



မတေရားဘူး ..."

"ဘာ .. ဘာပြောတယ် ..."

"အဲ့ဒီလိုတွေ အရင်တည်းက ဖြစ်လာမှာစိုးလို့ ကျွန်မ ဘယ်လောက်ထိ မျိုသိပ်ခဲ့ရလဲ ရှင် သိရဲ့လား ကိုကျော် .. ဒါပေမယ့် တစ်ချိန်ချိန်မှာ သမီးတွေက 'မာမီ့ကြောင့်' လို့ လက်ညှိုးထိုးလာမှာကိုမခံနိုင်ဘူး၊ ဘယ်သူမှန်တယ် ဘယ်သူမှားတယ်ဆိုတာ သူတို့ ခုသိမှနောင်ရှင်းစရာမလိုဘူး ..."

"မင်း ဘာအဓိပ္ပာယ်နဲ့ပြောတာလဲ ..."

"ရှင်နဲ့ ကျွန်မ လက်တွဲသွားဖို့မဖြစ်နိုင်တော့ဘူးလို့ ..."

"ဘာ ..."

ကျော် ရှေ့ကိုဒေါသတွေနဲ့ တိုးလာသည်။ ပြီးတော့ ဖုန်းကို ဖျတ်ခနဲ ကောက်ယူလိုက်ကာ ...၊

"ဒါတွေ ခုမှဖြစ်လာတာမဟုတ်ဘူး ..."

"ဟုတ်တယ် .. ဒါတွေအမြဲတမ်းဖြစ်နေခဲ့တာပဲ၊ ဒါပေမယ့် ကျွန်မ သည်းမခံနိုင်တော့တာက ခုမှဖြစ်လာတဲ့ကိစ္စ ..."

သီဂီ က ပိတ်ထားသည့် တွန်ပျူတာကိုမျက်လုံးဒေါ့ကြည့်သည်။ ပြီးတော့ ခပ်မဲ့မဲ့လေးဖြစ်သွားကာ .. သူ ကောက်ယူလိုက်သည့် ဖုန်းကို ပြန်ကြည့်ပြီး ...၊

"ရှင့်ဖုန်းထဲက ဘုံ ဆိုတာ ကျွန်မကြည့်ချင်တယ် ..."

အမြဲတမ်း သီဂီ လို့ပဲပြောပြီး နူးညံ့လာခဲ့သည့် မေးသည်က ကျွန်မ လို့ ပြောင်းလဲသွားသဖြင့် ခနဲ ပြောဖူးတာကိုသတိရသွားမိ၏။

"နာတာတော့ တော်တော်နာကြည်းနေတဲ့ပုံပဲ၊ ငါကို ရှင်နဲ့ ကျွန်မဖြစ်လိုက် 'နင်နဲ့ ငါ' နဲ့ ပြောလိုက်နဲ့ သူ့ကိုယ်သူ ဘယ်လိုအဆင့်ထင်နေလဲမသိဘူး၊ ငါ့ဘက်မှာ နည်းလမ်းမတွေ့သေးသရွေ့ သင်း စိတ်ကျေးဆဲ့စမ်းပါစေ .." တဲ့ ...။

ဒါက အရိုင်းတောင်း အဖြစ် ရောက်လာတဲ့ ချစ်တေး ကို ပြောခဲ့



တာဖြစ်သည်။ ကိုယ့်ရဲ့ နေးကတော့ ဒီလောက်ထိ နာကြည်းစရာဖြစ်သွားနိုင်လို့လဲ ...။

ကျော့် မျက်နှာက ထိုအတွေးကြောင့် တင်းသွား၏။ ကိုယ့်ကိုယ်ကိုယ် ရှုပ်ခွင့်ပါမစ်ရှိထားသူကဲ့သို့ ...၊

"မင်းကို သူ့ပုံမပြရဲစရာမရှိပါဘူး၊ ဒါပေမယ့် မပြနိုင်ဘူး .. ဘာဖြစ်လို့လဲဆိုတော့ ဒါ ငါ့ရဲ့ လွတ်လပ်မှုတစ်ခုမို့လို့ ..."

သမီးတွေကိုတော့ သူ မသိစေချင်ပါ။ သို့သော် မအေဖြစ်သည့် သူမကတောင် ကလေးတွေရှေ့မှာ မဆင်ခြင်တာ ...။

"မင်းထင်နေသလို ငါ့ဘက်မှာ ဘာရှုပ်ထွေးမှုမှမရှိခဲ့ဘူး သီဂီ၊ လူငယ်မို့ မဖွယ်ရာတဲ့အလုပ်တွေလျှောက်လုပ်ခဲ့မိတာဖြစ်ချင်ဖြစ်မယ်၊ ငါ့အတွက် ခုချိန်မှာ ငါ့မိသားစုထက်အရေးပါတာ ဘာမှမရှိဘူး၊ ခုရော ဟိုတုန်းကရော နောက်ထပ်ရှိလာဖို့လည်းမရှိဘူး ..."

ဝိုင်နိုင်စွာ ပြောပြီး ဖုန်းကိုငုံ့ကြည့်လိုက်သေးသည်။ ပြီးမှ လှည့်ထွက်လိုက်လျှင် ...၊

"ကျော် ..."

ဟင် ...၊

မလှမ်းရသေးသည့် ခြေလှမ်းက နေရာမှာတင်တုံ့ဆိုင်းသွားခဲ့၏။

"ဘာဖြစ်လာတာလဲ မောင် ..."

"ငါ့မိန်းမ ..."

ပြောပြီး သီဂီ တို့ရှိရာ လှမ်းကြည့်လိုက်သည်။ မောင့် မျက်နှာသည် နောက်ကလူသတ်သမားလိုက်လာနေသလို ညိုမှောင်ဖျော့ယွင်းလျက် ...။

"စကားပြောရအောင် ..."

သီဂီ ကို ခွင့်တောင်းသလိုပြုံးပြလိုက်ပြီး ကျော် ကို လက်ဆွဲခေါ်လာခဲ့ကာ ...၊

"ချစ်တေး ငါ့ကို လုပ်ချမိုက်ပြန်ပြီ ..."

"မင့်မိန်းမဆီ ဗီဒီယိုရောက်သွားပြီလား ..."

www.burmeseclassic.com

www.burmeseclassic.com



"အေး .. မင်း .. မင်းတို့လည်း .."

ဇော် က စကားပြောနေရင်းကနေ ကျော်တို့ အခြေအနေကိုဆက်စပ်မိသွားသလို မျက်လုံးလည်း နစ်ဆပြူးသွား၏။ ကျော် က ဖုန်းကို ဖွင့်ကြည့်နေရင်း သုန်မှုန်သည့်မျက်နှာနှင့် ခေါင်းညိတ်၍ ...

"ဟုတ်တယ် .. သိင်္ဂီ ငါ့ကို ကျိုင်ရှာနေတာ၊ ဒီတစ်ခါ သိပ်မလွယ်ဘူးထင်တယ် .."

"ငါလည်း ..."

"ဟား ..."

ကျော့် မျက်နှာက ဇော့် စကားကြောင့်မဟုတ်တဲ့ ဖုန်းထဲက မက်ဆေ့ချ်ကိုဖတ်ပြီး ရှုံ့မဲ့သွားကာ ...။

"တောက် .. ဒီကောင်မလေးကွာ .."

"ဘာဖြစ်လို့လဲ .."

"ဘုံ ..."

ပြောပြီး ကားဆီဆင်းသွားလျှင် ဇော် က သူ့လက်ကိုပြန်ဆွဲ၍ ပေါ်တီကိုအောက်က ဘေးစွန်းမှာပဲအတူရပ်ရင်း ...၊

"ဘယ်သွားမလို့လဲ ကျော် .. ခနှ ကိုလည်း ဖုန်းဆက်လို့မရဘူး၊ ငါ့မိန်းမအိမ်ပေါ်က ဆင်းသွားတာလည်း .."

"အဲ့ဒါ ငါကလိုက်ခေါ်ပေးရမှာလား .."

"မဟုတ်ဘူးလေကွာ .. ချစ်ဘေး က အော်ဟစ်ပြီးထင်ရာတွေ စွတ်ပြောကျိန်ဆဲနေတာ အဲ့ဒါတွေကိုကြားပြီးဘယ်လိုမှတိုးဖိထားလို့ မရတော့ဘူး၊ ယောမာန် က အရမ်းလည်တာ အဲ့ဒါတွေကို ငါတို့သုံးယောက်စလုံး ကျူးလွန်ကြတာမှန်းသိသွားတယ် .."

"ဟား .. ညစ်လိုက်တာကွာ .. ဒီမှာတင်းနေရတဲ့အထဲ မင်း ကိစ္စမင်းရှင်းပေါ့၊ ခနှ ဆီလည်း ပြဿနာကရောက်နေပြီနေမှာ .. သူတော့ သူ့ဟာသူ ရှင်းနေသေးတာ .."

"မဟုတ်ဘူး ကျော် .. သူလုပ်တာတွေက ငါတို့ကို တစ်ပုံစံစီနော်..



အစက ခနှ ကိုပဲ အပြီးထားပြီး ငါတို့ကိုလွှတ်ထားသလိုလိုနဲ့ အဲဒါ မင်း သူ့ကို လိုက်ကြောင်လို့ပြန်လုပ် .."

"ယောကောင် .. မင်းနဲ့ ငါ ဒီနေရာမှာတင် အလဲထိုးကြေဖြစ်သွားမယ် .. ပါးစပ်ပိတ်ထား .."

သူ့မှာလည်း အပူရပ်ကိုဟန်လုပ်နေရပေမယ့် သိင်္ဂီ နဲ့ သမီးတွေရဲ့ မျက်လုံးက အထင်မြင်သေးမှုန်းတီးခြင်းတွေကို မြင်လိုက်ရပြီးမှ ရှက်တာလား .. ဒေါသမာနတွေလား အမှန်တော့ မသိ ...။

ရင်ထဲမှာ ခံရခက်သည့် ဝေဒနာက နှိပ်စက်နေသည်။ ဂရုမစိုက်ခဲ့သည့်စိတ်တွေက သိင်္ဂီ တကယ်ပဲ စိတ်နာပြီး တစ်ခုခုကို ပြတ်သားစွာဆုံးဖြတ်တော့မလို ထင်နေခြင်းကြောင့် ပူလောင်နေသည်။

"အေး .. ဒါဆိုလည်း ငါ့မိန်းမနဲ့ ငါ့ပြဿနာကို မင်းစဉ်းစားကြည့်ဦး၊ အဲ့ဒီကိစ္စကိုသိသွားတာနဲ့ ငါ့ကိုပြဿနာအကြီးအကျယ်ရှာပြီး အိမ်ပေါ်က ဆင်းသွားတယ် .."

"ချက်ချင်းကြီးလုပ်သွားတာလား .."

"ဟုတ်တယ် .. သူက နဂိုတည်းကကွာ .. ဒီမိန်းမမပြောချင်တော့ဘူး .."

နဂိုတည်းက မော်ဒယ်လ်အေဂျင်စီမှာ အုပ်ချုပ်ရေးမှူးလုပ်နေသူမို့ ဒီလိုကိစ္စမှာ ကိုယ်က မညာခင်တည်းက သူမက ကြိုသိနေကာ ...၊

"ဒီကိစ္စကို ဘယ်လိုအစသတ်ခဲ့သလဲဆိုတာ မပြောပြရင် သူ အစပြန်မဖော်မှာတဲ့ .."

"ဘာ !..."

"ဟုတ်တယ် .. ဒီလောက်ဇော်ကားခံရတဲ့ မိန်းကလေးက လုံးဝ အစပေါ်မလာတဲ့ ငါတို့အေးဆေးနေနိုင်ကြတာ လုံးဝမရိုးသားဘူး.."

"အံမာကွာ .."

ဒေါသ ထောင်းခနဲဖြစ်သွားသည်။

"မင်းက သူ့ပြောသမျှခံနေရလား .. နည်းနည်းလေးအစ်အောက်

www.burmeseclassic.com

www.burmeseclassic.com



လိုက်တာနဲ့ အားလုံးဝန်ခံလိုက်တယ်ပေါ့ ..”

“ငါ ဝန်ခံတာ ငြင်းတာတွေကို ဘာမှစောင့်မနေဘူး၊ ဗီဒီယိုကြည့်ပြီးတာနဲ့ တစ်အပ်ပြောချလိုက်တာပဲ၊ မင်းလည်း ငါ့အကြောင်းသိသားနဲ့ ကျော် ..”

“သိတယ် .. မင်း လန့်ဖျန့်ပြီး ကိုယ့်မိန်းမကို ဦးသုံးကြိမ်လောက်ပြေးမချလိုက်ဘူးလား ..”

“ကျွန်မသာဆိုရင်တော့ ဦးသုံးကြိမ်ပြေးချလည်း ခွင့်လွှတ်မှာမဟုတ်ဘူး ..”

ကျော် မျက်နှာချက်သွားသည်။

“မသီဂီ !..”

ဖော် အထိတ်တလန့်ခေါ်ပြီး ဘာပြောရမှန်းလည်းမသိ၊ ကျော့်ကို နောက်လှည့်ဖြေရှင်းဖို့ ခပ်ကြိတ်ကြိတ်တွန်းထိုးနေမိသည်။

ကျော် နောက်ပြန်လှည့်လိုက်တော့ သူတို့နဲ့ မလှမ်းမကမ်းမှာ သီဂီက ရပ်နေကာ ပခုံးမှာ အနီရောင်အိတ်လေးတစ်လုံးပဲ လွယ်ထားလျက်..။

“အခု စုံစုံစေ့စေ့သိလိုက်ရတော့ ကိုသီဟဖော် ကို ကျေးဇူးတင်တယ် ..”

သူမက နှစ်ယောက်စလုံးကိုကြည့်၍ပြောသည်။ သူမပြောပြီးသည်နောက်မှာ ခရီးဆောင်အိတ်အသေးလေးတစ်လုံးကို အိမ်အကူ မအေး က ဆွဲပြီးထွက်လာ၏။

သီဂီ က မအေး ကို လှည့်မကြည့်ဘဲ အိတ်ကို လက်ပြောင်းယူလိုက်ကာ ..၊

“ကျွန်မတို့ အိမ်ထောင်သက်တမ်းတောက်လျှောက်မှာ ရှင့်ရဲ့ ဦးစီးဦးဆောင်သိပ်ကောင်းလွန်းလို့ ရှင့်ကို ရှိသေကိုးကွယ်ခဲ့တာမဟုတ်ဘူး ကိုကျော် .. တစ်ယောက်ရဲ့ ဂုဏ်သိက္ခာကို တစ်ယောက်က လေးစားတဲ့အနေနဲ့ မစွတ်ဖက်ခဲ့တာ၊ ရှင့်ရဲ့ ဦးဆောင်မှုက ကျွန်မတို့သားအမိအတွက်မွေ့တွေ့ပဲထွက်လာခဲ့တာ .. တကယ့်မိသားစုဘဝမပါဘူး ..”



“နေစမ်းပါဦး .. မင်းချည်းပဲ ပြောစရာတွေရှိနေတာလား သီဂီ..”

“ဟုတ်တယ် .. ရှင်ပြောရမှာတွေရှိရင်လည်း ဒီနေရာမှာမဟုတ်ဘူး ..”

“ငါက မင်းတို့ကို ..”

“ရှင်ပြောမှာတွေကို ကျွန်မ စိတ်မဝင်စားဘူး ..”

သီဂီ က ဖြတ်ပြောပြီး ရှေ့ကိုလှမ်းထွက်လာသည်။ ပြီးတော့ ကျော့်အနားမှာ မျက်နှာချင်းဆိုင်မကျတကျ တမင်လွှဲ၍ရပ်နေလိုက်တာ ..၊

“ငါ့အမှားတွေလို့ မင်းပြောလာတာလို့ ရှင် ထွေးနေမှာပဲ၊ ရှင့်အကြောင်း ရှင့်လှုပ်ရှားမှုတွေ ကျွန်မ သိခဲ့သမျှ ရေးမှတ်ထားတာတွေရှိတယ်၊ ရှင် ဖတ်ကြည့်တဲ့အခါ အဲ့ဒါတွေကို စာတွေလို့မမှတ်ဘဲ ကျွန်မရဲ့ နာကျင်မှုတွေဆိုတာ ခံစားမိလာမှာပါ၊ ဒီနေ့သိရတဲ့အဖြစ်တွေကိုတော့ ကျွန်မ လုံးဝနားလည်မပေးနိုင်တော့ဘူး၊ ဘယ်တော့မှလည်း ခွင့်လွှတ်မှာမဟုတ်ဘူး ..”

ပြောပြီး ဆက်လျှောက်လိုက်တော့ ကျော် နဲ့ သီဂီ ကျောခိုင်းလျက်ဖြစ်သွားခဲ့ကာ သူမ ခြေလှမ်းတွေပြန်တုံ့သွားပြီး ..၊

“သမီးတွေကို ကျွန်မ မခေါ်သွားဘူး ..”

“သီဂီ မင်း သဘောနဲ့ မင်းထင်သလိုလုပ်သွားလို့မရဘူးနော် ..”

“ရှင့်သဘောနဲ့ တောက်လျှောက်မှားယွင်းလာခဲ့တာတွေကို ဒီနေ့ကစပြီး ပြောင်းလဲဖို့ကြိုးစားတာ၊ အဲ့ဒီအတွက် ရှင့်ဘက်က ဘာမှပြောခွင့်မရှိဘူး ..”

“ဘာ ...”

ကျော် က သီဂီ ဘက်ကို ဆတ်ခနဲလှည့်လိုက်ပြီး လက်မောင်းတစ်ဖက်ကိုဆွဲယူလိုက်သည်။ သီဂီ က သူ့လက်ကိုရုက်ချင်းဖုတ်ထုတ်ပစ်ချပစ်ကာ ..၊

“ကျွန်မ ဆုံးဖြတ်ခဲ့တဲ့ထဲမှာ ရှင်နဲ့ကျွန်မ လွန်ခဲ့တဲ့ မိနစ်ပိုင်းကစပြီး ဘာမှမပတ်သက်တော့ဘူး ..”

www.burmeseclassic.com

www.burmeseclassic.com



"မရဘူး ... မင်းကို ..."

"မရဘူးထင်ရင် ရှင် ကြိုးစားကြည့်လေ၊ ကျွန်မ ဘာကြောင့် ရှင့်ကို မေ့ပါင်းနိုင်ရတာလဲဆိုတာ အားလုံးသိသွားမှာပေါ့၊ အခု ကျွန်မတို့ တိတ်တိတ်ဆိတ်ဆိတ်လမ်းခွဲမယ်၊ အဲဒါ ရှင့်အတွက်မဟုတ်ဘူး၊ ကျွန်မတို့ သားအမိနဲ့ မိဘမွေးချင်းတွေရဲ့ ဂုဏ်သိက္ခာကြောင့် သမီးတွေကိုလည်း ရှင်နဲ့ပဲ ထားခဲ့မှာ ... အဲဒါကလည်း ရှင့်အတွက်မဟုတ်ဘူး၊ နောက်ထပ် အမျိုးသမီးကောင်းလေးတွေ ဖျက်ဆီးမခံရအောင်လို့ ..."

ကျော့် မျက်နှာကြီးနီရဲတင်းမာနေကာ ဆုပ်ကျစ်ထားလိုက်သည့် လက်သီးဆုပ်ကြီးမှာ သွေးကြောကြီးတွေ ထောင်ကားလျက် ...၊

"ရှင့်သမီးတွေ အပျိုဖြစ်လာကြပြီ၊ သူများသားသမီးတွေကို ပြစ်မှားစော်ကားချင်စိတ်တွေဝင်လာတိုင်း သားသမီးချင်းကိုယ်ချင်းစာစိတ်နဲ့ ရှင့်အကျင့်ဆိုးကိုပြင်ပါ ..."

"သီဂီ ... မင်း ... မင်း ခုရပ်နေစမ်း ..."

"ဂျိမ်း ..."

သီဂီ က ကားထဲကိုအေးဆေးဝင်ထိုင်ပြီး မောင်းထွက်သွား၏။ သူမမှာလည်း ပြည့်စုံကြွယ်ဝသည့်မိဘတွေနဲ့ အသိုင်းအဝိုင်းဂုဏ်ရှိသည်။

ဒီယောကျ်ားကို လက်ထပ်ပြီး 'ခါးပတ်ပုဆိုးမြွေစွယ်ကျိုး' လို ပေါင်းသင်းနေထိုင်လာခဲ့တာ အားကိုးမှဲ့နေလို့မဟုတ်ဘဲ အိမ်က ဖနီးမယားဆိုတာ လိုအပ်ရင်သုံးဖို့ မလိုရင် ချောင်ထိုးထားလို့ရတဲ့ အရုပ်တစ်ရုပ်မဟုတ်ဘူးဆိုတာ နားလည်စေချင်၏။

"သွားပြီကွာ ... တောက် ..."

ကျော် ကိုယ့်ခေါင်းကို လက်နှစ်ဖက်နဲ့ ပြန်ဖက်၍ ရူးသွပ်သွားသကဲ့သို့ ထိုးအော်သည်။ ဖော် ဒီတိုင်းရပ်ကြည့်နေရုံမှလွဲ၍ ဘာမှမပြောတတ်အောင် ဖြစ်နေခဲ့၏။

ထိုစဉ် ဖော့် လက်ထဲက ဖုန်းမြည်လာကာ ...၊

"ကျွတ် ..."



ဒီအချိန်မှာ ဘုံ့ ဆီကဖုန်းလာတာကိုတော့ စိတ်ပျက်မိလေသည်။ သို့သော် ...၊

"ဟလို ..."

"ကိုကြီးဖော် ..."

"အင်း ... ပြော ..."

"ကိုကြီးဖော် တို့ ဘာလုပ်နေကြတာလဲဟင် ... ဘုံ့ ကို ရွှေပုန်းညက် အိမ်ရာကိုလာခဲ့ဖို့ ခေါ်ထားပြီးတော့ ..."

"ဘာ ..."

ဖော် ဖုန်းပြောနေရင်း ကားပေါ်တက်ဖို့ပြင်နေသည့် ကျော့် လက်ကိုလည်း ဖြေးဆွဲထားရကာ ...၊

"မဟုတ်ဘူး အဲ့ဒါ ..."

ဘုံ့ ကို ပြန်ဖြေရင်း ကျော် က လှည့်ကြည့်တော့ ဖုန်းကိုလက်ညှိုး ထိုးပြ၍ ...၊

"ကျော် ... ဟုတ်လား ... တစ်ခုခုလွဲနေပြီ၊ ခဏ ... ဟင် ... ဟလို... ဘုံ ... ဘုံ့ ..."

"ဘာဖြစ်ရတာလဲ ..."

"ကျော့် ငါတို့ကိစ္စတွေ အကြီးကြီးရှုပ်ကုန်တော့မယ် ..."

"ဘာဖြစ်လို့လဲ ..."

"ရွှေပုန်းညက်အိမ်ရာက မနေ့ အိမ်ကို ဘုံ့ ကို လာဖို့ မင်းချိန်းလိုက်တာလား ..."

"မချိန်းပါဘူး ..."

"ဒါပေမယ့် မင်း ဘုံ့ ကို ပြောစရာရှိတယ်လို့မနေ့က ..."

"ကျွတ် ... အဲ့ဒါ သူ ခဏခဏဖုန်းဆက်နေတာကို အပြတ်ပြော လိုက်ချင်လို့၊ သူက နည်းနည်းအကြောတင်းတယ်၊ ဖုန်းနဲ့ပြော[illegible]အဆင် ပြေမှာမဟုတ်လို့ တစ်နေရာမှာတွေ့မယ်ပြောလိုက်တာ ..."

"မနေ့ အိမ်မှာ မင်း မချိန်းဘူးပေါ့ ..."



www.burmeseclassic.com

www.burmeseclassic.com



"လာပြန်ပြီ .."

"အေး .. အဲ့ဒါ .. အဲ့ဒါ .."

ဖုန်းကို ရှေ့တိုးပြရင်း အယောင်ယောင်အမှားမှားနှင့် ..။

"အခု မင်းကချိန်းထားတယ်ဆိုပြီး အဲဒီကိုသွားတာ သူ ရောက်နေပြီ .."

"ရောက် .. ရောက် .."

"ကျော် .."

"ဖယ်စမ်းပါကွာ .. ဒီမှာရှုးချင်နေရတဲ့ထဲ .."

"ငါလည်း မင်းနဲ့အတူတူပဲလေ၊ ငါတို့ မနေ့ အိမ်မှာသွားပြီး ပွဲတွေ မကြာခဏသွားလုပ်ကြတာကစပြီး ခု ပြဿနာတွေဖြစ်တော့ အဲဒါတွေကို အဲ့ဒီအိမ်မှာပဲ ဖြစ်ခဲ့တယ်ထင်နေတာ .."

"ဘယ်သူကလဲ .."

"ငါ့မိန်းမက .."

"မင့်မှာ ပါးစပ်မပါဘူးလား .."

"ဒါပေမယ့် ဒီကိစ္စကြီးကိုဝန်ခံပြီးသားဖြစ်သွားမှာပေါ့ကွ .. ပြီးတော့ မှုခင်းမှာဖြစ်ခဲ့တာတွေ တောက်လျှောက်အစပေါ်ပြီး .."

"တော်တော့ .. ကားပေါ်တက် .."

"ဘာလုပ်မလို့လဲ .."

မေးရင်း ဇော်က ကားပေါ်ရောက်နေပြီဖြစ်သည်။ ကျော်က သူ့ကားနဲ့ပဲ အိမ်ကနေအတူတူထွက်လာခဲ့ကြတာ ..၊

"ဒါ ဟိုကောင်မလက်ချက်ပဲ .. ငါတို့မိန်းမတွေနဲ့ ဘယ်လိုမှ ပြန်ဖေ့စပ်လို့မရတော့အောင် နောက်တစ်မှုထပ်ထည့်လိုက်တာ .."

"ဘာပဲဖြစ်ဖြစ် အဲဒီကိုမောင်းစမ်းပါကွာ .. ငါ့မိန်းမလည်း အဲဒီကို ရောက်နေနိုင်တယ်၊ ဟိုကိစ္စကြီးအပြင် နောက်တင်မှုထိုးရင်တော့ ငါတို့ သွားပြီ .."

အရေးထဲမှာ အရိပ် ဆိုတဲ့ မိန်းမယုတ်လေးအပြင် မယုတ်တဲ့မိန်းမ



တွေကပါ ယုတ်ဖို့လမ်းစရှာနေကြသည်။ ဇော့် မိန်းမကိုရော သီဂီ ကိုပါ မျက်လုံးထဲမှာမြင်ကာ တက်ခေါက်လိုက်မိ၏။

မသိရင်တော့ 'ဘုရားကိုသခင် လင်ကိုဘုရား'လို့ ချစ်ခင်စုံမက် လှချေရဲ့ဆိုတဲ့သွင်ပြင်ဟန်ပန်တွေနဲ့ ပေါင်းသင်းနေထိုင်လာခဲ့ကြတာ တောက်လျှောက်၊ ခုကျတော့ သူတို့ကိုယ်တိုင် လင်ကိုကြိုးကွင်းစွပ်ဖို့ ကြိုးစားနေကြသည်။

တတ်လည်း တတ်နိုင်တဲ့ မိန်းမတွေ ..။

မိန်းမတွေထဲမှာမှ အတတ်နိုင်ဆုံးက အရိပ်ပေဟာင်း ပဲဖြစ်လိမ့်မည်။ မြားတစ်စင်းနဲ့ ဘယ်နှစ်ကောင်တောင် ပစ်ချလိုက်သည်မသိ ..။

နောင် ဒီလိုတွေဖြစ်လာမယ်မှန်းသာသိခဲ့ပါလျှင် ဒီအယုတ်တမာမ မီးတကယ်လောင်ပြီး သေ,မသေ ငုတ်တုတ်ထိုင်ကြည့်နေခဲ့မိမှာပင် ..။ မသေလောက်ဘူးထင်တာနှင့် မသေမချင်းမီးထပ်ရှို့ဖို့လည်း ဘယ်သူ့ တိုက်တွန်းချက်မှပါဖို့မလို ..။

ဒါမှမဟုတ် ဇာတ်လမ်းတွေထဲကလို အတိတ်ကိုပြန်သွားလို့ရရင် လည်း ကောင်းသား ..။

ခုတော့ အရာအားလုံးသည် ..၊

www.burmeseclassic.com



အခန်း (၂၆)

"ခု .. ငါ့သမီးနဲ့ သား ဘယ်မှာလဲ .."

"တော်တော်ရင့်မှုလာတာလား .. ရှော့ .."

ခေါက်ခနဲ ချပေးတာက ဝီစကီတွေ ..၊

စားပွဲပေါ်မှာ ဝီစကီတစ်ဝက်နှင့် ပုလင်းရယ် .. အမြည်းအဖြ[illegible] ဟိုတယ်လ်စာနစ်ပွဲရယ် ..။

ပန်းကန်ထဲမှာ ဘာတွေလဲဆိုတာ သေချာမကြည့်မိဘဲ ဖန်ခွက်[illegible] လက်နဲ့ ရိုက်ချပစ်လိုက်ကာ ..၊

"ခွမ်း ..."

"ဘယ်မှာလဲ .. ငါ့သမီး ဘယ်မှာလဲ .."

"ရှင့်လေသံကိုပြင် .. ပြီးရင် အဲ့ဒီမှာထိုင် .."

"ဘာ ..."

"မထိုင်ချင်လည်းနေလေ .. ကျွန်မလည်း ဖုန်းစောင့်နေတာ[illegible] ရှင့်ကို ညှော်ထောက်ခံမနေနိုင်ဘူး .."

"အရိုင်ယောင်း .."

မနေ အရိုပ် ရှေ့ကို လွှားခနဲရောက်သွားသည်။ လည်ဝင်းညှစ်[illegible]



[illegible]လိုလိုလုပ်ပြီးမှ လက်ချောင်းတွေကို မချင့်မရဲဖိဆုပ်ချေပစ်၍ ..၊

"မင်း .. မင်း သိဝ်ဟန်ဆောင်မနေနဲ့ .. မင်း လူပါးမဝနဲ့ နားလည်လား .."

"ဖြစ်ရလေ နေနေ ရယ် .. လူပါးမဝတတ်လို့ သူများသတ်လို့လည်း သေခဲ့ရပြီးပြီ၊ ဒီအချိန်မှာ လူပါးဝတတ်နေဖို့ ဘယ်လောက်ထိပေးဆပ်သင်ယူခဲ့ရသလဲ စဉ်းစားလည်းကြည့်ပါဦး .."

"စဉ်းစားကြည့်စရာမလိုဘူး၊ နင် တော်တာတတ်တာတွေပြည့်ဝနေတယ်ဆိုလည်း မြေခွေးဝလွှင်ပေါ်တက်ထိုင်နေသလိုပဲ .."

"တက်ထိုင်နေတာဆိုလည်း ထိုင်ခွင့်ရှိလို့ ထိုင်တာပဲလေ၊ ဘုရင်ကို သတ်နိုင်ရင် မင်းဖြစ်တယ်၊ အခု ငါက မင်းမဖြစ်သေးဘူး .."

အရိုပ် မျက်လုံးတွေက တံလျှပ်တွေလို တလက်လက်တောက်နေခဲ့သည်။

"ဒါပေမယ့် .."

ဆက်ပြောပြီး မပြောဘဲနေကာ နံရံက နာရီဆီ ဖျတ်ခနဲမျက်လုံးရောက်သွားသည်။ ပြီးမှ ..၊

"ငါက မင်းဖြစ်ချင်တဲ့သူမဟုတ်တော့ သတ်ဖြတ်မှာမဟုတ်ဘူး.."

"အရိုပ်ယောင်း .. မင်း ဘာဖြစ်ချင်တာလဲ၊ ငါ့ကိုတစ်ခုခုပြောစမ်း[illegible] ပြော .. ငါ့ဆီက ဘာလိုချင်တာလဲ .. အခု ငါ ဘာပေးရမလဲ .. ငါ့[illegible]သမီးတွေနဲ့ ငါ့မိသားစုကိုဒုက္ခမပေးဖို့ ငါ ဘာလုပ်ပေးရင် ကျေနပ်[illegible] ..

မနေ အရူးလိုအော်နေသည်ကို အရိုပ် က အေးဆေးကြည့်နေခဲ့၏။ [illegible] ဖုန်းသံမြည်လာလျှင် အရိုပ် ရဲ့ ဖုန်းဆီကို မျက်လုံးတွေပြိုင်တူ[illegible]သွားခဲ့ကြကာ ..၊

"ဟလို ..."

အရိုပ် ဖုန်းကိုင်လိုက်တာနှင့် မနေ ကလည်း အနားရောက်လာပြီး [illegible]

www.burmeseclassic.com

www.burmeseclassic.com



ကလနားတွေ ခနရဲ့ ဟန်ပန်အမူအရာမှာ ဘာဆိုဘာမှရှိမနေတော့ဘဲ..။

"ဘယ်သူလဲ .. ဘယ်က .."

"မမချစ်တေး .."

အရိပ် က ဖုန်းကို စပီကာဖွင့်ပစ်လိုက်သဖြင့် ...၊

"မရော .. မမ ကောင်မလေးက အရမ်းငယ်လွန်းတယ်ဗျာ .."

"မဟုတ်ဘူး မမချစ် .. မမလေးတို့လက်ဆောင်ကအရမ်းကောင်းတယ်၊ သူ မပြည်းရသေးဘဲလျှောက်ပြောနေတာ၊ ကျွန်တော်ပြောတာယုံဟာ .."

"ဝုန်း .."

"အား ..."

ထိုစဉ် ဆူညံသံတစ်ချို့နှင့်အတူ မိန်းမငယ်လေး တစ်ယောက်ရဲ့ အော်သံတစ်သံစူးစူးဝါးဝါးထွက်ပေါ်လာလျှင် ...၊

"တိရစ္ဆာန်မ ..."

ဖုန်းကို အားဖြင့်ဆွဲချက်ချပစ်လိုက်ပြီး အရိပ် ကို ခန စုန်အုပ်သည်။

"ရှင် .. ဘာလုပ်တာလဲ .. လွှတ် .."

အရိပ် မွေ့ရာဆီနောက်ဆုတ်ယိုင်သွားကာ ဘယ်လိုမှ ရုန်းလို့မရတော့ဘဲ ခန နဲ့ အတူ လဲကျသွားခဲ့၏။ အရိပ် မျက်ဝန်းတွေက နာရီဆီ ထပ်ရောက်သွားခဲ့ပြီး နှုတ်ခမ်းမှာ မဲ့ပြုံးတစ်ချက်ဖြစ်သွား၏။

"ဘာလဲ .. ဒေါသတွေပြပြီး နောက်ထပ် အသားယူဖို့ကြိုးစားတာလား .."

"မင်းကို တစ်ခါတည်းသတ်ပစ်မှာ .. ငါ့သမီးဘယ်မှာလဲ ငါ့ကလေးတွေ ဘယ်မှာလဲ၊ ငါ တစ်ကနေ သုံးထိရေမယ် .."

"တစ်ရာထိရေလည်း ရှင်သိရမှာမဟုတ်ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ရှင့်သမီးကို သူတို့က လွှတ်မြောက်ခွင့်ပေးမှာမဟုတ်လို့ .."

"အယုတ်တမာမ .."

"ဟုတ်တယ် .. နင့်ကို မီဖို့ကြိုးစားနေရတာလေ၊ ဒါကြောင့် သူတို့



လည်း သုံးယောက်စလုံး မအောင်မြင်ဘဲ လွှတ်ပေးမှာမဟုတ်ဘူး .."

"တောက် ..."

အရိပ် ကိုယ်ပေါ်မှာ ခွစီးမိုးထားရင်း ဒေါသမထိန်းနိုင်ဖြစ်လာကာ လည်ပင်းညှစ်ပစ်ဖို့လက်တင်လိုက်လျှင် အရိပ် က ကိုယ့်လည်ပင်းကိုယ် ပြန်ကိုင်ပြီး ကာကွယ်ထားလိုက်၏။ ပြီးတော့ ...၊

"နင် ငါ့ကိုသတ်လိုက်တာနဲ့ နင့်သမီးကိုရော နင့်သားတို့ရော အလောင်းတောင်ပြန်ရမှာမဟုတ်ဘူး၊ အဲဒါနားလည်လား .."

ခန ငိုင်ကျသွားသည်။ လက်တို့က လည်ပင်းပေါ်မှာတင်လျက်နှင့် ပြေလျော့သွားခဲ့ပြီး ...၊

"အရိပ်ယောင်း .. အရိပ်ယောင်း .."

ခေါ်သံသည် ဒေါသမာနတို့နှင့်မဟုတ်တော့ဘဲ တုန်လှိုက်ပြတ်တောက်နေခဲ့၏။ ထို့ပြင် မျက်ရည်စက်တို့ကျလာခဲ့ပြီး ...၊

"ငါ တောင်းပန်ပါတယ် .. ငါ့ကိုကြိုက်သလိုတုံ့ပြန်ပါ၊ ငါ့သမီးလေးက အရမ်းငယ်ပါတယ် .. သူ့ကို .."

"ဒါတော့မရဘူး .. အခု ကျွန်မစောင့်နေတာ သူတို့ကျေနပ်ပြီး လာပြန်အပ်မယ့်အချိန်ကို .."

ခန မျက်လုံးကြီးပြူးထွက်လာ၏။

"သူတို့ကိုအသက်ရှင်လျက် ပြန်ရဖို့ပဲ မျှော်လင့်စမ်းပါ၊ ဒါတောင်မီးရှို့ပစ်လိုက်ဖို့ထိ ကျွန်မ မယုတ်မာနိုင်ဘူးဖြစ်နေလို့၊ မျက်နှာတို ငရဲမီးနဲ့ ပက်လိုက်ဖို့တော့ ကောင်လေးတစ်ယောက်ကိုမှာထားတယ်၊ အဖြစ်တင်မစောနဲ့နော် .. နင့်လောက် ငါ မယုတ်မာသေးဘူး .."

"နင် ..."

ကြမ်းတမ်းသည့်စကားလုံးတွေနှင့် ပါးစပ်ပြင်လိုက်သော်လည်း ..

"ဒေါက် .. ဒေါက် .."

တံခါးခေါက်သံထွက်လာသဖြင့် ခန ဆတ်ခနဲဖြစ်သွားလျှင် အရိပ် က သူ့အင်္ကျီရင်ဘတ်စကို လက်နှစ်ဖက်နဲ့ဆုပ်ဆွဲထားလိုက်ပြီး ...၊

www.burmeseclassic.com



"ဟိုတဏှာရှူးနှစ်ကောင်ကို ပုံစံတစ်မျိုးနဲ့ ပညာပေးထားတယ်၊ နှင့်ကိုတော့ အထူးအစီအစဉ်နဲ့ ..."

"ကိုကြီး .. ကိုကြီး .."

ဟင်!...

ခနေ မျက်လုံးပြူးသွားသည်။ ထို့ပြင်လိုက်တော့ အရိပ် က ရင်ဘတ်ခ ကို မလွှတ် ...။

ထိုအချိန်မှာပဲ တံခါးက ဝုန်းခနဲပွင့်ထွက်သွားကာ ...၊

"ဟာ!..."

"ညို ..."

ခနေ ခုတင်ပေါ်က လူးလဲဆင်းလိုက်၏။

"ညို .. ကိုကြီး ရှင်းပြမယ် .."

ရှင်းပြမယ်ဆိုတာကို ရှင်းမပြနဲ့တော့လို့ အရောင် က မတားဆီး နိုင်ပေ။ ဒါပေမယ့် သူ ဘာမှပြောလို့မထွက်ဘဲဖြစ်နေသဖြင့် အခြေအနေ က အရောင့် မျက်လုံးတွေကို တဖြည်းဖြည်းအစိမ်းရောင်သမ်းစေခဲ့လျက်...၊

"ကိုကြီးတို့ ဘာမှမပြောနိုင်တော့ဘူးလား .."

"မဟုတ်ဘူးခေါင်လေး .. အဲဒါ အရိပ် နဲ့ မဆိုင်ဘူး၊ မလက် သိတယ် .."

လက် က အရောင့် ကို တိုက်ဖယ်၍ ရှေ့ကရပ်လိုက်၏။ ခုတင် ပေါ်မှာ အရိပ်သည် မျက်ရည်တွေဝေ့သီနေလျက် အားလုံး၏အကြည့် ကြောင့် မျက်နှာလွှဲဝစ်ရင်း အပြင်ထွက်ပြေးဖို့ကြိုးစား၏။

"အရိပ် ..."

အရောင် က အရိပ် ရဲ့ လက်လေးကိုဖမ်းဆွဲထားလိုက်ကာ ...

"မလက် ကျွန်တော့်ကိုပြောပြပါ၊ ဒါတွေ ဘယ်လိုဖြစ်တာလဲ .. ခရီးရောက်မဆိုက် ကျွန်တော် မြင်လိုက်ရတာဘာတွေလဲ .."

"ဟုတ်တယ် .. အိမ်ထောင်ရှင်မတစ်ယောက်အနေနဲ့ ဒီလိုလုပ်တာ မှားတယ် .. ဒါပေမယ့် ဒါကို မင်းမမြင်ခဲ့ရင် မလက် က ဆိုးလိုက်တာ



လို့ တစ်သက်လုံးမြင်သွားတော့မှာ၊ ငါနဲ့ ငါ့ကလေးတွေကြား အမုန်းပွား အောင် သူ ဘယ်လိုသွေးထိုးမလဲဆိုတာလည်း မသိနိုင်ဘူး၊ ဒါကြောင့် မင်းရောက်လာတာနဲ့ ဒီကိုပဲတန်းခေါ်လာခဲ့တာ .."

အိမ်ကို ကလေးတွေပြန်လာသည်။ အရိပ် က သွားကြိုပြီး ပြန်ပါ မလာတော့ ...၊

"သမီးတို့ တီလေးရော .."

"တီ .. တီလေးကို ဖုန်းဆက်လို့ .."

"ဟုတ်လား .. ဖုန်းဆက်ခေါ်တာလား .."

ဘယ်သူပါလိမ့်လို့ ကိုယ့်ဘာသာရှေ့ရှုတ်လိုက်မိပေမယ့် သားငယ် က ကြားကာ ...၊

"ဘဘဖြိုး ကို မေးနေတာ သား ကြားတယ် မာမီ၊ ရွှေပုန်းညက် အိမ်ရာက ကိုကြီးပိုင်တဲ့အိမ်တဲ့၊ ပြီးတော့ ဘဘဖြိုး တောင် ဘာမှမပြော ရသေးဘူး .. ဒက်ဒီ ကုမ္ပဏီက ကားရောက်လာပြီး တီတီ့ကိုခေါ်သွား တာ .."

သားနဲ့ သမီး ပြန်ပြောတဲ့ကိစ္စတွေထိ လက် က ပြန်မပြောခဲ့ပေ။ ဒါတွေကို ပြန်တွေးမိပြီး အိပ်ခန်းနဲ့ ခနေ ကို ရှုံ့ရှာသည့် မျက်လုံးတွေနဲ့ ကြည့်၏။

"ရှင် အဲဒါတွေကို ဝါသနာကြီးခဲ့မှန်း ကျွန်မသိတယ် .. ဒါပေမယ့်"

"မင်း ဘာတွေပြောနေတာလဲ လက် .. ဒါ .. ဒါ ငါ့ကိုသက်သက်ခဲ့ လုပ်ကြံတာကွ .."

"ဟုတ်လား .. ဘယ်သူလဲ အရိပ် ကလား .. ရှင့်ခယ်မကြီး နေတဲ့ မိန်းကလေးလား .. ပြောပါဦး ဘယ်လိုအကြံတွေနဲ့လဲ .."

လက် က တစ်ခုချင်းမေးသည်။ မျက်ဝန်းတို့သည် နာကျည်းအေး စက်နေခဲ့လျက် ...၊

"ရှင့်ကိုကြံစည်ဖို့ ရှင်ပိုင်တဲ့တိုက်မှာပေါ့ .. ဟယ်ရော့ရော့ပဲ .."

"မဟုတ်ဘူး .. အဲဒါက စမှားတာ .. ငါ

www.burmeseclassic.com

www.burmeseclassic.com



အရိပ် ဘယ်လိုတွေလက်တံရှည်ပြီး ဘယ်လိုအကွက်ရွှေ့သွားသလဲ ဆိုတာ သူ မသိခဲ့ပေ။ ကလေးတွေရှေ့မှာ သူက ဖုန်းဆက်သလို သူ ကိုယ်တိုင်ခေါ်နိုင်းလိုက်တာလို ...။

ပြီးတော့ သူ ဘယ်လိုမှ ရှင်းမရအောင် သုံးလိုက်တာ သူပိုင်တဲ့ တိုက်ကြီးမှာ ...။

ကြည့်လိုက်တော့ လက် နဲ့ အရောင် မျက်လုံးတွေ သူ့ဆီမှာ စုပြုံနေသဖြင့် သူမရဲ့ မျက်ခုံးပင့်ဝင့် ခနဲ့ပြုံးက မယုံနိုင်စရာ ...။

"တောက် ..."

သူ့ကိုမော့လို့တောင်မကြည့်ခဲ့ဖူးသည့် ညီဖြစ်သူ၏ တက်ခေါက်သံက သူ့စကားတွေကို ရှေ့ဆက်ခွင့်မပေးခဲ့ဘဲ ...။

"ကိုကြီး ကျွန်တော်တို့ကို ခါးခါးသီးသီးဆီးနေခဲ့တာ ဒါကြောင့်လား ..."

ခနေ့ ခေါင်းခါလက်ကာနေလျက် ဘာပြောရမှန်းမသိ ...။

"ကျွန်တော့်ကို စင်ကာပူစွတ်လွှတ်တာ လက်စသတ်တော့ ..."

"မဟုတ်ဘူး ညီ .. ကိုကြီးမှာ ..."

"ဒီလိုမှမလုပ်ရင် ကျွန်တော်က ဖွတ်လက်ထပ်တော့မှာကို ..."

"ခဏလေးနေပါဦး .. ကိုကြီး အဲဒါကိုရှင်းပြနိုင်ပါတယ် .. ဒါပေမယ့် .. ခု .."

"ဘာကိုရှင်းမှာလဲ ကိုကြီး .. ကျွန်တော့်ကို မလက် အားလုံးပြောပြပြီးပြီ၊ ကျွန်တော် ကိုကြီးကိုမထင်ခဲ့ဘူး ..."

"မဟုတ်ရပါဘူး လက် ရယ် .. အဲ့ဒီကိစ္စက ရှင်းရခက်အောင် ရှုပ်နေတာပါ၊ အခု မင်းနဲ့ ညီ ကိုယ့်ကိုယုံမှဖြစ်မယ်၊ မယုံဘူးဆိုရင်တော့ ကိုယ်တို့မိသားစုပြိုကွဲပြီး .. ဒီမိန်းမရဲ့ .."

"ကိုကြီး တော်တော့ဗျာ .."

ဒီလောက်မြင်နေသိနေပြီးတာတောင် မဟုတ်ဘူးလုပ်နေသည့်မို့ အထင်မြင်သေးသည့်စိတ်က ရှိသေလေးစားသမှုအားလုံးကို ဖျက်စီးပစ်



ခဲ့လျက် ...။

"ဒုန်း ..."

ခနေ့ ရင်ဘတ်ကို ဆောင့်တွန်းပစ်လိုက်မိကာ ...၊

"ကိုယ့်ညီရဲ့ ချစ်သူကိုတောင် ကိုကြီး ကြံစည်ရက်တယ်၊ ကိုကြီးကို ယုံကြည်လေးစားခဲ့တာတွေအားလုံး ခု ဘာမှမရှိတော့ဘူး၊ ပြောတော့ တစ်မျိုးလုပ်တော့တစ်ခြား၊ ကိုကြီးက အလကားလူကြီး .. ခင်ဗျားကို သိပ်မုန်းတယ် ..."

တအားအော်ပြီး ချာခနဲလှည့်ထွက်သွား၏။ ခနေ့ ရဲ့ အကြည့်တွေ လက် ဆီ ရောက်သွားခဲ့လျက် ...၊

"ကိုယ် ရှင်းပြပါရစေ၊ မင်းကတော့ နားထောင်ပေးပါ လက် ရယ်၊ ကိုယ့်သမီးနဲ့ သားကို သူခေါ်သွားတာ .."

လက် မျက်မှောင်ကုတ်သွားပြီး ခနေ့ ကတော့ စိတ်ချုံးချုံးကျနေသော မျက်နှာနှင့် မျက်ဝန်းတို့မှာ မျက်ရည်ရောင်လဲ့နေရင်း ...၊

"ကိုယ် .. ကိုယ့်သမီးလေးကို စိုးရိမ်လို့ .."

"ရှင် ဘာတွေပြောနေတာလဲ .. သမီးနဲ့ သားတို့က ကျောင်းဆင်းချိန် အိမ်ပြန်ရောက်ကြတာပဲ ..."

ဟင်!...၊

ဒါဆို ...

သူ အလိမ်ခံလိုက်ရပြီမှန်းသိလိုက်သည်။ သမီးလေး ဘာမှမဖြစ်ဘူးဆိုတာ သိလိုက်ရသဖြင့် ဝမ်းသာခဲ့ခြင်းက ရှုပ်ထွေးနေသောအခြေအနေတွေကြားမှာ ခဏနှင့် ပျောက်ကွယ်ခဲ့ရလျက် ...၊

"ရှင့်စကားတွေ တောင်စဉ်ရေမရဖြစ်နေပြီ ကိုနေမနေ ..."

"မဟုတ်ဘူး ..."

အရောင် ဆောင့်တွန်းလိုက်သဖြင့် ကြယ်သီးပြုတ်သွားသည့် ရှပ်အင်္ကျီရင်ဘတ်ကိုကိုင်ရင်း လက် ကို ရှင်းပြဖို့ဝမ်းစားနေမိကာ ...၊

"သူ ကိုယ့်ကို ကလဲ့စားချေချင်နေတာ သမီးလေးကို ခုမှပေးပြီး

www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ကို ..."

"ရှင့်ကားနဲ့ သူ့ကိုလာခေါ်သွားတာ သမီးနဲ့ သား မြင်တယ်၊ ရှင် သူ့ကိုနေ့စဉ်တပ်မက်တဲ့အကြည့်တွေနဲ့ မချင့်မရဲ မျှိုသိပ်ပြီးလိုက်ကြည့် နေတာတွေလည်း ကျွန်မ မြင်တာပဲ၊ ဒါတွေတင်မကသေးဘူး .. သူ့ရဲ့ အနီးအနားမှာပဲ ရှင် အမြဲရှိနေတတ်တာတွေရော .."

အားလုံးလွဲကုန်ပြီမှန်းသိလိုက်တဲ့အချိန်မှာ ခနု မှိုင်ကျသွားခဲ့သည်။ ဒါတွေဟာ အရိပ်ယောင်း ရဲ့ စနစ်တကျစီစဉ်ထားခဲ့ခြင်းတွေဆိုတာ သူ သိခဲ့သော်လည်း တခြားသူသိဖို့ သူ့ဘက်က ပြောခွင့်မသာတော့တာ လည်း သေချာနေခဲ့လျက် ...၊

"ငါ မညာဘူး .. ငါ ဘယ်တုန်းကမှ မညာခဲ့ဘူး .."

ခံပြင်းခြင်း ရှက်ရွံ့သိမ်ငယ်ခြင်းများနှင့် အဆီအငေါ်မတည့်သော စကားတွေပြောနေမိ၏။

"ငါ ခံလိုက်ရတာ ငါ ကောင်းကောင်းကြီးခံလိုက်ရတာ ဘယ်သူမှ မသိဘူး .. တောက် .."

သူ တက်ခေါက်ရင်း လက်သီးဆုပ်ကြီးနဲ့ တံခါးရွက်ကို ဒုန်းခနဲ ထိုးချလိုက်မိသည်။ လက် ကိုယ်လေး မသိမသာနောက်တွန့်သွားသည်။

"အလကား ကောင်မ .. မိန်းမရှုပ်မ .. မင်း ငါ့ကို ဒီလိုဖြစ်အောင် လှလှပပကြီးအကွက်ရွှေ့သွားတာ .."

သူ့စကားတွေကို ကြားနေရသည့် လက် ရဲ့ မျက်နှာမှာ အထင်မြင် သေခြင်း၊ အံ့ဩခြင်းတွေသာဖြစ်နေခဲ့ပြီး နောက်ကိုထပ်ဆုတ်သည်။ အရိပ် က ဒီလိုကြံစည်ချင်ရအောင် ဘယ်လိုရန်ငြိုးတွေရှိခဲ့လို့လဲ ...။

သူ ပြောသမျှ သူ အော်ငေါက်သမျှ မျက်နှာလေးငုံ့၍ အသံတိတ် မျက်ရည်ကျရှာသည့် အရိပ် မျက်နှာလေးကိုမြင်ယောင်ကာ ယောကျ်ား မတန်မဲ့ မဟုတ်တမ်းတရားတွေ ပြောနိုင်လွန်းသည့် ခနု ကိုသာ ရွံရှာ လာမိ၏။

သူမ အထင်ကြီးကိုးကွယ်ခဲ့မိတာ ဒီလိုယောကျ်ားမျိုးလား ...။



သူမ တံခါးအပြင်ကို ကျော်လွန်လာသည်နှင့် နေရာမှ လှည့်ထွက် ခဲ့မိသည်။

"အရိပ်ယောင်း .. စုန်းမ .. ကဝေမ နင် သိပ်တော်တယ် ကောင်မ"

အခန်းထဲမှာ ကျန်ခဲ့သည့် ခနု ရဲ့ ရှန့်ရင်းကြမ်းတမ်းသော ဆဲရေး သံတွေက သူမ ကျောနောက်ကနေ ခုန်ပေါက်လိုက်လာကြ၏။ ထို့ကြောင့် လက် ခြေလှမ်းကို ပို၍မြန်အောင် လျှောက်လိုက်မိ၏။

သို့သော် လှေကားပေါ်ကို တဒုန်းဒုန်းပြေးတက်လာကြသည့် ခြေသံ များနှင့်အတူ လူတွေကို မြင်လိုက်ရသော် ...၊

"မလက် ..."

"လက် ..."

ကျော် နဲ့ ဖော် တစ်သံစီထွက်လာကြပြီး အခြေအနေကိုသုံးသပ်မိ ကြရင်း ...၊

"ခနု အပေါ်မှာရှိ ..."

သူတို့မေးခွန်းမဆုံးခင် လက် က ကွေ့ရှောင်ဆင်းသွား၏။ မောနေသည့် ဖော့် ရင်ဘတ်ကြီးက မို့မောက်သွားလိုက် နိမ့်ဝင်သွားလိုက်နှင့် ကျော့် ကို လှည့်ကြည့်သည်။

ကျော် က မျက်နှာပျက်နေပေမယ့် မောလည်းမောနေသည့်တိုင် ဖော့် လို ပုံပန်းမပျက်အောင်တော့ ထိန်းချုပ်နေနိုင်သေးတာ ...။

"ငါတို့လိုဖြစ်ပြီ ..."

လို့ နှုတ်ခမ်းလှုပ်ရုံပြောသည်။

"ဟုတ်ပါပြီ .. ဒါပေမယ့် .. ဒါပေမယ့် ငါတို့ကို ဘုံ ကံ ခေါ်တာ လေ၊ ဒီမှာ သူတို့ဘာလို့ရှိနေကြတာလဲ .."

အောက်မှာ ကားတွေတွေ့သည်။ အရောင့် ကား ထွက်သွားတာလည်း မြင်လိုက်သေးသည်။ မီးခိုးရောင်ကုတ်အင်္ကျီနှင့် စပို့ရှပ်အဖြူအနက်ကျား နဲ့ ပုံအရ ခုမှ လေဆိပ်ကဆင်းလာတာလည်းဖြစ်နိုင်၏။

ဒီမှာလည်း လက် က မျက်ရည်စတွေနဲ့ ...၊

www.burmeseclassic.com

www.burmeseclassic.com



"ငါတို့ ဘာလုပ်မလဲ ..."

"အပေါ်မှာ ခနှ ရှိမှာပဲ ..."

ကျော် က ဆက်တက်သွားလျှင် ဇော် က နောက်ကလိုက်သွားရင်း—

"အဲဒါ ခနှ ငါတို့ကိုအကုန်မပြောတာတွေကြောင့်ဖြစ်ရတာ ..."

"မင်းကလည်းတစ်မျိုး ..."

"ဦးကျော် ..."

အသံကို နားယဉ်နေပေမယ့် ခေါ်လိုက်ပုံကြောင့် လှေကားထိပ်ရောက်မှ ပြန်ငုံ့ကြည့်မိ၏။ လှေကားခြေရင်းမှာ ဘုံ ...။

ကိုယ်ကျပ်ဝတ်စုံအနက်ရောင်က ကိုယ်မှာကပ်ကျပ်နေကာ ပခုံးစွန်းထိ ဘေးကျယ်လည်ဟိုက်အကျီက တင်းပြည့်သော ရင်ဘတ်အလှကို ဖွင့်ချပြထားသလိုဝင် ...။

သူမရဲ့ အလှအပတွေကို မျက်နှာမလွှဲနိုင်အောင်ဆွဲလမ်းမက်မောခဲ့ဖူးကြပေမယ့် ခုချိန်မှာ ပြိုကွဲခဲ့ရသည့်အိမ်ထောင်ရေးအတွက် သောကမီးတောက်က ကြီးမားနေသည်ဖြစ်ရာ ...၊

"နေစမ်းပါဦး ... မင်းက ငါတို့ကို ဒီနေရာဘာကိစ္စခေါ်တာလဲ..."

ကျော် မေးလိုက်ပုံက ရန်စွယ်နဲ့ ဝေါဝေါ ...။

"ဘုံ က ဦးကျော် ကိုပဲ ခေါ်တာပါ ..."

ကိုကိုကျော် ကနေ ဦးကျော် ဖြစ်သွားခြင်းကို သတိရလိုက်သေးပေမယ့် မကျေနပ်မှုက ပိုကြီးနေသဖြင့် ...၊

"တောက် ... ဟုတ်ပြီပြော ... ဒီမှာဘာကိစ္စလဲ ..."

"အဲဒါ ဘုံ က မေးရမှာ ... ဦးကျော် က ချိန်းလို့ ဘုံ လာခဲ့တာလေ ..."

"မင်းကို ငါ မချိန်းဘူး ..."

ဘုံ က အပေါ်ထိရောက်လာပြီဖြစ်ကာ ဇော် နဲ့ သူ့ကိုကြည့်၍ နားမလည်နိုင်ဖြစ်နေလျက် ...၊

"ဘုံ့ ကို ဦးဇော်ရော ဦးကျော်ရော ..."



"ဟော ... တိတ်စမ်း ..."

"ကျော့် ..."

ကျော် က စိတ်တိုနေသဖြင့် ပါးစပ်နှင့်သာမကဘဲ လက်ပါတော့မလိုဖြစ်နေ၏။ ခုချိန်မှာသာ ဘုံ့ ကို တွန်းလိုက်ထိုးလိုက်လုပ်မိလိုက်လျှင် လှေကားပေါ်ကနေ ရှမ်းပြန်ကျသွားနိုင်၏။

ဇော် က ကျော့် ကို လှေကားနဲ့ဝေးရာခေါ်သွားပြီး ...၊

"မင်းကလည်း စိတ်ထိန်းဦး ..."

"ဘုံ့မှာ ဘာအပြစ်ရှိလို့ ဒေါသတွေဒီလောက်ထွက်နေကြတာလဲ..."

"ဘာ!..."

ကျော့် အသံက ကျယ်ကျယ်လောင်လောင်ကြီးဖြစ်သွားကာ ပွင့်နေသည့်အခန်းထဲက နေနေ ထွက်လာ၏။ မျက်ဝန်းတို့သည် လှုပ်ရှားမှုကင်းမဲ့နေလျက် ခြေလှမ်းတွေက အိပ်မက်မက်ပြီး လမ်းထလျှောက်နေသလိုမျိုး ...။

"မင်းတို့ ဘာဖြစ်နေကြတာလဲ ..."

"ဒီမှာလေ ..."

ကျော် သေချာတောင်မပြောပြနိုင်ဘဲ ဘုံ့ ကို ဖြစ်ရသည့်ဒေါသကြောင့် တက်ခေါက်မိပြန်သည်။ ဘုံ နဲ့ အရိပ်မဟောင်း တစ်ချိတ်တည်း တစ်ဉာဏ်တည်းလို့ သေချာပေါက်တွက်ထားမိပြီးဖြစ်ကာ ...၊

"နင့်ကို ငါတို့မချိန်းဘူး ... ဘယ်သူချိန်းတာလဲဆိုတာ မင်းသိတယ်၊ မင်းနဲ့ ပူးပေါင်းနေတဲ့လူရှိတယ်၊ ဘယ်သူလဲပြောစမ်း ..."

"ဟင့်အင်း ..."

"ဘာပြောတယ် ..."

"ကျော့် ... မင်း ဘာဖြစ်နေတာလဲ ..."

"လူသတ်ချင်နေတာ ... ငါတကယ် သတ်ပစ်မိမှာ [illegible]စမ်း ..."

ခနှ က လူသေကောင်လိုကြည့်နေခဲ့လျက် ဇော် [illegible] အသည်းအသန်တားဆီးနေ၏။ ဘုံ က ခေါင်းတွင်တွင်ခါလျက် ...၊

www.burmeseclassic.com



"ဘုံ တကယ်ဘာမှမသိဘူး။ ဦးတို့ရဲ့ မက်ဆွေချ်တွေ့လို့လာတာ.."

"မင်း ငါတို့သုံးယောက်စလုံးကို အလွတ်မပေးခဲ့တိုင်း ငါတို့က မင်းကို တစ်နေရာတည်းမှာ .. ကျွတ် .. အဲမိပ္ပာယ်မရှိတာတွေနဲ့ လာ အကြောင်းပြနေတယ် .."

"ဟုတ်တယ် .. အဲဒါကိုက ဟိုစုန်းမနဲ့တူနေတာ .."

ခနဲ ထံမှ စကားသံထွက်လာတော့ ဇော် မျက်လုံးပြူးသွားသည်။ ဟိုတစ်ချိန်တုန်းက တဏှာကျွံမိလို့ မှားခဲ့ကြပြီးပြီ ..။ ခုထပ်ပြီး ဒေါသ ကြောင့် လူသတ်မိဦးမည်ဆိုလျှင် ..၊

"နေကြပါဦး .. သူလည်း ဘာမှမသိဘူးဆိုမှတော့ .. ငါတို့အေး ဆေး .."

"ဘာအေးဆေးတာလဲ .. မင်း ကြောင်တိကြောင်တောင်လာမလုပ် နဲ့ ဇော် .. ဒီကောင်မလေးကို မင်း အပြစ်မထင်ရက်ဖြစ်နေရင် .."

"ငါ့ကို အဲလိုမပြောပါနဲ့ .. အပြစ်မတင်ရက်တာမဟုတ်ပါဘူး၊ တကယ်အပြစ်ရှိ၊မရှိ သေချာစေချင်တာပါ .."

"မလိုဘူး .. အရိပ်ယောင်း နဲ့ ဒီဟာမလေး လုံးဝပတ်သက်မှုရှိ တယ်၊ အဲဒါသေချာတယ် .."

"ဖြောင်း .. ဖြောင်း .. ဖြောင်း .."

ခပ်ခြောက်ခြောက် လက်ခုပ်သံလေးထွက်ပေါ်လာလျှင် သူတို့ရဲ့ ငြင်းခုံမှုတွေ ပျောက်ကွယ်ကုန်ကာ အသံလာရာဆီ လှည့်ကြည့်မိကြ၏။

ဟင်!...

မင်း!...

အရိပ်ယောင်း ...

သုံးယောက်၏ နှုတ်မှ ခပ်လှုပ်လှုပ်ရေရွတ်သံတွေ တိုး[illegible]ဖွာထွက် လာခဲ့ပြီး ..၊

"စုန်းမ .."

ခနဲ မျက်နှာကြီးနီရဲကာ အရိပ် ဆီ အတင်းပြေးဝင်၏။ သို့သော်



အရိပ် ရှေ့ကနေ ယောကျ်ားနှစ်ယောက်က ဖြတ်ကာတားလိုက်ပြီး ..၊

"ခွပ် ..."

အင်တိုက်အားတိုက်ပြေးဝင်လိုက်သည့် ခနဲ မျက်နှာပတ်ခနဲမော့ လန်သွားကာ လူဝါဒယိမ်းဒယိုင်နောက်ဆုတ်သွား၏။ ဂျာကင်အနက် ရောင် ကိုယ်စီနှင့် ခပ်ထွားထွားလူနှစ်ယောက်သည် အရိပ် ကို မထိရဲ အောင် အသံတိတ်တားဆီးပြီး အသံတိတ်ပြန်ဆုတ်သွား၏။

ခနဲ နောက်ထပ်မဝင်ရဲတော့ဘဲ ကျော် နဲ့ ဇော် တို့ ဒီတိုင်းစိုက် ကြည့်နေကြတုန်း ..၊

"ခန့်မှန်းတာ အရမ်းတော်တယ်၊ ဒါပေမယ့် နောက်ကျသွားပြီ" ပြောပြီးအားလုံးနဲ့ နီးအောင် ရဲဝင့်စွာ လျှောက်ထွက်လာ၏။ ပြီးမှ...

"ဒီနေ့ ရှင်တို့နဲ့ ကျွန်မ လက်ကျန်စာရင်းရှင်းဖို့တစ်ခုပဲကျန်တော့ တယ် .."

သူမ မျက်လုံးက ဘုံ ဆီ ရောက်သွားသည်။ ဘုံ က မျက်လွှာချပစ် လိုက်သဖြင့် သူမဟာ အရိပ် ရဲ့ ကြိုးဆွဲရုပ်လေးတစ်ရုပ်ဖြစ်မှန်း သေချာ သွားခဲ့၏။

ဒါပေမယ့် ခုချိန်မှာတော့ ဘာမှမထူးတော့ပါ။ သူတို့တွေ ဒီတိုင်း ပဲ ကြည့်နေမိကြကာ ..၊

"လက်ကျန်စာရင်းဆိုတာ ဘာလဲ .. ငါတို့မှာ ဘာမှမရှိတော့ဘူး၊ မင်း ဘာထပ်လိုချင်သေးတာလဲ .."

ကျော် က အံကြိတ်သံနှင့်ဆို၏။ အရိပ် က နှုတ်ခမ်းမဲ့လိုက်ပြီး—

"ဘာလို့ ဘာမှမရှိရမှာလဲ .. ရှင်တို့ဘဝတွေ ဘာမှမဖြစ်သေးဘူး၊ ရှင်တို့ကြောင့် ကျွန်မရဲ့ဘဝ ကျွန်မအသက် သေခဲ့ရတယ်၊ အခု ကျွန်မထ ဘူများကယ်တင်ခဲ့တဲ့ဘဝနဲ့ ရပ်တည်နေရတာ ဘယ်လိုမေ့ဝစ်ရမလဲ.."

အရိပ် မျက်ဝန်းမှာ မျက်ရည်တွေဝေတက်လာ၏။ သို့သော် အသံ သည် အေးစက်မာကြောနေခဲ့လျက် ..၊

"ရှင်တို့ကတော့ ဒီမိန်းမကိုတစ်ခါတည်းသေအောင်သတ်မှဝစ်ခဲ့

www.burmeseclassic.com

www.burmeseclassic.com



မိတာ မှားတာပဲလို့ နောင်တကြီးစွာရနေမှာပဲ၊ ဟုတ်တယ် .. မှားတယ် ဒါပေမယ့် ရှင်တို့သတ်ခဲ့တဲ့နည်းရဲ့ ကျွန်မ သေသွားနိုင်ပါတယ်၊ မြအောင့် ဦးမြတ်ထွတ် သာ ကျွန်မကို မကယ်ခဲ့ရင်ပေါ့ .."

ဦးမြတ်ထွတ် ...

သုံးယောက်စလုံး မျက်မှောင်ကုတ်သွားကြသည်။

မြအောင့်ကြီးကို သူတို့မီးလောင်နေသည့်အခန်းထဲ တွန်းထည့်ပြီး တံခါးပိတ်လိုက်ကြတာပဲ၊ ဒါ ဘယ်လိုမှမဖြစ်နိုင် ...။

"ရှင်တို့မသိတဲ့အချက်က အဲ့ဒီမြကြီးနဲ့ တိုက်ပိုင်ရှင်ဟောင်းက ဦးလေးဦးမြတ်ထွတ် ဆိုတာပဲ .."

တကယ်အရေးပါသည့်အချက်ကိုမှ သူတို့မသိခဲ့ကြတာဖြစ်နေ၏။ ဦးမြတ်ထွတ် ကနေ ပိုင်ရှင်တစ်ဆက်ခြားပြီးမှ ခနဲ က ဝယ်ခဲ့တာဖြစ်ကာ သူသိသည့်ပိုင်ရှင်တလည်း ဦးမြတ်ထွတ် ကို လက်ညှိုးထိုးပြခဲ့တာ မဟုတ် ...။

ဒီအိမ်ကြီးကို တည်ဆောက်ခဲ့သူက ဦးမြတ်ထွတ် ပဲ ဖြစ်ကာ တစ် အိမ်လုံးမှာ တံခါးဘယ်နှစ်ပေါက် အခန်းဘယ်နှစ်ခန်းရှိတာကအစ အကျ အချိုးအစားလုံးကို ဦးမြတ်ထွတ် သိသည်။

ထို့ပြင် လျှို့ဝှက်တံခါးတွေ အတွင်းလှေကားတွေကအစ သိနေတဲ့ သူဖြစ်သည်။ ဒီအိမ်ကို ဘာကြောင့် အတွင်းခန်းတွေ လှေကားအပိုတွေ ထည့်ထားခဲ့ရသလဲဆိုလျှင် သူ့ရဲ့ ညီအငယ်ဆုံးဖြစ်သူ သိပ္ပံရူးကြောင့် ဖြစ်သည်။

ပရော်ဖက်ဆာဖြစ်တဲ့အခါ ကိုယ်ပိုင်ဓာတ်ခွဲခန်းကြီးထားချင်သည့် သူ့ ချမ်းသာသူမှုကို ဒီဓာတ်ခွဲခန်းအတွက်သုံးနိုင်သည်။ စသဖြင့်သော ရူးသွပ်ခြင်းတွေကြောင့် ဒီနေရာမှာ တမင်ဝယ်ပြီးလျှို့ဝှက်တံခါးတွေ အတွင်းလှေကားတွေနဲ့ ဆောက်ခဲ့တာဖြစ်၏။

ဒါပေမယ့် ညီဖြစ်သူကြီးစားနေချိန်မှာ အပေါင်းအသင်းမှားခဲ့သော သူ့ကြောင့်ပဲ စီးပွားဥစ္စာတွေကုန်ကာ ကြွေးတွေနဲ့ နစ်မွန်းခဲ့သည်။ အိမ်



ကို သူများလက်ထဲထည့်လိုက်ရသည့်တိုင် ညီအတွက် တစ်နည်းနည်းနဲ့ တော့ ပြန်ရအောင်ဝယ်မည်ဟု စိတ်ပိုင်းဖြတ်ကာ ဒီမြို့နားမှာပဲ တဲ လယ်လယ်ဖြစ်နေခဲ့ရ၏။

ခနဲ တို့က အိမ်ကိုဝယ်လိုက်ပေမယ့် တစ်လပြည့်အောင်နေသည် ဆိုတာမရှိသည့်ပြင် ရောက်လာလိုက်တိုင်း အရောင်းအဝယ်ကိစ္စတစ်ခုခု နှင့် အရေးကြီးနေတတ်၏။ အိမ်ကိုလည်း စိတ်ဝင်တစားလှည့်ပတ်ကြည့် တာမျိုး မရှိခဲ့ဖူးပေ။

ပြဿနာဖြစ်ခဲ့သည့် ညက နှစ်ယောက်စလုံးမီးလောင်ခံရပေမယ့် ဦးမြတ်ထွတ် က လျှို့ဝှက်တံခါးတစ်ခုကိုသိထားသောကြောင့် မီးအရှိန် နှင့် သတိလစ်နေသည့် အရိပ် ကို မွေ့ထုတ်ကယ်တင်သွားခဲ့သည်။

သူ့လက်ထဲကနေမှ ဒေါက်တာဒီကမှာ လက်ထဲကို ပို့ပေးခဲ့တာ ဖြစ်သည်။ အရိပ် အတွက် ပိုပြီးအဖြစ်ဆိုးခဲ့တာက မျက်နှာမှာ ရေမီးနဲ့ အဝက်ခံထားရသဖြင့် ထိုကိုင်ရာသို့တောင် ခံယဉ်းနေခဲ့လေသည်။

ဒါတွေကိုပြောပြပြီး အရိပ် က ငိုလိုက်ရယ်လိုက်နှင့် အသံလေး တွေ တုန်ယင်နေခဲ့ပြီး ...၊

"ကျွန်မမှာ ဦးလေးမြတ် နဲ့ ပရော်ဖက်ဆာလေးတဲ့ အသက်ပဲရှိ တော့တာ၊ အဲ့ဒီတော့ ရှင်တို့ကြောင့် သေဆုံးခဲ့ရတဲ့ ကျွန်မဘဝနဲ့ အသက် အတွက် .."

"ဒါဆိုလည်းလုပ်လေ .. မင်းမှာ လူမိုက်တွေလည်းရှိနေတာပဲ၊ ငါတို့ကို အသေသတ်ချင်တာ ဘာခက်လို့လဲ .."

"သိတာပေါ့ .. ရှင်တို့ကိုလွယ်လွယ်လေးသတ်လို့ရတယ်၊ ဒါပေ မယ့် ဘာကြောင့်မသတ်ခဲ့တာလဲဆိုတာ နည်းနည်းပါးပါးခေါင်းသုံးပြီး စဉ်းစားကြည့်ပါဦး .."

သူတို့သုံးယောက်စလုံးရဲ့ ရင်ဘတ်ကျယ်ကြီးတွေ နိမ့်လိုက်မြင့်လိုက် မောက်ကြွနေခဲ့လျက် အံတကျိုကျိုကြိတ်နေသဖြင့် မေးရိုးတွေသိသာစွာ လှုပ်ခတ်နေကြ၏။

www.burmeseclassic.com

www.burmeseclassic.com



မနေ က ဘုံ့ကို လှမ်းကြည့်ကာ ...၊

"မင်းတို့နှစ်ယောက်က အတူတူပဲပေါ့ .."

"ဟုတ်တယ် ..."

"အဲ့ဒါက ဘာလဲ .. မင်းဘာသာသူ့ကိုကောက်ကပ်စည်းရုံးလိုက်တာလား .. အစတည်းက ပတ်သက်မှုရှိခဲ့ကြတယ်လို့တော့ မပြောနဲ့နော် .. ဘုံ က ငါတို့နဲ့ .."

"ဟား .. ဟား .. ဟား .."

အရိပ် ရဲ့ နှစ်ထောင်းအားရဟားတိုက်ရယ်သံကြောင့် သူတို့ခေါ်သထွက်သွားကြသည်။ သို့သော် ပြောလာမှာကိုလည်း စိတ်ဝင်စားကြ၏။ ဘုံ ကတော့ နောက်ကိုတရွေ့ရွေ့ဆုတ်နေခဲ့လျက် ...၊

"ဘုံ .. ဘုံ သိခဲ့တာ အဲ့လိုတွေမဟုတ်ဘူး .."

လို့ပြောနေ၏။ အရိပ် နဲ့ မနေ တို့ မျက်လုံးချင်းဆုံသွားကြသည်။ ဘာတွေလဲ .. ဘုံ့ ကို အရိပ် ဘယ်လိုအနေအထားနဲ့ ဒီထဲမှာကြိုးဆွဲခိုင်းစေခဲ့တာလဲ ...။

အရိပ် ရဲ့ ရယ်သံသည် အချိန်အတော်ကြာအတောမသတ်ဘဲရှိနေခဲ့လျက် ...၊

"အားရလိုက်တာ .. ကျွန်မ ဒီနေ့လိုနေ့ကို ရယူဖို့အတွက် နှစ်တွေအကြာကြီးသည်းခံစောင့်နေခဲ့ရကျိုးနပ်တယ်၊ ခုတော့ ကျွန်မလိုချင်တဲ့အတိုင်း ရှင်တို့ရဲ့ဘဝတွေ ကျွန်မရဲ့ ဆုပ်ချေဖျက်ဆီးမှုနဲ့နေ့တိုင်းသေနေရတော့မယ် .."

"အရိပ်ဟောင်း ..."

ခေါ်သ၏အတိုင်းအဆသည် နာမည်ခေါ်လိုက်တာတောင် ကျားဟိန်းသံကဲ့သို့ ဝမ်းခေါင်းသံပေါက်နေကာ မနေ အသားတွေပါတုန်၏။

"မင်း ဆန္ဒပြည့်ဝနေပြီဆိုရင်လည်း ပြောလိုက်စမ်းပါ၊ မင်း ဘာတွေယုတ်မာထားသေးလဲ .. ငါတို့ ဘာတွေထပ်ဖြစ်ဖို့ရှိနေသေးတာလဲ .."

"ပြောမှာပေါ့ .. ကျွန်မကလည်း ရှင်တို့မျက်နှာတွေကိုအရသာခံ



ကြည့်ပြီး ကျကျနနကလဲ့စားချေဖို့အတွက် ပြင်ဆင်လာခဲ့ရတာပဲ၊ ဒါကို ဝဲပြုတ်ကြွေးတောင်းသလိုတော့ လွယ်လွယ်လေးဘယ်ပြီးနိုင်ပါ့မလဲ .."

"တောက် ..."

ကျော် နဲ့ မနေ ရဲ့ တက်ခေါက်သံတွေကြောင့် အရိပ် က ပခုံးတွေလှုပ်အောင်ရယ်သည်။ ပြီးတော့ မျက်ရည်စတို့ကိုသုတ်ပစ်လိုက်ပြီး ဖွေးနေသည့်မျက်နှာလေးက အေးစက်စက်ဖြစ်သွားခဲ့လျက် ...၊

"ဒါပေမယ့် အခုပြောမယ်၊ နင်တို့ဘဝတွေ ဘာကြောင့် သေရမှာလဲဆိုတာ သိပ်သိချင်နေတယ်မို့လား .."

ဟုတ်တယ်လို့မပြောပေမယ့် စိတ်ဝင်တစားနားစွင့်နေကြသည့်မျက်နှာတွေကို အရိပ် က တစ်ယောက်ချင်းစီစိုက်ကြည့်လိုက်ရင်း ...

"ခွေးကျင့်ခွေးကြံကြံတဲ့လူဆိုရင် မိုးကြိုးပစ်မခံရအောင် အိမ်နောက်ဖေးမှာ ခွေးစာခွက်နဲ့ ထမင်းစားရတယ်တဲ့ .."

မနေ တို့တွေ အရိပ် ရဲ့ စကားတွေက သူတို့ကို ရည်ရွယ်နေမှန်းသိလျက်နှင့် ဘာကြောင့်ရည်ရွယ်တာမှန်းမသိသောကြောင့် ငြိုးဆုံးအောင်နားထောင်နေကြရသည်။

"အဲ့ဒီတော့ ဒီနေ့ကစပြီး ရှင်တို့ခွေးစာခွက်နဲ့ စားရတော့မှာ .."

"တိရစ္ဆာန်မ .."

"နင့်ပါးစပ်ပိတ်ထားစမ်း .."

"နင်တို့ပါးစပ်တွေပဲပိတ်ရမှာ .. တိရစ္ဆာန်က ငါမဟုတ်ဘူး၊ ကိုယ့်သွေးသားသမီးအရင်းကိုတောင်မရှောင်ဘဲ နင်တို့ဖျစ်သုံးစွဲခဲ့ကြတာလေ .."

ဟင်!...

သုံးယောက်စလုံးမျက်လုံးအကြောင်သားနှင့် ကြက်သေသေသွားခဲ့ကြ၏။

ဒီမိန်းမ ဘာပြောလိုက်တာလဲ၊ မဟုတ်ကဟုတ်က လုပ်ကြံဖန်တီးပြီးပြောလိုက်တာလဲ .. မနေ ကော် ကို

www.burmeseclassic.com



ကြည့်သည်။ ကျော် က မျက်လုံးအပြူးသားနှင့် ပြန်ကြည့်နေ၏။ ပြီးတော့ ဖော့ ဆီ ရောက်သွားလျှင် ဖော့ မျက်လုံးက ပိုပြူးနေ၏။

ပြီးတော့ ချွေးပြန်၍ နှုတ်ခမ်းသားတွေပါ တုန်ယင်နေ၏။

ခနေ မျက်နှာတင်းသွားကာ ...

"နင့်မှာ ဒီထက်ယုတ်မာဖို့နည်းလမ်းရှိသေးလား .."

"မရှိတော့ဘူး .. နင်တို့လောက်ယုတ်မာတာမရှိတော့ ဒီထက်ယုတ်မာတဲ့အဖြစ်မျိုးထပ်ပြောစရာ ဘယ်ရှိတော့မလဲ၊ ဘုံ က နင်တို့ သုံးယောက်ရဲ့ သမီးအရင်းပဲ .."

"ချေးစကားမပြောနဲ့ .."

"တန်ရာတန်ရာပါ .."

"မင်း ..."

"နင်တော်တော်လှုပါးဝနေပြီ .."

ကျော် လက်သီးတခြင်ခြင်နဲ့ပေမယ့် အရိပ် နောက်မှာ ရပ်နေသူတွေကြောင့် ရှေ့လည်းမတိုးရဲ ...၊

"အရိပ်ယောင်း .. မင်း အဓိပ္ပာယ်မရှိတာတွေမပြောနဲ့နော်၊ မင်း .. မင်း .. ငါတို့ကို ဒုက္ခပေးချင်ရုံသက်သက်နဲ့ .."

"ဟုတ်လား .. အဲလိုထင်လိုက်တာလား ရတယ်လေ၊ ဘုံ ကို ရှင်တို့ရဲ့ သမီးပါဆိုတာ လက်မခံနိုင်ရင် ဘယ်သူကမှလည်း အတင်းတိုက်တွန်းမှာမဟုတ်ပါဘူး၊ ဒါပေမယ့် ကျွန်မက သူ့ကိုအသက်နှစ်ဆယ်ပြည့်ရင် နင့်အမေ ဘယ်သူဆိုတာ အတိအကျပြောပြမယ်လို့ကတိပေးခဲ့တာ .."

ခနေ နဲ့ ကျော်ထက် ဖော့ မျက်နှာကြီးပြုံကျမယ့်မိုးလိုဖြစ်သွားခဲ့သည်။ ပြီးတော့ ထစ်ထစ်ငေါ့ငေါ့နှင့် ...။

"အဲ့ဒါ .. အဲ့ဒါ ဘာပြောလိုက်တာလဲ .."

အရိပ် ရဲ့ အကြည့်က သူ့ဆီရွေ့လျားသွားကာ ...၊

"ရှင်လည်းဖြစ်နိုင်တယ် .."

"ဘာ ..."



ပြီးတော့ ကျော့် ဆီ ရောက်သွားခဲ့ပြီး ...၊

"ရှင်ဖြစ်ဖြစ် .. ခနေ ဖြစ်ဖြစ် .."

ခနေ မျက်နှာထက်မှာအကြည့်တို့ စူးစိုက်ရပ်တန့်သွားလျက် ...၊

"ရှင်တို့သုံးယောက်ကို ကမ္ဘာ့အကျော်အောင်မှန်းခဲ့ပေမယ့် ဒီဇော်ကားမှုအတွက် ထိုက်ထိုက်တန်တန်ပေးဆပ်စေရမယ်ဆိုတဲ့ သန္နိဋ္ဌာန်နဲ့ ကျွန်မ ဒီကလေးကို မွေးခဲ့တာ .. အဲ့ဒီတော့ .."

"မင်း မိန်းမတစ်ယောက်ဖြစ်ပြီးတော့ .. တောက် .."

"ဒီလိုလုပ်ရမျိုး တမင်ဖန်တီးဖို့ တီရွှောန်တောင်စဉ်းစားမှာမဟုတ်ဘူး .."

"မိန်းမတစ်ယောက်ကို အဓမ္မကင်တစ်ခုလို မျှဝေစားသောက်ဖို့လည်း ဘယ်တိရစ္ဆာန်လုပ်မှာလဲ .. အနည်းဆုံးတော့ အစာမာန်ဖီတယ်ဆိုတာတွေဖြစ်ကြတာပဲ၊ ဒါပေမယ့် ရှင်တို့က မာန်ဖီသံတောင်မကြားခဲ့ဘူးလေ၊ အမေကိုရော .. သမီးကိုရော .."

"မင်း ပါးစပ်ပိတ်စမ်း .."

"ရှင်တို့ ချေးကျင့်ချေးကြံကြံခဲ့တာကို ကျွန်မ ပါးစပ်ပိတ်လိုက်ရုံနဲ့ ဖုံးဖိလို့တော့မရဘူးနော် .. တစ်ခုတော့ တောင်းဆိုခွင့်ရှိတယ် .. ချွေးထီးလို သားသမီးတခုန်ကိုမယူနိုင်ပါဘူးဆိုရင်တော့ ခု ကျွန်မရှေ့မှာ လေးဘက်ထောက်ပြီး ချေးလိုအူပြလို့ရတယ်၊ ဒါဆို ဘုံ ကို ကျွန်မပြန်ခေါ်သွားပြီး ဒီကိစ္စကို ဒီနေရာမှာတင် ပြည်ဖုံးကားချလိုက်မယ် .."

"သေလိုက်စမ်း .. မိန်းမယုတ် .."

"ဖောင်း ..."

ကျော် က ခေါင်းတကြီးခုန်ဝင်လာသည်။ အရိပ် က တုတ်တုတ်မှ မလှုပ်ဘဲရပ်ကြည့်နေပေမယ့် ကိုယ်ရံတော်နှစ်ယောက်လက်ချက်ကြောင့် ကျော် မွေ့ခနဲကျသွား၏။

ဖော် က ကယောင်ကတမ်းတွေပြောပြီး နောက်ကိုတရွေ့ရွေ့ဆုတ်နေသည်။ စိတ်နဲ့လူ မကပ်တော့သလိုမျိုး နှုတ်များမှ ဘာတွေရွှတ်

www.burmeseclassic.com

www.burmeseclassic.com



နေသည်ဆိုတာမသိ ..။

မေ့ က အရိုင် ဆီးက လှမ်းမယောက်ကိုမမြင်တော့သလို လက်သီး နှစ်ဖက်ဆုပ်ထားရင်း ရှေ့ကိုတရွေ့ရွေ့တိုးလာနေသည်။ သူ့မှာ ဘာရှိ တော့လို့လဲ ..။

ခနီးမယား သားသမီး စည်းစိမ်ဥစ္စာပကာသနတို့နှင့် ထုံမွမ်းသော ဂုဏ်သိက္ခာ ..၊

သူ့မှာ အားလုံးဆုံးရှုံးခဲ့ပြီဖြစ်သည်။ ချစ်ရဆုံးသော ညီငယ်၏ အထင်သေးရှုံ့ရှာခြင်းအတွက် နောင် ဘယ်တော့မှ ဖြေရှင်းလို့ရနိုင်စရာ လမ်းမမြင်ခြင်းက အရိုင်မောင်း ဆိုတဲ့မိန်းမကြောင့် ..။

သို့သော် ..။

"ဒီပြဿနာမှာတော့ ရှင်တို့ချင်းမျှဝေမခံစားနိုင်တော့ဘူးထင် တယ်၊ ဒါဆိုလည်း ဘုံ့ ကို ဒီအင်(န်)အေ စစ်ကြည့်လိုက်လေ၊ သုံးကောင် ထဲက တစ်ကောင်ကောင်တော့ ထွက်လာနိုင်တာပဲ .."

အရိုင် သည် ကလှဲစားချေခြင်းအဆင့်ဆင့်ကို ပြီးဆုံးအောင်မြင်သွား ခဲ့သည့်အပြုံးနှင့် နေရာမှ အေးဆေးထွက်ခွာသွားခဲ့၏။ ထိုစဉ် ..၊

ဟင်!...

အရိုင် ခြေလှမ်းတုံ့ခနဲဖြစ်သွားသည်။ မြင်လိုက်သည့် လူအားလုံး ပါးစပ်အဟောင်းသားဖြစ်ကုန်ကြသည့်ခဏအတွင်း ..။

"ဒုန် .. ဒုန်း .."

"အား .."

အသိမဲ့သွားသူကဲ့သို့ နောက်ပြန်ဆုတ်သွားသော ဇော် သည် လှေကား ထိပ်ကိုရောက်တဲ့အထိ ခြေလှမ်းမရပ်ခဲ့ဘဲရှိကာ အောက်သို့ဦးစိုက်ထိုးမှမ်း ပြန်ကျသွားခဲ့လေသည်။

ထိုအချိန်တွင် မိုးခြိမ်းသံတွေအခြောက်တိုက်ကြီး ထမြည်သွားသဖြင့် ချယ်ရောင်သည့်အသံနှစ်ရပ်က ဆက်တိုက်ကြီးဖြစ်သွားခဲ့၏။

ကျော် နဲ့ မေ့ တို့ မျက်လုံးတွေပြူးကျယ်ကုန်သည်။ ထိတ်လန့်



ချောက်ချားခြင်းက လူကိုဆွဲခါလိုက်သလိုဖြစ်သွားခဲ့ပြီး တုန်ယင်ခြင်းက မရပ်တန့်တော့ပေ ..။

"ဇော် .. ဇော် ဘာဖြစ်သွားတာလဲ .. မေ့ .."

"ခုန်ချသွားတာ .."

"ကျ .. ကျသွားတာပါ .."

"ခုန်ချတာ .."

စကားတွေ ထင်သလိုပြောနေကြကာ ကိုယ့် မျက်လုံးကို မယုံကြည် တော့ပေ။ အရိုင် အမြေအနေဆိုးထဲကနေ တိတ်ဆိတ်စွာကျောခိုင်းထွက် လာခဲ့၏။

ခြေလှမ်းတွေက မေ့ ရဲ့ နေအိမ်ဝင်းထဲကထွက်လာခဲ့ပြီး မိုးထုတ် စက်ပိုင်းကို မြင်ရချိန်မှာ သူမအတွက်ကောင်းကင်ကြီးက အနီရောင် သမ်းနေခဲ့၏။

"ဒီနေ့ မုန်တိုင်းရှိတယ်တဲ့ .."

"မိုးရာသီရောက်လာရင် မုန်တိုင်းက ပါလာတာပဲ .."

ပတ်ဝန်းကျင်က စကားသံတစ်ချို့ကိုကြားလိုက်ရသည်။ ညနေ ပိုင်းအချိန်ပေမယ့် နေမဝင်သေးပါ။ သို့သော် မိုးချုပ်တော့မလို ပတ်ဝန်း ကျင်တစ်ခုလုံးမှောင်လာသည်။

အနောက်တောင်ထောင့်အရပ်ဆီမှာ နီရဲနေတာကလည်း ကြောက် မက်ဖွယ်ပင် ..။

အရိုင် က ထိုအရပ်ဆီဦးတည်၍ တည့်တည့်လျှောက်နေခဲ့၏။

သူမရဲ့ ဘဝမုန်တိုင်းက ဒီထက်ကြမ်းတမ်းဆိုးရွားခဲ့သည်။ မုန်တိုင်း စဲခဲ့ပေမယ့် ကျိုးပျက်ခဲ့ရသည့် အနာဂတ်လမ်းကတော့ ဒီနေ့ထိပြင်ဆင် ဖြူးခြင်းမရှိခဲ့သေးပါ။

ဘဝမှာ ပန်းတိုင်ဆိုတာဘာလဲ ..၊

ဦးမြတ်ထွတ် ကတော့ပြောခဲ့ဖူးသည်။

ဘဝတစ်ခုမှာ ပန်းတိုင်ဆိုတာမရှိဘူး၊ ဘဝရဲ့ဆိုတဲ့ မှိုင်တိုင်များ

www.burmeseclassic.com

www.burmeseclassic.com



ကို ဖြတ်သန်းခြင်းပဲလို့ဆိုသည်။ ချစ်ကြ မုန်းကြတယ်ဆိုတာလည်း မှတ်တိုင်တစ်ခုမှာဆင်းကြတက်ကြသလိုပါပဲ … တဲ့ …။

သေလောက်တဲ့ ဒဏ်ရာရရင်ရမယ်၊ သေချင်လောက်အောင် ထိခိုက်ကြေကွဲရတာလည်းရှိလိမ့်မယ်၊ ဒါပေမယ့် အဲဒီခဏကိုဖြတ်ကျော်သွားတဲ့အခါ နောက်တစ်မှတ်တိုင်အတွက်ပြင်ဆင်ကြတာပဲ …။

ပျော်ရွှင်ရတယ်ဆိုတာ မမြဲသလို၊ ဝမ်းနည်းခြင်းကလည်း မမြဲဘူး သမီး …။ ဒါကို ဖြတ်ကျော်ဖို့ပဲလိုတာ၊ ဒါမှမဟုတ် လေအဝေ့မှာပါလာတဲ့ အနံ့အသက်တစ်မျိုးလိုပေါ့။ အမြဲမွှေးမနေသလို အမြဲဘဲလည်း နံမနေဘူး … သမီး သည်းခံနိုင်ရမယ်၊ လောကမှာ ကိုယ့်ကိုယ်ကိုယ် အဆုံးစီရင်တာထက် ပိုကောင်းတဲ့နည်းလမ်းတွေ အများကြီးရှိတယ်။

ကမ္ဘာမြေပေါ်မှာ ခြေချရှင်သန်ခွင့်ရပြီး လူ့ဘဝမှာ ဖြစ်တည်ရတဲ့အတွက်နဲ့တင် ကျေနပ်စရာကောင်းနေပြီ။ လူဖြစ်ရကျိုးနပ်ပါစေ …တဲ့။

သူမ လူဖြစ်ရကျိုးနပ်ပါရဲ့လား …။

လူဖြစ်ရတဲ့အတွက် လူသားတစ်ယောက်ရဲ့ ကောင်းကျိုးတရားတစ်ခုခု သူမ ပြုခဲ့ရဲ့လား …။ အရိပ် ရဲ့ ခြေလှမ်းတွေစည်းချက်မှန်နေခဲ့သည်။

သူမနားထဲမှာ ဦးမြတ်ထွတ် ရဲ့ ဆုံးမစကားတွေ အစဉ်မပြတ်ပေါ်နေခဲ့လျက် မြင်နေခဲ့တာက ဟိုးအတိတ်ကပြုံးရွှက်နေသည့်တဲကုပ်လေးနဲ့ သားအဖနှစ်ယောက် …။

ပြီးတော့ မိုးရေထဲမှာ ပြေးလွှားနေတဲ့ မိန်းကလေး …။

ပြီးတော့ ရွှက်မီးလျှံတွေကြားထဲမှာ ကျေနပ်ရယ်မြူးနေကြသည့် မျက်နှာသုံးခု …၊

ပြီးတော့ ဦးမြတ်ထွတ် နဲ့ ဒီကမ္ဘာ …။

ထို့နောက် အရောင် နဲ့ ရွှေလက်ဖြာ ဆိုသော မိန်းမတစ်ယောက်ရဲ့ သုံ့မရဲ့ ကလေးတွေ …။ အရိပ် စီးထားသည့်ဒေါက်ဖိနပ်ဒုတ်ခနဲချော်ထွက်သွားသည်။ လူက ယိုင်ခနဲဖြစ်သွားတာ လဲပြိုမတတ်ဖြစ်သွား၏။



သို့သော် သူမ မလဲခဲ့ပါ။

ဖိနပ်ပေါ်မှာ နိုင်နိုင်ပြန်ရပ်ကာ ဒီတိုင်းဆက်လျှောက်ခဲ့၏။ ခြေချောင်းတွေရဲ့ တစ်နေရာမှာ ပြင်းရှစွာနာကျင်နေတာကိုခံစားမိနေပေမယ့် ငုံ့လည်းမကြည့်မိ၊ ခြေလှမ်းကိုလည်းမရပ်တန့်ခဲ့ပေ …။

ထိုစဉ် မိုးရေစက်တွေကျလာခဲ့လေသည်။ တဖွားဖွားကနေ စိပ်လာသည်။ စိပ်လာရာကနေ သည်းလာခဲ့၏။ သူမ ဆံပင်တွေမှစ၍ တစ်ကိုယ်လုံး စိုရွှဲသွားခဲ့ပြီး တစ်ချို့လူတွေ မျက်နှာငုံ့၍ ပြေးလွှားကုန်ကြပေမယ့် သူမက ဒီတိုင်းလျှောက်နေခဲ့သည်။

ရှည်ကော့သော မျက်တောင်ထူထူတို့သာ ယှက်ကာမထားလျှင် သူမ မျက်ဝန်းတွေထဲ မိုးရေဝင်ပြီး ဒီတိုင်းလျှောက်နေနိုင်ပါ့မလား …။

ဒါပေမယ့် သူမကတော့ ပလက်ဖောင်းပေါ်မှာ လျှောက်နေဆဲပင်။

ခုချိန်မှာသာ သူမကို ခမ်းနားကြီးကျယ်သောအောင်ပွဲကြီးတစ်ခုကို ဆင်နွှဲလာခဲ့တာပါပြောရင် ယုံကြပါ့မလား …။

သူမ မျက်နှာပေါ်မှာ ဘယ်အစိတ်အပိုင်းတစ်ခုမှာမှ ရယ်မြူးရိပ်ရှိမနေခဲ့သည့်ပြင် မျက်ဝန်းအိမ်မှာ ပြည့်သိပ်နေခြင်းတွေက မိုးရေတွေမဟုတ်ပေ …။

သူမ ဘာကြောင့်ငိုသလဲ … ပျော်လွန်းလို့လား … ဝမ်းနည်းလို့လား…။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၇)

"အမေ … အမေ့ နေပါဦး၊ အမေ ခြေထောက်ပြန်ကောင်းသွားတာလားဟင် … ခဏစောင့်ပါဦး …"

အမေက တစ်ချက်ပဲလှည့်ကြည့်ပြီး ရှေ့ဆက်လျှောက်သွားသည်။ အမေ သွားနေတာက သစ်ပင်တောအုပ်နှင့် စိမ်းညို့နေသည့်နေရာတစ်ခုဖြစ်နေကာ သူမနဲ့လည်း သိပ်မဝေးဘဲ ပြေးလိုက်ရင်း မမီနိုင်ဖြစ်နေ၏။

"အမေ … ကျွန်မကိုစောင့်ပါဦး …"

တားနေရင်းနဲ့ အမေက မြင်ကွင်းထဲက ပျောက်ကွယ်သွားသည်။ နေရာမှာတင် ခြေစုံရပ်၍ ပတ်ဝန်းကျင်ကိုလှည့်ပတ်ကြည့်ပေမယ့် မြင်မြင်သမျှသည် သစ်ပင်တောတန်းမဟုတ်တော့ဘဲ ကန္တာရလိုဟင်းလင်းပြင်ကြီးဖြစ်နေခဲ့၏။

ခုန အမေ သွားနေတဲ့တောတန်းကြီးဘယ်ရောက်သွားတာလဲ …။

လေတွေ တဟူးဟူးတိုက်လာ၏။ ဆံပင်နဲ့ အင်္ကျီစတွေ တဖတ်ဖတ်လှုပ်ခါသွားကြကာ သဲမှုန်တွေလွင့်လာသဖြင့် မျက်လုံးတွေကို ပိတ်ထားလိုက်မိသည်။

သို့သော် …

"အမေ … အမေ့ ဘယ်မှာလဲ … အမေရေ …"



"သူ နိုးလာပြီ ဆရာ …"

စကားသံတစ်ချက်ကြားလိုက်သည်။ ပြီးတော့ ယဉ်ပါးနေခဲ့သည့် စီးကရက်နံ့ …။

ပြီးတော့ အနီးမှာဟပ်လာသည့် လေငွေ့နွေးနှင့်ပါလာသော ရေမွှေးနံ့သည် …၊

"အရိပ် …"

ဟင်၊…၊

ထူးလိုက်မိမယ့် အသံမထွက်ပေ။ ဒါပေမယ့် အရိပ် မျက်လုံးတွေတော့ ပွင့်သွားခဲ့သည်။ သူမဘေးမှာ လူရိပ်နှစ်ရိပ်ရပ်နေကြလျက် သူမနှင့် အလှမ်းကွာသည့်နေရာတစ်ခုမှာထိုင်နေသူသည် …၊

"မင်း နေရတာ သက်တောင့်သက်သာရှိရဲ့လား …"

ဒီကမ္ဘာ က ထိုင်ရာမထလှမ်းမေးသည်။ ထို့ပြင် မျက်နှာကလည်း အရိပ် ဘက်ကို လှည့်ကြည့်နေတာမဟုတ်ပေ။ ပြီးတော့ သူ့လက်ကြားမှာ မီးခိုးလွန့်နေသည့်စီးကရက်တစ်လိပ်ရှိနေခဲ့လျက် …၊

"ချစ်တေး ဆိုတဲ့ဘဝက သေသွားခဲ့ပြီလို့ မင်းပြောတယ်၊ အရိပ်ဟောင်းဆိုတာ ငါပေးခဲ့တဲ့ဘဝလို့လည်း …"

"အရိပ် ပြောခဲ့တာပါ …"

အရိပ် က စကားဆက်ပေးလိုက်တော့ စီးကရက်ပေါ်မှာ စူးစိုက်နေခဲ့သည့်အကြည့်တွေ သူမဆီ ရွေ့လျားလာ၏။

အလှမ်းကွာနေပေမယ့် အကြည့် တို့ ငြိတွယ်နေခဲ့ကြလျက် အရိပ်ရဲ့ မျက်ဝန်းမှာ မျက်ရည်စတို့ တရစ်ရစ်တက်လာခဲ့ပြီး ဒီကမ္ဘာက စီးကရက်ကိုခွက်ထဲမှာထိုးချေပစ်လိုက်၏။

ပြီးတော့ ထိုင်ရာကနေ ထလျှောက်လာကာ …

"မင်းသိနေသားနဲ့ ဘာဖြစ်လို့ ကိုယ့်ကိုယ်ကိုယ် ဂရုစိုက်တာလဲ …"

"အရိပ် …"

www.burmeseclassic.com

www.burmeseclassic.com



"မင်း ဆုတောင်းပြည့်ဘုရားလေးထဲမှာ သတိလစ်နေလို့ တွေ့ခေါ်ခဲ့ရတယ် …"

"ရွှေတိဂုံဘုရားပေါ်မှာ အရိုင် ရှိတာ ဦးဒီ ဘယ်လိုလုပ်သိသဲဟင် …"

ဒီကမ္ဘာ က မဖြေဘဲ သူမ ခုတင်ခြေရင်းမှာရပ်နေလိုက်ပြီး …၊

"မင်း ကိုယ့်ကိုယ်ကိုယ် ဂရုစိုက်ပါ၊ အားလုံးကို ဥပေက္ခာထားနိုင်အောင်ကြိုးစားဖို့ ငါ ပြောခဲ့ဖူးတယ်၊ ဒါပေမယ့် ကိုယ့်ကိုယ်ကိုယ် ဥပေက္ခာထားဖို့မလိုပါဘူး၊ ငါ ကယ်တင်ခဲ့တဲ့ အသက်တစ်ချောင်းက အလဟဿ ဆုံးရှုံးပျောက်ကွယ်မသွားရဘူး …"

"ဦးဒီ က အရိုင် ကို ဘာလုပ်စေချင်တာလဲ …"

"ခုမှ မေးဖော်ရတာ ကျေးဇူးပဲ …"

အရိုင် မျက်လွှာလေးချသွားသည်။ ဘေးနားမှာရှိနေကြသည့် ဒီကမ္ဘာ၏ တစည့်နှစ်ယောက်က နောက်ဆုတ်ရပ်နေရာက အခန်းပြင်ကိုလှည့်ထွက်သွားကြ၏။

ဒီကမ္ဘာပိုင်ဆိုင်သော တိုက်ကြီးဖြစ်ကာ ရန်ကုန်မြို့နှင့်လည်း အလှမ်းဝေးသည်။ ထို့ပြင် သူမ နှစ်အတန်ကြာအောင် နေထိုင်ခဲ့သောနေရာလည်း ဖြစ်သည်။

သို့သော် ဒီကမ္ဘာကတော့ တစ်နှစ်တစ်ခေါက်တောင် မလာတတ်ခဲ့ပေ။ ရောက်လာတိုင်း သတိပေးတာက 'ကလေးချောခြင်းဆိုတာ သံသရာလည်ခြင်းပဲ' တဲ့ …။

ပုထုဇဉ်ပီပီ ခေါ်သရန်ငြိုးကို မထိန်းချုပ်နိုင်ရင်တောင် အချိန်နဲ့ ကုစားဖို့တဖွဖွသတိပေးခဲ့သည်။ သူများကိုလုပ်ကြံဖို့ချောင်းမြောင်းတဲ့သူဟာ ကိုယ်က အရင်ချောင်းရိပ်ခံရသည်လို့လည်း ဥပမာပြခဲ့သေးသည်။

သူမ ဒီစကားတွေကို ဂရုမစိုက်ခဲ့ဘဲ လူယုတ်မာတွေရဲ့ မျက်နှာတွေကို ပျောက်မရသ၍ နေ့စဉ်နေ့တိုင်းစိတ်ကူးနေတာက ကလဲ့စားချေဖို့ …။



"အရိုင် …"

"ရှင် …"

ငုံ့နေသည့်မျက်နှာလေးမော့လာတော့မှ ဒီကမ္ဘာ ၏ လက်ပိုက်ထားလိုက်ပြီးစိုက်ကြည့်ကာ …၊

"ငါ မင်းကိုနားလည်တယ်၊ မင်းဘဝကိုပြန်ရှင်ဖို့ရှမတ်ပေးလိုက်တည်းက မင်း ရှင်သန်ချင်နေတဲ့ ရည်ရွယ်ချက်က ဘာလဲဆိုတာသိလို့ တားလည်းမတားခဲ့ဘူး၊ မင်းလိုအစ်သမျှကိုလည်း ငါ ကူညီနေခဲ့တယ် …"

"ဟုတ်ပါတယ် … တကယ်တော့ အဆုံးထိ အရိုင် လုပ်နိုင်ခဲ့တာ ဦးဒီ ရှိနေလို့ပါ၊ မဟုတ်ရင် အရိုင် ကိုယ့်အသက်ကိုတောင် ကာကွယ်နိုင်မှာမဟုတ်ဘူး …"

"ငါလိုချင်တာ မင်းဆီက ဒီစကားမဟုတ်ဘူး၊ ကိုယ်လုပ်ချင်တာကိုလုပ်ပြီးရင် သူ့ရဲ့ ကောင်းကျိုးဆိုးကျိုးကိုလည်းခံရတယ် …"

"အရိုင် ခံခဲ့ရတာတွေအတွက် အခု ပြန်ယူခဲ့တာပါ၊ ဒါကို ဘာတွေထပ်ပြီး …"

"မင်း ရလာခဲ့တယ်လို့ထင်နေတာလား …"

အရိုင် မဖြေနိုင် …။

"မင်း အောင်မြင်ခဲ့ပါတယ် … ဒါပေမယ့် မင်းပျော်နေသလား …"

ဒါလည်း မဖြေနိုင်ခဲ့ပေ …၊

"ပျော်လွန်းလို့ မိုးထဲမှာ အအောပတ်ခံပြီး နှစ်ရက်လောက် စထား မေးမရလောက်အောင် ပစ်လက်ခတ်နေတာတော့မဟုတ်လောက်ဘူးထင်တယ် …"

အရိုင် မျက်ရည်တွေဝေတက်လာပြန်သည်။ ဒါတွေပြောနေခဲ့သော ဒီကမ္ဘာ ရဲ့ မျက်နှာကိုတောင် မော့မကြည့်ဝံ့ခဲ့ပေ။ ဒီယောက်ျားရှေ့တွင်နာတတ်သည့်နှလုံးသားရှိသည်။

ဒါပေမယ့် ဘယ်တုန်းကမှ ထုတ်ဖော်ပြခဲ့တာမျိုး …။ ဘယ်တော့မှလည်း ပြလာဖို့မရှိပေ။ အရိုင် ကို သူ ကယ်တင်ခဲ့တာက အထီးကျန်

www.burmeseclassic.com

www.burmeseclassic.com



ဘဝသမားချင်း စာနာခဲ့တာဖြစ်သည်။

ဘဝပျက်အဖြစ်ဆိုးနေသည့် မိန်းမငယ်လေးတစ်ယောက်အဖြစ် သူဝါသနာပါသည့်ပညာရပ်နှင့် ကယ်တင်ဖို့ စိတ်ဝင်စားခဲ့တာလည်းပါသည်။

အမြုံးအရယ်နည်းသော မျက်နှာပြင်မှာ နူးညံ့နေသည်ထင်ရပေမယ့် တည်ငြိမ်ပြတ်သားသည်။ ရက်စက်သလိုရှိနေပေမယ့်လည်း ကြင်နာခဲ့တာတွေရှိခဲ့၏။

အရိပ် အကြောက်ဆုံးအရာသည် ဒီကမ္ဘာ စိတ်ကို ဘယ်လိုမှ ခန့်မှန်းမရခြင်းပဲဖြစ်လေသည်။ အသက်အရွယ်ကွာခြားခြင်းကြောင့် ဒီလောက်တည်ငြိမ်နေတာလား ..။ ဒါမှမဟုတ် တမင်တကာကြိုးစား လျှို့ဝှက်နေတာလားဆိုတာတော့မသိ ..။

ဒေါက်တာဒီကမ္ဘာ ဆိုသည့် ယောကျ်ား၊ ဘာလုပ်တော့မည် ဘယ်လိုစိတ်ကူးနေသည်ဆိုတာမသိရခြင်းနဲ့ပတ်သက်၍ ကိုယ့်ရဲ့အနာဂတ်က မရေရာသလိုပဲ ခံစားနေမိသည်။

ထို့ကြောင့် ကိုယ်လုပ်ချင်ရာကို စွမ်းဆောင်အောင်မြင်ခဲ့ပေမယ့် မပျော်နိုင် ..။

"အရိပ် .. အရိပ် ပြောပါရစေ .."

သူမရဲ့ စကားကို ဒီကမ္ဘာက ခွင့်ပြုခြင်း မပြုခြင်းဘာမှမပြောဘဲ တိတ်တိတ်နေခဲ့၏။ အရိပ် တစ်ကိုယ်လုံးနုံးခွေခွေကြီးဖြစ်နေပေမယ့် မွေ့ရာစပ်မှာ ခြေချထိုင်လိုက်ပြီး ..၊

"အရိပ် ရဲ့ ရည်မှန်းချက်တွေပြီးမြောက်ခဲ့ပေမယ့် ဒါကိုအောင်မြင်ဖို့ကြိုးစားအားထုတ်နေတုန်းက အဓိပ္ပာယ်ရှိခဲ့တဲ့နေ့ရက်တွေက ပြီးဆုံးခဲ့ပြီဆိုကာမှ ဘာမှမရှိတော့သလိုခံစားနေရတယ် .."

"ပြီးဆုံးပြီဆိုတာ ဘာကိုပြောတာလဲ အရိပ် .."

"ဟင် ..."



"ရန်ငြိုးဆိုတဲ့ အတုံ့အလှည့်မှာ ကလေးတွေ နဖူးတောက်ကြသလို ကျေပြီဆိုတာမရှိဘူး၊ ကမ္ဘာကြီးလုံးဝန်းနေတာတိုက သူ့ရဲ့ လည်ပတ်ခြင်းကနေ ရုန်းထွက်သွားခွင့်မပြုနိုင်လို့ပဲ၊ မင်းပြီးရင် သူ့အလှည့်က လာဦးမှာ .. သူပြီးသွားရင်လည်း မင်းက ပြန်လုပ်ဦးမှာပဲ ..၊ ဒီဘဝသက်တမ်းမှာ မကျေမနပ်ကျုံ့ရစ်ခဲ့တဲ့သူက နောက်ဘဝဖြစ်လေရာမှာ ဆက်လိုက်နေဦးမှာပဲ .."

"လိုက်ပါစေ ဦးဒီ .."

"မင်း ကျေနပ်ဖို့ကြိုးစားနေတာပါ .. ဒါပေမယ့် နာကျင်နေတယ်မို့လား .."

"ဟုတ်တယ် .."

"ဟုတ်ရမှာပေါ့ ..မင်းဘယ်လောက်ပဲ အဖြစ်ဆိုးခဲ့ပါစေ၊ ကြွေးဆပ်လိုက်ရတယ်လို့ သတ်မှတ်နိုင်ရင်ပြီးပြီ .."

"မသတ်မှတ်နိုင်ဘူး ဦးဒီ .. အရိပ် က ကိုယ့်အတွက်ကျေနပ်ပေးနိုင်ရင်တောင် နောက်ထပ် အရိပ် လို ပျက်စီးကြွေလွင့်ရမယ့်မိန်းကလေးတွေအတွက် လက်တုံ့ပြန်ဖို့လိုတယ် .."

"မင်းကြောင့် အခု သူများအိမ်ထောင်ရေးတွေပြိုကွဲသွားတယ်၊ မိသားစုတွေ တကွဲတပြားတွေဖြစ်ကုန်တယ် .."

"အရိပ် သိရက်နဲ့ လုပ်ခဲ့တာပဲ .."

ပြောရင်း စိတ်လိုက်မာန်ပါထရပ်လိုက်မိလျှင် မိုက်ခနဲဖြစ်သွားပြီး လူက ယိုင်သွားသည်။ ဒီကမ္ဘာ မျက်မှောင်ကုတ်သွားကာ ..၊

"ပြန်လှဲနေလိုက် .."

စိုးရိမ်သွားတာတောင် အမိန့်သံမှာ နူးညံ့ခြင်းတစ်စုံတစ်ရာပေါ်ပါ၏။ အရိပ် က ပြန်ထိုင်လိုက်ပေမယ့် လှဲတော့မနေပါ။

"ဒီကိစ္စတွေ ပြန်ပြောမနေချင်တော့ဘူး၊ အခု ငါ မင်းကိုစောင့်နေတာ .."

www.burmeseclassic.com

www.burmeseclassic.com



"ဦး ဒီညလေဆိပ်ဆင်းတော့မှာမို့လား .."

ငေးငေးလေးရှိနေသည့် အရိပ် ကို ငုံ့မိုးကြည့်လိုက်ရင်း ဒီကမ္ဘာ မျက်နှာလွှဲပစ်သည်။

"ဟုတ်တယ် .. ငါ မင်းအတွက် စီစဉ်ပေးဖို့ရှိတာတွေပြီးရင် သွားမယ် .."

"ဘာမှမလိုဘူး ဦးဒီ .. အရိပ် က .."

"လိုတာ မလိုတာ မင်း ဆုံးဖြတ်ဖို့မလိုပါဘူး၊ မင်းကိုယ်ခန္ဓာ အစိတ်အပိုင်းတွေ အကောင်းတိုင်းပြန်ဖြစ်ဖို့တောင် ငါ့လက်နဲ့ ငါ့ပညာနဲ့ ဖြတ်ဖျက်ပြင်ဆင်ပေးခဲ့တာ၊ နောက်ထပ် မင်းအတွက် ဘာလိုအပ်တယ်ဆိုတာလည်း ငါ့ဆုံးဖြတ်ချက်ပဲ .."

"မှန်ပါတယ် .. ဦးဒီ ပြင်ဆင်ပေးခဲ့တာတွေပါ၊ ဒါပေမယ့် အဲ့ဒါတွေက အရိပ် အတွက် အရမ်းလိုအပ်တဲ့အရာတွေပါ .."

"လိုအပ်တာကိုယူမယ် .. မလိုအပ်တာကို မယူနိုင်ဘူးလို့ မင်းပြောခဲ့တာလား .."

အရိပ် ဖျတ်ခနဲ မော့ကြည့်မိသည်။ ဒီကမ္ဘာ့ မျက်လုံးတွေက မာနတို့နှင့် စိုးမိုးနေကာ သူမ မျက်ဝန်းတွေမှာတောင်းပန်ခြင်းတွေပြည့်သိပ်လျက် ..၊

"အရိပ် ကို နားလည်ပေးပါ၊ အရင်တုန်းက နားလည်ပေးခဲ့တဲ့အတိုင်းပဲ ခုလည်း နားလည်ပေးပါ၊ အရိပ် သူများအိမ်ထောင်ရေးတွေကို ဖြိုခွဲခဲ့တယ်၊ အပြစ်မရှိတဲ့ လူတစ်ယောက်ရဲ့ နှလုံးသားကိုလည်း အသုံးချခဲ့တယ် .."

"အဲဒါတွေအတွက် မင်းမှန်တယ်လို့ ထင်တယ်မို့လား .."

"မှားမှန်းလည်းသိပါတယ် .. ဒါပေမယ့် မကောင်းမှုကျူးလွန်ထားတာကို အလွယ်လေးဖျောက်ဖျက်လိုက်နိုင်ရင် နောက်ထပ် သူတို့ ကျူးလွန်ကြမှာပဲ .. ကျူးလည်းကျူးလွန်ခဲ့ကြတယ်၊ သူတို့ကို ဒီလိုနည်း



နဲ့မှ မတုံ့ပြန်နိုင်ရင် နောက်ထပ် အမျိုးကောင်းသမီးလေးတွေ .."

"အမျိုးကောင်းသမီးတိုင်း သမီးကောင်းလေးတွေ ဖြစ်လာကြတာ မဟုတ်ဘူး .."

ဒီကမ္ဘာ က ခပ်ပြတ်ပြတ်ဆေဖန်သည်။

"အိမ်ထောင်ရှိနေတဲ့ ယောကျ်ားတစ်ယောက်က ဖောက်ပြန်ဖို့ဆိုတာ သူနဲ့ ဖောက်ပြန်ရတဲ့ မိန်းမရှိလို့ဖြစ်တာ၊ ငါပြောချင်တာက အရာရာတိုင်းမှာ ခြွင်းချက်ရှိတယ်၊ မင်း တစ်ဖက်သတ်ဖော်ကားခံခဲ့ရတာ ငါ နားလည်လို့ မင်းဘက်က ရပ်တည်ပေးခဲ့တယ်၊ ဒါကြောင့် မင်း တုံ့ပြန်တာတွေ ကလဲ့စားဘာလုပ်လုပ်မတားဆီးခဲ့ဘူး .."

သူက ဆက်တိုက်ပြောသွားပြီးမှ အရိပ် မျက်ဝန်းတွေကိုစိုက်ကြည့်ကာ ..၊

"အဲ့ဒါတွေအားလုံးက မင်း တစ်ယောက်တည်းကိုနားလည်ပေးခဲ့တာတွေပဲ .. တစ်လောကလုံးမှာရှိတဲ့ မိန်းမသားဆုဘက်က ရပ်တည်ဖို့ မဟုတ်ဘူး .."

"ဦးက ဘာပြောချင်တာလဲ၊ အရိပ် လုပ်တာတွေမှားနေလို့လား.."

"ကိုယ့်စိတ်ခံစားချက်အတိုင်းလုပ်ပြီးရင် အကိုးအကားတွေမပြနဲ့၊ တိုင်းပြည်အတွက် လူ့ဘုအကျိုး ဘာညာကွိကွအပိုတွေ .."

ဒီကမ္ဘာက ဤကဲ့သို့ ၄ကျကျတစ်ယူသန်သမားဖြစ်သည်။

"အခု မင်း ကလဲ့စားချေခဲ့တယ်၊ အောင်မြင်တယ် .. ဒါပေမယ့် မင်း မပျော်ဘူး၊ ငါ ဖြစ်စေချင်တာ အဲဒါမျိုးမဟုတ်ဘူး အရိပ်၊ မင်း ခံစားချက်နဲ့ ဆုံးဖြတ်ပြီးလုပ်ခဲ့တဲ့အတွက် ကျေနပ်ရမယ်၊ ကျေနပ်တာတိုရော မကျေနပ်သေးတာရော အဲ့ဒီမှာပဲ မင်းထားခဲ့နိုင်ရမယ်၊ ဘာဖြစ်လို့လဲဆိုတော့ အားလုံးပြီးသွားပြီ .. မင်း မပြီးချင်သေးဘူးဆိုရင်လည်း ပြီးသွားပြီ .."

"ဟုတ်ပါတယ် .."

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ရင် မင်း ဘာဖြစ်လို့ ကိုယ့်ကိုယ်ကိုယ် မိုးရေထဲမှာနစ်ပြီး အသေခံဖို့ကြိုးစားတာလဲ .."

"အရိပ် အဲ့လိုရည်ရွယ်ခဲ့တာမဟုတ်ပါဘူး .."

"ဒါဆို ပိုဆိုးသွားပြီ .. မင်း ကိုယ့်ကိုယ်ကိုယ် ဘာလုပ်နေမိမှန်း မသိလောက်အောင် စိတ်လွတ်သွားတာ .."

"မဟုတ်ဘူး .. အရိပ် သိတယ်၊ အသေခံဖို့မဟုတ်ပေမယ့် သေသွားရင်လည်း အရိပ် မှာ .."

"လွမ်းမယ့်သူမရှိတော့ဘူးဆိုပြီးတော့လား .. မင်း အရောင့် ကို တမ်းတနေတာလား အရိပ် .."

အရိပ် က မဖြေဘဲ နေရာမှဖြည်းလေးစွာထရပ်လိုက်သည်။ ပြီးတော့ ဒီကမ္ဘာကိုငေးကြည့်နေကာ ...

"အရိပ် က ပြန်မေးလို့ရမလားဟင် .."

သူက မေးဆတ်ညိတ်လိုက်လျှင် ...၊

"အရိပ် က အရောင့် ကို တမ်းတနေတာလို့ ဦး ဘာလို့ထင်တာလဲ"

ဒီကမ္ဘာမျက်လုံးနှစ်ဖက် ဆတ်ခနဲစုကျုံ့သွားသည်။ အရိပ် က ခေါင်းခါလိုက်ရင်း ...၊

"အဲ့ဒီက အသွေးအသား အဲ့ဒီအသိုင်းအဝိုင်းထဲကလူတစ်ယောက်ကို ချစ်ဖို့မပြောနဲ့၊ ချစ်သလိုနေပြခဲ့ရတဲ့နေ့ရက်တိုင်းက အရိပ် အတွက် ငရဲကျနေသလိုပါပဲ .."

မို့အစ်အစ် နီတီတီလေးရှိနေသည့် မျက်နှာလေးက မျက်ရည်တွေ ဝေ့ဝဲနေသဖြင့် သနားစဖွယ်လေးဖြစ်နေသည်။ အပြာနုရောင် ဂါဝန်ရှည်လေးနှင့် အပေါ်ထပ်လက်ရှည်အဖြူလေးက မလိုက်ဖက်ဘဲလည်းလှနေလေသည်။

သူမလေးကို အဝတ်အစားလဲပေးရတိုင်း လူနာတစ်ယောက်ထို သဘောထားနိုင်ခဲ့ပေမယ့် ထိုအချိန်မှာ သူ့စိတ်တို့သည် ...၊



"အရိပ် ရဲ့ စိတ်ကို ဦး နားမလည်နိုင်ပါဘူး၊ နားလည်တယ်လို့ တွင်တွင်ပြောပြီး ဦးကထွက်ပြေးဖို့ပဲကြိုးစားနေတာ .."

"အတိုင်းအတာတစ်ခုထက်ပိုပြီး နားလည်ဖို့မလိုဘူးလေ၊ မင်းက ငါ ထုဆစ်ခဲ့တဲ့ရွှေစင်ရုပ်တုလေးတစ်ရုပ်ဆိုရင် .."

"အရိပ် က လူသားစစ်စစ်ပါ .."

"ဒါဆိုရင်တော့ ငါက ကိုယ့်ကိုယ်ကိုယ် ဥယျာဉ်မှူးလို့ သတ်မှတ်ရမှာပေါ့၊ မင်းနဲ့ ငါက ဒီ့ထက်ပိုနားလည်ဖို့မသင့်တဲ့လူတွေ .."

"ဟုတ်ပါတယ် .. အဲ့ဒါကြောင့် အရိပ် ရဲ့ ခံစားချက်တွေကို မဝေဖန်ပါနဲ့လို့ ဦးဒီကို တောင်းပန်ပါတယ်၊ လူတိုင်းအတွက် စားဝတ်နေရေးကြောင့် ငွေကအရေးကြီးပေမယ့် ငွေကြေးစည်းစိမ်တွေကြားမှာ သောကဆင်းရဲ ခံစားပြီး နေ့စဉ်ငိုကြွေးနေရတဲ့လူတွေရှိတယ် .."

ဒီကမ္ဘာ ရဲ့ မကျေနပ်သည့်မျက်ဝန်းတွေ သူမမျက်နှာပေါ်ရောက်လာသည်။ အရိပ် က ဂရုမစိုက်ပါ။ ထိုမျက်ဝန်းတွေကိုတည့်တည့်ကြည့်ပြီး ...

"မရနိုင်တဲ့ ကန်ရေပြင်ထဲကလရိပ်ကို တမ်းတငိုကြွေးနေတဲ့သူတွေဆို ပိုဆိုးတာပေါ့၊ ရေသာနေတဲ့သူကို ဘာတွေကျွေးကျွေး ကြေညာတစ်ပေါက်လောက် သူ တန်ဖိုးထားမှာမဟုတ်ဘူး .."

"အရိပ် .. မင်း ငါ့ကို မျှော်လင့်နေတာလား .."

"အဲ့လိုဆိုရင် အရိပ် လောက် မိုက်မဲတဲ့သူ ဘယ်ရှိတော့မလဲ ဦးဒီ၊ ဦးဒီ က အရိပ် ထက် အများကြီးမြင့်မားပါတယ်၊ နေနေ လက်ထဲရောက်ခဲ့တဲ့ ဦးလေးဦးမြတ်ထွတ် ရဲ့ အိမ်ကြီးကိုတောင် ချက်ချင်းပြန်ခဲ့တယ်၊ အရိပ် အတွက်ပေးခဲ့တယ် .. ဒီထက်လည်းအများကြီးချမ်းသာပါတယ်"

"အဲ့ဒီလူချမ်းသာကြီးက မင်းထက် အသက်အများကြီးတဲ့ ယောကျ်ားတစ်ယောက်ဆိုတာတော့မပါဘူးလား .."

အရိပ် မချိတရိလေးပြုံးလိုက်ပြီး မျက်နှာလေးငုံ့သွားသည်။ ပြီး

www.burmeseclassic.com

www.burmeseclassic.com



တော့ အဆက်အစပ်မရှိသောမေးခွန်းတစ်ခုသည်။

"ဦး ဘယ်အချိန်သွားမှာလဲ .."

"မင်းကို စိတ်ချရတဲ့အချိန် .."

အရိုပ် မျက်နှာ ပြန်မော့လာသည်။ မျက်လုံးချင်းဆုံပြီးမှ ဒီကမ္ဘာက မျက်နှာလွှဲ၍ ...

"ငါ အမေရိကကိုသွားမှာ .. ဘယ်တော့မှ ပြန်လာဖြစ်မလဲဆိုတာ မသိတော့ .."

"ဟိုအရင် မိဘတွေဆုံးပြီး ဦးလေးဦးမြတ်ထွတ် ခြံစောင့်ဘဝရောက်သွားတာတောင် မသိလိုက်တဲ့ အဖြစ်မျိုးပေါ့နော် .. ကိုယ့်ဝါသနာထဲမှာ နစ်မြုပ်ပြီး ကိုယ့်ကိုယ်ကိုယ် ဘယ်သူမှန်းမမှတ်မိတော့တဲ့ အခြေအနေရောက်ခဲ့တဲ့အထိ .."

သူ ပြောပြခဲ့သဖြင့် ဒီကမ္ဘာ့ အကြောင်း အရိပ် က သိထားသမျှကို ပြန်ရှုတ်ပြနေပြီး ...။

"ဦးဒီ သွားပေါ့ .. အရိပ် အတွက် မပူပါနဲ့ .."

"ငါပူတာမပူတာလည်း မင်းနိုင်းဖို့မလိုဘူး၊ အဲဒီတော့ မင်းအတွက် ငါ လွှဲပြောင်းပေးမယ့် ပစ္စည်းဥစ္စာ ဘာမဆို .."

"အရိပ်မလိုချင်ဘူး .."

သူမ ပြတ်သားစွာ ငြင်းလိမ့်မည်လို့မထင်ခဲ့သဖြင့် ဒီကမ္ဘာ အသံတိတ်သွားသည်။

"အရိပ် အတွက် ခြံနဲ့တိုက် ပေးထားပြီးပြီ၊ ဒီ့ထက် ဘာမှထပ်ပေးဖို့မလိုပါဘူး .."

"ငါ့အတွက်လည်း ဒါတွေဘာမှလုပ်လို့မရဘူး အရိပ်၊ အားလုံးလမ်းပေါ်မှာစုံပုံပြီး ဦးရာလူလာသယ်ပါလို့ ချပေးဖို့အထိလည်း မရက်ရောနိုင်ဘူး၊ ငါ့အတွက်လည်း မလိုအပ်တာတွေကို လိုအပ်နေတဲ့ မင်းက လက်ခံရမယ် .."



"လိုအပ်နေတဲ့လူကို ပေးခဲ့ချင်တာဆိုရင်လည်း တခြားလိုအပ်နေတဲ့လူတွေအများကြီးရှိတယ် ဦးဒီ .. အရိပ် မှ မလိုတာ .."

သူမ နေရာမှ လှည့်ထွက်လာခဲ့သည်။ ဒီလိုရွဲ့တာတွေကို ဦးဒီ မုန်းမှန်း သူမသိသည်။ ခုက သူမကတော့ ရွဲ့တာမဟုတ်ပေ။ သူမရဲ့ လိုအပ်ချက်က ငွေကြေးချမ်းသာမှုမဟုတ်ဘဲ ...။

အစတည်းက ဘာမှမရှိခဲ့တဲ့ဘဝမှာ ဘာမှမရှိဘဲ ဆက်လက်နေထိုင်သွားရရင်လည်း အကြီးအကျယ်ထိခိုက်ဖွယ်မရှိပါ။ ထို့ကြောင့် နောက်ထပ် ပံ့ပိုးမှုတွေကို မလိုချင်တော့တာဖြစ်သည်။

ဒီတစ်ခါ သူမ လမ်းပေါ်ရောက်လာခဲ့ခြင်းဟာ ခြေဦးတည့်ရာကို မဟုတ်တော့ပေ။

"မင်း ဆုံးဖြတ်ပြီးလုပ်ခဲ့တဲ့အတွက် ကျေနပ်ရမယ် .."

"အဲဒီမှာပဲ မင်း ထားခဲ့နိုင်ရမယ် .."

"ကိုယ့်စိတ်ခံစားချက်အတိုင်းလုပ်ပြီးရင် အကိုးအကားတွေမပြနဲ့-"

ဦးဒီ ပြောသမျှကို ပြန်တွေးရင်း ကိုယ့်ရဲ့ခြေလှမ်းတွေက အဓိပ္ပာယ်ရှိရမည်ဟု သန္နိဋ္ဌာန်ချသည်။ အချိန်မရွေးပြည့်တက်လာတတ်သည့် မျက်ရည်စတို့ကို မျက်တောင်တွေနဲ့ ဖိခတ်ဖျောက်ဖျက်ရင်း အစတည်းက ခုချိန်ထိ ဘဝမှာ ကိုယ်တစ်ယောက်တည်းပဲရပ်တည်လာခဲ့သလိုမျိုး ဘာကိုမှ မတမ်းတမိအောင်နေတော့ဖို့ဆုံးဖြတ်၏။

သို့သော် ...

"မုံရွာ လက်မှတ်မရှိတော့ဘူး .."

"ဒီနေ့မရှိတော့ဘူး .. ခုံပြည့်နေပြီ .."

မုံရွာသွားဖို့အတွက် ကားစုံစမ်းသမျှ ဘယ်ကားမှာမှ ခုံမရှိတော့ဘူးဖြစ်နေ၏။ နောက်ဆုံးမေးသည့်ကားမှာတော့ သူမ ဆုံးဖြတ်ချက်မျှ ကာ ...၊

"ကျွန်မကို ကြားခုံလေးတစ်ခုံလောက်ချပေးပါရှင် .. သုံးခုံစာပေး

www.burmeseclassic.com

www.burmeseclassic.com



ပါ့မယ်၊ ဘယ်နေရာဘယ်လိုပဲလိုက်ရလိုက်ရပါ ..”

“ဒါဆိုရင်တော့ ခဏစောင့်လေ ...”

နာရီငုံ့ကြည့်လိုက်တော့ ညခုနစ်နာရီထိုးနေပြီဖြစ်သည်။ ဒီနေ့ ကားနဲ့ သူမ မပါလျှင် အိပ်စရာနေရာအတွက် ဒုက္ခရောက်တော့မှာ သေချာ၏။

ဦးဒီ လည်း လေဆိပ်ရောက်နေလောက်ပါပြီ။ ဒါမှမဟုတ် ထွက်သွားပြီလား ...။

ဘာပဲဖြစ်ဖြစ် ဦးနဲ့ သူမ ဥပေက္ခာ တရားတွေနဲ့ ခွဲခွာကြဖို့အချိန်တန်ခဲ့ပြီဖြစ်သည်။ နောက်ထပ်လည်း ထိုလူနဲ့ပတ်သက်သည့် အရိပ်မိုး တစ်ခုခုမှာ သူမ မှီခိုမနေလိုတော့ပေ ...။

မွေးလာတည်းက တစ်ယောက်တည်းပါ။ သူမ ကိုယ့်ဒူးကိုယ်ချွန် နိုင်အောင် ကြိုးစားတော့မည်။

ထိုစဉ် ဘေးမှာချထားသည့် ခရီးဆောင်အိတ်ထဲက ဖုန်းမြည်လာ၏။ မုံရွာမှာ ဦးမြတ်ထွတ် ရှိသည်။

သူမ မုံရွာကိုပြန်လာတော့မည့်အကြောင်း ဖုန်းဆက်ထားသဖြင့် တစ်ခုခုပြောဖို့ခေါ်တာဖြစ်နိုင်၏။

ဘေးဇစ်လေးကိုဖွင့်ပြီး ထုတ်ကြည့်လိုက်တော့ ဦးမြတ်ထွတ် ဆီက မဟုတ် ...။

“ဟလို ...”

“အရိပ် ...”

ဟင်!...

အရိပ် မျက်နှာလေးပျက်သွားသည်။ အရောင့် အသံကို သူမ မှတ်မိလိုက်၏။

“မင်း နားထောင်နေတယ်မို့လား ..”

သူမ ဘာမှမပြောမိပေ ...။ အရောင့် ထံမှ ကြေကွဲဆို့နင့်နေသံသည် မကောင်းသတင်းများစွာကို သယ်ဆောင်လာတော့မည်မှန်းလည်းတွေး



ဖို့သတိမရ ...။

ဒီဖုန်းကို ဆက်နားထောင်ရမလား .. ချပစ်လိုက်ရမလားတွေဝေ နေမိဆဲ ...။

“ကိုကြီးကို စိတ်ကျန်းမာရေးဆေးရုံဝန်နဲ့ပြနေရတယ် ..”

“.... .... ....”

“ကိုကြီး သူငယ်ချင်းတစ်ယောက်ကတော့ ဆုံးသွားပါပြီ၊ ကိုကျော့် ကိုလည်း ရှာမတွေ့ကြဘူး၊ ဒါတွေကြားရတာ မင်း ကျေနပ်တယ်မို့ လား .. ခု မလက်တို့ ဘားအမိကလည်း ကိုကြီးရဲ့ ကျန်းမာရေးလေး ကိုတောင် အပြောမခံကြဘူး၊ အခြေအနေတွေ ရှုပ်ထွေးနေပေမယ့် ကိုကြီး ရယ် ကိုကျော်ရယ် ကိုဇော်ရယ် သုံးယောက်စလုံးဒုက္ခများသွားကြတာ တရားခံကတစ်ယောက်တည်းပါ၊ အဲဒါကို ဘယ်သူမှမသိပေမယ့် ကိုယ် သိတယ် ..”

“သိရင်လည်း ရှင် ဖုန်းဆက်ပြောမနေသင့်ဘူး .. ဘာလို့လဲ အစ်ကို ဖြစ်သူအတွက်ပျော်လို့လား ..”

“ကိုယ်ကတော့ ပျော်ပါ့မလား၊ ဒါပေမယ့် မင်း ပျော်သင့်တယ်ထင် လို့ ..”

အရိပ် ဖုန်းနားထောင်ရင်း မျက်နှာလေးမဲ့သွားသည်။

“ခုတောင် ကျွန်မ အပျော်လွန်ပြီး မူးနေဘာ အရောင်၊ ဒီလိုဖြစ်နေ မှာတွေကိုတွေးပြီးတော့လေ .. ရှင်ပြောပြနေလည်း စဝရိုက်လည်းဖြစ် မယ့် သတင်းမဟုတ်တော့ဘူး၊ တကယ်ဆို .. အဲ့ဒီဘီလူးသုံးကောင် ဝှဆိုးမနိုင် ဖိနပ်မပါနဲ့ လမ်းရိုးမှာ လျှောက်ပြေးပြီးသွက်သွက်ခါအောင် မူးနေရမှာ ..”

အရိပ် အားပါးတရပြောနေပေမယ့် အရောင့် ဘက်က အသံတိတ်နေ၏။

“ဝတ်လစ်စလစ်ရူးပြီး ကျွန်တော်က လူယုတ်မာပါလို့ သူ လုပ်ခဲ့ တဲ့အပြစ်ကို တစ်လောကလုံးသိအောင်လျှောက်ပြေးနေရမှာ၊ မသေမချင်း

www.burmeseclassic.com

www.burmeseclassic.com



ဝန်ခံနေရမှာ၊ နုပ်နုပ်စင်းပြီးသတ်ပစ်သင့်ပေမယ့် တမင်မသတ်ဘဲထား ခဲ့တာ အဲ့ဒီလိုမသေမချင်းရှုးနေစေချင်လို့ .. ခုတော့ ဆေးကုပေးမယ့်သူ ပေါ်လာတယ်ပေါ့ ..”

“ဒါပေမယ့် မင်းဖြစ်စေချင်သလိုဖြစ်လာမှာပါ၊ ကိုကြီးက ဆေးကု မခံဘူး၊ ဆရာဝန်လာတိုင်း ထပ်အတွေ့မခံတော့ဘဲ အခန်းတံခါးပိတ်နေ တယ်၊ ကယောင်ကတမ်းတွေပြောနေတာအစက ဘာတွေမှန်းမသိဘူး၊ ကိုကျော်တို့ရဲ့ နေ့ီးတွေဆီက ဒိုင်ယာရီဖတ်ရတော့မှ နားလည်ခဲ့တယ်၊ မင်း မုန်းသင့်ပါတယ် အရိုပ် ရယ်၊ ငါ ဒီလောက်ချစ်နေတဲ့ကြားက ငါ့ အချစ်တွေကိုလှည့်ပတ်ရှောင်တိမ်းပြီး ကိုကြီးနားရောက်အောင် မင်း သွားခဲ့တယ် .. လုပ်စရာရှိတာလုပ်ပြီး အေးအေးထွက်သွားနိုင်တယ် ..”

“ထွက်မသွားဘဲ နင်နဲ့ အလွမ်းဇာတ်လမ်း က,စေချင်သေးတာ လား အရောင် .. ငါ နင့်အချစ်ကိုလက်ခံခဲ့တာ ချစ်တေး အဖြစ်နဲ့မဟုတ် ဘူး .. နင်တို့ကိုသိပ်မုန်းတဲ့ အရိပ်ယောင်း အဖြစ်နဲ့ ..”

“မှန်ပါတယ် ..”

“ဟုတ်တယ် .. ငါမှန်တယ်၊ ငါ ဘယ်တော့မှမမှားဘူး၊ ခပ်ပေါ့ ပေါ့ပြောပြီး ချစ်ဟန်တွေပြသွားတဲ့ယောက်ျားတစ်ယောက်ကို အားကိုး ပြီး ကျားခံတွင်းထဲ တိုးဝင်းခဲ့မိတဲ့အဖြစ်ကလွဲရင်ပေါ့ ..”

“ငါ အဲဒီတုန်းက ရန်ကုန်ကိုပြန်ရောက်နေပြီ ..”

“တော်ပြီ .. ငါ နင့်ဆီက အဲဒါတွေကြားချင်လို့မဟုတ်ဘူး ..”

“ဒါဆို နင် ကြားချင်တာပဲပြောပါ့မယ် .. ကိုကြီး မကြာခင် နင် ဖြစ်စေချင်သလိုဖြစ်တော့မယ်ထင်တယ် ..”

“မဖြစ်သေးတဲ့အတွက် ရင်ဘတ်ထုငိုရဦးမှာ ..”

“ငါ စိတ်မကောင်းတာက မလက်တို့ အသားအမီကတော့ ..”

“လအရောင် ..”

အရိပ် စိတ်တိုတိုနှင့် နာမည်အစအဆုံးခေါ်လိုက်မိကာ ..။



“နင်က ငါ့အတွက်တော့ လအရောင်ပေမယ့် အလင်းမပေးတဲ့ လငေ့ပ်ဖမ်းထားတဲ့ အရောင်ပဲ .. နင်ကစပြီး အဲဒီလူယုတ်မာတွေကိုမုန်း တယ်၊ သူနဲ့ဝတ်သက်သမျှ ငါ့ရှေ့က သူသွားနေရင်တောင် သူ့ကိုယ်က ဖြတ်တိုက်လာတဲ့လေကို ရှူရှိုက်ရမှာရွံတယ် ..”

“ပေါ့ပျက်တဲ့ယောက်ျားနဲ့ ယုတ်မာတဲ့တိရစ္ဆာန်တွေ နောက်ထပ် ပြီး ငါ့ကိုမဆက်သွယ်နဲ့၊ မနက်ဖြန်ကစပြီး နင့်ကို လမ်းမှာတွေ့မိရင် တောင် တဲ့တွေးတွေးသွားဖို့ ဆုံးဖြတ်ထားတယ် .. မပြောမရှိနဲ့ ..”

ဖုန်းချပစ်လိုက်ပြီးမှ ဒေါသကဆက်လက်တည်ရှိနေမြဲသည်။ ဖုန်းကိုကျစ်နေအောင်ဆုပ်ကိုင်ထား၍ ကတုန်ကယင်လှိုင်းထန်နေသည့် ကိုယ့်နှလုံးခုန်နှုန်းကို အတော်ကြီးလျှော့ချနေရ၏။

ထိုစဉ် ဖုန်းသံမြည်လာလျှင် ပါဝါပိတ်ပစ်ဖို့ကြည့်လိုက်လျှင် .. ဦးဒီ ဆီက ..၊

သူမ ငေးကြည့်နေပြီးမှ နားမှာဖြည်းလေးသည့်နှုန်းနဲ့ ကပ်မိ၏။

“ဟလို ..”

“ဘယ်သူနဲ့ပြောနေတာလဲ .. မင်း ..”

“အရောင် နဲ့ ..”

“အဆင်ပြေသွားလား ..”

“ဟင့်အင်း ..”

“ခု ပြန်လာရင်ရောအဆင်ပြေမလား ..”

“အရိပ် ..”

သူမ ဘာပြောရမှန်းမသိ ..။

ကားဂိတ်ထဲရောက်နေပြီဆိုလျှင် မုံရွာပြန်တော့မည့်ရိုးသိသွား လိမ့်မည် ..။

ဦးဒီ ခရီးသွားခါနီးမှ စိတ်အနှောင့်အယှက်ဖြစ်စေချင် ..။

“တစ်ခုခု အဆင်မပြေသလိုပြောပြီးလိမ်ဖို့စိတ်ကူးနေတဲ့ပုံပဲ ..”

www.burmeseclassic.com

www.burmeseclassic.com



"ဦး .. ဦးဒီ လေဆိပ်မဆင်းသေးတာလား .."

"ငါမေးတာမဖြေဘဲ ပြန်မမေးနဲ့လေ .."

"အရိပ် မလိမ်ရဲလို့ပါ .."

"ဖြေလိုက်ရင် လိမ်ရမှာလို့ပြောလိုက်တာလား .."

"ဟုတ် ..."

"ဒါဆိုရင်မဖြေနဲ့တော့ .. အခု မင်းထိုင်နေတဲ့ မုံရွာကားဂိတ်က ထွက်ခဲ့ .."

ဟင်!...

ဘယ်လိုဖော်ပြရမှန်းမသိသော ဝမ်းသာကြည်နူးခြင်းက ရင်ကို ကိုင်လှုပ်လိုက်သလိုပင် ...။

ဒီလောက်ထိ နူးညံ့စွာ လိုက်လျောတာမျိုး ဦးဒီ နဲ့ နေလာခဲ့တဲ့ တစ်လျှောက်မှာမရှိခဲ့ဘူးပေ။ ပြီးတော့ သူမ နားလည်လိုက်သည်။ သူမ ရင်ထဲကို ဦးဒီ နားလည်သွားပြီ ...။

ဘယ်မှာလဲ ဦးရဲ့ ကား ...၊

အရိပ် အိတ်ကို တစ်ဖက်ကဆွဲထားရင်း ဒီကမ္ဘာ့ကားကို ချာလပတ် ရမ်းအောင်ရှာမိ၏။ မတွေ့ပေမယ့် ခြေလှမ်းတွေက အပြေးတစ်ပိုင်း လျှောက်နေမိလျှင် ...၊

"ဟိတ် ..."

"အမေ့ ..."

လက်ကိုတစ်စုံတစ်ယောက်က ဆွဲထားလိုက်၏။ ပြေးတော့မည့် အရှိန်ကြောင့် အရိပ် လန့်သွားကာ ရင်ခွင်တစ်ခုထဲကို သူမကိုယ်လေး ရောက်သွားခဲ့၏။

"ဦး ..."

"ဘယ်သွားမလို့လဲ မင်းက .."

"ဦးဒီ ကားကိုရှာနေတာ .."



"ကျုပ်က ဒီကားတစ်စီးပဲ စီးနေတာလား .."

"အဟွန်း .."

အရိပ် ဝမ်းသာလွန်းသဖြင့် ကိုယ့်အသံကိုတောင်ကြောင်ရဲဘဲဖြစ် နေပြီး စကားမပြောနိုင် ...။

ထိုစဉ် ...

"ပွမ် .. ပွမ် .."

"အမေ့ရေ .."

မီးရောင်ဖွေးထိန်သွားကာ Express ကားကြီးတစ်စီး၏ ဟွန်းတီး လိုက်သံကြောင့် အရိပ် ကိုယ်လေးတုန်သွား၏။ ပြီးတော့ ဒီကမ္ဘာ ရင်ခွင် ထဲက ရုန်းလျှင် ...၊

"ကားတွေကြပ်နေတယ် .. ငြိမ်ငြိမ်နေ .."

ကားကြီးက စတင်ထွက်ခွာလာကာ တစ်ဖက်က ဂိတ်မှာလည်း တက္ကစီတွေ ကားကြီးတွေ ညပ်နေသဖြင့် လမ်းကကျဉ်းနေ၏။ ထို့ကြောင့် လူချင်းခွာရိန်မရတော့ဘဲရှိကာ Express ကားကြီး တရွေ့ရွေ့ဖြတ်သွား နေခြင်းကို ဒီတိုင်းစောင့်နေရ၏။

ကားတွေတကယ်ပဲကျပ်နေကာ သူမသာ ဒီကမ္ဘာ့ရင်ခွင်ထဲမှာ ပိပြားမနေခဲ့လျှင် ခြေထောက်ကိုဖြစ်ဖြစ် ကျောကိုဖြစ်ဖြစ်ပွတ်ကြိတ် သွားနိုင်၏။

ကားမီးကွယ်သွားသည်။ ကားကြီးလည်း လွတ်လွတ်ကျွတ်ကျွတ် ဖြတ်ကျော်ထွက်သွားပြီဖြစ်သည်။ သို့သော် အရိပ် ကို ဒီကမ္ဘာက ပွေ့ ပိုက်ထားဆဲရှိကာ ...၊

"မင်းက ငါ့ထက်မာနကြီးပါလား .."

"ဦး သင်ပေးတာပါ .."

"ဒါဆို ထပ်သင်ပေးစရာတွေရှိသေးတယ် .. ကားပေါ်တက် .."

အရိပ် က ရယ်နေရင်း ဒီကမ္ဘာ လက်မောင်းကိုဖက်ထား၏။ ပတ်ဝန်း

www.burmeseclassic.com

www.burmeseclassic.com



ကျွင်မှာ လူတွေကားတွေ ကပ်ကျပ်နေသော်လည်း အားလုံးကိုမေ့လျော့နေတာ ..။

"အရိပ် ရင်ထဲမှာမပြောရဲလို့ မျိုသိပ်ထားရတာတွေအများကြီးပဲ သိလား .."

"ကျုပ်မှာလည်း မပြောသင့်လို့ မျိုသိပ်ထားရတာတွေရှိတယ် .."

"ဒါဆို ဘယ်သူအရင်ပြောမှာလဲဟင် .."

"ကျုပ် .."

အပွင့်း ..။

သူ့မဘဝမှာ ကံကောင်းခြင်းတစ်စုံတစ်ရာဆိုတာ ဘယ်တော့မှ ရှိမလာနိုင်ဘူးလို့ထင်ခဲ့မိသည်။

ဒါပေမယ့် ..။

"ဒီနေ့ကစပြီး ကလေးထိန်းတဲ့ရာထူးနဲ့ပဲ မြန်မာနိုင်ငံမှာနေတော့မယ် .."

"ဘယ်ကလေးလဲဟင် .."

"ချစ်တေး ဆိုတဲ့ကောင်မလေး .."

"အရိပ်ဟောင်း ပါ .."

"ဘယ်သူဖြစ်ဖြစ် .. အဲ့ဒါ ကိုယ့်ကောင်မလေးပဲ .."

ဒီလောက်ထိ ဦးက နူးညံ့တတ်တဲ့သူလား ..။

ရင်ထဲမှာ လိုအင်ဆန္ဒအားလုံး ပြည့်စုံသွားသလိုကျွန်တာဘာမှ မလိုတော့ပေ ..။

ဘဝတစ်လျှောက်လုံးမှာ အချစ်နဲ့ မသက်ဆိုင်ခဲ့သမျှ .. ဒီနေ့က အစပြုရှ် ..။

♥♥♥



အခန်း (၂၈)

"မမ .. ဘုံ တာဝန်ကျေပါတယ်နော် .."

"ကျေတယ် .. မင်း အရမ်းတော်တယ်၊ ဒါပေမယ့် ဒီနေ့ကစပြီး ဘုံ ဆိုတဲ့နာမည်ကို မင်းမေ့လိုက်တော့ .."

"ဟုတ်ကဲ့ .."

"မင်းရင်ထဲမှာ အဲ့ဒီယောကျ်ားသုံးယောက်နဲ့ပတ်သက်ပြီး ဒဏ်ရာဒဏ်ချက်မကျန်ခဲ့တာသေချာရဲ့လား .."

"ကျွန်မ မိဘမဲ့ဘဝရောက်ခဲ့ရတာလည်း အဲ့ဒီယောကျ်ားချိုးတွေကြောင့် မိဘနှစ်ပါးရဲ့ အိမ်ထောင်ရေးပြိုကွဲတာက စခဲ့တာပါ .."

"ကောင်းတယ် .. ငါ့ကတိအတိုင်း မင်းရစေရမယ်၊ ဒါ့အပြင် နိုင်ငံခြားမှာနေမယ်ဆိုလည်း ကြိုက်တဲ့အရပ်မျက်နှာကိုပြော၊ မင်းတစ်ဘဝလုံးအတွက် အေးချမ်းနေစေရမယ် .."

"မမ .."

"ငါက မင်းအမေလောက်ရှိမယ်ထင်တယ် .."

"ဘာဖြစ်ဖြစ် မမက ကျွန်မထက်တောင်နုငယ်[illegible]တယ်၊ ဘုံ့ ဘဝကိုမေ့ရမယ်ဆိုရင် မမ ကလည်း အခု [illegible] .."

"ပွန်း .."

www.burmeseclassic.com

www.burmeseclassic.com



"ဘုံ တို့ကိစ္စကို သူတို့မိန်းမတွေမသိပါဘူးနော် ... ပြီးတော့ လအရောင် ဆိုတဲ့ လူကြီးရော ..."

"မသိဘူး ... ရှုးနေတဲ့သတ္တဝါရယ်၊ ပြေးနေတဲ့သတ္တဝါရယ် မင်းနဲ့ ငါတို့ပဲ သူနဲ့ပတ်သက်တဲ့တစ်စုံတစ်ယောက်မှ ဒါကိုမသိဘူး၊ သိဖို့လည်း မလိုဘူး၊ သူတို့လည်း ဘယ်တော့မှပြောရဲမှာမဟုတ်ဘူး၊ ဒါ့အပြင် မင်းနဲ့ သူတို့ ဘာမှမပတ်သက်ဘူးဆိုတာလည်း ဘယ်တော့မှ သိခွင့်ရတော့ မှာမဟုတ်ဘူး ..."

"ဟုတ်ကဲ့ပါ ... ကျွန်မ မမ ပြောပြထားတဲ့အတိုင်းပဲနေပါ့မယ်၊ ကျွန်မဘဝသေဆုံးသွားတဲ့အထိ သူတို့ရဲ့သမီးအဖြစ်နဲ့ နှုတ်လုံလုံနေသွား မယ် ... ဘယ်သူမှ အမှန်အတိုင်းမသိစေရဘူး ..."

"ကောင်းတယ် ... မင်း ဘယ်တော့မှ သစ္စာမဖောက်ဘူးပေါ့ ..."

"သစ္စာဖောက်မှာစိုးတာထက် ... မမရဲ့အဖြစ်ဆိုးကို မိန်းမသားချင်း ကိုယ်ချင်းစာပြီး မေတ္တာနဲ့ စောင့်ထိန်းမှာပါ ..."

ခနရယ် ... ကျော်ရယ် ဇော်ရယ် ကတော့ သူတို့သိသွားခဲ့သော ဆိုးရွားမှုကြီးထဲကနေ ဘယ်သောအခါမှ ရုန်းထွက်နိုင်တော့မှာမဟုတ်ပေ။

သေဆုံးသွားသူသည်လည်း မကောင်းမှု၏စိတ်ဇောကြောင့် သံသရာ ခရီးမှာ ပင်ပန်းဆင်းရဲစွာ ကျင်လည်နေရဦးမှာဖြစ်ကာ ကျန်ရစ်သူတို့ ၏ အနာဂတ်သည်လည်း ကိုယ်ပြုခဲ့သည့်ကံ ကိုယ့်ထံပြန်ရောက်လာ သော အလှည့်တွင် ...။

**လရောင်ကျူးရင့်**

www.burmeseclassic.com